www.burmeseclassic.com



www.burmeseclassic.com

ဖိုးဒေါကျိုသူ

# ဝံပုလွေအသည်းနှင့်လူ

(ဒုတိယပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၆၅၀၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၁၆၀၃၀၀

၂၀၀၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စနူကား ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

(၄)

မြို့ပြတည်ရာ အဆောက်အအုံများမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ မြို့အစွန်အဖျားသို့ ရောက်ရှိလာသည်နှင့် လူနေအိမ်ခြေ နည်းပါးလာ၏။ တစ်ဖန် မြို့တွင်းမှ ထွက်ပြန်လျှင် လူနေအိမ်ခြေများအစား လယ်ကွင်းများက နေရာယူထားလေသည်။

လယ်ကွင်းများကို ဖြတ်ကျော်ပြီးသောအခါ နက်ရှိုင်းသော တောအုပ်သို့ ရောက်လာ၏။

ကျန်းချစ်ချစ်လိုက်ပါလာသော ဝေါစင်သည် မြို့ပြင် မိုင်ဝက် ကျော်ကျော်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဝေါစင်ထမ်းသော အလုပ်သမားများက တောအုပ်ကလေး အတွင်း ရောက်ရှိလာသည်နှင့် လမ်းမပေါ်မှတစ်ဆင့် ယာဘက် တောတွင်းသို့ ချိုးကွေ့ဝင်သွားကြလေသည်။

မကြာပါချေ။ တောင်ကုန်းကလေးတစ်ခု၏ ခြေရင်းသို့ ရောက် ရှိလာကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဝေါစင်မှာ ရပ်တန့်သွားလေသည်။

ဝေါစင်ထမ်းသော လူတစ်ယောက်က ...

"နတ်သုံးပါးဘုံကျောင်းကို ရောက်ပါပြီ"

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ကျန်းချစ်ချစ်သည် ဝါးယင်းကာကို မ၍ အပြင်သို့ လှမ်းထွက်လိုက်သည်။

အပြင်သို့ ရောက်လျှင်ရောက်ချင်းပင် တောင်ကုန်းပေါ်သို့ မော့ကြည့်လိုက်ပြီး အထမ်းသမားနှစ်ယောက်ဘက်သို့ ပြန်လှည့်ကာ

"ရှင်တို့နှစ်ယောက် ဒီနေရာမှာ ခဏလောက် စောင့်နေကြပါရှင်"

အထမ်းသမားနှစ်ယောက်အနက် မုတ်ဆိတ်မွေး ထူပျစ်စွာ ရှိသောသူက ကျန်းချစ်ချစ်အား အံ့သြစွာဖြင့်ကြည့်လိုက်ပြီး ...

"မိန်းကလေး ... နတ်သုံးပါးဘုံကျောင်းကို သွားမလို့လား"

"ဟုတ်ပါတယ်"

"ဒီဘုံကျောင်းကို လူသူစွန့်ပစ်ထားတာ တော်တော်ကြာပြီ၊ အဖော်မပါဘဲ သွားဖို့ မသင့်ဘူးထင်တယ်"

ကျန်တစ်ယောက်ကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ မိန်းကလေးမှာ အကူအညီလိုရင် ကျုပ်တို့ ကူညီပါရစေ"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။



"ရှင်တို့ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မအဖော်ဟာ အဲဒီဘုံကျောင်းမှာ စောင့်နေတယ်ရှင့်၊ ဒါကြောင့် ဒီမှာပဲ ခဏစောင့်နေကြပါ"

ကျန်းချစ်ချစ်မှာ ချစ်သူနှင့်တွေ့ရန်လာသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု အထမ်းသမားနှစ်ယောက်က ထင်မှတ်သွားကြသည်။

ထို့ကြောင့် ပခုံးတွန့်ပြလိုက်ပြီး သဘောကျစွာဖြင့် ပြုံးလိုက်ကြသည်။

"ကောင်းပါပြီ၊ ဒီလိုဆိုရင်လဲ သွားပါဗျာ၊ ကျုပ်တို့ ဒီမှာပဲ စောင့်နေပါမယ်"

ကျန်းချစ်ချစ်သည် စကားတစ်လုံးမျှ မပြောတော့ဘဲ တောင်ကုန်းကလေးပေါ်သို့ ပြေးတက်သွားလေတော့သည်။

BURMESE CLASSIC

▲ ▲ ▲

(၂)

တောင်ကုန်းကလေးမှာ မြင့်မားလှခြင်း မရှိပါ။

အလယ်အလတ်သို့ရောက်လျှင် ကျောက်လှေကားထစ်များအား တွေ့မြင်လိုက်ရ၏။ ကျောက်လှေကားထစ်များမှာ တစ်ဝက်ကျော်ခန့်ရှိပြီး များသောအားဖြင့် ကြေမွအက်ကွဲနေကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်နေရာများမှာ ကွာကျနေပြီး အုတ်တံတိုင်း၏အချို့နေရာများမှာ ပြိုကျပျက်စီးနေသည်ကို တွေ့မြင်ရလေသည်။

တံခါးမကြီးမှာလည်း ဟာလာဟင်းလင်း ပွင့်နေလေသည်။ ထို့ကြောင့် အတွင်းဘက်ရှိ တံခါးမကြီးအား ဖြတ်ကျော်ပြီး ကျောက်ဖြူလမ်းအတိုင်း ဘုံကျောင်းရှိရာသို့ လှမ်းဝင်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံးမှာ မြက်ပင်ရှည်များဖုံးလွှမ်းနေပြီး ပရစ်အော်သံများ တကျီကျီ ထွက်ပေါ်လျက်ရှိသည်။

တစ်ချိန်က သာယာစည်ကားခဲ့သော နေရာတစ်ခုဖြစ်နိုင်သော်လည်း ယခုမှ တုန်လှုပ်ချောက်ချားဖွယ်ရာအတိ ဖြစ်နေလေသည်။

ကျန်းချစ်ချစ်သည် ပတ်ဝန်းကျင်ကို သတိကြီးစွာထားရင်း လှေကားထစ်များမှတစ်ဆင့် ဘုံကျောင်းပေါ်သို့ လှမ်းတက်သွားပြီး ဘုံကျောင်းအတွင်းသို့ ရောက်ရှိသွားသောအခါ အချို့နေရာများတွင် အမိုးအကာများပင် မလုံတော့ဘဲ ယိုယွင်းပျက်စီးလျက်ရှိနေသည်ကို တွေ့ရသည်။

ကျယ်ဝန်းသောခန်းမတစ်ခုလုံးမှာလည်း ပျက်စီးယိုယွင်းနေပြီး နတ်ရုပ်တုများမှာ အလဲလဲအပြိုပြို ဖြစ်နေ၏။

တံခါးဝတည့်တည့်တွင် အလွန်ကြီးမားသော မယ်တော်ရုပ်တု တစ်ခုရှိသည်။ လက်ရာမြောက်စွာ ထုလုပ်ထားသောကြောင့် ရုတ်တရက်ကြည့်လျှင် အသက်ဝင်နေသည်ဟုပင် ထင်မှတ်ရလေသည်။



မယ်တော်ရုပ်တု၏မျက်လုံးအစုံမှာ တံခါးဝဘက်သို့ မျက်နှာမူထားသောကြောင့် ကျန်းချစ်ချစ်အား စိုက်ကြည့်နေသကဲ့သို့ ရှိနေလေသည်။ ထိုအရုပ်အား မြင်လိုက်ရသည်နှင့် ကျန်းချစ်ချစ်မှာ ကြက်သီးဖြန်းခနဲ ထသွား၏။

သူမသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ...

"ဝမ်းကြို"

သူမ၏အသံသည် တိတ်ဆိတ်နေသော ဝန်းကျင်အား ဖုံးလွှမ်းသွားသည်။ သို့သော် တုံ့ပြန်သံဟူ၍ လုံးဝ မကြားရချေ။

ကျန်းချစ်ချစ်မှာ အံ့ဩသွားသည်။ အရုပ်လေးမျက်နှာသို့ ကြည့်ရင်း စဉ်းစားမရဘဲ ဖြစ်နေ၏။ ဝမ်းကြိုက စာရေး၍ ချိန်းဆိုလိုက်သောကြောင့်သာ ဤနေရာသို့ လာခဲ့ရခြင်းဖြစ်သည်။

သူမ ရောက်ရှိလာပြီဖြစ်သော်လည်း ဝမ်းကြိုအား မတွေ့ရသေးပါချေ။ ဝမ်းကြိုမှာ မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ သို့မဟုတ် ရောက်ရှိမလာသေးခြင်းလော ...

ချိန်းဆိုသူမှာ ဝမ်းကြို မဟုတ်ဘဲ အခြားလူဖြစ်နေမည်ဆိုလျှင်ကော ...

ကျန်းချစ်ချစ်မှာ ရင်ထဲ၌ လေးလံလာသလို ခံစားလိုက်ရလေတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## (၆)

ကျန်းချစ်ချစ်မှာ အိမ်မှထွက်ခွာသွားပြီဖြစ်သည်။

ဝမ်းကြီး၏ ချိန်းဆိုချက်အရ နတ်သုံးပါးဘုံကျောင်းသို့ ထွက်ခွာသွားခြင်းဖြစ်၏။ ထိုနည်းတူ တင်းစန်းမှာလည်း အိမ်မှ ထွက်ခွာလာခဲ့၏။

သို့သော် သူက ကွမ်းကြူးမြို့ရှိ သူ၏ရွှေဆိုင်သို့ သွားရောက်စစ်ဆေးရန်ပင် ဖြစ်ပါသည်။

▲ ▲ ▲

## (၇)

တင်းစန်းသည် ခရီးထွက်သောအခါ များသောအားဖြင့် ဝါစင် ကို စီးလေ့ရှိသည်။

ခရီးသွားရင်း ဝါစင်အတွင်း နားနားနေနေ နေထိုင်နိုင်သည့်အတွက် သူသည် ဝါစင်ဖြင့် ခရီးသွားရခြင်းကို သဘောကျရခြင်း ဖြစ်လေသည်။

ယနေ့ ထူးခြားသည့် နေ့တစ်နေ့ဟု 'တင်းပေါက်'က ယုံကြည်ထားသည်။ အကြောင်းမှာ တင်းစန်းသည် ခရီးမထွက်မီ အိမ်ကို သေသေချာချာ စောင့်ရှောက်ရန် မှာကြားခဲ့သောကြောင့် ဖြစ်သည်။

တင်းပေါက်မှာ တင်းစန်း၏ညီ တစ်ဝမ်းကွဲဖြစ်ပြီး တင်းစန်းနှင့်အတူ လာရောက်နေထိုင်သူဖြစ်သည်။



အနေကြာလာသောကြောင့် တင်းစန်း၏စိတ်ဓာတ်နှင့် အမူအကျင့်များကို သူက ကောင်းစွာသိရှိထား၏။

တင်းစန်းမှာ ခရီးသွားကာနီး အမှာစကားဆိုခြင်းကို ရွံမုန်းသူဖြစ်သည်။ ခရီးသွားခြင်းမှာ သေရွာသို့သွားခြင်း မဟုတ်ပါ။

ထို့ကြောင့် ခရီးသွားကာနီး အမှာစကား ပြောကြားခြင်းကို တင်းစန်းအနေဖြင့် ရွံမုန်းခြင်းဖြစ်လေသည်။ သို့ဖြစ်၍လည်း တင်းစန်းသည် ခရီးထွက်သည့်အခါတိုင်း မည်သည့်အခါမျှ အမှာစကားပြောကြားခြင်း မပြုခဲ့ချေ။

သို့သော် ယနေ့တွင်မူ ထူးထူးခြားခြား တင်းစန်းသည် အမှာစကားများ ဆိုနေ၏။

"တင်းပေါက်၊ မင်း အိမ်ကို သေသေချာချာ စောင့်ရှောက်ထားလိုက်၊ မိုးမချုပ်ခင် ငါ ပြန်ရောက်လာမယ်၊ ဒီကြားထဲမှာ အကြောင်းကိစ္စတစ်စုံတစ်ခုရှိရင် ကွမ်းကြူးမြို့က ငါ့ရဲ့ရွှေဆိုင်ကို လိုက်လာခဲ့"

တင်းပေါက်ကလည်း အမှတ်မထင် လွှတ်ခနဲပြောလိုက်မိ၏။

"အစ်ကိုကြီးလဲ လမ်းမှာ သတိထားပြီး သွားပါ"

တင်းစန်းက စကားတစ်ခွန်းမျှ ပြန်မပြောတော့ပါချေ။

ဝါစင်အထမ်းသမားများအပြင် ကိုယ်ရံတော်နှစ်ယောက်ကိုပါ ခေါ်ဆောင်၍ ထွက်ခွာသွားလေတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



(၈)

မြို့ပြင်သို့ ရောက်ရှိလာပြီဖြစ်သည်။

တင်းစန်းတို့လူစုမှာ ကွမ်းကြိုးမြို့သို့ သွားရာ လမ်းကလေးအတိုင်း ခရီးပြင်းနှင်နေကြ၏။

တင်းစန်းမှာ ဝေါစင်အတွင်း၌ သက်သောင့်သက်သာထိုင်၍ လက်ထဲမှ ရွှေရောင်သံမဏိအလုံးကလေး နှစ်လုံးအား ဆော့ကစားရင်း လိုက်ပါလာ၏။

ပြဿနာတစ်ခုကို အဖြေရှာမရသည့်အခါ စိတ်ထဲ၌ လေးလံနေသည့်အခါမျိုးတွင် တင်းစန်းသည် ယင်းသို့ ဆော့ကစားနေတတ်လေသည်။

တင်းစန်းကို တင်ဆောင်လာသော ဝေါစင်သည် မြို့ပြင်သို့ ရောက်ရှိလာပြီး လယ်ကွင်းကို ဖြတ်ကျော်သည်။

အစေးမှ စိမ်းညို့စွာ တွေ့ခဲ့ရသော တောအုပ်သို့ ရောက်ရှိလာသောအခါ ဝေါစင်မှာ ရုတ်တရက် ရပ်တန့်သွား၏။

တင်းစန်းမှာ မျက်မှောင်ကုပ်သွားသည်။ ဤမျှ အချိန်ဖြင့် ကွမ်းကြိုးမြို့သို့မရောက်နိုင်သေးကြောင်း သူသိရှိသည်။

ဤသို့ဆိုလျှင် အဘယ်ကြောင့် ဝေါစင်ရပ်တန့်သွားပါသနည်း။

တင်းစန်းသည် ဝါးယင်းကာကို ဖယ်ရှား၍ ဝေါစင်အတွင်းမှ လှမ်းထွက်လိုက်ပြီး ...



"ဘာဖြစ်လို့ ရပ်လိုက်ကြတာလဲ"

သူ၏မေးခွန်းမှာ အပိုသက်သက်သာ ဖြစ်သွားသည်။

အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်နှင့် အရှေ့ဘက်လမ်းပေါ်တွင် လမ်းပိတ်ဆို့ရပ်နေသူများအား တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မျက်နှာဖုံးစွပ်နှင့် လူလေးယောက်သည် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီး လမ်းပိတ်ဆို့ထားကြ၏။

သူတို့အားကြည့်ရင်း တင်းစန်းမှာ တွေဝေသွားသည်။ ထိုစဉ်မှာပင် ကိုယ်ရံတော်တစ်ယောက်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ...

"အနောက်ဘက်မှာလဲ လူလေးယောက်ရှိပါလား"

တင်းစန်းသည် ရှာခနဲနောက်သို့လှည့်ကြည့်လိုက်ရာ အနောက်ဘက် လမ်းမပေါ်တွင် မျက်နှာဖုံးစွပ်နှင့် လူလေးယောက်ရှိနေသည်ကို တွေ့ရပြန်လေသည်။

တင်းစန်းတို့လူစုမှာ အားလုံးပေါင်း ခုနစ်ယောက်တိတိ ဖြစ်သည်။

ဝေါစင်ထမ်းသူ လေးယောက်၊ ကိုယ်ရံတော်နှစ်ယောက်နှင့် တင်းစန်းကိုယ်တိုင် ဖြစ်၏။

တင်းစန်း၏ကိုယ်ရံတော်နှစ်ယောက်မှာ ခေသူမများ မဟုတ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှာ သုံးချောင်းဆက်တုတ်ဖြင့် နာမည်ကျော်ကြား ခဲ့သော သိုင်းသမားတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်မှာမူ သံမဏိ ဓုတ်တံ သိုင်းသမား ဖြစ်သည်။

လမ်းပိတ်ဆို့ထားသူများအား ကိုယ်ရံတော်နှစ်ယောက်နှင့်ဝင် လုံလောက်ကြောင်း တင်းစန်း တွက်ဆထားသည်။ သို့သော် ချက်ချင်း မဆုံးဖြတ်သေးဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

သစ်တောအုပ်အတွင်း ဖြစ်နေသောကြောင့် ရန်သူများ ပုန်း အောင်းနေနိုင်သေးသည် မဟုတ်ပါလား။

အတန်ကြာ အကဲခတ်လိုက်ပြီးမှ တင်းစန်းက ရှေ့သို့လှမ်း ထွက်လိုက်ပြီး ...

"မိတ်ဆွေတို့ ဘယ်အဖွဲ့အစည်းကလဲ၊ ဘာကြောင့် ကျွန် တို့ကို ဟန့်တားရတာလဲ"

မျက်နှာဖုံးစွပ်နှင့်လူများက အဖြေမပေးကြချေ။ ရွတ်တရွ ကျယ်လောင်သော ညာသံများ ပေးလိုက်ကြပြီး ရှေ့နောက် နှစ်ဖက် ညှပ်ကာ တင်းစန်းတို့အား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

တင်းစန်းမှာ ရင်ထိတ်သွားသည်။

ဘာမပြော ညာမပြော တိုက်ခိုက်လာသောကြောင့် ...

"မင်းတို့အားလုံး အနောက်ဘက်က လူလေးယောက်ကို ရ ငါ အရှေ့ဘက်ကလူတွေကို ရှင်းမယ်"



တင်းစန်းက အမိန့်ပေးလိုက်ပြီး သံမဏိအလုံးကလေးနှစ်လုံး နှင့်အတူ ရှေ့သို့ ခုန်ထွက်သွားလေသည်။

ငှက်တစ်ကောင် လေထဲ၌ ပျံဝဲသကဲ့သို့ ခုန်ပျံ၍ တိုးဝင်သွား ခြင်းဖြစ်သည်။ မျက်နှာဖုံးစွပ်နှင့် လူလေးယောက်မှာ တင်းစန်းအား ယှဉ်ပြိုင်နိုင်စွမ်း မရှိသည့်အလား နောက်သို့ ချက်ချင်းပင် ပြန်ဆုတ် သွား၏။

တင်းစန်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"မင်းတို့ ပြေးလို့ လွတ်မလား"

ပြောရင်း လက်ထဲမှ သံမဏိအလုံးကလေးနှစ်လုံးဖြင့် ပစ် ပေါက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ဝုန်းခနဲ မြည်သံတစ်ချက် ထွက်ပေါ်လာပြီး အပေါ်မှ ပိုက်ကွန်တစ်ခု အုပ်ဆိုင်းကျလာ၏။

တင်းစန်းမှာ ရင်ထိတ်သွားပြီး နောက်သို့ခုန်ဆုတ်ရန် ဟန်ပြင် လိုက်သည်။ သို့သော် ရှေ့မှ လူလေးယောက်ကို မဲနေသောကြောင့် နောက်ဆုတ်ရန် အချိန်မရတော့ချေ။

ပိုက်ကွန်သည် အပေါ်မှ လျင်မြန်စွာကျလာပြီး တင်းစန်းအား အုပ်ဆိုင်းမိသွားလေတော့သည်။

ထိုစဉ်မှာပင် မျက်နှာဖုံးစွပ်နှင့်လူလေးယောက်က တင်းစန်း အနီးသို့ ခုန်ဝင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းသည် ထိတ်လန့်တကြား ရူးရူးဝါးဝါး အော်ဟစ်ရင်း လက်ထဲမှ သံမဏိအလုံးကလေးနှစ်လုံးအား ပစ်လွှင့်လိုက်သည်။

တင်းစန်းမှာ ခေသူတစ်ယောက် မဟုတ်ပါ။

သူ၏တိုက်ခိုက်မှုမှာလည်း အစွမ်းထက်မြက်လှပေသည်။

သံမဏိအလုံးကလေးနှစ်လုံး ပစ်လွှင့်လိုက်သည်နှင့် ...

"အွန် ...."

"အား ..."

အော်ဟစ်သံများ ထွက်ပေါ်လာပြီး မျက်နှာဖုံးစွပ်နှင့် လူနှစ်ယောက်မှာ မြေပေါ်သို့ လဲကျသွားကြ၏။

သူတို့၏မျက်နှာဖုံးစွပ်များမှာ ကွဲအက်ကြေမွသွားပြီး သွေးများ ဝန်းထွက်လာကာ သေဆုံးသွားကြလေတော့သည်။

ကျန်လူနှစ်ယောက်မှာ ထိတ်လန့်သွားပြီး ရှေ့သို့ဆက် မတိုးဝံ့တော့ဘဲ ခြေလှမ်းရပ်တန့်လိုက်ကြသည်။

ထိုအချိန်ကိုအခွင့်ကောင်းယူ၍ တင်းစန်းက ပိုက်ကွန်အတွင်းမှ ရုန်းထွက်ရန် ကြိုးစားလိုက်၏။

ထိုစဉ်မှာပင် လမ်းနံဘေး သစ်ပင်များနောက်ကွယ်မှ မျက်နှာဖုံးစွပ်နှင့် လူဆယ်ယောက်ခန့် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

မျက်နှာဖုံးစွပ်နှင့်လူများမှာ ချက်ချင်းပင် လုံတံရှည်ကိုယ်စီဖြင့် တင်းစန်းအား အရပ်လေးမျက်နှာမှ ထိုးသွင်းလိုက်ကြ၏။



တင်းစန်းမှာ မျက်လုံးပြူးကျယ်သွားသည်။

ရှောင်တိမ်း၍ မလွတ်နိုင်ဘဲ သေဆုံးရတော့မည်ဖြစ်ကြောင်း ...ဘာပေါက်လိုက်လေသည်။

ထို့ကြောင့် ထိတ်လန့်စွာ အသံကုန်ဟစ်အော်လိုက်ပြီး မျက်လုံး...ကို မှိတ်ထားလိုက်သည်။

သို့သော် လှံတံရှည်များမှာ သူ၏ခန္ဓာကိုယ်ကို ဖောက်ထွင်း...ခြင်း မရှိပါချေ။ မလူးသာမလွန့်သာအောင် ချိန်ရွယ်ရုံသာ ...ရွယ်ထားကြ၏။ တစ်စုံတစ်ယောက်၏ အမိန့်ကို စောင့်မျှော်နေ...း ဖြစ်ဟန်ရှိလေသည်။

တင်းစန်း၏တစ်ကိုယ်လုံးကို ဓားချွေးများဖြင့် စိုရွှဲနေ၏။ ...ာက်ကို ဖွင့်ဖွင့်ရှရှ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မျက်နှာ...ပ်နှင့်လူများသည် မိမိအား လှံရှည်များဖြင့် တစ်ကိုယ်လုံး နေရာ...၍ ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် သစ်ပင်တစ်ပင်နောက်ကွယ်မှ ရွှေရောင်မျက်နှာဖုံးစွပ်...် လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားပြီး ရွှေရောင် ...က်နှာဖုံးတပ်ကာ ရွှေရောင်ဝတ်ရုံ လွှမ်းခြုံထား၏။ တင်းစန်းမှာ ...ထိတ်သွားသည်။

အခြားသော မျက်နှာဖုံးစွပ်နှင့်လူများအား သူက မမှုပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်နှာဖုံးစွပ်နှင့်လူများ၏ သိုင်းပညာမှာ သူ့ကို မမီကြောင်း လည်း နားလည်ထား၏။

ထို့ကြောင့် တင်စန်းသည် ယခုလောလောဆယ် ထိပ်တိုက်ရင်ဆိုင် ရမည့်သူမှာ ပင့်ကူသာဖြစ်ကြောင်း တွေးတောလိုက်မိသည်။

ရွှေရောင်မျက်နှာဖုံးနှင့်လူမှာ ပင့်ကူ ဖြစ်နေသလော။

ယင်းသို့ တွေးတောနေစဉ်မှာပင် ကြိုးသုံးချောင်းသည် သုံး ဘက် သုံးတန်မှ ပစ်လွှင့်လာပြီး ပိုက်ကွန်အတွင်း အုပ်မိနေသော တင်စန်း၏ ခန္ဓာကိုယ်အား ရစ်ပတ်သွားသည်။

တစ်ခဏအတွင်းမှာပင် ပိုက်ကွန်နှင့်လူပါ ကြိုးဖြင့် တုပ်နှော ထားခြင်း ခံရလေသည်။ တင်စန်းမှာ မည်သို့မျှ မတတ်နိုင်တော့ေ

အားကိုးသောအကြည့်ဖြင့် သူ၏ကိုယ်ရံတော်များထံသို့သ လှမ်းကြည့်လိုက်မိလေတော့သည်။

▲ ▲ ▲

(၉)

သုံးချောင်းဆက်တုတ်နှင့်လူမှာ မျက်နှာဖုံးစွပ်ထားသော လူ ယောက်အား အပြင်းအထန် တိုက်ခိုက်နေ၏။

သံမဏိဂုတ်တံသိုင်းသမားမှာလည်း ကျန်လူနှစ်ယောက်အ သိုင်းကွက်ဆယ်ကွက်အတွင်း ရှင်းပစ်နိုင်ခဲ့လေသည်။



သို့သော် သူ၏မိတ်ဆွေအား သွားရောက်ကူညီနိုင်ခဲ့ခြင်း မရှိ ချေ။

အကြောင်းမှာ လမ်းဘေးသစ်ပင်များနောက်ကွယ်မှ မျက်နှာ ဖုံးစွပ်နှင့် လူလေးယောက် ထပ်မံခုန်ထွက်လာပြီး သူ့အား တိုက် ခိုက်လိုက်ကြသောကြောင့် ဖြစ်သည်။

အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်သော်လည်း ထွက် ပြေးရန် မကြိုးစားဘဲ ပြန်လည်ခုခံတိုက်ခိုက်နေ၏။ ထိုအချိန်တွင် သုံးချောင်းဆက်တုတ်နှင့်လူမှာ ယှဉ်ပြိုင်တိုက်ခိုက်နေသော မျက်နှာဖုံး စွပ် နှစ်ယောက်အား အပြတ်ရှင်းပစ်ရန် ဖိ၍ တိုက်ခိုက်လိုက်၏။

မျက်နှာဖုံးစွပ်နှစ်ယောက်မှာ သူ၏တိုက်ကွက်ကို မခုခံနိုင်ကြ တော့ပါချေ။

ထိုစဉ် ဓားရောင်များဝင်းလက်သွားပြီး ဓားနှစ်လက်နှင့် လူ တစ်ယောက်မှာ သစ်ပင်နောက်ကွယ်မှ ရုတ်တရက် ခုန်ထွက်လာ၏။

တစ်ဆက်တည်းမှာပင် သုံးချောင်းဆက်တုတ်နှင့် လူအား ခုတ်ချလိုက်လေသည်။ ထိုလူမှာလည်း မျက်နှာဖုံးစွပ်ထားသူတစ် ယောက်ဖြစ်သည်။ သုံးချောင်းဆက်တုတ်နှင့်လူမှာ အမှတ်မထင် လိုက်ရသဖြင့် ရှောင်တိမ်းနိုင်ခြင်းမရှိတော့ဘဲ ...

"အား ..."

စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လမ်းနံဘေးသစ်ဝင်များ နောက်ကွယ်မှ မျက်နှာ ဖုံးစွပ်နှင့် လူသေယောက်ခန့်ပေါ်ထွက်လာပြီး သုံးချောင်းဆက် ထုတ်နှင့် သူ့အား ဝိုင်းဝန်းထိုးစုတ်ကာ အပြတ်ရှင်းပစ်လိုက်ကြလေ တော့သည်။

သံမဏိစုတ်တံသိုင်းသမားမှာ ထိတ်လန့်သွား၏။ ပတ်ဝန်း ကျင်တွင် မျက်နှာဖုံးစွပ်နှင့်လူများသာပြည့်နှက်နေပြီး သူ့အား ဝိုင်းရံ ထားကြ၏။

ဝေါစင်ထမ်းသူ လေးယောက်နှင့် သုံးချောင်းဆက်တုတ် ကိုင်ဆောင်သူတို့မှာ သွေးအိုင်ထဲ၌ အသက်ပျောက်နေကြချေပြီ။

အကြိမ်ကြိမ် အဖန်ဖန် သဘောပေါက်လိုက်သောကြောင့် ထွက်ပြေးရန် ကြိုးစားလိုက်သော်လည်း ...

"ထောက် ..."

အသံတစ်ချက်ထွက်ပေါ်လာပြီး အနက်ရောင်မြားကလေး တစ်စင်းသည် သူ၏နောက်ကျောသို့ စိုက်ဝင်သွား၏။ သံမဏိစုတ်တံ သိုင်းသမားမှာ အသံပင်မထွက်နိုင်ဘဲ မြေပေါ်သို့ ခွေလဲသွားလေ သည်။

ထိုအခါ မျက်နှာဖုံးစွပ်နှင့်လူများမှာ သူ့အနီးသို့ ဝိုင်းအုံလာ ကြလေတော့သည်။

▲ ▲ ▲



(၁၀)

အချိန်များ တစ်စတစ်စ ကုန်ဆုံးသွား၏။

အချိန်အတန်ကြာသွားသော်လည်း လှုပ်ရှားမှုဟူ၍ တစ်စုံ တစ်ရာ မတွေ့ရသေးချေ။ အရာအားလုံးသည် ပကတိ တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေ၏။

ပတ်ဝန်းကျင်ကိုကြည့်ရင်း ကျန်းချစ်ချစ်မှာ ထိတ်လန့်လာ လေသည်။ အတန်ကြာ စောင့်ဆိုင်းပြီးသော်လည်း ဝမ်းကြီးမှာ ရောက် မလာသေးပါချေ။ လူနှစ်တူသည် အရိပ်အရောင်ကိုပင် မတွေ့ရသေး ချေ။

ထူးခြားမှုကိုမျှ မတွေ့ရသောကြောင့် ကျန်းချစ်ချစ်မှာ သံသယ စိတ်များ ဝင်လာတော့သည်။

အချိန်ကုန်ဆုံးသွားသည်နှင့် အမျှ သံသယစိတ်များမှာလည်း တစ်စနှင့် တစ်စ ကြီးထွားလာလေတော့သည်။

ခန္ဓာကိုယ်တစ်ခုလုံး နွံးခွေနေပြီး ခွေလဲကျလုမတတ် ဖြစ်နေ ၏။

နောက်ဆုံး သည်းမခံနိုင်တော့သဖြင့် ဘုံကျောင်းမျက်အတွင်းမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်လေသည်။

တံခါးဝသို့ မျက်နှာမူလိုက်သည်နှင့် နောက်ကျောဘက်မှ အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကျန်းချစ်ချစ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ထစ်နိမ်တော့ ထိတ်လန့်သွားလေသည်။ ကဗျာကယာ ပြန်လှည့်ကြည့်လိုက်ရာ ကြီးမားသော မယ်တော်ရုပ်တုမှာ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

ကျန်းချစ်ချစ်မှာ နှလုံးသွေးများ ရပ်တန့်သွားသည့်အလား ခံစားလိုက်ရလေသည်။

"အမလေး ..."

သူမ၏ရှူးရှူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် မယ်တော်ရုပ်တုနောက်ကွယ်မှ လူတစ်ယောက် ရုန်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူ၏အဝတ်အစားများတွင် ဖုံများ ပေကျံနေပြီး ဦးခေါင်းပေါ်တွင် ပင့်ကူအိမ်များ ကပ်ငြိနေ၏။

ထိုလူအား တွေ့လိုက်ရမှ ကျန်းချစ်ချစ်မှာ အကြောက်ပြေသွားရလေသည်။

"ဟင် ... ရှင် ... ရှင်"

"ဟုတ်တယ်၊ ကျုပ်ပါပဲ"

ထိုလူက ရယ်ရယ်မောမောဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ထိုလူမှာ ဝမ်းကြီး မဟုတ်ချေ။ လူဆိုးဖမ်းသော ဟုန်ဝေယင်းပင် ဖြစ်နေ၏။

ဟုန်ဝေယင်းမှာ အဝတ်အစားများတွင် ပေကျံနေသော ဖုံများအား လက်ဖြင့်ခါယင်း ...



"ကျုပ်ထင်သားပဲ၊ ဒီသတ္တဝါရဲ့စကားဟာ မယုံကြည်ရဘူးဆိုတာ အခုတော့ အလိမ်မိသွားပြီ မဟုတ်လား"

ကျန်းချစ်ချစ်မှာ မျက်မှောင်ကုပ်သွားကာ ...

"ရှင် ... ဘယ်သူ့ကို ပြောနေတာလဲ"

"ဘယ်သူ့ကို ပြောရမှာလဲ၊ ဝမ်းကြီးဆိုတဲ့လူကို ပြောတာပေါ့"

ဟုန်ဝေယင်းသည် နှုတ်မှပြောရင်း ဦးခေါင်းပေါ်တွင် ကပ်ငြိနေသော ပင့်ကူအိမ်များအား ဖယ်ရှားလိုက်သည်။ ပြီးမှ စကားဆက်လိုက်လေသည်။

"အဲဒီလူ လိမ်တာ၊ ခင်ဗျားကို ဒီနေ့မနက် ဒီနေရာမှာ လာတွေ့ဖို့ ချိန်းထားတယ် မဟုတ်လား၊ အခု ဘယ်အချိန်ရှိပြီလဲ၊ သူလာသေးတာထောက်ရင် လိမ်တာပဲဖြစ်ရမယ်"

သူ၏စကားကြားလိုက်ရသောအခါ ကျန်းချစ်ချစ်မှာ ပို၍အံ့သြသွားရလေသည်။ ဝမ်းကြီးက သူမအား ချိန်းဆိုသည့်ကိစ္စကို ဟုန်ဝေယင်း မည်သို့သိနေပါသနည်း။

ကျန်းချစ်ချစ်သည် ဟုန်ဝေယင်းအား နားမလည်နိုင်စွာဖြင့် ကြည့်ကာ ...

"ရှင် ... ဒီကိစ္စကို ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟုန်ဝေယင်းက ပြုံးလိုက်သည်။ သူ့ကိုယ်သူ အောင်ကြီးရှင်တစ်ယောက်ဖြစ်သည့်အလား ဝင့်ကြွားစွာဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ကျုပ်ကို လျှို့ဝှက်သတင်းပို့ပေးတဲ့လူ ရှိနေတယ် မဟုတ်လား"

ပြောရင်း အင်္ကျီအိတ်အတွင်းမှ စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

ကျန်းချစ်ချစ်က လှမ်းယူ၍ ဖတ်ကြည့်လိုက်သည်။

"ဝမ်းကြီးက ကျန်းချစ်ချစ်ကို ဒီကနေ့မနက် မြို့ပြင် နဝ သုံးပါးဘုံကျောင်းမှာ တွေ့ဖို့ ချိန်းဆိုထားတယ်"

ဟု ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

ကျန်းချစ်ချစ်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ ဤ စာသည် တိုပင် တိုငြားသော်လည်း ပြည့်စုံနေသည်။

ကျန်းချစ်ချစ်မှာ စကားတစ်လုံးမျှ မပြောနိုင်ဘဲ ငေးငိုင်သွား လေတော့သည်။ ဟုန်ဝေယင်းက ခပ်တည်တည် မေးလိုက်၏။

"ဘယ်လိုလဲ၊ ဒီစာဟာ ပြည့်စုံတယ် မဟုတ်လား"

ကျန်းချစ်ချစ်က သက်ပြင်းချလိုက်သည်။ ပြီးမှ မရိပြုံး ပြုံး လိုက်ပြီး ...

"ဒီစာကို ရှင် ဘယ်ကရတာလဲ"

ဟုန်ဝေယင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဒီကနေ့မနက် ကျုပ် အိပ်ရာထလာတော့ ဗိုလ်ဆာတော ရှုးမတာတ်ပဲဗျ၊ ဒါကြောင့် အခန်းထဲကထွက်ပြီး မီးဖိုဆောင်ကိုသွား



တယ်၊ ပြီးတော့ ဆန်ပြုတ်တစ်ပန်းကန်လောက်စားမယ် စိတ်ကူး တာ၊ ဒါပေမယ့် ဗိုက်ဆံပေးရမယ့်အတူတူ အပြင်ထွက်စားတာက ပိုကောင်းမယ်ဆိုပြီး ဈေးလမ်းဘက်ကို ထွက်လာခဲ့တယ်"

ကျန်းချစ်ချစ်မှာ ဟုန်ဝေယင်း၏စကားကို စိတ်ရှည်ရှည်ဖြင့် နားထောင်နေ၏။ ဟုန်ဝေယင်းက စကားဆက်လိုက်သည်။

"ဈေးလမ်းထဲရောက်တော့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ကျုပ်ကို ပြုံးပြတယ်၊ သူ့မိန်းမက လက်ဖက်ရည်သောက်ဦးမလား မေး သေးတယ်"

ကျန်းချစ်ချစ်မှာ စိတ်မရှည်နိုင်တော့ပါချေ။ နှာခေါင်းရှုံ့လိုက် ပြီး ...

"ရှင် ... လက်ဖက်ရည်သောက်ခဲ့တယ် မဟုတ်လား"

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်သည်။

"ဟာ ... ဘယ်က သောက်ရမှာလဲ၊ လက်ဖက်ရည်ကို ကျုပ် ကြိုက်ဘူးဗျ၊ နောက်ဆုံး ခေါက်ဆွဲပြုတ်တစ်ပန်းကန် ဝယ်စားပြီး ပြန်လာခဲ့တယ်"

ဟုန်ဝေယင်းမှာ စကားကို ရှည်ရှည်ဝေးဝေး ကွေ့ပတ်ပြော နေကြောင်း ကျန်းချစ်ချစ်က နားလည်လိုက်သည်။

ထို့ကြောင့် စောင့်မနေတော့ဘဲ ကြားဖြတ်မေးလိုက်လေသည်။

"ဒီစာ ရှင့်ကို ဘယ်သူပေးတာလဲ"

"ဒါတော့ ဘုရားပဲ သိမယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ”

“ကျုပ်အခန်းကို ပြန်ရောက်တဲ့အခါ ဒီစာဟာ ကျုပ် အိပ်ရာပေါ်မှာ ရောက်နေပြီဗျ”

ကျန်းချစ်ချစ်က သက်ပြင်းချလိုက်ပြီး ...

“ဒါနဲ့ပဲ ရှင် ဒီကို ပြေးလာတယ်ဆိုပါတော့”

ဟုန်ဝေယင်းက ပခုံးတွန့်ကာ ...

“တမင်သက်သက် နောက်ပြောင်လိုက်တဲ့စာမှန်း မသိလို့ပါဗျာ၊ သိရင် ကျုပ်မလာပါဘူး”

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်ပြီး ...

“ဒီကိစ္စဟာ နောက်ပြောင်ကျီစယ်တဲ့ကိစ္စ တစ်ခုတော့ မဟုတ်ဘူးထင်တယ်”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်လို့မှန်း မသိလို့ အံ့ဩနေတာပေါ့”

ဟုန်ဝေယင်းက လက်ဝှေ့ယမ်းလိုက်ပြီး ...

“အံ့ဩမနေနဲ့၊ ဒီနေရာဟာ ကြာကြာနေလို့ ကောင်းတဲ့နေရာမဟုတ်ဘူး၊ ကဲ ... မြန်မြန်သာ ပြန်ပေတော့”

ကျန်းချစ်ချစ်က ဟုန်ဝေယင်းအား စိုက်ကြည့်လိုက်ပြီး ...

“ရှင်ကော မသွားသေးဘူးလား”

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် သွားလို့ မဖြစ်သေးဘူးဗျ”



“ဘာဖြစ်လို့လဲ”

“ဝမ်းကြီးကို စောင့်ရဦးမယ်လေ၊ သူ့ကိုတွေ့ရင် တစ်ချိ မောင်းလောက် ဆုံးမပစ်ရဦးမယ်”

ကျန်းချစ်ချစ်မှာ ဟုန်ဝေယင်းအားကြည့်ရင်း ငေးငိုင်နေမိသည်။ ဝမ်းကြီးကို မတွေ့ရသေးဘဲ ထွက်မသွားချင်သည့်ဟန်ဖြင့် ဆကပ်ကပ်လုပ်နေသည်။ ဟုန်ဝေယင်းက လက်ကို ဝှေ့ယမ်းရင်း ...

“စိတ်ချ၊ သူ့ကိုတွေ့ရင် နည်းနည်းပါးပါး ဆုံးမပြီး ခင်ဗျားဆီခေါ်လာခဲ့မယ်၊ ခင်ဗျားသာ ဒီနေရာက မြန်မြန်ထွက်သွားပေတော့”

ပြောရင်း စိတ်ပေါက်လာဟန်ဖြင့် လက်တစ်ဖက်က ကျန်းချစ်ချစ်၏လက်မောင်းကိုဆွဲကာ အပြင်သို့ တွန်းပို့ပေးလိုက်သည်။ ကျန်လက်တစ်ဖက်က ကျန်းချစ်ချစ်၏ခါးစည်းကြိုးသို့ ပစ္စည်းတစ်ခု သိမသာ ချိတ်ပေးလိုက်လေသည်။

ကျန်းချစ်ချစ်မှာ သူ၏လက်တွင်းမှ ရုန်းထွက်လိုက်ပြီး ...

“ကျွန်မ သူ့ကို ...”

သူမ၏စကား မဆုံးမီမှာပင် ဟုန်ဝေယင်းက အေးတိအေးစက်ဖြင့် ...

“ဒီနေရာဟာ ချောင်ကျပြီး တိတ်ဆိတ်တယ်၊ အခု ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်တည်းနေတာ မကောင်းဘူး၊ တစ်ခုခုဖြစ်ရင် ကျုပ်ကို အပြစ်မတင်ပါနဲ့”

ကျန်းချစ်ချစ်မှာ မျက်လုံးပြူးကျယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းအား ကြောက်ရွံ့စွာဖြင့် ကြည့်ရင်း ...

"ရှင် ... ရှင်"

ကျန်းချစ်ချစ်သည် စကားပင် ဆုံးအောင်မပြောနိုင်ဘဲ အ
တွင်းမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

ထိုအခါမှ ဟုန်ဝေယင်းက တဟားဟား ရယ်မောလိုက်သည်

"ဟား ... ဟား ... ငါ့ရဲ့ပုံက တကယ်ပဲ မြာမွေတဲ့လူ
ယောက်နဲ့ တူသလား၊ ဟား ... ဟား ... ဟား"

အကယ်၍သာ ရယ်မောခြင်းမပြုဘဲ ပတ်ဝန်းကျင်ကို သ
ထား ကြည့်နေမည်ဆိုလျှင် ဖျက်စီးနေသော ပြတင်းပေါက်မှတ
လှစ်ရှားသွားသော လူရိပ်တစ်ခုအား ဟုန်ဝေယင်း တွေ့မြင်ရ
ဖြစ်သည်။

ထိုလူမှာ ကျန်းချစ်ချစ်နောက်သို့ နောက်ယောင်ခံလိုက်ပါ
သော ကောင်းမော်ပင် ဖြစ်ပါသည်။

ကောင်းမော်သည် ဟုန်ဝေယင်းအား သတ်ပစ်ချင်
အောင်ပင် မုန်းတီးနေသော်လည်း ကျန်းချစ်ချစ်အား စောင့်ရှော
ရမည်ဖြစ်သောကြောင့် ပြေးထွက်သွားခြင်း ဖြစ်ပါသည်။

သို့သော် အခြေအနေပေးသည့်အချိန်တွင် ဟုန်ဝေယင်းအ
သတ်ပစ်ရန် ကောင်းမော် ဆုံးဖြတ်ချက် ချထားပြီးဖြစ်သည်။

▲ ▲ ▲



# ညက်ကစားပြိုင်ပွဲ

(၁)

ကျန်းချစ်ချစ်သည် တောင်ကုန်းကလေးအောက်ခြေသို့ ရောက်
ခဲ့ပြီဖြစ်သည်။ တောင်ကုန်းကလေး၏ အောက်ခြေသို့ ရောက်
သည်နှင့် ချက်ချင်းပင် ဝေါစင်ပေါ်သို့ တက်ကာ ထွက်ခွာရန်
နှိုးပေးလိုက်လေသည်။

ဝေါစင်ထမ်းသမားနှစ်ယောက်က အမိန့်အတိုင်း လျင်မြန်စွာ
ထွက်ခွာသွားကြ၏။ ကောင်းမော်မှာ ဝေါစင်နှင့် မလှမ်းမကမ်းမှ
ပင်ချုံနွယ်များကို အကာအကွယ်ယူပြီး စောင့်ရှောက်လိုက်ပါ
ခဲ့သည်။

တောင်ကုန်းကလေးနှင့် အတော်ဝေးဝေးသို့ ရောက်ရှိလာသော
ချုံနွယ်များ ကင်းရှင်းသွားလေသည်။

ထို့ကြောင့် သစ်ပင်ကြီးများအား အကာအကွယ်ပြု လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သွားရပြန်သည်။ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးပြောင်း၍ လိုက်ပါသွားစဉ် ရုတ်တရက် ...

"ထောက် ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး သူ ပုန်းအောင်းနေသော သစ်ပင်အား ကျောက်ခဲတစ်လုံး လာရောက်ထိမှန်သွားသည်။

ကောင်းမော်မှာ ရင်ထိတ်သွားကာ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

ထိုအခါ သူ၏အနောက်ဘက် မလှမ်းမကမ်းတစ်နေရာတွင် လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ကျောက်တုံးကြီးတစ်တုံးအား မှီ၍ ထိုင်နေပြီး ကောင်းမော်အား ပြုံးပြနေ၏။ ကောင်းမော်မှာ ဒေါသထွက်သွားသည်။ ခံပြင်းသောစိတ်ကို ထိန်းချုပ်မရအောင်ဖြစ်သွားသည်။

"မင်း သေချင်လို့ ငါ့ကိုလိုက်ပြီး နှောင့်ယှက်နေတာလား"

သူသည် ကျွန်းချစ်ချစ်နောက်သို့ ဆက်၍ လိုက်ပါသွားခြင်း မပြုတော့ဘဲ ကျောက်တုံးကိုမှီ၍ ထိုင်နေသူအနီးသို့ လျှောက်သွား၏။

ကျောက်တုံးကိုမှီ၍ ထိုင်နေသူမှာ ဟုန်ဝေယင်းပင် ဖြစ်ပါသည်။ ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဟော့ ... မင်း မလိုက်သွားတော့ဘူးလား၊ တော်ကြာ ဝမ်းကြီးလာရင် ဘယ့်နှယ်လုပ်မလဲ"



ကောင်းမော်က အေးတိအေးစက်ဖြင့် ...

"မင်းကြောင့် ဝမ်းကြီး မလာတော့ဘူးဆိုတာ ငါသိတယ်၊ မင်းက ကျွန်းချစ်ချစ်နောက်ကို တကောက်ကောက်လိုက်နေတော့ ဝမ်းကြီးက ထွက်ပြီး လူရိပ်ပြမှာ မဟုတ်ဘူး"

ဟုန်ဝေယင်းက ကောင်းမော်အား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"မင်းကပဲ ငါ့ကို ပြောင်းပြန်ပြောရသေးတယ်၊ ကျွန်းချစ်ချစ်နောက်ကို တစ်ချိန်လုံး တကောက်ကောက်လိုက်နေတာ မင်းပဲ မဟုတ်လား"

ကောင်းမော်မှာ မည်သို့ပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဟုန်ဝေယင်းက ပြုံးလိုက်ပြီး ...

"ငါက ကျွန်းချစ်ချစ်နောက်ကို လိုက်လာတာ မဟုတ်ဘူး၊ မယုံရင် သူ့ကိုမေးကြည့်"

ကောင်းမော်မှာ မျက်မှောင်ကုပ်သွားကာ ...

"ဒါဖြင့် ဘုံကျောင်းပျက်ထဲ ဘာဖြစ်လို့ ဝင်ပုန်းနေရတာလဲ"

ဟုန်ဝေယင်း ပခုံးတွန့်လိုက်ပြီး ...

"အစောကြီးကတည်းက ငါ သွားပုန်းနေတာ၊ ငါရှိမှန်း ဘယ်သူသိမှာလဲ၊ မင်းကော သိလို့လား"

"ဘာပဲဖြစ်ဖြစ် ငါတို့ကိစ္စ မင်း ဝင်ရှုပ်လို့ ပျက်စီးရပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ငါ တစ်နေကုန် အပင်ပန်းခံပြီး စောင့်နေတာကျတော့ မင်း ထည့်မတွက်ဘူးလား"

"မင်းကို ဘယ်သူ သွားစောင့်ခိုင်းလို့လဲ"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားလေသည်။

ကောင်းမော်အား မကျေမနပ်ဖြင့် ကြည့်ရင်း ...

"အေး ... ငါ့ကို ကျန်းချစ်ချစ်က လာစောင့်ခိုင်းလို့ ဆိုတာ မင်းမှတ်ထား"

သူ၏ စကား ကြားလိုက်ရသောအခါ ကောင်းမော်မှာ မျက်လုံး ပြူးကျယ်သွားရလေသည်။

ဟုန်ဝေယင်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ ...

"မင်း ... မင်း"

ဟုန်ဝေယင်းက ပြုံးလိုက်ပြီး ...

"ဟုတ်တယ်၊ သူက ငါ့ကို အိပ်မက်ထဲမှာ လာပြီး အကူအညီ တောင်းသွားတာကွ"

သူက မဟုတ်မဟပ် ပြောကာ စကားနိုင်လုနေခြင်းဖြစ်ကြောင်း ကောင်းမော် ရိပ်မိသွားလေသည်။

မည်သို့ဆိုစေ ကျန်းချစ်ချစ်အား ထိခိုက်လာသည်ဟု ယူဆပြီး ...

"မင်းလဲ ကြည့်ပြော"



ကောင်းမော်မှာ ဒေါသထွက်လွန်းသဖြင့် အသားများပင် တုန်လာ၏။

ထို့ကြောင့် ဟုန်ဝေယင်းအနီးသို့ တိုးကပ်သွားပြီး ...

"ဒီကနေ့တော့ မင်းကို ဆုံးမရလိမ့်မယ်ထင်တယ်"

"အေး ... ငါလဲ မင်းကို ဆုံးမချင်တာနဲ့ အတော်ပဲ"

ကောင်းမော်က စကားတစ်လုံးမျှ မပြောတော့ပါချေ။ ဟုန်ဝေ
းအား စိုက်ကြည့်လိုက်ပြီး ခါးကြားတွင် ထိုးထားသော သံပလွေ
ထုတ်ယူလိုက်၏။

ကောင်းမော်မှာ ခေသူတစ်ယောက် မဟုတ်ကြောင်း ဟုန်ဝေ
း သိရှိထားသည်။ ထို့ကြောင့် အင်္ကျီအိတ်အတွင်းမှ ယပ်တောင်
ချောင်း ထုတ်ယူလိုက်ပြီး ...

"မင်းရဲ့ သံပလွေဟာ ငါ့ရဲ့ ယပ်တောင်ကို ထိုးဖောက်နိုင်ပါ့
း"

ကောင်းမော်က မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ကြည့်ကြသေးတာပေါ့"

ပြောပြီးသည်နှင့် သံပလွေကို ဝှေ့ယမ်းကာ ဟုန်ဝေယင်းအား
ိခိုက်လိုက်လေသည်။ ဟုန်ဝေယင်းမှာ သတိကြီးစွာထားကာ
ောင်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်ရလေတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ..."

အသံတစ်ချက် ထွက်ပေါ်လာကာ ကောင်းမော်မှာ နောက်ဆုတ်သွားရလေသည်။ သူ၏ပါးတစ်ဖက်မှာလည်း နီရဲသွား၏။ ဟုန်ဝေယင်းက သူ၏ယာဘက်လက်ဝါးကိုကြည့်ကာ သဘောကျနေသည့်အလား မှောက်ချီလှန်ချီ လုပ်နေ၏။ ကောင်းမော်မှာ ဒေါသချောင်းချောင်းထွက်သွားကာ ...

"ဟေ့ ... လူလိမ် ... မင်း စကားမတည်ဘူး၊ ငါက အေးအေးဆေးဆေး တိုက်ခိုက်ပေးမယ့် မင်းက အကောက်ကြံတယ်"

ဟုန်ဝေယင်းက ရယ်မောလိုက်ပြီး ယာဘက်လက်အား ထောင်ပြကာ ...

"ကျုပ် ဘယ်မှာ အကောက်ကြံလို့လဲ၊ ဒီမှာ လက်တစ်ဖက်တည်းပဲ မဟုတ်လား"

ကောင်းမော်က အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ကောင်းပြီ၊ ငါ့ရဲ့လက်တစ်ဖက်ကိုလဲ ကြည့်ဦးပေါ့"

ပြောပြီးသည်နှင့် မြားတစ်စင်းပမာ ဟုန်ဝေယင်းထံသို့ ပြေးဝင်သွားလေသည်။

ဟုန်ဝေယင်း၏အနီးသို့ ရောက်သည်နှင့် ဝဲဘက်လက်တစ်ဖက်တည်းဖြင့် တိုက်ခိုက်လိုက်သည်။

ဟုန်ဝေယင်းက ယာဘက်လက်ဖြင့် ဆီးခံပေးလိုက်၏။ ထို



အခါ ကောင်းမော်က ဝှက်ထားသော ယာလက်ကို ထုတ်ကာ ဟုန်ဝေယင်း၏ရင်ဝသို့ ရိုက်ချလိုက်ပြီး ဝဲဘက်လက်ကို နောက်ကျောသို့ ပြန်ဝှက်ထားလိုက်လေသည်။

ဟုန်ဝေယင်းမှာ ရှောင်တိမ်းနိုင်စွမ်းမရှိဘဲ ခံလိုက်ရ၏။

"ဝုန်း ..."

ခန္ဓာကိုယ်ယိမ်းယိုင်သွားပြီး နောက်သို့ ခြေလှမ်းဆုတ်သွားရလေသည်။

ထိုစဉ် ကောင်းမော်က ထက်ကြပ်မကွာ လိုက်ပါလာပြီး ယာလက်ကို အရောင်ပြ၍ ဝဲဘက်လက်ဖြင့် ရိုက်ချလိုက်ပြန်သည်။ တစ်ဖန် ယာဘက်လက်ကို ပြန်လည် ဝှက်ထားလိုက်၏။

ယင်းသို့ဖြင့် လက်နှစ်ဖက် လျင်မြန်စွာ ပြောင်းလဲတိုက်ခိုက်လိုက်ရာ ဟုန်ဝေယင်းမှာ သုံးလေးချက်မျှ ခံလိုက်ရလေသည်။

ဟုန်ဝေယင်းမှာ ဒေါသထွက်လာပြီး စိတ်မထိန်းနိုင်တော့ဘဲ လက်နှစ်ဖက်စလုံးထုတ်ကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။ ထိုအခါ ကောင်းမော်က နောက်ပြန်ဆုတ်သွားလေသည်။ သို့သော် ဟုန်ဝေယင်းအား ပြုံးပြလိုက်ပြီး ...

"ဘယ့်နယ်လဲ ... မင်း လက်နှစ်ဖက်စလုံး ထုတ်သုံးပြီ မဟုတ်လား"

ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်သည်။ သူပင် စည်းကမ်းချက်ပြီး သူပင် စည်းကမ်းဖောက်ဖျက်သူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်နှင့်ယှဉ်ပြိုင်ရာတွင် ကိုယ်ဖော့ပညာနှင့် အတွင်းအားမှလွဲ၍ ကျန်သိုင်းပညာရပ်များတွင် သူက အနည်းငယ်နိမ့်ကျနေကြောင်း နားလည်ထား၏။ အတွင်းအားချင်း ယှဉ်ပြိုင်လျှင်နှစ်ယောက်စလုံး အသက်အန္တရာယ်ထိခိုက်သွားနိုင်ကြောင်း သဘောပေါက်သဖြင့် ကိုယ်ဖော့ပညာ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်ပြီး ...

"ဘာပဲပြောပြော မင်း ငါ့ကို ပြတ်ပြတ်သားသား အနိုင်မရသေးဘူး"

ကောင်းမော်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ တို့ ဆက်ပြီး ယှဉ်ပြိုင်ကြတာပေါ့"

ဟုန်ဝေယင်းက လက်ကာပြလိုက်ပြီး ...

"ဒီတစ်ခါ တစ်မျိုးပြိုင်ကြမယ်"

"ဘယ်လိုပြိုင်မှာလဲ"

"ကိုယ်ဖော့ပညာ ပြိုင်မယ်"

ပြောပြီးသည်နှင့် မျောက်တစ်ကောင်ကဲ့သို့ ခုန်ဆွခုန်ဆွ လုပ်နေ၏။ ကောင်းမော်မှာ မျက်မှောင်ကြုတ်သွားကာ ...

"မင်းပြောတော့ ကိုယ်ဖော့ပညာ ပြိုင်မယ်ဆို၊ အခု မင်းဘာလုပ်နေတာလဲ"

"ဒါ ငါ့ရဲ့ ကိုယ်ဖော့ပညာပဲ"

ပြောပြီးသည်နှင့် နောက်သို့ ကျွမ်းတစ်ပတ် ပစ်လိုက်ပြီး လျင်မြန်စွာ ပြေးလွှားသွားလေသည်။



ကောင်းမော်မှာ အံ့အားသင့်နေသော်လည်း ဟုန်ဝေယင်းအားရှုံးမပေးလိုသဖြင့် နောက်မှ ပြေးလိုက်သွားရလေတော့သည်။

▲ ▲ ▲

(၃)

ကျဉ်းမြောင်းသော တောလမ်းကလေးဖြစ်သည်။

ကျန်းချစ်ချစ်အား သယ်ဆောင်လာသည့် ဝေါစင်သည် လမ်းလေးအတိုင်း ခရီးပြင်းနှင်လျက်ရှိသည်။ လမ်းကလေး၏ ဘေးက်တစ်ချက်တွင် ချိုင့်ဝှမ်းများရှိနေသောကြောင့် ဝေါစင်အထမ်းအားနှစ်ယောက်မှာ သတိကြီးစွာထားကာ သွားနေရလေသည်။

ထိုစဉ် လမ်းကလေးအတိုင်း မျက်နှာချင်းဆိုင်မှလာနေသောထမ်းသမားတစ်ယောက်အား တွေ့လိုက်ရလေသည်။

ယင်းအထမ်းသမားမှာ တောင်းနှစ်လုံးအားထမ်းလာပြီး ကြီးသော ခမောက်တစ်လုံး ဆောင်းထားသည်။ ခမောက်ကွယ်နေသဖြင့် သူ၏မျက်နှာကို တွေ့မြင်ရခြင်းမရှိချေ။

ဝေါစင်ထမ်းလာသူနှစ်ယောက်က လမ်းဘေးသို့ ကပ်ကာရှောင်တိမ်းပေးလိုက်၏။ သို့သော် အထမ်းသမားကလည်း သူတို့ရှောင်တိမ်းသည့်ဘက်သို့ပင် ရှောင်တိမ်းလိုက်၏။

ထို့ကြောင့် မျက်နှာချင်းဆိုင် တိုးမိသွားကြလေသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဝေါစင်အထမ်းသမားများက ယာဘက်သို့ တစ်ဖန် ရှောင်တိမ်းလိုက်ကြပြန်သည်။ အထမ်းသမားကလည်း ယာဘက်သို့ တစ်ဖန် ရှောင်တိမ်းလိုက်ပြန်သည်။

ဤသို့ဖြင့် သုံးလေးကြိမ်မျှ မျက်နှာချင်းဆိုင်မိသောအခါ အထမ်းသမားက တမင်တကာပြုလုပ်နေကြောင်း ရိပ်မိလာကြသည်။ ထို့ကြောင့် အထမ်းသမားနှစ်ယောက်မှာ ဒေါသထွက်လာကြကာ...

"မိတ်ဆွေက ဘာသဘောလဲ"

ခမောက်ဆောင်းထားသူက ရယ်မောလိုက်သည်။ သူ၏အသံမှာ စူးရှသေးငယ်နေသောကြောင့် အခံရခက်လှပေသည်။

အထမ်းသမားသည် ရယ်မောရင်း ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် လက်နှစ်ဖက်ကို လှုပ်ရှားလိုက်သည်။ ထိုအခါ အဖြူရောင်အခိုးအငွေ့များ ရုတ်ချည်းထွက်ပေါ်လာပြီး ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းသွားလေသည်။

အခိုးအငွေ့များအကြားမှ အထမ်းသမား၏မျက်နှာကို မြင်လိုက်ရသောအခါ ဝေါစင်ထမ်းထားသူနှစ်ယောက်မှာ ငယ်သံပါအောင် အော်ဟစ်လိုက်မိကြလေသည်။

အထမ်းသမား၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ မျက်နှာပေါ်တွင် မျက်လုံးနှစ်လုံးသာရှိပြီး နှာခေါင်းနှင့် ပါးစပ်အား မတွေ့ရပါ။



သာမန် မျက်နှာတစ်ခုပင်ဖြစ်သော်လည်း စေ့စေ့ကြည့်သောအခါ လွန်စွာမှပင် ကြောက်မက်ဖွယ်ကောင်းနေသည်။

အထမ်းသမားနှစ်ယောက်၏အသံကြောင့် ကျန်းချစ်ချစ်သည် ဝါးယင်းကာအား မ,၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုစဉ် အဖြူရောင်အခိုးအငွေ့များမှာ သူမထံသို့ တိုးဝင်လာပြီး ကြောက်မက်ဖွယ်ကောင်းသော မျက်နှာတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ကျန်းချစ်ချစ်မှာ ထိတ်လန့်တုန်လှုပ်သွားကာ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ သို့သော် အသံမှာ လည်ချောင်းတွင် ပျောက်ကွယ်သွားပြီး ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

▲ ▲ ▲

(၄)

ဟုန်ဝေယင်းသည် ရှေ့မှ လျင်မြန်စွာ ပြေးလွှားနေ၏။

ကောင်းမော်က နောက်မှ ထက်ကြပ်မကွာလိုက်ပါလာခဲ့သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဝါးတစ်ရိုက်ခန့်အကွာမှနေ၍ ပြေးလွှားနေကြခြင်းဖြစ်သော်လည်း တစ်ခဏအကြာတွင် ကောင်းမော်သည် ဟုန်ဝေယင်းအား မီလာသည်။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ရှေ့နောက် ပြေးနေခြင်း မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ထော့တဲ ရှင်ဘောင်တန်းပြေးနေသည့် အနေအထားသို့ ရောက်ရှိလာသည်။

ဟုန်ဝေယင်းမှာ မျက်နှာပျက်သွားသည်။

ကောင်းမော်သည် ဤမျှထိအောင်ပင် ဘက်စုံတော်လိမ့်မည်ဟု သူ မထင်မှတ်မိခဲ့ချေ။ ဤသို့ဆိုလျှင် အတွင်းအားပြိုင်ရန်သာ ရှိနေတော့သည်။

ဟုန်ဝေယင်းမှာ ရင်ထဲ၌ လေးလံလာလေသည်။ ကောင်းမော်သည် သူ့ထက်သာသော လူတစ်ယောက်ဖြစ်သည်ကို လက်ခံရမလို ဖြစ်လာတော့၏။

ဟုန်ဝေယင်းသည် ပြေးလွှားရင်း မဆီမဆိုင် ဝမ်းကြီးကို သတိရလာမိလေသည်။ ဝမ်းကြီးနှင့် ကောင်းမော်တို့ ယှဉ်ပြိုင်လျှင် အလွန်ပင် ကြည့်ကောင်းလိမ့်မည်ဟု တွေးမိလာ၏။

ပြေးရင်းပင် ရုတ်တရက် အကြံတစ်ခုရလာပြီး ကျောက်တုံးကျောက်ခဲများ ပေါများရာ လမ်းနံဘေးသို့ ဆင်းပြေးလိုက်သည်။

တိဘက်နယ်မြေတွင် တောင်တန်းများသာ ပြည့်နှက်နေသဖြင့် တောင်တက်တောင်ဆင်းနှင့် ခရီးကြမ်းသွားရာတွင် သူက ကျင့်သား ရရှိထားပြီးဖြစ်သည်။

ထို့ကြောင့် ကျောက်တုံးကျောက်ခဲများအကြား ပြေးလွှားသွားပြီး ကျောက်တုံးများအပေါ်မှ ခုန်ပေါက်ပြေးလွှားသွားလေသည်။



ယခုတစ်ကြိမ် သူ၏တွက်ဆမှုမှာ မှန်ကန်နေသည်ဟု ဆိုနိုင် [illegible] ကျောက်တုံးကျောက်ခဲများ ပေါများရာသို့ ရောက်ရှိလာသော [illegible] ကောင်းမော်မှာ လျင်မြန်စွာ ပြေးလွှားနိုင်ခြင်း မရှိတော့ပါချေ။

ဟုန်ဝေယင်းက သဘောကျစွာဖြင့် တဟားဟား ရယ်မော [illegible]ပြီး ...

"ဟား ... ဟား ... ဟား ... ကိုယ်ဖော့ပညာမှာ ငါက သာ [illegible]ယ်ကွ"

ကျယ်လောင်စွာ အော်ဟစ်ရယ်မောရင်း ဆက်လက် ပြေးလွှား [illegible]သွား၏။

သို့သော် ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ခုန်တက်သွားပြီး [illegible]အောက်ဘက်သို့ ခုန်ဆင်းလိုက်သောအခါ ...

"ပလုံ ..."

အသံတစ်ချက် ထွက်ပေါ်လာသည်ကိုသာ ကြားလိုက်ရပြီး ဟုန်ဝေယင်း၏ခန္ဓာကိုယ်မှာ ပျောက်ကွယ်သွား၏။

ကောင်းမော်မှာ အံ့ဩသွားပြီး ကျောက်တုံးကြီးပေါ်သို့ လျင်မြန်စွာ ပြေးလွှား ခုန်တက်လိုက်လေသည်။

အပေါ်သို့ရောက်သွားမှ ကျောက်တုံးကြီးအောက်ဘက်တွင် ရေအိုင်ငယ်တစ်ခုရှိပြီး ဟုန်ဝေယင်းမှာ ရေအိုင်အတွင်းသို့ ထိုးကျသွားသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရေအိုင်မှာ ဒူးဆစ်မျှသာ အနက်ရှိသောကြော့ ဟုန်ဝေယင်းမှာ တစ်ကိုယ်လုံး ရေရွှဲရွှဲစိုသွားသည်မှအပ နစ်မြှု သွားခြင်း မရှိပါချေ။

ရေစိုနေပြီး ကြွက်စုတ်ပမာရှိနေသော ဟုန်ဝေယင်းအား မြေ လိုက်ရသဖြင့် ကောင်းမော်မှာ ဟန်မဆောင်နိုင်တော့ဘဲ …

"ဟား … ဟား … ဟား … ဟား"

သဘောကျစွာ ရယ်မောလိုက်လေသည်။

ဟုန်ဝေယင်းမှာ မကျေမနပ်ဖြင့် ရေအိုင်ထဲမှ ပြန်တက်လာ ၏။ ကောင်းမော်အား တစ်ချက်ကြည့်ကာ နှာခေါင်းရှုံ့လိုက်ပြီး …

"ဘာလဲ … ကိုယ်ဖော့ပညာ ငါက သာတယ်ဆိုတာ မင်း ငြင်းချင်သေးသလား"

ကောင်းမော်မှာ ကြေးစားတစ်ယောက်ဖြစ်သော်လည်း ယခု အချိန် စိတ်ကောင်းဝင်နေသလိုရှိ၏။ ဟုန်ဝေယင်း ပြောသမျှ စိတ် မဆိုးသည့်အပြင် တဟားဟား ရယ်မောနေပြီး …

"ဟား … ဟား … ဟား … မင်းက ငါ့ထက်သာတယ်၊ ဒါပေ မယ့် ကိုယ်ဖော့ပညာ မဟုတ်ဘူး၊ ရေအိုင်ထဲ ခုန်ဆင်းတဲ့ ပညာ"

ဟုန်ဝေယင်းမှာ မကျေမနပ် ဖြစ်သွားလေသည်။

သို့သော် စကားတစ်လုံးမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။ ကောင်းမော်က အားရပါးရ ရယ်မောပြီးမှ …



"ကဲ … မင်း နောက်ထပ် ဘယ်လိုပညာမျိုး ပြိုင်ချင်သေး သလဲ"

ပြောရင်း သူ၏မျက်နှာထားမှာ ရုတ်ခြည်း ပြောင်းလဲသွား ၏။ မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်များ ထွက်ပေါ်လာပြီး …

"ငါနဲ့ ပြိုင်စရာပညာ မရှိတော့ဘူးဆိုရင် မင်း ရှုံးပြီ၊ ရှုံး တဲ့လူဟာ နိုင်တဲ့လူလုပ်သမျှ ခံရမယ်"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားသော်လည်း ကောင်းမော် အား အလွယ်တကူ အနိုင်ရလိမ့်မည် မဟုတ်ကြောင်း နားလည်ထား သည်။

ထို့ကြောင့် ချက်ချင်း ပြန်လည်ချေပခြင်းမပြုဘဲ အကြံထုတ် ၏။ အတန်ကြာမှ အကြံရလာဟန်ဖြင့် …

"မင်းနဲ့ ပြိုင်စရာရှိသေးတယ်"

"ဘယ်လိုပြိုင်မလဲ"

"မင်းနဲ့ငါ ဘယ်သူက ခေါင်းပိုကောင်းသလဲဆိုတာ ပြိုင်ကြ မယ်"

သူ၏စကားကြောင့် ကောင်းမော်မှာ အံ့ဩသွားကာ …

"ဘာ … ခေါင်းကောင်းတာ ပြိုင်မယ်၊ ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြိုင်မှာလဲ၊ ငါတို့ရဲ့ဦးခေါင်းတွေကို တစ်ခုခုနဲ့ တို
ပြီး ဘယ်သူက မာသလဲဆိုတာ ပြိုင်မှာလား၊ ဒါမှမဟုတ် တို့တစ်
ခေါင်းချင်းဆောင့်ပြီး ပြိုင်ကြမှာလား"

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်သည်။

"တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုပြိုင်မှာလဲ"

"ဘယ်သူက ဉာဏ်ပိုကောင်းသလဲဆိုတာ ပြိုင်မှာ..."

ကောင်းမော်က အနည်းငယ်စဉ်းစားလိုက်ပြီး...

"ကောင်းပြီ၊ မင်း ဘယ်လိုပြိုင်ချင်သလဲ"

"တို့နှစ်ယောက် ကိစ္စတစ်ခုကို စဉ်းစားကြမယ်၊ အနီးစပ်ဆုံး
အဖြေမှန်ကို တွေးနိုင်တဲ့လူဟာ အနိုင်ရပြီပေါ့"

"ဘာကိုတွေးမှာလဲ"

"ငါ ပြောပြမယ်၊ မင်းလဲ စဉ်းစားကြည့်ပေါ့"

"ပြောပါ ..."

ကောင်းမော်က ဉာဏ်ရည်ချင်းပြိုင်ရန် လက်ခံလိုက်ပြီးဖြ
သောကြောင့် ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"အခုအချိန်မှာ ကျန်းချစ်ချစ် ဘယ်လိုဖြစ်နေပြီလဲဆိုတာ
တွေးမိသလား"

ကောင်းမော်က စဉ်းစားခြင်းပင် မပြုတော့ဘဲ ...



"သူ အခု အိမ်ပြန်ရောက်နေရောပေါ့"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"လမ်းမှာ ငါတို့တစ်တွေရဲ့ ကူညီစောင့်ရှောက်မှုမရဘဲ သူ
အေးအေးဆေးဆေး ပြန်သွားနိုင်ပါ့မလား၊ ပြန်ရောက်မယ်ဆိုရင်တော့
အကောင်းဆုံးပေါ့"

ကောင်းမော်မှာ ရင်ထိတ်သွားသည်။

ဟုန်ဝေယင်းအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး ...

"မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့"

ဟုန်ဝေယင်း ပခုံးတွန့်လိုက်သည်။

"ဒါတော့ ဘယ်သိမလဲ၊ ငါက စိတ်ထင်တာ ပြောပြတာပဲ၊
ငါ့ကို စွပ်စွဲတာ အဓိကြောင်းမဟုတ်ဘူး၊ ကျန်းချစ်ချစ် တစ်ခုခုဖြစ်
နေရင်တော့ ဒုက္ခပဲ"

ကောင်းမော်မှာ စိတ်မထိန်းနိုင်တော့ပါချေ။

"မင်း... မင်း ... သူ့သာတစ်ခုခုဖြစ်ရင် မင်း မသက်သာဘူး"

ဟုန်ဝေယင်းက ရယ်မောလိုက်လေသည်။ ကျောက်တုံးကြီး
ပေါ်သို့ ခုန်တက်လိုက်ပြီး ...

"ကဲ... ဘယ်လိုလဲ၊ မင်း ငါနဲ့ သိုင်းကွက် သုံးလေးကွက်
လောက် ယှဉ်ပြိုင်ချင်သေးလား"

ကောင်းမော်က အံကိုတင်းတင်းကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟုန်ဝေယင်းအား တိုက်ခိုက်ခြင်းမပြုပါချေ။

ကောင်းမော်မှာ ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်ဟန်ဖြင့် ရှာခနဲလှည့်ကာ ထွက်ခွာသွား၏။

ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်သည်။ သူ၏စကားလုံးများမှာ ကောင်းမော်၏အသည်းနှလုံးအား တည့်မတ်စွာ ထိမှန်သွားပြီ မဟုတ်ပါလား။

ဟုန်ဝေယင်းသည် ကျောခိုင်းကာ ပြေးလွှားသွားနေသော ကောင်းမော်အား ကြည့်ကာ ...

"မင်းသဘောနဲ့ မင်း ထွက်သွားတာ၊ ငါ မင်းကို အနိုင်ရသွားပြီ"

ကောင်းမော်မှာ စကားတစ်လုံးမျှ မပြောဘဲ ဆက်၍ ပြေးလွှားသွား၏။ ကောင်းမော် အဝေးသို့ရောက်ရှိသွားမှ ဟုန်ဝေယင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျန်းချစ်ချစ် ဘယ်လိုနေသလဲဆိုတာ သွားကြည့်ရင်ကောင်း မယ်"

ပြောပြီးသည်နှင့် သူသည်လည်း ကောင်းမော် ထွက်ခွာရာနောက်သို့ ပြေးလွှား လိုက်ပါသွားလေတော့သည်။

▲ ▲ ▲



(၅)

ဝေါစင်ကလေးမှာ လမ်းကျဉ်းကလေးပေါ်တွင် ရှိနေ၏။

လမ်းဘေးနှစ်ဖက်တွင် ချိုင့်ဝှမ်းများရှိနေသော်လည်း ဘေးသို့ တိုးကျသွားခြင်း မရှိပါချေ။

လမ်းအလယ်တွင် ရပ်တန့်သွား၏။ ဝေါစင်နံဘေး၌ လူနှစ်ယောက် လဲကျနေ၏။ ဝေါစင်အထမ်းသမားနှစ်ယောက် ဖြစ်ပြီး အဖြူရောင်အစိုးအငွေ့များကို ရှူရှိုက်မိကာ သတိလစ်မေ့မြောနေခြင်းပင် ဖြစ်ပါသည်။

အကျဉ်းတန်လှသောမြင်ကွင်းကို ခပ်လှမ်းလှမ်းမှပင် ကောင်းမော်က တွေ့မြင်လိုက်ရ၏။

ထို့ကြောင့် ထိတ်လန့်သွားကာ ချက်ချင်းပင် အနီးသို့ပြေးလွှားသွားလေသည်။ ဝေါစင်အထမ်းသမားနှစ်ယောက်အား ခုန်ကျော်၍ ဝေါစင်၏ယင်းကာကို ဖွင့်ကြည့်လိုက်ရာ အတွင်းဘက်၌ ကျန်းချစ်ချစ်ကို မတွေ့ရတော့ချေ။

ကျန်းချစ်ချစ် ရှိမနေတော့ပေ။ ကောင်းမော်မှာ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ညီမ ..."

သူ၏အသံမှာ တိတ်ဆိတ်နေသော တောအုပ်ကလေးအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ စိုးရိမ်စိတ်များသည် ကောင်းမော်၏ရင်ထဲ၌ ထုထည်ကြီးမားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်၏ခေါ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း တုန့်ပြန်သံဟူ၍ မကြားရချေ။

ထိုစဉ် ဟုန်ဝေယင်းမှာလည်း ပြေးလွှားရောက်ရှိလာလေသည်။

အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သဖြင့် ဟုန်ဝေယင်းသည် ချက်ချင်းပင် ဝေါစင်ရှိရာသို့ ပြေးလွှားလာပြီး ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်လိုက်လေသည်။

ထို့နောက် ဝေါစင်အတွင်းသို့ တိုးဝင်သွားကာ အခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သည်။

ဝေါစင်အတွင်းမှ ပြန်ထွက်လာသောအခါ သူ့အား စိုက်ကြည့်နေသော ကောင်းမော်အား တွေ့လိုက်ရသဖြင့် ပြုံးပြလိုက်ပြီး ...

"ကျန်းချစ်ချစ် မရှိတော့ဘူး"

ကောင်းမော်မှာ ကျန်းချစ်ချစ် ပျောက်ဆုံးနေသဖြင့် ဒေါသချောင်းချောင်းထွက်နေလေရာ ဟုန်ဝေယင်း၏စကားကို ကြားရသောအခါ ပို၍စိတ်တိုသွားလေသည်။

"မင်းကြောင့် အခုလိုဖြစ်ရတာ၊ မင်းကို အရှင်မထားဘူး"

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ဟုန်ဝေယင်းက လက်ကာပြလိုက်ပြီး ...

"မင်း ငါ့ကိုသတ်ရင် မှားသွားမှာပေါ့၊ ကျန်းချစ်ချစ်ကို ရှာပေးနိုင်တာ ငါတစ်ယောက်ပဲရှိတယ်လို့ မင်း မှတ်ထားပါ"



"ဘာ ... မင်း ကျန်းချစ်ချစ်ကို ရှာပေးနိုင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"မင်း လိမ်ပြောတာ"

ဟုန်ဝေယင်းက ပြုံးပြလိုက်သည်။

"လိမ်ပြောတယ်ထင်ရင်လဲ ရပါတယ်၊ မင်းနဲ့ငါ သူသေကိုယ်သေ တိုက်ခိုက်ကြတာပေါ့၊ ဒါပေမယ့် ကျန်းချစ်ချစ်ကို ဘယ်တော့မှ ပြန်တွေ့ရလိမ့်မယ်မထင်နဲ့"

ကောင်းမော်မှာ ငေးငိုင်သွားလေသည်။

ဟုန်ဝေယင်းအား သတ်ပစ်ချင်အောင် မုန်းတီးနေသော်လည်း ကျန်းချစ်ချစ်အား ရှာမတွေ့နိုင်မည်ကို သူ လွန်စွာ စိုးရိမ်သည်။ ထို့ကြောင့် ဟုန်ဝေယင်းက စကားဆက်လိုက်သည်။

"ဝေါစင်ကိုကြည့်စမ်း၊ ရုန်းရင်းဆန်ခတ်ဖြစ်တဲ့အရိပ်လက္ခဏာ မတွေ့ရဘူး၊ ဒါကြောင့် ကျန်းချစ်ချစ်ဟာ ဖမ်းဆီးသွားတဲ့လူနောက်ကို အသာတကြည် လိုက်သွားတာ ဖြစ်နိုင်တယ်"

ကောင်းမော်က အသံကျယ်လောင်စွာဖြင့် ...

"မဖြစ်နိုင်ဘူး"

"ငါကလဲ ဖြစ်ရမယ်လို့ ကျိန်းသေမပြောပါဘူး၊ ဖြစ်နိုင်တယ်ဆိုတာကိုသာ ပြောတာပါ"

ကောင်းမော်မှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဝေယင်းက စကားဆက်လိုက်သည်။

"အသာတကြည့်လိုက်သွားတာ မဟုတ်ရင်တော့ မေ... သွားလို့ အဖမ်းခံရတာ ဖြစ်နိုင်တယ်"

ကောင်းမော်မှာ မျက်မှောင်ကုပ်သွားလေသည်။

ဟန်ဝေယင်းပြောသည့်စကားမှာ ဖြစ်နိုင်ကြောင်း ကောင်း... စဉ်းစားမိလိုက်၏။ သို့သော် လုံးဝ စိတ်ချပြီး မယုံဝံ့သေး...

"နေစမ်းပါဦး၊ မင်း ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"ငါပြောတာ မဟုတ်ဘူး၊ သူတို့က ပြောတာ"

ဟန်ဝေယင်းက ထိုသို့ပြောရင်း မြေပေါ်တွင် လဲကျသတိ... နေသော ဝေါစင်အထမ်းသမားနှစ်ယောက်အား လက်ညှိုးညွှ... လိုက်၏။

လဲကျနေသူများထံ ပြေးလွှားသွားပြီး ကဗျာကယာ သွေး... စမ်းကြည့်လိုက်၏။ နှစ်ယောက်စလုံး အသက်ရှင်နေသေးသည်... သိရမှ သတိပြန်လည်ရရှိလာစေရန် သွေးကြောများ နှိပ်နယ်... လိုက်လေသည်။

ကောင်းမော်၏အပြုအမူကို ကြည့်ကာ ဟန်ဝေယင်းက ခေါ... ခါယမ်းလိုက်သည်။

"ခင်ဗျား သူတို့ကို သတိရလာအောင် လုပ်နေလို့လဲ အပိုပဲဗျ"

ကောင်းမော်က နားမလည်နိုင်သလိုဖြင့် လှည့်ကြည့်လိုက်... သည်။



"ဘာဖြစ်လို့လဲ"

"သူတို့မိထားတဲ့ မေ့ဆေးဟာ အထူးစီမံဖော်စပ်ထားတဲ့ဆေး... ...ခိုမယ်၊ ဒါကြောင့် ဖြေဆေးရမှ ဘာဖြစ်ခဲ့တယ်ဆိုတာ ပြော... ...သိမ့်မယ်ထင်တယ်"

"ဘာ ဖြေဆေးရမှဖြစ်မယ်၊ ဟုတ်လား"

"ဟုတ်တယ်"

ကောင်းမော်က မဲ့ပြုံး ပြုံးလိုက်ပြီး ...

"မင်းကြည့်နေ ... ငါ သူတို့ကို သွေးကြောမှင်သွားအောင် ...ပြီး မေ့ဆေးပြယ်အောင် လုပ်ပြမယ်၊ နေ့ဝက်လောက်ဆိုရင် ...ို့ ပြန်ပြီး သတိရလာမှာပါ"

ဟန်ဝေယင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျွန်းချစ်ချစ်ရဲ့အသက်ဟာ နေ့ဝက်လောက် ခံပါဦးမလား... ...တာလဲ ထည့်တွက်ဦးမှပေါ့"

သူ၏စကားကြောင့် ကောင်းမော်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ ...ခါသွားလေသည်။

ကျွန်းချစ်ချစ်မှာ ပျောက်ဆုံးနေပြီ ဖြစ်သည်။

သူမအား ဖမ်းဆီးသွားသူက အချိန်ဆွဲထားပါဦးမည်လား။ စုကွမ်းအင်းကဲ့သို့ သုတ်သင်ရှင်းလင်းပစ်လိုက်လျှင် မည်သို့ ...ရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်မှာ စကားမပြောနိုင်ဘဲ ဟန်ဝေယင်းကိုသာ ငေ
ကြည့်နေမိလေသည်။

ဟန်ဝေယင်းက ခပ်တည်တည်ပင် ...

"ကျန်းချစ်ချစ်ကို ကယ်တင်ချင်တယ်ဆိုရင် အမြန်ဆုံး ရှာ
ရှားဖို့ လိုလိမ့်မယ်"

ကောင်းမော်သည် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှ
ရုပ်မြဲရုပ်လျက် ရှိနေသည်။

အမြန်ဆုံးလှုပ်ရှားရမည်ဟု ဟန်ဝေယင်းက ပြောသည်
မည်သို့ စတင်လှုပ်ရှားရမည်နည်း။ ကောင်းမော် တွေးမရချေ

"ကျန်းချစ်ချစ်ကို အမြန်ဆုံးနည်းနဲ့ ဘယ်လို ကယ်တင်မယ

ကောင်းမော်က အားမလိုအားမရ လှမ်းမေးလိုက်သည်။

"မင်း သိချင်တယ်ပေါ့"

"ဟုတ်တယ်"

"မင်း ငါ့ကို လူလိမ်လူညာလို့ ပြောဦးမှာလား"

"မင်းသာ ကျန်းချစ်ချစ်ကို ရှာပေးနိုင်ရင် လူလိမ်လူ
တစ်ယောက် မဟုတ်တော့ဘူးပေါ့"

ဟန်ဝေယင်းက နှာခေါင်းရှုံ့လိုက်လေသည်။

"မင်းဟာက မဟုတ်သေးပါဘူး၊ ငါက ကျန်းချစ်ချ
တွေ့အောင်ရှာပြီး လူလိမ်လူညာ မဟုတ်ကြောင်း သက်သေပြရ
ဖြစ်နေပြီ"



ကောင်းမော်မှာ စိတ်လှုပ်ရှားနေသည်။

ဟန်ဝေယင်းကိုကြည့်ရင်း သံသယစိတ်ချင်စိတ်များ ဖြစ်ပေါ်လာ
သည်။

သို့သော် ထိုစိတ်ကို သူ ချက်ချင်း ဖြေသိမ့်လိုက်သည်။ သူ
လှုပ်ရှားလိုက်သည်နှင့် ကျန်းချစ်ချစ်အား ပြန်တွေ့နိုင်တော့မည်
ဟုတ်ကြောင်း နားလည်သဘောပေါက်သွားလေသည်။

ထို့ကြောင့် စိတ်မရှည်သော်လည်း သည်းခံ၍ ဟန်ဝေယင်း
ပြောသမျှ နားထောင်နေရသည်။

ဟန်ဝေယင်းက သဘောကျစွာ ပြုံးရင်း ...

"ဒီနေရာမှာ ငါ့ကဲ့ မင်းထက် ဉာဏ်ပညာပိုပြီး ကောင်းတယ်
ဆိုတာ မင်း ငြင်းချင်သေးသလား"

ကောင်းမော်က ခေါင်းခါယမ်းလိုက်သည်။

"မငြင်းပါဘူး၊ မင်းက ငါ့ထက်တော်ပါတယ်"

"အင်း ... မင်းထက်တော်မှတော့ ကျန်းချစ်ချစ်ကို အမြန်ဆုံး
တွေ့အောင် ရှာပေးရတော့မှာပေါ့"

သူ၏စကား ကြားလိုက်ရသော ကောင်းမော်မှာ ဝမ်းသာသွား
လေသည်။

ဟန်ဝေယင်းအား အားကိုးသော အကြည့်ဖြင့် ကြည့်လိုက်
ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်ရှာပေးမှာလား"

"ငါ ရှာပေးနိုင်မှာ မဟုတ်ဘူး၊ ရှာပေးနိုင်စွမ်းရှိတဲ့လူဆီကို သွားရဦးမယ်"

ကောင်းမော်မှာ မျက်မှောင်ကုပ်သွားရာ ...

"ဘယ်သူ ရှာပေးနိုင်မှာလဲ"

"ခွေးတစ်ကောင်ပါ"

"ဘာ ... ခွေးတစ်ကောင် ဟုတ်လား"

"ဟုတ်တယ်"

ကောင်းမော်မှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ဟုန်ဝေယင်းက ပြုံးလိုက်ပြီး ...

"ဘာလဲ ... မင်းက အထင်သေးနေလို့လား၊ ကျန်းချစ်ချစ်ကို ရှာတွေ့မှ ဒီခွေးကို မင်း ဖက်နမ်းချင်စိတ် ပေါက်လာလိမ့်မယ်"

ပြောပြီးသည်နှင့် သဘောကျစွာ ရယ်မောလိုက်လေသည်။ သို့သော် ကောင်းမော်မှာ ရယ်မောနိုင်ခြင်းမရှိပါချေ။ ဟုန်ဝေယင်း ပြောသည့် ခွေးက အမှန်ပင် ရှာပေးနိုင်ပါမည်လော။

▲ ▲ ▲

(၆)

ထူထဲသော ခေါင်းစွပ်အနက်ကြောင့် တင်းစန်း၏မျက်လုံးများမှာ ဝတ်ဝန်းကျင်ကို တွေ့မြင်ရခြင်း မရှိပါချေ။



သို့သော် နားမှကြားနေရသဖြင့် လူစည်ကားသော မြို့တစ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

တစ်ဖန် ခြံဝင်းတစ်ခုသို့ဝင်ရောက်သွားသည့်အလား အနောက်မှ တံခါးပိတ်သံ ကြားရသည်။ သူ့အား ခေါ်ဆောင်လာသည့် စင်မှာ ခရီးတစ်ထောက်ဆက်သွားပြီးနောက် ရပ်တန့်လိုက်လေသည်။

ရပ်လျှင် ရပ်ခြင်းပင် ကြမ်းတမ်းသော လက်များက သူ့အား စင်အတွင်းမှ ဆွဲထုတ်လိုက်ကြသည်။

တစ်ဖန် တွန်းထိုးကန်ကျောက်လျက် ဆွဲခေါ်သွားကြရာ ခြေက်မှာ ကျောက်လှေကားထစ်များပေါ်သို့ ရောက်ရှိလာကြောင်း လိုက်ရလေသည်။

ထို့အပြင် အောက်ဘက်သို့ နိမ့်ဆင်းသွား၏။

ထိုအချိန်အတွင်းမှာပင် တင်းစန်းမှာ နက်ရှိုင်းလှသောကျောက် ်ပါးတစ်ခုသို့ ဆင်းနေရသည့်ပမာ ခံစားရသည်။

ဝန်းကျင်မှာ ဆိုးဝါးသောအနံ့အသက်များရှိပြီး အေးစိမ့်နေ၏။

ကျောက်လှေကားထစ်များ ဆုံးသွားသည်နှင့် တစ်နေရာသို့ ခေါ်သွားကြပြီး သူ့အား လှဲချလိုက်ကြသည်။

တစ်ဆက်တည်းမှာပင် ခြေလက်များအား ကြိုးဖြင့် အခိုင်အမာ ်နှောင်ထားကြသည်။ ပြီးမှ ထူထဲသော ခေါင်းစွပ်အား ဖြုတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ခေါင်းစွပ်ကို ဖြုတ်လိုက်သည်နှင့် ပတ်ဝန်းကျင်တွင် ရှိနေသော မီးအိမ်များမှာ ပိုလင်းလာသည်ဟု ခံစားလိုက်ရလေသည်။

ရုတ်တရက် မျက်လုံးဖွင့်လိုက်သဖြင့် စူးရှသော မီးရောင်များကြောင့် မျက်လုံးကျိန်းစပ်သွားလေသည်။

ချက်ချင်းပင် မျက်လုံးပြန်လည် မှိတ်ထားလိုက်ရသည်။

အတန်ကြာမှ ကျင့်သားရပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ မြေအောက်ကျောက်ခန်းတစ်ခုသို့ ရောက်ရှိနေသည်ကို တွေ့ရသည်။

သူ့အား သစ်သားဘီးတစ်ခုပေါ်တွင် ချည်နှောင်ထားသည်ကို တွေ့ရသည်။ သစ်သားဘီး၏ အောက်ဘက်တွင် ရေကန်တစ်ခုကို တွေ့ရသည်။

မီးရောင်ကြောင့် ရေကန်မှ အရောင်တလက်လက် ထွက်နေရာ မျက်လုံးကျိန်းစပ်လှပေသည်။

မြေအောက်ခန်း ကျောက်နံရံ လေးဖက်လေးတန် ကာရံထားပြီး နံရံပေါ်တွင် ညှဉ်းပန်းနှိပ်စက်သော လက်နက်မျိုးစုံ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဤနေရာသည် လူတစ်ယောက်အား ဖမ်းဆီးနှိပ်စက်သည့် နေရာတစ်ခုဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် တင်းစန်းမှာ ကြောက်ရွံ့ထိတ်လန့်သွားလေသည်။



သူ၏အရှေ့ဘက်တည့်တည့်တွင် မီးဖိုကြီးတစ်လုံး ရှိနေသည်။ အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသူနှစ်ယောက်က မီးဖိုအား မီးထိုးပေးနေကြသည်။

ထို့အပြင် ဝဲဘက်တွင် ကျောက်လှေကားများအား တွေ့မြင်ပြီး လှေကားထစ်ပေါ်၌ မျက်နှာဖုံးစွပ်နှင့် လူလေးငါးခြောက်ယောက်မျှ တန်းစီရပ်နေကြသည်ကို တွေ့ရသည်။ အခြေအနေကို ကြည့်ရခြင်းဖြင့်-မကြာမီ မျက်နှာဖုံးစွပ်နှင့်လူများ၏ ခေါင်းဆောင်ဖြစ်သူ ရောက်ရှိလာနိုင်သည်ကို တင်းစန်းက ရိပ်မိလိုက်လေသည်။

ထို့အပြင် သူ့အား ဖမ်းဆီးထားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း သိလိုလာသဖြင့် ...

"မင်းတို့ ဘယ်သူတွေလဲ"

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း မျက်နှာဖုံးစွပ်နှင့်လူများမှာ နားပင်းနေကြသည့်အလား တုတ်တုတ်မျှ မလှုပ်ကြပါချေ။

ထိုစဉ် ခြေသံများ ရုတ်တရက် ထွက်ပေါ်လာပြီး ကျောက်လှေကားထစ်အတိုင်း လူသုံးယောက် ဆင်းလာကြသည်ကို တွေ့ရသည်။

တင်းစန်းမှာ ရင်ထိတ်သွားကာ သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသော လူနှစ်ယောက်က ရွှေရောင်ဝတ်စုံထားသော လူတစ်ယောက်အား ခြံရံ၍ ဆင်းလာနေခြင်း ဖြစ်သည်။

ထိုလူသုံးယောက် အောက်ဘက်သို့ ရောက်ရှိလာသည်နှင့် တင်းစန်းအနီးသို့ လျှောက်လာလေသည်။ တင်းစန်းမှာ ရွှေရောင်မျက်နှာဖုံးနှင့်လူအား မကျေမနပ်ဖြင့် ကြည့်ရင်း ...

"ခင်ဗျား ... ဘယ်သူလဲ"

ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူက အဖြေမပေးပါ။

တင်းစန်းအား ပြန်လည် မေးခွန်းထုတ်လိုက်သည်။ သူ၏အသံမှာ ခြောက်သွေ့အက်ကွဲနေသည်။

"ရတနာမြေပုံ ဘယ်မှာလဲ"

ထိုအသံမျိုးကို ကြားဖူးသလိုရှိသည်ဟု တင်းစန်း ထင်လိုက်သည်။ သို့သော် မည်သူ့အသံဖြစ်သည်ကို ရုတ်တရက် ကွဲပြားစွာ ခွဲခြားမရနိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် အံကိုတင်းတင်းကြိတ်လိုက်ကာ ပါးစပ်ပိတ်ထားလိုက်လေသည်။ တင်းစန်းနှင့် ရတနာမြေပုံဆိုသည်မှာ မည်သို့ ဆက်စပ်နေပါသနည်း။ ရွှေဝါရောင် မျက်နှာဖုံးစွပ်နှင့်လူမှာလည်း မည်သူနည်း။

ပင့်ကူပင် ဖြစ်နေပါသလော။

▲ ▲ ▲



(၇)

ကျန်းချစ်ချစ်မှာ သတိရလာပြီဖြစ်သည်။

သူမ၏အခြေအနေမှာ တင်းစန်းထက် များစွာသာနေသည်။

ကျောက်အခန်းတစ်ခုအတွင်း ဖြစ်သော်လည်း ခုတင်တစ်လုံးပေါ်တွင် အိပ်စက်နေရခြင်းဖြစ်သည်။

အခန်းတွင်း၌ နှိပ်စက်သည့် ကိရိယာများ စိုးစဉ်းမျှ မတွေ့ရပါချေ။

သို့သော် သတိရသည်နှင့် ကျန်းချစ်ချစ်မှာ ထခုန်မိမတတ်ဖြစ်သွားလေသည်။

သူမ၏အဝတ်အစားများကိုလည်း စမ်းသပ်ကြည့်မိသည်။

ထိုစဉ် ကြည်လင်ပြတ်သားသော အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ခင်ဗျား မဲ့တစ်ပေါက်မစွန်းဘူးဆိုတာ စိတ်ချပါဗျာ"

ကျန်းချစ်ချစ်မှာ ထိတ်လန့်သွားပြီး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

သူမ၏အရှေ့ဘက် မလှမ်းမကမ်းနေရာတွင် လူတစ်ယောက် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

အမှတ်တမဲ့ကြည့်လျှင် ကျောက်ရုပ်တစ်ရုပ်ဟု ထင်မှတ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျောက်ရုပ် မဟုတ်ပါ။

ထိုလူ၏နံဘေး၌ မျက်လုံးပေါက်သာရှိပြီး နှာခေါင်း၊ နှုတ်ခမ်း မရှိသော မျက်နှာဖုံးရုပ်တစ်ခု ချိတ်ထားသည်ကို တွေ့ရသည်။ ကျွန်းချစ်ချစ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ဝမ်းကြီး..."

ငြိမ်သက်စွာ ထိုင်နေသူမှာ ဝမ်းကြီးဖြစ်သည်။ ဝမ်းကြီး ရယ် မောလိုက်ပြီး...

"ခင်ဗျားကို မေ့ဆေးပေးပြီး ဒီနေရာခေါ်လာတာ ခွင့်လွှတ် ပါဗျာ"

ကျွန်းချစ်ချစ်သည် ယခုမှပင် ကြောက်လန့်စိတ်များ ပြေ သွားကာ သက်ပြင်းချနိုင်တော့သည်။

"ရှင် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ဝမ်းကြီးက ပြုံးလိုက်ပြီး...

"ဟုန်ဝေယင်းက မနက်အစောကြီး နတ်သုံးပါးဘုံကျောင်း ရောက်လာတယ်၊ ပြီးတော့ မယ်တော်ရုပ်နောက်မှာ ပုန်းနေ သူ ဝင်လာကတည်းက ကျုပ် တွေ့ပါတယ်ဗျာ၊ ဒါ့အပြင် ခင်ဗျား မိတ်ဆွေတစ်ယောက်လဲ ပါလာသေးတယ်ဗျ"

ကျွန်းချစ်ချစ်မှာ အံ့ဩသွားကာ...

"ကောင်းမော် မဟုတ်လား"



"ဟုတ်တယ်"

"သူက ဘာဖြစ်လို့ ကျွန်မနောက် လိုက်လာတာလဲ"

"ခင်ဗျားကို လိုက်ပြီးစောင့်ရှောက်တာ ဖြစ်မှာပေါ့၊ ဒါဟာ ထူးဆန်းပါဘူး၊ ဒါပေမယ့် ထူးဆန်းတာက ဟုန်ဝေယင်း"

ကျွန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ သူ့ကို ဘာမှမပြောဘူး"

"ဒါဖြင့် သူ့ကို ဘယ်သူပြောတာလဲ"

"ဘုံကျောင်းပျက်မှာ တွေ့တုန်းကတော့ သူ့ကို လူတစ် ယောက်က လျှို့ဝှက်သတင်းပို့ပေးတယ်၊ ဒါကြောင့် ရောက်လာတာ လို့ ပြောတယ်"

ထိုစကား ကြားလိုက်ရသောအခါ ဝမ်းကြီးမှာ အံ့ဩသွားလေ သည်။ ကျွန်းချစ်ချစ်အား အကဲခတ်ကြည့်လိုက်ပြီး...

"ခင်ဗျား ကျုပ်ကို အကူအညီတောင်းတဲ့ကိစ္စ သိတဲ့လူ သိပ် များဘူး၊ ဒါကြောင့် ကျုပ် ခင်ဗျားကို ချိန်းထားတာ အဆင်ပြေ အောင် အပြင်လူ သိဖို့ မလွယ်ဘူး"

ကျွန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

"ရှင်ပြောတာ မှန်ပါတယ်၊ အပြင်လူ မသိနိုင်ပေမယ့် သူက ကျွန်မကို လျှို့ဝှက်သတင်းပို့တဲ့စာကို ထုတ်ပြသေးတယ်ရှင့်"

ဝမ်းကြီးမှာ စိတ်ဝင်စားသွားကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့လက်ရေးလဲဆိုတာ ခင်ဗျား သိသလား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်လေသည်။

"မသိဘူး၊ လက်ရေးက ကလေးတစ်ယောက်ရဲ့ လက်ရေး လိုပဲ"

"ဒါဆို လက်ရေးဖျက်ပြီး ရေးထားတာ ဖြစ်နိုင်တယ်"

ဝမ်းကြီးက စကားမပြောတော့ဘဲ အတန်ကြာအောင် စဉ်းစား နေလိုက်သည်။

အတန်ကြာသွားမှ ကျန်းချစ်ချစ်အား အကဲခတ်ကြည့်လိုက် ကာ ...

"ကောင်းမော်များ ဖြစ်နေမလား"

ကျန်းချစ်ချစ်မှာ အောင့်သက်သက် ဖြစ်သွားရလေသည်။

ဝမ်းကြီးအား မယုံကြည်နိုင်စွာဖြင့် ...

"ရှင် ဘာဖြစ်လို့ သူ့ကို မတရားစွပ်စွဲနေရတာလဲ"

"မတရားစွပ်စွဲနေတာ မဟုတ်ဘူး၊ သူဟာ စိတ်ချရတဲ့ မဟုတ်ဘူးဗျ"

"ရှင် ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ဝမ်းကြီးက ပြုံးလိုက်ပြီး ...

"သူဟာ လူသတ်သမားတစ်ယောက် ဖြစ်နေလို့ပေါ့"

သူ၏စကား ကြားလိုက်ရသောအခါ ကျန်းချစ်ချစ်၏ခ



မ်မှာ နောင့်နေးသွားလေသည်။ ဝမ်းကြီးအား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း ...

"ရှင် ဘယ်လိုပြောလိုက်တာလဲ"

ဝမ်းကြီးမှာ အေးတိအေးစက်ဖြင့် ...

"ကျားရိုင်းဆိုတဲ့ ကြေးစားလူသတ်သမားဟာ ကောင်းမော် တယ်ဆိုတာ ခင်ဗျား မသိဘူးလား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။

"ရှင်ပြောတာ မဖြစ်နိုင်ဘူး"

ဝမ်းကြီးက ပြုံးလိုက်ပြီး ...

"ဒီကိစ္စဟာ ဖုံးကွယ်ထားလို့ရတဲ့ ကိစ္စတစ်ခု မဟုတ်ဘူး၊ နေ့ကျရင် အဖြေမှန်ပေါ်လာမှာပဲ"

ကျန်းချစ်ချစ်က ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး ဆက်ပြောသည်။

"ပင့်ကူဟာ သူ့ရဲ့အချိန်ရောက်ရင်တော့ သူ့ရဲ့အကျင့်အတိုင်း သတ်မှာပဲ၊ ဒါကို ကြိုတင်ကာကွယ်ထားမှ ဖြစ်မယ်"

ထိုစကားကြားလိုက်ရမှ ကျန်းချစ်ချစ်မှာ ပတ်ဝန်းကျင်ကို ထဲခတ်လိုက်မိလေသည်။

ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသော မြေအောက်ခန်းတစ်ခု ပြီး ဝင်ပေါက်နှစ်ပေါက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချွေးပိန်အား တယုတယ ပွတ်သပ်ပေးနေ၏။

ကောင်းမော်မှာ မြင်ပြင်းကပ်လာသဖြင့် မျက်နှာလွှဲထားလို

သည်။

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးကာ ...

"လူတွေဟာ ကိုယ့်ကိုယ်ကို အထင်ကြီးနေပေမယ့် အလကား

ပဲ၊ မင်းလောက် အားမကိုးရဘူးကွ"

ချွေးပိန်အား ပြောသလိုနှင့် ကောင်းမော်အား ပြောလိုက်ခြင်း

ဖြစ်လေသည်။

ကောင်းမော်မှာ အနိမ်ခံလိုက်ရသဖြင့် မျက်နှာနီရဲသွားပြီး ...

"မင်း ဘာပြောလိုက်တာလဲ"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"မင်းက ကျွန်းချစ်ချစ်ကို ရှာပေးနိုင်တယ်ဆိုတာ မင်း ယုံ

ဘူးလား"

"ရှာပေးနိုင်တယ်ဆိုတာ မှတ်ထားစမ်းပါ"

ဟုန်ဝေယင်းက ပြုံး၍ ...

"ချွေးပိန်ဟာ ကျွန်းချစ်ချစ်ကို ရှာပေးနိုင်တယ်ဆိုတာ မင်း

မယုံဘူးလား"

ကောင်းမော်က ပါးစပ်ပိတ်ထားလိုက်လေသည်။

ယုံကြည်မှု လုံးဝမရှိသော်လည်း မျှော်လင့်ချက် အားထား

ရသည် မဟုတ်ပါလား။



ဟုန်ဝေယင်းက ပြုံးလိုက်ပြီးနောက် အင်္ကျီအိတ်ထဲမှ ဖန်ပုလင်း

လုံး နှိုက်ယူလိုက်သည်။

ဖန်ပုလင်းထဲ၌ အဖြူရောင်အမှုန့်များ ရှိနေသည်။

ဖန်ပုလင်းလေးအား အဖုံးဖွင့်လိုက်ပြီး အဖြူရောင်အမှုန့်များ

း ပက်ဖြန်းလိုက်သောအခါ ဝန်းကျင်တစ်ခုလုံးမှာ မွှေးကြိုင်သွား

သည်။

အမွှေးနံ့များထွက်ပေါ်လာသည်နှင့် ချွေးပိန်မှာ စတင်လှုပ်ရှား

သည်။

▲ ▲ ▲

(၉)

ချွေးပိန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

နှာခေါင်းတရှုံ့ရှုံ့ဖြင့် အမွှေးနံ့ကို ရှူရှိုက်နေလေသည်။

ကောင်းမော်ကမူ ချွေးပိန်က ကျွန်းချစ်ချစ်အား ရှာပေးနိုင်

မည်ဟု မယုံကြည်ပါချေ။

ချွေးပိန်မှာ မျက်လုံးမှေးစင်းပြီး အိပ်ငိုက်နေသကဲ့သို့ ဖြစ်နေ

သည်။

အရိုးပေါ်အရောင် ပိန်ချုံးနေပြီး အချို့နေရာများတွင် ဝဲစား

သောကြောင့် အမွှေးများပင် ကျွတ်ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"သူက ကြိုတင်စီစဉ်ထားမယ်ဆိုရင်ကော"

ဟုန်ဝေယင်း မဲ့ပြုံး ပြုံးလိုက်ပြီး...

"ကြိုတင်စီစဉ်စရာ မလိုပါဘူးကွာ၊ အခုလို လွယ်လွယ် ဖမ်းသွားနိုင်ရင် သတ်ပစ်ဖို့ဆိုတာက ပိုလွယ်တာပေါ့"

"ဒါဖြင့် ဝမ်းကြီးက ဘာ့ကြောင့် ဖမ်းသွားရတာလဲ"

"သူ့ကို ကျန်းချစ်ချစ်က အကူအညီတောင်းထားတယ် မဟုတ် လား၊ ဒါကြောင့် ကျန်းချစ်ချစ်ကို ကာကွယ်ဖို့အတွက် ဖမ်းသွား တာ ဖြစ်မှာပေါ့"

"ကာကွယ်ပေးဖို့ဆိုရင် ဘာဖြစ်လို့ နိုးကြောင်နိုးဝှက် ဖမ်း သွားရတာလဲ၊ ဖြောင့်ကျကျ ကာကွယ်လို့ ရတာယ်မဟုတ်လား"

ဟုန်ဝေယင်း ပခုံးတွန့်လိုက်လေသည်။

"သူက လူကောင်းတစ်ယောက်မှ မဟုတ်ဘဲ"

ထိုစကား ကြားလိုက်ရသောအခါ ကောင်းမော်မှာ ရင်ထိတ် သွားလေသည်။ ကျန်းချစ်ချစ်အတွက် စိုးရိမ်လာသဖြင့်...

"ဒါဖြင့် သူဟာ ကျန်းချစ်ချစ်ကို..."

ဟုန်ဝေယင်း မဲ့ပြုံး ပြုံးလိုက်ပြီး...

"ဒါတော့ ငါလဲ မပြောတတ်ဘူး"

ကောင်းမော်မှာ ဒေါသချောင်းချောင်းထွက်သွားလေသည်။ အံကို တင်းတင်းကြိတ်လိုက်လေသည်။



"ကျန်းချစ်ချစ်သာ တစ်ခုခုဖြစ်သွားရင်..."

သူ၏ စကားမဆုံးမီ ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက် သည်။

"စိတ်ချ၊ သူ့အတွက် တို့က လက်စားချေပေးရမှာပေါ့၊ ခွေး ပိန်ဟာ ဘာပဲဖြစ်ဖြစ် သူ့ရဲ့အလောင်းကိုတော့ တွေ့အောင်ရှာပေး နိုင်မှာ သေချာတယ်"

ကောင်းမော်မှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

▲ ▲ ▲

(၁၀)

နတ်သုံးပါးဘုံကျောင်းအတွင်း၌ ဟုန်ဝေယင်းက ကျန်းချစ် ချစ်၏ ခါးစည်းကြိုးတွင် ခွေးပေါင်ဒါမှုန့်တစ်ထုပ် မသိမသာ ချိတ် ပေးလိုက်သည်။ ဤအချက်ကို ဝမ်းကြီးက မသိခဲ့ပါချေ။

ယခု ခွေးပိန်မှာ သူ၏လျှို့ဝှက်စခန်းသို့ ဦးတည်လာနေပြီ ဖြစ်သည်။ ဟုန်ဝေယင်းမှာ ဤမျှဝေးလိမ့်မည်မဟုတ်ကြောင်း မစဉ်း စားမိခဲ့ပါချေ။ ယင်းသို့ မစဉ်းစားခြင်းမှာ ဉာဏ်မကောင်း၍ မဟုတ် ပါ။ သူ၏ဦးနှောက်ကို အသုံးချရန် အလွန်ပျင်းသောကြောင့်သာ ဖြစ်ပါသည်။

ထို့အပြင် ဦးနှောက်ကိုအသုံးပြုရန် မလိုအပ်ဟုလည်း ယူဆ ထား၏။ ထို့ကြောင့် သူက ခွေးပိန်နောက်သို့သာ လိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပိတ်ဖြူစတွေကကော"

"ဒါက ပင့်ကူရဲ့ပစ္စည်းအစစ် မဟုတ်ဘူး၊ သေမင်းတမန် ပင့်ကူကတ်ကသာ အစစ်ဖြစ်နေတယ်"

"ရှင်က ဘာဖြစ်လို့ သေသေချာချာ ပြောနိုင်တာလဲ"

"ပင့်ကူကတ်အစစ်ကို ကျုပ်တွေ့ဖူးလို့ပေါ့"

ကျန်းချစ်ချစ်မှာ အံ့သြသွားလေသည်။

ဝမ်းကြိုမှာ အကဲခတ်ကြည့်လိုက်ပြီး ...

"ရှင့်ကိုကြည့်ရတာ ပင့်ကူအပေါ် စိတ်ဝင်စားနေသလိုပဲ"

"ဟုတ်တယ်၊ ကျုပ် ပင့်ကူနဲ့ ရှင်းစရာကိစ္စတစ်ခုရှိတယ်"

ကျန်းချစ်ချစ်မှာ ပို၍ အံ့သြသွားလေသည်။

ဝမ်းကြိုမှာ ထူးခြားသောလူတစ်ယောက် ဖြစ်ရမည်ဟု အကဲခတ်မိသဖြင့် ...

"နေစမ်းပါဦး၊ ရှင့်နာမည် ဝမ်းကြိုလို့သာသိရတယ် ဘယ်သူ ဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာ ကျွန်မ မသိရပါလား"

ဝမ်းကြိုက ပြုံးလိုက်ပြီး ...

"ခင်ဗျား စိတ်ဝင်စားလို့လား"

"ဟုတ်တယ်"

"ကျုပ်ဟာ ပီကင်းမြို့က လူတစ်ယောက်ပဲ"

"ပင့်ကူနဲ့ ဘယ်လိုဖြေရှင်းစရာ ရှိလို့လဲ"



"ပီကင်းမြို့မှာရှိတဲ့ ကျောက်စိမ်းရတနာဆိုင်ဆိုတာ ခင်ဗျား ကြားဖူးသလား"

ကျန်းချစ်ချစ်မှာ ခေါင်းညိတ်လိုက်သည်။

"ကျောက်စိမ်းရတနာဆိုင်ဟာ ပီကင်းမြို့မှာ အကြီးအကျယ် ...ုံးရတနာဆိုင်ဖြစ်တယ်လို့ ကျွန်မ ကြားဖူးပါတယ်၊ ရှင်နဲ့ ဘယ်လို ...တ်သက်နေလို့လဲ"

"ကျောက်စိမ်းရတနာဆိုင်ပိုင်ရှင်ဟာ ကျုပ်အဖေ ဖြစ်နေလို့ ..."

ကျန်းချစ်ချစ်မှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းကြိုက ဆက်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျောက်စိမ်းရတနာဆိုင်ဟာ ...းပြအတိုက်ခံခဲ့ရတယ်၊ အဖိုးတန်ရတနာတွေ တစ်ခုမကျန် ဆုံးရှုံး ...သွားခဲ့တယ်၊ အစောင့်တွေလဲ အသတ်ခံခဲ့ရတယ်"

"ဒါဟာ ပင့်ကူရဲ့ လက်ချက်လား"

"သေဆုံးနေတဲ့လူတွေရဲ့ ကိုယ်ပေါ်က ဒဏ်ရာကို အကဲခတ် ...ုံး ဓားပြတွေဟာ အနည်းဆုံး လူငါးယောက်ရှိရမယ်"

"ဓားပြငါးယောက် စုပေါင်းပြီး ဝင်လုသွားတယ် ဆိုပါတော့"

"ဖြစ်နိုင်တယ်၊ အဲဒီအချိန်မှာ နာမည်ကြီးဓားပြငါးယောက် ... မြို့ထဲမှာရောက်နေခဲ့တယ်လို့ နောက်ပိုင်းမှ စုံစမ်းသိရတယ်"

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟုန်ဝေယင်းဟာ လူဆိုးဖမ်းတဲ့လူတစ်ယောက် မဟုတ်လား သူက ပင့်ကူရဲ့သတင်း သိနေမလား မပြောတတ်ဘူး"

ဝမ်းကြိုက ပြုံးလိုက်ပြီး ...

"သူသာ ပင့်ကူရဲ့သဲလွန်စ ရထားရင် ကျုပ်သိတာ ကြာလှ ပြီပေါ့"

ဝမ်းကြို၏စကားကြောင့် ကျန်းချစ်ချစ်မှာ မျက်မှောင်ကုတ် သွားသည်။

"ရှင် ဘယ်လိုလုပ် သိနိုင်မှာလဲ"

"သူက လူဆိုးလိုက်ရှာတဲ့နေရာမှာ ကျုပ်ထက် သာတယ် ဒါပေမယ့် သူ့ရဲ့လုပ်ရပ်တွေဟာ သဲလွန်စကျန်နေတတ်တာကြောင့် ကျုပ် သိရတာပေါ့"

"ဘယ်လို သဲလွန်စ ကျန်ခဲ့တာလဲ"

"သူ့မှာ အကျင့်တစ်ခုရှိတယ်၊ လူဆိုးတစ်ယောက်ကို ဖမ်း ကော့မယ်ဆိုရင် ဆုငွေထုတ်ထားတဲ့ ကြော်ငြာပုံကို သူ့အိပ်ရာ ခြေရင်းက နံရံမှာ ကပ်ထားလေ့ရှိတယ်၊ အိပ်ရာဝင်တဲ့အခါဖြစ်စေ အိပ်ရာကထတဲ့အခါဖြစ်စေ အမြဲတမ်းတွေ့မြင်နိုင်ပြီး စိတ်ထဲမှာ စွဲနေတာပေါ့"

ကျန်းချစ်ချစ်က ပေါ့ပါးစွာ ရယ်မောလိုက်သည်။

"ဒါကြောင့် သူ ဘယ်သူ့ကိုသွားရှာမယ်ဆိုတာ ရှင် ကြိုတင် သိပြီး သူ့ထက် အရင်ဦးအောင် သွားနိုင်ခဲ့တာ မဟုတ်လား"



"ဟုတ်တယ်"

"နေပါဦး၊ သူ့ကို ဘာဘာလုစမ်းထင်းက သက်တော်စောင့် ခန့် ထားတာ အကြောင်းတစ်ခုခုရှိမယ် ထင်တယ်"

"လုဝမ်းထင်းဘက်ကတော့ မပြောတတ်ဘူး၊ ဟုန်ဝေယင်းက ဘာ့ကျမှာတော့ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"သူ့ကို လွယ်လွယ်နဲ့ ငှားရမ်းလို့ရမယ် ထင်သလား"

ကျန်းချစ်ချစ်မှာ မျက်မှောင်ကြုတ်သွားလေသည်။ ဟုန်ဝေယင်း လူစားမျိုးအား အခကြေးငွေဖြင့် အလွယ်တကူ ငှားရမ်း၍ရမည် မ ဟုတ်ကြောင်း နားလည်ထား၏။ ထို့ကြောင့် ဝမ်းကြိုအား တစ်ချက် ကြည့်လိုက်ပြီး ...

"သူ ဘာကြောင့် လက်ခံခဲ့တယ်ဆိုတာ ရှင်သိသလား"

ဝမ်းကြိုမှာ တည်ကြည်သောမျက်နှာထားဖြင့် ကျန်းချစ်ချစ် အား စိုက်ကြည့်လိုက်သည်။

"သူ ဘယ်သူ့ကို ဖမ်းဆီးဖို့ ကြံနေသလဲဆိုတာ ခင်ဗျား သိ သလား"

"မသိဘူး"

"ဝူးတိ ဆိုတဲ့ ဓားပြကို ဖမ်းဖို့ ကြိုးစားနေတာ"

"ဝူးတိက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးက သက်ပြင်းတစ်ချက်ချကာ ...

"ကျောက်စိမ်းရတနာဆိုင်ကို လုယူသွားတဲ့ ဓားပြတစ်ယော
ထဲမှာ ဖူးတီဟာ တစ်ယောက်အပါအဝင်ပဲပေါ့"

ကျန်းချစ်ချစ်မှာ နားမလည်နိုင်သောကြော
မျက်လုံးပေကလပ် ပေကလပ် ဖြစ်နေသည်။

"ဓားပြကြီးဖူးတီကို ဖမ်းမယ့်ကိစ္စနဲ့ သက်တော်စောင့်အဖွ
အငှားခံတာ ဘယ်လိုပတ်သက်နေလို့လဲ"

"ဖူးတီရဲ့ပုံ ရေးဆွဲထားတဲ့ ဆုငွေကြော်ငြာစာရွက်ကြော
ကြော်ငြာမှာပါတဲ့ပုံကို နှုတ်ခမ်းမွေးတပ်လိုက်ရင် လွန်ခဲ့တဲ့ဆယ်
ကျော်က ဓားပြကြီးဖူးတီဟာ မျက်စိရှေ့မှောက် ရောက်လာမှာ

ကျန်းချစ်ချစ်မှာ စိတ်ဝင်စားသွားပြီး ...

"ဖူးတီ ဆိုတာ ဘယ်သူလဲ"

"ဖူးတီ ဆိုတာ လုဝမ်းထင်းပေါ့"

သူ၏စကား ကြားလိုက်ရသောအခ
ကျန်းချစ်ချစ်၏ခန္ဓာကိုယ် မှာ ဆတ်ခနဲ တုန်ခါသွားလေသည်
မယုံကြည်နိုင်လောက်အောင် လည်း ဖြစ်သွားလေသည်။

ဝမ်းကြီးအား အံ့သြစွာကြည့်ရင်း ...

"ရှင်ပြောတာ ဟုတ်မှ ဟုတ်ရဲ့လားရှင်"

"သေချာပါတယ်ဗျာ၊ လုဝမ်းထင်းဟာ ကျောက်စိမ်းရတန



ဆိုင်ကို လုယက်ခဲ့တဲ့ ဓားပြကြီး ငါးယောက်ထဲက တစ်ယောက်
အပါအဝင်ပဲ"

"ရှင် ဘာဖြစ်လို့ တိတိကျကျ ပြောနိုင်တာလဲ"

"ဓားပြကြီးဖူးတီနဲ့အတူ နောက်ထပ် ဓားပြကြီးနှစ်ယောက်
ကိုပါ တွေ့ခဲ့ရလို့ပေါ့"

ကျန်းချစ်ချစ်မှာ ပါးစပ်ပိတ်ထားလိုက်လေသည်။ ဝမ်းကြီးက
ဆက်ပြောလိုက်သည်။

"သူတို့နှစ်ယောက်ဟာ နာမည်ပြောင်းထားကြပေမယ့် ရုပ်
ကတော့ ပြောင်းလဲမှု သိပ်မရှိဘူး"

ကျန်းချစ်ချစ်မှာ မျက်မှောင်ကုပ်သွားသည်။

"တင်းစန်းနဲ့ စုကွမ်းအင်းကို ရှင် ဆိုလိုချင်တာလား"

ဝမ်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျန်းချစ်ချစ်မှာ တွေဝေသွားသည်။

ဓားပြကြီး ငါးယောက်ထဲတွင် တင်းစန်း၊ စုကွမ်းအင်းနှင့်
လုဝမ်းထင်းတို့ ပါဝင်နေကြ၏။

ဤသို့ဆိုလျှင် ကျန်ဓားပြကြီး နှစ်ယောက်မှာ ...

ကျန်းချစ်ချစ်မှာ ဆက်မတွေးဝံ့အောင် ဖြစ်သွားသည်။ ဝမ်း
ကြီးအား စိုက်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ ဓားပြနှစ်ယောက်ကတော့ ..."

ဝမ်းကြီးက အေးတိအေးစက်ဖြင့် ...

"တစ်ယောက်က ကောင်းမင်လို့ ခေါ်တယ်"

ကျန်းချစ်ချစ်မှာ မျက်လုံးပြူးသွားသည်။

ကောင်းမင်မှာ ကောင်းမော်၏ဖခင် ဖြစ်နေသည် မဟုတ်ပါလား။ ထိုစဉ် ဝမ်းကြီး၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"နောက်တစ်ယောက်ကတော့ ကျန်းလုံလို့ ခေါ်တယ်"

ကျန်းချစ်ချစ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ သူမ၏ဖခင်ဖြစ်သူ ကျန်းလုံမှာ ဓားပြကြီးငါးယောက်အနက် တစ်ယောက် အပါအဝင် ဖြစ်ရမည်ဟု မျှော်လင့်ထားပြီး ဖြစ်သည်။

သို့သော်လည်း အမှန်တကယ်ဖြစ်နေသည်ကို ကြားသိလိုက်ရသောအခါ စိတ်မထိန်းနိုင်ဘဲ တုန်လှုပ်ချောက်ချားသွားလေသည်။

ဝမ်းကြီးမှာ စကားမပြောတော့ပါ။ ကျန်းချစ်ချစ်ကိုသာ စိုက်ကြည့်နေသည်။ ကျန်းချစ်ချစ်မှာ မလုံမလဲဖြစ်လာသောကြောင့် ...

"ကျွန်မအဖေဟာ ရှင့်အဖေ ဒုက္ခရောက်အောင် လုပ်တာ သိလျက်နဲ့ ဘာ့ကြောင့် ကျွန်မကို ကယ်တင်ရတာလဲ"

ဝမ်းကြီးက ပြုံးလိုက်ပြီး ...

"အဖေမှာ အပြစ်ရှိတာ သမီးနဲ့ မဆိုင်ပါဘူး၊ ခင်ဗျားဟာ



နူးညံ့သိမ်မွေ့ပြီး အဒေါ်ကိုပြုစုနေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကျုပ်သိတယ်"

ကျန်းချစ်ချစ်မှာ အံ့ဩသွားလေသည်။

"ရှင် ကျွန်မအကြောင်း စုံစမ်းထားတယ် ဆိုပါတော့"

"ကျုပ်က လူတော်တော်များများရဲ့အကြောင်းကို စုံစမ်းထားတာပါ၊ ဥပမာ–ကောင်းမော်ဟာ ကျားရိုင်းဆိုတဲ့ ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်တယ်ဆိုတာလဲ ကျုပ်သိတယ်"

"ရှင် ... ရှင် ... အဖြစ်အပျက်အားလုံးကို သိထားလျက်နဲ့ ဘာဖြစ်လို့ လုဝမ်းထင်းနဲ့ တင်းစန်းတို့ကို လွှတ်ပေးထားတာလဲ"

"ကျုပ်ကြားရသလောက်ဆိုရင် ကျောက်စိမ်းရတနာဆိုင်ကို ဓားပြတိုက်တဲ့အခါ သူတို့ဟာ ပင့်ကူရဲ့အကူအညီကို ယူခဲ့ကြရတယ်၊ ပင့်ကူဟာ တစ်ကိုယ်တော်ဓားပြဖြစ်ပေမယ့် သူတို့နဲ့ ပူးပေါင်းခဲ့တာ အံ့ဩစရာပဲ"

ပြောရင်း ကျန်းချစ်ချစ်အား အကဲခတ်ကြည့်လိုက်သည်။

ကျန်းချစ်ချစ်က စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောလေသည်။

"နောက်ပိုင်း စုံစမ်းကြည့်တဲ့အခါ လုဝမ်းထင်းတို့ဟာ မိန်းကလေးတစ်ယောက်နဲ့မျှားပြီး ပင့်ကူကို သွေးဆောင်ခဲ့တာပဲ၊ ဒါပေမယ့် ရတနာတွေရပြီးတဲ့အခါ ပင့်ကူကို သတ်ပစ်ဖို့ ကြံပင်ထားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းချစ်ချစ်မှာ မျက်နှာပျက်သွားလေသည်။

"တော်တော် ကြောက်စရာကောင်းတဲ့ အကြံပါလား"

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့ရဲ့အကြံကို ပင့်ကူက ရိပ်မိသွားတယ်၊ ဒါကြောင့် ရသမျှ ရတနာတွေကို အပိုင်စီးပြီး ထွက်ပြေးသွားတယ်လို့ သိရတယ်"

"ဒီလိုဆိုရင် ပြဿနာက ရှင်းနေပြီပဲ၊ လုဝမ်းထင်းတို့ကသာ ပင့်ကူကို လိုက်ရှာရမယ် မဟုတ်လား၊ အခု ပင့်ကူက ဘာ့ကြောင့် သူတို့ကို ခြိမ်းခြောက်နေရတာလဲ"

"ကျုပ်လဲ ဒါကို စဉ်းစားလို့မရဘူး၊ ကွင်းဆက်တစ်ခုခုတော့ လိုနေလိမ့်မယ်၊ ဒါကြောင့် လုဝမ်းထင်းတို့ကို မဖမ်းသေးဘဲ ကြိုး ရှည်ရှည်နဲ့ လှန်ထားလိုက်တာ"

ကျွန်းချစ်ချစ်က သက်ပြင်းတစ်ချက် ချကာ ...

"ဒီကိစ္စတွေ မရှင်းသေးဘဲ ပင့်ကူရဲ့လက်ချက်နဲ့ ကျွန်မ သေ ရမှာ စိတ်မကောင်းစရာပဲ"

ဝမ်းကြီးမှာ အလန့်တကြား ထခုန်လိုက်ပြီး ...

"ခင်ဗျား သေရမယ်လို့ ဘယ်သူက ပြောသလဲ"

ကျွန်းချစ်ချစ်က ပါးစပ်ပိတ်ထားလိုက်လေသည်။ ဝမ်းကြီးက ရင်ကော့လိုက်ပြီး ...

"ဒီနေရာဟာ လုံခြုံစိတ်ချရတဲ့နေရာဗျ၊ ခင်ဗျားကို ပင့်ကူ ရှာတွေ့နိုင်မှာ မဟုတ်ဘူး၊ ကျုပ်ပြောတာ ခင်ဗျား ယုံရဲ့လား"



ကျွန်းချစ်ချစ်မှာ စိတ်ထဲ၌ မယုံမရဲဖြစ်နေသော်လည်း ဝမ်းကြီး ချမ်းသာစေရန် ခေါင်းညိတ်ပြလိုက်လေသည်။

"ယုံပါတယ်ရှင်"

▲ ▲ ▲

(၁၂)

ဟုန်ဝေယင်းက စိတ်ချယုံကြည်ထားသည်။

ခွေးပိန်နောက်သို့ ထက်ကြပ်မကွာလိုက်သွားလျှင် ကျွန်းချစ် ချစ်အား ကျိန်းသေတွေ့ရမည်ဟု ယုံကြည်ထားလေသည်။

သို့သော် ခွေးပိန်မှာ နတ်သုံးပါးရှိရာ တောင်ကုန်းပေါ်သို့ တက်သွားသည်။

ထိုအချင်းအရာကို မြင်လိုက်ရသောအခါ ကောင်းမော်မှာမူ ... သွားလေသည်။

သူသည် ဟုန်ဝေယင်းအား လှမ်းကြည့်လိုက်ပြီး ...

"ဘယ်လိုလဲကွ၊ မင်းခွေးက ဟုတ်မှ ဟုတ်ရဲ့လား"

ဟုန်ဝေယင်းက ပြုံးလိုက်ပြီး သူခေါ်လာသောခွေးကို စိတ်ချ ယုံကြည်ထားသူ ဖြစ်သည်။

"ဘာလဲ၊ မင်းက အခုထိ မယုံသေးဘူးလား"

"မယုံဘူး၊ ခွေးပေါင်ဒါမှုန့်ကို နတ်သုံးပါးဘုံကျောင်းထဲမှာ

www.burmeseclassic.com



ချိတ်ပေးလိုက်တာ မဟုတ်လား၊ ဒါကြောင့် အနံ့ခံပြီး ထွက်လာ
နေရာကို ပြန်လာတာပဲ ဖြစ်မယ်"

ယခုတစ်ကြိမ် ဟုန်ဝေယင်းမှာ စဉ်းစားရကြပ်သွားလေသ

အကြောင်းမှာ ကျန်းချစ်ချစ်က လှေကားအတိုင်း ပြေး
ခဲ့ခြင်းဖြစ်ပြီး ခွေးပိန်မှာမူ နံဘေး တောအုပ်ကလေးမှ အပေါ်
တက်သွားခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် လမ်းကြောင်းလွဲနေသည်ကို တွေးမိလိုက်သဖြင့်

"ခွေးပိန်ဟာ လမ်းမမှားနိုင်ဘူး၊ ကျန်းချစ်ချစ် ပြေး
သွားတဲ့ လှေကားအတိုင်း အပေါ်ကို ပြန်မတက်ဘဲ အခြားနေရာ
တက်လို့ လမ်းကြောင်းလွဲနေပြီ၊ ဒါကြောင့် ကျန်းချစ်ချစ်ဟာ ဒီ
ပြန်လာတာပဲ ဖြစ်ရမယ်"

ကောင်းမော်မှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဟုန်ဝေယင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဝမ်းကြီးဟာ ဒီနေရာတွေ့ဖို့ ချိန်းတာထောက်ရင် ဒီ
အနား ပတ်ဝန်းကျင်မှာ သူနေတဲ့ လျှို့ဝှက်နေရာ ရှိနိုင်တယ်"

ကောင်းမော်က အရပ်လေးမျက်နှာသို့ စေ့ကြည့်လိုက်သ
နတ်သုံးပါးဘုံကျောင်းပျက်မှလွဲ၍ လူသူနှိအောင်းနေထိုင်သည့် နေ
မတွေ့ရပါချေ။ ထို့ကြောင့် မျက်မှောင်ကုပ်၍ ...

"ဝမ်းကြီးဟာ ဘုံကျောင်းပျက်ထဲမှာနေတယ်လို့ မင်း
သလား"



ဟုန်ဝေယင်း ခေါင်းခါယမ်းလိုက်သည်။

"ငါ ဒီနေရာရောက်ကတည်းက နံ့နံ့စပ်စပ် ရှာကြည့်ပြီးပြီ၊
လူနေတဲ့ လက္ခဏာ မတွေ့ရဘူး"

"ဒါဖြင့် ဝမ်းကြီးက ဘယ်နေရာသွားပြီး နေမှာလဲ"

ထိုစဉ်မှာပင် ခွေးဟောင်သံထွက်ပေါ်လာသည်ကို ကြားလိုက်
ရသည်။

ဟုန်ဝေယင်း၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဝမ်းကြီးနေတဲ့ နေရာကို တွေ့ပြီထင်တယ်"

▲ ▲ ▲

(၁၃)

ကျန်းချစ်ချစ်၏စကားကြောင့် ဝမ်းကြီးမှာ သဘောကျသွား
သည်။ ဤနေရာတွင် လုံခြုံမှုရှိသည်ကို သူမ သဘောပေါက်သွား
ပြီဟုလည်း ယူဆထားသည်။

ထို့ကြောင့် သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဟုန်ဝေယင်းလို စဉ်းစားတွေးခေါ်ရမှာ ပျင်းတဲ့လူဆိုရင်
တိုပြီး တွေ့ဖို့မလွယ်ဘူး၊ ဒါပေမယ့် ဒီနေရာရဲ့ လုံခြုံမှုဟာ ဒီတိုင်း
အတာ ရှိလိမ့်မယ်"

ကျန်းချစ်ချစ်မှာ မျက်မှောင်ကုပ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အချိန်အတိုင်းအတာ ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မ ဒီနေရာမှာ ဘယ်လောက်ကြာကြာ အောင်းနေရမှာလဲ"

"အမိကကျတဲ့ ပင့်ကူကို မမိမချင်း နေရမှာပေါ့"

ကျွန်းချစ်ချစ်မှာ စိတ်ဓာတ်ကျသွားလေသည်။

"ဒါဖြင့်"

ဝမ်းကြီးက ပြုံးလိုက်ပြီး ...

"စိတ်မပူပါနဲ့ဗျာ၊ အချိန်ကျလို့ ပင့်ကူဟာ ခင်ဗျားကို ရှာလို့မတွေ့ရင် သူ့ရဲ့လှုပ်ရှားမှုတွေဟာ အလွဲလွဲ အချော်ချော် ဖြစ်သွားမှာပဲ၊ ဒီအခါကျမှ သူ့ရဲ့ဟာကွက်ကို အမိဖမ်းရမှာပဲ"

ထိုစဉ်မှာပင် တဝုန်းဝုန်း အသံများ မသဲမကွဲ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျွန်းချစ်ချစ်မှာ အံ့ဩသွားကာ ...

"ဘာအသံတွေလဲ"

ဝမ်းကြီးမှာ စကားမပြောနိုင်လောက်အောင် ဖြစ်သွားတော့သည်။

အသက်ပင်မရှူဝံ့ဘဲ အသံများကို နားစိုက်ထောင်နေသည်။ တစ်ဆက်တည်းမှာပင် ခွေးဟောင်သံများ ထွက်ပေါ်လာသည်



ကြားလိုက်ရလေသည်။ ဝမ်းကြီးက သက်ပြင်းတစ်ချက် ချလိုက်...

"ကျုပ်ပြောတဲ့ စကားတချို့ ပြန်ပြီးရုပ်သိမ်းရမလို ဖြစ်နေယ်"

"ဘာဖြစ်လို့လဲ"

"ဒီနေရာဟာ လုံခြုံစိတ်ချရတဲ့ နေရာတစ်ခု မဖြစ်နိုင်ဘူး၊ ယဲ တစ်ခါတလေတော့ ဦးနှောက်ကို အသုံးပြုတတ်ပါသေးတယ်"

ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်လေသည်။ တစ်ဖန်ာက်မှ နံရံဆီသို့ လျှောက်သွားကာ လျှို့ဝှက်ခလုတ်တစ်ခုအားလိုက်သည်။

"ဝုန်း"ခနဲ မြည်သံနှင့်အတူ နံရံပေါ်တွင် လျှို့ဝှက်ထွက်ပေါက်စ်ခု ထွက်ပေါ်လာသည်။

ကျွန်းချစ်ချစ်မှာ အံ့ဩသွားကာ ...

"ရှင် ဘယ်သွားမလို့လဲ"

ဝမ်းကြီးက အဖြေမပေးဘဲ လျှို့ဝှက်တံခါးပေါက်အတွင်းသို့မ်းဝင်လိုက်သည်။ ထိုစဉ် အသံတစ်ခုထွက်ပေါ်လာသည်ကို ကြားကိုက်ရလေသည်။

"နားထောင်စမ်း၊ မိန်းကလေးတစ်ယောက်ရဲ့အသံ မဟုတ်လား၊ ကျွန်းချစ်ချစ်ရဲ့အသံနဲ့ မတူဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးက ရယ်မောလိုက်ပြီး ...

"ခင်ဗျား ကြားတယ် မဟုတ်လား ကျန်းချစ်ချစ်ရဲ့၊ ဟုန်[...] ယင်းနဲ့ ကောင်းမော်တို့ဟာ ခင်ဗျားကို စောင့်ရှောက်ကြပါလိမ့်[...] ကျုပ် စိတ်ပူစရာ မလိုတော့ပါဘူး"

ပြောပြီးသည်နှင့် လှိုဏ်ဂူတံခါးအတွင်းသို့ ပြေးဝင်သွား[...] သည်။ လှိုဏ်ဂူတံခါးမှာ ချက်ချင်းပင် ပြန်လည်ပိတ်သွားပြီး ပ[...] ကျောက်သားကဲ့သို့ ရှိနေသည်။

ကျန်းချစ်ချစ်မှာ ကြောင်အမ်းအမ်းဖြင့် မည်သို့လုပ်ရမှန်း[...] ဖြစ်နေသည်။

ထိုစဉ်မှာပင် ယာဘက်မှ လှိုဏ်ဂူတံခါးတစ်ချပ် ဝုန်း[...] ပွင့်သွားပြီး လူနှစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရ[...] ထိုသူနှစ်ယောက်မှာ ဟုန်ဝေယင်းနှင့် ကောင်းမော်တို့ပင် ဖြစ်[...] သည်။

▲ ▲ ▲

(၁၄)

သူတို့အား တွေ့မြင်လိုက်ရသည်နှင့် ကျန်းချစ်ချစ်မှာ ဝမ်း[...] သွားသည်။

ချက်ချင်းပင် ထိုင်ရာမှ ခုန်ထလိုက်ပြီး လက်နှစ်ဖက် ဆ[...] တန်းကာ ပြေးလွှားသွားသည်။



ဟုန်ဝေယင်းမှာ သဘောကျသွားလေသည်။

သူ့ထံသို့ ပြေးလာသည်အမှတ်ဖြင့် ဆီးကြိုပွေ့ဖက်ရန် ဟန် [...]င်လိုက်သည်။

သို့သော် ကျန်းချစ်ချစ်မှာ သူ့အား ဖြတ်ကျော်သွားပြီး [...]ာင်းမော် ရင်ခွင်ထဲသို့ တိုးဝင်သွားလေသည်။

ကောင်းမော်က အလိုက်သင့် ပွေ့ဖက်ထားလိုက်ပြီး နူးညံ့ [...]သာအသံဖြင့် ...

"ညီမ ဘာမှ မဖြစ်ဘူးနော်"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးရှင်"

သူမ၏ပုံဟန်မှာ အလွန်ပင် သနားစရာကောင်းနေသည်။ [...]သော် ဟုန်ဝေယင်းမှာ နှာခေါင်းရှုံ့လိုက်ပြီး မျက်နှာလွှဲထားလိုက် [...]သည်။ ကောင်းမော်က ကျန်းချစ်ချစ်၏ ဆံကေသာများကို [...]သာအယာ ပွတ်သပ်ရင်း ...

"အခုမှတော့ ဘာကိုမှ ကြောက်မနေပါနဲ့ကွယ်၊ အစ်ကို [...]စ်ယောက်လုံး ရှိနေပြီ မဟုတ်လား"

ဟုန်ဝေယင်းမှာ မကျေမနပ်ဖြင့် ခွေးပိန်အား ပိတ်ကန်လိုက် [...] ခွေးပိန်မှာ "ဂိန်"ခနဲ အော်၍ အပြေးကုတ်သွားလေသည်။

ဟုန်ဝေယင်းက ကောင်းမော်အားကြည့်ရင်း ခွေးပိန်အား ပြော [...]လိုနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ချွေးဝဲစားက အငြိမ်ကိုမနေဘူး အမြီးတနံ့နံ့နဲ့

ကောင်းမော်နှင့် ကျန်းချစ်ချစ်မှာ သူ့အား ဂရုတောင်မစိုက်

ချေ။ ကျန်းချစ်ချစ်က ကောင်းမော်အား မော့ကြည့်လိုက်ပြီး ...

"ရှင်တို့ ဘယ်လိုလုပ်ပြီး ကျွန်မကို တွေ့အောင်ရှာနိုင်တာလဲ"

"ဟိုချွေးက လမ်းပြခေါ်လာလို့ပါ"

ပြောရင်း လက်ညှိုးညွှန်ပြလိုက်လေသည်။

သို့သော် သူ၏လက်ညှိုးမှာ ချွေးထံသို့မဟုတ်ဘဲ ဟုန်ဝေယင်း

ထံသို့ ညွှန်မိလျက်သား ဖြစ်သွားလေသည်။ ဟုန်ဝေယင်းက ကမ္ဘာ

ကယာ ကောင်းမော်၏လက်ကို ချွေးဘက်သို့ တွန်းမို့လိုက်ပြီး ...

"ဟိုချွေးကို ပြောတာပါ"

ကျန်းချစ်ချစ်မှာ သဘောကျသွားသည့်အလား တခစ်ခစ် ရယ်

မောလိုက်လေသည်။

ကောင်းမော်က အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်ပြီး ...

"ဒါထက် ညီမကိုဖမ်းလာတာ ဝမ်းကြွ မဟုတ်လား"

"ဟုတ်တယ်"

"သူ အခု ဘယ်မှာလဲ"

"လျှို့ဝှက်တံခါးပေါက်ကနေ ထွက်ပြေးသွားပြီရှင့်"

ဟုန်ဝေယင်းက သဘောကျစွာပြုံးကာ ...

"ကျေနပ် ဒီနေရာဟာ သူ့ရဲ့လျှို့ဝှက်စခန်းထင်တယ်"



ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လုံခြုံစိတ်ချရတဲ့ လျှို့ဝှက်စခန်းလို့ သူပြော

တယ်"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။

ချက်ချင်းပင် ထူးဆန်းသော အသံဖြင့် အော်ဟစ်လိုက်ပြီး

အခန်းတွင်းရှိ ပစ္စည်းများကို လျင်မြန်စွာ မွှေနှောက်ရှာဖွေလိုက်လေ

သည်။

ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့မှာ အံ့ဩသွားကြသည်။

ဟုန်ဝေယင်းက မည်သည့်ပစ္စည်းအား လိုက်လံရှာဖွေသနည်း။ ဟုန်

ဝေယင်းသည် ဝမ်းကြွ ရရှိခဲ့သော လုဆိုးများထံမှ ရတနာပစ္စည်း

များကို ရှာဖွေနေခြင်းဖြစ်ကြောင်း သိခဲ့ပါမူ ...

▲ ▲ ▲

## (၁၅)

ရွှေရောင်စံအိမ် ...

ရွှေရောင်စံအိမ်အတွင်း မြင်ကွင်းမှာ အရုပ်ဆိုး အကျည်းတန်

လှပေသည်။

ကြီးကျယ်ခမ်းနားသော စံအိမ်ဖြစ်သော်လည်း ရှုတစ်ခု၏

ပျက်ဆီးခြင်းကို ခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်စံအိမ်ပိုင်ရှင် တင်းစန်းမှာ ခရီးထွက်သွားသည်။

ထို့ကြောင့် ကျူးကျော်ဝင်ရောက်လာသူများအား ကောင်းစွာခုခံနိုင်ခြင်း မရှိပါချေ။

ယနေ့နံနက်စောစော မျက်နှာဖုံးစွပ်ထားသည့် လူတစ်စုသည် ရွှေရောင်စံအိမ်သို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာသည်။

ရွှေရောင်စံအိမ်သခင် မရှိခိုက် ထိန်းသိမ်းစောင့်ရှောက်ရန် တင်းပေါက်က တာဝန်ယူထားလေသည်။

သို့သော် တိုက်ပွဲဖြစ်ပွားပြီး တစ်ခဏအကြာတွင် တင်းပေါက်မှာ ကျဆုံးသွားလေသည်။

ရွှေရောင်စံအိမ်တွင် အစောင့်အကြပ်နှင့် အိမ်သူအိမ်သား အများအပြား မရှိပါ။

ခပ်အေးအေး နေထိုင်တတ်သော တင်းစန်း၏အကျင့်ကြောင့် အခြွေအရံ နည်းပါးနေခြင်း ဖြစ်လေသည်။

နည်းပါးသော အစောင့်အကြပ်နှင့် အခြွေအရံတို့မှာ ထွက်ပေါက်မရှိ ဗိုတ်ဆို့တိုက်ခိုက်လာသော မျက်နှာဖုံးစွပ်ထားသည့် လူတစ်စု၏လက်ချက်ဖြင့် သေဆုံးသွားလေသည်။

မျက်နှာဖုံးစွပ်ထားသူများမှာ အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် ရွှေရောင်စံအိမ်တစ်ခုလုံးကို အပိုင်စီးမိသွားကြသည်။ စံအိမ်တစ်ခုလုံးအပိုင်စီးမိသည်နှင့်တစ်ပြိုင်နက် နေရာလပ်မကျန် မွှေနှောက်ရှာဖွေကြကာ အဖိုးတန်ပစ္စည်းများ လုယက်ယူကြသည်။



ထို့ကြောင့် ရွှေရောင်စံအိမ်တစ်ခုလုံးမှာ လုံးဝ ပျက်စီးသွားသည်။

သို့သော် ရွှေရောင်စံအိမ်မှ မျက်နှာဖုံးစွပ်ထားသောသူများပြန်လည်ထွက်ခွာသွားသောအခါ သူတို့၏ပုံပုံမှာ စိတ်ပျက်သွားပုံပြဟန်ရှိလေသည်။

အဘယ့်ကြောင့် စိတ်ပျက်သွားရပါသနည်း။

နေရာလပ်မကျန် မွှေနှောက်ရှာဖွေသော်လည်း သူတို့ အလိုရှိသည့်ပစ္စည်း မရှိသောကြောင့်ပင် ဖြစ်လေသည်။

▲ ▲ ▲

## (၁၆)

အနီရောင်မျက်နှာဖုံးစွပ်ထားသူနှစ်ယောက်သည် အခန်းတွင်းသို့ ပြန်ဝင်လာကြသည်။

သို့တိုင် တင်းစန်းမှာ သတိမရသေးချေ။

သူ၏အဝတ်အစားများမှာ စုတ်ပြဲနေပြီး ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ အထပ်ထပ် ရှိနေသည်။

ကြာပွတ်ဖြင့်ရိုက်ကာ နှိပ်စက်ထားဟန်ရှိလေသည်။

အနီရောင်မျက်နှာဖုံးစွပ်ထားသူနှစ်ယောက်မှာ တင်းစန်း၏ ရွှေရောင်စံအိမ်အား စီးနင်းတိုက်ခိုက်ခဲ့ကြသူများဖြစ်သည်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ ဘယ်လက် အားသန်သဖြင့် "ဘယ်သန်"ဟု
ကျန်တစ်ယောက်မှာ ညာဘက်လက် သန်သဖြင့် "ညာသန်"ဟု
သည်။ တင်းစန်း သတိလစ်နေသေးသည်ကိုတွေ့သဖြင့် ဘယ်
က...

"ဟော... သူ့ကို သတိရအောင် လုပ်လိုက်ကြစမ်း"

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် သံဘီးကြီးတစ်
လူသန်ကြီးနှစ်ယောက်က လှည့်လိုက်ကြလေသည်။

ထိုအခါ တင်းစန်းအား ချည်နှောင်ထားသည့် သစ်သား
မှာ လည်ပတ်လာသည်။ သစ်သားဘီး၏လည်ပတ်မှု
တင်းစန်း မှာ ရေကန်ထဲသို့ နစ်မြုပ်သွားလေသည်။

ရေကန်ထဲမှ ပြန်လည်ထွက်ပေါ်လာသောအခါ ရေမွှမ်း
ပြီး သတိရလာလေသည်။ ဘယ်သန်က သဘောကျစွာ ပြုံးလိ
ပြီး...

"ခင်ဗျား အခုထိ ခေါင်းမာနေတုန်းပဲလား"

တင်းစန်းမှာ တစ်ကိုယ်လုံး အရိုးများကွဲအက်မတတ် နာ
ကိုက်ခဲနေသည်ကို ခံစားလိုက်ရလေသည်။

သို့သော် အံကိုတင်းတင်းကြိတ်လိုက်ပြီး ပါးစပ်မှာ ပိတ်
လိုက်လေသည်။ ဘယ်သန်က နှာခေါင်းရှုံ့လိုက်လေသည်။

"ခင်ဗျား ဆက်ပြီးခေါင်းမာနေရင် ခင်ဗျားလူတွေ ဒုက္ခ
သွားလိမ့်မယ်"



တင်းစန်း၏နှုတ်မှ စကားသံ ထွက်ပေါ်လာသည်။

"ဘာ... ငါ့လူတွေ ဒုက္ခရောက်မယ် ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားအိမ်ကလူတွေ အားလုံး ကျုပ်တို့ ဖမ်း
အားတယ်၊ ခင်ဗျားသာ ရတနာမြေပုံ ထုတ်မပေးရင် အားလုံးကို
သတ်ပစ်မယ်"

ဘယ်သန်က မဲ့ပြုံး ပြုံးကာ...

တင်းစန်းက ရယ်မောလိုက်လေသည်။

"ကျုပ်အိမ်ဟာ မြို့ထဲမှာရှိတာပဲ၊ မင်းတို့ မလှုပ်ရှားဝံ့ပါဘူး"

ဘယ်သန်က မဲ့ပြုံး ပြုံးလိုက်လေသည်။

"ကျုပ်တို့ မလုပ်ရဲတဲ့အလုပ် ရှိလိမ့်မယ်လို့ ခင်ဗျား ထင်
သလား"

တင်းစန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဘယ်သန်က တဟားဟားရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ၊ ခင်ဗျားမပြောရင် အပြစ်မဲ့တဲ့လူတွေ သေသွား
ကြလိမ့်မယ်"

တင်းစန်းက သက်ပြင်းချကာ...

"ကျုပ်ထင်တာ မလွဲဘူးဆိုရင် ကျုပ်အိမ်က လူတွေကို ခင်ဗျား
တို့ ရှင်းပစ်လိုက်ပြီထင်တယ်"

ယခုတစ်ကြိမ် ပါးစပ်ပိတ်သွားရသူမှာ ဘယ်သန် ဖြစ်ပါသည်။
ညာသန်က အေးတိအေးစက်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလူတွေ သေသွားလို့ ဝမ်းမနည်းဘူးလား"

"ဘာဖြစ်လို့ ဝမ်းနည်းရမှာလဲ၊ ကိုယ့်အသက်ထက် အ
ဟာက မိုးပြီး အဖိုးတန်ရဦးမှာလဲ"

ညာသန်မှာ ဒေါသထွက်သွားကာ ...

"ခင်ဗျားကို မသတ်ဝံ့ဘူး ထင်နေသလား"

ပြောရင်း တင်းစန်းအနီးသို့ ချဉ်းကပ်လာလေသည်။

ထိုစဉ်မှာပင် ...

"ရပ်လိုက်စမ်း"

ကျယ်လောင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသ
ကို ကြားလိုက်ရလေသည်။ ညာသန်မှာ ချက်ချင်းပင် နောက်ဆု
သွားပြီး ...

"ခေါင်းဆောင်ကြီးကို လေးစားပါတယ်"

တင်းစန်းက အပေါ်သို့ မော့ကြည့်လိုက်သည်။

ကျောက်လှေကားအတိုင်း ရွှေရောင်ဝတ်ရုံ ခြုံထားသူ
ယောက် ဆင်းလာသည်ကို တွေ့ရလေသည်။ ထိုသူမှာ ခေါင်းဆေ
ဖြစ်ဟန်တူသည့် ရွှေရောင်မျက်နှာဖုံးစွပ်ထားသူ ဖြစ်သည်။

"ဘယ်လိုလဲ တင်းစန်း၊ မင်း ဆက်ပြီး ခေါင်းမာနေဦ
လား"

တင်းစန်းမှာ ဒေါသချောင်းချောင်းထွက်သွားလေသည်။



အနောင်အဖွဲ့မရှိလျှင် ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူအား တိုက်
ခိုမည် ဖြစ်လေသည်။ သို့သော် မရုန်းနိုင်အောင် ချည်နှောင်
ခြင်း ခံရသဖြင့် တင်းစန်းမှာ စိတ်ထဲမှ ခံပြင်းနေရသည်။

"မင်း သတ္တိရှိရင် ကျုပ်ကို လွှတ်ပေးလိုက်ပါလား"

ထိုလူက ရယ်မောလိုက်ပြီး ...

"မင်း ငါ့ကို သတ်ချင်တယ် ဟုတ်လား"

"ငါ ဘယ်သူလဲဆိုတာသာ မင်းသိရင် သတ်ဝံ့တော့မှာ
တ် ဘူး"

"မင်း ဘယ်သူလဲ"

ရွှေရောင်မျက်နှာဖုံးစွပ်ထားသူက မျက်နှာပေါ်မှ မျက်နှာဖုံး
 ခွာချလိုက်သည်။

ထိုအခါ မျက်နှာဖုံးစွပ်နှင့်လူ၏ ပင်ကိုရုပ်သွင် ပေါ်ထွက်
သလေသည်။ ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသည်နှင့်
န်းစန်းမှာ မျက်လုံးများ ပြူးကျယ်သွားလေသည်။

"မင်း ... မင်း"

သူ၏စကားသံမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။
သဖြစ်လွန်းသဖြင့် စိတ်လှုပ်ရှားလာပြီး ပြန်လည် သတိလစ်
သွားသောကြောင့်ပင် ဖြစ်လေသတည်း။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## ပင့်ကူ

### (၁)

ခရမ်းရောင် ပင့်ကူ ...။

လေသည် တဖြည်းဖြည်း တိုက်ခတ်လာ၏။

လေတိုက်ခတ်မှုကြောင့် သစ်ပင်တွင် တွယ်ငြိနေသော ပင့်ကူအိမ်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ထိုအခါ မနီးမဝေးရှိ မီးတိုင်တွင် ကျက်စားနေသည့် ပိုးဖလံတစ်ကောင်မှာ ပင့်တိုက်လိုက်သော လေနှင့်အတူ ပင့်ကူအိမ်သို့ ဝင်တိုးမိတော့၏။

ပိုးဖလံကောင်ကား ကြမ္မာဆိုးရှားပါသည်။

အတောင်ပံ အားကုန်ခတ်ရင်း ရုန်းကန်သော်လည်း လွတ်ယန်း မမြင်ပါချေ။ ငြိမ်သက်စွာရှိနေခဲ့သော ခရမ်းရောင် ပင့်ကူမှာ တဖြည်းဖြည်း လှုပ်ရှားလာ၏။ တောင်ချောက်အတွင်း မိနေသော ပိုးဖလံမှာ မကြာမီ ပင့်ကူ၏ ဝါးမျိုးစားသောက်ခြင်းကို ခံရပေတော့မည်။



အမှန်တော့ ပင့်ကူဆိုသည့် သတ္တဝါမျိုးမှာ အစားအစာကို ဖြည်းဖြည်းအတွင်း လှိုက်ကာ စားသောက်တတ်သည့် အကောင်း ဖြစ်သည်။ ထို့ကြောင့် ပင့်ကူ၏ အစာဖြစ်ရရှာသော ပိုးဖလံအဖို့ စားရရှာသည့် ဝေဒနာမှာ ...။

▲ ▲ ▲

### (၂)

ကျန်းချစ်ချစ်မှာ နတ်သုံးပါးဘုံကျောင်းမှ အပြန်တွင် လူတစ်ယောက်၏ ဖမ်းဆီးခြင်း ခံလိုက်ရ၏။

တင်းစန်းမှာလည်း ကွမ်းကြီးမြို့သို့ အသွားတွင် လူတစ်စု၏ ဖမ်းဆီးခြင်း ခံရလေသည်၊

သို့သော် ယခုအခါတွင် ဟုန်ဝေယင်းနှင့် ကောင်းမော်တို့၏ ကြိုးစားချက်အရ ကျန်းချစ်ချစ်မှာ ပြန်လည် လွတ်မြောက်လာခဲ့ပြီ ဖြစ်လေသည်။

တင်းစန်း တစ်ယောက်မှာမူ ...။

▲ ▲ ▲

### (၃)

နေဝန်းနီနီသည် အနောက်ဘက် ကောင်းကင်တွင် ဆီးတင် နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံးမှာ ပုစွန်ဆီရောင်သမ်းနေပြီး အကျည်းတန်သူများလှသော တိမ်တောက်သည့် ညနေဆည်းဆာအချိန် ဖြစ်ပါသည်။

ဟုန်ဝေယင်းက ချေးပိန်ကို ကြိုးဖြင့်ဆွဲရင်း ရှေ့မှလျှောက်သွားနေ၏။ ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့က တစ်ယောက်လက်တစ်ယောက်တွဲကာ နောက်မှလိုက်လာကြလေသည်။

သူတို့သည် ဝမ်းကြီး၏ လျှို့ဝှက်စခန်းမှ ကျန်းချစ်ချစ်အား ကယ်တင်လာပြီး ဖြစ်သည်။

ထို့အပြင် နိုက်တင်မြို့သို့ ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်သည်။

ဟုန်ဝေယင်းမှာ ချေးပိန်ကို ကြိုးဖြင့်ဆွဲကာ လျှောက်လာရင်း ခေါင်းညိတ်လိုက်၊ တစ်ဖန် ခေါင်းခါယမ်းလိုက်ရင်းဖြင့် တစ်ယောက်တည်း အမျိုးမျိုးတွေးတောကာ ဆုံးဖြတ်ချက်များ ချနေပုံရလေသည်။

နိုက်တင်မြို့ကလေးအတွင်းသို့ ဝင်ရောက်လာပြီး လမ်းအချိုးကလေးတစ်ခုသို့ ရောက်ရှိလာမှ ဟုန်ဝေယင်းက ရုတ်တရက် ခြေလှမ်း ရပ်တန့်လိုက်သည်၊

ထို့နောက် ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့ဘက်သို့ လှည့်ကာ ...

"ဒီကိစ္စကို ခင်ဗျားတို့ ထူးဆန်းတယ် မထင်ဘူးလား"



ဟု အဆက်အစပ်မရှိဘဲ ရုတ်တရက် လှမ်းမေးလိုက်လေသည်။

သူ၏အမေးကြောင့် ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ပြိုင်တူ ခြေလှမ်း ရပ်တန့်လိုက်ကြပြီး ဟုန်ဝေယင်းအား နား မလည်နိုင်စွာဖြင့် ကြည့်လိုက်မိကြသည်။ အတန်ကြာ မှင်တက်နေမိ ကြရာမှ ကောင်းမော်က ...

"ဘာတွေ ထူးဆန်းတာလဲ"

သို့သော် ဟုန်ဝေယင်းက ကောင်းမော်ကို မကြည့်ပါ၊ ကျန်းချစ်ချစ်ကိုသာ စိုက်ကြည့်လိုက်ပြီး ...

"ဝမ်းကြီး ... ခင်ဗျားနဲ့ အတူရှိနေတုန်းက အရက်သောက်တာ တွေ့လား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းပြလိုက်သည်။

"မတွေ့ပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒီလူဟာ အရက်လည်း မသောက်ဘူး၊ အပျော်အပါးလည်း ဝါသနာမပါဘူး၊ လောင်းကစားလည်း မလုပ်ဘူး၊ ဒါကြောင့် ထူးဆန်းတယ်လို့ ပြောတာပေါ့"

ကျန်းချစ်ချစ်က ပြုံးလိုက်သည်။

"အရက်မသောက်၊ လောင်းကစားနဲ့ အပျော်အပါး မလုပ်တာနဲ့ဘဲ ရိုးသားဖြောင့်မတ်ပြီလို့ ပြောလို့ရမှာလားရှင်၊ ဒါက ထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ မပြောနိုင်ပါဘူး၊ သူလိုလူမျိုးတွေ လောကမှာ တစ်ပုံတပင်ကြီး ရှိနေသေးတယ် မဟုတ်လား"

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်ပြီး . . .

"ကျုပ် ဒါကိုဆိုလိုတာ မဟုတ်ဘူး၊ ကျုပ် လူဆိုးဖမ်းတဲ့အခါ သူက ကျုပ်ရှေ့ရောက်အောင်သွားပြီး လူဆိုးတွေရဲ့ ရတနာပစ္စည်းတွေကို လုယူသွားတယ်၊ အခု နေရာအနှံ့ ရှာဖွေမယ့် ငွေနစ်ရာလောက်က လွဲပြီး အဖိုးတန်တာဘာမှမတွေ့ရဘူး"

"ဒါ ထူးဆန်းသလား၊ သူဖြုန်းလို့ကုန်မှာပေါ့"

"မဟုတ်သေးဘူးလေ၊ လူတစ်ယောက်ဟာ ငွေ ဒီလောက်များများ ဘယ်လိုလုပ် ကုန်မှာလဲ"

ကျန်းချစ်ချစ်မှာ နှုတ်ပိတ် တိတ်ဆိတ်သွားရှာလေတော့သည်။ ဟုန်ဝေယင်းက စကားဆက်လိုက်ပြန်၏။

"သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း အဝတ်အစား ယောင်းနွမ်းနေတယ်၊ သုံးမယ့် ဖြုန်းမယ့်ပုံလည်း မရဘူး"

"အင်း . . . ရှင်ပြောသလိုဆိုရင်တော့ တစ်ခု ထူးဆန်းနေပြီပေါ့"

ကျန်းချစ်ချစ်က ခပ်ပြုံးပြုံး မှတ်ချက်ချလိုက်၏။ ကျန်းချစ်ချစ် လက်ခံသွားမှ ဟုန်ဝေယင်းမှာ သဘောကျသွားလေသည်။ သူ့မျက်နှာမှာလည်း ပြုံးတုံ့တုံ့ ဖြစ်သွားရလေသည်။

ကျန်းချစ်ချစ်နှင့် ဟုန်ဝေယင်းတို့ ရယ်ရယ်မောမော စကား



ပြောဆိုနေကြသည်ကို တွေ့ရသဖြင့် ကောင်းမော်မှာ မကျေမနပ်ဖြစ်သွားကာ . . .

"လာ . . . ညီမ သွားကြစို့"

ကျန်းချစ်ချစ်၏ လက်ကိုဆွဲကာ ထွက်ခွာသွားရန် ပြင်လိုက်သည်။ ဟုန်ဝေယင်းမှာ ခံပြင်းသွား၏။ သူ့မျက်နှာကလည်း တည်သွားသည်။

ထိုနောက်တွင်မူ အရှေ့ဘက်လမ်းကြောင်းကလေးသို့ မျက်နှာမူကာ ထိုးယောင်နေသော ခွေးပိန်ကို တစ်ချက်ကန်လိုက်ပြီး . . .

"ငါ . . . ကျန်းချစ်ချစ်နဲ့ စကားပြောနေတာ မင်းက ဘာဖြစ်လို့ ယောင်ရတာလဲ"

သူ၏စကားကြောင့် ကောင်းမော်၏ မျက်နှာမှာ နီရဲသွားလေသည်။ သူ့ကိုပြောသလိုနှင့် သူ့အား စောင်း၍ပြောလိုက်ခြင်း ဖြစ်သည်ကို နားလည်ထား၏။ ထို့ကြောင့် ကျန်းချစ်ချစ်၏ လက်ကို လွှတ်ပေးလိုက်ပြီး ဟုန်ဝေယင်းနှင့် မျက်နှာချင်း ဆိုင်လိုက်၏။

သူတို့နှစ်ယောက်၏ အခြေအနေ တင်းမာသွားသည်ကို တွေ့ရသဖြင့် ကျန်းချစ်ချစ်မှာ ရင်ထိတ်သွားမိလေသည်။

ထိုစဉ်မှာပင် ဟုန်ဝေယင်း၏ လက်တွင်းမှ ခွေးပိန်က ရုန်းထွက်လိုက်ပြီး တဝုတ်ဝုတ်ဟောင်ရင်း လမ်းကြားမကလေးထဲသို့ ပြေးဝင်သွား၏။ ခွေးပိန် ပြေးဝင်ပျောက်ကွယ်သွားပြီး မရှေးမနှောင်းမှာပင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုန်ဝေယင်း ... ဟုန်ဝေယင်း"

ခေါ်သံနှင့်အတူ လူတစ်ယောက် လမ်းကြားကလေးထဲမှ ပြေးလွှားလာသည်ကို တွေ့လိုက်ရလေတော့သည်။

▲ ▲ ▲

(၃)

ချေးပိန်မှာ ဟုန်ဝေယင်းအနီးသို့ ပြန်လည်ပြေးလွှားသွား၏။

သို့သော် သူ၏သခင်နှင့်အတူ ပြေးလွှားလာခြင်းဖြစ်လေသည်။

'အာကျယ်' မှာ ချေးပိန်ကို တွေ့ရသည်နှင့် ဟုန်ဝေယင်း ရောက်ရှိလာသည်ကို ရိပ်မိလိုက်ပြီး လမ်းကြားကလေးအတွင်းမှ ပြေးထွက်လာခြင်း ဖြစ်သည်။

ဟုန်ဝေယင်းမှာ အာကျယ်အား တွေ့လိုက်ရသည်နှင့် ဝမ်းသာသွား၏။ အမှန်စင်စစ် သူ့အနေနှင့် ယခုကဲ့သို့ အခြေအနေမျိုးတွင် ကောင်းမော်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုလိုပါချေ။

အာကျယ်မှာ ဟုန်ဝေယင်းအနီးသို့ ရောက်လာပြီး ...

"အတော်ပဲ၊ မင်းကိုသာ ငါရှာလို့မတွေ့ရင် လူလွှတ်ပြီး ရှာ ခိုင်းမလို့"

ဟုန်ဝေယင်းက မျက်မှောင်ကြုတ်သွားကာ ...

"ဘာဖြစ်လို့လဲ ..."



အာကျယ်က ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့အား ပြုံးပြလိုက်သည်။ တစ်ဖန် ဟုန်ဝေယင်းဘက်သို့ ပြန်လှည့်ကာ ...

"ကြီးမားတဲ့ ပြဿနာတစ်ခုအကြောင်း ပြောပြချင်လို့ပါ"

သူ၏ စကားအား ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာ စိတ်ဝင်စားသွားကြလေသည်။

သို့သော် ဟုန်ဝေယင်းကမူ လေသံပေါ့ပျက်ပျက်ဖြင့် ...

"ဘာလဲ ... မင်းရဲ့အရက်ဆိုင် ဖျက်ဆီးခံရလို့လား"

အာကျယ်က ခေါင်းကို ယမ်းခါပြလိုက်ရင်း ...

"မဟုတ်ပါဘူး"

"ဒါဖြင့် မင်းရဲ့ မိန်းမ ..."

သူ၏ စကားမဆုံးမီ အာကျယ်က လက်ကာပြလိုက်ပြီး ...

"ဒီကိစ္စဟာ ကျုပ်နဲ့လည်း မဆိုင်ဘူး၊ ကျုပ်မိန်းမနဲ့လည်း မဆိုင်ဘူး"

"ဒါဖြင့် ဘယ်သူနဲ့ဆိုင်သလဲ"

"တင်းစန်းနဲ့ ဆိုင်တယ်"

သူ၏စကားကြောင့် ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာ မျက်လုံးပြူးကျယ်သွား၏။ ကျန်းချစ်ချစ်မှာ သိလိုစိတ် ပြင်းပြသောကြောင့် ...

"တင်းစန်းဆိုတာ 'ရွှေရောင်စံအိမ်ပိုင်ရှင်' ကို ပြောတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"တင်းစန်းနဲ့ ဘယ်လိုဆိုင်လို့လဲ"

အာကျယ်မှာ ကြက်သီးထသွားဟန်ဖြင့် ပခုံးတွန့်ကာ ...

"ဆိုင်တာပေါ့ ..., ရွှေရောင်စံအိမ်ကလူတွေ တစ်ယောက်မကျ
အသတ်ခံလိုက်ရတယ်၊ တင်စန်းလည်း ပျောက်နေတယ်ဆိုတဲ့သတင်း
တွေဟာ တစ်မြို့လုံး ပျံ့နေပြီဗျ"

ထိုစကားကြားလိုက်ရသောအခါ ကောင်းမော်နှင့် ကျွန်းချစ်ချစ်
တို့မှာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားကြလေတော့သည်။

သို့ဖြင့် သူတို့သည် ရွှေရောင်စံအိမ်ရှိရာ အရပ်သို့ အမြန်ဆုံး
ခြေလှမ်းပြင်လိုက်ကြလေတော့၏။ မည်သူတစ်ဦးတစ်ယောက်မျှ ထင်
မြင်ချက်မပေးပါ။ အားလုံး နှုတ်ဆိတ်လျက် တတ်နိုင်သမျှ ခြေလှမ်း
များကို အမြန်ဆုံး လှမ်းနေကြ၏။

▲ ▲ ▲

(၅)

ခြံဝင်းတစ်ခုလုံး ပျက်စီးနေ၏။

နိုက်တင်မြို့တော်ဝန်၏ အာဏာသားများက အလောင်းများ
ကို သိမ်းဆည်းသွားကြပြီ ဖြစ်သည်။

သို့သော်လည်း တင်းစန်း၏ ရွှေရောင်စံအိမ်တစ်ခုလုံးကို ဖိတ်



တိုင်းကျ မွှေနှောက်ရှာဖွေသွားသည့် အရိပ်လက္ခဏာများ တွေ့ရလေ
သည်။

ယခုအခါတွင်မူ ဟုန်ဝေယင်း၊ ကျွန်းချစ်ချစ်နှင့် ကောင်းမော်
တို့မှာ ရွှေရောင်စံအိမ်သို့ ပြန်ရောက်လာကြပြီ ဖြစ်သည်။

အာကျယ်မှာမူ အရက်ဆိုင်သို့ ပြန်သွား၏။

ဟုန်ဝေယင်းက နိုက်တင်မြို့တွင်းမှ လုဝမ်းထင်းတို့၏
အကြောင်းကို စုံစမ်းနိုင်းခဲ့သဖြင့် သတင်းထူးကြားသိသည်နှင့် လိုက်
ရှာကာ ပြောပြခဲ့ခြင်းဖြစ်သည်။

အာဏာသားများ၏ ခွင့်ပြုချက်ကိုရယူပြီး အတွင်းသို့ လှမ်း
ဝင်လာကြသောအခါ အကျည်းတန်အရုပ်ဆိုးသည့် မြင်ကွင်းတစ်ခု
ကိုသာ တွေ့မြင်ကြရလေတော့သည်။

ဟုန်ဝေယင်းက မသိမသာ ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာကြောင့်များ အခုလို ရုပ်ပျက်ဆင်းပျက် လုပ်သွားရသလဲ
မသိဘူး"

အနားမှရှိနေသူများက သူ၏စကားနှင့် ပတ်သက်၍ မည်သည့်
ထင်မြင်ချက်မျှ ပြန်မပေးကြပါ။ ထိုအချိန်တွင် ကောင်းမော်မှာ
အာဏာသား တစ်ယောက်နှင့် စကားပြောနေ၏။ ပြီးမှ သူတို့အနီး
သို့ ပြန်လည်လျှောက်လာသည်။

အနီးသို့ရောက်ရှိလာသည်နှင့် ကျွန်းချစ်ချစ်အားကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတင်းစန်းရဲ့ အလောင်းကိုတော့ ရှာမတွေ့ဘူးလို့ ပြောတယ်"

ကောင်းမော်၏ စကားကြောင့် ကျန်းချစ်ချစ် အံ့သြသွားသည်။

"ဒါဖြင့် ဦးလေးတင်းစန်း ဘယ်ရောက်နေသလဲ"

"ဒါတော့ ကျုပ်မသိဘူး"

သူတို့နှစ်ယောက်၏ စကားကြောင့် ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သူက ခေါင်းတဆတ်ဆတ် ညိတ်ကာ ဉာဏ်ပညာကြီးမားသူတစ်ယောက်၏ ပုံသဏ္ဍာန်ဖြင့် ...

"တင်းစန်းကို ရှာလို့မတွေ့ဘူးဆိုရင် ဖြစ်နိုင်စရာ အကြောင်း နှစ်ချက်ပဲရှိတော့တယ်"

သူ၏စကားအား ကျန်းချစ်ချစ်နှင့် ကောင်းမော်တို့မှာ စိတ်ဝင်စားသွားကြတော့သည်။ ကျန်းချစ်ချစ်က ဟုန်ဝေယင်းအား အထင်ကြီးစွာ ကြည့်လိုက်ပြီး ...

"ဘယ်လိုအကြောင်းများ ရှိနေလို့လဲ"

ဟုန်ဝေယင်းက ပြုံး၍ ...

"ခင်ဗျား သိချင်လို့လား"

"ဟုတ်တယ်၊ ရှင် ပြောပြနိုင်မလား"

ဟုန်ဝေယင်းက ရင်ကော့လိုက်သည်။ သူ့အား ကျန်းချစ်ချစ်တို့က စိတ်မရှည်နိုင်စွာ စောင့်ကြည့်နေမိကြ၏။



ဟုန်ဝေယင်းမှာမူ အတန်ကြာ ဟန်လုပ်နေလိုက်သေးသည်။ နောက်ဆုံးမှ ဂုဏ်ယူဟန်ကြွားသော လေသံဖြင့် ...

"ဖြစ်နိုင်စရာ အချက်နှစ်ချက်ရှိတယ်၊ ပထမအချက်က လူဆိုးတွေဟာ တင်းစန်းကိုသတ်ပြီး အလောင်းပျောက်ဖျက်ပစ်ခဲ့တာပဲ ဖြစ်ရမယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ကျန်းချစ်ချစ်၏ ရင်ထဲ၌ လေးလံလာတော့သည်။

ကောင်းမော်မှာလည်း စိတ်ဝင်စားလာ၏။ ထို့ကြောင့် ကျန်းချစ်ချစ်၏ အမေးကိုပင် မစောင့်တော့ဘဲ ...

"ဒုတိယအချက်ကကော ..."

"ဒုတိယအချက်က တင်းစန်းကို လူဆိုးတွေ ဖမ်းသွားတာ ဖြစ်နိုင်တယ်"

သူ၏စကားကို ကောင်းမော်က သဘောမကျပါချေ။

အကြောင်းမှာ တင်းစန်းသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်၏။ ထို့ကြောင့် ရန်သူများအနေဖြင့် သူ့အား အလွယ်တကူ ဖမ်းသွားနိုင်လိမ့်မည် မဟုတ်ဟု ကောင်းမော်ကယူဆယုံကြည်နေမိ၏။

သို့သော် ကျန်းချစ်ချစ်ကမူ ဟုန်ဝေယင်း၏ စကားမှာ ဖြစ်နိုင်ကြောင်း ဆင်ခြင်သုံးသပ်မိလေသည်။ ထိုစဉ် ဟုန်ဝေယင်းက ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဟာ ပင့်ကူရဲ့ လက်ချက်များ ဖြစ်နေမလား"

ကျန်းချစ်ချစ်က မျက်နှာကို အနည်းငယ်မော့၍ စဉ်းစားနေလိုက်၏။ ပြီးမှ ခေါင်းခါယမ်းကာ ...

"ဖြစ်နိုင်မယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ပင့်ကူဟာ သူ့ရဲ့ ရန်သူကို သေမင်းတမန် ဖိတ်စာနဲ့ ရက်ချိန်းပေးလေ့ရှိတယ်၊ ရက်ချိန်းမတိုင်ခင် သူ လှုပ်ရှားမှာ မဟုတ်ဘူး"

"ခင်ဗျားက ပင့်ကူအပေါ် ယုံကြည်မှုရှိတယ်ဆိုပါတော့ ..."

"ဟုတ်တယ် ... ပင့်ကူဟာ ပြောသလိုလုပ်တတ်တဲ့ လူစားမျိုးလို့ ကျွန်မ ယုံတယ်"

သူမ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် အေးစက်သော လေသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသေးသည်။

"ကျုပ်ကတော့ ပင့်ကူကို မယုံဘူး"

စကားသံမှာ သူတို့၏ အနောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်၏။

ဟုန်ဝေယင်း၊ ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့က ပြိုင်တူ လှည့်ကြည့်လိုက်သောအခါ လုဝမ်းထင်းက ဝမ်းအော့နှင့်အတူ သူတို့ရှိရာသို့ လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။



အနီးသို့ ရောက်လာမှ သူတို့သုံးယောက်အား လုဝမ်းထင်းက အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ချကာ ...

"ပင့်ကူဟာ လူဆိုးတစ်ယောက်ပဲ၊ လူဆိုးဆိုတာ ယုံကြည်လို့ရတဲ့လူတွေ မဟုတ်ဘူး၊ ဒါကို မင်းတို့သဘောပေါက်ထားဖို့ကောင်းတယ်"

ကျန်းချစ်ချစ် မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် လုဝမ်းထင်းအား နားမလည်နိုင်စွာဖြင့် ကြည့်ရင်း စောဒကတက်လိုက်၏။

"ပင့်ကူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သေမင်းတမန် ကတ်ပြား ပေးပို့ပြီး လူသတ်လေ့ရှိတယ်မဟုတ်လား၊ လူတစ်ယောက်ကို သတ်မယ်လို့ပြောရင် သူပြောတဲ့အချိန်ရောက်မှ လုပ်ကြံတယ် မဟုတ်လား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။

"ငါ့တူမပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ..."

သူ၏စကားမဆုံးမီ ကျန်းချစ်ချစ်က ကြားဖြတ်ပြောလိုက်၏။

"ဒါဆို ရှင်းနေပြီ ... ပင့်ကူရဲ့ သေမင်းတမန် ကတ်ပြား ကျွန်မတို့ဆီကို ရောက်နေသလို ဦးလေးတင်းစန်းဆီကိုလည်း ရောက်ခဲ့တာပဲ၊ ဒါပေမယ့် ရက်ချိန်းတော့ မရသေးဘူး၊ ဒါကြောင့် ပင့်ကူရဲ့ လက်ချက် မဖြစ်နိုင်ဘူးလို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူမဆို စိတ်ထားပြောင်းသွားတတ်ကြတာချည်းပါ… ပင့်ကူဟာလည်း စိတ်ထား မပြောင်းဘူးလို့ တစ်ထစ်ချ ပြော… မရဘူး"

လုဝမ်းထင်း၏အဆိုမှာ လက်ခံနိုင်ဖွယ်ဖြစ်နေ၏။

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ခေါင်းတစ်ချ… ညိတ်ကာ

"ခင်ဗျားပြောတာလည်း ဖြစ်နိုင်ပါတယ်"

ပြောရင်း ကျန်းချစ်ချစ်ဘက်သို့ လှည့်၍…

"ခင်ဗျားကို ဖမ်းဆီးဖို့ အကြံမအောင်မြင်လို့ တင်းစန်း… ဖမ်းသွားတာ ဆိုရင်ကော"

ကျန်းချစ်ချစ်မှာ နှုတ်ဆိတ်သွားရပြန်လေသည်။ ဟုန်ဝေယ… က စကားဆက်လိုက်ပြန်၏။

သူသည် လုဝမ်းထင်းနှင့် မျက်နှာချင်းဆိုင်လိုက်ကာ…

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ပင့်ကူဟာ သူ့ရဲ့စည်းမျဉ်း… မစောင့်ထိန်းတော့ဘဲ ကြံသလို အခွင့်အရေး ရသလို ပြုလုပ်တော့…ပေါ့"

"ဟုတ်တယ်"

ဟုန်ဝေယင်းက မဲ့ပြုံးပြုံးလိုက်၏။ ထို့နောက် လုဝမ်းထ…



…ကောင်းမော့နှင့် ကျန်းချစ်ချစ်တို့အား တစ်ယောက်စီ သေချာစွာ …ကြဲခတ်ကြည့်လိုက်ပြီး…

"ဒီအတိုင်းသာဆို ခင်ဗျားတို့ သုံးယောက် ကြပ်ကြပ်သာ …တိထားကြပေတော့၊ ပင့်ကူကတော့ အခွင့်အရေးရသလို လှုပ်ရှား …ာတော့မယ်၊ ဒါ သေချာနေပြီ"

သူ၏ စကားကြောင့် ကျန်းချစ်ချစ်မှာ ထိတ်လန့်တုန်လှုပ် …ားလေသည်။ မျက်နှာမှာလည်း သွေးဆုတ်သွားသည့် အလား …ဖပ်ဖြူရော် ဖြစ်သွား၏။

ကျန်းချစ်ချစ် ကြောက်လန့်နေသည်ကို ရိပ်မိလိုက်သော …ကောင်းမော်က သူမ၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်အားပေး …လိုက်၏။

"ညီမလေး ဘာမှမကြောက်နဲ့၊ အစ်ကို တစ်ယောက်လုံး …တယ်"

လုဝမ်းထင်း၏ မျက်နှာမှာလည်း မည်းမှောင်သွား၏။ သူ့ …နေဖြင့် ဟုန်ဝေယင်းအား နိမိတ်ဆိုးဖတ်သူအဖြစ် ယူဆလိုက်မိ …လသည်။

ဟုန်ဝေယင်းအား မကျေမနပ်ဖြစ်သွားသော်လည်း စကား …တစ်လုံးမျှ မပြောဘဲ ဝမ်းအော့နှင့် အတူထွက်ခွာသွားလေသည်။

ဟုန်ဝေယင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အားလုံးဟာ အန္တရာယ်စက်ဝန်းထဲမှာ ရောက်နေကြပါလား"

သူ၏အသံမှာ အသက် ခြောက်ဆယ်ကျော် အဘိုးအို တစ်ယောက်၏ သံဝေဂရသည့် အသံပမာ ရှိနေလေသည်။

ကျွန်းချစ်ချစ်မှာ မကျေမနပ် ဖြစ်သွား၏။

ထို့နောက် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ကာ ဟုန်ဝေယင်းအား မျက်စောင်းတစ်ချက် ထိုး၏။

"ကျွန်မတို့ချည်းပဲ ဂရုမစိုက်နဲ့၊ ကိုယ့်အသက်နဲ့ကိုလည်း သတိ ထားပါဦး"

ပြောပြီးသည်နှင့် ကောင်းမော်နှင့်အတူ မြိုင်းအတွင်းမှ ထွက်ခွာသွားလေသည်။

သို့ရာတွင် ဟုန်ဝေယင်းမှာ သူ့အား တမင်ရွဲ့ကာ ပြောဆိုသွားသည်ဟု သဘောမပေါက်ပါချေ။ ကျွန်းချစ်ချစ်က သူ့အပေါ် ဂရုတစိုက်ရှိနေသည်ဟု ထင်မှတ်ပြီး မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေတော့၏။

▲ ▲ ▲

(၆)

နေဝင်ဆည်းဆာချိန် ...။



ခိုက်တင်မြို့ရှိ အိမ်တိုင်းလိုလိုပင် မီးထွန်းညှိထားကြပြီ ဖြစ်သည်။ နေ့လယ်ဈေးလေးမှာ ရုပ်သိမ်းသွားချေပြီ။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် မီးခွက်များ ထွန်းညှိရောင်းချနေသော ညဈေးတန်းကလေး ထွက်ပေါ်လာ၏။

ကောင်းမော်နှင့် ကျွန်းချစ်ချစ်တို့သည် ညဈေးလေးသို့ ဦးတည်ရာ လမ်းအတိုင်း လျှောက်လမ်းလာကြ၏။ ညဈေးကလေးရှေ့သို့ ရောက်ရှိလာသောအခါ ကောင်းမော်က ကျွန်းချစ်ချစ်အား ကြည့်ရင်း

"ညီမ ဗိုက်ဆာရင် တစ်ခုခုစားပါလား"

ကျွန်းချစ်ချစ်က ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်မ သိပ်မဆာဘူး၊ ဒါကြောင့် မစားတော့ဘူး"

ပြောရင်း ကောင်းမော်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းချကာ ...

"ရှင် ဘာကြောင့် ကျွန်မကို ဂရုစိုက်နေရတာလဲ"

ကောင်းမော်က ပြုံးလိုက်သည်။ ထို့နောက်တွင်မှ ကျွန်းချစ်ချစ်အား မျက်တောင်မခတ် စိုက်ကြည့်လိုက်ပြီး ...

"ဘာကြောင့် ဂရုစိုက်နေရသလဲဆိုတာ ညီမ နားလည်ပြီးသား ဖြစ်မှာပါ"

ကျွန်းချစ်ချစ် ခေါင်းငုံ့သွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပုံဟန်မှာ နူးညံ့ပျော့ပျောင်းနေလေသည်။

ကောင်းမော်၏ ဆိုလိုချက်ကို နားလည်သဘောပေါက်သွား ဟန်လည်း ရှိလေသည်။ အတန်ကြာမှ ခေါင်းမော့လိုက်ပြီး ...

"ကျွန်မအတွက် ရှင် သိပ်ပင်ပန်းနေပြီထင်တယ်"

ကောင်းမော်က ပြုံးလိုက်ပြန်သည်။ ခေါင်းတစ်ချက် ခါယမ်း ရင်း ...

"ပင်ပန်းတယ်လို့ မထင်ပါဘူး ညီမရယ်"

"တကယ်လို့ ကျွန်မ တစ်ခုခု ဖြစ်သွားရင်ကော ..."

ဆိုစကားကြောင့် ကောင်းမော်၏ မျက်နှာမှာလည်း တင်းမာ သွား၏။

"ဘာကြောင့် ဖြစ်ရမှာလဲ၊ ညီမ တစ်ခုခုဖြစ်သွားရင် ကျုပ် ကာ အသက်ရှင်နေနိုင်မယ် ထင်သလား"

ကျန်းချစ်ချစ်က ရွှန်းလက်သော မျက်လုံးအစုံဖြင့် ကောင်းမော် အား ကြည့်နေလိုက်မိသည်။ ထို့နောက်မှ ပို၍ သေချာသေးလိုသော လသံမျိုးဖြင့် ...

"ရှင် တကယ် ပြောတာလား"

"ဘာလဲ ... ကျုပ်ကို မယုံဘူးလား"

ကျန်းချစ်ချစ်က ကပျာကယာ လက်ကာပြလျက် ...

"ယုံ ... ယုံပါတယ် ရှင်"



မှန်ပါသည်။ ကောင်းမော်မှာ သူမအတွက် အသက်ပင် အသေ ခံကြောင်း သူမ နားလည်သဘောပေါက်ထားပါသည်။

ထို့အပြင် ကောင်းမော်၏ အမူအရာကို ကြည့်ရခြင်းဖြင့် တစ်စုံတစ်ခု ပြောလိုနေကြောင်း ရိပ်မိလိုက်သဖြင့် ...

"ရှင့်ကိုကြည့်ရတာ တစ်ခုခု ပြောချင်နေသလိုပဲ၊ ပြောစရာ ရှိရင် ပြောပါ၊ ဘာမှ အားမနာပါနဲ့ရှင်"

ကောင်းမော်က အနည်းငယ် စဉ်းစားသည်။ ထို့နောက် လေး နက်သော လေသံဖြင့် ...

"ပင့်ကူနဲ့ ကျုပ်တို့ မိဘတွေ ဘယ်လိုရန်ငြိုးရှိခဲ့သလဲဆိုတာ ညီမ သိသလား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းပြလိုက်မိ၏။

"မသိပါဘူး"

"ညီမ စုံစမ်းကြည့်သေးသလား"

ကျန်းချစ်ချစ်မှာ မျက်မှောင်ကြုတ်သွားကာ ...

"ရှင် ဘာဖြစ်လို့ ဒီလိုမေးတာလဲ၊ ဒီအကြောင်းနဲ့ ပတ်သက် ရှင် စုံစမ်းသိရှိထားတာ ရှိနေလို့လား"

ကောင်းမော်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ..."

ကောင်းမော် စကားကြောင့် ကျန်းချစ်ချစ်က စိတ်ဝင်စားစွာ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေသိထားသလဲ"

"ကျုပ် အိမ်ပြန်ရောက်တဲ့အခါ ကျုပ်အဖေရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာကို ဖြန့်ဖွင့်ပြီး သဲလွန်စ ရလိုရငြား ရှာဖွေကြည့်ခဲ့တယ်"

ကျန်းချစ်ချစ် မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပလာ၏။

"ဘာ့သဲလွန်စ ရှာလို့ တွေ့ခဲ့သလား"

ကောင်းမော်က ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်ပြီးမှ ...

"ရှာတွေ့တယ်လို့ ပြောရမှာပဲ၊ အမှန်တော့ ကျုပ်အဖေရဲ့ ပစ္စည်းတွေကို ထုတ်ကြည့်ဖို့ စိတ်မကူးမိပါဘူး၊ ဒါပေမယ့် မဖြစ်နိုင်လို့ ကြည့်ရတဲ့အခါမှာ မှတ်တမ်းစာအုပ်တစ်ခုကို တွေ့ခဲ့ရတယ်"

ကျန်းချစ်ချစ်က ဝိုင်းစက်ပြူးကျယ်သော မျက်လုံးလေးများဖြင့် ကောင်းမော်ကိုကြည့်ကာ ...

"မှတ်တမ်းစာအုပ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို မှတ်တမ်းမျိုးလဲ"

"ကိုယ်ရေးရာဇဝင် ရေးမှတ်ထားတဲ့ မှတ်တမ်းတစ်ခုပေါ့"

"ဒါဖြင့် ဒီထဲမှာ ပင့်ကူနဲ့ ရန်ငြိုးရှိခဲ့ကြတယ်ဆိုတာ ရေးမှတ်ထားတယ် ဆိုပါတော့ ..."



"ဟုတ်တယ်"

ကျန်းချစ်ချစ် ပို၍ စိတ်ဝင်စားလာမိလေတော့သည်။ အမှန်တော့ ယခုအချိန်သည် သူမအနေဖြင့် ဘုမသိဘမသိနှင့် မိဘများ၏ ရန်ငြိုးကြောင့် အချောင်သက်သက် အသက်ပေးဆပ်ရမည့် ဘေးနှင့်ကြုံဆုံနေရသည် မဟုတ်ပါလား။

အဓိကကျသော အကြောင်းရင်းကို သိလိုစိတ် ပြင်းပြနေခဲ့ချေသည်။ ထို့ကြောင့် ကောင်းမော်၏ စကား ကြားလိုက်ရသောအခါ ခမ်းသာသွားကာ ...

"ဘယ်လိုရေးမှတ်ထားသလဲ၊ ပင့်ကူနဲ့ ဘယ်လို ရန်ငြိုးရှိခဲ့ကြတယ်ဆိုတာ ပြောပြပါလားရှင်"

"အဲဒီကိစ္စထဲမှာ အဓိကကျတဲ့ လူတစ်ယောက် ပါနေတယ်၊ အဲဒီလူရဲ့ အမည်ဟာ 'ဟန်ချန်း' လို့ ခေါ်တယ်"

ကျန်းချစ်ချစ်မှာ ဟန်ချန်းဆိုသော အမည်ကို ကောင်းစွာ မှတ်သားထားလိုက်လေသည်။

ကောင်းမော်က စကားဆက်လိုက်၏။

"ဟန်ချန်းဟာ ..."

ရုတ်တရက် စကားဆုံးအောင်ပင် မပြောနိုင်ဘဲ နောက်သို့ လှည့်ကြည့်လိုက်သည်။

ထို့နောက် မလှမ်းမကမ်းရှိ လမ်းချိုးကလေးသို့ စိုက်ကြည့်ရင်း သူ၏နှုတ်မှ ခက်ထန်တင်းမာစွာ ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလိုပ်တာလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လမ်းချိုးကလေး အတွင်းမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထွက်လာသူကား တခြားမဟုတ်ပါ။ ဟုန်ဝေယင်းပင် ဖြစ်ပါသည်။

ဟုန်ဝေယင်းက ရှင်ကော့လိုက်ပြီး ...

"မင်းမဆိုးဘူး၊ ငါရောက်နေတာ တရေးအိပ်လို့တောင်ရတယ်၊ ဒါကို ခုမှ သိတယ်ဆိုတော့ မင်းတော်တယ်ပေါ့"

ဟုန်ဝေယင်းက ခပ်ငေါ့ငေါ့ ပြောလိုက်သောအခါ ကောင်းမော်မှာ ဒေါသထွက်သွားလေသည်။ သူသည် ဟုန်ဝေယင်းအား စိုက်ကြည့်လိုက်ပြီး ...

"သူများတွေ စကားပြောတာကို နိုးကြောင်နိုးဖက် ချောင်းနားထောင်တာ ယောကျ်ား ပီသတယ်လို့များ ထင်နေသလား"

သို့ရာတွင် ကောင်းမော်၏ ထိုးနက် တိုက်ခိုက်လိုက်သော စကားကြောင့် ဟုန်ဝေယင်းမှာ ခံပြင်းသွားခြင်းမရှိပါ။

ကောင်းမော်က ရှုတ်ချပြောဆိုလိုက်သော်လည်း အရေခွံထူသည့် လူတစ်ယောက်လို့အလား သဘောကျစွာ ပြုံးလိုက်ရင်း ...

"မင်းဟာ ငါ့ဆိုရင် အပြစ်တင်ဖို့ပဲ ကြည့်နေတာကိုး၊ ကျေးဇူးတရားကို နားမလည်ဘူး၊ ငါက ကျွန်းချစ်ချစ်ကို မသိမသာ လိုက်ပြီး စောင့်ရှောက်ပေးနေတယ်ဆိုတာ မင်းသိထားဖို့ ကောင်းတယ်"



ကောင်းမော်က မဲ့ပြုံး ပြုံးလိုက်သည်။ သူသည် ဟုန်ဝေယင်းအား အထင်သေးစွာကြည့်ကာ ...

"မင်းရဲ့ စောင့်ရှောက်မှုဟာ ကြောက်စရာကောင်းလှပါတယ်ကွာ၊ ငါ့ညီမကို စုကွမ်းအင်းလိုတော့ မစောင့်ရှောက်လိုက်ပါနဲ့"

ကောင်းမော်၏ လေသံမှာ နာကြည်းသံနှင့် လှောင်ပြောင်သံဝန်တိုသံ အပြည့်အဝ ပါဝင်နေ၏။

ဟုန်ဝေယင်း ဒေါသထွက်သွားလေသည်။ စုကွမ်းအင်း သေဆုံးသွားရခြင်းမှာ သူ့တာဝန်ဖြစ်သည်။ သူ့တွင် အပြစ်ရှိသည်ဟု စိတ်ထဲ၌ ခံစားနေရ၏။

သို့သော် လက်တွေ့တွင်မူ ဝန်မခံဘဲ အပြင်းအထန် ငြင်းဆိုလိုက်လေသည်။

"စုကွမ်းအင်း သေတာ ငါနဲ့ဘာဆိုင်သလဲ"

ကောင်းမော်က ပခုံးတွန့်လိုက်ပြီး ...

"ဒါဆိုရင်တော့ ငါကြားဖူးခဲ့တဲ့ စကားတစ်ခွန်း ပြန်ပြောရဦးမယ်၊ စုကွမ်းအင်းကို အသက်စွန့် စောင့်ရှောက်မယ်လို့ ဘယ်သူကများ ရင်ကော့ပြီး ကတိပေးခဲ့ပါလိမ့်"

ဟုန်ဝေယင်းမှာ မျက်နှာသာမက နားခေါင်းပါ နီရဲလာသေးသည်။ ထို့အပြင် တရှူးရှူး တရှားရှား ဖြစ်လာကာ ...

"မင်း ဘာကြောင့် အဘွားကြီးတစ်ယောက်လို ပွစိပွစိ လျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်ကတော့ ခပ်တည်တည်ပင် ...

"မင်းကိုယ်တိုင် စုကွမ်းအင်းကို စောင့်ရှောက်မယ်ဆိုပြီးမှ စုကွမ်းအင်း သေခဲ့ရတာ မင်း ပေါ့ဆလို့ မဟုတ်လား၊ ဒါကို ဝန် မခံတဲ့အတွက် အံ့ဩရတာပဲ"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါကတော့ ကံတရားပဲ၊ လူဆိုတာ သေဖို့အချိန်တန်လာရင် သေရမှာပဲ၊ ငါ ဘယ်လောက် စောင့်ရှောက်ပေးပေးမယ့် သေမင်းက ခေါ်သွားချင်တဲ့အခါမှာ ငါလည်း ဘာမှမတတ်နိုင်ဘူး"

ပြောရင်း ကောင်းမော်အား စိုက်ကြည့်ကာ ...

"မင်းကော သေမင်းကို အန်တုနိုင်လို့လား"

ကောင်းမော်မှာ မည်သို့ ပြန်ပြောရမှန်းမသိ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ သို့သော် ဟုန်ဝေယင်းအား မကျေမနပ်ဖြစ်နေ သည့်အတွက် ...

"ဘာပဲပြောပြော သူများပြောတဲ့ စကားကို နိုးနားထောင်တာ ကတော့ အရုပ်ဆိုးလွန်းတယ်၊ ယောကျ်ားမပီသတဲ့ သဘောပဲ"

ဟုန်ဝေယင်းမှာ စိတ်ဆိုးသွားခြင်း မရှိပါချေ။

ကောင်းမော်ကို ပြန်လည်စိုက်ကြည့်လိုက်ပြီး ...

"ငါ နိုးနားထောင်တာ မဟုတ်ဘူး၊ ခု မင်းတို့ရှေ့မှာ ဖြောင့် ရပ်နေတာ မတွေ့ဘူးလား၊ ကဲ ... ပြောစမ်း၊ 'ဟန်ချန်း' ဆိုတဲ့လူက ဘယ်သူလဲ"



ကောင်းမော်မှာ မျက်လုံးပြူးကျယ်သွားလေသည်။

ဟုန်ဝေယင်းအား မယုံနိုင်စွာဖြင့် ကြည့်လိုက်မိသည်။ သူ့နှုတ်မှ လည်း ထစ်ထစ်အအဖြင့် ...

"မင်း ... မင်း ..."

ဟုန်ဝေယင်းက ပြုံးလျက် သူသိလိုရာကိုသာ ထပ်ဆင့်မေး မြန်းလိုက်၏။

"ဟန်ချန်းဆိုတာ ဘယ်သူလဲ၊ ငါ့ကိုပြောပြစမ်းပါ"

ကောင်းမော်က သက်ပြင်းချလိုက်၏။

အမှန်တော့ သူတို့နှစ်ယောက် ပြောဆိုနေကြသော စကားအား ဟုန်ဝေယင်းက နိုးနားထောင်ပြီး ဟန်ချန်းဆိုသော အမည်ကို သိသွား ပြီဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် ဆက်မပြောရန် ဆုံးဖြတ်လိုက်ပြီး ဟုန်ဝေယင်း အား မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘယ်သူပဲဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်သလဲ"

ဟုန်ဝေယင်းက ခေါင်းညိတ်လိုက်သည်။

"ငါနဲ့မဆိုင်တာတော့ သိတာပေါ့၊ မင်းတို့နဲ့ဆိုင်သလား၊ မဆိုင် ဘူးလားဆိုတာ သိချင်လို့ မေးနေတာ"

ကောင်းမော်မှာ သည်းမခံနိုင်တော့ပါချေ။ အံကို တင်းတင်း ကြိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီနေရာကမြန်မြန်ထွက်သွားရင် ကောင်းမယ်ထင်တယ်

ဟုန်ဝေယင်းက ကောင်းမော်အား လုံးဝ ဂရုမစိုက်ပါ
ကျုန်းချစ်ချစ်ဘက်သို့ လှည့်လိုက်ပြီး ...

"ဘာမှမပူနဲ့၊ ကျုပ် ခင်ဗျားကို ခလုတ်မထိ ဆူးမငြိအော
စောင့်ရှောက်ပေးမယ်၊ ကျုပ် စောင့်ရှောက်နေတယ်ဆိုရင် ပင့်
လာဝံ့တော့မှာ မဟုတ်ဘူး"

ကောင်းမော်မှာ မကျေမနပ်ဖြင့် ဟန့်တားရန် ကြံရွယ်လို
၏။

သို့သော် ကျုန်းချစ်ချစ်က ပြုံးလိုက်ပြီး ကောင်းမော်ဘက်
လှည့်ကာ ...

"သူဟာ စေတနာကောင်းပါတယ်ရှင်၊ ကျွန်မတို့ဟာ သူ
ရဲ့ စေတနာကို ငြင်းပယ်ဖို့ မသင့်လျော်ဘူး မဟုတ်လား"

သူမ၏ စကားကြောင့် ဟုန်ဝေယင်းမှာ ကောင်းမော်
နက်ရန် အကွက်ရသွားပြန်လေသည်။

သို့ဖြင့် သူသည် ကောင်းမော်အား မျက်နှာမဲ့ပြလိုက်ပြီး

"တွေ့လား ... သူများကတောင် ငါ့ရဲ့ စေတနာကို သ
ပေါက်တာ မင်းကသာ ငါစောင့်ရှောက်မှာကို ကန့်ကွက်နေ
ဒါ မင်း မရိုးသားတာပဲ၊ ဘာလဲ မင်းနဲ့ ပင့်ကူ တစ်ဖွဲ့တည်း
ဖြစ်နေလို့လား"



ဟုန်ဝေယင်း စကားက ထိရောက်လှသည်။ ကောင်းမော်မှာ
ုန်ဝေယင်းအား သံတစ်ချင်လောက်အောင် ဒေါသဖြစ်သွားမိ၏။
ို့သော် ကျုန်းချစ်ချစ် စိတ်ဆိုးသွားမည်ကို စိုးရိမ်သောကြောင့်
ူသည် နှုတ်ပိတ်နေလိုက်လေသည်။

ဟုန်ဝေယင်းက ဆက်ပြောလိုက်သည်။

"မင်းအပေါ် သံသယမဖြစ်နိုင်အောင် ငါ့ကိုဆက်ပြီး ကန့်ကွက်
နေနဲ့တော့၊ ဒါမှမဟုတ်ဘဲ ငါ့ကိုဆက်ပြီး ကန့်ကွက်နေမယ်ဆိုရင်
င်းဟာ သံသယရှိစရာကောင်းတဲ့ လူတစ်ယောက် ဖြစ်သွားမှာပေါ့"

ကောင်းမော်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်
...

"စုကွမ်းအင်းနဲ့အတူ အရက်ထဲ အဆိပ်မိပြီး သေမသွားတာ
ံသြစရာပဲ၊ မင်းသေသွားရင် ငါ ဒီလောက် အံ့သြမိမှာ မဟုတ်ဘူး"

ဟုန်ဝေယင်းက အေးတိအေးစက်ဖြင့် ...

"ငါက သူများတိုက်တိုင်း သောက်ရမှာလား၊ ငါ့ကို ဘယ်
ာမှ အဆိပ်ခတ်လို့ ရမယ်မထင်နဲ့"

ပြောသာပြောလိုက်ရသော်လည်း စုကွမ်းအင်းထံတွင် ရှိနေခဲ့
ူက ဝမ်းကြီး ရောက်လာနိုင်သည်ကို တွေးမိပြီး အရက်ခွက်အား
ားမိခဲ့၍သာ အသက်ဘေးမှ လွတ်ကင်းခဲ့ရကြောင်း သိဘော
ါက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်နေမိလေသည်။

အရက်လာပို့သည် ရှောင်လန်းဆိုသော မိန်းကလေးမှာလည်း မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစားနေမိ၏။

ရှောင်လန်းမှာပင့်ကူ၏ တပည့်ဖြစ်နိုင်၏။

ထိုနည်းတူ ပင့်ကူကိုယ်တိုင်လည်း ဖြစ်နိုင်လေသည်။

▲ ▲ ▲

အကြောင်းမှာ ပင့်ကူဟူသော အမည်ကို ကြားဖူးခဲ့သော်လည်း ပင့်ကူ၏ မျက်နှာကို တွေ့မြင်ဖူးသူဟူ၍ ယနေ့တိုင် မရှိခဲ့သေးပါချေ။

ဟုန်ဝေယင်းမှာ တွေးရင်း တွေးရင်း စိတ်ဓာတ်ကျဆင်းလာလေတော့သည်။

▲ ▲ ▲

(၇)

ကျန်းချစ်ချစ်၏ အိမ်နောက်ဘက် ဝင်းခြံထဲ၌ အမိုးသာရှိပြီး အကာမရှိသော အဆောင်ကလေး တစ်ဆောင်ရှိနေသည်။

ဟုန်ဝေယင်းသည် ကျန်းချစ်ချစ်ကို စောင့်ရန် သူ့ကိုယ်သူ တာဝန်ခံထားသူမှာလည်း ထိုအဆောင်ကလေးထဲ၌ပင် ရှိနေလေသည်။



အဆောင်ကလေးမှာ ကျန်းချစ်ချစ်၏ အိပ်ခန်း၏ အပြင်ဘက် ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။

ပြတင်းပေါက်ကို ဖွင့်ထားမည်ဆိုလျှင် အခန်းတွင်းမှ လှုပ်ရှားမှု အားလုံးကို မြင်တွေ့ရပေမည်။

ဤအချက်ကို ဟုန်ဝေယင်းက စဉ်းစားထားပြီး ဖြစ်သည်။

အဆောင်ကလေးမှာ ကျွမ်းသုံးပတ်မျှ ထိုးလိုက်ရုံဖြင့် ပြတင်းပေါက်အပြင်ဘက် စင်္ကြံလမ်းသို့ ရောက်သွားနိုင်၏။

နောက်ထပ် ခြေတစ်လှမ်း လှမ်းရုံမျှနှင့် အခန်းတွင်းသို့ ဝင်လာ ရန်သူကို ရင်ဆိုင်နိုင်လေသည်။

သူသည် ပတ်ဝန်းကျင် အနေအထားကိုလည်း အကဲခတ်ထားပြီး ဖြစ်သည်။ အမှန်စင်စစ် ဤနေရာမှလွဲ၍ ကျန်းချစ်ချစ်အား စောင့်ရှောက်ရန် ပိုကောင်းမည့် အခြားနေရာကို ရှာမတွေ့ရပါချေ။

ကောင်းမော်မှာ ကျန်းချစ်ချစ်၏ အခန်းထဲ၌ ခဏသာ ထိုင်၏။

သူတို့ နှစ်ယောက်မှာ စေ့စပ်ကြောင်းလမ်းထားသော်လည်း လက်မထပ်မီ အတူမနေသည်ကို ထင်ရှားပေါ်လွင်အောင် ပြသလိုခြင်းဖြင့် အခန်း၏ ပြတင်းပေါက်အားလုံးကို ဖွင့်ထားစေခဲ့လေသည်။

တစ်နည်းအားဖြင့် အပြင်ဘက် အဆောင်ကလေးတွင် ရှိနေသော ဟုန်ဝေယင်း မြင်တွေ့နိုင်စေရန် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟုန်ဝေယင်းကမူ အခြားဘက်လှည့်တွေးနေမိ၏။

သူ၏အတွေးကား ကောင်းမော်နှင့် ဆန့်ကျင်ဘက်အသွင် ဆောင်နေလေသည်။ ကောင်းမော်က အခန်း၏ တံခါးများ၊ ပြတင်းပေါက်များကို ဖွင့်ထားစေခြင်းမှာ သူ၏ လှုပ်ရှားမှုကို အကဲခတ်နိုင်ရန် ဖြစ်သည်။

ထို့အပြင် တံခါးဖွင့်ထားသဖြင့် ဟုန်ဝေယင်းမှာ အပြင်ဘက်မှ ချောင်းနားထောင်ခြင်း မပြုနိုင်တော့ပါချေ။

အမှန်ဆိုလျှင် သူသည် ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့၏ ပြောစကားများကို နားထောင်လို၏။ သို့သော် ကောင်းမော်က သူ့ထက်ပို၍ ပါးနပ်နေသဖြင့် အပြင်ဘက် အဆောင်ကလေးထဲမှာ မျက်တိုင်ကာ ငိုင်နေရလေသည်။

အကယ်၍ သူက ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့၏ ပြောစကားများကို ခိုးနားထောင်မည်ဆိုလျှင် ကောင်းမော်တို့က ဆက်၍ တိုင်ပင်ဆွေးနွေးကြတော့မည် မဟုတ်ချေ။

ဟုန်ဝေယင်းမှာ အဆောင်ကလေးအတွင်း၌ ထိုင်၍ ခိုးနားထောင်ရန် အကြံထုတ်နေ၏။ နည်းလမ်းပေါင်း သုံးဆယ်ကျော်မျှ စဉ်းစားမိသော်လည်း မဟန်မှန်း သဘောပေါက်ထား၏။

နောက်ဆုံး နည်းလမ်းပေါင်း ငါးဆယ်ကျော်မျှ စဉ်းစားမိတော့မှ အသင့်လျော်ဆုံး နည်းလမ်းတစ်ခုကို ရလာလေတော့၏။



ဟုန်ဝေယင်းမှာ ထိုင်ရာမှထကာ အကောင်အထည်ဖော်ရန် ကြိုးစားလိုက်သည်။ သို့သော် ထိုအချိန်တွင် ကောင်းမော်က အခန်းထွင်းမှ ထွက်ခွာသွားသည်ကို တွေ့လိုက်ရသဖြင့် စိတ်ပျက်သွားကာ ပြန်လည် ထိုင်ချလိုက်လေသည်။

အကြောင်းမှာ တစ်ယောက်တည်း ကျန်နေခဲ့သော ကျန်းချစ်ချစ်က အရူးသဖွယ် စကားပြောနေလိမ့်မည် မဟုတ်ဟု နားလည်ထားသည် မဟုတ်ပါလော။

ကောင်းမော် ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် ကျန်းချစ်ချစ်က အခန်းတံခါးများကို ပိတ်ထားလိုက်လေသည်။

တံခါးများ ပြန်လည် ပွင့်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဟုန်ဝေယင်းက စောင့်နေ၏။

သို့သော် တံခါးများ ပြန်လည်ပွင့်လာခြင်း မရှိပါချေ။

ဤသို့ဖြင့် ညမှာ တစ်စထက်တစ်စ ပို၍နက်ရှိုင်းလာလေသည်။

ထိုအခါမှ ဟုန်ဝေယင်းက ကျန်းချစ်ချစ်မှာ အိပ်ပျော်သွားပြီဟု မှတ်ယူထင်မြင်လိုက်လေတော့သည်။

▲ ▲ ▲

(၈)

ညမှာ တစ်စထက်တစ်စ နက်ရှိုင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင်း နှစ်ချက်တီးအချိန် ကျော်လွန်လာခဲ့ပြီဖြစ်သည်။

သို့သော် ဟုန်ဝေယင်း တစ်ယောက်မှာ မအိပ်နိုင်သေးပါချေ။ အဆောင်ကလေးထဲ၌ ထိုင်လျက် ကျန်းချစ်ချစ်၏ အခန်းကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိ၏။

ထိုသို့ ထိုင်ကြည့်နေခြင်းဖြင့် ကျန်းချစ်ချစ်အား အပြည့်အဝ အကာအကွယ် ပေးနိုင်လိမ့်မည်ဟု သူ ယူဆထားမိလေသည်။

အချိန်များ တစ်စထက်တစ်စ ကုန်ဆုံးသွား၏။

အချိန်ကြာလာသည်နှင့်အမျှ ဟုန်ဝေယင်းမှာ ထိုင်ပြီး စောင့်ကြည့်နေရသည့် အလုပ်အား ပျင်းရိငြီးငွေ့လာမိလေသည်။ အာရုံစူးစိုက်မှုမှာလည်း ကျန်းချစ်ချစ်၏ အခန်းတွင်သာ ရှိမနေတော့ပါ။ ကောင်းမော်၊ ဝမ်းကြို၊ လုဝမ်းထင်း၊ စုကွမ်းအင်း စသည် စသည့် ကြုံဆုံခဲ့ရသူများ၏ အကြောင်းများကို တသီတတန်းကြီး လျှောက်တွေးနေမိလေသည်။

ယင်းသို့ တွေးရင်းပင် ရှောင်လန်းဆိုသော မိန်းကလေးအား သတိရလာ၏။

ရှောင်လန်းမှာ မည်သူဖြစ်ပါသနည်း။

ပင့်ကူနှင့် မည်သို့ပတ်သက်နေပါသနည်း။

ယင်းသို့ အမျိုးမျိုး တွေးတောနေစဉ်မှာပင် ပန်းရုံများအကြားမှ ခြေသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ဟုန်ဝေယင်း ရင်ထိတ်သွားသည်။ ခြေသံ ထွက်ပေါ်လာရာသို့ ချက်ချင်း လှည့်ကြည့်လိုက်သည်။

"ဘယ်သူလဲ ..."

သို့သော် သူ၏အသံမှာ ထွက်ပေါ်လာခြင်းမရှိပါ။ သူ့ရင်ထဲမှ ရုတ်တရက် ထွက်ပေါ်လာခဲ့သော ထိုမေးခွန်းသည် လည်ချောင်းအတွင်း၌သာ တစ်ဆို့ ပျောက်ကွယ်သွား၏။

အကြောင်းမှာ မေးစရာ မလိုအပ်တော့ကြောင်း သဘောပေါက်ထားပြီး ဖြစ်သည်။

ခြေသံရှင်မှာ တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

ပန်းရုံများအကြားမှ မိန်းကလေးတစ်ယောက် ထွက်ပေါ်လာ၏။ လက်ဖက်ရည်အိုးနှင့် ပန်းကန်များ တင်ဆောင်ထားသည့် ဗန်းကလေး တစ်ချပ်ကို ကိုင်ဆောင်ထားပြီး သူ့ထံသို့ ဦးတည်လျှောက်လာနေသည်။

ရှည်လျားသော ကျစ်ဆံမြီးနှစ်ချောင်းမှာ ခြေလှမ်း လှမ်းတိုင်း လှုပ်ရှားသွားပြီး နဖူးရှေ့တွင် ဆံမြိတ်ချထား၏။

ကိုယ်လုံးကိုယ်ပေါက်မှာ တစ်ချိန်က တွေ့ခဲ့ရသော ရှောင်လန်းနှင့်ခပ်ဆင်ဆင်တူနေ၏။

အကယ်၍သာ ပါးပြင်ပေါ်၌ မဲ့အနီတစ်လုံး မရှိပါက ရှောင်လန်းဟု ထင်ရပေမည်။

www.burmeseclassic.com

အမှတ်မထင်တွေ့လိုက်ရသောကြောင့် ဟုန်ဝေယင်းမှာ စကား မပြောနိုင်ဘဲ ပါးစပ်အဟောင်းလောင်း ဖြစ်နေ၏။

မိန်းကလေးက ပြုံးရင်း လက်ဖက်ရည်အိုးများ ချထားပေး လိုက်သည်။

ဟုန်ဝေယင်းမှာ တစ်ကြိမ်ခံခဲ့ရပြီး ဖြစ်သောကြောင့် ခေါင်း သွင်သွင်ခါယမ်းလိုက်ပြီး ...

"ကျုပ် ... ကျုပ် အရက်မသောက်ဘူး"

မိန်းကလေးက ချိုသာစွာပြုံးကာ ...

"ရှင် အရက်မသောက်ဘူးဆိုတာ ကျွန်မတို့ သခင်မလေး သိပါတယ်၊ ဒါကြောင့် လက်ဖက်ရည် ပို့နိုင်းတာပါ"

သူမ၏အသံမှာ ချိုလွင်သာယာနေ၏။

နှစ်လိုဖွယ်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်ကို မူကား ငြင်း၍မရပါချေ။ ဟုန်ဝေယင်းမှာ အသက်ပင် မရှူနိုင်ဘဲ မိန်းကလေးကို ငေးကြည့်မိ၏။

အတန်ကြာမှ သတိဝင်လာပြီး ရေရွတ်သည်ကာ ...

"လက်ဖက်ရည် ... ဟုတ်လား"

"ဟုတ်ပါတယ်"

မိန်းကလေးက ခေါင်းကလေးကို လှပစွာ ညိတ်ကာ ဖြေဆို လိုက်၏။ ဟုန်ဝေယင်းက ခေါင်းကုတ်လိုက်သည်။



အမှန်စင်စစ် သူသည် အရက်ကိုသာ ကြိုက်နှစ်သက်ပြီး လက် ဖက်ရည်ကို ကြိုက်နှစ်သက်ခြင်း မရှိပါချေ။

ထို့ကြောင့် ကျွန်းချစ်ချစ်၏ အမိန့်အရ အိမ်ဖော်မိန်းကလေးက လက်ဖက်ရည် လာပို့သောအခါ အခက်ကြုံသွားရသည်။

မိန်းကလေးက ပြုံးရင်း ...

"သခင်မလေးက မိုးလွတ်လုံကျင် လက်ဖက်ခြောက်ကို တမင် ရွေးပြီး ပို့နိုင်းတာပါ၊ အင်မတန်မွှေးပါတယ်၊ ရှင် သောက်ကြည့်ပါ ဦး"

ပြောရင်း ကရားကိုကိုင်ကာ ငှဲ့ပေးရန် ဟန်ပြင်လိုက်လေ သည်။

ဟုန်ဝေယင်းက ကပျာကယာ လက်ကာပြလိုက်ပြီး ...

"နေပါစေ ... ကျုပ် ငှဲ့ပါ့မယ်"

မိန်းကလေးက နောက်သို့ ခြေလှမ်းဆုတ်လိုက်၏။

ထို့နောက် ဟုန်ဝေယင်းအား ဦးညွှတ်လိုက်ပြီး ...

"ကျွန်မတို့ သခင်ကလေးကို ဘာများ မှာလိုပါသလဲရှင်"

"မှာစရာ ဟုတ်လား"

ပြောရင်း ဟုန်ဝေယင်းမှာ ခေါင်းကုတ်လိုက်ပြန်သည်။ အမှန် စင်စစ် မိန်းကလေးအား အဖော်ပြုကာ စကားပြောနေရလျှင် အပျင်း ပြေမည်ဟု တွေးမိထားသည်။

www.burmeseclassic.com



သို့သော် သူနှင့်အတူ အဖော်ပြုနေရန် ပြောမထွက်ပါချေ။ ဟုန်ဝေယင်း အတွေးများစွာဖြင့် ရှုပ်ယှက်ခတ်နေသည်။ ထိုစဉ်မှာပင် မိန်းကလေးက ပြုံး၍ …

"မှာစရာမရှိဘူးဆိုရင် ကျွန်မကို ခွင့်ပြုပါဦးရှင်"

ပြောပြီးသည်နှင့် ဟုန်ဝေယင်းအား ကျောခိုင်းကာ ထွက်ခွာသွားလေသည်။ ဟုန်ဝေယင်းမှာ မိန်းကလေး၏နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့၏။

▲ ▲ ▲

(၉)

မိန်းကလေးမှာ ထွက်ခွာသွားပြီဖြစ်သည်။

မိန်းကလေး ပျောက်ကွယ်သွားမှ ဟုန်ဝေယင်းက နှာခေါင်း ရှုံ့လိုက်မိသည်။

သို့သော် သူ၏မျက်လုံးအစုံကမူ ရေနွေးကြမ်းအိုးသို့ ရောက်ရှိသွားပြီး …

"မိုးလွှတ်လုံကျ လက်ဖက်ခြောက်ဟာ ဘယ်လို အရသာရှိမှာ သလဲ"

ပြောရင်း လက်ဖက်ရည်ကရားအိုးကို မ,ကာ ငှဲ့ရန် ဟန်ပြင် လိုက်သည်။



သို့သော် စိတ်မချသည့်အတွက် ခေါင်းခါယမ်းလိုက်ပြီး အဆောင်ကလေး အပြင်ဘက် မြက်ခင်းပေါ်သို့ လောင်းချလိုက်၏။

ထိုအခါ ကရားအိုးထဲမှ လက်ဖက်ရည်များ မြက်ခင်းပေါ်သို့ စီးဆင်းကျရောက်သွားလေတော့၏။ သို့ရာတွင် အဖြူရောင်အခိုး အငွေ့များ ထွက်ပေါ်လာခြင်း မရှိသလို မြက်ပင်များ အရောင်ပြောင်း လဲသွားခြင်းလည်း မရှိပါချေ။

မွှေးပျံ့သော လက်ဖက်ခြောက်အနံ့ကိုသာ ရှူရှိုက်မိ၏။

ဟုန်ဝေယင်းမှာ သူ၏စိုးရိမ်စိတ် လွန်ကဲနေခြင်းကို တွေးမိ ကာ သဘောကျစွာ ပြုံးလိုက်လေသည်။

"အင်း … ဒီလက်ဖက်ရည်က စိတ်ချပါတယ်"

ပြောပြီး တစ်ခွက်ငှဲ့ကာ သောက်ချလိုက်၏။

ထိုသို့ သောက်ချလိုက်သောအခါ မွှေးကြိုင်သည့်အပြင် အရသာ ကောင်းမွန်နေသည်ကို သိလိုက်ရ၏။ သူ့နှုတ်မှ ကျေနပ်စွာ မှတ်ချက် ချလိုက်မိသည်။

"ဟား … ကောင်းလိုက်တဲ့ လက်ဖက်ရည်"

ပြောပြီး နောက်ထပ် တစ်ခွက်ငှဲ့ကာ တစ်ကျိုက်တည်းနှင့် ကုန်အောင် မော့သောက်လိုက်ပြန်သည်။ တစ်ဖန် ကျန်းချစ်ချင်း၏ အခန်းဆီသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် ဟုန်ဝေယင်းမှာ ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ကျန်းချစ်ချစ်၏ အခန်းအား မတွေ့ရဘဲ သူ၏ မျက်စိရှေ့၌ အဖြူရောင် မြူခိုးမြူငွေ့များ အုပ်ဆိုင်းနေသည် မဟုတ်ပါလား။

မြင်ကွင်းအတွင်း ရှိသမျှ အရာဝတ္ထုများ အားလုံးမှာလည်း မှုန်ဝါးဝါး ဖြစ်လာ၏။

ဟုန်ဝေယင်းမှာ ထိတ်လန့်တုန်လှုပ်သွားကာ လက်ဖြင့် မျက်လုံးကို ပွတ်ကြည့်ရန် ပြုလိုက်သည်။

သို့သော် သူ၏လက်မှာ အလေး အပင်များ ဆွဲထားရသကဲ့သို့ လေးလံနေပြီး မ,၍မရဘဲ ဖြစ်နေ၏။

အားယူ၍ လက်ကိုမရန် ကြိုးစားနေစဉ် ဒူးများပျော့ခွေကာ မြေပေါ်သို့ လဲကျသွားလေသည်။

လက်ဖက်ရည်ထဲ၌ အဆိပ်ခတ်မထားပါချေ။ သို့သော် အိပ်ဆေးခတ်ထားသည်မဟုတ်ပါလား။

▲ ▲ ▲

## (၁၀)

အမှောင်ထုက သိပ်သည်းနေ၏။

ညဉ့်နက်လာသည်နှင့်အမျှ တိုက်ခတ်လာသော လေမှာလည်း အေးမြလှပေသည်။



အဝေးမှ အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာ၏။

ထိုအချိန်တွင် ကျန်းမိသားစု ခြံဝင်းအနောက်ဘက်ရှိ သစ်ပင်ကြီး တစ်ပင်မှ သစ်ရွက်များ လှုပ်ရှားသွားသည်။

မရှေးမနှောင်းမှာပင် သစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ချလာသည်။

ထိုလူမှာ အနက်ရောင် ဝတ်ဆင်ထားပြီး ကျန်းမိသားစုခြံဝင်းထဲသို့ ခုန်ဆင်းလာသော ဝမ်းကျိုပင်ဖြစ်ပါသည်။

ဝမ်းကျိုမှာ နတ်သုံးပါးဘုံကျောင်း၏ အောက်ဘက် မြေအောက်ခန်းတွင် ကျန်းချစ်ချစ်အား ခေါ်ထားခဲ့သူဖြစ်၏။

သူ့ထံတွင် အကူအညီ တောင်းထားသော ကျန်းချစ်ချစ်၏ အသက်ကို ကယ်တင်ရန်မှတစ်ပါး အခြားရည်ရွယ်ချက် မရှိပါချေ။

သို့သော် ယခုအခါတွင်မူ ဟုန်ဝေယင်း၏ ကြိုးစားမှုကြောင့် လျှို့ဝှက်စခန်းအတွင်းမှ ကျန်းချစ်ချစ်အား ခေါ်ထုတ်သွားနိုင်ခဲ့ကြပြီ ဖြစ်သည်။

သူကိုယ်တိုင် လွတ်ရုံမျှသာ အချိန်မီ ရှောင်တိမ်းနိုင်ခဲ့၏။ သို့သော် အဝေးသို့ ရှောင်တိမ်းသွားခြင်းမဟုတ်ဘဲ နတ်သုံးပါးဘုံကျောင်းအနီး၌သာ ပုန်းအောင်းနေခဲ့၏။

ထို့ကြောင့် ဟုန်ဝေယင်းတို့အား မျက်ခြည်မပြတ် စောက်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခံနေနိုင်ခြင်း ဖြစ်လေသည်။ ယခုလည်း ဟုန်ဝေယင်းက ကျန်းချစ်ချစ်အား မည်သို့မည်ပုံ စောင့်ရှောက်နေသည်ကို သိလို၍ အကဲခတ်ရန် လာခဲ့ခြင်းဖြစ်၏။

ခြံဝင်းထဲသို့ ရောက်ရှိလာသည်နှင့် ကျန်းချစ်ချစ်၏ အခန်းရှိရာဘက်သို့ မှန်းဆလာခဲ့၏။ မကြာပါချေ။ ဟုန်ဝေယင်း ထိုင်နေခဲ့သော အဆောင်ကလေးအနီးသို့ ရောက်ရှိသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

လေတိုက်သံ သစ်ရွက်လှုပ်သံမှအပ အခြားမည်သည့် အသံမျှ မကြားရပါချေ။ ဝမ်းကြီးက ဤမျှ တိတ်ဆိတ်နေသည်ကို ကြည့်ရင်း အံ့သြလာလေသည်။ အဆောင်ကလေးအား ကွေ့ပတ်လျှောက်သွားရန် ကြံရွယ်လိုက်စဉ် မနီးမဝေး တစ်နေရာရှိ မြက်ခင်းပြင်ပေါ်တွင် ဟုန်ဝေယင်း တစ်ယောက် လဲကျနေသည်ကို တွေ့ရ၏။ မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသော မြင်ကွင်းက ဝမ်းကြီးအား ရင်ထိတ်သွားစေသည်။

သို့သော် ဟုန်ဝေယင်းမှာ ဉာဏ်များသူတစ်ယောက် ဖြစ်ကြောင်း သဘောပေါက်ထားသဖြင့် ရုတ်တရက် အနီးသို့ ချဉ်းကပ်မသွားဝံ့ပါချေ။

သစ်ပင်ချုံနွယ်များ နောက်ကွယ်၌ ပုန်းအောင်းလျက် အတန်ကြာသည်အထိ အကဲခတ်ကြည့်နေလိုက်၏။



သို့ရာတွင် အချိန်များ ကုန်ဆုံးသွားသော်လည်း ဟုန်ဝေယင်းမှာ ပြန်လည် ထလာခြင်း မရှိပါချေ။

မြက်ခင်းပေါ်မှာ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေ၏။

ဝမ်းကြီးမှာ အခြေအနေကို နားမလည်နိုင်ဘဲ ဖြစ်နေမိသည်။ သူ ဟုန်ဝေယင်း လဲကျနေသော နေရာဝန်းကျင်ကို အကဲခတ်လိုက်၏။ ဝန်းကျင်တစ်ဝိုက်မှာ မည်သည့် ထူးခြားမှုကိုမှ သူမမြင်ပါ။ ထပ်မံ၍ သေသေချာချာ အကဲခတ်ကြည့်လိုက်တော့မှသာ မြက်ခင်းပေါ်တွင် ပန်းကန်ကွဲတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။ ပန်းကန် ကွဲတစ်လုံး၊ ပန်းကန်ကွဲထဲမှ ဖိတ်တစ်ဝက် စဉ်တစ်ဝက် အရည်များ။

ဝမ်းကြီး၏ ခန္ဓာကိုယ်မှာ ထောင့်တင်းသွားရလေတော့သည်။

အခြေအနေမှန်ကို သဘောပေါက်ပြီး မဟုတ်ပါလား။

ချက်ချင်းပင် ဟုန်ဝေယင်း အနီးသို့ ပြေးလွှားသွားပြီး အသက်ရှိမရှိ စမ်းသပ်ကြည့်လိုက်၏။

အသက်ရှုနေသေးသည်ကို တွေ့ရမှ စိတ်သက်သာရာ ရသွားလေသည်။ တစ်ဖန် လက်ဖက်ရည်အိုးနှင့် ပန်းကန်များကို အနံ့ခံကြည့်လိုက်သည်၊ လက်ဖက်ခြောက်အနံ့အပြင် အခြား အနံ့အသက်တစ်ခုကို ရှူမိလိုက်သဖြင့် မျက်လုံးပြူးသွားသည်။ သူ့နှုတ်မှလည်း ရုတ်တရက် မှတ်ချက်ချလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာင် ... အမွှေးတိုင် အိပ်ဆေးပါလား"

အမွှေးတိုင်အိပ်ဆေးမှာ အလွန်ပြင်းထန်သော အိပ်ဆေးတစ်မျိုးဖြစ်သည်။ အိပ်ဆေးမိသွားလျှင် ချက်ချင်းပင် အစွမ်းပြလာသဖြင့် အိပ်ပျော်သွားပေမည်။ သို့သော် အမွှေးတိုင်တစ်တိုင် မီးညှိ၍ ကုန်ဆုံးသွားသည့်အချိန် အတိုင်းအတာအထိသာ အစွမ်း ရှိသည်။

အချိန်ကုန်သွားသည်နှင့် အစွမ်းပျယ်ကာ ပြန်လည်နိုးလာပေလိမ့်မည်။ ဝမ်းကြီးက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ဒီလူဟာ တယ်လည်း အောက်ခြေလွတ်တတ်တာကိုး၊ လက်ဖက်ရည်အိုးထဲမှာ အိပ်ဆေးခတ်ထားတယ်ဆိုတာတောင် အနံ့မခံမိတာ အံ့ဩစရာပဲ"

ပြောပြီးသည်နှင့် လက်ဖက်ရည်အိုးထဲမှ လက်ဖက်ရည်များဖြင့် ဟုန်ဝေယင်း၏ ဦးခေါင်းပေါ်သို့ လောင်းချလိုက်သည်။

ထိုအချိန်တွင် အိပ်ဆေးအစွမ်းမှာ ပျယ်သွားပြီးသည့်အချိန်ဖြစ်၏။ ထို့ကြောင့် ဟုန်ဝေယင်းမှာ ချက်ချင်းပင် သတိရလာလေသည်။ သတိရလျှင် ရချင်းပင် မျက်နှာကို လက်ဖြင့်ပွတ်လျက် ...

"ဘာလုပ်တာလဲ ... ဘာလုပ်တာလဲ"

မျက်လုံးဖွင့်၍ကြည့်လိုက်သောအခါမှ ဝမ်းကြီးအား တွေ့ရလေသည်။

ထို့ကြောင့် သူ့အား ဒုက္ခပေးသူအဖြစ် အထင်မှားသွားပြီး ...



"လက်စသတ်တော့ မင်းရဲ့လက်ချက်ကိုး"

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ဝမ်းကြီးကလည်း ချက်ချင်းပင် နောက်ဆုတ်သွား၏။

ဟုန်ဝေယင်းကိုလည်း မကျေမနပ်ဖြင့် ကြည့်ကာ ...

"ငါက မင်းကို သတိရလာအောင် လုပ်ပေးတာကွ၊ ကျေးဇူးရှင်ကို ကျေးဇူး မတင်တဲ့အပြင် စော်ကားတာ ကောင်းသလား"

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်ကာ ...

"ဘာ ... ငါ သတိလစ်နေလို့ မင်း ကူညီခဲ့ရတယ် ဟုတ်လား"

"ဟုတ်တယ် ..."

"ငါ ဘာဖြစ်လို့ သတိလစ်ပြီး မေ့လဲနေရတာလဲ"

ဝမ်းကြီးက လက်ဖက်ရည်အိုးအား မြှောက်ပြလိုက်သည်။

"လက်ဖက်ရည်ထဲမှာ အိပ်ဆေးပါတယ်"

ဟုန်ဝေယင်းအား ဖြူးကျယ်သော မျက်လုံးဖြင့် တအံ့တဩပြန်မေးလိုက်သည်။

"အိပ်ဆေး ... ဟုတ်လား"

"မင်းပြောတာ ဖြစ်နိုင်ပါ့မလား၊ အိပ်ဆေးမိရင် ငါအခုနိုးပါဦး မလား"

ဟုန်ဝေယင်းက ဓာဒက တက်လိုက်ပြန်၏။

ဝမ်းကြီးက နာခေါင်းရှုံ့လိုက်သည်။ အကြောင်းကြောင်းနိုင်လှသော ဟုန်ဝေယင်းကိုလည်း ဒေါသထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမွေးတိုင်အိပ်ဆေးဆိုတာ မင်း ကြားဖူးသလား"

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားသည်။ သိုင်းလောကတွင် ကျင်လည်ကျက်စားခဲ့သောကြောင့် အမွေးတိုင်အိပ်ဆေးအကြောင်းကို ကြားဖူးထားလေသည်။

ထို့အပြင် သူပြန်နိုးလာသည့် အကြောင်းရင်းကိုလည်း သဘောပေါက်လာလေတော့၏။

ထို့ကြောင့် ခေါင်းကုတ်လိုက်ပြီး ...

"လက်ဖက်ရည်အိုးထဲမှာ အမွေးတိုင်အိပ်ဆေး ခတ်ထားတယ် ဟုတ်လား"

"ဟုတ်တယ်"

ဟုန်ဝေယင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းကြီးက ဆက်လက်ပြောလိုက်၏။

"အမွေးတိုင်အိပ်ဆေးမှာ အမွေးတိုင်အနံ့နဲ့ ခပ်ဆင်ဆင်တူတဲ့ အမွှေးနံ့ပါတယ်၊ ဒါကို မင်း သတိထားမိဖို့ ကောင်းတယ်"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ငါက အိပ်ချင်နေပြီကွ၊ ဒါကြောင့် လက်ဖက်ရည်သောက်ရင် မျက်လုံးကျယ်မလားဆိုပြီး သောက်ချလိုက်တာ"

ဟုန်ဝေယင်းက လက်ဖက်ရည်သောက်ရခြင်းအကြောင်းကို ရှင်းပြနေ၏။



ဝမ်းကြီးက စိတ်မရှည်စွာ ...

"နေစမ်းပါဦး၊ ဘယ်သူက ဒီလက်ဖက်ရည်ကို လာပို့တာလဲ"

"မိန်းကလေးတစ်ယောက်က လာပို့တာပါ"

"ဘာ ... မိန်းကလေးတစ်ယောက် ဟုတ်လား"

ဟုန်ဝေယင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... စကွမ်းအင်း အသတ်ခံရတဲ့ အချိန်တုန်းက ကျုပ်အတွက်လည်း အဆိပ်ပါတဲ့ အရက် လာပို့ပေးတာ ရှောင်လန်းဆိုတဲ့ မိန်းကလေးပဲ"

ဝမ်းကြီးက မျက်မှောင်ကြုတ်သွားကာ ...

"ဒါကို ငါသိသားပဲ၊ ဘာဖြစ်လို့ ထပ်ပြောနေရတာလဲ"

ဟုန်ဝေယင်းက ပြုံးဖြီးဖြီးဖြင့် ...

"အခု လက်ဖက်ရည် လာပို့တဲ့ မိန်းကလေးဟာ ရှောင်လန်းနဲ့ သိပ်တူတယ်ကွ"

သူ၏ စကားကြောင့် ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားလေသည်။

"ရှောင်လန်းနဲ့ သိပ်တူတယ် ဟုတ်လား"

"ဟုတ်တယ် ... အဲဒီမိန်းကလေးရဲ့ ပါးပေါ်မှာ မှဲ့အနီစက်လုံးသာ မရှိရင် ရှောင်လန်းလို့ ကျုပ်စွပ်စွဲမိမှာပဲ"

ဝမ်းကြီးမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ပြောင်းရုပ်လွဲ လုပ်တဲ့အခါ မှဲ့အတုတပ်ရင်ကော မဖြစ်ဘူးလား၊ တကယ်လို့ ရှောင်လန်းက မှဲ့အတုတပ်ထားတယ်ဆိုရင်ကော ..."

ဝမ်းကြီးက သက်ပြင်းချလိုက်သည်။ ပြီးတော့ ဟုန်ဝေယင်းအား မသိမသာကြည့်ကာ ...

မင်းဟာ မိန်းကလေးတွေနဲ့ တွေ့ရင် စိတ်လှုပ်ရှားပြီး အမှားလုပ်တတ်တယ်၊ ဒါကြောင့် မင်းဟာ မိန်းကလေးတစ်ယောက်ယောက်ရဲ့ လက်ချက်နဲ့ သေရလိမ့်မယ်လို့ ငါပြောခဲ့တယ်"

ဟု မှတ်ချက်ချလိုက်လေတော့၏။ ဟုန်ဝေယင်း၏ မျက်နှာမှာ မှောင်မည်းသွားလေသည်။

သို့သော် ဝမ်းကြီး၏ပြောစကား မှန်နေသဖြင့် ပေါ့ပျက်ပျက်လေသံနှင့် ...

"မိန်းကလေး လက်ချက်နဲ့ သေရတာ ကောင်းသားပဲ"

စိတ်ထဲရှိ၍ မဟုတ်သော်လည်း တွေ့ကရာပြောလိုက်ခြင်းဖြစ်သည်။

သို့သော် အချို့စကားများမှာ သွေးထွက်အောင်ပင် မှန်နေတတ်သည် မဟုတ်ပါလား။ ဝမ်းကြီးက ဟုန်ဝေယင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ ...



"မင်း တော်တော် ကံကောင်းတယ်၊ အသက်ဘေးက လွတ်တာ နှစ်ခါရှိပြီ"

ဟုန်ဝေယင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"ဘာလဲ ... မင်း ငါ့ကို သတ်ချင်လို့လား၊ ဒါဆိုရင် ငါ သတိလစ်နေတုန်းက ဘာဖြစ်လို့ မသတ်တာလဲ"

ဝမ်းကြီးက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"အေး ... ငါလည်း မေ့သွားတယ်၊ စားသာပါလာရင် သိပ်ကောင်းမှာ"

ငါလည်း သတိရတာ မြန်ပေလို့၊ မင်းကို မယုံရဘူးဆိုတာ ငါသိတယ်"

"ငါရောက်တာမြန်လို့၊ ဒါမှမဟုတ်ရင် မင်း သတိမရခင် ရှောင်လန်းက ဓားတစ်ချက်နဲ့ အပြတ်ရှင်းလိုက်မှာပဲ"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"အခု ဘယ်အချိန်ရှိပြီလဲ"

"အုံးမောင်းသုံးချက် ခေါက်ပြီ"

ဟုန်ဝေယင်းမှာ အနည်းငယ် အံ့ဩသွားကာ သူ့မေ့မြောနေသော အချိန်ကို တွက်ဆလိုက်၏။

"ငါ လက်ဖက်ရည်သောက်တဲ့ အချိန်ဟာ အုန်းမောင်းနှစ်ချက်တီးကျော်ကျော်လောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို မင်းကိုသတ်ဖို့ အချိန်အများကြီး ရတာပေါ့"

"ဟုတ်တယ် ... ဘာဖြစ်လို့ ငါ့ကိုမသတ်ရသလဲဆိုတာ နားမလည်ဘူး"

သူတို့နှစ်ယောက်စလုံး အတန်ကြာသည်အထိ စကားမပြောနိုင်ဘဲ ဖြစ်သွားကြသည်။ အတန်ကြာမှ ဝမ်းကြို့က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ...

"ကေန့ သူတို့ ကျန်းချစ်ချစ်ကို ရင်ဆိုင်ချင်လို့ပဲ ဖြစ်ရမယ်"

ဟုန်ဝေယင်းက လန့်ဖျပ်သွားပြီး ထခုန်လိုက်သည်။

"ကျန်းချစ်ချစ် ... ဟုတ်လား"

"ဟုတ်တယ်"

"နေစမ်းပါဦး၊ မင်းကကော ဘာကြောင့် ဒီနေရာကို ရောက်လာတာလဲ"

"ကျန်းချစ်ချစ်ဟာ ငါ့ဆီမှာ အကူအညီတောင်းထားတယ်၊ ငါမလာလို့ ဘယ်ဖြစ်မလဲ"

ဟုန်ဝေယင်းက နှာခေါင်းရှုံ့ပြီး ...

"မင်းက ကတိတည်တယ်ပေါ့လေ၊ ငါ ဒီမှာရှိနေမယ်ဆိုတာ မစဉ်းစားမိဘူးလား"

ဝမ်းကြို့က ခေါင်းခါယမ်းလိုက်ပြီး ...

"ဒီအချိန်ဟာ စကားနိုင်လုပြောရမယ့်အချိန် မဟုတ်ဘူး၊ ကျန်းချစ်ချစ်ရဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သွားကြည့်ဖို့ ကောင်းတယ်"



ဝမ်းကြို့က ကျန်းချစ်ချစ် အန္တရာယ်နှင့် တွေ့လေမည်လားမှု ရှသော စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။ သူ၏စကားကို ဟုန်ဝေယင်းက လက်မခံနိုင်ပါချေ။

"မဖြစ်နိုင်ဘူး ... ငါ တစ်ချိန်လုံး ဒီမှာရှိနေတာပဲ"

ဝမ်းကြို့က ပြုံးလျက် ...

"မင်း သတိလစ် မေ့မြောခဲ့တာကို မေ့ပြန်ပြီလား"

ဟုန်ဝေယင်းမှာ ဒေါသက မတက်ဝံ့တော့ပါချေ။

မြားတစ်စင်းပမာ လျင်မြန်သော အဟုန်ဖြင့် ကျန်းချစ်ချစ်၏ အခန်းသို့ ပြေးလွှားသွားလေတော့သည်။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## နှစ်ဆင့်လိမ်

(၁)

"ကျန်းချစ်ချစ် ..."

ဟုန်ဝေယင်း၏ အသံက တတိယအကြိမ်မြောက် ထွက်ပေါ်လာ၏။

ယခုတစ်ကြိမ် အခန်းတံခါးကို ထုရင်း အော်ခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်နေပြီး တုံ့ပြန်သံဟူ၍ မကြားရပါချေ။ ဟုန်ဝေယင်း၏ ရင်ထဲ၌ လေးလံလာလေတော့သည်။

ထိုအချိန်တွင် ဝမ်းကြီးမှာ သူ၏အနီးသို့ ရောက်လာသည်။

"ဘယ်လိုလဲ ... ခေါ်လို့မရဘူးလား"

ဟုန်ဝေယင်းက အဖြေမပေးပါ။

"ကျန်းချစ်ချစ် ..."



စတုတ္ထအကြိမ်မြောက် ကျယ်လောင်စွာ အော်ခေါ်လိုက်ပြန်သည်။

သို့သော် ထူးခြားမှု လုံးဝမရှိ၊ အခန်းထဲမှ တုံ့ပြန်သံ လုံးဝထွက်မလာပါချေ။

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်သည်။ ထို့နောက် ဟုန်ဝေယင်းအား မျက်လုံးတစ်ချက် စွေကြည့်ရင်း ...

"မင်း ခေါ်နေလို့ အကြောင်းထူးမှာမဟုတ်ဘူး"

ဟုပြောပြီးသည်နှင့် အခန်းတံခါးအား တွန်းဖွင့်လိုက်လေသည်။ ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ...

"မိန်းကလေး တစ်ယောက်နေတဲ့ အခန်းကို အခွင့်မရှိဘဲ တံခါးတွန်းဖွင့်တာ သိပ်ရိုင်းရာကျတယ်ကွ"

ဟုန်ဝေယင်း၏ ထိုးနှက်တိုက်ခိုက်မှုကို ဝမ်းကြီးက ပြန်လှန်မချေပပါ။

ဝမ်းကြီး မျက်နှာမှာ မှဲ့တဲ့တဲ့ဖြစ်နေချေပြီ။ သူ့စကား ပြောသောအခါ အသံမှာ အနည်းငယ် တုန်ယင်နေ၏။ သူသည် အတတ်နိုင်ဆုံး တည်ငြိမ် ဟန်ဆောင်ကာ ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ ငါရိုင်းတယ်ဆိုရင်တောင်မှ သူသိမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သေတဲ့လူကို ရိုင်းတာ ယဉ်တာ သွားပြီး ဝေဖန်နိုင်းမလို့လား"

ဟုန်ဝေယင်း၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

"သေတဲ့လူ ဟုတ်လား"

ပြောပြီးသည်နှင့် ရှေ့တွင်ရှိနေသော ဝမ်းကြီးအား တွန်းဖယ်ကာ အခန်းတွင်းသို့ ပြေးဝင်သွားလေသည်။

ဝမ်းကြီးက ရယ်မောလိုက်ပြီး...

"ငါက တံခါးဖွင့်ရုံသာဖွင့်တာ မင်းက ကျားတစ်ကောင်လို ကြမ်းကြမ်းတမ်းတမ်း ပြေးဝင်သွားတာ ရိုင်းစရာရှိရင် မင်းက ပိုရိုင်းလိမ့်မယ်"

ဟုန်ဝေယင်းက ပြန်လည်ချေပခြင်း မပြုပါချေ။

အခန်းတွင်းကိုသာ ပြေးဝင်သွားလေသည်။ အခန်းတစ်ခုလုံးမှာ မှောင်မည်းနေ၏။

ထို့ကြောင့် အခန်းတွင်းသို့ ရောက်ရှိသွားသည်နှင့် တစ်ခုံတစ်ခုအား ဝင်တိုက်မိကာ ချော်လဲသွားတော့သည်။

ဝင်တိုက်မိသည့်အရာမှာ ပျော့ပျောင်းနေသဖြင့် ဟုန်ဝေယင်းမှာ ထိတ်လန့်သွားကာ ကပျာကယာ လက်ဖြင့်စမ်းသပ်ကြည့်လိုက်သည်။

ထိုအခါမှ လူသေအလောင်းတစ်ခုအား ဝင်တိုက်မိခြင်း ဖြစ်



သည်ကို သိလိုက်ရလေသည်။ ဟုန်ဝေယင်းမှာ အလန့်တကြား အော်ဟစ်လိုက်သည်။

သို့သော် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ မယုံကြည်နိုင်ခြင်းသည် စသည့် ခံစားချက်များဖြင့် စိတ်လှုပ်ရှားနေရာ အသံမှာ သည်ချောင်းတွင် တစ်ဆို့ ပျောက်ကွယ်သွားလေတော့သည်။

▲ ▲ ▲

(၂)

မီးရောင်များ ထွက်ပေါ်လာ၏။

ဝမ်းကြီးက မီးခတ်ကျောက်ဖြင့် မီးစာကို မီးညှိကာ ထိုမှ တစ်ဆင့် ဖယောင်းတိုင်ကို ထွန်းညှိလိုက်သည်။

ထို့ကြောင့် အခန်းတစ်ခုလုံးမှာ လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

ထွက်ပေါ်လာသော မီးအလင်းရောင်ဖြင့် ကြမ်းပြင်ပေါ် တွင် လဲကျသေဆုံးနေသော မိန်းကလေးတစ်ယောက်၏ အလောင်း အား တွေ့မြင်လိုက်ကြရလေသည်။

ထိုမိန်းကလေး၏ နှုတ်ခမ်းထောင့်တွင် သွေးများ ယိုစီးကျ၍ အဆိပ်မိပြီး သေဆုံးသွားသည်ဟု သိရလေသည်။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ကြည့်မိလိုက်ကြသည်။ နှစ်ယောက်စလုံးပင် အံ့သြနေသဖြင့် စကားမပြောနိုင်ကြပါချေ။

အတန်ကြာမှ ဟုန်ဝေယင်းက သက်ပြင်းတစ်ချက်ချကာ ...

"ငါ့ကို လက်ဖက်ရည် လာပို့တဲ့ မိန်းကလေးဟာ သူပဲ"

ဟုန်ဝေယင်း၏ လေသံမှာ တိုးညင်းသော်လည်း ဝိပြင်နေ၏။ သေဆုံးနေသော မိန်းကလေးမှာ ပါးတွင် မှဲ့အနီတစ်လုံး ရှိသော အိမ်ဖော်မိန်းကလေးပင် ဖြစ်သည်။

သူမ အဘယ်ကြောင့် ကျန်းချစ်ချစ်၏ အခန်းတွင်း၌ သေဆုံးနေသည်ကို တွေး၍မရပါချေ။

ဝမ်းကြိုက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"သူ့ပါးပေါ်က မှဲ့အနီကို ဆွဲဖြုတ်ကြည့်စမ်း"

ဟုန်ဝေယင်းက ချက်ချင်းပင် ဆွဲဖြုတ်လိုက်လေသည်။

ထိုအခါမှ မှဲ့အနီမှာ ဟုန်ဝေယင်း၏ လက်တွင်းသို့ ပါလာ၏။ အိမ်ဖော် မိန်းကလေး၏ မျက်နှာပေါ်မှ မှဲ့အနီ ကွယ်ပျောက်သွားသောအခါ ရှောင်လန်းဖြစ်နေသည်ကို တွေ့ရလေသည်။

ဟုန်ဝေယင်းမှာ အံ့သြလွန်းသဖြင့် စကားပင် မပြောနိုင်ချေ။

ဝမ်းကြိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရှောင်လန်းက ဘာကြောင့် ဒီမှာလာပြီး သေနေရတာလဲ။ ဒီအခန်းထဲကို သူဘယ်လိုလုပ် ရောက်လာနိုင်တာလဲ"



ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် သေတဲ့လူဟာ ကျန်းချစ်ချစ် မဟုတ်လို့ တော်သေးတယ်၊ ဒါမှမဟုတ်ရင် ကောင်းမော်ကို ငါ ဘယ်လိုလုပ် မျက်နှာပြရတော့မလဲ"

ယခုတိုင် လေမလျော့သေးသဖြင့် ဝမ်းကြိုမှာ မခံချိမခံသာဖြစ်သွား၏။ ဟုန်ဝေယင်းအား ကြည့်ရင်း မဲ့ပြုံးပြုံးကာ ...

"ကျန်းချစ်ချစ် မသေဘူးလို့ မင်းကို ဘယ်သူကပြောသလဲ"

ဝမ်းကြိုက ခပ်တည်တည် ပြောချလိုက်သည်။ ဟုန်ဝေယင်းမှာ ယန့်ဖျပ်သွား၏။ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ ဝမ်းကြိုက ပြုံးရင်း ...

"ရှောင်လန်းကသာ အဆိပ်ခတ်သွားရင် သေတဲ့လူဟာ မင်းဖြစ်မှာပဲ"

"ငါ့ကို ရှောင်လန်းက မသတ်လို့ ငါ့အစား သူအသတ်ခံရတာလို့ မင်းဆိုလိုတာလား"

"ဒီလိုပဲ ဖြစ်ရမယ် မဟုတ်လား"

"ဒါဖြင့် ရှောင်လန်းက ဘာကြောင့် ငါ့ကို အဆိပ်မခတ်တာလဲ"

"သူ့ကို မှတ်မိသွားမှာစိုးလို့ နေမှာပေါ့"

"ကျန်းချစ်ချစ်က ရှောင်လန်းကို သတ်ပစ်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျန်းချစ်ချစ်ကို သွားမေးကြည့်မှ ဖြစ်မယ်"

ဝမ်းကြီး၏ စကားက ပဟေဋ္ဌိဝှက်သလို ဇဝေလည်ကြောင်ပတ် ဖြစ်နေ၏။ ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ...

"ကျန်းချစ်ချစ် မသေသေးဘူးလို့ မင်းဆိုလိုတာပေါ့"

ဝမ်းကြီးက ပခုံးတွန့်လိုက်ပြီး..."

"ငါ ဒီလို မပြောရပါလား"

"ဘာပဲဖြစ်ဖြစ် ကျန်းချစ်ချစ်ကို သွားမေးကြည့်ရမယ်ဆိုရင် သူမသေမှ မေးလို့ရမှာပေါ့"

"မင်းပြောတာ မှန်တယ်၊ သေတဲ့လူဟာ ဘယ်လိုလုပ် စကား ပြောနိုင်မလဲ"

"ဒါဖြင့် သူဘယ်မှာ ရှိသလဲ"

"သိချင်ရင် လိုက်ရှာရမှာပေါ့"

ဟုန်ဝေယင်းက ပြုံးလိုက်ပြီး...

"ဒီကိစ္စဟာ မင်းကစတာ၊ မင်းပဲလိုက်ရှာပေါ့"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"ငါက စတာတော့ မှန်တယ်၊ ဒါပေမယ့် လိုက်ရှာဖို့တော့ တာဝန်မယူဘူး"

"ဒါဖြင့် မင်းသဘောက..."

"မင်းရှာချင်တယ်ဆိုရင် လိုက်ရှာပေါ့"



ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားကာ...

"ဘာ... ငါလိုက်ရှာရမယ် မဟုတ်လား"

"ဒါတော့ မင်းသဘောပဲ"

"ကောင်းပြီ... ငါလိုက်ရှာမယ်၊ ဒါပေမယ့် သူဘယ်မှာရှိတယ် ဆိုတာ မင်းပြောပြရမယ်"

ဝမ်းကြီးက ပခုံးတွန့်လိုက်သည်။

"ငါပြောပြရမယ် ဟုတ်လား"

"ဟုတ်တယ်... မင်းပြောမပြနိုင်ရင် ငါ့ထက်ညံ့သွားပြီ၊ မင်း ဝန်ခံမှ ငါ့နည်းငါ့ဟန်နဲ့ လိုက်ရှာမယ်"

ဝမ်းကြီးမှာ ဟုန်ဝေယင်းအား အရှုံးမပေးနိုင်ပါချေ။

ထို့ကြောင့် တံခါးဝဆီသို့ မျက်နှာမူလိုက်ကာ သူ၏ထင်မြင် ချက်ကို ဆက်တိုက် ပြောချလိုက်၏။

"ကျန်းချစ်ချစ် ဘယ်မှာရှိတယ်ဆိုတာ ငါမသိဘူး၊ ဒါပေမယ့် လူတစ်ယောက်တော့ သိလိမ့်မယ်"

ဟုန်ဝေယင်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပ လာ၏။

ဝမ်းကြီးအား စိုက်ကြည့်လိုက်ပြီး...

"မင်းပြောတဲ့လူက ဘယ်သူလဲ"

ဝမ်းကြီးက အဖြေမပေးဘဲ တံခါးအား ဆွဲဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူတစ်ယောက်မှာ အားလွန်၍ အခန်းတွင်းသို့ လဲကျလာသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းကြီးက ပြုံးလိုက်ကာ ...

"ငါပြောတာ သူပဲ"

▲ ▲ ▲

(၃)

အသက် (၅ဝ)ကျော်ခန့်ရှိပြီး ပိန်ပိန်ပါးပါး အဘွားအို တစ်ယောက်ဖြစ်သည်။ သူမ၏ ပုံဟန်မှာ လေတိုက်လျှင်ပင် လဲကျသွားတော့မတတ် ရှိနေ၏။ တံခါးဖွင့်လိုက်သောအခါ အားလွန်၍ အတွင်းသို့ ကျလာ၏။ ထိုအဘွားအိုမှာ ကျန်းမိသားစု၏ အထိန်းတော်ဘွားဘွားဝမ်းပင် ဖြစ်ပါသည်။

ဘွားဘွားဝမ်းမှာ လဲကျရာမှ ချက်ချင်းပင် လူးလိမ့်ထပြီး ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေ၏

ဝမ်းကြီးက ပခုံးတွန့်လိုက်သည်။ ထို့နောက် ဟုန်ဝေယင်းအား ပြုံးပြကာ ...

"ကဲ ... မင်း ဘာသိချင်သလဲ၊ သူ့ကိုမေးကြည့်ပါ"

ဟုန်ဝေယင်းက ဘွားဘွားဝမ်းအား မေးခွန်းထုတ်လိုသော မျက်လုံးများဖြင့် ကြည့်လိုက်၏။ အမှန်စင်စစ် ဘွားဘွားဝမ်းမှာ ကျန်းမိသားစု၏ အထိန်းတော်ဖြစ်သည်။ ထို့ကြောင့် ကျန်းမိသား



အနွယ်ဝင် အိမ်အတွင်း၌ရှိနေသည်မှာ မထူးဆန်းပါချေ။ အမှန်စင်စစ် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ကသာ ကျန်းမိသားစုအိမ်သို့ ကျူးကျော်ဝင်နေကြသည် မဟုတ်ပါလား။

ထို့ကြောင့် ဘွားဘွားဝမ်းက ဒေါသကြီးစွာဖြင့် ...

"မေးစရာရှိရင် ကျုပ်ကသာ မေးရမှာ၊ မင်းတို့က ဘာကြောင့် ဒီအိမ်ထဲကို ကျူးကျော်ဝင်နေရတာလဲ"

ဝမ်းကြီးမှာ ဘွားဘွားဝမ်းနှင့် ပတ်သက်သမျှ သူနှင့်မဆိုင်ဟု ယူဆထားပုံရ၏။ ထို့ကြောင့် ဘွားဘွားဝမ်း၏ အမေးအား ဖြေစရာမလိုသည့် သဘောဖြင့် ငြိမ်သက်စွာ ရပ်နေ၏။

ဤအချက်ကို သဘောပေါက်ထားသော ဟုန်ဝေယင်းမှာ မတတ်သာဘဲ ဘွားဘွားဝမ်းနှင့် မျက်နှာချင်းဆိုင်လိုက်ရလေသည်။

အမှန်မှာ သူကိုယ်တိုင်လည်း ခွင့်ပြုချက်မရှိဘဲ ကျန်းမိသားစုအိမ်သို့ ကျူးကျော်ဝင်နေခြင်း ဖြစ်သည်။

သို့သော် ကျန်းချစ်ချစ်က မသိဟန်ဆောင်နေခဲ့သည် မဟုတ်ပါလား။ ဟုန်ဝေယင်းမှာ ဘွားဘွားဝမ်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ကျွန်တော်ဟာ ကျန်းချစ်ချစ်ရဲ့ ခွင့်ပြုချက်နဲ့ ဒီမှာရှိနေတာပါ"

ဘွားဘွားဝမ်းမှာ မျက်မှောင်ကြုတ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... သခင်မလေးရဲ့ ခွင့်ပြုချက်နဲ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် သခင်မလေးရဲ့ ရန်သူတွေ မဟုတ်ဘူးပေါ့"

"ဟုတ်ပါတယ်"

"ကောင်းမော်နဲ့ကော ဘယ်လိုပတ်သက်နေကြသလဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး"

ဟုန်ဝေယင်း၏ စကားကြောင့် ဘွားဘွားဝမ်းမှာ အံ့သြတကြီး ဖြစ်သွားကာ ...

"ဟင် ... ဒီလိုဆိုရင် မှားကုန်ပြီထင်တယ်"

သူ၏စကားကြောင့် ဟုန်ဝေယင်းသာမက ဝမ်းကြီပါ မျက်လုံး ပြူးကျယ်သွားလေသည်။

ဟုန်ဝေယင်းက နားမလည်နိုင်စွာဖြင့်ကြည့်လိုက်ပြီး ...

"ဘယ်လိုမှားတာလဲဗျ"

"မင်းတို့ကို ကောင်းမော်နဲ့ အတူပါလာတဲ့ လူဆိုးတွေမှတ် လို့ ကျုပ် ချောင်းကြည့်နေတာ"

"ဗျာ ... ကောင်းမော်က လူဆိုးဖြစ်နေလို့လား"

ဤမေးခွန်းကိုမေးလိုက်သူမှာ ဟုန်ဝေယင်း မဟုတ်ဘဲ ဝမ်းကြီ ဖြစ်နေ၏။

ဟုန်ဝေယင်းမှာ ဝမ်းကြီနှင့် အမြဲတစေ စကားနိုင်လုခဲ့သော် လည်း ယခုတစ်ကြိမ်မူ စောဒကတက်ခြင်း မရှိပါချေ။



ဘွားဘွားဝမ်း ပြောကြားမည့် စကားကို စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။ ဘွားဘွားဝမ်းက သက်ပြင်းတစ်ချက် ချလိုက် ပြီး ...

"ဟုတ်တယ် ... ကောင်းမော်ဟာ လူဆိုးပဲဖြစ်ရမယ်"

"ဘာဖြစ်လို့လဲ"

"သူဟာ သခင်မလေးကို ဆွဲခေါ်သွားတာ တွေ့ရတယ်၊ သခင် မလေးကို ကြည့်ရတာ မတတ်သာလို့ လိုက်သွားရတဲ့ ပုံပဲ"

ဘွားဘွားဝမ်း၏ စကားကြောင့် ဟုန်ဝေယင်းမှာ မျက်မှောင် ကြုတ်သွားကာ ...

"ကောင်းမော်က ကျန်းချစ်ချစ်ကို အတင်းအဓမ္မ ခေါ်သွား တယ် ဟုတ်လား"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သေသေချာချာ မပြောနိုင်သေး ဘူး"

"သူတို့ ဘယ်ဘက်ကို ထွက်သွားကြတာလဲ"

"နောက်ဖေးပေါက်က ထွက်သွားကြတာ၊ ဒါကြောင့် ကျုပ် စိတ်ထဲမှာ မရိုးသားဘူးလို့ထင်တယ်"

"ခင်ဗျား သူတို့နောက်ကို လိုက်မကြည့်ဘူးလား"

"ကျုပ် ကြောက်လို့ လိုက်မသွားတာပါ၊ ကောင်းမော်ဟာ သခင်မလေးကို တွန်းတွန်းထိုးထိုး ခေါ်သွားစရာ အကြောင်းမရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သခင်မလေး ဟုတ်တယ် မဟုတ်ဘူးဆိုတာ မပြောနိုင်ဘူးလေ"

"ကျန်းချစ်ချစ် ဟုတ်မဟုတ် သိရအောင် ဒီကို လာကြည့်တယ် ဆိုပါတော့ ..."

"ဟုတ်ပါတယ်"

ဟုန်ဝေယင်းက သက်ပြင်းချလိုက်မိသည်။ ထို့နောက် ပိုင်နိုင်တိကျသော လေသံဖြင့် ...

"ကဲ ... ကောင်းမော် ခေါ်သွားတဲ့ လူဟာ ခင်ဗျားတို့ သခင်မလေးလို့ပဲ မှတ်လိုက်ပေတော့ ..."

ဘွားဘွားဝမ်းမှာ နိုးရိမ်ထိတ်လန့်သွားကာ ...

"ဒီလိုဆို သခင်မလေး တကယ်မရှိတော့ဘူးပေါ့"

"ရှိရင် ခင်ဗျားမြင်နေရပြီပေါ့"

ဘွားဘွားဝမ်းက အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်။ ထိုအခါမှ ရှောင်လန်း၏ အလောင်းကို တွေ့မြင်သွားလေသည်။

"ရှောင်လန်း၏အလောင်းကို တွေ့မြင်သွားသည်နှင့် ဖူးဖူးရှား တစ်ချက်အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားကာ သတိလစ် မေ့မြောသွားလေတော့သည်။

▲ ▲ ▲



(၄)

ဘွားဘွားဝမ်းမှာ ကြမ်းပြင်ပေါ်တွင် လဲကျနေ၏။ ဟုန်ဝေယင်းက နှာဝအနီးသို့ လက်ဖြင့်စမ်းသပ်ကြည့်လိုက်ပြီး ...

"တော်ပါသေးရဲ့၊ အသက်ရှိနေသေးတယ်ဗျ"

ဝမ်းကြီးက မဲ့ပြုံးပြုံးလိုက်ကာ ...

"ဘာလဲ ... လူသေအလောင်းမြင်တာနဲ့ ကြောက်လန့်တကြားလုံးသွေးရုပ်ပြီး သေသွားတယ်လို့ ထင်နေသလား"

"ဟုတ်တယ်လေ ... သူသေသွားရင် ဘယ်နှယ်လုပ်မလဲ"

ဝမ်းကြီးက တိတ်ဆိတ်စွာ စဉ်းစားနေလိုက်၏။ အတန်ကြာမှ

"သူ့မှာ ထူးခြားချက်တစ်ခု ရှိနေတာ မင်းသတိပြုမိသလား"

ဟုန်ဝေယင်းက မျက်မှောင်ကြုတ်သွားကာ ...

"ဘာထူးခြားချက်လဲ"

"သူဟာ တို့နှစ်ယောက်ရဲ့ စကားတွေကို နားထောင်ခဲ့တယ်၊ ...တော့ ရှောင်လန်းရဲ့ အလောင်းကိုတွေ့တာနဲ့ သူ့ရဲ့ပုံဟာ ကြောက်...ကောင်းအောင် အကျည်းတန်သွားတာ တွေ့ရတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ သူဟာ ရှောင်လန်းနဲ့ ပတ်သက်လို့ ဖြစ်မှာ...ပါ"

သူ၏စကားကို ဟုန်ဝေယင်းက လက်မခံနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ လူတစ်ဖက်သားကို သံသယမျက်လုံးနဲ့ပဲ ကြည့်တတ်တယ်၊ ငါသာ ဒီအဘွားအိုနဲ့ ဆွေမျိုးတော်ရင် မင်း မသက်သာဘူး"

ဝမ်းကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဟုန်ဝေယင်းက စကားဆက်လိုက်သည်။

"နေစမ်းပါဦး၊ ကောင်းမော်က ဘာသဘောနဲ့ ကျန်းချစ်ချစ်ကို ဖမ်းသွားရတာလဲ"

ဝမ်းကြီးက ပခုံးတွန့်လိုက်ပြီး ...

"မင်းသိချင်ရင် ကောင်းမော်ကို သွားမေးကြည့်ပါလား"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွား၏။

သို့သော် ခပ်တည်တည်ဖြင့် ...

"မင်း မစဉ်းစားတတ်ဘူးဆိုရင်လည်း ငါပြောပြရမှာပေါ့၊ ကောင်းမော်က ကျန်းချစ်ချစ်ကို ခွဲလမ်းတယ်၊ ကျန်းချစ်ချင်က အချိန်ဆွဲနေတယ်၊ ဒီတော့ အမြန်ဆုံး နီးစပ်အောင် လုပ်ကြံလိုက်တာပဲ ဖြစ်ရမယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဝမ်းကြီးက သဘောကျစွာ ရယ်မောလိုက်လေသည်။ ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘာလဲ ... ငါပြောတာ မဖြစ်နိုင်ဘူးလို့ မင်းက ထင်နေတာပေါ့"



ဝမ်းကြီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... မင်းပြောတာ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်းပါတယ်၊ ကောင်းမော်နဲ့ ကျန်းချစ်ချစ်တို့ဟာ ပင့်ကူဆီက သေမင်းတမန်ကတ်ပြား ရထားကြတဲ့ လူတွေပဲ၊ ဒါကြောင့် အခုအချိန်မှာ ပင့်ကူကို ဘယ်လိုရင်ဆိုင်မလဲဆိုတာသာ စဉ်းစားသင့်တယ် မဟုတ်လား"

ဝမ်းကြီး၏ စကားမှန်ကန်ကြောင်း ဟုန်ဝေယင်း သဘောပေါက်ထား၏။ သို့သော် ခေါင်းညိတ်ရမည်ကိုဝန်လေးသဖြင့် ကတ်ဖြီး ကတ်ဖဲ့ နိုင်လှသော မေးခွန်းတစ်ခုကို ဗွတိုက် မေးမြန်းလိုက်၏။

"မင်းပြောသလို မဟုတ်ဘဲ သူတို့က ချစ်ရေးချစ်ရာကိစ္စတွေကို စိတ်ဝင်စားတယ်ဆိုရင်ကော ..."

ဟုန်ဝေယင်းမှာ စကားကတ်ဖဲ့၍ ပြောနေခြင်းဖြစ်ကြောင်း ဝမ်းကြီးက နားလည်လိုက်၏။

သို့သော် သူက ငြင်းဆန်ခြင်း မပြုပါချေ။

ထို့အပြင် စဉ်းစားခြင်းလည်း မပြုဘဲ ...


"မင်းပြောတဲ့အတိုင်းဆိုရင် သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ဟာ ပင့်ကူဖြစ်နေရမှာပေါ့"

ဝမ်းကြီး ဤသို့ ပြောလိမ့်မည်ဟု မထင်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com





မထင်သည့်စကား ကြားလိုက်ရသဖြင့် ဟုန်ဝေယင်းမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။

▲ ▲ ▲

(၅)

တစ်ခါမျှ မဖြစ်ပေါ်ဘူးသည့် ခင်မင်လေးစားသော သို့မဟုတ် အထင်ကြီးသော စိတ်များပင် ဖြစ်ပေါ်လာမိ၏။

ဟုန်ဝေယင်း၏ ရင်ထဲ၌ ဝမ်းကြို့နှင့် ပတ်သက်၍ ပထမဆုံး အကြိမ် ဖြစ်ပေါ်လာသော ခံစားချက်များပင် ဖြစ်လေသည်။

သို့သော် ဝမ်းကြို့၏ စကားအားလုံး မှန်သည်ဟု မယူဆပါချေ။ ဝမ်းကြို့ကလည်း မှန်သည်ဟု တစ်ထစ်ချ ပြောဆိုခဲ့ခြင်းမျိုး မဟုတ်ပါ။

ဖြစ်နိုင်စရာအကြောင်းသည့် အချက်ကို ပြောပြခဲ့ခြင်းသာ ဖြစ်လေသည်။ ဟုန်ဝေယင်းမှာ ဝမ်းကြို့အား စိုက်ကြည့်ရင်း ...

"မင်းပြောတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်တာမဖြစ်တာတော့ ငါမသိဘူး၊ ငါသိတာက ကောင်းမော်သာ ပင့်ကူဖြစ်ခဲ့ရင် အံ့သြမိမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်း စဉ်းစားကြည့်လေ ... ကောင်းမော်ဟာ ကြောက်စရာ



ကောင်းတဲ့ လူတစ်ယောက်မဟုတ်လား၊ သိုင်းပညာ ထူးချွန်တဲ့အပြင် ကောက်ကျစ်စဉ်းလဲပြီး ဉာဏ်များတယ်၊ ပင့်ကူဖြစ်နိုင်ဖို့အတွက် သူ့မှာ အရည်အချင်းရှိတယ်"

ဝမ်းကြို့၏ စကားများက စဉ်းစားစရာဖြစ်နေ၏။ ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒီလိုသာဆို ကျန်းချစ်ချစ်ကို အချိန်မရွေး ဖမ်းသွားနိုင်တာပေါ့၊ ဘာဖြစ်လို့ အခုကျမှ ဖမ်းရတာလဲ"

ဝမ်းကြို့က ပြုံးလိုက်ပြီး ...

"သူက ငါလုပ်သလိုမျိုး ကျန်းချစ်ချစ်ကို လုံခြုံစိတ်ချရတဲ့ တစ်နေရာ ပို့ထားသလားမသိဘူး"

"ဟာ ... သူဒီလောက် စိတ်ကောင်းရှိပါ့မလား"

ဝမ်းကြို့က အားရပါးရ ပြုံးလိုက်ပြီး ...

"လက်စသတ်တော့ မင်းက ငါ့ကို သွယ်ဝိုက်ပြီး ချီးကျူးလိုက်တာကိုး"

"ဘာ ... ငါက မင်းကို ချီးကျူးတယ် ဟုတ်လား"

"ဟုတ်တယ်လေ ... ကောင်းမော်က ငါလုပ်သလို လိုက်လုပ်တဲ့အတွက် စိတ်ကောင်းရှိတယ်ဆိုရင် ငါဟာလည်း စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပေါ့၊ ငါ့ကို စိတ်ကောင်းရှိတယ်လို့ ပြောတာ ချီးကျူးတာနဲ့ အတူတူပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြို၏ စကားက ကျိုးကြောင်းဆက်စပ်မှု ရှိနေ၏။ ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်ရတော့၏။

အတန်ကြာမှ လက်ကာပြလိုက်ပြီး ...

"မင်းနဲ့ ဆက်ပြောရင် အပိုတွေပဲဖြစ်တော့မယ်၊ အခု တို့ စဉ်းစားရမှာက ကောင်းမော်ဟာ ကျန်းချစ်ချစ်ကို ဘယ်ခေါ်သွားသလဲ ဆိုတာပဲ မဟုတ်လား"

ဝမ်းကြို့က ပြုံးရင်း ...

"ဒါ လွယ်ပါတယ်"

သူ၏စကားကြောင့် ဟုန်ဝေယင်းမှာ အံ့ဩသွားရလေသည်။ ဝမ်းကြို့အား မယုံနိုင်စွာဖြင့် ကြည့်ရင်း ...

"လွယ်တယ် ဟုတ်လား၊ မင်း တော်တော် ကြီးကျယ်နေပါလား"

"ငါက ကြီးကျယ်တာ မဟုတ်ဘူး၊ အမှန်အတိုင်း ပြောတာ"

"ဒါဖြင့် ပြောစမ်း"

"လွယ်ပါတယ်ကွာ၊ မင်းရဲ့အစ်ကိုကြီးဆီမှာ အကူအညီ တောင်းရင် ကျန်းချစ်ချစ်ကို ရှာတွေ့မှာပဲ"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားသည်။

"ငါ့မှာ အစ်ကိုကြီးမှ မရှိဘဲ၊ ငါဟာ တစ်ကောင်ကြွက်ဆိုတာ မင်းမသိဘူးလား"



ဝမ်းကြို့က ခပ်တည်တည်ဖြင့် ...

"မင်းမှာ အစ်ကိုကြီးရှိတယ်ဆိုတာ ငါသိပါတယ်ကွာ၊ မင်း မသိချင်ဟန် ဆောင်မနေပါနဲ့"

"ဘာကွ ... ငါ့မှာ အစ်ကိုကြီး မရှိဘူး"

"ရှိတယ်"

"ကဲ ... ပြောစမ်း၊ ဘယ်သူလဲ"

"အာကျယ်ဆီက မင်းငှားလာတဲ့ ဟို ..."

ဝမ်းကြို့မှာ စကားဆုံးအောင်ပင် မပြောနိုင်ဘဲ တဟားဟား ရယ်မောလိုက်လေသည်။ ဟုန်ဝေယင်းမှာ ပထမတွင် သဘော မပေါက်သေးဘဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

သို့သော် တစ်ခဏအတွင်းမှာပင် သဘောပေါက်သွားကာ သူ့မျက်နှာမှာလည်း ရုတ်တရက် နီမြန်းသွားလေတော့၏။ ထို့နောက် တွင်မူ ...

"ခွေးပိန်နဲ့ ငါ့ကို ခွေးမျိုးလို့ပြောတယ်ပေါ့၊ ကဲ ... ပြောဦး ကွာ"

ဒေါသကြီးစွာ ကြိမ်းမောင်းရင်း ဝမ်းကြို့အား တိုက်ခိုက်လိုက် လေသည်။ ဝမ်းကြို့မှာ တဟားဟားရယ်မောရင်း အခန်းတွင်း ပတ်ချာ လှည့်ပြေးကာ ရှောင်တိမ်းနေ၏။

အတန်ကြာ လိုက်လံတိုက်ခိုက်သော်လည်း ဝမ်းကြို့၏ အင်္ကျီ စကိုပင် မထိနိုင်၍ ဟုန်ဝေယင်းက ရပ်တန့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အံကိုတင်းတင်းကြိတ်ထားပြီး...

"မင်းတော်တော်စော်ကားတယ်၊ ငါ မင်းကို လက်သီးတစ်ချက် မထိုးရရင် မကျေနပ်ဘူး"

ဝမ်းကြိုက ပြေးလွှားရာမှ ရပ်တန့်လိုက်သည်။ ဟုန်ဝေယင်းအား လက်ကာပြကာ ဟန့်တားထားရင်း...

"ငါက မင်းကို စတာပါကွာ၊ စိတ်မဆိုးပါနဲ့..."

သူ၏ စကားကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ ကျေနပ်သလို ဖြစ်သွား၏။ ယခုအခါ သူတို့နှစ်ယောက်မှာ အမြဲတစေ ဘုနှင့်ဘောက် ကျနေခဲ့ရာမှ တဖြည်းဖြည်း မိတ်ဆွေ သူငယ်ချင်း အသွင်သို့ ပြောင်းလဲလာ၏။

ဤအချက်ကို နှစ်ယောက်စလုံးက ရိပ်စားမိကြလေသည်။

ဟုန်ဝေယင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

"မင်းပြောမှ ငါသတိရတယ်၊ ကျန်းချစ်ချစ်ရဲ့ ခါးစည်းကြိုးမှာ ချိတ်ထားတဲ့ ခွေးပေါင်ဒါမှုန့် အထုပ်ကလေးကိုမဖြုတ်ရသေးဘူး"

ဝမ်းကြိုက ရယ်မောလိုက်ကာ...

"ငါသိပါတယ်ကွာ၊ မင်းဟာ ကျန်းချစ်ချစ်နဲ့ စကားပြောနေရမယ်ဆိုရင် အားလုံးကို မေ့နေမှာပဲ"

ဟုန်ဝေယင်းက နှာခေါင်းရှုံ့ပစ်လိုက်၏။



"မင်းကကော ဘာထူးသလဲ၊ ကျန်းချစ်ချစ်က အကူအညီ တောင်းတာနဲ့ တစ်ကောက်ကောက်လိုက်ပြီး ကူညီနေတယ် မဟုတ်လား"

ဝမ်းကြိုက ခေါင်းကို အသာအယာယမ်းခါကာ...

"မဟုတ်ဘူး၊ ငါမှာ ရည်ရွယ်ချက်ရှိတယ်"

"ဘာရည်ရွယ်ချက်လဲ"

ဝမ်းကြိုက ခေါင်းခါယမ်းလိုက်ပြီး...

"ငါပြောစရာမလိုဘဲ တစ်နေ့ မင်းသိလာမှာပါ၊ အခု လောလောဆယ်တော့ မင်းရဲ့မိတ်ဆွေ အာကျယ်ဆီသွားပြီး ခွေးငှားဖို့ပဲ"

ဝမ်းကြို၏ အဆိုပြုချက်မှာ လတ်တလောအခြေအနေတွင် ဆီလျော်နေသည်။ သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် အခန်းတွင်းမှ ပြိုင်တူ လှမ်းထွက်လိုက်ကြလေတော့၏။

▲ ▲ ▲

## (၆)

ဒုတိယအကြိမ်မြောက် ခွေးငှားခြင်းဖြစ်သည်။

အာကျယ်၏ ခွေးပိန်မှာ ဟုန်ဝေယင်း၏ လက်ထဲသို့ အမြီး တနန့်နန့်ဖြင့် ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ခွေးရှင် အာကျုယ်နှင့်အတူ အလုပ်သမားနှစ်ယောက်လည်း ပါလာကြသေးသည်။ ညဦးနက်ပြီဖြစ်သော်လည်း ဤမြို့ကလေး၌ လမ်းစရိုးကျွမ်းကျင်သော အာကျုယ်က စေတနာဖြင့် ကူညီရန် လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ဟုန်ဝေယင်းမှာ အာကျုယ်၏ စေတနာကို ငြင်းပယ်ရန် ခက်နေ၏။ ထို့အပြင် အာကျုယ်တို့အား ကောင်းစွာ အကာအကွယ်ပေးနိုင်သည်ဟု ယူဆသဖြင့် လိုက်ပါရန် သဘောတူခဲ့ခြင်း ဖြစ်သည်။

ခွေးပိန်ကို ငှားရမ်းပြီး ချက်ချင်းပင် ကျုန်းမိသားစုအိမ်သို့ ပြန်လာခဲ့ကြသီး၍ သို့သော် အိမ်ထဲသို့ ဝင်စရာ အကြောင်းမရှိတော့ပေ။

ကောင်းမော်က ကျုန်းချစ်ချစ်အား ခေါ်ထုတ်သွားသည်ဆိုသော နောက်ဖေးပေါက်မှ စတင်စုံစမ်းကြလေသည်။

ညဦးနက်လှပြီး လူခြေတိတ်ဆိတ်နေသော်လည်း ခွေး၏အနံ့ခံမှုကို မထိခိုက်နိုင်ပါချေ။

ခွေးပိန်မှာ နှာခေါင်း တရှုံ့ရှုံ့ဖြင့် အနံ့ခံနေ၏။

အတန်ကြာမှ တအင်းအင်း ညည်းညူကာ အနောက်ဘက် လမ်းကြားကလေးအတိုင်း ထွက်သွား၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး နောက်မှ လိုက်သွားကြလေသည်။



အတန်ကြာ သွားမိသောအခါ ခွေးပိန်မှာ မြို့ဝင်းတစ်ခုသို့ ဦးတည်သွားနေသည်ကို တွေ့ရ၏။

ယင်းမြို့ဝင်းမှ ဝင်လျှင် အဆောက်အအုံကြီးတစ်ခု၏ အနောက်ဘက်သို့ ရောက်သွားပေမည်။

မီးရောင်များ ထိန်ထိန်လင်းနေသဖြင့် အဆောက်အအုံ၏ အနောက်ဘက်တွင် အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကို တွေ့ရလေသည်။

အာကျုယ်မှာ မျက်လုံးပြူးကျယ်သွားကာ ခွေးပိန်အား ပြေးဆွဲထားလိုက်ရ၏။ တစ်ဖန် ဟုန်ဝေယင်းဘက်သို့ လှည့်လိုက်ပြီး ...

"ဆက်သွားလို့ မဖြစ်ဘူး၊ ဒီနေရာဟာ မြို့တော်ဝန်ရဲ့ စားဖိုဆောင်ပဲ"

သူ၏ စကားကိုကြားရမှ မွှေးကြိုင်သင်းပျံ့သော ဟင်းနံ့များကို ရှူရှိုက်မိလိုက်ကြလေသည်။

အမှန်စင်စစ် ခွေးပိန်မှာ မွှေးကြိုင်သော ဟင်းနံ့များကြောင့် မြို့တော်ဝန်၏ စားဖိုဆောင်သို့ ဦးတည်သွားခဲ့ခြင်း ဖြစ်လေသည်။

အာကျုယ်က ပခုံးတွန့်လိုက်ပြီး ...

"မိုးလင်းရင် မြို့တော်ဝန်က အလှူလုပ်လိမ့်မယ်၊ ဒါကြောင့် အစောစီးစီး ချက်ပြုတ်နေတာနဲ့ တူပါတယ်"

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ ငိုရလည်းခက် ရယ်ရလည်း

www.burmeseclassic.com

www.burmeseclassic.com



ခက် ဖြစ်သွားကြလေသည်။ ဟုန်ဝေယင်းမှာ ချေးပိန်အား စိတ်တိုင်းကျ ကန်ကျောက်ပစ်ချင်စိတ်များ ဖြစ်ပေါ်လာ၏။ ဟုန်ဝေယင်း၏ စိတ်ထားကို နားလည်သော အာကျယ်က မချိုပြုံး ပြုံးကာ...

"စိတ်မပျက်ပါနဲ့ဗျာ၊ ကျုပ်တို့က အစကပြန်ပြီး ကြိုးစားကြ[illegible] တာပေါ့"

ပြောပြီးသည်နှင့် ကျန်းမိသားစု အိမ်အနောက်ဘက်သို့ ပြ[illegible] လည် လျှောက်သွားကြလေ၏။ ပြီးမှ ချေးပိန်အား အနံ့ခံပြန်စေသည်

သို့သော် ချေးပိန်မှာ မြို့တော်ဝန်ဂေဟာဘက်သို့သာ လှ[illegible] မျှော်ကြည့်နေပြီး တအင်းအင်း ညည်းညူနေ၏။ ထို့ကြောင့် ဟုန်[illegible] ယင်းမှာ ဒေါသထွက်လာကာ...

"ကဲ... ဒီလောက်တောင် တော်ဦးကွာ"

ကြိမ်းမောင်းရင်း ခြေဖြင့် သုံးလေးချက်မျှ ကန်ကျောက်လို[illegible] ၏။

ချေးပိန်မှာ တဂိန်ဂိန်အော်ရင်း အတင်းရုန်းထွက်ရာ ဟုန်[illegible] ယင်း၏ လက်ထဲမှ လွတ်သွားပေတော့သည်။

ထို့အပြင် ဟုန်ဝေယင်းအား ကြောက်သွားသောကြောင့် အ[illegible] သို့ ပြေးထွက်သွား၏။

အာကျယ်မှာ သူ၏ချေးအား သံယောဇဉ်ကြီးမားသူ[illegible] တအို့ အို့ ခေါ်ရင်း နောက်မှ ပြေးလိုက်သွားလေသည်။



ဝမ်းကြိုနှင့် ဟုန်ဝေယင်းတို့မှာ စိတ်ပျက်သွားကြပြီး မြေပေါ် သို့ ထိုင်ချလိုက်ကြသည်။ သို့သော် ချက်ချင်းပင် ပြန်လည် ထလိုက် ကြရ၏။

အကြောင်းမှာ အာကျယ်၏ အသံကိုကြားလိုက်ရသည် မဟုတ် ပါလား။

"ကျုပ်အနောက် အမြန်လိုက်ခဲ့ကြဗျို့"

ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့မှာ စဉ်းစားခြင်းပင် မပြုဘဲ အာကျယ်နောက်သို့ ပြေးလိုက်သွားကြရပြန်လေတော့သည်။

▲ ▲ ▲

(၇)

ချေးပိန်မှာ နှာခေါင်း တရှုံ့ရှုံ့ဖြင့် အနံ့ခံနေ၏။

ဟုန်ဝေယင်း ကန်ကျောက်လိုက်သည်ကိုပင် မေ့လျော့သွား သည့်ပမာ စိတ်ဝင်စားစွာ အနံ့ခံနေခြင်း ဖြစ်လေသည်။

ချေးပိန် အနံ့ခံနေသည့် နေရာမှာ ကျန်းမိသားစု၏ အိမ်၏ အနောက်ဘက် ခြံဝင်းတံခါးပေါက်နှင့် မျက်နှာချင်းဆိုင် လမ်းကြား ကလေးထိပ်တွင် ဖြစ်သည်။ ချေးပိန်မှာ တစ်ခဏတာမျှ အနံ့ခံနေ ပြီးနောက် ဝုတ်ခနဲ တစ်ချက်ဟောင်ကာ လမ်းကြားကလေးအတွင်း သို့ ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ထူးခြားနေပြီဖြစ်ကြောင်း သဲသဲသာပေါက်လိုက်သဖြင့် အာကျယ်က ဟုန်ဝေယင်းတို့အား လှမ်းခေါ်လိုက်ပြန်၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြီတို့ ရောက်ရှိလာကြသောအခါမှ ချေးပိန် ပြေးဝင်သွားရာ လမ်းကြားကလေးထဲသို့ အပြေးအလွှား ဝင်ရောက်လာကြတော့၏။

သူတို့၏ နောက်မှ အလုပ်သမား နှစ်ယောက်လည်း လိုက်လာကြလေသည်။

လမ်းကြားကလေးမှာ ကျဉ်းမြောင်းပြီး မှောင်မည်းနေသဖြင့် သတိကြီးစွာ ထားကာ ပြေးလိုက်သွားရခြင်း ဖြစ်၏။

အတန်ကြာ ပြေးသွားမိသောအခါ လမ်းမကျယ်တစ်ခုသို့ ရောက်လာကြသည်။ သို့သော် ချေးပိန်မှာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ပြေးသွားနေ၏။

ထို့ကြောင့် ဟုန်ဝေယင်းတို့မှာလည်း နောက်မှ ဆက်၍လိုက်သွားကြရပြန်လေသည်။

မကြာပါချေ... ချေးပိန်မှာ လမ်းများကို တစ်လမ်းပြီးတစ်လမ်း ဖြတ်ကာ မြို့စွန်ပိုင်းထိအောင်ပင် ပြေးသွား၏။

လူခြေတိတ်ပြီး ကျယ်ဝန်းသော ခြံဝင်းများနှင့် ကြီးမားသော အဆောက်အအုံများသာ ရှိသည့် မြို့စွန်သို့ ရောက်ရှိလာသဖြင့် ဟုန်ဝေယင်းနှင့် ဝမ်းကြီတို့မှာ သတိကြီးစွာ ထားနေကြရလေသည်။



နောက်ဆုံး မြို့၏အနောက်ဘက်အစွန် တောင်ကုန်းကလေးတစ်ခုပေါ်သို့ ပြေးတက်သွားပြီး အဆောက်အအုံကြီးတစ်လုံးရှေ့သို့ ရောက်သွားမှ ချေးပိန်မှာ ရပ်တန့်သွားလေသည်။

ထိုနေရာရောက်မှ သေချာစွာ အကဲခတ်ကြည့်လိုက်ကြရာ ပျက်စီးယိုယွင်းနေပြီဖြစ်သော အိမ်အိုဟောင်းကြီး တစ်လုံး ဖြစ်နေသည်ကို တွေ့လိုက်ကြရလေတော့သည်။

▲ ▲ ▲

(၈)

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

ကောင်းကင်ပေါ်တွင် ရှိနေသော ကြယ်ရောင် လရောင်များကြောင့်သာ ပတ်ဝန်းကျင်ကို မသဲမကွဲ တွေ့မြင်နေရခြင်းဖြစ်လေသည်။

မနိမ့်လှ မမြင့်လှသော တောင်ကုန်းကလေးအပေါ်တွင် အဆောက်အအုံတစ်လုံး ရှိနေ၏။

သစ်သားများဖြင့် ဆောက်လုပ်ထားပြီး အနုပညာ လက်ရာမြောက်စွာ ဆောက်လုပ်ထားသောကြောင့် တစ်ချိန်က အလွန်ချမ်းသာကြွယ်ဝသူများ ပိုင်ဆိုင်ခဲ့ရမည်ဖြစ်သည်ကို တွက်ဆ၍ ရနိုင်လေသည်။

ဤအဆောက်အအုံကား ယခင်က နေ့ညမပြတ် လူစည်ကား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ခိုက်တင်မြို့တွင် ခမ်းနားထည်ဝါသော အဆောက်အအုံတစ်ခု အဖြစ် နေရာယူခဲ့ပေမည်။

သို့သော် ယခုအချိန်တွင်မူ လူသူစွန့်ပစ်ထားသည့် အဆောက်အအုံပျက်တစ်ခု ဖြစ်နေချေပြီတကား။

ပြုပြင်ထိန်းသိမ်းမည့်သူ မရှိသောကြောင့် အမိုးအကာများပင် ပေါက်ပြဲပြိုကျနေ၏။

ပြတင်းပေါက် တံခါးများမှာ အောက်သို့ တွဲလောင်းကျနေရာ အချို့နေရာများတွင် တံခါးဟူ၍ မည်မည်ရရ မရှိတော့ပါချေ။

အဆောက်အအုံအတွင်းသို့ အဝင်ဝ တံခါးမကြီးမှာလည်း ဟာလာဟင်းလင်း ပွင့်နေ၏။

မြက်ပင် နွယ်ပင်များမှာ ခြံဝင်းအပြည့်ပေါက်ရောက်နေပြီး အဆောက်အအုံပေါ်သို့ ပင်နွယ်ယှက်တွယ်တက်နေကြ၏။

ချေးပိန်မှာ အဆောက်အအုံရှေ့သို့ အရောက်တွင် အတွင်းသို့ မဝင်သေးဘဲ အာကျယ်ဘက်သို့ လှည့်ကာ တအင်းအင်း အော်မြည်နေ၏။

ဟုန်ဝေယင်းနှင့် ဝမ်ကြဲတို့မှာ ခြေလှမ်းရပ်တန့်လိုက်ကြပြီး အဆောက်အအုံပျက်အား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ သူတို့ ရင်ထဲမှာလည်း အတွေးကိုယ်စီဖြင့် ဖြစ်နေကြသည်။

ကောင်းမော်က ကျန်းချစ်ချစ်အား ဤနေရာသို့ အမှန်ပင် ခေါ်ဆောင်လာခဲ့သလော...။



ထိုအချိန်တွင် အာကျယ်နှင့် သူ၏ အလုပ်သမားနှစ်ယောက်မှာ ပတ်ဝန်းကျင် အခြေအနေကြောင့် ကြက်သီးမွေးညှင်း ထကာ ကြောက်လန့်နေကြ၏။ ဝမ်ကြဲမှာ အခြေအနေကို အကဲခတ်ကြည့်လိုက်ပြီးမှ ဟုန်ဝေယင်းအား ကြည့်ကာ...

“ဘယ်လိုလဲ...”

ဟုန်ဝေယင်းက ပခုံးတွန့်ပြလိုက်သည်။ ထို့နောက် အာကျယ်ဘက်သို့ လှည့်လိုက်ပြီး...

“ဒါ ဘယ်သူ့အိမ်လဲ မင်းသိသလား”

အာကျယ်က ခေါင်းညိတ်လိုက်သည်။

“ဒီနေရာမှာ ပိုင်ရှင်မရှိတာ ကြာလှပြီ၊ ဒီအနီးအနား ပတ်ဝန်းကျင်က လူတွေလည်း ဒီနေရာကို မလာဝံ့ကြဘူး”

“ဘာဖြစ်လို့လဲ...”

“ဒီမှာ သရဲခြောက်တယ်လို့ နာမည်ကြီးနေလို့”

အာကျယ်က ပြောရင်း ကြက်သီး ထနေပြန်လေသည်။

ဟုန်ဝေယင်းက ပြုံးမိလိုက်သည်။

“မင်းတို့ကော...”

အာကျယ်မှာ ရုတ်ရက် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

အတန်ကြာမှ အထစ်ထစ် အငေါ့ငေါ့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ကျုပ်လဲ"

ဟုန်ဝေယင်းက ရယ်မောလိုက်ပြီး ...

"တော်စမ်းပါကွာ၊ သူများပြောတိုင်း ကြောက်မနေပါနဲ့၊ ဒီအိမ်ကို ဘယ်သူ ပိုင်ဆိုင်ခဲ့သလဲဆိုတာ သိရင် ပြောပြစမ်းပါ"

အာကျယ်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ ...

"ဒီအိမ်ပိုင်ရှင်ဟာ ဟန်အမျိုးထဲက လူတစ်ယောက်ပဲ၊ သူ့နာမည် ဟန်ချန်း ... လို့ ခေါ်တယ်"

သူ၏ စကားကြောင့် ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။

"ဘာ ... ဟန်ချန်း ... ဟုတ်လား"

အာကျယ်က ခေါင်းကို ဆတ်ခနဲညိတ်ကာ ...

"ဟုတ်တယ်"

ဟုန်ဝေယမ်း၏ အမူအရာမှာ ထူးခြားနေသောကြောင့် ဝမ်းကြီးက ကြားဖြတ်မေးလိုက်လေသည်။

"မင်း ... ဟန်ချန်းကို သိလို့လား"

ဟုန်ဝေယမ်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မသိပါဘူး၊ ဒါပေမယ့် ကောင်းမော် ပြောတဲ့ စကားမှာ ဟန်ချန်းဆိုတဲ့ အမည် ပါဖူးတာကို သတိထားမိလို့ပါ"

"ဒါဖြင့် ဟန်ချန်းနဲ့ ကောင်းမော်တို့ဟာ တစ်နည်းတစ်ဖုံ ပတ်သက်နေနိုင်တယ်ဆိုပါတော့ ..."



ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ကာ ...

"ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဘယ်လိုပတ်သက်နေသလဲဆိုတာတော့ ငါလည်းမသိဘူး"

ဝမ်းကြီးက အာကျယ်အား ကြည့်ကာ ...

"မင်း ဟန်ချန်းဆိုတဲ့ လူရဲ့အကြောင်းကို သိသလား"

အာကျယ်က အနည်းငယ်စဉ်းစားလိုက်ပြီးမှ ...

"သူများပြောသံကြားဖူးလို့ နည်းနည်းပါးပါးတော့ သိပါတယ်၊ ခင်ဗျား ဘာသိချင်သလဲ မေးပါ"

ဝမ်းကြီးက အာကျယ်၏ မျက်နှာအား အကဲခတ်သလို ကြည့်ကာ ...

"ဟန်ချန်းဟာ ဘယ်လိုလူစားမျိုးလဲ"

အာကျယ်က ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူးဗျ"

ဝမ်းကြီးမှာ ပြုံးမိလိုက်လေသည်။ အာကျယ်အား သဘောကျသွားသည့်အလား စိုက်ကြည့်ရင်း ...

"ကျုပ်မေးတာက ဟန်ချန်းဟာ ဘယ်လိုအလုပ်မျိုး လုပ်ကိုင်သလဲ။ မင်းမှုထမ်းလား၊ ကုန်သည်လား၊ ဒါမှမဟုတ် သိုင်းသမားတစ်ယောက်လား"

အာကျယ်မှာ ယခုမှသဘောပေါက်သွားဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ ခင်ဗျားက ဒီလိုမေးတာကိုး၊ ပြောသံ ကြားရတာကတော့ ဟန်ချန်းဟာ ကုန်သည်တစ်ယောက်လို့ ပြောကြ တာပဲ၊ ဒါပေမယ့် ဘယ်လိုလုပ်ငန်းမျိုး လုပ်တယ်ဆိုတာတော့ ကျုပ် သိဘူး"

ဝမ်းကြီးက မည်သို့ ဆက်မေးရမှန်းမသိ ဖြစ်သွားလေသည်။

ဝမ်းကြီး အခက်တွေ့နေကြောင်း သဘောပေါက်လိုက်သဖြင့် ဟန်ဝေယင်းက ကြားဝင်လိုက်လေသည်။

ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဟန်ချန်းဟာ ကုန်သည်ဆိုတော့ ဆိုင်တွေကနားတွေ တစမ်း နားနဲ့ ဒီမြို့မှာ ရောင်းဝယ်တဲ့လုပ်ငန်းလုပ်မှာပေါ့ ဟုတ်တယ် ဟုတ်လား"

အာကျယ်က ခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ဘူးဗျ"

"ဒါဖြင့် သူက ဘယ်လို ကုန်သည်လဲ"

"နယ်လှည့် ကုန်သည်တစ်ယောက်လို့ ပြောတယ်၊ အဖိုးတန် းပါးတဲ့ ရတနာပစ္စည်းတွေကို တစ်နယ်ကတစ်နယ် ကူးသန်းသွား ပြီး ရောင်းချတယ်ဆိုပဲ"

ဟန်ဝေယင်းက အဆောက်အအုံအား တစ်ချက်လှမ်းကြည့် ာ ...



"သူသေသွားတာ ကြာပြီလား"

"ဟုတ်ကဲ့၊ ဒါပေမယ့် သေပြီလို့တော့ ကျိန်းသေပြောလို့ မရပါဘူး၊ အိမ်ကိုပစ်ပြီး ထွက်သွားတာ နှစ်ပေါင်းအတော်ကြာပြီ၊ တစ်ခေါက်မှ ပြန်မလာတော့ဘူး၊ လမ်းခရီးတစ်နေရာမှာ သေသွား ပြီနဲ့တူပါတယ်"

ဟန်ဝေယင်းမှာ အံ့ဩသွားလေသည်။

သူသည် အာကျယ်အား စူးစမ်းသည့် မျက်လုံးများဖြင့် ကြည့် ကာ ...

"ဒါနဲ့ သူနဲ့ပတ်သက်တဲ့ ဆွေမျိုးတစ်ယောက်တလေမှ ဒီမြို့မှာ မရှိကြဘူးလား"

"မရှိဘူး၊ ဘယ်သူကမှလည်း ဒီအဆောက်အအုံကို ပြုပြင် ထိန်းသိမ်းမှု မရှိဘူး၊ ဒီလောက် နှစ်ပေါင်းများစွာ ပစ်ထားတော့ လုံးဝ ပျက်စီးယိုယွင်းနေတာပေါ့"

အာကျယ်အား ဆက်မေးနေ၍လည်း ထူးခြားမည်မဟုတ် ကြောင်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် ဟန်ဝေယင်းက ဝမ်းကြီးဘက်သို့ လှည့်လိုက်ပြီး

"ဒီအထဲမှာ ကျန်းချစ်ချစ် ရှိတယ် မရှိဘူးဆိုတာ လောင်းကြ ေလား"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မလောင်းဘူး၊ ရှိတယ် မရှိဘူးဆိုတာ အထဲဝင်ကြည့်မှ သိမှာပေါ့၊ ငါက မသေချာတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး"

ပြောပြီးသည်နှင့် မီးစာကို မီးခြစ်ကျောက်အကူအညီဖြင့် မီးရှို့လိုက်သည်။ ထို့နောက် အာကျယ်ထဲတွင် အသင့်ပါလာသော မီးတုတ်ကို ရှို့၍ အဆောက်အအုံအတွင်းသို့ လှမ်းဝင်လိုက်၏။

ဝမ်းကြီးက လှမ်းဝင်လိုက်သောကြောင့် ဟုန်ဝေယင်းမှာလည်း နောက်မှလိုက်ဝင်သွားရ၏။

သူတို့နှစ်ယောက်စလုံး ဝင်ထွက်သွားကြသောအခါ အာကျယ်တို့မှာလည်း အပြင်ဘက်တွင် မနေဝံ့ကြတော့ဘဲ နောက်မှ လိုက်ဝင်သွားကြရလေတော့၏။

▲ ▲ ▲

(၉)

အဆောက်အအုံမှာ အံလွန်ကြီးမားသော အဆောက်အအုံဘဲ တစ်ခုဖြစ်သည်။ အတွင်းဘက်သို့ ရောက်ရှိသွားသည်နှင့် ပင့်ကူအိမ်များ ထူထပ်စွာ ရှိနေသည်ကို တွေ့ရလေသည်။

တစ်ဖန် အရှေ့ဘက်တည့်တည့်တွင် ခန်းမကျယ်တစ်ခု ရှိနေ၏။

ဝမ်းကြီးက သတိကြီးစွာဖြင့် ခန်းမကျယ်သို့ လျှောက်သွား၏။



ခန်းမကျယ်သို့ ရောက်ရှိသွားသောအခါ မြက်ပင်ရှည်များပင် ပေါက်လျက်ရှိသည်ကို တွေ့ရ၏။

မြက်ပင်ရှည်များအကြားမှ ကျော်ဖြတ်သွားပြီးသည်နှင့် ဝဲဘက်တွင် အခန်းတစ်ခန်း ရှိနေသေးသည်ကို တွေ့ရပြန်လေသည်။

ယင်းအခန်းမှ မီးရောင်တချို့ ထွက်ပေါ်နေသည်ကိုလည်း တွေ့လိုက်ရသဖြင့် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ အားတက်သွားကြလေတော့သည်။

ဝမ်းကြီးက လက်ဟန်ခြေဟန်ဖြင့် ခွေးတစ်ကောင်၏ ပုံသဏ္ဌာန် ပြုလုပ်ပြလိုက်၏။ ဟုန်ဝေယင်းမှာ သူ၏ဆိုလိုချက်ကို သဘောပေါက်ထားသည့်အလား ချက်ချင်းပင် ခွေးပိန်ကို တွန်းပို့လိုက်လေသည်။

ခွေးပိန်မှာ နှာခေါင်းတရှုံ့ရှုံ့ဖြင့် မီးရောင်ထွက်ပေါ်နေသော အခန်းဆီသို့ ဦးတည်ပြေးသွား၏။

အခန်းရှေ့သို့ရောက်လျှင် ပိတ်ထားသော တံခါးကို လက်ဖြင့် ကုတ်ခြစ်လျက် တဝုတ်ဝုတ် ဟောင်နေ၏။

ဟုန်ဝေယင်းက ဝမ်းကြီးအား လက်မထောင်ပြလိုက်၏။

မီးရောင်ထွက်ပေါ်နေသော အခန်းတွင် လူကျိန်းသေ ရှိနေသည်ဟု ဆိုလိုသည့်သဘောပင် ဖြစ်လေသည်။

ဝမ်းကြီးက ခြေဟန်လက်ဟန်ဖြင့် ဟုန်ဝေယင်းအား အချက်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုအချိန်တွင် သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် မဆေးကွာလှသော်လည်း တမင်သက်သက် စကားမပြောကြခြင်း ဖြစ်သည်။

အထဲတွင် ရန်သူရှိနေပါက ချေးရောက်လာသည်ကို သိသွားသော်လည်း အရေးမကြီးဘဲ လူရောက်လာသည်ကို သိသွား လျှင် ကျိန်းသေ တိုက်ပွဲဖြစ်လာနိုင်၏။ သို့မဟုတ် ကျွန်းရုစ်ရုစ်ရှိနေပါက ဓားစားခံ လုပ်ထားနိုင်လေသည်။

သူတို့နှစ်ယောက်သည် အတန်ကြာ ငြိမ်သက်နေကြပြီး မြက်ပင်ရှည်များအကြား ပုန်းကွယ်နေကြ၏။

အတန်ကြာသည်အထိ လှုပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရမှ ဖြိုင်တူခုန်ထွက်လိုက်ကြပြီး မီးရောင်ထွက်ပေါ်လာရာ တံခါးအနီးသို့ ပြေးလွှားသွားကြသည်။

တစ်ဆက်တည်းပင် ပိတ်ထားသော တံခါးကို ကိုယ်စောင်း တိုက်ကာ ဇွန်းဖွင့်ပစ်လိုက်ကြလေတော့၏။

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး တံခါးမှာ ပွင့်သွားကာ ဝမ်းကြဲနှင့် ဟုန်ဝေယင်းတို့မှာ အခန်းတွင်းသို့ ရောက်ရှိ သွားကြလေတော့သည်။

▲ ▲ ▲



(၁၀)

တင်းစန်း၏ တစ်ကိုယ်လုံးတွင် သွေးချင်းချင်း နီရဲနေချေပြီ။

လူသန်ကြီး နှစ်ယောက်သည် ကြာပွတ်ဖြင့် အကြိမ်ကြိမ် အခါခါ ရိုက်နှက်ပြီး မောပန်းသွားတော့မှ ရိုက်နှက်ခြင်းကို ရပ်တန့် လိုက်ကြ၏။

သို့သော် တင်းစန်းထံမှ သူတို့လိုချင်သော အဖြေကိုမူ ယခု တိုင် ရရှိသွားခြင်း မရှိသေးပါချေ။

တင်းစန်းမှာ အသားအနာခံကာ လုံးဝ ဖွင့်မပြောဘဲ ခေါင်း မာနေ၏။ သူ့အား မည်သို့ပင် နှိပ်စက်ညှဉ်းပန်းသော်လည်း အသေ ခံကာ နှုတ်ပိတ်ရေငုံနေမည့်ပုံ ရှိလေသည်။

ထို့ကြောင့် သူ့အား နှိပ်စက်ညှဉ်းပန်းသူများမှာ လက်လျှော့ ရမည့် အခြေအနေသို့ပင် ဆိုက်ရောက်နေကြတော့၏။

သို့သော် တင်းစန်းနည်းတူ ခေါင်းမာပြီး လက်မလျှော့လိုသူက ရှိနေသေး၏။

ထိုလူမှာ ရွှေရောင်မျက်နှာဖုံးစွပ်နှင့် လူပင် ဖြစ်ပါသည်။

ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူမှာ တင်းစန်းအား အကြိမ်ကြိမ် စစ်မေးခဲ့သော်လည်း လိုချင်သည့်အဖြေ မရခဲ့သဖြင့် စိတ်မာတ်ကျ ဆင်းလာ၏။

မည်သို့ဆိုစေ လက်လျှော့ခြင်းကား မရှိသေးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တင်းစန်းထံမှ သူလိုချင်သော အဖြေကို ရရှိလာလိမ့်မည်ဟု ယူဆယုံကြည်ထားလေသည်။

သူယုံကြည် မျှော်လင့်ထားသော တစ်နေ့နေ့ တစ်ချိန်ချိန် ဆိုသည်မှာ မည်သည့်အခါတွင် ကျရောက်လာပါမည်နည်း။

သူ့ထံသို့ အမည်မသိသူတစ်ယောက်ထံမှ ပေးပို့လိုက်သော သို့ဝှက်စာတစ်စောင် ရောက်ရှိလာသည့်နေ့မှာ တင်းစန်းထံမှ အဖြေ မည့်နေ့ပင် ဖြစ်သည်။ ယင်းလို့ဝှက်စာမှာ တိုတိုရှင်းရှင်းကလေးသာ ဖြစ်၏။

သို့သော်ငြားလည်း တင်းစန်း လုံးဝအဖြေမပေးဘဲ မနေနိုင် အောင် ဆွဲဆောင်မှု အပြည့်အဝရှိသော စာတစ်စောင်ပင် ဖြစ်လေ သည်။

ယင်းစာတွင် မည်သည့်အကြောင်းအရာများ ရေးသားထားပါ သနည်း။ စာပို့သူမှာ မည်သူဖြစ်ပါသနည်း။

▲ ▲ ▲

(၁၁)

ဈေးဟောင်းသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဝမ်းကြို၊ ဟုန်ဝေယင်းတို့ထက်အရင် ဈေးပိန်က အခန်းတွင်း သို့ ပြေးဝင်သွား၏။



အမှန်မှာ ဝမ်းကြို့တို့က တံခါးကို တွန်းဖွင့်လိုက်ကြသော်လည်း ရုတ်တရက် အတွင်းသို့ မဝင်သွားကြသေးဘဲ ပြန်လည်ခုန်ထွက်ကာ တံခါးဝနောက်တွင် အကာအကွယ် ယူနေကြသောကြောင့်ပင် ဈေး ပိန်က ဦးစွာ ဝင်ရောက်သွားခြင်း ဖြစ်၏။ ထိုသို့ အကာအကွယ် ယူခြင်းဖြင့် ရန်သူက လက်နက်ပုန်းဖြင့် တိုက်ခိုက်လာမည်ဆိုပါက ရှောင်တိမ်းခုခံနိုင်ပေတော့မည်။

သို့သော်ငြားလည်း ဈေးပိန်မှာမူ အလိုက်ကန်းဆိုးမသိ အခန်း တွင်းသို့ ပြေးဝင်သွား၏။

ဟုန်ဝေယင်းမှာ ရင်ထိတ်သွားပြီး အခန်းတွင်းသို့ လှမ်းကြည့် လိုက်သည်။ ဝမ်းကြို့မှာလည်း အခြေအနေကို အကဲခတ်ကြည့်လိုက် လေသည်။

အခန်းမှာ အလွန်ကျယ်ဝန်းသော ခန်းမတစ်ခုဖြစ်၏။ ခန်းမ အတွင်း၌ မီးရောင်များထိန်လင်းလျက်ရှိပြီး ခန်းမ၏အလယ်တိုင်ကြီး တစ်လုံး၌ ကျန်းချစ်ချစ်အား ကြိုးများဖြင့် ချည်နှောင်ထားသည်ကို တွေ့ရလေသည်။ ဟုန်ဝေယင်းနှင့် ဝမ်းကြို့တို့မှာ ဝမ်းသာ သွားကြ သည်။

သို့သော် ရုတ်ခြည်း အတွင်းသို့ လှမ်းမဝင်ရဲသေးဘဲ အခြေ အနေကို အကဲခတ်သလို စောင့်ကြည့်နေကြရလေသည်။

သေသေချာချာ ကြည့်လိုက်မှ ကျန်းချစ်ချစ်အား ချုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် တိုင်ကြီးရှေ့တွင် စားပွဲရှည်တစ်လုံးရှိပြီး စားပွဲရှည်ပေါ်၌ ဓားတစ်လက်နှင့် ပန်းကန်တစ်လုံး တင်ထားသည်ကို တွေ့ရ၏။

ထို့အပြင် အရှေ့ဘက်တည့်တည့်၌ နတ်စင်တစ်ခုရှိပြီး အမွေးတိုင်များဖြင့် ပူဇော်ပသထားသည်ကို တွေ့ရလေသည်။

အခန်းတစ်ခုလုံးတွင် အမွှေးတိုင်၊ ဖယောင်းတိုင်များမှ ထွက်သည့် အဖြူရောင် အခိုးအငွေ့များ ရှိနေပြီး လူသူမတွေ့ရပါချေ။

ဝမ်းကြီနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် နှစ်ယောက်စလုံး ပြိုင်တူပင် အခန်းတွင်းသို့ ခုန်ဝင်သွားကြလေသည်။ အခန်းတွင်းသို့ ရောက်ရှိသွားသည်နှင့် ဝမ်းကြီက လက်နှစ်ဖက်ကို တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ကျန်းချစ်ချစ်၏ ရင်စုရှေ့တွင် အကာအကွယ်ပေးထားကာ ...

"ဟေ့ ... မင်း သူ့ရဲ့ကြိုးတွေ ဖြည်ပေးလိုက်"

ဟု ဟုန်ဝေယင်းအား လှမ်းပြောလိုက်၏။

ဟုန်ဝေယင်းက ခါးကြားမှ သံယပ်တောင်ကို ထုတ်ယူလိုက်သည်။

ထို့နောက် ကျန်းချစ်ချစ်အား ချည်နှောင်ထားသည့် ကြိုးများကို ဖြတ်ပစ်လိုက်၏။

ကျန်းချစ်ချစ်မှာ အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီ ဖြစ်သော်



လည်း သူတို့နှစ်ယောက်အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေပြီး စကားတစ်လုံးမျှ မပြောပါချေ။

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ခင်ဗျား သိပ်ကြောက်နေတယ် ထင်ပါရဲ့၊ အခုမှတော့ ဘာမှ မကြောက်ပါနဲ့တော့၊ ကျုပ်တို့နဲ့ ရယ်ရယ်မောမော စကားပြောလို့ရပါပြီ၊ ကဲ ... ခင်ဗျားကို ဘယ်သူဖမ်းလာတာလဲဆိုတာ ပြောစမ်းပါဦး"

ကျန်းချစ်ချစ်မှာ ဟုန်ဝေယင်းကို မျက်လုံးပြူး၍ စိုက်ကြည့်နေ၏။

သူမ၏နှုတ်မှ မည်သည့် စကားသံမျှ ထွက်မလာပါချေ။ ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ဝမ်းကြီဘက်သို့ လှည့်ကြည့်ရင်း မည်သို့ပြုလုပ်ရမည်နည်း ဟူသော အမေးဖြင့် မေးဆတ်ပြလိုက်လေသည်။

ဝမ်းကြီက သဘောကျစွာ ပြုံးလိုက်ပြီး ...

"သွေးကြောအပိတ်ခံထားရလို့ ဖြစ်မယ်ဗျ"

ပြောပြီးသည်နှင့် လက်ဝါးဖြင့် ကျန်းချစ်ချစ်၏ နောက်ကျောသို့ အသာအယာ ပုတ်လိုက်လေသည်။ ထိုအခါကျမှပင် ကျန်းချစ်ချစ်မှာ အင့်ခနဲ ညည်းညူလိုက်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ ကြောက်လန့် ထိတ်လန့်နေသည့်အလား အသားများပင် တဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်လာပြီး အနီးဆုံးရှိနေသော ဟုန်ဝေယင်း၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုကြွေးလိုက်လေတော့သည်။

အမှတ်မထင် ဖြစ်ပေါ်လာသောကြောင့် ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ကျန်းချစ်ချစ်အား ပြန်လည် သိုင်း ဖက်ထားလိုက်မိလေသည်။

လောက၌ အပျော်ဆုံးလူမှာ ဟုန်ဝေယင်း ဖြစ်နေမည်ဟု ဝမ်းကြို့က နားလည်မိကာ ပြုံးချင်သလိုဖြစ်သွား၏။

သို့သော် မျက်နှာပိုးမသေသော ဟုန်ဝေယင်းကိုကြည့်ရ ကော်ပိုးအုပ်ကာ ဆုံးမလိုစိတ်များလည်း ဖြစ်ပေါ်လာမိ၏။

ကျန်းချစ်ချစ်မှာ ရှိုက်ကြီးတငင် ငိုကြွေးနေသောကြော ဟုန်ဝေယင်းမှာ မတတ်သာတော့ဘဲ ချော့မော့ဖျောင်းဖျလိုက်ရ တော့သည်။

"မငိုပါနဲ့ဗျာ၊ ကျုပ်တို့က ခင်ဗျားကို အသက်စွန့်ပြီး ကယ် ရှောက်ဖို့ ဆုံးဖြတ်ထားကြပါတယ်၊ ကျုပ်တို့ ရောက်လာမှတေ ဘာမှ ကြောက်စရာမလိုတော့ပါဘူး"

ကျန်းချစ်ချစ်မှာ အတန်ကြာ ငိုကြွေးနေသေး၏။ အတ ကလေးကြာသွားမှ ဟုန်ဝေယင်း၏ ရင်ခွင်ထဲမှ တိုးထွက်လိုက် သည်။ ဟုန်ဝေယင်းမှာ ရင်ထဲ၌ ဟာသွားသည်ဟု ခံစားလိုက်ရ ချက်ချင်းပင် ကျန်းချစ်ချစ်အနီးသို့ မသိမသာ တိုးကပ်သွားကာ



"ညီမ ... ဘာမှမဖြစ်ဘူး မဟုတ်လား"

ဝမ်းကြို့မှာ နားကြားပြင်း ကပ်လာဟန်ဖြင့် ...

"တော်စမ်းပါကွာ"

ကျန်းချစ်ချစ်က ငိုကြွေးနေရာမှ ရပ်တန့်သွားသည်။ ထို့အပြင် စိတ်သက်သာရာရရှိသွားဟန်ဖြင့် မျက်နှာတစ်ခုလုံး ရွှင်ရွှင်လန်းလန်း ဖြစ်လာလေသည်။

ယခုအချိန်မှာ ကျန်းချစ်ချစ်အား ဖြစ်ပျက်ခဲ့သမျှ မေးမြန်းကြည့် ရန် အချိန်ကောင်းဖြစ်သည်ဟု သဘောပေါက်လိုက်သော ဝမ်းကြို့ က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"ခင်ဗျားကို ဘယ်သူဖမ်းခေါ်လာတာလဲဗျ"

သူ၏မေးခွန်း ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်တည်း ကျန်း ချစ်ချစ်၏ မျက်နှာမှာ ညှိုးရော်သွားရပြန်လေသည်။

ချက်ချင်းပင် ခေါင်းငုံ့ထားလိုက်ပြီး ...

"ကျွန် ... ကျွန်မ ..."

ပြောရခက်နေမှန်း သဘောပေါက်လိုက်သောကြောင့် ဝမ်းကြို့ က စကားထောက်ပေးလိုက်လေသည်။ သူသည် ကျန်းချစ်ချစ်အား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားကို ကောင်းမော်က ဖမ်းခေါ်လာတာ ဟုတ်သလား"

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားကာ ...

"သူ ဘာကြောင့် ဖမ်းခေါ်လာရသလဲဆိုတာ ခင်ဗျား သိသလား"

"ကျွန်မကို သတ်ပစ်မလို့ပေါ့ရှင်"

"ဘာ ... မင်းကို သတ်ပစ်မယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ သတ်ပစ်ရမှာလဲ၊ သူဟာ ခင်ဗျားကို ချစ်ခင်မြတ်နိုးတဲ့ လူတစ်ယောက် မဟုတ်ဘူးလား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းပြလိုက်သည်။

"သူဟာ အင်မတန် ဟန်ဆောင်ကောင်းတဲ့ လူတစ်ယောက်ပါပဲရှင်၊ သူ ကျွန်မကို ချစ်ခင်နှစ်သက်ဟန် ဆောင်ခဲ့တာဟာ ကျွန်မ ကို သတ်ပစ်ချင်လို့ပါပဲ"

ဝမ်းကြို့က ကြားဖြတ်မေးလိုက်၏။

"သူက ဘာကြောင့် ခင်ဗျားကို သတ်ပစ်ချင်ရတာလဲ"

"သူဟာ ပင့်ကူဖြစ်နေလို့ပေါ့ရှင်"

သူမ၏ စကား ကြားလိုက်ရသောအခါ ဝမ်းကြို့နှင့် ဟုန်ဝေယင်းတို့မှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြလေသည်။

ကောင်းမော်မှာ ကျန်းချစ်ချစ် ပြောသကဲ့သို့ 'ပင့်ကူ' အစ် အမှန် ဖြစ်နိုင်ပါမည်လော။



မည်သို့ဆိုစေ ကျန်းချစ်ချစ်က ကောင်းမော်မှာ ပင့်ကူဖြစ်သည်ဟု ဆိုနေ၏။ ကျန်းချစ်ချစ်မှာ ကောင်းမော်က ပင့်ကူဆိုသော သိုင်းသမားဖြစ်သည်ဟု မည်သည့် အထောက်အထားအရ ပြောဆိုနေခြင်း ဖြစ်ပါသနည်း။

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ရုပ်

(၁)

"ပင့်ကူ…"

ပင့်ကူဟူသော အမည်ဖြင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက သိုင်းလောကတွင် ဆိုးသွမ်းခဲ့သော ဓားပြကြီးတစ်ယောက် ရှိနေခဲ့ဖူး၏။

သို့ဆိုလျှင် ပင့်ကူဆိုသော သိုင်းသမားမှာ အသက်အရွယ်ကြီးရင့်သူသာ ဖြစ်ရပေမည်။

ယခု ကျန်းချစ်ချစ်က ကောင်းမော်မှာ ပင့်ကူဖြစ်သည်ဟု ဆိုလာနေ၏။ သူမ၏ စကားမှာ ဖြစ်နိုင်ပါမည်လော။

မည်သို့ဆိုစေ ရုတ်တရက် ကြားလိုက်ရသောကြောင့် ဟုန်ဝေယင်းမှာ အံ့ဩထိတ်လန့်သွားလေသည်။

တစ်ကြိမ်မှာ အံ့ဩခြင်းမရှိဟု ဆိုခဲ့သော်လည်း တွေဝေငေးမိုင်



သွား၏။ အတန်ကြာမှ ကျန်းချစ်ချစ်အား အကဲခတ်သလို ကြည့်လိုက်ကာ သေချာစေရန် ထပ်ဆင့် မေးမြန်းလိုက်ပြန်၏။

"ကောင်းမော်ဟာ ပင့်ကူ ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားက ဘာကြောင့် ပင့်ကူလို့ ပြောနိုင်တာလဲ"

"အမှန်ဆိုရင် သူဟာ ပင့်ကူရဲ့သားဖြစ်တယ်၊ အဖရဲ့ နေရာကို ဆက်ခံပြီး ပင့်ကူအဖြစ် လှုပ်ရှားနေတာ ဖြစ်ပါတယ်"

ထိုအပြင် ပင့်ကူဆိုသော ကောင်းမော်၏ ဖခင်အား သိလိုက်သဖြင့်…

"ကောင်းမော်ရဲ့အဖေဟာ ပင့်ကူ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့အဖေဟာ ဘယ်သူလဲ"

"သူ့အဖေနာမည် ဟန်ချန်းလို့ ခေါ်ပါတယ်"

ယခုတစ်ကြိမ်တွင်မူ ဝမ်းကြုံသာမက ဟုန်ဝေယင်းပါ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဟုန်ဝေယင်းမှာ ကျန်းချစ်ချစ်အား စိုက်ကြည့်ရင်း…

"ကောင်းမော်ရဲ့ အဖေဟာ ဟန်ချန်း ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကောင်းမော်က ဘာဖြစ်လို့ သူ့အဖေရဲ့ အမျိုးအနွယ်အမည်ကိုမယူဘဲ 'ကောင်း' အမျိုးအနွယ်အမည်ကို ယူထားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းချစ်ချစ်က သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"ဒါကတော့ သူ့ရဲ့ ဓာတ်ရုပ်ကို ဖုံးကွယ်ချင်လို့ပေါ့ကွယ်"

ဝမ်းကြီးက အနည်းငယ် စဉ်းစားလိုက်ကာ သူသိလိုသော အချင်းအရာကို မေးမြန်းလိုက်ပြန်၏။

"ဟန်ချန်းဆိုတာ ဒီအိမ်ပိုင်ရှင်လား"

"ဟုတ်တယ်"

"ဟန်ချန်းနဲ့ ခင်များတို့က ဘယ်လိုပတ်သက်နေသလဲ"

ကျန်းချစ်ချစ်က ဝမ်းကြီးအား ကြည့်ကာ…

"ပီကင်းမြို့က ကျောက်စိမ်းရတနာဆိုင် ဓားပြတိုက်ခံရတဲ့ ကိစ္စကို ရှင် မေ့နေပြီလား"

ဝမ်းကြီး၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။

တစ်ချိန်တည်းမှာပင် ကျောက်စိမ်းရတနာဆိုင်အား ဓားပြတိုက်ခံရသည့် အဖြစ်အပျက်များကိုလည်း ပြန်လည် အမှတ်ရလာမိတော့သည်။ အမှန်တော့ ဤကိစ္စကို ပြန်လည် အစဖော်ရမည်ဆိုလျှင် သိုင်းလောကတွင် ကျော်ကြားနေသော ဓားပြကြီး ငါးယောက်မှာ အချင်းချင်း မိတ်ဆွေဖွဲ့လိုက်ကြသည်။

ထို့အပြင် တစ်ကိုယ်တော် ဓားပြကြီး ပင့်ကူကိုလည်း ဆွဲဆောင် စည်းရုံးခဲ့လေသည်။

ထို့နောက် ခြောက်ယောက်ပေါင်းကာ ဓားပြတိုက်ခဲ့ကြ၏။



ရတနာပစ္စည်းများ ရရှိလာပြီးနောက် ဓားပြကြီး ငါးယောက်နှင့် ပင့်ကူ၏ သတင်းမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။ ထိုနည်းတူ ရတနာပစ္စည်းများမှာလည်း စုပ်စ မြုပ်စ ပျောက်သွားတော့၏။

ယခု ပင့်ကူဆိုသော ဓားပြမှာ ဟန်ချန်းဆိုသူဖြစ်ကြောင်း သိရချေပြီ။ သို့သော် ဟန်ချန်း (သို့မဟုတ်) ပင့်ကူဆိုသူသည် ယခုအခါတွင် မည်သည့်နေရာတွင် ရောက်ရှိနေပါသနည်း။

ဝမ်းကြီးက ကျန်းချစ်ချစ်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်ပြီး…

"ကျောက်စိမ်းရတနာဆိုင်ကို ဓားပြတိုက်တဲ့အထဲမှာ ပင့်ကူလည်း ပါတယ်လို့သိရတယ်၊ အခုအတိုင်းသာဆိုရင် ဓားပြတိုက်လို့ရလာတဲ့ ရတနာပစ္စည်းတွေနဲ့ ပတ်သက်ပြီး ပင့်ကူနဲ့ ဓားပြကြီး ငါးယောက်ဟာ အဆင်မပြေ ဖြစ်ကြလိမ့်မယ် ထင်တယ်"

ကျန်းချစ်ချစ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

ဟုန်ဝေယင်းက မျက်မှောင်ကြုတ်၍…

"ဘယ်လို အဆင်မပြေဖြစ်ကြတာလဲ"

"ဓားပြတိုက်လို့ ပစ္စည်းတွေရလာတဲ့အခါ ပင့်ကူဟာ ရှင်းပစ်ဖို့ စီစဉ်ထားကြတယ်၊ ဒါကို ပင့်ကူက သိသွားတော့ ရတနာတွေယူ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်ပြေးသွားတယ်၊ ဒါပေမယ့် ဓားပြကြီး ငါးယောက်ဟာ တွေ့အောင်ရှာပြီး သတ်ပစ်လိုက်ကြတယ်"

ကျွန်းချစ်ချစ်က တိကျစွာ ဖြေဆိုလိုက်သည်။

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားကာ ...

"ရတနာပစ္စည်းတွေကို ဓားပြကြီး ငါးယောက်က ခွဲဝေယူလိုက်ကြတယ်ပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် အဖိုးတန် ကျောက်မျက်ရတနာသေတ္တာကိုတော့ ပင်ကူက ဖုက်ထားလို့ မရခဲ့ကြဘူး၊ အမှန်ပြောရရင် အဲဒီသေတ္တာကမှ အဖိုးတန်တာ"

ဝမ်းကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ရတနာသေတ္တာ ဘယ်မှာရှိသလဲဆိုတာ ကောင်းမော်ကော သိသလား"

"မသိဘူးထင်တယ်၊ သူသာသိရင် ကျွန်မတို့ကို ဒုက္ခမပေးဘဲ ဘစ်နေရာရာ ထွက်သွားမှာပေါ့"

"ကောင်းမော်က ပင်ကူရဲ့သားဆိုရင် ကောင်းမော်အစစ်က ဘယ်ရောက်နေသလဲ"

"ကောင်းမင်ရဲ့သား ကောင်းမော်အစစ်ကို သူက သတ်ပစ်လိုက်တယ်၊ ပြီးတော့ ကောင်းမော်နေရာမှာ အစားဝင်နေခဲ့တာပဲ"

ဝမ်းကြီးမှာ စဉ်းစားရကျပ်သွားလေသည်။ ယခုအတိုင်းဆိုလျှင်



အခြေအနေမှာ ရှင်းသည်ဟု ထင်ရသော်လည်း ပို၍ပင် ရှုပ်ထွေးလာ၏။

ကျွန်းချစ်ချစ်မှာ ကောင်းမော်၏ အကြောင်းများကို အဘယ်ကြောင့် ဤမျှသိထားရပါသနည်း။

ဝမ်းကြီးက ကျွန်းချစ်ချစ်အား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ...

"ဒီအကြောင်းတွေကို ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

ကျွန်းချစ်ချစ်က ခန်းမကျယ်၏ ဝဲဘက်ရှိ မလှမ်းမကမ်းမှ ပေါက်တဲ့ခါးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ကောင်းမော်ကိုယ်တိုင် ပြောပြလို့ သိတာပေါ့"

"ဒါဖြင့် ကောင်းမော်က ဒီအကြောင်းတွေကို အစကတည်းက သိပြီးသားပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျားကို ဘယ်တုန်းက ပြောပြတာလဲ"

"ကျွန်မတို့ မိဘတွေနဲ့ ဟန်ချူန်းဆိုတဲ့လူ တစ်ချိန်က ပြဿနာဖြစ်ဖူးတယ်ဆိုတာ ညနေတုန်းက ပြောပြပါတယ်၊ ပြီးတော့ ဟန်ချူန်းနဲ့ ပတ်သက်တဲ့ သတင်း စုံစမ်းမယ်ဆိုပြီး ကျွန်မကို ဒီနေရာ ခေါ်လာတာပါ"

ဝမ်းကြီးက ပတ်ဝန်းကျင်အား အကဲခတ်သလို ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ကျန်းချစ်ချစ်ဘက်သို့ လှည့်ကာ…

"အခု သူ ဘယ်ရောက်သွားပြီလဲ"

"အနောက်ဘက်ကို ထွက်သွားပါတယ်၊ ကျွန်မ ပြောတာ ရှင်တို့ မယုံရင် နတ်စင်ရှေ့မှာ သွားကြည့်ကြပါ"

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ…

"နတ်စင်ရှေ့မှာ သွားကြည့်ရမယ် ဟုတ်လား"

"ဘာကိုသွားကြည့်ရမှာလဲ",

"သွားကြည့်ရင် သိပါလိမ့်မယ်ရှင်"

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ နတ်စင်ရှေ့သို့ ပြိုင်တူလျှောက်သွားကြလေသည်။

နတ်စင် …။

ယင်မှာ မကြီးလွန်း မသေးငယ်လွန်းသော စင်တစ်ခု ဖြစ်သည်။

နတ်ရုပ်တုရှေ့တွင် စားသောက်ဖွယ်ရာများနှင့် အရက်ပန်းကန် ချထား၏။

အမွှေးတိုင်များ ထွန်းညှိထားသည်မှာ တစ်ဝက်ခန့်သာ ကုန်သေးဖြင့် မကြာလှသေးကြောင်း တွေး၍ရလေသည်။

ထိုအပြင် နတ်စင်ရှေ့ ခုံတန်းလျားပေါ်တွင် ဖျဉ်ပြားတစ်ချပ် ရှိနေသည်ကို တွေ့ရလေသည်။



ဖျဉ်ပြားပေါ်တွင် ကောင်းမော်၊ ကျန်းချစ်ချစ်၊ လုဝမ်းထင်း၊ စုကွမ်းအင်းနှင့် တင်းစန်းတို့၏ အမည်များကို ရေးထားသည်ကို တွေ့ရ၏။ ကောင်းမော်နှင့် စုကွမ်းအင်းတို့၏ အမည်များပေါ်တွင် ကြက်ခြေခတ်ထားလေသည်။ စာအဓိပ္ပာယ်မှာ ရှင်းနေ၏။

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားသည်။

အကြောင်းမှာ တင်းစန်း၏ အမည်ပေါ်တွင် ကြက်ခြေခတ်ရာ မရှိကြောင်း တွေ့ရသောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် ကျန်းချစ်ချစ်ဘက်သို့ လှည့်လိုက်ပြီး…

"တင်းစန်းက မသေသေးတဲ့ သဘောလား"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတော့ ကျွန်မလည်း မသိဘူး၊ ဦးလေးတင်းစန်းရဲ့ အကြောင်းပြောသံ လုံးဝမကြားပါဘူး"

ဝမ်းကြီး အံ့သြသွားမိသည်။

အမှန်စင်စစ် တင်းစန်းမှာ ပျောက်ဆုံးနေသူ တစ်ယောက် ဖြစ်သည်။ ယနေ့တိုင် သေသလား၊ ရှင်သလားဟူ၍ မသိရပါချေ။ တင်းစန်းအား လုပ်ကြံမည့်သူမှာ ပင်ကူသာရှိသည် မဟုတ်ပါလား။ သို့သော် ပင်ကူမှာ သေဆုံးသွားပြီဖြစ်သည်။

ပင်ကူနေရာတွင် အစားဝင် လှုပ်ရှားနေသော ကောင်းမော်က တင်းစန်းအား သတ်ပစ်လိုက်ဟန် မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် တင်းစန်းမှာ မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ဝမ်းကြိုမှာ ရုတ်တရက် တစ်စုံတစ်ခုအား သတိရလာမိတော့၏။ ကောင်းမော်က ကျွန်းချစ်ချစ်အား ဖမ်းဆီးထားသလို တင်းစန်းကိုလည်း ဖမ်းဆီးထားနိုင်၏။

ယခု ကျွန်းချစ်ချစ်အား စထားခဲ့ပြီး တင်းစန်းထံသို့ သွားခြင်းလည်း ဖြစ်နိုင်ပေသည်။

ဝမ်းကြိုမှာ ထိတ်လန့်သွားကာ ဟုန်ဝေယင်းအား လှမ်းကြည့်လိုက်သည်။ ဟုန်ဝေယင်းမှာလည်း ဝမ်းကြိုကဲ့သို့ပင် တွေးမိထားဟန်ရှိလေသည်။ ထို့ကြောင့် ဝမ်းကြို လှည့်ကြည့်လိုက်သည်နှင့် ...

"မင်း ကျွန်းချစ်ချစ်ကို စောင့်နေ၊ ငါ သူ့နောက် လိုက်သွားမယ်"

ဝမ်းကြိုက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ မင်း ဒီမှာစောင့်နေ၊ ငါလိုက်သွားမယ်"

ဟုန်ဝေယင်းက ပြုံး၍ ခေါင်းခါယမ်းကာ ...

"နေပါစေ ... ငါ သူ့ကို နည်းနည်းပါးပါး ဆုံးမပြီး ခေါ်လာခဲ့မယ်၊ မင်းသာ ဒီမှာစောင့်နေ ..."

ဝမ်းကြိုက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"မင်း သူ့ကိုယှဉ်နိုင်လို့လား"



သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်း၏ အပြုံးမှာ ကိုယ်မှာ တစ်ချက် တုန်ခါသွားလေသည်။ ဝမ်းကြို၏ စကားက သူ၏မာနတရားကို ထိပါးစေ၏။ သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ကိစ္စမရှိပါဘူး၊ ငါ သူ့ကို ကောင်းကောင်း ထိန်းနိုင်ပါတယ်"

ပြောပြီးသည်နှင့် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ ဝမ်းကြိုကလည်း ခြေလှမ်းပြင်လိုက်ပြီး အသံတိုးတိုးဖြင့် ...

"ကျွန်းချစ်ချစ်ဟာ ငါ့ထက် မင်းရဲ့စောင့်ရှောက်မှုကို ပိုပြီး သဘောကျလိမ့်မယ်၊ ဒါကြောင့် မင်း ဒီမှာစောင့်နေတာ အကောင်းဆုံးပဲ"

ဝမ်းကြို၏ စကားက စဉ်းစားစရာဖြစ်လာပြန်ပြီ။ ဟုန်ဝေယင်းမှာ တွေဝေသွား၏။ ရင်ထဲ၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ ဖြစ်နိုင်လျှင် ကျွန်းချစ်ချစ်အနားမှ တစ်ဖဝါးမှ မကွာဘဲ နေလို၏။ သို့သော် ...

"ဘာလဲ ... မင်းက ငါ့ထက် အရင်ဦးဆောင်သွားမယ် ကြံတယ်ပေါ့လေ"

ဝမ်းကြိုမှာ မျက်မှောင်ကြုတ်သွားကာ ...

"မင်း ဘာကိုဆိုလိုတာလဲ"

ဟုန်ဝေယင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ထက်ဦးအောင် ရတနာတွေ လုယူခဲ့ပေါင်း များပြီ၊ ဒီတစ်ခါတော့ မရဘူးဆိုတာ မှတ်ထား"

ပြောပြီးသည်နှင့် ခန်းမကျယ်၏ လက်ဝဲဘက်ရှိ မလွယ်ပေါက်သို့ ပြေးလွှားသွားလေသည်။

ဝမ်းကြီးက အာကျယ်အား လှမ်းကြည့်လိုက်ပြီး . . .

"အာကျယ် . . . ခင်ဗျား ဒီမှာစောင့်နေပါ"

အာကျယ်မှာ မျက်လုံးပြူးကျယ်သွား၏။ အမှန်စင်စစ် သူ့အနေဖြင့် ဤနေရာတွင် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့ မရှိဘဲ မနေဝံ့ပါချေ။ ထို့ကြောင့် ကပျာကယာ လက်ကာပြလိုက်ပြီး အကျောက်အကန် ငြင်းဆိုလိုက်၏။

"ဟာ . . . မလုပ်ပါနဲ့ဗျာ၊ ကျုပ် မနေရဲဘူးဗျ"

ပြောရင်း ဟန့်တားလိုက်သော်လည်း ဝမ်းကြီးမှာ ဟုန်ဝေယင်းနောက်သို့ ပြေးလွှားလိုက်ပါသွားပြီ ဖြစ်သည်။

ဒုတိယပိုင်းပြီး၏

မိုးကျော်သူ

www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# ဝံပုလွေအသည်းနှင့်လူ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၆၅၀၂၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၁၆၀၃၀၀

၂၀၀၀ ခုနှစ်၊

ပထမအကြိမ်၊ အုပ်ရေ ၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးသော်လွင်မြင့် (စနေကူး ပုံနှိပ်တိုက်)

၉ (H)၊ နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)

အမှတ် ၁၄၀၊ ၄၅ လမ်း

ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


### ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

မလှမ်းမကမ်း တောအုပ်ထဲမှ ထွက်လာသောအခါ အဆောက်အအုံ ပြင်ဘက်သို့ ရောက်ရှိသွားလေသည်။

အပြင်ဘက်တွင် မြက်ပင်ရှည်များသာရှိပြီး လေတစ်ချက် ဝှေ့ယမ်း တိုက်ခတ်လာသောအခါ ရှဲရှဲမြည်ကာ ခါယမ်းသွားကြ၏။ သတ္တိနည်းသူတစ်ယောက် ညအချိန် ဤနေရာသို့ ရောက်လာခဲ့ပါမူ ရှိန်းသေ ကြောက်ရွံ့ထိတ်လန့်သွားမည်သာ ဖြစ်ပါသည်။

ဝမ်းကြွနှင့် ဟုန်ဝေယင်းတို့မှာ သတ္တိနည်းသူများ မဟုတ်ကြပါချေ။ သို့သော် ဤနေရာသို့ ရောက်ရှိလာကြရာ စိတ်ထဲ၌ မသိုးမသန့် ဖြစ်နေကြလေသည်။

မှောင်မည်းနေသောမြက်ပင်ရှည်များအကြားမှ ကောင်းမော်က ဘွားတရက် ထွက်လာပြီး သူတို့အား တိုက်ခိုက်နိုင်၏။ ထို့အပြင် သစ်ပင်ကြီးများပေါ်မှသော် လည်းကောင်း၊ အဆောက်အအုံ ခေါင်မိုး

www.burmeseclassic.com

www.burmeseclassic.com



ဝေါမှသော် လည်းကောင်း ခုန်ချတိုက်ခိုက်နိုင်၏။ ထို့ကြောင့် ဝမ်းကြီး နှင့် ဟုန်ဝေယင်းတို့မှာ သတိကြီးစွာထားနေကြရလေသည်။

မည်သို့ဆိုစေ သူတို့အား တိုက်ခိုက်လာခြင်းထက် အတွင်းဘက်၌ ကျန်ရစ်ခဲ့သော ကျန်းချစ်ချစ်အား တိုက်ခိုက်မည်ကို နှစ်ယောက်စလုံးက စိုးရိမ်နေမိကြ၏။

ဝမ်းကြီးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ဟုန်ဝေယင်းဘက်သို့ လှည့်ကာ ...

"ကျန်းချစ်ချစ်တို့ကို ဒီအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလားကွ"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်သည်။

"ဒါတော့ ငါလည်း ဘယ်ပြောတတ်မလဲ"

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားကာ ဟုန်ဝေယင်းအား အပြစ်တင်လိုက်လေသည်။

"မင်းကိုကြည့်ရတာ ကျန်းချစ်ချစ် သေသွားရင်တောင် ဝမ်းနည်းမယ့်ပုံ မရဘူး"

ဟုန်ဝေယင်းက အေးတိအေးစက်ဖြင့် ...

"မင်း ငါ့ကို အပြစ်ပြောဖို့ပဲ ကြည့်နေတာကိုး"

"ငါအပြစ်ပြောတာမှ မဟုတ်ဘဲ"

"အာပဲဖြစ်ဖြစ် မင်း ဒီလိုပြောတာကို ထောက်ရင် ငါ့အပေါ် အထင်သေးတယ်၊ ဒါဟာ ငါ့လောက် ဉာဏ်မကောင်းလို့ပဲ"



ဝမ်းကြီးမှာ မျက်လုံးပြူးကျယ်သွားကာ ဟုန်ဝေယင်းအား စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်မေးလိုက်၏။

"ဘာ ... ငါက မင်းလောက် ဉာဏ်မကောင်းဘူး ဟုတ်လား"

"ဟုတ်တယ် ... ငါ့လောက် ဉာဏ်မကောင်းလို့ ငါ စဉ်းစားမိတာကို မင်းမစဉ်းစားမိတာပေါ့"

ဝမ်းကြီးမှာ အမှုသြသွားမိလေသည်။

ဟုန်ဝေယင်း၏ စကားမှာ ထူးခြားနေသည်ဟု သဘောပေါက်မိ၏။

"နေစမ်းပါဦး၊ မင်းက ဘာတွေများ စဉ်းစားမိလို့လဲ"

ဟုန်ဝေယင်းက ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်ပြီး ...

"မင်းစဉ်းစားကြည့်လေ၊ ကောင်းမော်သာ သတ်ပစ်ချင်တယ်ဆိုရင် ကျန်းချစ်ချစ်ကို ငါတို့တွေ့ရပါတော့မလား"

သူ၏စကားကို ကြားလိုက်ရမှ ဝမ်းကြီးမှာ အံ့သြသွားလေသည်။

မှန်ပါသည် ... ကောင်းမော်ကသာ သတ်လိုလျှင် ကျန်းချစ်ချစ်မှာ အသက်ရှင်ဖွယ်ရာ မရှိတော့ချေ။

ယခုတစ်ကြိမ် ဟုန်ဝေယင်းမှာ သူ့ထက် တစ်ချက်သာသွားပြီ မဟုတ်ပါလား။

သို့သော် အလွယ်တကူ လျှော့မပေးလိုသဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကျိန်းသေပြောလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်တို့ အရောက်မြန်
မို့ သူထွက်ပြေးသွားတာကော မဖြစ်နိုင်ဘူးလား"

ဟုန်ဝေယင်းမှာ ဝမ်းကြီးက ပြန်လည်၍ ကတ်တီးကတ်ဖဲ့
ပြောနေခြင်း ဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် မဲပြုံး ပြုံးလိုက်ပြီး ...

"သူ ထွက်ပြေးသွားစရာ လိုဦးမလား၊ ကျန်းချစ်ချစ်ရဲ့
ာည်ပင်းပေါ်ကို ဓားတင်ထားရင် မင်းဘာလုပ်မလဲ"

ဝမ်းကြီးမှာ တွေဝေသွားလေသည်။

အကယ်၍သာ သူတို့ရောက်လာသည့်အခါ ကောင်းမော်က
း၊ လှံ၊ လက်နက်တစ်ခုခုဖြင့် ကျန်းကျစ်ချစ်အား သတ်ပစ်မည်
› ခြိမ်းခြောက်ခဲ့လျှင် မည်သို့လုပ်ရမည်နည်း။

ဝမ်းကြီးက ပခုံးတွန့်လိုက်ပြီး ...

"ဒါကတော့ အကြောင်း တစ်ခုခုကြောင့် သူအပြင်ထွက်
ုန်း ငါတို့ရောက်လာတာပဲ၊ ကျန်းချစ်ချစ်ကို ဓားစာခံလုပ်ပြီး
မ်းခြောက်လို့ မရပါဘူး"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားလေသည်။

"ဘာဖြစ်ဖြစ်ကွာ လူဆိုတာ တစ်ကြိမ်မသေရင် နောက်ထပ်
စ်ချိန် သေဖို့မလွယ်ပါဘူး"

ဝမ်းကြီးမှာ ခေါင်းခါယမ်းလိုက်ပြီး ...



"မထင်နဲ့နော် ... မထင်နဲ့၊ ကောင်းမော်ဟာ ကျန်းချစ်ချစ်
သေတ်ခဲ့သေးပေမယ့် အခုအချိန်ဆို သူစဉ်းစားနေမှာ မဟုတ်ဘူး၊
ငါတို့ကျော် လက်ဦးအောင် သတ်ပစ်လိုက်မှာပဲ"

ဟုန်ဝေယင်းက မကျေမနပ်ဖြင့် ဝမ်းကြီးအား အော်ပြောလိုက်
သည်။

"ဒါဖြင့် မင်းသွားပြီး စောင့်ရှောက်လိုက်ပါလား"

ဝမ်းကြီး ပခုံးတွန့်လိုက်ပြီး ...

"ကျန်းချစ်ချစ်ကသာ ငါ့ကို သဘောကျရင် မင်းပြောစရာ
ကောင်း မလိုဘူး"

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ငြင်းခုံနေကြ
သော်လည်း ကောင်းမော်အား မည်သည့်နေရာတွင် လိုက်ရှာရမှန်း
မသိ ဖြစ်နေကြ၏။

ဟုန်ဝေယင်းက အတန်ကြာ စဉ်းစားလိုက်ပြီးမှ ...

"တို့နှစ်ယောက် ဒီအတိုင်းနေလို့ မဖြစ်ဘူး"

"ဒီအတိုင်းမနေလို့ ဘာလုပ်ရမှာလဲ"

"အပေးအယူ တစ်ခုခုလုပ်မှဖြစ်မယ်"

"ဘယ်လိုအပေးအယူလဲ"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လူဆိုးဖမ်းတဲ့အခါ ဆုငွေထုတ်ယူနိုင်တဲ့အပြင် ဒီလူဆိုး
ာ ငွေနဲ့ ရတနာပစ္စည်းတွေ ရနိုင်သေးတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးက နားမလည်နိုင်စွာ ထပ်မေးပြန်၏။

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်သလဲ"

ဟုန်ဝေယင်းက အေးဆေးစွာ ရှင်းပြလိုက်သည်။

"မင်းနဲ့ငါနဲ့ အငြင်းအခုံဖြစ်နေရင် ဘာမှမရဘဲ လက်လွှတ်ရလိမ့်မယ်၊ ဒါကြောင့် ရသမျှ ပစ္စည်းအားလုံးကို တစ်ယောက်တစ်ဝက် ယူကြမယ်"

"လူဆိုးဖမ်းလို့ရတဲ့ ဆုငွေကော"

"ဒါလည်း တစ်ယောက်တစ်ဝက်ပေါ့"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး"

သူ၏စကားကြောင့် ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ ..."

"မင်း သဘောမတူဘူးဆိုပါတော့ ..."

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

ဝမ်းကြီးက သက်ပြင်းချလိုက်သည်။

သူ့အနေဖြင့် သက်ပြင်းချချင်စရာ အကြောင်းကလည်း ရှိနေခဲ့ပေသည်။

ယခုတလော လူဆိုးများထံမှ ရရှိခဲ့သော ပစ္စည်းများမှာ



တစ်ချိန်က သူ့ဖခင် ကျောက်စိမ်းရတနာဆိုင်မှ ဓားပြတိုက်ခံခဲ့ရသော ပစ္စည်းများသာ ဖြစ်ပေသည်။

ဓားပြတိုက်ခဲ့သူများက ကုန်သည်များထံတွင် ရောင်းချ၏။ ကုန်သည်များထံမှ အခြား ဓားပြများက ပြန်လည်တိုက်ယူခဲ့ကြသည်။ ဤသို့ဖြင့် တစ်လက်မှတစ်လက် တစ်ဆင့်မှတစ်ဆင့် ကူးပြောင်းသွားခြင်း ဖြစ်ပေသည်။

ဝမ်းကြီးမှာ ရရှိခဲ့သော အဖိုးတန် ရတနာများအနက် သူ့ဖခင်၏ ပစ္စည်းများကိုသာ ရွေးချယ်ယူခဲ့ပြီး ကျန်ပစ္စည်းများကို ဆင်းရဲဒုက္ခရောက်နေသူများအား ဝေငှပေးခဲ့လေသည်။ ဤအကြောင်းများကို ဟုန်ဝေယင်းအား ပြောပြ၍ မဖြစ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဟုန်ဝေယင်းက ယုံကြည်မှုမရှိသည့်အပြင် သူ့အား လှောင်ပြောင်လိမ့်မည်ဟု နားလည်ထားလေသည်။

ဝမ်းကြီးသည် အထက်ပါအတွေးများဖြင့် တိတ်ဆိတ်နေ၏။ ဝမ်းကြီး ငေးငိုင်နေသည်ကို တွေ့ရသောအခါ ဟုန်ဝေယင်းက ဒေါသကြီးစွာဖြင့် ...

"ဘာလဲ ... မင်းတစ်ယောက်တည်း အပိုင်စီးချင်တယ် မဟုတ်လား"

သူ၏မေးခွန်းကို မည်သို့ ပြန်ဖြေရမှန်းမသိသောကြောင့် ဝမ်းကြီးက ပါးစပ်ပိတ်မြဲ ပိတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ...

"ကောင်းပြီ ... မင်းလို တစ်ကိုယ်ကောင်းစိတ်ရှိတဲ့ လူနဲ့ ဘယ်တော့မှ မိတ်ဆွေမဖြစ်ချင်ဘူး"

ဟုန်ဝေယင်းက ဝမ်းကြီအား ပြတ်သားစွာ ပြောဆိုလိုက်၏။ သူ၏စကား ကြားလိုက်ရသောအခါ ဝမ်းကြီမှာ စိတ်မကောင်းဖြစ် သွားမိလေသည်။

သို့သော် စကားတစ်လုံးမှ ပြန်မပြောပါချေ။ ဟုန်ဝေယင်း ာလည်း မည်သို့ဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ်မှာပင် ညှို့ယ်ကို ထိုးဖောက်၍ စူးရှသော အသံတစ်ချက် ထွက်ပေါ်လာ ည်ကို ကြားလိုက်ရလေသည်။

"အား ..."

မရိုးမဆုံ အော်ဟစ်လိုက်သော အသံမှာ အဆောက်အအုံ တွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဝမ်းကြီနှင့် ဟုန်ဝေယင်းတို့ ထိတ်လန့် တုန်လှုပ်သွားကြ၏။ အဆောက်အအုံအတွင်း၌ ကျန်း စ်ချစ် ကျန်နေခဲ့သည် မဟုတ်ပါလား။

ဝမ်းကြီနှင့် ဟုန်ဝေယင်းတို့မှာ ပြိုင်တူပင် အဆောက်အအုံ တွင်းသို့ ပြေးဝင်သွားကြလေတော့သည်။

ထိုအခါ ...

* * *



(၃)

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ပြတင်းပေါက်မှ တံခါးမှာ ကျိုးပဲ့ပျက်စီးသွားပြီး လူတစ် ယောက် ခုန်ဝင်လာလေသည်။

ထိုလူမှာ ကောင်းမော်ပင် ဖြစ်သည်။

ကျန်းချစ်ချစ်၊ အာကျယ်နှင့် ဆိုင်လုလင် နှစ်ယောက်မှာ ကောင်းမော်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် မျက်လုံး ပြူးကျယ်သွားကြ၏။

ကျန်းချစ်ချစ်မှာ ကောင်းမော်အား ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်လိုက်ပြီး အလန့်တကြား အော်လိုက်မိသည်။

"ကောင်းမော် ..."

သူမ၏ စကားမဆုံးမီမှာပင် ကောင်းမော်က ရှေ့သို့ ခုန်အုပ် လိုက်လေသည်။

အာကျယ်မှာ ကောင်းမော်၏ အကြောင်းကို ကောင်းစွာ သိမထားပါချေ။

ထို့ကြောင့် ဆိုင်လုလင် နှစ်ယောက်အား လှမ်းပြီး အမိန့်ပေး တားဆီးနိုင်းလိုက်၏။

"သူ့ကို ရှေ့မတိုးမိစေနဲ့"

www.burmeseclassic.com



ဆိုင်လုလင် နှစ်ယောက်မှာလည်း အာကျယ်နည်းတူ ကောင်းမော်၏ အကြောင်းကို မသိကြပါချေ။

တုတ်ရှည်များကိုင်ဆွဲ၍ ရှေ့သို့လှမ်းထွက်လိုက်ကြပြီး ဟန့်တားလိုက်ကြသည်။

"ရှေ့မတိုးနဲ့ ..."

ကောင်းမော်က တဟားဟား ရယ်မောလိုက်ပြီး ...

"မင်းတို့ သေချင်ကြသလား"

ပြော၍ မဆုံးမီ လက်ထဲတွင် အသင့်ကိုင်သော သစ်သားအချွန်တစ်ခုကို ဆိုင်လုလင် နှစ်ယောက်ထံသို့ ပစ်ပေါက်လိုက်၏။ သစ်သားအချွန်မှာ ဆိုင်အလုပ်သမား နှစ်ယောက်ထံသို့ အရှိန်ပြင်းစွာ လွင့်ပျံသွား၏။

ဆိုင်အလုပ်သမား နှစ်ယောက်မှာ ကြောက်ရွံ့ထိတ်လန့်သွားပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြလေသည်။

ဤမျှအထိ ရက်ရက်စက်စက် တိုက်ခိုက်လာလိမ့်မည်ဟု မထင်မှတ်သောကြောင့် ရှောင်တိမ်းရန်ပင် သတိမရနေကြ၏။

အကယ်၍ ရှောင်တိမ်းရန် ကြိုးစားလျှင်လည်း လွတ်လိမ့်မည် မဟုတ်ပါချေ။

သစ်သားအချွန်မှာ ဆိုင်အလုပ်သမားတစ်ယောက် ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေတော့သည်။



"အား ..."

ဆိုင်အလုပ်သမား၏ နက်ကျော့သော အော်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အာကျယ်နှင့် ကျန်ဆိုင်လုလင်မှာ နောက်သို့ ချက်ချင်းပင် ဆုတ်သွားကြတော့၏။

ကောင်းမော်က တဟားဟား ရယ်မောလိုက်သည်။

"မင်းတို့ ငါ့လက်က လွတ်မလား"

ပြောရင်း ခါးမှ သံပလွေကို ဆွဲထုတ်ကာ သူတို့ထံပါးသို့ လျှောက်လာလေသည်။

ကျန်းချစ်ချစ်မှာ ကြောက်ရွံ့ထိတ်လန့်နေသဖြင့် အော်ဟစ်ရန်ပင် သတိမရပါချေ။

ပါးစပ်အဟောင်းသားဖြင့် ကောင်းမော်အား ငေးကြည့်နေမိ၏။ ကြောပါချေ။ ကောင်းမော်မှာ သူတို့နှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာ၏။

အာကျယ်က အံကို တင်းတင်းကြိတ်လိုက်ကာ မကျေမနပ် သွမ်းမေးလိုက်၏။

"သခင်လေး ကောင်းမော် ... ခင်ဗျား ဘာဖြစ်လို့ ကျုပ်လူကို သတ်ပစ်ရတာလဲ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ"

ကောင်းမော်က အေးတိအေးစက်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဟုန်ဝေယင်းနဲ့ လိုက်လာတာကိုက-သေဒဏ်ပေးဖို့ လုံလောက်နေပြီ မဟုတ်လား"

ပြောရင်း အာကျယ်အား သံပလွေဖြင့် ရိုက်ချရန် ဟန်ပြင် လိုက်၏။ အမှန်တော့ အာကျယ်မှာ သိုင်းပညာတတ်သူတစ်ယောက် မဟုတ်ပါ။

ကောင်းမော်အား ပြန်လည်ခုခံတိုက်ခိုက်နိုင်စွမ်းလည်း မ ကြောင်းလည်း သဘောပေါက်ထား၏။

ထို့ကြောင့် မျက်စိစုံမှိတ်ကာ သေရမည့်အချိန်ကို စောင့် မိရှာလေသည်။

ထိုစဉ်မှာပင် အခန်းတွင်းသို့ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့က ပြိုင်တူ ခုန်ဝင်လာကြလေသည်။

"ရပ်လိုက် ..."

* * *

(၄)

ကောင်းမော် ချက်ချင်းပင် နောက်ဆုတ်သွားသည်။ ထို့ကြော အာကျယ်မှာ အသက်ချမ်းသာရာ ရရှိသွားလေသည်။ သို့သော်လည် ကြမ်းပြင်ပေါ်သို့ ဒူးများ ကွေးညွတ်ကျသွားပြီး သတိလစ်သွားလေ တော့၏။



သို့ဖြစ်၍လည်း ပွဲကြီးပွဲကောင်း တစ်ခုအား ကြည့်ရှုအကဲဖြတ် ချင်ကို လက်လွှတ်လိုက်ရလေသည်။

ဝမ်းကြီးက အခန်းတွင်းသို့ ရောက်ရှိလာသည်နှင့် မရပ်မနား ဘဲ ကောင်းမော်အား တိုက်ခိုက်လိုက်သည်။

သို့သော် ကောင်းမော်က နောက်ဆုတ် ရှောင်တိမ်းလိုက်ပြီး သံပလွေကို ကန့်လန့်ဖြတ် မှုတ်ပစ်လိုက်လေသည်။

ထိုအခါ ...

"ထောက် ..."

တစ်ချွန်းအော်ရင်း ဦးခေါင်းကို ငုံ့ကာ နောက်ကျွမ်းပစ်လိုက် လေသည်။

ထိုအခါ သံမဏိကြိုးမှာ "ဝီ"ခနဲမြည်ကာ သူ၏ ခေါင်းပေါ် မှ ကျော်ဖြတ်သွားလေတော့၏။

ဝမ်းကြီးမှာ ဒုတိယအကြိမ်မြောက် အသက်ဘေးမှ လွတ် မြောက် သွားရပြန်လေသည်။

ယခုတစ်ကြိမ် ကောင်းမော်မှာ အံ့သြနေခြင်း မရှိတော့ဘဲ အပေါ်သို့ လျင်မြန်စွာ ခုန်တက်လိုက်ပြီး လေထဲမှာပင် ဝမ်းကြီးအား ခြေဖြင့်ဆင့်ကာဆင့်ကာ ကန်ကျောက်ပစ်လိုက်လေသည်။

ဝမ်းကြီးမှာ လျင်မြန်စွာ ရှောင်တိမ်းလိုက်ရပြန်၏။

ပထမအကြိမ် ကန်ချက်မထိသည်နှင့် ကောင်းမော်က အောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်လည် ခုန်ဆင်းလာပြီး နောက်ထပ် ဆင့်ကန်ကျောက်လာပြန်သည်။

ဝမ်းကြီးမှာ ပထမအချက် ကန်ကျောက်ပြီးသည်နှင့် ရှောင်တိမ်းရင်း အခြေအနေကို တွက်ဆမိလိုက်သည်။

ဒုတိယအချက်ကို မရှောင်ဘဲ ပြန်တိုက်ခိုက်ရန် စိတ်ကူးလိုက်သည်။ ထိုစဉ် ဟုန်ဝေယင်းက တစ်ခွန်းအော်လိုက်ပြန်၏။

"သတိထား ... ဖိနပ်အောက်မှာ ဓားဝှက်ထားတယ်"

ထိုစကား ကြားလိုက်ရသည်နှင့် ဝမ်းကြီးမှာ ထိတ်လန့်သွားလေသည်။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

ထိုတခဏ အချိန်အတွင်းမှာပင် ကောင်းမော်၏ ဖိနပ်ဦးမှ ဓားပါးငယ်တစ်လက် ထိုးထွက်လာသည်ကို တွေ့လိုက်ရ၏။

ဝမ်းကြီးမှာ အရှောင်မြန်၍သာ အသက်မသေခြင်း ဖြစ်သည်။ ရင်ဘတ်ရှေ့ အင်္ကျီစများမှာ ဓားချက် ကြောင့် စုတ်ပြဲသွားလေသည်။ ကောင်းမော်သည် သူ၏တိုက်ကွက် လုံးဝ မအောင်မြင်သော်လည်း ဝမ်းကြီးအား ဒုက္ခပေးနိုင်သည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွား၏။

ထို့ကြောင့် ...

"အဆိပ်ကြည့်စမ်း"

ပြောရင်း သံပလွေကို ဝှေ့ယမ်းလိုက်လေသည်။ ဝမ်းကြီးမှာ



ရင်ထိတ်သွားပြီး ရှောင်ရန် ကြိုးစားလိုက်သည်။ သို့သော် ဟုန်ဝေယင်းက ...

"ဒီတစ်ခါ မကြည့်ဘဲ နေလို့ဖြစ်တယ်"

သူ၏အသံကြောင့် ဝမ်းကြီးက ရှောင်တိမ်းခြင်း မပြုတော့ပါချေ။

ဟုန်ဝေယင်း ပြောသည့်အတိုင်း ကောင်းမော်ကလည်း ဟန်ဆောင် လှည့်စားလိုက်ခြင်း ဖြစ်သည်။

အကယ်၍ ဝမ်းကြီးက ရှောင်တိမ်းသွားသည်ဆိုလျှင် သူ့အနေဖြင့် အသာစီးမှ ဆက်၍တိုက်ခိုက်နိုင်မည် မဟုတ်ပါလား။ သို့သော် ဝမ်းကြီးက ဟုန်ဝေယင်း၏ စကားအတိုင်း ရှောင်တိမ်းခြင်းမပြုဘဲ ဆက်လက် တိုက်ခိုက်လိုက်သဖြင့် ကပျာကယာ သံပလွေဖြင့် ဝှေ့ယမ်းလိုက်ရပြန်လေသည်။

"အဆိပ်အပ်ကိုကြည့် ..."

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ဟုန်ဝေယင်းက ...

"ဒီတစ်ခါတော့ ကြည့်ရမှဖြစ်မယ်"

ထိုစဉ် သံပလွေအတွင်းမှ အဆိပ်အပ်သုံးချောင်း ပစ်လွှင့်လာလေသည်။

ဝမ်းကြီးမှာ နောက်သို့ ခုန်ဆုတ်သွားပြီး အနီးရှိ ခုံလားထိုင်တစ်လုံး ယူကာ ကာကွယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထောက် … ထောက် … ထောက်"

အဆိပ်အပ်ကလေးများမှာ ကုလားထိုင်ပေါ်သို့ စိုက်ဝင်သွားကြလေတော့သည်။

ထိုအချိန်တွင် ကောင်းမော်၏ တိုက်ကွက်များမှာ စွမ်းအားလျော့ကျသွားပြီ ဖြစ်သည်။

အခြေအနေကို နားလည်ထားသော ဟုန်ဝေယင်းက ရုတ်တရက် ရှေ့သို့ခုန်ထွက်လိုက်ပြီး ကောင်းမော်အား တိုက်ခိုက်လိုက်လေသည်။

ထိုအချိန်အတွင်းမှာပင် ဝမ်းကြို့ကလည်း လက်ထဲမှ ခုံဖြင့်ပစ်ပေါက်လိုက်၏။

ကောင်းမော်မှာ နှစ်ဖက်ညှပ်၍ အတိုက်ခံလိုက်ရသဖြင့် အစက်ကြဲ့သွား၏။

သို့သော် …

အတွေ့အကြုံ ရင့်ကျက်သူဖြစ်သည့်အတိုင်း ပစ်လွှင့်လာသော ခုံကို ခြေဖြင့်ကန်၍ အရှိန်ယူကာ အပြင်သို့ ခုန်ထွက်သွားလေတော့သည်။

ကောင်းမော် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်နှင့် ဝမ်းကြို့မှာ ရင်ထိတ်သွားကာ ဟုန်ဝေယင်းအား လှမ်း၍ပြောလိုက်၏။



"ဟုန်ဝေယင်း … မင်း ကျွန်းချစ်ချစ်ကို ကြည့်ထားလိုက်၊ ငါလိုက်သွားမယ်"

သို့သော် ဟုန်ဝေယင်းက ခေါင်းခါယမ်းပြလိုက်သည်။

"မင်းစောင့်နေ … ငါလိုက်သွားမယ်"

"ငါက မင်းထက် ကိုယ်ဖော့ပညာ တော်တယ်၊ ဒါကြောင့် ငါလိုက်သွားမှ ဖြစ်မယ်"

ဟုန်ဝေယင်းက နှာခေါင်းရှုံ့ပစ်လိုက်၏။

"မင်းထက်ငါက အတွေ့အကြုံရင့်တယ်၊ ငါသာ သတိမပေးရင် မင်းသေတာကြာပြီ"

စင်စစ် တစ်ယောက်နှင့်တစ်ယောက် နှာတစ်များ အသာမခံဘဲ ပြောဆိုနေကြခြင်းပင် ဖြစ်၏။ ရုတ်တရက် ဝမ်းကြို့က ပြေးလိုက်သွားရန် ခြေလှမ်းပြင်ရင်း …

"အေး … ဒီအတွက် ငါပြန်လာမှပဲ ကျေးဇူးတင်စကား ပြောတော့မယ်"

"မင်း ငါ့ကို ဘာမှ ကျေးဇူးတင်စရာ မလိုပါဘူး၊ ငါ့ကို နှောင့်ယှက်ရင် ပြီးတာပဲ"

ဝမ်းကြို့မှာ ခေါင်းညိတ်လိုက်ပြီး ပြေးလိုက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် ချက်ချင်းပင် ခြေလှမ်း ပြန်လည်ရုတ်သိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သက်ပြင်းတစ်ချက်ချကာ ဖြည်းညှင်းစွာ ပြောဆိုလိုက်လေသည်။

"အခု လိုက်သွားဖို့ မလိုတော့ပါဘူး"

ဟုန်ဝေယင်းကလည်း အပြင်သို့ လှမ်းကြည့်လိုက်သည်။ ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

ယခုအခါတွင် ...

ကောင်းမော်၏ အရိပ်အရောင်ပင် မတွေ့ရတော့ဘဲ ပျောက်ခြင်း မလှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

* * *

(၅)

ဟုန်ဝေယင်း၏မျက်နှာမှာ မည်းမှောင်နေ၏။

ဝမ်းကြိုအား မကျေမနပ်ဖြင့်ကြည့်ရင်း ...

"ငါ ပြောသားပဲ၊ တို့နှစ်ယောက် အငြင်းပွားနေတာနဲ့ ကောင်းမော် လွတ်သွားပြီလို့"

ဝမ်းကြိုက ပခုံးတွန့်လိုက်ပြီး ...

"ငါက ငြင်းတာလား၊ မင်းက ငြင်းတာလား၊ ငါပြောတဲ့အတိုင်း မင်း စောင့်နေရစ်ခဲ့ရင် အခုလို လွတ်သွားမှာ မဟုတ်ဘူး"

ဟုန်ဝေယင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။



"ဘာပဲဖြစ်ဖြစ် သူ့အကြောင်းကို တို့ သိထားပြီပဲ၊ ပြေးလို့ လွတ်တော့ပါဘူး"

ဟုန်ဝေယင်းပြောပုံက ပိုင်နိုင်တိကျလှ၏။ ဝမ်းကြိုက မျက်မှောင်ကြုတ်သွားကာ ...

"မဖြစ်နိုင်တာ၊ ဘယ်သွားတယ်ဆိုတာ မသိဘဲ သူ့ကို ဘယ်သို့လုပ် လိုက်ရှာမလဲ"

ထိုအချိန်တွင် သတိလစ် မေ့မြောနေသော အာကျယ်မှာ ပြန်သည် သတိရလာပြီဖြစ်သည်။

အခြေအနေကိုလည်း နားလည်သဘောပေါက်သွား၏။ ထို့ကြောင့် ကြားဖြတ်ဝင် ပြောလိုလေသည်။

"ငါတို့ သူ့အိမ်သွားရှာကြည့်ရင် မကောင်းဘူးလား"

ဟုန်ဝေယင်းက မျက်နှာမဲ့လိုက်ကာ ...

"ဘာလဲ ... ကောင်းမော်က လာဖမ်းမယ့်လူကို အိမ်မှာထိုင်စောင့်နေမယ်များ ထင်သလား"

အာကျယ် ပါးစပ်ပိတ်သွားရလေတော့၏။ ဟုန်ဝေယင်းက ဆက်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ငါတို့ ကျန်းချစ်ချစ်ကို စောင့်ရှောက်နေတာပဲ ကောင်းတယ်၊ သူ နောက်တစ်ခါလာပြီး ရန်မရှာဘူးလို့ မပြောနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အာကျယ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"အဲဒါ မှန်တယ်"

နံဘေးမှ ငြိမ်သက်စွာရပ်၍ စဉ်းစားနေသော ဝမ်းကြီးက ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ...

"ကောင်းမော်ဟာ ကျန်းချစ်ချစ်အပြင် နောက်ထပ်လူတစ်ယောက်ကို သွားရှာနိုင်တယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ ထစ်ခနဲ မိမတတ် ထိတ်လန့်သွားမိလေသည်။

"ဟုတ်တယ်၊ တင်းစန်းက သူ့လက်ချက်မိသွားပြီလား မပြောတတ်ဘူး၊ တကယ်လို့ မသေဘူးဆိုရင်တောင်မှ ဘယ်နေရာမှာ ဝှက် ထားသလဲ မသိရသေးဘူး၊ ဒါကြောင့် လွတ်နေတဲ့လူဆိုလို့ လုဝမ် ထင်းတစ်ယောက်ပဲ ကျန်တော့တယ်"

ဝမ်းကြီးက ခေါင်းညိတ်လိုက်မိသည်။

"သူ့ရဲ့အကြောင်းတွေ ပေါ်ကုန်လို့ ဘယ်သူ့ကိုမှ ချမ်းသာ ပေးတော့မှာ မဟုတ်ဘူး၊ လုဝမ်းထင်းကိုလည်း သွားသတ်မှာ သေချာ တယ်"

ဟုန်ဝေယင်းမှာ ကောင်းမော်က လုဝမ်းထင်းကို သတ်မည် ဆိုလျှင် အိမ်ကြက်ချင်း အိုးမည်းသုတ်ကာ ခွပ်သည့်သဏ္ဌာန်ဖြစ်နေ ပေလိမ့်မည်ဟု တွေးတောနေမိ၏။



အကယ်၍ ကောင်းမော်အနိုင်ရရှိသွားပါက လုဝမ်းထင်း၏ အလောင်းကိုယူကာ အလွယ်တကူ ဆုငွေထုတ်ယူနိုင်မည် မဟုတ် ပါလား။

ထို့ကြောင့် သဘောကျစွာ ပြုံးလိုက်ပြီး ...

"သူတို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြ ရင်လည်း ကောင်းတာပဲ၊ လောကကြီးထဲမှာ လူဆိုးတွေလျော့သွား တာပေါ့"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါဟာ ကောင်းမော်ကိုဖမ်းမိဖို့ အခွင့်အရေးပဲ၊ လုဝမ်းထင်း သေပြီး သူ့ကိုရှာမတွေ့ရင် နောက်ထပ်ပြဿနာတွေ တက်လာနိုင် သေးတယ်"

"ဒါဆိုရင် ဘယ်လိုလုပ်မလဲ"

ဤတွင် ဝမ်းကြီးက ကျန်းချစ်ချစ်အား အားနာသည့်ဟန် ဖြင့် ...

"ကျွန်မအတွက် စိတ်မပူပါနဲ့ရှင်၊ ဟောဒီမှာ အာကျယ်တို့ လည်း ရှိနေသားပဲ၊ ရှင်တို့ ဦးလေးလုဝမ်းထင်းကို အမြန်ဆုံး သွား တော်ကြရင် ကောင်းလိမ့်မယ်"

ဝမ်းကြီးနှင့် ဟုန်ဝေယင်းနှစ်ယောက်စလုံးပင် လုဝမ်းထင်းထံ သို့ သွားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျန်းချစ်ချစ်ကိုယ်တိုင်က သဘောတူလာသောကြောင့် ...မ်းသာသွားကြလေသည်။

သို့သော် သူမတစ်ယောက်တည်း ဤနေရာတွင် ထားခဲ့ရမည် ...ကို စိတ်မချကြပါ။ ထိုနည်းတူ ကျန်းမိသားစုအိမ်သို့လည်း မပို့လို ...ကြပါချေ။

ထို့ကြောင့် အာကျယ်အားကြည့်ကာ ...

"အာကျယ် မင်းရဲ့အိမ်က တော်တော်ကျယ်သလား"

အာကျယ်က ခေါင်းညိတ်ပြလိုက်သည်။

"ကျယ်ပါတယ်၊ ဘာဖြစ်လို့လဲ"

ဟုန်ဝေယင်းက ကျန်းချစ်ချစ်အား လက်ညှိုးညွှန်ပြပြီး ...

"သူ့ကို မင်းအိမ်ကေခေါ်သွားပါ၊ မိုးမလင်းခင် ငါတို့လာ ...ခေါ်မယ်"

အာကျယ်က ခေါင်းညိတ်လိုက်၏။

"စိတ်ချ ... ကျုပ်အိမ်ခေါ်သွားပြီး စောင့်ရှောက်ထားပါ့မယ်"

"ကဲ ... ဒါဖြင့် တို့ သွားကြစို့"

ဝမ်းကြီးက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ် ...သွားပြီး ...

"တို့ သူတို့ကို လိုက်ပို့ပေးခဲ့ရင် ပိုကောင်းမယ်ထင်မယ်"

ဟုန်ဝေယင်းက ခေါင်းညိတ်၍ ...



"အေးပေါ့၊ ငါကလည်း ဒီအတိုင်း စိတ်ကူးထားပါတယ်"

သူတို့သည် သေဆုံးသွားသော ဆိုင်လုလင်၏အလောင်းကို ...မ်းကာ ကျန်းချစ်ချစ်အားခေါ်ဆောင်၍ အဆောက်အအုံအတွင်းမှ ...ွက်ခွာသွားကြ၏။

အကာယ်၍သာ ခြံဝင်းအတွင်း အမှောင်ထုထဲမှ မျက်လုံးတစ်စုံ ...က သူတို့အား စိုက်ကြည့်နေသည်ကို သတိပြုမိခဲ့ကြပါမူ ...

* * *

(၆)

ဝမ်းကြီးတို့လူစုမှာ ထွက်ခွာသွားကြပြီ ဖြစ်သည်။ ဝမ်းကြီးတို့ ...နှင့်အတူ ကျန်းချစ်ချစ်လည်း ပါသွား၏။

ကျန်းချစ်ချစ်မှာ ဝမ်းကြီးတို့နှင့်အတူ ရှိနေလျှင် ကောင်းမော်က ...ည်သို့မျှ လုပ်ကြံ၍ရလိမ့်မည် မဟုတ်ပါချေ။

ဝမ်းကြီးတို့လူစု ထွက်ခွာသွားပြီး မကြာမီမှာပင် ရှည်လျားစွာ ...ပေါက်ရောက်နေသော မြက်ပင်များအကြားမှ လူတစ်ယောက် မတ် ...တ်ထ ရပ်လိုက်လေသည်။

ထိုလူမှာ ဝမ်းကြီးတို့က ထွက်ပြေးသွားပြီဟု ထင်မှတ်ထား... ကောင်းမော်ပင် ဖြစ်ပါသည်။

ကောင်းမော်မှာ ထွက်ခွာသွားနေသော ဝမ်းကြီးတို့လူစုအား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ယှက်သန်းလာနေသည်ကို တွေ့ရ၏။

စင်စစ် သူသည် ဝမ်းကြီးတို့ထင်မှတ်ထားသကဲ့သို့ လုဝမ်းထင်အား အရေးတကြီး လိုက်မရှာပါချေ။

ဤနေရာသို့ မရောက်မီကတည်းက ကြိုတင်စီစဉ်၍ အကွက်ချ ပြုလုပ်ခဲ့သည်။

သူ၏အစီအစဉ်များမှာ ပြည့်စုံပြီး ဟာကွက်မရှိ။ ပိရိသေသပ်လှကြောင်းကို သူကိုယ်တိုင် သဘောပေါက်ထားလေသည်။

ထို့အပြင် လက်တွေ့ဖြစ်ရပ်များက သက်သေပြနေပြီ မဟုတ်ပါလား။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ ဘုမသိ ဘမသိဖြင့် သူ၏အစီအစဉ်အတိုင်း လိုက်ပါလှုပ်ရှားနေကြ၏။

ဝမ်းကြီးတို့၏ လှုပ်ရှားမှုတိုင်းသည် သူ စီစဉ်ခဲ့သည့်အတိုင်းဖြစ်ကာ ကွက်တိလှုပ်ရှားခဲ့ကြ၏။

သူ၏ အစီအစဉ်များအနက် အချို့အဝက်မှာ အောင်မြင်စွာပြီးဆုံးသွားခဲ့ချေပြီ။

မကြာမီ ...

နောက်ထပ် အောင်မြင်မှုများရရှိလာပြီး အောင်ပွဲခံရပေတော့မည်။



အစီအစဉ်များတွင် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ အဓိကကျသော အခန်းမှ ပါဝင်လှုပ်ရှားနေကြ၏။

အစီအစဉ်၏ နောက်ဆုံးအဆုံးသတ် ပန်းတိုင်မှာလည်း ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ထံတွင်ပင် ဦးတည်ထားလေသည်။

မည်သို့ဆိုစေ အကွက်ကျကောင်းမွန်လှန်းလှသော မည်သည့်အစီအစဉ်မျိုးမဆို တစ်ခါတစ်ရံ အမှားအယွင်းများ ဖြစ်ပေါ်လာနိုင်၏။

ထို့ကြောင့် ...

ကောင်းမော်က ဖြစ်နိုင်စရာအကြောင်းရှိသည်များကို အမျိုးမျိုးတွေးဆထားပြီး စီမံထားခဲ့ခြင်း ဖြစ်လေသည်။

သို့မဟုတ် အစီအစဉ် လွဲချော်ခဲ့လျှင်လည်း ဖြစ်သမျှကိစ္စရပ်များကိုရင်ဆိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။

ကျူပြင်ခုတ်လျှင် ကျူငုတ်ကျန်ရစ်ခဲ့၍ မဖြစ်ချေ။

ကောင်းမော်က တွေးယင်းတွေးယင်း သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ မေးစရာတစ်ခုကတော့ ရှိနေချေပြီ။

ယင်းမှာ ... ကောင်းမော်သည် အမှန်ပင် ပင့်ကူဖြစ်နေချေပြီလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၇)

ကျယ်ဝန်းသော လမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာကြ ပြီ ဖြစ်၏။

အာကျယ်၏ လမ်းပြမှုကြောင့် ဖြတ်လမ်းများမှတစ်ဆင့် သူ့ အိမ်သို့ ဦးတည်သွားနေခြင်း ဖြစ်သည်။

အတန်ကြာ လျှောက်သွားပြီးသောအခါ လမ်းဆုံလမ်းဝတ သို့ ရောက်ရှိလာကြလေသည်။

ထိုအခါ အာကျယ်က ခြေလှမ်းရပ်တန့်လိုက်ပြီး ...

"ဝဲဘက်လမ်းကို တည့်တည့်သွားရင် လုဝမ်းထင်းရဲ့အိမ်ကို ရောက်လိမ့်မယ်"

ဟုန်ဝေယင်းက ယာဘက်လမ်းကို လှမ်းကြည့်လိုက်ကာ ...

"ဒါဆို ဒီဘက်သွားရင်ကော"

"ဒီဘက်သွားရင် ကျုပ်အိမ်ကို ရောက်သွားလိမ့်မယ်"

"တော်တော် ဝေးသေးသလား"

"မဝေးတော့ပါဘူး"

"ဒါဖြင့် ငါတို့ လိုက်မပို့တော့ဘူး"

အာကျယ်က ခေါင်းညိတ်ပြလိုက်သည်။

"ရပါတယ်၊ ကျုပ်တို့အတွက် စိတ်မပူပါနဲ့၊ ခင်ဗျားတို့သာ သတိထားပြီး သွားပါ"



ဝမ်းကြီးက ရှေ့သို့ ခြေလှမ်းတိုးထွက်လိုက်ပြီး ဟုန်ဝေယင်း အားကြည့်ကာ ...

"သူတို့ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးမှ ထင်တယ်"

ဟုန်ဝေယင်းက ခေါင်းခါယမ်းပြလိုက်၏။

"မလိုပါဘူးကွာ၊ သိပ်ဝေးတော့တာမှ မဟုတ်ဘဲ"

အာကျယ်ကလည်း ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်ဗျာ၊ သိပ်မှ မဝေးတော့ဘဲ၊ ကိစ္စမရှိပါဘူး"

ဝမ်းကြီးက ငေးငိုင်နေသဖြင့် ဟုန်ဝေယင်းက မဲ့ပြုံးပြုံးလိုက် ပြီး ...

ဝမ်းကြီးအား လှမ်းရိုက်လိုက်သည်။

"အခုအချိန်မှာ လုဝမ်းထင်းဆီကို အမြန်ဆုံးသွားနိုင်ဖို့ လို တယ်၊ ဒါကြောင့် မင်းနေချင်ရင် နေခဲ့၊ ငါတော့ သွားမယ်"

ပြောပြီးသည်နှင့် ဝဲဘက်လမ်းအတိုင်း ပြေးထွက်သွားလေ သည်။ ဝမ်းကြီးမှာ မနေနိုင်တော့ပါချေ။ သူသည် ကျန်းချစ်ချစ်ဘက် သို့ လှည့်ကာ ...

"ကျုပ်ကို ခွင့်ပြုပါဦး၊ ခင်ဗျားကို သူတို့ စောင့်ရှောက်ပါ လိမ့်မယ်"

ကျန်းချစ်ချစ်က အသိအမှတ်ပြုသည့်အလား ခေါင်းညိတ်ပြ လိုက်၏။ သူမက ချိုသာပြုံးရွှင်သော မျက်နှာလေးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် စိတ်မပူပါနဲ့ရှင်၊ ဦးလေး လုဝမ်းထင်းကိုသာ အမြန်ဆုံးသွားပြီး ကူညီကြပါ"

"စိတ်ချပါ၊ ကျုပ်တို့လက်က ပြေးမလွတ်နိုင်ပါဘူး"

ပြောပြီးသည်နှင့် ဝမ်းကြီးလည်း ဟုန်ဝေယင်း၏နောက်သို့ ပြေးလွှားလိုက်ပါသွားလေသည်။

မကြာပါချေ။ သူတို့နှစ်ယောက်မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

✱ ✱ ✱

(၈)

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှောင်ရီနေ၏။

သို့သော် မကြာမီ မိုးလင်းလာတော့မည် ဖြစ်သဖြင့် မိုးကောင်းကင်တစ်ခုလုံးမှာမူ ကြည်ပြာရောင်သန်းစ ပြုလာ၏။

ထို့ကြောင့် မှောင်ရီသန်းသည်ဟုဆိုသော်လည်း ပတ်ဝန်းကျင် အခြေအနေကို ကောင်းစွာ တွေ့မြင်နေရလေသည်။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ ထွက်ခွာသွားကြပြီ ဖြစ်သည်။ ထိုအခါမှ အာကျယ်က ...

"ကဲ ... ကျုပ်တို့ သွားကြစို့"

ပြောပြီးသည်နှင့် ရှေ့မှဦးဆောင်လျှောက်သွားလေသည်။



သို့သော် ခြေလှမ်းသုံးလှမ်း လေးလှမ်းမျှ လှမ်းသွားပြီးသည်နှင့် သူ၏ ခြေလှမ်းများမှာ ပြန်လည်ရပ်တန့်သွားရလေတော့သည်။

✱ ✱ ✱

(၉)

ဟုန်ဝေယင်းက ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်နေ၏။ အမှန်တော့ ကိုယ်ဖော့ပညာ အသုံးပြုကာ လျှောက်သွားနေခြင်း ဖြစ်သည်။

သို့သော် ဝမ်းကြီးအား ဖြတ်ကျော်တက်သွားနိုင်ခြင်း မရှိခဲ့ပါချေ။

သုံးလေးကြိမ်မျှ ကြိုးစား၍ ဖြတ်ကျော်လိုက်သော်လည်း တူညီသော အကွာအဝေးအတိုင်းပင် နောက်မှာ ကျန်ရစ်ခဲ့လေသည်။ ဝမ်းကြီးက ရှေ့မှခြေတစ်လှမ်းအကွာဖြင့် လျှောက်သွားနေကြောင်း သိမိထားသော်လည်း စကားတစ်လုံးမျှ မပြောပါချေ။ ရှေ့သို့ လျှောက်မြဲတိုင်း လျှောက်သွားနေ၏။

အတန်ကြာ လျှောက်လာမိသောအခါ လမ်းကွေ့တစ်ခုသို့ ရောက်ရှိလာလေသည်။

ဟုန်ဝေယင်းမှာ နောက်မှလိုက်ရင်း မမိသဖြင့် မကျေမနပ် ဖြစ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မင်းက ဘာကြောင့် ဒီလောက်မြန်မြန် လျှောက်နေ

ရတာလဲ"

ဝမ်းကြီးက ပြုံးလိုက်ပြီး ....

"မြန်မြန်သွားမှ လုဝမ်းထင်းကို ကယ်နိုင်မယ် မဟုတ်လား"

"ကျုပ်တော့ ဒီလိုမထင်ဘူး"

"မင်းက ဘယ်လိုထင်လို့လဲ"

"တကယ်လို့ တို့က မြန်မြန်လျှောက်ပြီဆိုရင် ဟိုကိုရောက်

သွားတဲ့အခါ ခွန်အားလျော့နည်းနေပြီး မောပန်းနေလိမ့်မယ်၊ အဲဒီ

အချိန်မှာ ကောင်းမော်နဲ့ ယှဉ်ပြိုင်ရရင် တပန်းမရှုံးဘူးလား"

ဟုန်ဝေယင်းက တွေးတွေးဆဆ ပြောလိုက်၏။ ဝမ်းကြီး

အပြုံးမပျက်ဘဲ ...

"ဒါကို ငါသိပါတယ်၊ ကောင်းမော်ထွက်လာတဲ့အချိန်

တို့နဲ့ သိပ်ကွာတာမှ မဟုတ်ဘဲ၊ မောစရာရှိရင် သူလည်း မော

ရောပေါ့"

ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်လေသည်။ ဝမ်းကြီး

ဆက်ပြောလိုက်သည်။

"မင်းသိထားဖို့က လုဝမ်းထင်းဟာ ခေတ်လူတစ်ယော

မဟုတ်ဘူး၊ ဒါကြောင့် ကောင်းမော် သူ့ကို လွယ်လွယ်နဲ့သတ်

ရမှာ မဟုတ်ဘူး"



သို့သော် ဝမ်းကြီး၏စကားကို ဟုန်ဝေယင်းက လက်မခံနိုင်ပါ

ချေ။

သူက ခေါင်းသွင်သွင်ခါယမ်းလိုက်ပြီး ...

"မင်း ဒီလိုယူဆရင် မှားသွားမှာပေါ့"

"ဘာဖြစ်လို့ မှားရမှာလဲ"

ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်ကာ ...

"လုဝမ်းထင်းဟာ သိုင်းပညာမှာ သိပ်တော်နေရင် ငါ့ကို

သက်တော်စောင့်အဖြစ် ငှားပါ့မလား"

သူ၏စကားကြောင့် ဝမ်းကြီးက တဟားဟား ရယ်မောလိုက်

လေသည်။

"ဟား ... ဟား ... ဟား ..."

ဝမ်းကြီး၏ရယ်သံက တိတ်ဆိတ်သောညဉ့်ယံတွင် ကျယ်

လောင်လာ၏။ ဟုန်ဝေယင်းက မျက်မှောင်ကြုတ်သွားကာ ...

"မင်းက ဘာရယ်တာလဲ"

ဝမ်းကြီးက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး ...

"မင်း တော်တော် အ,သေးတာပဲ၊ တချို့လူတွေဟာ သူ့

အတွက် ကြားက အသက်စွန့်ပေးမယ့် ကြေးစားလူမိုက်ကို အားရမ်း

သောတက်ကြတယ်၊ အန္တရာယ်ကို ကိုယ်တိုင်ရင်ဆိုင်စရာ မလိုတော့

ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းမှာ ဒေါသထွက်သွားလေသည်။ သို့သော် တစ်ဖက်မှလည်း ဝမ်းကြိုစကားက မှန်ကန်နေသည်ဟုလည်း နားလည်ထား၏။

ထို့ကြောင့် ဝမ်းကြိုအား စေ့စေ့ကြည့်ကာ ...

"လုဝမ်းထင်းဟာ တကယ်ပဲ သိုင်းပညာတော်သလား"

ဝမ်းကြို၏မျက်နှာမှာ တည်ကြည်လေးနက်လာလေသည်။

"ငါ့စိတ်ထင်ပြောရရင် လုဝမ်းထင်းဟာ တို့နှစ်ယောက်ထက် သိုင်းပညာ ပိုတော်တယ်၊ အတွင်းအား ပိုကောင်းတယ်"

ဟုန်ဝေယင်း၏ရင်ထဲ၌ လေးလံလာသည်ဟု ခံစားရ၏။ သူ့ကိုယ်တိုင်လည်း စန်းရန်ဌာနခွဲမှူး လူဆိုးထိမ်းရှောင်ဝမ်ထံမှ ကြား သိစကတည်းက ရင်ဆိုင်ရန်မလွယ်ကူသူ တစ်ယောက်ဖြစ်ကြောင်း ရိပ်မိထား၏။

ထို့ကြောင့် အံကိုတင်းတင်းကြိတ်ကာ လေသံကို အတတ်နိုင် ဆုံး တည်ငြိမ်စွာထားကာ ပြောဆိုလိုက်၏။

"ဒါဆိုရင် တို့တစ်တွေ အေးအေးဆေးဆေး သွားကြရို"

ဝမ်းကြိုမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ဘာဖြစ်လို့လဲ"

"ဒါမှ ကောင်းမော်လက်ချက်နဲ့ သူ့ခံရမှာပေါ့၊ နှစ်ယော စလုံး ဒဏ်ရာအနာတရ ဖြစ်နေတဲ့အချိန်မှာ ငါတို့ရောက်သွားကြ



ဝို မကောင်းဘူးလား၊ အရေးကြီးတာက လုဝမ်းထင်းရဲ့အလောင်းကို ကောင်းမော် ယူမသွားရင် ပြီးတာပဲမဟုတ်လား"

ဝမ်းကြိုက သဘောကျစွာ ပြုံးလိုက်ပြီး ...

"စိတ်ချ ... လုဝမ်းထင်းရဲ့အလောင်းကျန်နေခဲ့ရင် ဆုငွေထုတ် ယူဖို့ မင်းကို ငါပေးမယ်"

သူ၏စကားကြောင့် ဟုန်ဝေယင်း၏ မျက်လုံးအစုံမှာ ဝင်း လက်သွားလေသည်။

"မင်း တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဖြင့် မင်းက ဆုငွေမယူဘူး ဟုတ်လား"

ဝမ်းကြိုက တည်ငြိမ်အေးဆေးစွာဖြင့် ...

"ဟုတ်တယ် မယူဘူး"

ဟုန်ဝေယင်းမှာ အံ့သြသွားသည်။

သို့သော် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် မျက်လုံးပြူး ကျယ်သွားပြီး ...

"ဒါဆို မင်းက လုဝမ်းထင်းပိုင်တဲ့ ကျောက်မျက်ရတနာတွေ ကို ယူမယ်ဆိုပါတော့"

ဝမ်းကြိုက အဖြေမပေးဘဲ ပါးစပ်ပိတ်ထားလေသည်။ ဟုန် ဝေယင်းက မကျေမနပ်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုလူလည်ကျလို့ ဘယ်ရမှာလဲ၊ ငါပြောတဲ့အတိုင်း ဘယ်ကပဲရရ တစ်ယောက်တစ်ဝက် ဝေယူမယ်"

သူက မည်သို့ပင် ပြောလိုက်သော်လည်း ဝမ်းကြီးက အဖြေ မပေးဘဲနေလေသည်။

ဟုန်ဝေယင်းမှာ ဒေါသထွက်လာ၏။

"ငါပြောတာ မင်း သဘောတူလား၊ မတူဘူးလား"

ဝမ်းကြီးက သက်ပြင်းချလိုက်သည်။

ထိုနောက် အေးဆေးစွာ ...

"[illegible]လာဆယ် လုဝမ်းထင်းကိုပဲ တွေ့ပါစေဦးကွာ၊ သူ့ ကိုတွေ့မှ ဆုံးဖြတ်ကြတာပေါ့"

ဟုန်ဝေယင်းက မကျေမနပ်ဖြင့် ...

"အေးပေါ့၊ မင်းသာ လူလည်ကျရင် ငါ့အကြောင်း သိရမယ်"

သူတို့နှစ်ယောက်မှာ ငြင်းခုံရင်း ဆက်လျှောက်သွားနေကြ ၏။

သို့သော် သူတို့၏ခြေလှမ်းများမှာ နှေးကွေးသည်ဟုတော့ မဆိုသာပါချေ။ နှေးသည်ဆိုလျှင်ပင် အခြားသူများထက် သာနေသေး သည် မဟုတ်ပါလား။

* * *



(၁၀)

အာကျယ်၏ မျက်လုံးအစုံမှာ ပြူးကျယ်နေ၏။

သူသည် နေရာတွင်ပင် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်နေ ပြီး ပါးစပ်ဟောင်းလောင်း ဖြစ်နေလေသည်။

သူ၏မျက်လုံးအစုံမှာ အရှေ့ဘက်တည့်တည့်သို့ စိုက်ကြည့်နေ ၏။

အမှန်စင်စစ် ...

အရှေ့ဘက်လမ်းကြားထဲသို့ စိုက်ကြည့်နေခြင်းထက် အရှေ့ ဘက်လမ်းကြားမှ ထွက်ပေါ်လာသော လူရိပ်[illegible]အား စိုက်ကြည့် နေခြင်းသာ ဖြစ်လေသည်။

အရှေ့ဘက်တည့်တည့်မှ လူရိပ်တစ်ခုသည် သူတို့ထံသို့ ဖြည်းဖြည်း လှမ်းလာနေ၏။

ယင်းလူရိပ်မှာ အဖြူရောင်ဝတ်ဆင်ထားသဖြင့် ရုတ်တရက် ကြည့်လျှင် လမ်းလျှောက်လာသူမဟု မထင်ရဘဲ လေနှင့်အတူ လွင့် မျောလာသည်ဟု ထင်မှတ်ရပေမည်။ အာကျယ်မှာ ယခုအချိန်တွင် အရာကိုမကြောက်တော့ဘဲ လူသတ်သမား ထွက်ပေါ်လာမှာကိုသာ ကြောက်လန့်နေ၏။

သူ ကြောက်လန့်နေသည့်အတိုင်းပင် လူသတ်သမားမှာ ပေါ် ထွက်လာပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးစည်းကြိုးတွင် ထိုးထားသော ပလွေအား တစ်ပိုင်းတစ်စ တွေ့မြင်လိုက်ရသည်နှင့် ကောင်းမော်ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်သည်။

အာကျယ်၏ရင်ထဲမှ နှလုံးသွေးသည် တဒိတ်ဒိတ် ခုန်ဆောင့်နေတော့၏။

သူသည် ဆိုင်လုလင်အားကြည့်ကာ ...

"မင်း သူ့ကို တတ်နိုင်သလောက်အချိန်ဆွဲထားပါ၊ ငါ ကျန်းချစ်ချစ်ကိုခေါ်ပြီး ဟုန်ဝေယင်းတို့နောက်ကို လိုက်သွားမယ်"

ဆိုင်လုလင်မှာ လူသတ်သမားထက် သူ၏ဆိုင်ရှင်အာကျယ်ကို ကြောက်လန့်ရှိသေသူ ဖြစ်သည်။

ထို့ကြောင့် အာကျယ်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ...

"စိတ်ချ"

ပြောရင်း အသင့်ပါလာသော တုတ်ရှည်ကိုကိုင်ကာ ကောင်းမော်ထံသို့ ပြေးဝင်သွားလေသည်။ ကောင်းမော်သည် ကြောက်စရာကောင်းသူဖြစ်သော်လည်း ဆိုင်လုလင်က အချိန်အနည်းငယ်မျှတော့ ဟန့်တားနိုင်လိမ့်မည်ဟု အာကျယ်က ယုံကြည်ထား၏။

သို့သော် ကောင်းမော်ထံသို့ ပြေးဝင်သွားသော ဆိုင်လုလင်မှာ ကောင်းမော်အနီးသို့ ရောက်ရှိသွားသည်နှင့် ...



"အွန် ..."

မသဲမကွဲ ညည်းညူလိုက်ပြီး မြေပေါ်သို့ ပုံကျသွားသည်ကို တွေ့လိုက်ရ၏။ အာကျယ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သဖြင့် ကျန်းချစ်ချစ်ဘက်သို့ လှည့်ကာ ...

"ကျုပ်တို့ ပြေးကြစို့"

ကျန်းချစ်ချစ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့ ထွက်ပြေးလို့ မဖြစ်တော့ဘူး"

အာကျယ်က နားမလည်စွာဖြင့် ...

"ဘာဖြစ်လို့လဲ"

ကျန်းချစ်ချစ်က ခေါင်းတစ်ချက်ဆတ်၍ ...

"ရှင် နောက်ကိုလှည့်ကြည့်လိုက်ပါလား"

အာကျယ်က ကောင်းမော်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ...တစ်ချက် အာကျယ်၏ခန္ဓာကိုယ် တောင့်တင်းသွား၏။

အကြောင်းမှာ ကောင်းမော်က သူနှင့်လက်တစ်ကမ်းအကွာသို့ ...် ရောက်ရှိနေပြီ မဟုတ်ပါလား။

အာကျယ်မှာ ထိတ်လန့်သွားကာ နောက်သို့ခုန် ဆုတ်လိုက်ပြီး ...မှ ထိတ်လန့်တကြား ရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင် ... ခင်ဗျား"

ကောင်းမော်က ရယ်မောလိုက်သည်။ သူရယ်မောသံမှာ အေး စက်စက်ဖြင့် ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

"ခင်ဗျားဟာ ဘုမသိဘမသိ သူများကိစ္စထဲ ဝင်ပါချင် ဘကိုး"

အာကျယ်က နောက်သို့ တရွေ့ရွေ့ ဆုတ်ခွာသွားကာ ...

"ခင်ဗျား ရှေ့မတိုးနဲ့ ကျုပ် အော်လိုက်မယ်"

အာကျယ်က အော်လိုက်မည်ဆိုသောကြောင့် ကောင်းမော်မှာ ခြေလှမ်းတန့်လိုက်လေသည်။

အမှန်တော့ အာကျယ်က အသံကုန်ဟစ်လိုက်လျှင် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ ကြားသွားမည်ကို သူ စိုးရိမ်နေမိ၏။

တိတ်ဆိတ် နေသော ညအချိန်ဖြစ်၍ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည့် အခါ အဝေးမှပင် ကြားရနိုင်သည် မဟုတ်ပါလား။

မည်သို့ဆိုစေ အာကျယ်မှာ အော်နိုင်လိမ့်မည် မဟုတ်ဟု ကောင်းမော်က ယူဆထား၏။

သို့ဖြင့် သူသည် အာကျယ့်အား ပြုံးစိစိဖြင့်ကြည့်လိုက်ပြီး ...

"ခင်ဗျားအော်လို့လည်း အပိုပဲ၊ မယုံရင် အော်ကြည့်ပါလား"

အာကျယ်က အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"ကျုပ် အော်လိုက်ရင် ဟုန်ဝေယင်းတို့ ကြားသွားပြီး ခင်ဗျားကို လာသတ်လိမ့်မယ်၊ မသေချင်ရင် မြန်မြန်ထွက်သွားပါ"



ကောင်းမော်က ရယ်မောလိုက်ပြီး ရှေ့သို့ တစ်ဖန် တိုးကပ်လာပြန်လေသည်။

အာကျယ်မှာ ကြောက်လွန့်ထိတ်လန့်သွားပြီး အော်ဟစ်ရန် ကြိုးစားလိုက်၏။

သို့သော် သူ၏အသံမှာ ထွက်ပေါ်လာနိုင်ခဲ့ခြင်း မရှိပါချေ။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှား၍မရဘဲ ကျောက်ရုပ်ပမာ ဖြစ်သွား၏။ ကောင်းမော်မှာ သူ၏ရှေ့တွင်ရပ်လျက် တဟားဟားရယ်မော၍ နေသေး၏။

ယခုအချိန်တွင်မှ အာကျယ်မှာ ကျန်းချစ်ချစ်အား သူ့အနေဖြင့် အကာအကွယ် မပေးနိုင်တော့ကြောင်း သဘောပေါက်လိုက်သည်။

ထို့အပြင် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ သတိမမူအဲ ကြီးကျယ်သော အမှားတစ်ရပ် ပြုလုပ်မိပြီဖြစ်ကြောင်း ရိပ်စားမိလာသည်။

သို့သော် သူသိခဲ့သော လျှို့ဝှက်ချက်အား မည်သူ့ကိုမျှ ပြောနိုင်ရာတော့ပါချေ။

သူနှင့်အတူ သေမင်းနိုင်ငံသို့ ယူဆောင်သွားခဲ့ပြီ ဖြစ်၏။ အာကျယ်သိရှိခဲ့သော လျှို့ဝှက်ချက်မှာ မည်သည့်လျှို့ဝှက်ချက် ဖြစ်ပါသနည်း။

တခြားမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမှာ … ကောင်းမော်တွင် အဖော်တစ်ယောက် ရှိနေသေးသည်ဟူသော အချက်ပင် ဖြစ်ပါသည်။

ကောင်းမော်က ကျယ်လောင်စွာ ရယ်မောနေသော်လည်း အာကျယ်မှာ မကြားရတော့ပါချေ။

မျက်လုံးများ မှုန်ဝါးလာပြီး နောက်ဆုံးမြင်ကွင်းတစ်ခုလုံးမှာ မှောင်အတိ ကျသွားလေတော့၏။

* * *



# လျှို့ဝှက် အရှုပ်တော်ပုံ

## (၁)

အခြေအနေမှာ ထူးခြား၍ မလာဝါချေ။

လျှို့ဝှက်မြေအောက်ခန်း တစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

တင်းစန်းမှာ သစ်သားဘီးတွင် ချုပ်နှောင်ခံနေရဆဲပင် …

သူ၏ ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများမှာပို၍ များပြားလာ၏။ မှုန်ဝင်စစ် သတိကောင်းစွာ ရနေသည့်အချိန်ဟူ၍ နည်းပါးလှပြီး သတိလစ်မေ့မြောနေသည့်အချိန်က များလေသည်။

ယခုလည်း တင်းစန်းမှာ သတိလစ် မေ့မြောနေရှာလေသည်။ ထိုအချိန်တွင် လျှို့ဝှက်မြေအောက်အခန်းတံခါး ပွင့်လာ၏။ တစ်ဆက်တည်းမှာပင် ဘယ်သန် ညာသန်နှင့် ရွှေရောင်မျက်နှာဖုံး တပ်ဆင်ထားသူတို့မှာ ကျောက်လှေကားမှတဆင့် အောက်သို့ ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်မျက်နှာဖုံး စွပ်ထားသူမှာ တင်းစန်းအား တစ်ချက် လှမ်းကြည့်လိုက်ပြီး လက်ဗွေယမ်းပြလိုက်သည်။ ဘယ်သန်က ရှေ့ လှမ်းထွက်သွားပြီး သစ်သားဘီးကို လှည့်လိုက်၏။

ထိုအခါ သစ်သားဘီးမှာ လည်သွားကာ တင်းစန်းမှာ ရေကန် ထဲသို့ ကျသွား၏။ မကြာပါချေ။ ရေကန်ထဲမှ ပြန်လည်ပေါ်ထွက် လာသောအခါ တင်းစန်းမှာ ရေမွန်းသွားပြီး သတိရလာ၏။

ထိုအခါမှ ရွှေရောင်မျက်နှာဖုံးနှင့်လူက သဘောကျစွာ တဟား ဟားရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... ဘယ်လိုလဲ၊ မင်း အခုထိ ခေါင် မာနေဦးမှာလား"

တင်းစန်းက 'ထွီ' ခနဲ တံတွေးတစ်ချက်ထွေးလိုက်၏။ ဒေါသ မီးတောက်သည့် မျက်လုံးအစုံဖြင့် ရွှေရောင်မျက်နှာဖုံးစွပ်နှင့် လူအ ကြည့်ကာ ...

"ခင်ဗျားဟာ ကျုပ်တို့လူစုမှာ ခေါင်းဆောင်တစ်ယောက် ခံ့ပေမယ့် အခုလိုလုပ်တာ ရှက်စရာပဲ"

တင်းစန်း၏စကားမှာ ထူးခြားနေ၏။ ရွှေရောင်မျက်နှာဖုံး နှင့်လူမှာ အဘယ်ကြောင့် သူတို့လူစု၏ခေါင်းဆောင် ဖြစ်သည် ပြောရပါသနည်း။ တကယ်ဆိုတော့ သူတို့လူစုမှာ ဝမ်းထင်၊ ရှ အင်၊ တင်းစန်း၊ ကောင်းမင်နှင့် ကျန်းလုံတို့ငါးယောက် ဖြစ်ကြ



အမှန်တော့ သူတို့လူစုကား တစ်ချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဓားပြကြီးများ ဖြစ်ကြလေ၏။

ပီကင်းမြို့မှ ကျောက်စိမ်းရတနာဆိုင်အား ဓားပြတိုက်ခဲ့သူများ လည်း ဖြစ်ကြ၏။

သူတို့လူစုတွင် ခေါင်းဆောင်သူမှာ လုဝမ်းထင်းဖြစ်သည်။ သို့ဆိုလျှင် ယခု ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူမှာ လုဝမ်ထင်းပင် ဖြစ်နေသလော။

မှန်ပါသည်။ ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူမှာ လုဝမ်းထင်းပင် ဖြစ်ပါသည်။ လုဝမ်ထင်းက တင်းစန်းအား စကားပြောမည်ကြံရွယ် တိုင်း တင်းစန်းက စကားမပြောဘဲ နှုတ်ပိတ်နေခဲ့၏။

ထို့ကြောင့် ဒေါသဖြစ်ကာ ရိုက်နှက်ညှင်းပန်းစေခဲ့သဖြင့် တင်း စန်းမှာ သတိလစ်သွားသည့်အချိန်ကသာ များနေရတော့၏။ ယခု တိုင် လုဝမ်းထင်းနှင့် စကားကောင်းစွာ မပြောရသေးပါချေ။ မည်သို့ ဆိုစေ ယနေ့တွင် တင်းစန်းက စတင်၍ စကားပြောလာပြီ ဖြစ်၏။

ထို့ကြောင့် လုဝမ်းထင်းမှာ ဝမ်းသာသွားလေသည်။ အဘယ့် ကြောင့်ဆိုသော် တင်းစန်းကသာ စကားပြောလာလျှင် သူသိလိုသော သဲ့ လွန်ချက်များအား နှိုက်ထုတ်နိုင်လိမ့်မည်ဟု ကျိန်းသေ ယုံကြည် ထားခြင်းကြောင့် ဖြစ်၏။

ထို့ကြောင့်လည်း သူ့အား တင်းစန်းက ဓော်ကားမော်ကား ပြောလိုက်သော်လည်း စိတ်မဆိုးဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ ရှက်နေလို့ မပြီးဘူး၊ စုကွမ်းအင်းဟာ ဘယ်သူ့လက်ချက်မှန်းမသိဘဲ သေသွားပြီ၊ ဒါကြောင့် အချိန်ရှိတုန်း လှုပ်ရှားရမယ် မဟုတ်လား"

တင်းစန်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"စုကွမ်းအင်းကို ခင်ဗျားသတ်လိုက်တာ မဟုတ်လား"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူသတ်တာလဲ"

"ဒါတော့ ကျုပ်ဘယ်သိပါ့မလဲ၊ မင်းပြောသလိုဆို ပင့်ကူရဲ့လက်ချက် ဖြစ်မှာပေါ့"

တင်းစန်းမှာ အံ့သြသွားကာ ...

"ပင့်ကူက အခုထိ အသက်ရှင်နေသေးတုန်းပဲလား"

လုဝမ်းထင်းက ပြုံးလိုက်ပြီး ...

"ဒါတော့ ကျုပ်လည်း ဘယ်သိမလဲ၊ မင်းပြောခဲ့တဲ့ကိစ္စအတိုင်း ဖြစ်မှာပေါ့"

တင်းစန်းမှာ ငေးငိုင်သွားလေသည်။ သူသည် လုဝမ်းထင်းအား မည်သည့်ကိစ္စများ ပြောပြခဲ့ပါသနည်း။ လုံးဝ သတိမရဘဲ မေ့နေသည်။ ထို့ကြောင့် လုဝမ်းထင်းအားကြည့်ကာ နားမလည်နိုင်သော မျက်နှာဖြင့် လှမ်းမေးလိုက်မိ၏။



"နေစမ်းပါဦး၊ ကျုပ်က ဘာတွေများပြောမိခဲ့လို့လဲ"

လုဝမ်းထင်းက ရယ်ကျဲကျဲဖြင့် ...

"ကိုယ်ပြောတဲ့စကားတောင် ကိုယ်မေ့နေပြီလား"

"အိုး ... ကျုပ် သတိမရလို့ မေ့နေတာ ဘာဖြစ်သလဲ"

"ကောင်းပြီ၊ မင်းမေ့နေရင် ကျုပ်ပြောပြမယ်၊ ပင့်ကူဆီက သမင်းတမန်ကတ်ပြားရပြီး နောက်တစ်နေ့ မင်း ကျုပ်ဆီရောက်လာတာ မှတ်မိသေးသလား"

တင်းစန်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"မှတ်မိသားပဲ"

"အေး ... အဲဒီနေ့ကပေါ့"

* * *

(၂)

မိုးရောင်မှာ ထိန်ထိန်လင်းနေ၏။

လုဝမ်းထင်းမှာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိလေသည်။ တင်းစန်းမှာမူ စားပွဲတွင်ထိုင်ကာ အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။

စတင် ရောက်လာသည့် အချိန်မှ ယခုအထိ အရက်နှစ်အိုးခန့်အောင် သောက်ခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ပုံသဏ္ဌာန်ကို ကြည့်ရသည်မှာ အရက်ကိုမူးအောင် မနား တမ်း သောက်နေသကဲ့သို့ ရှိနေ၏။

ကြာသော် လုဝမ်းထင်းမှာ သူ့အတွက် စိုးရိမ်လာ၏။ ထို့ ကြောင့် စားပွဲခုံတွင် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး ...

"တင်းစန်း မင်းဒီလောက်သောက်နေတာတော့ မသင့်လျော် ဘူးထင်တယ်"

တင်းစန်းက ခေါင်းမော့ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံ မှာ ရီဝေနေပြီး နွမ်းလျသောလေသံဖြင့် ပြောဆိုလိုက်၏။

"အစ်ကိုကြီး ... ကျုပ်တို့ကို ပင့်ကူက သတ်လိမ့်မယ်ဗျ"

လုဝမ်းထင်းက အားပေးသောအပြုံးပြုံးကာ ...

"ဒီအတွက် စိတ်မပူပါနဲ့ကွာ၊ မင်းပင့်ကူက ဘယ်လောက်ရော အစွမ်းထက်လို့လဲ၊ တစ်ချိန်က တို့တတွေရဲ့လက်ချက်နဲ့ သေရမလို ဖြစ်ခဲ့သေးတယ် မဟုတ်လား"

တင်းစန်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူ လွတ်မြောက်သွားတာ တော် တော်ဆိုးတယ်ဗျ၊ အခုလိုသာ ကျုပ်တို့ကို ဒုက္ခပေးမယ်မှန်းသိရင် ဘယ်အလွတ်ခံမလဲ"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားမိလေသည်။ တင်းစန်း အား အကဲခတ်သလို ကြည့်လိုက်ပြီး ...



"အေး ... ပင့်ကူ တို့လက်ထဲက လွတ်သွားတာ သိပ်ဆိုးတာ ပေါ့၊ ဒီလောက် အခိုင်အမာ ချုပ်ထားလျက်နဲ့ လွတ်သွားတာ အံ့ဩ စရာပဲ"

တင်းစန်းမှာ ရုတ်တရက် စကားမပြောဘဲ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေလေတော့၏။ ထို့ကြောင့် တစ်ခဏ အတွင်းမှာပင် အရက်တစ်အိုး ကုန်သွားပြန်လေ၏။

အရက်သုံးအိုး ကုန်သွားသောအခါ တင်းစန်းမှာ အလွန်အကျွံ မူးသွားလေတော့သည်။

ထို့အပြင် အာလေးလျှာလေးဖြစ်လာပြီး ...

"ဒီကိစ္စကို ကျုပ်မပြောချင်လို့၊ နောင်တစ်ချိန် အခုလိုဖြစ် လာမယ်ဆိုတာ ကျုပ် တွေးမိတယ်၊ ဒါပေမယ့် ..."

တင်းစန်း၏စကားများမှာ တဖြည်းဖြည်း ထူးခြားလာနေ ကြောင်း လုဝမ်းထင်းက သဘောပေါက်လိုက်မိ၏။ ထို့ကြောင့် သတိဝင်စားစွာ နားထောင်နေရင်းမှ စကားဆက်ထောက်ကာ မေးမြန်း လိုက်မိ၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်က ကျန်းလုံကိုအားနာတယ်၊ ကျန်းစုရယ် ဒုက္ခရောက် တာကိုလည်း မကြည့်ရက်ဘူး၊ ဒါကြောင့် ..."

လုဝမ်းထင်း၏ ရင်ခုန်သံနှုန်းမှာ မြန်လာလေသည်။ မမျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ လွန်ခဲ့သည့်ဆယ်နှစ်ကျော်က ကိစ္စများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို ကြားသိရတော့မည် မဟုတ်ပါလား။

စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ဘဲ တင်းစန်း၏ပခုံးကို ဆုပ်ကိုင်ကာ လှုပ်ယမ်းနေမိသည်။ နှုတ်မှလည်း အဆက်မပြတ် မေးခွန်းထုတ်နေမိ၏။

"ပင်ကူ ထွက်ပြေးသွားတဲ့ညက မင်းနဲ့ကျန်းလုံတို့ သူ့ကို စောင့်ဖို့ တာဝန်ကျတယ် မဟုတ်လား၊ မင်းတို့ သူ့ကို လွှတ်ပေးလိုက်သလား၊ မြန်မြန်ပြောစမ်း"

သို့ရာတွင် တင်းစန်းမှာ အဖြေမပေးနိုင်တော့ပါ။ အရက် အရှိန်အကျွံမူးနေသဖြင့် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျကာ အိပ် ပျော်သွားလေတော့သည်။

* * *

(၃)

တင်းစန်း၏မျက်လုံးများ ပြူးကျယ်နေ၏။

လုဝမ်းထင်းကို မယုံကြည်နိုင်စွာဖြင့် ကြည့်နေလေသည်။

လုဝမ်းထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ့်နှယ်လဲ၊ ကျုပ် မင်းကို ဘာကြောင့်ဖမ်းထားရသ ဆိုတာ သိပြီလား"



သို့သော် တင်းစန်းထံမှ မည်သည့်အသံမျှ ထွက်မလာပါ။ တင်းစန်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ပါးစပ်ပိတ်ထားလိုက် လေသည်။

လုဝမ်းထင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ် အစကတည်းက ဒီကိစ္စမှာ မင်းတို့ရဲ့လက်ချက် ပါ ဝင်လိမ့်မယ်ဆိုတာ တွေးမိတယ်၊ ဒါပေမယ့် မင်းတို့အပေါ် ယုံကြည် မိတာ ကျုပ်အမှားပဲ"

တင်းစန်းက စကားမပြောပါချေ။ ပါးစပ်ပိတ်ထားမြဲ ပိတ် ထား၏။ လုဝမ်းထင်းက လက်နှစ်ဖက်နောက်ပစ်ကာ တင်းစန်းရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သို့သော်လည်း တင်းစန်းက နှုတ်ပိတ်ရေငုံနေလေရာ အချိန် ကြာသော် ဒေါသဖြစ်လာလေတော့သည်။ သို့သော် သူသည် တင်း စန်း၏ရှေ့၌ ခြေလှမ်းရပ်တန့်လိုက်ပြီး ...

"တင်းစန်း ... မင်းကို ငါနောက်ဆုံး အခွင့်အရေးတစ်ခု ပေးမယ်"

တင်းစန်းက နှုတ်ခမ်းများကို တွန့်လိမ် ရွဲ့မဲ့ပစ်လိုက်သည်။

"ကျုပ်ကို သတ်မလို့လား၊ သိပ်ကောင်းတာပေါ့ဗျာ"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မင်းကိုသတ်ရင် ကျုပ် မိုက်မဲရာကျမှာပေါ့၊ ဒါပေမယ့် ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လက်တစ်ချက် ဇော့ယမ်းပြလိုက်လေသည်။ ဘယ်သန်နှင့်ညာသန်တို့က ရှေ့သို့ ပြုံးတူလှမ်းထွက်လာကြ၏။ လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သောအခါ ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

တစ်ဖန် တင်းစန်းအနီးသို့ ချဉ်းကပ်သွားကြ၏။ လုဝမ်းထင်းက သဘောကျစွာ ရယ်မောလိုက်၏။ သူ့ရယ်သံက ကြောက်စရာကောင်းလှသည်။

"မင်းသာ ရှေ့ဆက်ခေါင်းမာနေမယ်ဆိုရင် ဒုက္ခိတတစ်ယောက် ဖြစ်သွားလိမ့်မယ်လို့ ကျုပ် ပြောရဲတယ်"

တင်းစန်းက မရှိပြုံး ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဒါတွေဟာ ကျုပ်လိုလူတစ်ယောက်အတွက် မဆန်းပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်အပေါ် ရက်ရက်စက်စက် လုပ်မယ်ဆိုရင် ကျုပ်ကလည်း ဘယ်တော့မှ ပြောမပြတော့ဘူး"

လုဝမ်းထင်းက ပခုံးတွန့်လိုက်ပြီး ...

"တကယ်လို့ ကျုပ်မင်းကို လွှတ်ပေးမယ်ဆိုရင်ကော ပြောပြမလား"

တင်းစန်းက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချ၊ ကျုပ် ဘေးကင်းတဲ့နေရာရောက်သွားရင် ခင်ဗျားသိချင်တဲ့အကြောင်းတွေ ပြောပြမယ်၊ ကျုပ်နဲ့အတူ နားထောင်ဖို့ လူတစ်ယောက်ကို ထည့်ပေးလိုက်ပေါ့"



လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ဘယ်သန်နဲ့ညာသန် တစ်ယောက်ယောက်ကို ထည့်ပေးလိုက်မယ်"

တင်းစန်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး၊ အခု အခြေအနေအတိုင်း ကျုပ် သူတို့ကို မယုံနိုင်ဘူး၊ ကျုပ်ကသာ လျှို့ဝှက်ချက် ပြောပြလိုက်ရင် ကျုပ်ကို သတ်ပစ်လိုက်မှာပေါ့"

လုဝမ်းထင်းကလည်း လက်မခံနိုင်ပါချေ။ အခြားလူတစ်ယောက်ယောက်ကို ထည့်ပေးလိုက်ပါကလည်း မည်သူသည် တင်းစန်းအား ထိန်းထားနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ထားသည်။

ထို့ကြောင့် ...

"မဖြစ်ဘူး၊ တခြားတစ်ယောက်ယောက်ကို ထည့်ပေးလိုက်ရင် မင်း သူတို့ကိုသတ်ပြီး ထွက်ပြေးသွားမှာပေါ့"

တင်းစန်းက အေးတိအေးစက်ဖြင့် ...

"ကျုပ်ကို မယုံလည်း မတတ်နိုင်ဘူး၊ မပြောရုံသာ ရှိတာပေါ့"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်၏။

"မင်း တကယ်မပြောဘူးပေါ့"

"မပြောဘူး"

"မင်း တကယ်မပြောဘဲ နေနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းက တစ်ချက် ရယ်မောလိုက်ပြီး ...

"ဘာဖြစ်လို့ မနေနိုင်ရမှာလဲ"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်၏။

"မင်း မနေနိုင်ပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

လုဝမ်းထင်းက ပိုင်နိုင်တိကျသော လေသံဖြင့် ...

"ကျုပ်က ကျန်းစုရယ်ကို သတ်ပစ်လိုက်မယ် ဆိုရင်ကော"

ထိုစကားကို ကြားလိုက်ရသောအခါ တင်းစန်း၏ခန္ဓာကိုယ်မှာ တောင့်တင်းသွားလေသည်။ သူ၏နားကိုဝင် မယုံကြည်နိုင်ဘဲ ဖြစ်သွား၏။

လုဝမ်းထင်းအား အံ့ဩစွာဖြင့်ကြည့်ကာ ...

"ခင် ... ခင်ဗျား"

လုဝမ်းထင်းက ပြုံးလိုက်သည်။ ပြီးတော့ နိုင်ဖဲကိုဆုပ်ကိုင်ထားသော လောင်းကစားသမားတစ်ယောက်၏ လေသံဖြင့် ...

"ကျန်းစုရယ်ရဲ့အသက်ဟာ မင်းလက်ထဲမှာ ရှိတယ်၊ မင်းက မပြောဘူးဆိုရင် သူ့ကို သေမိန့်ချလိုက်တာနဲ့ အတူတူပဲ"

တင်းစန်း ပါးစပ်ပိတ်သွားလေသည်။ လုဝမ်းထင်းက ဆက်ပြောလိုက်၏။

"ဘယ့်နှယ်လဲ၊ မင်း ပြောပြတော့မလား"



တင်းစန်း၏မျက်နှာမှာ ခက်ထန်တင်းမာနေလေသည်။

သူသည် အံကို တင်းတင်းကြိတ်ထားရင်း ခေါင်းကို ဘယ်ညာယမ်းခါလိုက်၏။

"မပြောဘူး၊ ဘယ်တော့မှ မပြောဘူး"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"မပြောရင်လည်း ရပါတယ်၊ ကျန်းစုရယ်ကို သတ်ပစ်လိုက်ရုံရှိတော့တာပေါ့"

ပြောပြီးသည်နှင့် ဘယ်သန်ဘက်သို့လှည့်ကာ တိကျပြတ်သားသော အမိန့်တစ်ခုကို ထုတ်လိုက်လေသည်။

"ဟော့ဘယ်သန် ... ကျန်းမိသားစုအိမ်ကိုသွား၊ ထုံးစံအတိုင်း အားလုံး ရှင်းပစ်လိုက်"

ဘယ်သန်က ဦးညွတ်လိုက်ပြီး ...

"အမိန့်အတိုင်းပါ ခေါင်းဆောင်ကြီး"

ပြောပြီးသည်နှင့် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

လုဝမ်းထင်းမှာ ပြောသည့်အတိုင်း လုပ်တတ်ကြောင်း တင်းစန်းက သဘောပေါက်ထားသည်။

သူကသာဆက်၍ ခေါင်းမာနေမည်ဆိုလျှင် ကျန်းမိသားစုတစ်အိမ်သားလုံး အသတ်ခံရပေတော့မည်။ တင်းစန်း၏ ခန္ဓာကိုယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ် တုန်ယင်လာ၏။ အကယ်၍ သူက ဖွင့်ပြောလိုက်ပါမူ။ တင်းစန်းမှာ လှမ်းထွက်သွားနေသော ဘယ်သန်အားကြည့်လိုက်ရင်း နှုတ်မှ အလိုအလျောက် တားဆီးမိလျက်သား ဖြစ်သွားသည်။

"ဟေ့ ဘယ်သန် ... ရပ်လိုက်စမ်း"

သူ၏စကားသံကြောင့် ဘယ်သန်မှာ ခြေလှမ်းရပ်တန့်သွား၏။ လှဝမ်းထင်းမှာ ဝမ်းသာသွားမိသည်။ တင်းစန်းအား အားတက်သရော လှမ်းမေးလိုက်၏။

"မင်း ပြောတော့မလို့လား"

တင်းစန်းက သက်ပြင်းချလိုက်သည်။

"ဒီကိစ္စမှာ ကျန်းစုရယ်ပါဝင်နေတာကို ခင်ဗျား သိထားမှတော့ အကြောင်းကိစ္စအားလုံး သိထားပြီးပြီ မဟုတ်လား"

တင်းစန်း၏စကားမှာ ထူးခြားနေကြောင်း လှဝမ်းထင်းက သဘောပေါက်ထား၏။ ထို့ကြောင့် ချော်လဲရောထိုင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ကွာ၊ ဒီကိစ္စတွေအားလုံးကို ငါ သိထားပြီးပါပြီ"

ဤတွင် တင်းစန်းက သူ့အား တစ်ချက်လှမ်းကြည့်ကာ ...

"ဒါဖြင့် ဘာဖြစ်လို့ မေးနေရသေးတာလဲ"

လှဝမ်းထင်းက ပြုံးလိုက်ကာ ...



"သိပ်မရှင်းတဲ့အချက်တွေ ရှိနေသေးတယ်၊ ဒါကြောင့် မင်းဆီက သိချင်တယ်၊ မင်းနှုတ်က ပြောပြတာကို ကြားချင်တယ်"

တင်းစန်းက သက်ပြင်းချလိုက်သည်။

"ခင်ဗျား သူ့ကိုသတ်ပစ်မယ်ဆိုရင်တော့ ရက်စက်ရာကျလွန်းပါတယ်၊ သူဟာ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲမှာ လဲနေတယ် မဟုတ်လား"

သူ၏စကား ကြားလိုက်ရသောအခါ လှဝမ်းထင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဘယ်သန်နှင့် ညာသန်တို့မှာလည်း နားမလည်နိုင်ဘဲ ဖြစ်သွားကြ၏။ နှစ်ယောက်စလုံး လှဝမ်းထင်းကို လှမ်းကြည့်လိုက်ကြသည်။

သို့သော် လှဝမ်းထင်းက လက်ကာပြ၍ ဟန့်တားလိုက်သဖြင့် အသံပင် မပြုဝံ့ကြပါချေ။

တင်းစန်း၏စကားအရ ကျန်းစုရယ်ကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း နားလည်ထားသဖြင့် ...

"အမှန်တော့ သူဟာ သနားဖို့ကောင်းပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ ဘယ်သူ့ကိုမှ သနားနေလို့ မဖြစ်တော့ဘူး"

တင်းစန်းက လှဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျား သူ့ကိုချမ်းသာပေးဖို့ ကျုပ် တောင်းပန်ပါတယ်"

လှဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com



"စိတ်ချ၊ မင်းကသာ ကျုပ်ကိုပြောပြမယ်ဆိုရင် ကျန်းစုရယ် ဘာမှ မဖြစ်စေရပါဘူး"

တင်းစန်း၏မျက်လုံးများမှာ ဝင်းလက်သွား၏။

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့"

"ကောင်းပြီ၊ ကျုပ် ပြောပြမယ်"

လုဝမ်းထင်းမှာ စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။ တင်းစန်းမှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်မှ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိသောအခါ နဖူးလန်းဆန်းသည်ဟု ထင်မှတ်ရ၏။ သူ၏မျက်ဝန်းအစုံမှာ ရီဝေနေပြီး ...

"ကျန်းစုရယ်ဟာ ကံဆိုးလှပါတယ်၊ သူမဟာ အေးအေးဆေး ဆေးနေခဲ့ပေမယ့် ကြမ္မာဆိုးဝင်ခဲ့တယ်လို့ ကျုပ် ယူဆတယ်၊ ဒါဟာ ချောမောလှပလွန်းတဲ့ သူမရဲ့ရုပ်ရည်ကြောင့်ပဲ ဖြစ်ရမယ်"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားမိသည်။

"မင်းပြောတာ ကျုပ် နားမလည်ဘူး"

တင်းစန်းက ရယ်မောလိုက်၏။

ထို့နောက် လုဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"တကယ်လို့ ခင်ဗျားသာ ကျန်းစုရယ်အပေါ် စိတ်ဝင်စား ရှိမယ်ဆိုရင် အခြေအနေကို သဘောပေါက်မှာပဲ၊ ကျုပ်ပြောတဲ့စကား တွေကိုလည်း နားလည်လာမှာပဲ"



လုဝမ်းထင်း ခေါင်းညိတ်လိုက်သည်။ တစ်ချိန်က ကျန်းလုံ၏ ညီမ ကျန်းစုရယ်မှာ အလွန်ချောမောလှပခဲ့၏။

ထို့အပြင် ရိုးသားသိမ်မွေ့ပြီး သိုင်းပညာတော်သော မိန်း ကလေးဖြစ်သောကြောင့် ပိုးပန်းသူ များပြားလှပေသည်။

ကျန်းစုရယ်အား ပိုးပန်းသူများအနက် တင်းစန်းမှာလည်း ပါဝင်ခဲ့ကြောင်း လုဝမ်းထင်းက သိရှိထား၏။

ထို့ကြောင့် သဘောကျစွာပြုံးကာ ...

"ဘာလဲ၊ မင်းက ကျန်းစုရယ်ကို မြတ်နိုးခဲ့တဲ့အကြောင်း ပြောမလို့လား"

တင်းစန်းက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့် ဘာအကြောင်း ပြောချင်လို့လဲ"

"ကျန်းစုရယ်ကို မြတ်နိုးခဲ့တဲ့ လူတစ်ယောက်ရဲ့အကြောင်းပေါ့"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘယ်သူလဲ"

တင်းစန်းက တည်ငြိမ်အေးဆေးစွာ ပြောလိုက်၏။

"ပင်ကူ"

လုဝမ်းထင်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေတော့သည်။

✷ ✷ ✷

www.burmeseclassic.com

www.burmeseclassic.com



## (၄)

"ပင့်ကူ ..."

လုဝမ်းထင်၏နှုတ်မှ လွှတ်ခနဲ ပဲ့တင်သံထွက်သွား၏။

ပင့်ကူမှာ ကျန်းလုံ၏ညီမ ကျန်းစုရယ်အား နှစ်သက်ခဲ့သည်ဟု တင်းစန်းက ဆိုလိုချေပြီကော ...

ဤသို့ဆိုလျှင် ပြဿနာမှာ ပိုမိုရှုပ်ထွေးလာနိုင်သည် မဟုတ်ပါလား။ လုဝမ်းထင်းမှာ ဖြစ်ပျက်ခဲ့သည့် အကြောင်းကိစ္စများကို တဖြည်းဖြည်း နားလည်သဘောပေါက်သလိုတော့ ရှိလာချေပြီ။

သို့သော် ရေရေရာရာ မသိရသေးပါချေ။ မည်သို့ဆိုစေ အဖြေရှိရန် အလှမ်းနီးကပ်လာပြီဟု နားလည်သဘောပေါက်လိုက်မိသည်။

တင်းစန်းက ဆက်ပြောလိုက်သည်။ သူသည် လုဝမ်းထင်းအား စိုက်ကြည့်ရင်း အတိတ်ကအကြောင်းတစ်ခုကို ပြန်လည်အစဖော်ပေးလိုက်သည်။

"ကျုပ်တို့ငါးယောက် စုပေါင်းပြီး ကျောက်စိမ်းရတနာဆိုင်ကို ဓားပြတိုက်ဖို့ကြံရွယ်ခဲ့တာ မှတ်မိသေးသလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။ တစ်ချိန်က အဖြစ်အပျက်များကို ပြန်လည်တွေးမိလိုက်ပြီး သူကိုယ်တိုင် လှုပ်ရှားပါဝင်ခဲ့ပုံများကို သတိရလာသည်။ သူ၏ပုံဟန်မှာ နုပျိုလန်းဆန်းလာသည်ဟု ထင်မှတ်ရလေသည်။ တင်းစန်းအား ပြုံး၍ကြည့်ရင်း ...



"မှတ်မိတာပေါ့၊ ဒီကိစ္စဟာ ငါတို့ငါးယောက်ရဲ့ဘဝမှာ အကြီးအကျယ်ဆုံးပဲ မဟုတ်လား"

လုဝမ်းထင်း၏စကားက မှန်ကန်လှသည်။ တင်းစန်းက သက်ပြင်းချကာ ...

"အဲဒီတုန်းက ဓားပြတိုက်ဖို့ အစီအစဉ်အမျိုးမျိုး ရေးဆွဲခဲ့ပေမယ့် တစ်ခုမှ ဖြစ်မလာဘူး"

"ဟုတ်တယ်၊ တို့ငါးယောက်ရဲ့အစီအစဉ်တွေဟာ ချို့ယွင်းချက်တွေ ရှိနေတယ်၊ ဒါ့ကြောင့် ကျန်းလုံက ပင့်ကူနဲ့ဆက်သွယ်ဖို့ အကြံပေးခဲ့တာပေါ့"

တင်းစန်းက အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ ...

"အမှန်တော့ ကျန်းလုံနဲ့ပင့်ကူတို့ဟာ ရန်သူတွေပဲ၊ ဘာကြောင့်ရန်သူဖြစ်တယ်ဆိုတာ ခင်ဗျားသိသလား"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုသည်။ သူ့စိတ်ထဲမှလည်း ဇဝေဇဝါဖြစ်သွားမိသည်။

နှုတ်မှမှ ...

"အဲဒါ ငါ မသိခဲ့ဘူး"

ပြောရင်း တင်းစန်းအား နားမလည်နိုင်စွာဖြင့်ကြည့်ကာ ပြန်လည်မေးခွန်း ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ပင့်ကူနဲ့ကျန်းလုံတို့ဟာ ဘယ်လိုလုပ်ပြီး ရန်သူဖြစ်ကြတာလဲ"

ရင်းစန်းက မချိုပြုံးပြုံးလိုက်ပြီး ...

"ရှင်းပါတယ်၊ ပင့်ကူဟာ ကျန်းစုရယ်ကို လိုချင်တယ်၊ ဒါကို ကျန်းလုံက သဘောမကျဘူး"

ယခုမှ လုဝမ်းထင်းက သဘောပေါက်သွားလေသည်။

"လက်စသတ်တော့ ဒီလိုကိုး"

တင်းစန်းက ဆက်လက်ပြောလိုက်ပြန်၏။

"ကျန်းလုံဟာ သူနဲ့အဆင်မပြေတဲ့ ပင့်ကူကို ဓားပြတိုက်တဲ့နေရာမှာ ပူးပေါင်းလုပ်ဆောင်ဖို့ အကြံပေးခဲ့တာ မထူးဆန်းဘူးလား"

"ဟုတ်တယ်၊ ဒီအကြောင်းကိုလည်း မင်းသိမယ် ထင်တယ်"

တင်းဆန်းက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ်၊ ပင့်ကူဟာ ဓားပြဖြစ်ပေမယ့် စက်ယန္တရားအကြောင်း နားလည်တယ်၊ ဉာဏ်ကောင်းတယ်၊ သူသာပါရင် လှို[illegible]တောင့်တင်းတဲ့ ကျောက်စိမ်းရတနာဆိုင်ကို ကျိန်းသေအောင်မြင်အောင် တိုက်ခိုက်နိုင်မယ် မဟုတ်ဘူးလား"

လုဝမ်းထင်းမှာ တည်ကြည်ခဲ့ညားသော ကျန်းလုံ၏မျက်နှာကို မြင်ယောင်လာလေသည်။ ထို့ကြောင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။



"အင်း ... တကယ်တော့ ကျန်းလုံဟာ ချီးကျူးစရာကောင်းတဲ့ လူတစ်ယောက်ပါပဲဗျာ"

"ဒါပေါ့ ... ကျန်းလုံဟာ ရန်သူဖြစ်တဲ့ ပင့်ကူကို အရခေါ်နိုင်လို့သာ ကျုပ်တို့အကြံအစည် အောင်မြင်ခဲ့တာ မဟုတ်လား"

လုဝမ်းထင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒါထက် ကျန်းလုံက ပင့်ကူကို ရအောင်ခေါ်နိုင်တာ အကြောင်းတစ်ခုရှိရမယ်လို့ ကျုပ်ထင်တယ်"

တင်းစန်းက ခပ်ပြင်းသော လေသံဖြင့် ...

"ရှိတာပေါ့"

"ဘာများလဲ"

"ပင့်ကူဟာ ကျန်းစုရယ်ကို မြတ်နိုးတယ်ဆိုတာ ကျန်းလုံက သိတယ်၊ ဒါကြောင့် ကျန်းစုရယ်နဲ့ လက်ထပ်ပေးမယ်လို့ဆိုပြီး ဖြားယောင်းစည်းရုံးခဲ့တာပဲ"

"လက်စသတ်တော့ ဒီလိုကိုး"

တင်းစန်းက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် ကိစ္စပြီးတဲ့အခါ ပင့်ကူကိုသတ်ဖို့ ကျန်းလုံကိုယ်တိုင် အကြံပေးခဲ့တယ် မဟုတ်လား"

"အင်း ... အဲဒါကတော့ ဘာကြောင့်လဲ"

တင်းစန်းက နှာခေါင်းရှုံ့လိုက်သည်။ ပြီးတော့မှ အေးဆေးစွာဖြင့် ...

www.burmeseclassic.com



"ပင့်ကူနဲ့ ကျန်းစုရယ်ကို လက်ထပ်မပေးချင်လို့ပေါ့"

လုဝမ်းထင်မှာ တွေဝေသွားတော့၏။ မည်သို့ဆိုစေ ဤအကြောင်းကိစ္စများသည် သေဆုံးသွားပြီဖြစ်သော ကျန်းလုံနှင့်သာ ပတ်သက်နေ၏။

ကျန်းလုံနှင့် ပတ်သက်သည့်အကြောင်းများကို အဘယ့်ကြောင့် တင်းစန်းက သိရှိထားပါသနည်း။ တင်းစန်းမှာ ကျန်းစုရယ်အား မြတ်နိုးနေသည့်အတွက် မျက်ခြည်မပြတ် အကဲခတ်နေ၍သာ ဤအကြောင်းများကို သိထားခြင်း ဖြစ်ပေမည်။

သူသည် တင်းစန်းအား စိုက်ကြည့်ရင်း သူသိလိုရာကို တောက်ကာငင်ကာ မေးလိုက်၏။

"ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ မင်း လှုပ်ရှားခဲ့တဲ့အပိုင်းကိုပြောပြရင် ကောင်းမယ်ထင်တယ်"

တင်းဆန်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘာကို ပြောရမှာလဲ"

"ကျန်းလုံနဲ့ ပင့်ကူတို့အကြောင်းတွေကို မင်း ဘယ်လိုလုပ်သိခဲ့တာလဲ"

တင်းစန်းက မချိပြုံး ပြုံးလိုက်ပြီး ...

"ရှင်းပါတယ်ဗျာ၊ ကျုပ်နဲ့ ကျန်းလုံတို့ဟာ ကလေးဘဝကစပြီး ရင်းနှီးခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းဆိုတာ ခင်ဗျား မေ့နေပြီလား



သူ၏စကားမှာ မှန်ကန်နေကြောင်း လုဝမ်းထင်က သဘောပေါက်လိုက်မိ၏။ ထို့အပြင် တင်းစန်းပြောသည့်စကားများအနက် ကျန်းစုရယ်၏အမည် ကျန်ရစ်ခဲ့သည်ကိုလည်း နားလည်ထား၏။

အကြောင်းမှာ ကျန်းလုံ၊ ကျန်းစုရယ်တို့မောင်နှမမှာ တင်းစန်းနှင့် ငယ်ပေါင်းကြီးဖော်များ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း တင်းစန်းက ကျန်းစုရယ်အပေါ် တစ်ဖက်သတ် မေတ္တာသက်ဝင်ပြီး သံယောဇဉ်ကြီးမားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ လုဝမ်းထင်းက တင်းစန်းအား အကဲခတ်သလိုကြည့်ကာ မေးလိုက်ပြန်၏။

"ကျန်းစုရယ်ကို ကလေးဘဝကတည်းစပြီး မင်း တွေ့ခဲ့တာ ဟုတ်လား"

တင်းစန်း၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။ သူ၏အကြောင်းကို လုဝမ်းထင်းက ရိပ်မိသွားပြီး ...

"မင်းကို ကျန်းစုရယ်က မချစ်ခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်"

"ကျန်းလုံက မင်းကို ကျန်းစုရယ်နဲ့ သဘောတူခဲ့တာပေါ့"

"ဟုတ်တယ်၊ ကိစ္စတွေအားလုံးရှင်းပြီးသွားရင် ကျုပ်နဲ့ ကျန်းစုရယ်ကို ပေးစားမယ်လို့ ကျန်းလုံက ပြောခဲ့တယ်၊ ဒါပေမယ့် ..."

"ဘာဖြစ်လို့လဲ၊ ဆက်ပြောပါဦး"

"ကျန်းစုရယ်မှာ ပင့်ကူနဲ့ရခဲ့တဲ့ ကိုယ်ဝန် ရှိနေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရသောအခါ လုဝမ်းထင်းမှာ အံ့ဩ
သွားရပြန်လေသည်။ ဤအတိုင်းဆိုလျှင် ကျန်းလုံမှာ သူ၏အစီ
အစဉ်ကို အရဲစွန့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါက်လိုက်
၏။ အကြောင်းမှာ ပင့်ကူအားသတ်ပစ်ရန် ကျန်းလုံကိုယ်တိုင် စီစဉ်
ခဲ့ခြင်း ဖြစ်သည်။

အစီအစဉ်အတိုင်း ပင့်ကူကို ဖမ်းဆီးနိုင်ခဲ့၏။ သို့သော်
ကျန်းစုရယ်တွင် ကိုယ်ဝန်ရှိနေကြောင်း သိခဲ့ရသဖြင့် မသတ်
လွှတ်ပေးလိုက်ခြင်းသာ ဖြစ်ပေမည်။ လုဝမ်းထင်းက တင်းစန်းအား
စိုက်ကြည့်ရင်း ...

"ကျုပ်တို့အားလုံး ကျန်းလုံရဲ့အစီအစဉ်ကို သဘောကျတယ်
ပင့်ကူကို ရှင်းပစ်မှ ကျုပ်တို့ရဲ့နောင်ရေး စိတ်အေးမယ်လို့ ယူ
ထားခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါကြောင့် ရတနာတွေကို ခေါ်ပြတိုက်လုယူလာပြီးတာ
မြို့ပြင်က ဘုံကျောင်းတစ်ခုမှာ ပင့်ကူကို အဆိပ်ခတ်ခဲ့တယ်၊ ပင့်
က အရက်ထဲမှာ အဆိပ်ပါမှန်းမသိဘဲ သောက်မိခဲ့တဲ့အတွက် အဆိ
မိသွားတယ်လေ၊ ဒါပေမယ့် သူဟာ ရတနာတွေကိုယူလာဖို့ တာ
ကျတယ်"

သူ၏စကားမဆုံးမီပင် တင်းစန်းက ကြားဖြတ်ပြောလိုက်
လေသည်။



"ကျုပ်တို့ငါးယောက်ကတော့ တိုက်ခိုက်ရေးတာဝန် ယူထား
ပြီး ရင်ဆိုင်ခဲ့ကြတယ်၊ ဒါကြောင့် ကျောက်စိမ်းရတနာဆိုင်က ရတနာ
ရှည်း အချို့တစ်ဝက်ကလွဲရင် ကျန်တာတွေအားလုံး ပင့်ကူဆီမှာ
ပါသွားတယ်"

လုဝမ်းထင်းက ခေါင်းညိတ်လိုက်၏။

"ဒါဟာ ကျုပ်တို့ရဲ့ အမိကအမှားပဲ၊ ပင့်ကူကို အဆိပ်ခတ်
ပြီး အကျုပ်ကိုင်တယ်၊ ရိုက်နှက်ညှဉ်းပမ်းတယ်၊ ဒါပေမယ့် ရတနာ
တွေ ဘယ်မှာရှိသလဲဆိုတာ မသိခဲ့ရဘူး"

တင်းစန်းက ပြုံးလိုက်မိသည်။ ထို့နောက် အေးဆေးသက်
သာစွာဖြင့် ...

"အဲဒီအချိန်မှာ ခင်ဗျားတို့မသိသေးပေမယ့် ကျုပ်ကတော့
သိထားပြီဗျ၊ ကျန်းလုံကလည်း ခင်ဗျားတို့အရင် သိသွားမှာပဲ"

လုဝမ်းထင်းမှာ စိတ်ဝင်စားသွားလေသည်။ တင်းစန်း၏
စကားအတိုင်းဆိုလျှင် ရတနာများကို ပြန်လည်ရရှိရန်မှာ မဝေးတော့
ကြောင်း သဘောပေါက်လိုက်သဖြင့် ဝမ်းသာသွား၏။ သူ၏မျက်
နှာအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

သို့သော် လေသံကိုမူ အတတ်နိုင်ဆုံး ထိန်းသိမ်းကာ ...

"မင်းက ဘယ်လိုလုပ် သိတာလဲ"

တင်းစန်းမှာ လုဝမ်းထင်းသိနေပြီဟု ယူဆထားသဖြင့် မကွယ်
မဝှက်ဘဲ ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ ကျုပ်က ကျန်းလုံဆီကို ရောက်သွားခဲ့တယ်၊ ဒါပေမယ့် ကျန်းလုံက အိမ်မှာမရှိဘူး၊ ရောက်တုန်းရောက်ခိုက် ချက်ချင်းမပြန်သွားသေးဘဲ ကျန်းစုရယ်ကိုနှုတ်ဆက်မလို့ သူနေတဲ့အခန်းကိုသွားတဲ့အခါမှာ ..."

တင်းစန်း၏စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ သူ၏ မျက်ဝန်းအစုံမှာလည်း ရီဝေလာလေသည်။ လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားရပြန်သည်။ သူသည် စိတ်ဝင်စားမှုကို ထိန်းချုပ်မထားနိုင်တော့ဘဲ ...

"ရောက်သွားတော့ ဘာဖြစ်သလဲ"

တင်းစန်းက တစ်ဆို့သောလေသံဖြင့် စကားဆက်လိုက်၏။

"ကျန်းစုရယ်ရဲ့အခန်းထဲမှာ လူတစ်ယောက် ရောက်နေတယ်"

"လူတစ်ယောက် ဟုတ်လား၊ ဘယ်သူလဲ"

"ပင့်ကူ"

လုဝမ်းထင်းမှာ မျက်လုံးပြူးကျယ်သွားတော့သည်။

"ပင့်ကူက ကျန်းစုရယ်ဆီ ဘာသွားလုပ်တာလဲ"

"ကျုပ်လည်း သိချင်လို့ အသံမပေးဘဲ ချောင်းနားထောင်ခဲ့တယ်၊ အမှန်တော့ ဒီလိုလုပ်ဖို့ မသင့်ဘူးဆိုတာ သိပါတယ်ဗျာ"

"သူတို့နှစ်ယောက်ရဲ့ ပြောစကားတွေကို ချောင်းနားထောင်ပြီး မင်းသိရတယ်ဆိုပါတော့"



"ဟုတ်တယ်"

"ဘာတွေ သိခဲ့ရတာလဲ"

"ပင့်ကူက သူ့ကို ကျန်းလုံက အကောက်ကြံလိမ့်မယ်ဆိုတာ ရိပ်မိထားတယ်ဗျ၊ ဒါကြောင့် ရတနာတွေရလာတဲ့အခါ တစ်နေရာမှာ ဝှက်ထားမယ်၊ ဝှက်ထားတဲ့မြေပုံကို ကျန်းစုရယ်ဆီမှာ အပ်ထားမယ်လို့ ပြောသံကြားရတယ်"

တင်းစန်း၏ ပြောစကားအရဆိုလျှင်တော့ အခြေအနေက လမ်းဆုံးနား နီးနေချေပြီ။

လုဝမ်းထင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျန်းစုရယ်ကကော ဘာမှ ပြန်မပြောဘူးလား"

တင်းစန်းက သက်ပြင်းချကာ ...

"သူ့မှာ ကိုယ်ဝန်ရှိနေပြီပဲ၊ ပင့်ကူရဲ့စကား နားထောင်တာက အကောင်းဆုံးပဲ မဟုတ်လား၊ အမှန်အတိုင်းဆိုရင် သူတို့ အဲဒီအချိန်ကတည်းက တစ်နေရာရာကို ထွက်ပြေးသွားဖို့ကောင်းတယ်"

လုဝမ်းထင်းက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းပြောပုံကြည့်ရတာ ကျန်းစုရယ်မှာ တခြားလူနဲ့ ချစ်ကြိုက်နေတာတောင် မင်းက သံယောဇဉ်မပြတ်နိုင်သေးတဲ့ပုံပဲ"

လုဝမ်းထင်း၏ရယ်သံက သာမန်မဟုတ်ပါ။ ကျောင်းပြောင်လှိုင်သံ အပြည့်ပါနေ၏။ တင်းစန်းက အံကိုတင်းတင်းကြိတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်ကို ကြိုက်သလို လုပ်ပါ၊ ကျုပ်ရဲ့မေတ္တာကို တော့ မစော်ကားပါနဲ့"

လုဝမ်းထင်းမှာ သဘောကျစွာ ပြုံးလိုက်မိလေသည်။ တင်းစန်းကဲ့သို့ လူစားမျိုးမှာ လောကတွင် အလွန်ရှားပါးသည်ဟူ၍လည်း တွေးနေမိ၏။

သို့သော် တင်းစန်း မကြိုက်မှန်းသိ၍ ဆက်မပြောတော့ဘဲ စကားဦး လှည့်လိုက်လေသည်။

"ပင်ကူဟာ ကျန်းစုရယ်ကိုခေါ်ပြီး ထွက်ပြေးသင့်တယ်ဆိုတာ ကျုပ်လည်း နားလည်ပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ထွက်မပြေးဘဲ ကျုပ်တို့နဲ့ဆက်ပြီး ဓားပြတိုက်မှုမှာ ပါဝင်ခဲ့တာလဲ"

တင်းစန်းက သက်ပြင်းတစ်ချက်ချကာ ...

"လောဘကြောင့်ပေါ့ဗျာ၊ ဓားပြတိုက်လို့ရတဲ့ ရတနာပစ္စည်းတွေကို အပိုင်စီးပြီးမှထွက်ပြေးရင် ပိုပြီး အဆင်ပြေမယ်လို့ ယူဆထားပုံရတယ်"

"နောက်ဆုံးတော့ ကျုပ်တို့လက်ထဲက ပြေးမလွတ်ခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်တို့လည်း ရတနာတွေကို လက်လွှတ်လိုက်ရတယ် မဟုတ်လား"

လုဝမ်းထင်းမှာ ခံပြင်းသွားကာ ...



"ဒါဟာ မင်းနဲ့ကျန်းလုံ တစ်ယောက်ယောက်ရဲ့လက်ချက် ကြောင့်ဖြစ်ရမယ်၊ ပင်ကူကို ကျုပ်တို့ဖမ်းချုပ်ထားပြီး စစ်ဆေးနေ န်း ထွက်ပြေးခဲ့လို့၊ ဒါမှမဟုတ်ရင် ဒီအချိန်ကတည်းက ရတနာ ရှ ရပြီးနေပြီ"

ပြောရင်း တင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် တ်ပြီး ဆက်ပြောလိုက်သည်။

အမှန်စင်စစ် ထင်မြင်ချက်ပေးသလို လိုနင့် စွပ်စွဲပုတ်ခတ်လိုက် င်းပင် ဖြစ်၏။

"ပင်ကူ ထွက်ပြေးသွားတဲ့ညမှာ သူ့ကိုစောင့်ဖို့ မင်းနဲ့ကျန်း တို့ တာဝန်ကျတယ် မဟုတ်လား၊ ဒါကြောင့် မင်းတို့နှစ်ယောက် က် တစ်ယောက်ယောက်က လွှတ်ပေးလိုက်လို့သာ ဖြစ်ရမယ်"

တင်းစန်းက ပြုံးလိုက်မိသည်။

ခေါင်းကို ဆတ်ကနဲညိတ်၍လည်း ...

"ဟုတ်တယ်၊ ကျန်းလုံ လွှတ်ပေးလိုက်တာပဲ"

လုစမ်းထင်းက အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"ကျန်းလုံက ဘာကြောင့်လွှတ်ပေးလိုက်ရတာလဲ"

"ရတနာတွေရှိတဲ့နေရာ ပြောပြရင် ကျန်းစုရယ်နဲ့ သဘောတူ းမယ်လို့ ကတိပေးလိုက်လို့ ပင်ကူကို လွှတ်ပေးလိုက်တာပဲ"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရတနာတွေဝှက်ထားတဲ့နေရာကို ကျွန်းလုံ သိသွား
တယ်ပေါ့"

တင်းစန်းက ခေါင်းခါယမ်းပြလိုက်သည်။

"ပင့်ကူဟာ ထွက်ပြေးလွတ်မြောက်သွားတဲ့အခါ ရတနာမြေ
တစ်ခု ကျွန်းလုံကို ပေးသွားတယ်၊ ဒါပေမယ့် အဲဒီမြေပုံက အ
မဟုတ်ဘဲ အတုသာ ဖြစ်နေတယ်"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"ပင့်ကူလိုလူစားကို ယုံကြည်လို့ရမလား၊ ဘာပဲဖြစ်ဖြ
ရတနာတွေ ရှိတဲ့နေရာကို မှတ်သားထားတဲ့ မြေပုံအစစ်အမှန်ဟ
ကျွန်းစုရယ်ဆီမှာ ရှိရမှာပေါ့"

တင်းစန်းက လုဝမ်းထင်းအား တောင်းပန်တိုးလျှိုးသေ
အကြည့်ဖြင့် ကြည့်ကာ ...

"ဒီအကြောင်းတွေကို ကျုပ်အသက်နဲ့လဲပြီး ထိန်းသိမ်း
ဝှက်ထားခဲ့တာပါ၊ အခု ဒါတွေကို ဘယ်သူပြောပြလို့ ခင်ဗျား
သိနေတာလဲ"

လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"မင်းပြောပြလို့ပေါ့"

သူ၏စကားကို ကြားလိုက်ရသောအခါ တင်းစန်း၏မျက်နှ
မှာ တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။



လုဝမ်းထင်းအား မကျေမနပ်ကြည့်ကာ ...

"ခင် ... ခင်ဗျား ..."

လုဝမ်းထင်းက ပခုံးတွန့်လိုက်ပြီး ...

"ကျုပ်က သိတယ်လို့ပြောရုံနဲ့ မင်းဖွင့်ပြောတာ မဟုတ်လား"

တင်းစန်းမှာ မျက်လုံးပြူးကျယ်သွားကာ ...

"ဒါဖြင့် ခင်ဗျား မသိခဲ့ဘူးမဟုတ်လား"

လုဝမ်းထင်းက သဘောကျစွာ ပြုံးလိုက်၏။ သူ့ကိုယ်သူ
ကျေနပ်သောလေသံဖြင့်လည်း ...

"ဟုတ်တယ် ... ကျုပ်သိတာက မင်းနဲ့ ကျွန်းစုရယ်ဟာ တစ်
ည်းတစ်ဖုံ ပတ်သက်နေတယ်၊ ဒါကြောင့် ကျွန်းစုရယ်ကို သတ်ပစ်
ယ်လို့ ကြံမိမ်းခြောက်ရင် မင်း အမှန်အတိုင်းဖွင့်ပြောလိမ့်မယ်လို့
သူတစ်ယောက်က အကြံပေးလို့ပါ"

တင်းစန်းမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ အဖြစ်
အပျက်အမှန်ကို သိရှိခဲ့သော သူတို့ငါးယောက်အနက် စုကွမ်းအင်၊
ျွန်းလုံနှင့် ကောင်[illegible]တို့သုံးယောက်မှာ သေဆုံးသွားကြပြီ ဖြစ်၏။
ဤကိစ္စနှင့်ပတ်သက်၍ ပြောပြနိုင်မည့်လူ မရှိတော့ပါချေ။
ည်သူက လုဝမ်းထင်းအား အကြံပေးခဲ့ပါသနည်း။ လုဝမ်းထင်းအား
တ်ကြည့်ရင်း ...

"ခင်ဗျားကို ဘယ်သူက အကြံပေးခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ကာ...

"ကျုပ်လည်း မသိဘူး၊ လျှို့ဝှက်စာတစ်စောင် ကျုပ်ဆီကို ရောက်လာတယ်၊ အဲဒီစာထဲမှာ အကြံပေးချက် ပါလို့ပဲ"

တင်းစန်းမှာ ပါးစပ်ပိတ်ထားလိုက်လေသည်။ အကြီးအကျယ် မှားသွားပြီဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်၏။

သို့သော် စကားကျွံလျှင် ပြန်နုတ်၍ မရနိုင်တော့ပါချေ။ လုဝမ်း ထင်းကိုသာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေမိတော့၏။

လျှို့ဝှက်ချက်များ မပြောဘဲနေခဲ့၍သာ ယခုအထိ အသက်ရှင်နေနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့ဆိုလျှင် အကယ်၍ လျှို့ဝှက်ချက်များ ပြောပြီးသွားသောအခါ မည်သို့ရှိနည်း။ သေခြင်းတရားမှာ တဖြည်းဖြည်း နီးကပ်လာနေပြီဟု တင်းစန်းက သဘောပေါက်လိုက်လေတော့သည်။

* * *

(၅)

"ဟား... ဟား... ဟား..."

လုဝမ်းထင်း၏ ရယ်မောသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဘယ်သန်နှင့် ညာသန်တို့ကလည်း သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ကြလေသည်။



တင်းစန်းမှာမူ မျက်စိသူငယ် နားသူငယ်ဖြင့် လုဝမ်းထင်းတို့အား ငေးကြည့်နေ၏။

အတန်ကြာမှ လုဝမ်းထင်းကဲ ရယ်မောရာမှ ရပ်ထန့်လိုက်သည်။ ထို့နောက် တင်းစန်းအား အေးစက်တင်းမာစွာ ကြည့်ကာ...

"မင်း ဘာပြောချင်သေးသလဲ"

တင်းစန်းက ပါးစပ်ပိတ်ထားလိုက်သည်။ သူက စကားပြောသည်ဖြစ်စေ၊ စကားမပြောဘဲ နေသည်ဖြစ်စေ လုဝမ်းထင်းက ချမ်းသာမပေးဘဲ သတ်ပစ်လိမ့်မည်ဖြစ်ကြောင်း သေချာစွာ သဘောပေါက်လိုက်မိလေပြီ မဟုတ်ပါလား။ ထို့ကြောင့် သက်ပြင်းချကာ နောက်ဆုံးတောင်းပန်ချက် တစ်ခုကိုသာ တောင်းဆိုလိုက်၏။

"ကျုပ်... ကျုပ်ကိုတော့ သတ်ချင်သတ်လိုက်ပါ၊ ကျွန်းစုရယ်ကိုတော့ ဒုက္ခမပေးပါနဲ့"

"စိတ်ချ... ရတနာမြေပုံသာ လွယ်လွယ်လင့်တကူရရင် သူ့ကို ကျုပ် ချမ်းသာပေးလိုက်ပါ့မယ်၊ ကဲ... မင်း ပြောချင်တာ ဒါအကုန်ပဲ မဟုတ်လား"

ပြောရင်း ဘယ်သန်နှင့်ညာသန်တို့အား လက်ဖြင့်ယမ်းပြကာ အချက်ပေးလိုက်လေသည်။ ဘယ်သန်နှင့်ညာသန်တို့မှာ လုဝမ်းထင်း ခိုင်းသောကို နားလည်ထားဟန်ဖြင့် ဓားကိုယ်စီဆွဲထုတ်လိုက်ကြပြီး တင်းစန်းအနီးသို့ ချဉ်းကပ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းမှာ ထိတ်လန့်သွားကာ …

"မင်း … မင်းတို့ ဘာလုပ်ကြမလို့လဲ"

ဘယ်သန်နှင့် ညာသန်တို့က ရယ်မောရင်း …

"ခင်ဗျားကို စေတနာနဲ့ ကူညီမလို့ပါဗျာ၊ အနှိပ်စက်ခံရတဲ့ ဘဝက သက်သက်သာသာ လွတ်မြောက်သွားစေရမယ်"

ပြောပြီးသည်နှင့် ဘယ်သန်နှင့် ညာသန်တို့မှာ တင်းစန်း၏ ရင်ဝသို့ ဓားကိုယ်စီဖြင့် ပြိုင်တူစိုက်သွင်းလိုက်ကြ၏။ တင်းစန်းမှာ ချုပ်နှောင်ထားခြင်း ခံနေရသဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိပါ… ဤသို့ဖြင့် ရင်ဝတွင် စူးရသောဝေဒနာတစ်ရပ် ခံစားလိုက်ရပြီး …

"အား …"

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။ တင်းစန်း၏အော… သံနှင့် မရှေးမနှောင်းမှာပင် …

"ဝုန်း …"

အခန်းတံခါးပွင့်သွားကာ လူနှစ်ယောက် ခုန်ဝင်လာကြသည်… တွေ့မြင်လိုက်ရလေတော့၏။

* * *

(၆)

တံခါးပွင့်သံနှင့်အတူ လူနှစ်ယောက် ခုန်ဝင်လာကြ၏။



လှဝမ်းထင်း၊ ဘယ်သန်နှင့်ညာသန်တို့က ပြိုင်တူလှည့်ကြည့် …ိုက်သောအခါ ကျောက်လှေကားထစ်ပေါ်တွင် ဟုန်ဝေယင်းနှင့် …မ်းကြီးတို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းကြီးမှာ …ခါးဝတွင် ရပ်နေ၏။

ဟုန်ဝေယင်းမှာမူ လှေကားထစ်အတိုင်း အောက်သို့ နှစ်ထစ် …ထစ်ဆင်းလာပြီးမှ ရပ်တန့်လိုက်သည်။ တစ်ဖန် အောက်ဘက်သို့ …ကြည့်လိုက်ပြီး လှဝမ်းထင်းအား တွေ့သွားသည်နှင့် …

"လက်စသတ်တော့ ကျုပ်အလုပ်ရှင် ဖြစ်နေပါလား"

ဝမ်းကြီးက ဝင့်ကြွားသော လေသံဖြင့် …

"ငါ မပြောဘူးလား၊ အောက်ဘက်က အော်သံ ကြားတယ်၊ …ြအောက်ခန်းရှိနိုင်တယ်ဆိုတာ အခု မှန်နေပြီလေ"

လှဝမ်းထင်းမှာ သူတို့နှစ်ယောက်အား တွေ့မြင်လိုက်ရသဖြင့် …သြသွားမိ၏။ ကျောက်လှေကားခြေရင်းသို့ လျှောက်သွားပြီး သူတို့ …း လှမ်းမေးလိုက်သည်။

"မင်းတို့နှစ်ယောက် ဒီကို ဘာလာလုပ်ကြတာလဲ"

ဟုန်ဝေယင်းက အသံကျယ်လောင်စွာဖြင့် …

"ကျုပ်တို့ ပင့်ကူရဲ့လျှို့ဝှက်ချက်ကို သိခဲ့ပြီဗျ၊ ပင့်ကူဟာ …ယ်သူလဲဆိုတာ သိရပြီး ခင်ဗျားကိုလာပြီး လုပ်ကြံသွားမှာ စိုးရိမ်လို့ …ချိန်မီ လိုက်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် လုဝမ်းထင်းမှာ ကြောင်အမ်းအမ်းဖြ
သွား၏။ ရာစ်ချိန်က ပင့်ကူ(ဝါ)ဟန်ချန်းအား သူတို့ဝိုင်းဝန်းနှိပ်စ
ခဲ့သဖြင့် သိုင်းပညာအသုံးပြု၍ ရတော့မည်မဟုတ်ကြောင်း နားလည်
ထားလေသည်။

သို့သော်လည်း ပင့်ကူဟူ၍ တစ်ဖန်ပြန်လည်ပေါ်ထွက်လ
သောကြောင့် တစ်ယောက်ယောက်က အစားဝင်လှုပ်ရှားနေခြင်းဖြ
ရမည်ဟု သဘောပေါက် နားလည်ထား၏။

ပထမတွင် မည်သူမည်ဝါအစား ဝင်လှုပ်ရှားခဲ့သည်ကို မသိ
သော်လည်း ယခုမူ အနည်းငယ်ရိပ်စားမိလိုက်ချေပြီ။ မည်သို့ဆို
ယခုချိန်တွင်မူ သူသိလိုသ၍ သိရှိလိုက်ရပြီ မဟုတ်ပါလား။ ထို့ကြေ
ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ သူ့အတွက် မလိုအပ်တော့ပါ
လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"အပေါ်က အစောင့်အရှောက်တွေက ဒီနေရာမှာ အေး
ချမ်းချမ်းရှိတယ်လို့ ပြောမပြဘူးလား"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ပင့်ကူဟာ တိတ်တဆိတ် လှုပ်ရှားတတ်တယ်ဗျ၊ သူရော
လာတာ ခင်ဗျားတပည့်တွေ သိနိုင်ပါ့မလား"

ပြောရင်း ဝမ်းကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နော
ဆက်ပြောလိုက်ပြန်လေသည်။



"ကျုပ်တို့ အစောင့်အကြပ်တွေကို ဒုက္ခမပေးချင်တာနဲ့ ခြံဝင်း
အနောက်ဘက် နံရံကိုကျော်ပြီး ဝင်လာခဲ့တာပဲ၊ ခင်ဗျားကို ဘယ်
နေရာမှ ရှာမတွေ့ဘဲ နောက်ဆုံး ထွက်သွားမယ်လုပ်တော့မှ အော်သံ
ကြားရလို့ လိုက်ရှာရင်း ဒီနေ ာကို ရောက်လာတာ"

လုဝမ်းထင်းသည် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား လှည့်စား
၍ အပြင်သို့ ခေါ်ထုတ်သွားမှဖြစ်မည်ဟု တွက်ဆမိလိုက်လေသည်။
ထို့ကြောင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ပင့်ကူဆိုတာ ဘယ်သူလဲ"

ဟုန်ဝေယင်းက ရင်ကော့လိုက်ပြီး ...

"ပင့်ကူဆိုတာ ကောင်းမော်ဗျ"

သူ၏စကားကို ကြားလိုက်သောအခါ လုဝမ်းထင်းမှာ သဘော
ကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံမှာ
ဟုန်ဝေယင်းအား လှောင်ပြောင်နေသည့်အလား ရှိ၏။ ဟုန်ဝေယင်း
မှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘာလဲ ... ကျုပ်ပြောတာ မဟုတ်ဘူးလို့ ခင်ဗျားထင်နေ
သလား"

လုဝမ်းထင်းက ရယ်မောရာမှ ရပ်တန့်လိုက်ယင်း ...

"ကောင်းမော်နီဟာ ကောင်းမင်ရဲ့သား မဟုတ်လား၊ ဘာပြုလို့
ရှင် ပင့်ကူဖြစ်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက ခေါင်းညိတ်ပြလိုက်၏။ အံ့သြသောလေသံ
ဖြင့် ...

"ကျုပ်လည်း စဉ်းစားလို့ မရဘူးဗျ၊ ဘာကြောင့် အခုလိုဖြ
ရတယ်ဆိုတာ ခင်ဗျားသိရင် ပြောပြပါလား"

ပြောရင်း အောက်ဘက်သို့ဆင်းသွားရန် ဟန်ပြင်လိုက်လေ
သို့သော် ဝမ်းကြဲက လှမ်းဆွဲထားလိုက်၏။ ထို့ပြင် တိုးညှင်းသော
လည်း တိကျသောလေသံဖြင့် သူ့အား သတိပေးလိုက်သည်။

"အခြေအနေ မကောင်းဘူးဆိုတာ မင်း မသိဘူးလား"

ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားမိ၏။ ဝမ်းကြဲ
အမူအရာ ထူးခြားနေသည်ကို သတိပြုမိသောကြောင့် ပတ်ဝန်းကျင
အကဲခတ်ကြည့်ရှုလိုက်မိလေသည်။

ထိုအခါမှ အနိုင်အမာ ဆောက်လုပ်ထားသော မြေအောက်
တစ်ခုဖြစ်ပြီး သစ်သားဘီးပေါ်တွင် လူတစ်ယောက်အား ချည်နှေ
ထားသည်ကို တွေ့လိုက်ရ၏။ ဟုန်ဝေယင်းမှာ မျက်လုံးများ
ကျယ်သွားကာ ...

"ဘယ်သူ့ကို ဖမ်းထားတာလဲ"

ဟု လွှတ်ခနဲ မေးမြန်းလိုက်သည်။ ဝမ်းကြဲက မဲ့ပြုံးပြုံးလို
ပြီး ...

"မင်း မျက်လုံးတွေမှဲ့နေပြီလား၊ အဖမ်းခံထားရတဲ့ လူ
တင်းစန်းကွ"



ဟုန်ဝေယင်းက အလန့်တကြားဖြင့် ...

"အာ ... တင်းစန်း ဟုတ်လား"

"မင်း သေသေချာချာ ကြည့်ပါလား"

ဟုန်ဝေယင်းက သစ်သားဘီးပေါ်တွင် ချည်နှောင်ထားခြင်း
ခံနေရသောလူအား လှမ်းကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံမှာ
ပြူးစက်သွားကာ အလန့်တကြား အော်ဟစ်လိုက်မိ၏။

"ဟိုက် ... တင်းစန်းက ဘာဖြစ်လို့ အဖမ်းခံနေရတာလဲ"

ထိုစဉ် လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... သူ့ကိုဖမ်းထားတာ ငါပဲကွ"

ဟုန်ဝေယင်းမှာ နားမလည်နိုင်စွာဖြင့် လုဝမ်းထင်းအားကြည့်
တာ ...

"ခင်ဗျား ဘာကြောင့် သူ့ကိုဖမ်းထားရတာလဲ"

လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"မင်းကိုကြည့်ရတာ တင်းစန်းအပေါ် စိတ်ဝင်စားပုံတယ်၊
ဘာလဲ တင်းစန်းကို ကယ်တင်ချင်လို့လား"

ဟုန်ဝေယင်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ခင်ဗျား သူ့ကို မတရားဖမ်းထားတာဆိုရင်တော့ ကျုပ်
ဘက်က ဝင်တူညီရမှာပဲ"

လုဝမ်းထင်းမှာ ဟုန်ဝေယင်းအား မကျေမနပ်ဖြစ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ခံပြင်းသောအကြည့်ဖြင့်ကြည့်ကာ တစ်လုံးချင်း ပြောဆိုလိုက်၏။

"ကျုပ်ဟာ မင်းရဲ့အလုပ်ရှင်၊ မင်းကို ငွေပေးပြီး ကျုပ်အသက် ကို ကာကွယ်စောင့်ရှောက်ဖို့ ငှားထားတာ၊ ကျုပ်အလုပ်ကို ဝင်စွ စရာ မလိုဘူး"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်သည်။

"ခင်ဗျားပြောတာ နားထောင်ကြည့်ရင် တင်းစန်းကို မတ ဖမ်းထားပုံရတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ကျုပ် ဘာမှ ပတ်သက် အကြောင်း မရှိတော့ဘူး"

လုဝမ်းထင်း၏မျက်နှာမှာ မည်းမှောင်သွားလေတော့သ

"မင်းက ဒီလိုလား၊ ကျုပ်ကို အတိုက်အခံပြုတဲ့အတွက် ရောက်မှာ မကြောက်ဘူးလား"

ဟုန်ဝေယင်းက ရယ်မောလိုက်ပြီး ...

"ကျုပ်ဟာ မွေးကတည်းက ဒုက္ခနဲ့ဖက်ပြီး မွေးလာတဲ့ ပါဗျ၊ ဒုက္ခထပ်ရောက်မှာကို ကြောက်စရာ မလိုပါဘူး"

လုဝမ်းထင်းက ဘယ်သန်နှင့်ညာသန်တို့အား လှမ်းကြည့် သည်။ တစ်ဖန် ဟုန်ဝေယင်းဘက်သို့ ပြန်လှည့်လိုက်ပြီး ...

"ဒီနေရာဟာ ကျုပ်နေရာ၊ မင်းတို့က ကျူးကျော်ပြီးဝင် ကြတာ"



ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ၊ ကျုပ်တို့ကို အာဏာသားတွေလက်ထဲ အပ်ချင်လို့ လား၊ ကျုပ်တို့ အဖမ်းမခံရဘဲ ခင်ဗျား အဖမ်းခံရဦးမယ် ဓားပြဗိုလ် ကြီး ဂူးတိရဲ့"

ပြောရင်း အင်္ကျီအိတ်ထဲမှ ဆုငွေကြော်ငြာစာရွက်ကို ထုတ်ကာ ပြလိုက်လေတော့သည်။ ထိုအခါ ဆုငွေကြော်ငြာစာရွက်ပေါ်တွင် ခမ်းမွေးကားကားနှင့် လုဝမ်းထင်း၏ပုံ ထွက်ပေါ်လာတော့၏။ င်းပုံ၏အောက်တွင် 'ဓားပြဗိုလ်ကြီးဂူးတိ ဆုငွေ ငါးသောင်း'ဟု ရေးသားထားသည်ကိုပါ တွေ့လိုက်ရလေသည်။

လုဝမ်းထင်းမှာ မျက်နှာပျက်သွား၏။ သူ၏ လျှို့ဝှက်ချက် ခုအား ဟုန်ဝေယင်းက ဖော်ထုတ်လိုက်ပြီ မဟုတ်ပါလား။ ကွယ်၍ မရသည့်အဆုံး တဟားဟား ရယ်မောလိုက်ပြီး ...

"လက်စသတ်တော့ မင်းတို့က အကုန်လုံးသိနေပြီကိုး၊ အခုမှ တော့ မထူးတော့ပါဘူး၊ ဒီနေရာက ထွက်သွားဖို့ မကြိုးစားနဲ့တော့"

အခြေအနေ တင်းမာနေပြီဖြစ်ကြောင်း သဘောပေါက်လိုက် ဖြင့် ဘယ်သန်နှင့်ညာသန်တို့က ဟုန်ဝေယင်းအား တိုက်ခိုက်ရန် ပြင်လိုက်လေသည်။ သို့သော် လုဝမ်းထင်းက လက်ကာပြလိုက် ခြံရှိလျက်ရှိနေသော အစောင့်အကြပ်များကိုကြည့်ကာ

"သူတို့ကို ဖမ်းလိုက်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမိန့်သံအဆုံးတွင် အစောင့်အကြပ်များသည် လက်နက်ကိုယ်စီဖြင့် ကျောက်လှေကားပေါ်တွင်ရှိနေသော ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့ထံသို့ ပြေးလွှားသွားကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

✱ ✱ ✱

(၇)

ဟုန်ဝေယင်းက ပြုံးလိုက်သည်။

သူတို့အား တိုက်ခိုက်ရန် လှေကားထစ်အဆုံတိုင်း ပြေးတတ်လာကြသော အစောင့်အကြပ်များကို လုံးဝမကြည့်ပါ။ နောက်ကျောနိုင်း၍ ဝမ်းကြီးမှာ ဒေါသထွက်သွားလေတော့၏။ ဟုန်ဝေယင်းအား မြင်ပြင်းကပ်လာသဖြင့် ...

"ဘယ်လိုပြိုင်မလဲ"

ဟုန်ဝေယင်းက ...

"ယောဒီမှာ ကြည့်ထား"

ပြောရင်း ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာ ပြေးတတ်လာသော အစောင့်တစ်ယောက်အား ကန်ချလိုက်လေတော့သည်။

အစောင့်မှာ နောက်ကျောပေးထားသော ဟုန်ဝေယင်းအား ဓားဖြင့်ခုတ်ရန် ကြံရွယ်လိုက်စဉ် ဟုန်ဝေယင်းက ကန်ချလိုက်သဖြင့်



ရှောင်တိမ်းနိုင်စွမ်း မရှိတော့ဘဲ ရင်ဝကို တိုက်ရိုက်အကန်ခံလိုက်ရတော့သည်။

"အား ..."

နူးရှူး အော်ဟစ်လိုက်ပြီး အောက်သို့ ပြုတ်ကျသွားလေသည်။ ထိုအခါမှ ဟုန်ဝေယင်းက တဟားဟားရယ်မောလိုက်ပြီး ...

"တွေ့လား၊ ခြေထောက်တစ်ချက် လူတစ်ယောက်"

ဝမ်းကြီးက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ယောဒီမှာ ကြည့်ဦး"

ပြောရင်း ခြေတစ်ချက်ဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်၏။

တစ်ဖန် လေထဲတွင် ကျွမ်းပစ်ကာ ဟုန်ဝေယင်းသည် နောက်ဘက်သို့ ရောက်ရှိသွား၏။

တစ်ဆက်တည်းမှာပင် ပြေးတတ်လာသော အစောင့်တစ်ယောက်အား ကန်ချလိုက်ပြန်လေသည်။ သူ၏ လှုပ်ရှားမှုမှာ လျှင်မြန်လှပြီး ငှက်တစ်ကောင်အလား ပေါ့ပါးနေလေသည်။ ထို့ကြောင့် ပြေးတက်လာသောအစောင့်မှာ ရှောင်တိမ်းရန် အချိန်မရဘဲ ရင်ဝတွင် အကန်ခံလိုက်ရ၏။

"အား ..."

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး အစောင့်မှာ အောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြုတ်ကျသွားတော့၏။ ထိုအခါမှ ဝမ်းကြီးက ဟုန်ဝေယင်းအား ပြုံး၍ကြည့်ကာ ...

"ဘယ့်နှယ်လဲ ... ခြေထောက်တစ်ချက် လှုတစ်ယောက်ပဲ မဟုတ်လား"

ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ ဝမ်းကြီးက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဒီတစ်ခါ ငါကအရင် ပညာပြမယ်"

ပြောရင်း လှေကားအောက်သို့ ပြေးဆင်းသွားပြန်လေသည်။ အမှန်တော့ လှေကားပေါ်သို့ ပြေးတက်လာသော အစောင့်အကြပ်များအား တွန်းတိုက်ကာ ပြေးဆင်းသွားခြင်း ဖြစ်လေသည်။ သူက လက်နှစ်ဖက် အဆက်မပြတ်လှုပ်ရှားရင်း ပြေးဆင်းသွားသဖြင့် ...

"အား ..."

"အွန့် ..."

"အမယ်လေး ..."

ကျယ်လောင်သောအော်ဟစ်သံများ ထွက်ပေါ်လာပြီး အစောင့်အကြပ်များမှာ ဖရိုဖရဲဖြစ်ကာ လှေကားအောက်သို့ ပြုတ်ကျကုန်ကြလေတော့သည်။

ထိုအပြင် အားလုံးပင်ဒဏ်ရာရရှိသွားကာ ပြန်မထနိုင်တော့ဘဲ သတိလစ် မေ့မြောသွားကြလေတော့၏။



ဟုန်ဝေယင်း ဒေါသထွက်သွားသည်။ အံ့ကို တင်းတင်းကြိတ်လိုက်ပြီး ...

"အေး ... မင်းအလှည့်ပြီးတော့ ငါ့အလှည့်ပေါ့ကွာ"

ပြောပြီးသည်နှင့် လှေကားထစ်အတိုင်းမဆင်းဘဲ နံဘေးမှ အောက်သို့ ခုန်ဆင်းလိုက်၏။

ထို့နောက် ဝမ်းကြီးတိုက်ခိုက်လိုက်သဖြင့် နောက်ဆုတ်သွားကြသော အစောင့်အကြပ်များ၏ အနောက် ဘက်မှဝင်ကာ တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

"ဝုန်း ... ဝုန်း ... ဝုန်း ..."

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး အစောင့်အကြပ် များမှာ မြေပေါ်သို့ လဲကျသွားကြလေတော့၏။

* * *

## (၈)

လှုဝမ်းထင်းမှာ ပါးစပ်ဟောင်းလောင်း ဖြစ်နေ၏။ ဝမ်းကြီး နှင့် ဟုန်ဝေယင်းတို့ကိုလည်း မယုံကြည်နိုင်စွာဖြင့် ငေးကြည့်နေမိ သည်။

ဟုန်ဝေယင်းက တဟားဟား ရယ်မောလိုက်ပြီး လှုဝမ်းထင်း အား လှမ်းရီလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့်လဲ ... ခင်ဗျားလူတွေက ကျုပ်တို့ကိုတောင် မနိုင်တာ ပင့်ကူရောက်လာရင် ဘယ်လိုလုပ်မလဲ"

လုဝမ်းထင်းမှာ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့အား ရှင်းပစ်လို၏။ သို့သော် ဟုန်ဝေယင်း၏စကားအရ မကြာမီ ပင့်ကူရောက်ရှိလာနိုင်ကြောင်း သဘောပေါက်မိလေသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကာ ...

"ကဲ ... မင်းတို့ရဲ့အစွမ်း ပြလိုက်ပါဦး"

ပြောရင်း လက်ဝှေ့ယမ်းပြလိုက်၏။ သူ၏ အမိန့်ပေးသံကို ကြားလိုက်ရသည်နှင့် ဘယ်သန်နှင့် ညာသန်တို့က ဓားကိုယ်စီဖြင့် ပြိုင်တူခုန်ထွက်သွားကြလေသည်။ တစ်ဆက်တည်းမှာပင် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား ဘာဟုန်ထိုး တိုက်ခိုက်လိုက်ကြ၏။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။ ဤတွင် ... လုဝမ်းထင်းသည် ရရှိလာသော အခွင့်အရေးကို လက်လွတ်မခံဘဲ ထွက်ပြေးသွားရန် ကြိုးစားလိုက်လေတော့သည်။

* * *

(၉)

တိုက်ပွဲမှာ ပြင်းထန်နေ၏။



လုဝမ်းထင်းက ကျောက်လှေကားအနီးသို့ မသိမသာ ချဉ်းကပ်သွားလေသည်။ လုဝမ်းထင်း ထွက်ပြေးသွားမည်ကို ရိပ်မိထားသော ဝမ်းကြီးက ဘယ်သန်အားဖိ၍ တိုက်ခိုက်လိုက်ပြီး လုဝမ်းထင်းအနီးသို့ တိုးသွားရန် ကြိုးစားလိုက်သည်။

သို့သော် ဘယ်သန်က ဓားကိုဝှေ့ယမ်းရင်း ပြင်းထန်စွာတိုက်ခိုက်နေလေရာ ရှေ့မတိုးသာတော့ပါချေ။ ဟုန်ဝေယင်းမှာလည်း ညာသန်ကိုရှင်းပစ်ပြီး လုဝမ်းထင်းထံသို့ သွားလို၏။

သို့သော် ညာသန်က ဓားဖြင့်တိုက်ခိုက်နေပြီး သူက လက်ဖြင့်သာ ခုခံနေသောကြောင့် မလှုးသာ မလွန့်သာ ဖြစ်နေရ၏။

ထိုအချိန်တွင် လုဝမ်းထင်းမှာ ကျောက်လှေကားအနီးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ ထို့အပြင် အပေါ်သို့လှမ်းတက်သွားပေတော့သည်။ လုဝမ်းထင်းကို အလွတ်ပေး၍ မဖြစ်ပါ။ သို့သော် လုဝမ်းထင်းကလည်း လွတ်ထွက်သွားတော့မည်။ ဟုန်ဝေယင်းမှာ အကြံမရသည့်နောက်ဆုံး အင်္ကျီအိတ်ထဲမှ ခွေးပေါင်ဒါမှုန့်ထုပ်အား နှိုက်ယူလိုက်ပြီး ...

"ငါ့ရဲ့အဆိပ်ကို ခံနိုင်ရင် ခံကြစမ်း"

ခွေးပေါင်ဒါမှုန့်မှာ အဖြူရောင် ဖြစ်သည်။ ဟုန်ဝေယင်းက ဝှေ့ယမ်းလိုက်သည်နှင့် အဖြူရောင်အမှုန့်များမှာ ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးသွားလေသည်။

ဘယ်သန်နှင့် ညာသန်တို့မှာ ထိတ်လန့်တုန်လှုပ်သွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူးရှားရှား အော်ဟစ်လိုက်ကြကာ ချက်ချင်းပင် နောက်သို့ ဆုတ်သွားကြ၏။

လုဝမ်းထင်းမှာ ထိတ်လန့်တုန်လှုပ်သွားသော်လည်း လှည့်မကြည့်ဘဲ အပေါ်သို့ တရှိုးတည်းပြေးတက်ကာ ထွက်ပြေးသွားလေသည်။ ရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့က ပြိုင်တူတိုက်ခိုက်လိုက်ကြ၏။

ဘယ်သန်နှင့် ညာသန်တို့မှာမူ ခေါင်းပေါင်းမွှန်းအား အဆိပ်ဟု ထင်မှတ်နေသဖြင့် အသက်ပင် မရှူဝံ့ကြပါချေ။ ထို့အပြင် ဆက်လက်တိုက်ခိုက်ရန် မဝံ့ရဲဘဲ ထွက်ပြေးသွားကြတော့၏။ သို့သော် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က မလွှတ်တမ်း တိုက်ခိုက်လိုက်ကြသောကြောင့် ...

"အား ..."

"အမယ်လေး ..."

ရှူးရှူးရှားရှား အော်ဟစ်လိုက်ကြပြီး မြေပေါ်သို့ လဲကျသွားကြလေတော့၏။ ထိုအချိန်မှာပင် ...

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး မြေအောက်ခန်းတံခါးမှာ ပိတ်သွားလေတော့သည်။

* * *



(၁၀)

မီးရောင်များမှာ ထိန်ထိန်လင်းနေ၏။

ထို့ကြောင့် မြေအောက်ခန်းတစ်ခုလုံးအား သဲသဲကွဲကွဲ တွေ့မြင်ရလေသည်။ မြေအောက်ခန်းအတွင်း ကောင်းစွာ မတ်တတ်ရပ်နိုင်သူဟူ၍ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့သာ ရှိနေလေတော့သည်။

လုဝမ်းထင်း၏ အစောင့်အကြပ်များမှာ ကြမ်းပြင်ပေါ်တွင် တုံးလုံးပက်လက် လဲကျနေကြ၏။ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် မြေအောက်ခန်းတံခါးသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ကဲ ... ဘယ်သူလဲ၊ မင်းနဲ့ငါနဲ့ ဘယ်သူ့ကိုသွားပြီး အစွမ်းပြကြဦးမလဲ"

ဝမ်းကြီးက စကားမပြောပါချေ။ မြေအောက်ခန်းတံခါးကိုသာ စိုက်ကြည့်နေ၏။ ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ...

"မင်း ..."

သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ အကြောင်းမှာ မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီ မဟုတ်ပါလား။

ဟုန်ဝေယင်းမှာ ရပ်ထိတ်သွားပြီးနောက် လှည့်ကြည့်လိုက်သည်။ ဝမ်းကြီးမှာလည်း လန့်ဖျပ်သွားပြီး လှည့်ကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တင်းစန်း၏ခန္ဓာကိုယ်မှာ အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ညည်းညူသံထွက်ပေါ်လာနေ၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့မှာ ချက်ချင်းပင် တင်းစန်းထံသို့ ပြေးလွှားသွားကြ၏။ ထို့နောက် ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်ပြီး ကြမ်းပြင်ပေါ်သို့ အသာအယာ ပွေ့ချပေးလိုက်သည်။ တင်းစန်းက ညည်းညူရင်း ...

"မြေ ... မြေပုံ ..."

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"မြေပုံ ဟုတ်လား၊ ဘာမြေပုံလဲ"

တင်းစန်းက မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဝေဒနာခံစားနေရသော မျက်နှာမှာ အံ့သြမှုအရိပ်အရောင်များ ဖြစ်သွား၏။ ရီဝေသော မျက်လုံးအစုံမှာ ဟုန်ဝေယင်းအား တွေ့လိုက်ရသည်နှင့် အရောင်တဖိတ်ဖိတ် တောက်ပလာပြီး ...

"ရ... တ ... နာ ... မြေပုံ"

ယခုတစ်ကြိမ် မျက်လုံးပြူးကျယ်သွားရသူမှာ ဝမ်းကြိုတို့ဖြစ်လေသည်။ ဟုန်ဝေယင်းက တင်းစန်း၏ပါးကို လက်ဝါးဖြင့် အသာအယာ သုံးလေးချက်ပုတ်လိုက်ပြီး ...

"ရတနာမြေပုံ ဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်သူ့ဆီမှာလဲ"

တင်းစန်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထား၏။ ထို့ကြောင့် စကားကိုပင် အနိုင်နိုင် ပြောနေရလေသည်။



"ကျန်း ... ကျန်း"

ဟုန်ဝေယင်းမှာ အားမလိုအားမရဖြင့် ...

"ကျန်းချစ်ချစ်ဆီမှာလား"

တင်းစန်းက လိုရင်းကိုသာ အားတင်းပြောဆိုလိုက်၏။

"အမြန်ဆုံး ... ကျန်း ... အိမ်ကို လိုက် ..."

ဝမ်းကြိုနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ...

"ကျန်းမိသားစုအိမ်ကို လိုက်သွားနိုင်းတာထင်တယ်"

"ဟုတ်တယ်၊ လုဝမ်းထင်းက အဲဒီကို သွားလိမ့်မယ်လို့ ပြောတာဖြစ်နိုင်တယ်"

ဟုန်ဝေယင်းက တင်းစန်းအားကြည့်ကာ ...

"လုဝမ်းထင်း ကျန်းမိသားစုအိမ်ကို လိုက်သွားတယ်၊ ဟုတ်လား"

" ... "

"လုဝမ်းထင်း လိုက်သွားတာလား၊ မြန်မြန်ပြောစမ်းပါ"

" ... "

တင်းစန်းထံမှ တုံ့ပြန်သံဟူ၍ လုံးဝ မကြားရတော့ပါချေ။ ဟုန်ဝေယင်းက တင်းစန်းအား သေသေချာချာ ကြည့်လိုက်ပြီး လန့်ဖျပ်သွားကာ ပွေ့ထားရာမှ လွှတ်ချလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး တင်းစန်းမှာ ကြမ်းပြင်ပေါ်
သို့ ကျသွားတော့၏။ ဝမ်းကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွားသော်
လည်း တင်းစန်း သေဆုံးသွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိ
လေသည်။

ထို့ကြောင့် ဤနေရာမှ အနောင်အဖွဲ့မရှိ အမြန်ဆုံးထွက်ခွာ
သွားရန် အရေးကြီးနေပြီဟု သဘောပေါက်သဖြင့် တံခါးသို့ ပြေး
လွှားသွားလေသည်။

သို့ရာတွင် ...

တံခါးဝသို့ ရောက်ရှိသွားသည်နှင့် မြေအောက်စန်းတံခါးမှာ
အနိုင်အမာ ပိတ်ဆို့ထားကြောင်း တွေ့လိုက်ရလေတော့သည်။

* * *

## (၁၁)

တံခါး မှာ သံမဏိတံခါး ဖြစ်၏။

ထို့ကြောင့် လူအင်အားဖြင့် တွန်းဖွင့်၍မရကြောင်း ဟုန်ဝေ
ယင်းနှင့် ဝမ်းကြီးတို့က သဘောပေါက်လိုက်ကြလေသည်။ ဟုန်ဝေ
ယင်းမှာ မည်သို့လုပ်ရမှန်းမသိ ငေးငိုင်သွား၏။

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေသည်



အတန်ကြာသည်အထိ နှစ်ယောက်စလုံး တိတ်ဆိတ်နေရာမှ ဟုန်ဝေ
ယင်းက သက်ပြင်းတစ်ချက်ချကာ စကားစလိုက်၏။

"ဝမ်းကြီး ... တို့ ဒီအတိုင်းပဲ နေရတော့မှာလား"

ဝမ်းကြီးက ရုတ်တရက် အဖြေမပေးပါချေ။ သံမဏိတံခါးကို
သာ စိုက်ကြည့်ပြီး ငေးငိုင်နေ၏။ ထို့ကြောင့် ဟုန်ဝေယင်းမှာ
မကျေမနပ်ဖြစ်သွားကာ ...

"ဟေ့ ... ငါပြောနေတာ မကြားဘူးလား၊ မင်း ဒီလိုငေးနေ
လို့ တံခါးပွင့်မလာဘူး"

ဝမ်းကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။ ချက်ချင်းပင်
ဟုန်ဝေယင်းဘက်သို့ လှည့်လိုက်ပြီး ...

"ကဲ ... ပြောစမ်းပါဦး၊ ဘယ်လိုလုပ်မှ တံခါးပွင့်မှာလဲ"

ဟုန်ဝေယင်းက တံခါးအား လက်ညှိုးညွှန်ရင်း ...

"တို့နှစ်ယောက်ပူးပေါင်းပြီး အတွင်းအားနဲ့ ဖြိုဖျက်လိုက်မှ
ပွင့်သွားမှာပေါ့"

ဝမ်းကြီးက ပြုံးလိုက်မိ၏။

"မင်း မှားနေပြီ"

"ဘာဖြစ်လို့လဲ"

ဝမ်းကြီးက ဟုန်ဝေယင်းနည်းတူ တံခါးအား လက်ညှိုးညွှန်
လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ခိုင်မာတဲ့ သံမဏိတံခါးကို ဘယ်လိုလုပ် ဖြိုဖျက်နိုင်မှာလဲ"

မဖြစ်နိုင်မှန်း သဘောပေါက်ထားသော ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ သို့သော် ဝမ်းကြီးကို အလျှော့မပေးလိုသဖြင့် ...

"တို့တစ်တွေ လုပ်မကြည့်ဘဲပြောလို့ ဘယ်ဖြစ်မလဲ၊ လုပ်ကြည့် မှ သိမှာပေါ့၊ မင်းလိုသာ တံခါးကိုစိုက်ကြည့်နေရင် မျက်လုံးသာ ကျွတ်ကျလာမယ်၊ တံခါးပွင့်လာမှာ မဟုတ်ဘူး"

ဝမ်းကြီးမှာ အပြုံးမပျက်ချေ။

တံခါးကိုသာ စိုက်ကြည့်ရင်း ...

"မင်း ထင်လို့လား"

ဟုတ်ဝေယင်းက ခေါင်းညိတ်လိုက်သည်

"ဟုတ်တယ်၊ တံခါးကိုစိုက်ကြည့်လို့ ပွင့်လာမယ်ဆိုရ မင်းဟာ ငါ့ထက်သာတယ်"

"ကောင်းပြီ"

ပြောပြီးသည်နှင့် ဝမ်းကြီးက တံခါးနံဘေးရှိ မီးတိုင်အ လှမ်းဆွဲလိုက်လေသည်။ ထို့နောက် ဝဲယာ လှုပ်ရှားကြည့်လိုက်သော အခါ ...

"ကျွီ ..."



မြည်သံတစ်ချက် ထွက်ပေါ်လာပြီး တံခါးပွင့်သွားလေတော့သည်။ ဝမ်းကြီးက အားရပါးရပြုံးလိုက်ပြီး ...

"မင်းထက် ငါသာတယ်ဆိုတာ လက်ခံပြီလား"

ဟုန်ဝေယင်းက ခေါင်းခါယမ်းပြလိုက်ပြန်၏။

"အိုး ... မင်းက စိုက်ကြည့်ရုံတင် စိုက်ကြည့်တာ မဟုတ်ဘူး၊ စက်ယန္တရားအကြောင်း နားလည်ထားလို့ လက်နဲ့ဆွဲဖွင့်နိုင်တာ၊ ဒါ ငါ့ထက်သာတယ် ခေါ်မလား"

ဝမ်းကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဟုန်ဝေယင်းက ဆက်ပြောလိုက်၏။

"ငါပြောတာ မင်းမျက်စိနဲ့ စိုက်ကြည့်လို့ တံခါးပွင့်လာရင် ငါ့ထက်တော်တယ်၊ အခုတော့ လက်လှုပ်လို့ တံခါးပွင့်တာ ဘာမှ မဆိုင်ဘူး၊ ဟား ... ဟား ... ဟား ..."

ပြောပြီးသည်နှင့် တဟားဟား ရယ်မောလိုက်လေတော့၏။ ထို့နောက် အခန်းတွင်းမှ လှမ်းထွက်လိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အပြစ်မဲ့မေတ္တာရှင်နှင့် ဝံပုလွေဆန်သောလူ

(၁)

ကျန်းမိသားစုအိမ် ...

ကျန်းမိသားစုအိမ်မှာ ကျန်းလို ကွယ်လွန်သွားပြီးနောက် အစောင့်အကြပ်များ မထားရှိတော့ပေ။

အိမ်ဖော်သူးလေးယောက်နှင့် ကျန်းချစ်ချစ်၊ ကျန်းစုရယ် နေထိုင်ကြလေသည်။

ကျန်းလုံပိုင်ဆိုင်သော ခိုက်တင်မြို့မှ အပေါင်ခံဌာနကို ဆ လက်ဖွင့်ထားခြင်းဖြင့် စားရေးသောက်ရေးကိစ္စများအတွက် ပူပင် မလိုတော့ပါချေ။

မည်သို့ဆိုစေ ခိုက်တင်မြို့မှ လူအများက ကျန်းမိသား အလွန်ချမ်းသာပြီး အတွင်းပစ္စည်း အမြောက်အမြားရှိနေသည် ယူဆထားကြလေသည်။



ယနေ့ လုဝမ်းထင်းနှင့် ဝမ်းအော့တို့မှာ ကျန်းမိသားစုအိမ်သို့ အလွယ်တကူ ဝင်ရောက်လာနိုင်ခဲ့ကြ၏။ လုဝမ်းထင်းမှာ ဟုန်ဝေ ယင်းနှင့် ဝမ်းကြံတို့အား မြေအောက်ခန်းတွင် ပိတ်ထားခဲ့ပြီး လူယုံ တော် ဝမ်းအော့ကိုခေါ်ကာ ထွက်လာခဲ့ကြခြင်း ဖြစ်၏။

ဝမ်းအော့မှာ ဘယ်သန်နှင့် ညာသန်တို့ထက် အားကိုးရသူ ဖြစ်ကြောင်း သူကယုံကြည်ထားလေသည်။ ကျန်းမိသားစုအိမ်အတွင်း သို့ ပိုင်စိုးပိုင်နင်း ချင်းနင်းဝင်ရောက်ခဲ့ကြပြီးနောက် ကျန်းစုရယ် ရှာအခန်းသို့ ရှာဖွေကာ ဝင်ရောက်ခဲ့ကြ၏။

တစ်ခန်းပြီးတစ်ခန်း ရှာဖွေရင်း နောက်ဆုံး ကျန်းစုရယ်၏ ခန်းသို့ ရောက်ရှိသွားလေတော့သည်။

* * *

(၂)

ကျန်းစုရယ်မှာ အိပ်ရာထဲ၌ လဲလျောင်းနေ၏။

လုဝမ်းထင်းနှင့် ဝမ်းအော့တို့ ဝင်ရောက်လာသည်ကို တွေ့မြင် ည်နှင့် ကျန်းစုရယ်အား ပြုစုနေသော အထိန်းတော်ကြီးဝမ်းမှာ တ်လန့်သွားကာ တုန်လှုပ်စွာ မေးမြန်းလိုက်မိလေတော့၏။

"ရှင် ... ရှင်တို့ ဘာလာလုပ်ကြတာလဲ"

သူတို့၏အသံကြောင့် ကျန်းစုရယ်မှာ အိပ်ပျော်ရာမှ လန့်နိုး

www.burmeseclassic.com

www.burmeseclassic.com



လာလေတော့၏။ ချက်ချင်းပင် လုဝမ်းထင်းအား မြင်တွေ့သွားပြီး ဓားပြဗိုလ်ကြီးဝူးတီဖြစ်ကြောင်း မှတ်မိသွားလေသည်။ ထိုအခါ ထိတ်လန့်ကြောက်ရွံ့သွားပြီး ထစ်ထစ်အအဖြင့် အော်ဟစ်လိုက်မိ၏။

"ရှင် ... ရှင် ..."

ဓားပြဗိုလ်ကြီးဝူးတီ (ဝါ) လုဝမ်းထင်မှာ သူမ၏အစ်ကို ကျန်းလုံနှင့် မိတ်ဆွေဖြစ်ပြီး သူမ၏ချစ်သူ ဟန်ချန်း (ဝါ) ပင့်ကူအား သတ်ဖြတ်ရန် ကြိုးစားခဲ့သူဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် လုဝမ်းထင်းအား အခဲမကျေနိုင်ဘဲ ဖြစ်နေလေ၏။ မည်သို့ဆိုစေ ရောဂါဝေဒနာဖြင့် အိပ်ရာထဲ၌ လဲနေသောကြောင့် သိုင်းပညာကို အသုံးမပြုနိုင်တော့ပါချေ။

လုဝမ်းထင်းအား မည်သို့ ရင်ဆိုင်ရမည်နည်း။ လုဝမ်းထင်းက ဝမ်းအောအား ကြည့်လိုက်ပြီး ...

"သူ့ကို ဆွဲထုလိုက်စမ်း"

ဝမ်းအောက ဦးညွှတ်လိုက်ပြီး ကျန်းစုရယ်အနီးသို့ ချဉ်းကပ်သွား၏။ ဘွားဘွားဝမ်းမှာ ကျန်းစုရယ်ရှေ့တွင် ကာကွယ်ရင်း ...

"ရှေ့မတိုးနဲ့"

ဝမ်းအောက လုဝမ်းထင်းအား လှည့်ကြည့်လိုက်လေသည်။ လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်နှင့် ...

"အဘွားကြီး ဖယ်စမ်း"



ဘွားဘွားဝမ်းမှာ ဘေးဖယ်သွားခြင်း မရှိပါချေ။ ဝမ်းအောမှာ ဒေါသထွက်လာကာ ...

"သေချင်ပြီနဲ့တူတယ်"

ပါးစပ်က ပြောလိုက်သော်လည်း လက်ကမူ ဘွားဘွားဝမ်း၏ ရင်ဝသို့ ရိုက်ချလိုက်၏။ ဘွားဘွားဝမ်းမှာ သိုင်းပညာမတတ်သည့် အပြင် အတွင်းအားမရှိသောကြောင့် လက်ဝါးတစ်ချက်နှင့်ပင် လဲကျ သေဆုံးသွားလေတော့သည်။

ကျန်းစုရယ်မှာ ဘွားဘွားဝမ်း သေဆုံးသွားသည်ကို တွေ့ရသောအခါ ဒေါသအမျက်ချောင်းချောင်း ထွက်သွားပြီး ...

"ရှင် ... ရှင်တို့ လူယုတ်မာတွေ"

သူမ၏စကားမဆုံးမီ ဝမ်းအောက လက်ပြန်တစ်ချက် ရိုက်ချလိုက်၏။ 'ဝုန်း'ခနဲ ကျန်းစုရယ် လဲကျသွားသည်နှင့် လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး အနီးသို့ တိုးကပ်သွား၏။ ကျန်းစုရယ်မှာ အော်ဟစ်ရန်ပင် သတိမရတော့ပါချေ။ လုဝမ်းထင်းမှာ သူမအနီးသို့ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်ပါသည်။

* * *

(၃)

မြို့ငှင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူယောင်ဟူ၍ လုံးဝ မတွေ့ရပါချေ။ ဟုန်ဝေယင်းနှင့် ဝမ်းကြို့တို့ ခြံဝင်းထဲသို့ ဝင်ရောက်လာသောအခါ မည်သူ့ကိုမှ မတွေ့ရသဖြင့် အံ့သြသွားကြလေသည်။ ဟုန်ဝေယင်းက ဝမ်းကြို့အား ကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ၊ တိတ်ဆိတ်လှချည်လား၊ လုဝမ်းထင်းတို့လူစု မရှိတော့ဘူးနဲ့ တူတယ်"

ယခုအခါတွင်မူ ဟုန်ဝေယင်း၏ ထင်မြင်ချက်ကို ဝမ်းကြို့ ကလည်း သဘောတူညီစွာ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ တို့ မြန်မြန်သွားကြည့်ရအောင်"

ပြောပြီးသည်နှင့် အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားကြ လေသည်။ အဆောက်အအုံမှာ ကြီးကျယ်ခမ်းနားပြီး အခန်းပေါင်း မြောက်မြားစွာ ရှိနေ၏။

ထို့ကြောင့် သူတို့နှစ်ယောက်မှာ အတန်ကြာ ရှာဖွေကြည့်လိုက် မှ လူနှစ်ယောက်အား တွေ့လိုက်ရသည်။ သို့သော် ထိုလူနှစ်ယောက် စလုံးမှာ သေဆုံးနေကြပြီ ဖြစ်ပါသည်။ ဟုန်ဝေယင်းက ဘွားဘွား ဝမ်းကို မှတ်မိထား၏။ ကျန်အမျိုးသမီးကြီးတစ်ယောက်ကိုမူ မသိပါ ချေ။ အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ ဝမ်းကြို့ဘက်သို့ လှည့် လိုက်ပြီး ...

"သူက ဘယ်သူလဲ မင်းသိသလား"



ဝမ်းကြို့က အနည်းငယ်စဉ်းစားလိုက်သည်။ ပြီးမှ ခေါင်းညိတ် တ ...

"သူဟာ ကျန်းစုရယ် ဖြစ်လိမ့်မယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ မျက် နှုံးပြူးသွားမိလေတော့သည်။

"ကျန်းစုရယ် ဟုတ်လား"

"ဖြစ်နိုင်တယ်၊ ဒီအိမ်မှာ ဘွားဘွားဝမ်းကလွဲရင် ကျန်းစုရယ် ရှိမှာပေါ့"

"ဒါဖြင့် လုဝမ်းထင်းတို့ သူ့ဆီက ရတနာမြေပုံကို ရသွားပြီ င်တယ်"

"ဖြစ်နိုင်တယ်"

ဝမ်းကြို့၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ ါကန်သွားလေသည်။

"မင်းပြောလိုက်ရင် ဖြစ်နိုင်တယ်ချည်းပဲ၊ ဘယ်လိုဖြစ်နိုင်တယ် တာ ပြောပြဦးမှပေါ့"

ဝမ်းကြို့ ပြုံးလိုက်ပြီး ...

"လုဝမ်းထင်းတို့ လိုချင်တာ ရသွားလို့သာ အခုလို ကျန်း ယ်ကို သတ်ပစ်လိုက်တာ ဖြစ်မှာပေါ့၊ ရတနာမြေပုံ မရသေးဘဲ တ်ပစ်ပါ့မလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းမှာ ရင်လေးသွားမိ၏။ လုဝမ်းထင်းက ရတနာမြေပုံကို ရသွားပြီဆိုလျှင် ရတနာများကို လိုက်လံရှာဖွေပေတော့မည်။ ဤသို့ဆိုလျှင် သူတို့ လက်လွှတ်ဆုံးရှုံးသွားမည် မဟုတ်ပါလား။ ရတနာများအား လိုချင်သည့်စိတ် တဖွားဖွားပေါ်ပေါက်လာပြီး ဝမ်းကြိုအား တိုက်တွန်းပြောဆိုလိုက်မိသည်။

"ကဲ … ဒါဆို ငါတို့ လုဝမ်းထင်းနောက်ကို မြန်မြန်လိုက်ကြ[illegible]ထင်တယ်"

ဝမ်းကြိုက မှဲ့ပြုံးပြုံးလိုက်သည်။

"သူတို့ ဘယ်ကိုသွားတယ်ဆိုတာ မင်း သိလို့လား"

ဟုန်ဝေယင်းမှာ မည်သို့ ပြန်ပြောရမှန်းမသိ ပါးစပ်ပိတ်ထား[illegible]လိုက်ရလေသည်။ ဝမ်းကြိုက ဆက်ပြောလိုက်သည်။

"အရေးအကြီးဆုံးက လုဝမ်းထင်းရဲ့နောက်ကို လိုက်သွား[illegible]လိုတယ်၊ ဒါပေမယ့် သူတို့ ဘယ်သွားမှန်း မသိတော့ …"

သူ၏စကားမဆုံးမီ ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက်[illegible]လေသည်။

"အပိုတွေ ပြောမနေနဲ့၊ မသိဘူးလို့ ရှင်းရှင်းပြောလိုက်ပါလား"

ဝမ်းကြိုက ခေါင်းခါယမ်းလိုက်သည်။

"လုဝမ်းထင်းတို့ သွားတဲ့နေရာကို ငါ မသိပေမယ့် သိအောင်လုပ်လို့ရတယ်"



သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ မျက်[illegible]လုံးပြူးကျယ်သွားလေသည်။

ဝမ်းကြိုအား အံ့ဩစွာဖြင့်ကြည့်ရင်း …

"မင်း သိအောင်လုပ်နိုင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ပြောစမ်းပါဦး၊ ဘယ်လိုလုပ်မှာလဲ"

ဝမ်းကြိုက အနည်းငယ်စဉ်းစားပြီးမှ ဟုန်ဝေယင်းအားကြည့်[illegible]ကာ ပြောလိုက်၏။

"မင်းရဲ့အကူအညီ နည်းနည်းလိုတယ်"

"ဘာ … ငါ့ရဲ့အကူအညီ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းအစ်ကိုရဲ့ အကူအညီဆိုရင်[illegible]ပြီး မှန်မယ်"

ဝမ်းကြို၏မျက်နှာမှာ ပြုံးစိစိ ဖြစ်နေ၏။ ဟုန်ဝေယင်းမှာ[illegible]မျက်မှောင်ကြုတ်သွားကာ …

"ငါ့မှာ အစ်ကိုမှ မရှိ …"

စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ပါချေ။ တစ်ချိန်က [illegible]ဝမ်းကြိုပြောခဲ့သည့် စကားများကို ပြန်လည်အမှတ်ရလာမိ၏။

တကယ်တော့ အာကျယ်၏ချွေးမိန်းအား သူ့အစ်ကိုဟု ပြောခဲ့[illegible]သည် မဟုတ်ပါလား။ ဟုန်ဝေယင်း၏မျက်နှာမှာ [illegible]ရှိသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ပြန်လည်ချေပခြင်း မပြုပါချေ။ အကြောင်းမှာ အာကျယ်ထံမှ ခွေးပိန်ကိုငှား၍ လုဝမ်းထင်းတို့နောက်သို့ အချိန်မီ လိုက်ရဦးမည် မဟုတ်ပါလား။

သို့မဟုတ်ပါက လုဝမ်းထင်းမှာ ရတနာများကို ရှာဖွေယူသွားပေတော့မည်။ ဟုန်ဝေယင်းမှာ ဝမ်းကြီးအား လှည့်ပင်မကြည့်ဘဲ ဘွာဘဲ အခန်းတွင်းမှ ပြေးထွက်သွားတော့၏။

ဝမ်းကြီးက သဘောကျစွာ ရယ်မောလိုက်ပြီး နောက်မှ ပြေးလိုက်သွားလေတော့သည်။

* * *

(၄)

အရှေ့ဘက်တွင် နေဝန်းနီမှာ ထွက်ပေါ်လာပြီ ဖြစ်သည်။

နိုက်တင်မြို့ကလေးမှာ နံနက်ခင်း၏ အလင်းရောင်အောက်တွင် လှုပ်ရှားသက်ဝင်လာပြီ ဖြစ်ပါသည်။

ဈေးရောင်းရန် သွားကြသူများ၊ တစ်မြို့တစ်ရွာသို့ ခရီးထွက်သူများ စသည့်စသည့် မြို့သူမြို့သားများမှာ လမ်းမကြီးများပေါ်တွင် ဥဒဟို သွားလာနေကြ၏။

သို့သော် လူနေအိမ်ခြေ နည်းပါးသည့် အာကျယ်နေထိုင်ရာ လမ်းကြားကလေးတွင်မူ လှုပ်ရှားသွားလာမှု မရှိသေးပါ။



လမ်းကြားကလေးအတွင်း နေထိုင်ကြသူများမှာ ညဉ့်နက်ခံကာ အလုပ်လုပ်ရသောကြောင့် အိပ်ရာမှ မထကြသေးပါချေ။ အကယ်၍ စောစီးစွာ အိပ်ရာထမိသူ ရှိမည်ဆိုပါလျှင် လမ်းကြားကလေးအတွင်း ရှေ့မလှ သေဆုံးနေသော အာကျယ်နှင့် သူ့တပည့်တို့၏အလောင်းများကို တွေ့မြင်သွားပေတော့မည်။

ဤသို့ဆိုလျှင် ချက်ချင်း သတင်းပြန့်သွားကာ အုတ်အုတ်ကျက်ကျက် ဖြစ်လာနိုင်၏။ ယခုအချိန်အထိ မည်သူကမျှ မတွေ့ကြသေး၍သာ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ ရောက်ရှိလာသောအခါ တွေ့မြင်လိုက်ရလေတော့သည်။

* * *

(၅)

ဟုန်ဝေယင်း၏မျက်နှာမှာ မည်းမှောင်နေ၏။

အာကျယ်၏အလောင်းနံဘေး၌ ဒူးထောက်ထိုင်နေပြီး အံကို တင်းတင်းကြိတ်ထားမိလေသည်။ မသိမဆိုင် အပြစ်မဲ့သော အာကျယ်မှာ သူတို့အား ကူညီခဲ့သဖြင့် သေဆုံးသွားရပြီ မဟုတ်ပါလား။

ဝမ်းကြီးမှာ ဆိုင်လုလင်၏အလောင်းကို သေသေချာချာ စစ်ဆေးကြည့်ရှုနေ၏။ တစ်ဖန် ဟုန်ဝေယင်းအနီးသို့ လျှောက်လာပြီး အာကျယ်၏အလောင်းကို အကဲခတ်ကြည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ...

"အင်း ... လူသတ်သမားဟာ တစ်ယောက်တည်း မဟုတ်ဘ နှစ်ယောက် ဖြစ်နိုင်တယ်"

သူ၏စကားကြောင့် ဟုန်ဝေယင်းမှာ ဆတ်ခနဲ ခေါင်းထော လာ၏။ ဝမ်းကြီးအား စိုက်ကြည့်ရင်း ...

"ဘာ ... လူသတ်သမားက နှစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

ဟုန်ဝေယင်းက ခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး၊ အာကျယ်တို့ကိုသတ်တာ ကောင်းမော်ပဲ ဖြ ရမယ်၊ ငါ သူ့ကို မကျေဘူး"

ဝမ်းကြီးက သက်ပြင်းချလိုက်ပြန်သည်။

"မင်း ဒီလိုတစ်ထစ်ချယူဆလို့ ဘယ်ဖြစ်မလဲ"

ဟုန်ဝေယင်းက အေးတိအေးစက်အသံဖြင့် ခေါင်းမာစွာ ဖ လိုက်၏။

"လူသေအလောင်းနှစ်ခုမှာ တစ်ခုနဲ့တစ်ခု ဒဏ်ရာရပုံ မတူလို့ လူသတ်သမားနှစ်ယောက် ဖြစ်နိုင်တယ်လို့ မင်း မြော တာ မဟုတ်လား"

ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"



ဟုန်ဝေယင်းက စူးစူးရှရှ ရယ်မောလိုက်၏။

သူ၏ပုံသဏ္ဌာန်မှာ အရူးတစ်ယောက်နှင့်ပင် ခပ်ဆင်ဆင် တူနေသေးတော့၏။ ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားကာ ဟုန်ဝေ ယင်းအား လှမ်းငေါက်လိုက်၏။

"မင်း ဘာရယ်တာလဲ"

ယန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ...

"ကောင်းမော်ကို မင်း အထင်သေးရင် မှားမှာပေါ့၊ ကောင်း မော်ဟာ ခေတ္တဲ့လူ မဟုတ်ဘူး၊ လက်နက်မျိုးစုံ အသုံးချနိုင်တယ်၊ ကိုင်းပညာကွက်ပေါင်း အများကြီးတတ်ထားတယ်ဆိုတာ မင်း မှတ် ထားပါ"

ဝမ်းကြီးက မျက်နှာထား တည်ကြည်စွာဖြင့် ...

"အေး ... သူတို့နှစ်ယောက်ရဲ့အလောင်းကို မင်း သေသေချာ ချာ အကဲခတ်ကြည့်ရင် ထူးခြားတာတွေ့ရလိမ့်မယ်"

မည်သို့ဆိုစေ ဟုန်ဝေယင်းမှာ ဦးနှောက်ကို အသုံးပြု၍ အပင် ပန်းခံကာ စဉ်းစားမည့်သူ မဟုတ်ပါချေ။ ထို့ကြောင့် ဝမ်းကြီးကိုပင် ပြန်လည်မေးခွန်း ထုတ်လိုက်၏။

"ဘာလဲ ... မင်းက ထူးခြားချက် တွေ့ထားတယ်ပေါ့"

"ဟုတ်တယ်"

"ဘယ်လို ထူးခြားချက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက နားမလည်နိုင်စွာ မေးလိုက်၏။

ဝမ်းကြိုက ဆိုင်လုလင်အား လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဆိုင်လုလင်ဟာ ကောင်းမော်ရဲ့ပုလွေကြောင့် သေရတာ
သူ့ရဲ့ရင်ဝမှာ ဒဏ်ရာရှိနေတယ်"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ဝမ်းကြို
လှည့်မေးလိုက်မိ၏။

"အာကျယ်တစ်ယောက် ဘယ်သူ့လက်ချက်နဲ့ သေရတာ

ဝမ်းကြိုမှာ မျက်မှောင်ကြုတ်သွား၏။ တစ်စုံတစ်ခု
အလေးအနက် စဉ်းစားနေဟန် ရှိလေသည်။ အတန်ကြာမှ သက်
တစ်ချက်ချကာ ...

"ငါလည်း သေသေချာချာ မပြောတတ်ဘူး၊ အာကျယ်
လုံးဝ မမြော်လင့်ထားတဲ့ လူတစ်ယောက်ရဲ့ လက်ချက်ကြောင့်
သွားရတာဖြစ်မယ်၊ သူကိုယ်တိုင်လည်း အဲဒီလူက သူ့ကို သတ်
မယ်လို့ မထင်ဘူး"

ဟုန်ဝေယင်း အံ့ဩသွားမိသည်။ သူသည် ဝမ်းကြိုအား
မလည်နိုင်စွာကြည့်ကာ ...

"မင်း ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ဝမ်းကြိုက အာကျယ်၏မျက်နှာအား လက်ညှိုးညွှန်ပြ
ပြီး ...



"သူဟာ သေသွားပေမယ့် မျက်လုံးပြူးကျယ်နေတာထောက်ရင် အံ့ဩထိတ်လန့်မှုက လွှမ်းမိုးသွားခဲ့တယ်လို့ ပြောရမယ်"

"ဒါဖြင့် သူ့ကို ဘယ်သူသတ်တယ် ထင်သလဲ"

ဝမ်းကြိုက ခေါင်းခါယမ်းလိုက်ကာ ...

"ဒါတော့ ကျုပ် မပြောတတ်ဘူး"

ဟုန်ဝေယင်းမှာ တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့် ...

"ကျန်းချစ်ချစ်ကော မဖြစ်နိုင်ဘူးလား"

ဝမ်းကြိုက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဟုန်ဝေယင်းက ဆက်ပြောလိုက်၏။ အမှန်တော့ သူ၏ထင်မြင်ချက်ကို သူ့ဘာသာ ပြန်လည်ချေဖျက်လိုက်ခြင်းသာ ဖြစ်၏။

"ကျန်းချစ်ချစ်ဟာ အင်မတန် နုနယ်တဲ့ မိန်းကလေး တစ်ယောက်ပဲ၊ သူက လူတစ်ယောက်ကို သတ်ပစ်မယ် မထင်ဘူး"

ဝမ်းကြိုက သက်ပြင်းချကာ ...

"လောကကြီးမှာ မထင်မှတ်တဲ့ကိစ္စတွေ အများကြီးဖြစ်တတ်တယ်၊ တကယ်လို့သာ ကျန်းချစ်ချစ်သာ လူသတ်သမားတစ်ယောက် ဖြစ်နေရင် အင်မတန် ကြောက်စရာကောင်းတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

ဟုန်ဝေယင်းမှာ တွေဝေငေးငိုင်သွားလေသည်။ ဝမ်းကြိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းချစ်ချစ်သာ လူဆိုးဖြစ်နေရင် တို့အယူအဆတွေ အလုံး မှားပြီလို့ ဆိုရမယ်၊ တို့ဟာ သူ့ရဲ့အကြံအစည်အတိုင်း လှုပ်ရှားနေသလို ဖြစ်နေတာပေါ့"

ဟုန်ဝေယင်းက ဝမ်းကြီးအား အကဲခတ်ကြည့်လိုက်ပြီး .

"မင်းပြောတာ ငါ တစ်ခုမှ နားမလည်ဘူး"

ဝမ်းကြီး ပြုံးလိုက်သည်။

"သေသေချာချာ စဉ်းစားကြည့်ရင် နားလည်လာမှာပါ"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်သည်။ သို့သော် နားမလည်ဟန်ဖြင့် ဝမ်းကြီးအား မော့ကြည့်ကာ ...

"မင်း နည်းနည်းအစဖော်ပေးမှ ငါ စဉ်းစားလို့ ရမှာပေါ့"

"ကောင်းပြီ ... မင်းနဲ့ငါဟာ အမြဲတမ်း အဆင်ပြေနေသလား"

ဟုန်ဝေယင်းက မျက်လုံးပြူးဖြင့် ...

"ဟာ ... မင်းနဲ့ငါက အမြဲတမ်း တကျက်ကျက် ရန်ဖြစ်နေကြတာ၊ အမြဲတမ်း အတိုက်အခံဖြစ်နေကြတာ မဟုတ်လား"

ဝမ်းကြီးက သဘောကျစွာ ပြုံးလိုက်ပြီး ...

"အေး ... ဒါကြောင့်လည်း တို့တစ်တွေကို ဒီကိစ္စထဲမှာ ပါဝင်လာအောင် အကွက်ဆင်ခဲ့တာပေါ့"

ဟုန်ဝေယင်းမှာ သေသေချာချာ နားမလည်သော်လည်း ရှေ့ဆက်သိလိုသဖြင့် ...



"ကဲ ... ဒါတွေ ထားလိုက်ပါတော့၊ ဘာကြောင့် ပါဝင်လာအောင် အကွက်ဆင်ပြီး ဒီကိစ္စထဲ ဆွဲသွင်းခဲ့ရတာလဲ"

"မင်းနဲ့ငါဟာ ဖြတ်ထိုးဉာဏ်ကောင်းတယ်၊ သိုင်းပညာလည်း ... ဘူး၊ ဒါကြောင့် သဲလွန်စတစ်ခုရရင် အဖြေပေါ်အောင် ရှာတွေ့ ... ယ်၊ အဖြေပေါ်တဲ့အခါမှာ အကွက်ဆင်တဲ့လူက တို့တစ်တွေကို ... ပစ်လိမ့်မယ်"

ဟုန်ဝေယင်းမှာ ရင်ထိတ်သွားပြီး ...

"အခု အဖြေပေါ်ပြီလား"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"အခုတော့ မဟုတ်သေးဘူး၊ ဒါပေမယ့် မကြာခင် အဖြေ ... လာတော့မယ်"

သူ၏စကား ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ ဝမ်းသာ ... လေသည်။ ဝမ်းကြီး၏ စကားအတိုင်းဆိုလျှင် အဖြေပေါ်သော ... အကွက်ဆင်သူက သူတို့အား သတ်ပစ်လိမ့်မည်။

ထိုအခါမှ အကွက်ဆင်သူအား မျက်နှာချင်းဆိုင် ရင်ဆိုင်ရ ... မဟုတ်ပါလား။ ယင်းသို့ တွေးမိလိုက်ရသဖြင့် ဟုန်ဝေယင်းက ... ဟား ရယ်မောလိုက်သည်။

"ဟား ... ဟား ... မင်း အဖြေမှန် ဖော်ထုတ်နိုင်ရင် အကောင်းဆုံး ... ဘ်ပေတော့၊ ဒါမှ မင်းပြောသလို အကွက်ဆင်တဲ့လူနဲ့ တွေ့ရ ... မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်၏။

"ငါကလည်း အမြန်ဆုံး ဖော်ထုတ်ချင်တာပဲ၊ ဒါပေမယ့်

သူ၏စကားမဆုံးမီ ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက်

"ဘာလဲ... မင်းက ခွေးပိန်ရဲ့အကူအညီ လိုချင်တယ်

တော့"

"ဟုတ်တယ်၊ အာကျယ်သေသွားတော့ ခွေးပိန်လည်း

သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား အကြောင်းမှာ လမ်းကြားကလေး၏ တစ်ဖက်ထိပ်မှ ခွေးတစ် ပြေးလာနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။ ဝေယင်း၏မျက်နှာမှာ ပြုံးရွှင်သွား၏။ ပြေးလာနေသော ကြည့်ရင်း သူသည် ဟုန်ဝေယင်းအား လှမ်းပြောလိုက်လေ

"အာကျယ်မှာ ခွေးတစ်ကောင် ကျန်ခဲ့တာ ဝမ်းသာ အဲဒီခွေးက သူ့ကို သတ်တဲ့လူ ဖော်ထုတ်ပေးလိမ့်မယ်"

ထိုစဉ် ပြေးလာသောခွေးမှာ သူတို့အနီးသို့ ရောက် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က ပြိုင်တူ လှည့်ကြည့်လိုက်သော အမှန်ပင် အာကျယ်၏ခွေးပိန် ဖြစ်နေသည်ကို တွေ့မြင်လိုက် တော့သည်။

✱ ✱ ✱



## (၆)

ဝမ်းအော့ ရှေ့ကလျှောက်သွားနေ၏။

လုဝမ်းထင်က နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားနေ သည်။ ယခုအခါ သူတို့သည် ကျန်းမိသားစု အိမ်အတွင်းမှ ထွက်ခွာလာခဲ့ကြပြီး ဖြစ်သည်။ ကျန်းစုရယ်မှာ နိပ်စက်ညှဉ်းပမ်းမှု ကို မခံနိုင်ဘဲ နောက်ဆုံး၌ ပင့်ကူ (ဝါ) ဟန်ချန်းပေးထားခဲ့ ရတနာမြေပုံအား ထုတ်ပေးလိုက်ရလေသည်။

ရတနာမြေပုံ ရပြီးသည်နှင့် နှုတ်ပိတ်သည့်သဘောနှင့် ကျန်းစု ကိုပါ ရှင်းပစ်ခဲ့၏။ မလွှဲမရှောင်သာ၍ လုပ်ခဲ့ရသော်လည်း ဝမ်းထင်မှာ စိတ်မကောင်းမဖြစ်ချေ။ မကြာမီ ရရှိလာတော့မည် နာများကို မြင်ယောင်ကာ ဝမ်းသာနေလေသည်။

ရတနာမြေပုံအား ကြည့်လိုက်သည်နှင့် မည်သည့်နေရာသို့ ကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ချက်ချင်းပင် ဝမ်းအော့နှင့် ကျန်းမိသားစုအိမ်မှ ထွက်ခွာလာခြင်း ဖြစ်သည်။

ထို့အပြင် ရတနာမြေပုံအညွှန်းပါ အိမ်ကြီးတစ်လုံးသို့ ရောက် ကြ၏။ အမှန်တော့ ယင်းအိမ်မှာ လုဝမ်းထင်နှင့် ဝမ်းကြီးတို့ ချစ်ချစ်အား ကယ်တင်ရန် ရောက်ခဲ့ဖူးသော ဟန်ချန်၏ အိမ် ကောင်းကြီးပင် ဖြစ်ပါသည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



(၇)

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေ၏။

အလေ့ကျပေါက်နေသော မြက်ပင်ရှည်များမှာ ခြံဝင်းတစ် လုံးအား ဖုံးလွှမ်းထားပြီး လေတိုက်ခတ်လိုက်သည့်အခါ ယိမ်းသ များ ယိမ်းကနေသည့်သဏ္ဍာန် ဖြစ်ပေါ်နေ၏။

ဝါးပင်များ၊ သစ်ပင်များမှာ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသဖြ အဝေးမှကြည့်လျှင် တောအုပ်တစ်ခုဟုပင် ထင်ရလေသည်။ သို့သေ တောအုပ်တစ်ခုဟုပင် ထင်ရလေသည်။ သို့သော် တောအုပ်တစ်ခုက မဟုတ်ပါချေ။

အကြောင်းမှာ အလယ်တွင် အဆောက်အအုံတစ်ခုလုံး ရှိ သည် မဟုတ်ပါလား။ ဤအဆောက်အအုံမှာ တစ်ချိန်က သိုင်းလေ ကတွင် ဒုက္ခပေးခဲ့သော ဓားပြတစ်ယောက်ဖြစ်သည့် ပင့်ကူ (ဓ ဟန်ချုန်း)၏နေအိမ်ပင် ဖြစ်ပါသည်။

လုဝမ်းထင်းနှင့် ဓမ်းအော့တို့မှာ ခြံဝင်းအတွင်းသို့ ရောက် လာသည်နှင့် မြေပုံ၌ပါသော အညွှန်းအတိုင်း အနောက်ဘက်သို ကွေ့ပတ်လျှောက်သွားကြ၏။ အနောက်ဘက်သို့ ကွေ့ပတ်လျှော သွားကြ၏။ အနောက်ဘက်သို့ ရောက်ရှိသွားကြသောအခါ ထော ရှစ်ထောင့်ရှိသော အဆောင်ငယ်တစ်ခုအား တွေ့လိုက်ရသည်။

အဆောင်အတွင်း၌ ကျောက်စားပွဲတစ်လုံး ရှိနေ၏။ မြေပုံ



အညွှန်းအတိုင်းဆိုလျှင် ကျောက်စားပွဲ၏အောက်၌ လျှို့ဝှက်အခန်း သို့ဝင်ရန် တံခါးပေါက် ရှိသည်။

လုဝမ်းထင်းမှာ တစ်လမ်းလုံး မြေပုံကို ကျက်မှတ်လာခဲ့ သဖြင့် မြေပုံတွင်ပါရှိသော အကြောင်းအရာများကို အလွတ်ရနေ၏။

ထို့ကြောင့် အဆောင်ငယ်ကလေးသို့ ရောက်လာသည်နှင့် ကျောက်စားပွဲသို့ ဦးတည်လျှောက်သွားသည်။

ထို့နောက် ကျောက်စားပွဲပေါ်တွင်ထိုင်ကာ နေထွက်ရာအရှေ့ အရပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

ထိုအခါ အရှေ့ဘက်တည့်တည့် တွင် သစ်သားတိုင်တစ်လုံး ခံနေသည်ကို တွေ့ရလေသည်။

လုဝမ်းထင်း၏ မျက်နှာမှာ ပြုံးရွှင်သွား၏။ ထိုင်ရာမှထလိုက် ပြီး သစ်သားတိုင်သို့ ရော က်သွားကာ တိုင်ကိုပတ်၍ ယာဘက်သို့ လှည့်လိုက်သည်။

"ကျွိ ..."

အသံတစ်ချက် ထွက်ပေါ်လာကာ သစ်သားတိုင်မှာ အလယ်မှ လည်ထွက်သွားပြန်သည်။ လုဝမ်းထင်း ဝမ်းသာသွားပြန်၏။ ကျန်းစု ရယ်ထံမှ ရလာသောမြေပုံမှာ အစစ်အမှန်ဖြစ်ကြောင်း သဘောပေါက် လိုက်လေသည်။

ထို့ကြောင့် ခြေလှမ်းပေါ့ပါးစွာဖြင့် ကျောက်စားပွဲအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်သွားပြီး ကျောက်စားပွဲအား ယာဘက်သို့ သုံးကြိမ်သုံးခါ ဆွဲလှည့်လိုက်၏။ တစ်ဖန် ဝဲဘက်သို့ သုံးခါ ပြန်လှည့်လိုက်၏။

ယင်းသို့ လှည့်လိုက်ပြီး မရှေးမနှောင်းမှာပင် တကျိမ်းကျိမ်း မြည်သံများ ထွက်ပေါ်လာကာ ကျောက်စားပွဲမှာ အောက်ဘက်သို့ နိမ့်ဆင်းသွားလေတော့သည်။ တစ်ဆက်တည်းမှာပင် လှိုဏ်ဂူဝင်ပေါက်တစ်ခု ထွက်ပေါ်လာပြီး အောက်ဘက်သို့ဆင်းရန် လှေကားထစ်များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။ လုဝမ်းထင်းက ဝမ်းအော့အား လှမ်းကြည့်လိုက်ပြီး ...

"မီးခွက်ကျောက်နဲ့ မီးစာ ပါတယ်မဟုတ်လား"

ဝမ်းအော့က ခေါင်းညိတ်လိုက်၏။

"ပါပါတယ်၊ မီးစာအပြင် မီးတုတ်သုံးချောင်း အပိုယူလာခဲ့ပါသေးတယ်"

ပြောပြီးသည်နှင့် မီးခွက်ကျောက်နှင့်မီးစာကို အသုံးပြုကာ မီးတုတ်အား မီးညှိလိုက်လေသည်။ လုဝမ်းထင်းက ပြုံးလျက် ...

"ကဲ ... အောက်ကို ဆင်းကြည့်စမ်း"

ဝမ်းအော့က စောဒကမတက်ပါချေ။ မီးတုတ်ကိုကိုင်ကာ လှေကားထစ်များမှတစ်ဆင့် အောက်သို့ ဆင်းသွားလေတော့သည်။

* * *



(၈)

မီးရောင်အောက်တွင် ပင့်ကူမျှင်များ ဝိတ်ဖုံးနေသည်ကို တွေ့ [...]။ ရေမ်းရောင် ပင့်ကူတစ်ကောင်သည် ရုတ်တရက် ခေါင်းမိုး [...]မှ တွဲလောင်းကျလာလေသည်။

ဝမ်းအော့မှာ ထိတ်လန့်သွားကာ ကမျာကယာ လက်ထဲမှ [...]တ်ဖြင့် ဝှေ့ယမ်းလိုက်မှ အပေါ်သို့ ပြန်လည်ပြေးတတ်သွား၏။

ကျောက်လှေကားထစ်များမှာ တဖြည်းဖြည်း အောက်ဘက်သို့ [...]င်းသွားပြီး အချိုးအကွေ့ များလှပေသည်။

ပထမဆုံး ဇီထောင့်ချိုးတစ်ခုသို့ ရောက်ရှိလာသောအခါ ဝမ်း[...]သာ ခြေလှမ်းရပ်တန့်လိုက်ပြီး လုဝမ်းထင်းဘက်သို့ လှည့်ကြည့်[...]၏။

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဟော့ ... ဘာဖြစ်လို့လဲ၊ ဘာတွေ့လို့လဲ"

မေးရင်း ဝမ်းအော့အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်လာ၏။ [...]အော့က ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာမှ မတွေ့ပါဘူး"

"ဒါဖြင့် ဘာကြောင့် ရပ်လိုက်တာလဲ၊ ရှေ့ဆက်သွားပါလား"

[...]ဝမ်းအော့က စဉ်းစားချင့်ချိန်စွာ ပြောလိုက်လေသည်။

"လှိုဏ်ဂူဝင်ပေါက်ကို စက်ယန္တရားတွေနဲ့ 'လုပ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင် အထဲမှာလည်း လျှို့ဝှက်စက်ယန္တရားတွေ တပ်ဆင်ထား
တယ်ဆိုတာ တွေးမိလို့ပါ"

လုဝမ်းထင်းက မီးရောင်ကြောင့် မသဲမကွဲ တွေ့မြင်နေရသော
ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လျှို့ဝှက်မြေအောက်ခန်းသို့ ရောက်ရှိနေပြီဖြစ်သော
အထူးပင် သတိထားရမည်ဖြစ်ကြောင်း နားလည်ထားလေသည်
ထို့ကြောင့် ဝမ်းအော့၏စကားကို ကြားလိုက်ရသည်နှင့် ရင်ထိတ်
သွားသည်။

ကပျာကယာပင် မြေပုံအားထုတ်ယူကာ ပြန်လည်စစ်ဆေး
ကြည့်ရှုလိုက်လေသည်။ သို့သော် အန္တရာယ်ဖြစ်စရာ လျှို့ဝှက်ခလုတ်
များ ထောင်ချောက်များ စက်ယန္တရားများဟူ၍ လုံးဝ ရေးမထား
ပါချေ။

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မြေပုံထဲမှာတော့ ဘာမှ ရေးမထားဘူး၊ ဒါကြောင့် အန္တရာယ်
ဖြစ်နိုင်စရာထောင်ချောက် မရှိဘူးထင်တယ်"

သူ၏စကားကို ကြားလိုက်ရသော်လည်း ဝမ်းအော့မှာ ရှေ့
ဆက်မသွားဝံ့သေးချေ။ လုဝမ်းထင်းက အရှေ့ဘက်သို့ လှမ်း
ကြည့်လိုက်ပြီး ...

"ကဲ ... ရှေ့ဆက်သွားပေတော့"



ဝမ်းအော့က ရုတ်တရက် ရှေ့ဆက်မသွားသေးဘဲ ငေးငိုင်
နေ၏။ လုဝမ်းထင်းမှာ ဒေါသထွက်လာကာ ...

"မင်း ဒီလောက်တောင် ကြောက်နေသလား၊ မင်း သေရင်
ငါလည်း သေရမှာပဲဆိုတာ မှတ်ထား၊ ဒီနေရာကို ရောက်လာပြီးမှ
တော့ သေစရာရှိရင် နှစ်ယောက်စလုံး သေရမှာပဲ"

သူ၏စကားကြောင့် ဝမ်းအော့မှာ စိတ်ခတ်တက်ကြွလာ
လေတော့သည်။

လုဝမ်းထင်းအား အားကိုးသောအကြည့်ဖြင့် ကြည့်ကာ စကား
တစ်လုံးမျှမပြောဘဲ ရှေ့သို့ လှမ်းထွက်သွား၏။

လုဝမ်းထင်းကပြုံး၍ နောက်မှ လိုက်သွားလေသည်။ မကြာ
ပါချေ။ ကျောက်လှေကားထစ်များ ဆုံးသွားပြီး ခန်းမကျယ်တစ်ခုသို့
ရောက်ရှိသွားကြ၏။

ခန်းမကျယ်အတွင်း၌ ဆီမကုန်သေးသည့် မီးအိမ်ဆယ့်လေး
ငါးလုံးမျှ ကျောက်နံရံပေါ်တွင် ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။
လုဝမ်းထင်းက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး
ဆီမီးအိမ်များကိုထွန်းညှိရန် အမိန့်ပေးလိုက်သည်။

ဝမ်းအော့က လျင်မြန်စွာပင် လိုက်လံထွန်းညှိလိုက်လေသည်။
ထိုအခါ ခန်းမကျယ်တစ်ခုလုံးမှာ နေ့ဘက်အလား လင်းထိန်သွား
လေတော့သည်။ မီးရောင်အောက်၌ ဝန်းကျင်တစ်ခုလုံးကို လုဝမ်းထင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝမ်းအောတို့က ကောင်းစွာ တွေ့မြင်လိုက်ရ၏။ တွေ့မြင်လိုက်ရသောမြင်ကွင်းကား ...

အခန်း၏ထောင့် တစ်နေရာတွင် သံသေတ္တာရှစ်လုံး ရှိနေပြီး နှစ်လုံးစီပူးထား၏။ ၎င်းသေတ္တာများအပေါ်တွင် အိပ်ရာခင်းတစ်ခု ရှိနေပြီး စောင်တစ်ထည် လွှမ်းခြုံထားလေသည်။

ထို့ကြောင့် ရုတ်တရက် ကြည့်လျှင် လူတစ်ယောက် အိပ်နေသည်နှင့် ခပ်ဆင်ဆင် တူနေသေးတော့၏။ လွှမ်းခြုံထားသောစောင်နှင့် အိပ်ရာခင်းမှာ အရောင်ပင် လွင့်ပြယ်နေသောကြောင့် နှစ်ပေါင်းကြာမြင့်လှပြီဖြစ်ကြောင်း ခန့်မှန်းနိုင်၏။

စောင်ပေါ်တွင် အမှိုက်သရိုက်များပင် တင်နေလေသည်။ အခြေအနေအရ အိပ်ရာခင်းနှင့်စောင်ကို ရွှေ့ပြောင်းခဲ့ခြင်း ရှိပုံမရဘဲ ဤနေရာတွင် အနေအထားမပျက် ထားရှိပုံရလေသည်။ ဝမ်းအောမှာ မီးအိမ်များကို လိုက်လံထွန်းညှိနေသောကြောင့် ရုတ်တရက် တွေ့မြင်ခဲ့ခြင်း မရှိပါချေ။

သူက ပြန်လှည့်ကြည့်လိုက်သောအခါ လုဝမ်းထင်းက အိပ်ရာခင်းအနီးသို့ ရောက်ရှိနေပြီ ဖြစ်၏။ ထိုအခါမှ အံ့ဩစိတ်ဖြင့် အလျင် အမြန် လှမ်းသွားကာ ...

"ဘယ်လိုဖြစ်တာလဲ"

လုဝမ်းထင်းက အဖြေမပေးဘဲ အိပ်ရာခင်းပေါ်မှ ဖုံးအုပ်ထား



သော စောင်ကိုသာ စိုက်ကြည့်နေမိ၏။ အတန်ကြာမှ သက်ပြင်းတ

ချကာ ...

"စောင်ကို ဆွဲဖယ်လိုက်စမ်း"

ဝမ်းအောမှာ ရုတ်တရက် ဆွဲမဖယ်ဝံ့ဘဲ တုံ့ဆိုင်းနေ၏

သို့သော် လုဝမ်းထင်း စိတ်ဆိုးသွားမည်ကို စိုးရိမ်သောကြောင့် ရှေ့သို

ခြေလှမ်းတိုးကာ ဆတ်ခနဲ ဆွဲဖယ်လိုက်လေသည်။

ထို့နောက် ချက်ချင်းပင် အဝေးသို့ ပစ်လွှင့်လိုက်၏။ စော

ဆွဲဖယ်လိုက်သည်နှင့် ဖုန်မှုန့်များထလာကာ ပစ္စည်းတချို့တစ်ခုနှင့်

တစ်ခု ထိခိုက်မိသောအသံများ ကြားလိုက်ရ၏။

လုဝမ်းထင်းနှင့် ဝမ်းအောတို့က လက်ဖြင့်ခါယမ်း၍ သေခ

စွာ ကြည့်လိုက်ကြ၍ ရုတ်တရက် သူတို့၏မျက်လုံးများမှာ ပြူးကျယ

သွားကြလေသည်။ အကြောင်းမှာ မီးရောင်ဖြင့် အိပ်ရာခင်းပေါ်တွင

လူရိုးစုတစ်ခု ရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

အရိုးစုမှာ ဖြူဖွေးနေပြီး ဝမ်းအောက စောင်ကိုဆွဲဖယ်လိုက်

သောကြောင့် တစ်ခုနှင့်တစ်ခု တိုက်မိကာ ပုံပျက်သွား၏။

သို့သော် လူတစ်ယောက်၏ အရိုးစုဖြစ်သည်ကိုမူ သေချာစွာ

တွေ့မြင်နိုင်လေသည်။ လုဝမ်းထင်းနှင့် ဝမ်းအောတို့မှာ ရုတ်တရက်

စကားမပြောနိုင်ကြဘဲ ငေးငိုင်သွားကြ၏။ အတန်ကြာမှ ဝမ်းအော

က အလန့်တကြား အော်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းလှချည့်လား၊ ဒီနေရာမှာ ဘယ်လိုလုပ် အရိုးစု ရောက်နေရတာလဲ"

လှဝမ်းထင်းက စကားမပြောပါချေ။ လူအရိုးစုကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိလေသည်။ အရိုးစုမှာ လူတစ်ယောက် မုပန်းအပြည့်အစုံ ပါရှိနေ၏။

သို့သော် နံရိုးနေရာများတွင်သော်လည်းကောင်း၊ ခါးရိုးနေရာများတွင်သော်လည်းကောင်း၊ ခြေလက်နေရာများတွင်လည်းကောင်း ကျိုးကြေနေသည်ကို တွေ့မြင်ရလေသည်။ ဝမ်းအော့မှာ လှဝမ်းထင်း စကားမပြောဘဲ နေသည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ အံ့ဩသွားသော်လည်း သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... တကယ်ဆိုတော့ ဘာမှ မထူးဆန်းပါဘူး၊ တစ်ယောက်ယောက်က လူသတ်ပြီးတော့ ဒီနေရာမှာ လာပစ်ထားတာ ဖြစ်မှာပေါ့"

ပြောရင်း လှဝမ်းထင်းဘက်သို့ လှည့်ကာ ...

"ကျွန်တော်ပြောတာ မဟုတ်ဘူးလား"

လှဝမ်းထင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ၏ မျက်လုံးအစုံမှာ အရိုးစုပေါ်မှ လွှဲဖယ်၍ ဝမ်းအော့၏မျက်နှာပေါ်သို့ ရောက်ရှိသွား၏။ ဝမ်းအော့ကို အသာအယာ ပြုံးပြလိုက်၏။ ပြီးတော့ အေးဆေးစွာဖြင့် ...



"ဒီအရိုးစုဟာ ဘယ်သူ့အရိုးစုလဲဆိုတာ မင်းသိသလား"

ဝမ်းအော့က ခေါင်းခါယမ်းပြလိုက်သည်။

"မသိပါဘူး"

လှဝမ်းထင်းက အရိုးစုမှ ကျိုးကြေနေသော အရိုးစုတချို့ကို ာက်ညှိုးထိုးပြလိုက်ပြီး ...

"အဲဒီအရိုးတွေ ဘာကြောင့် ကျိုးကြေနေသလဲဆိုတာကိုကော င်း သိသလား"

ဝမ်းအော့က ထပ်မံ ခေါင်းခါယမ်းပြလိုက်သည်။ ထို့ပြင် ၌တစ်ကြိမ်တွင်မူ အဖြေမပေးတော့ဘဲ ပြန်လည် မေးခွန်းထုတ် က်သည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူ့အရိုးစုလဲ"

လှဝမ်းထင်း၏ မျက်နှာပေါ်တွင် ထူးခြားသောအရိပ်အယောင် း ထွက်ပေါ်လာ၏။ အတန်ကြာသည်အထိ စကားမပြောသေးဘဲ ပြီးမှ သူ၏နှုတ်ခမ်းများမှာ တလှုပ်လှုပ် တရှုရှုဖြစ်လာကာ ...

"ဒါ ပင့်ကူရဲ့ အရိုးစုပဲ"

သူ၏စကားကို ကြားလိုက်ရသောအခါ ဝမ်းအော့မှာ မျက်လုံး း ပြူးကျယ်သွားလေသည်။ လှဝမ်းထင်းကိုလည်း မယုံကြည်နိုင် ်င် ကြည့်နေမိ၏။ အတန်ကြာမှ အံ့ဩစွာဖြင့် ...

"ဒါဟာ ပင့်ကူရဲ့အရိုးစု ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"သခင်ကြီးက ဘယ်လိုလုပ် သိတာလဲ"

လုဝမ်းထင်းက သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ်တို့တစ်တွေ မြို့ပြင်ဘုံကျောင်းမှာ ပင်ကျူကို အဆိပ်

ခဲ့ကြတယ်၊ ပင်ကျူ အဆိပ်မိနေတုန်း ဝိုင်းဖမ်းခဲ့ကြတယ်"

ဝမ်းအော့မှာ လုဝမ်းထင်းနှင့် အနေကြာပြီဖြစ်သော်လည်း

ပင်ကျူနှင့် ပတ်သက်ခဲ့သည့် အကြောင်းများကို လုံးဝ မသိခဲ့ရပါ

ထို့ကြောင့် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရလေ

လုဝမ်းထင်းက စကားဆက်လိုက်ပြန်၏။

"ပင်ကျူဟာ သိုင်းပညာ သိပ်တော်ပေမယ့် အဆိပ်မိသွား

မခုခံနိုင်ဘဲ ကျုပ်တို့ဖမ်းဆီးတာ ခံလိုက်ရတယ်၊ အမျိုးမျိုး နှိပ်

ညှင်းပမ်းခဲ့တယ်၊ နောက်ဆုံး ကျွန်းလုံလက်ချက်ကြောင့် သူ

ပြေးသွားနိုင်ခဲ့တယ်လေ"

ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ သေချာစေရန်

မေးလိုက်ပြန်၏။

"ပင်ကျူ လွတ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ တို့နှိပ်စက်ခဲ့လို့ ဒဏ်ရာပြင်းပြင်း

ထန် ရသွားတယ်၊ ကျွန်းလုံနဲ့ စုကွမ်းအင်းတို့ရဲ့ လက်ချက်

အရိုးအဆစ်တွေ တော်တော်များများ ကျိုးကြေကုန်တယ်လေ"



"အခုအရိုးစုမှာ အရိုးတွေကြေနေတာကိုတောက်ပြီး ပင်ကျူ

ရဲ့အလောင်း ဖြစ်ရမယ်လို့ ပြောတာလား"

"ဟုတ်တယ်"

ဝမ်းအော့မှာ အနည်းငယ် စဉ်းစားလိုက်ပြီး ...

"သူက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

လုဝမ်းထင်းက ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတော့ ငါလည်းမသိဘူး၊ ငါတို့ဆီက လွတ်ပြေးလာပြီးတဲ့

နောက် ဒီနေရာဟာ စိတ်ချလုံခြုံတယ်လို့ ယူဆပြီး ထွက်ပြေးလာတာ

ဖြစ်မှာပေါ့"

ဝမ်းအော့က ခေါင်းညိတ်ပြလိုက်လေသည်။ မှန်ပါသည်။

နေရာ၌ ပုန်းအောင်းနေခဲ့ခြင်းဖြင့် လုဝမ်းထင်းတို့၏ အန္တရာယ်ကို

လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့သည် မဟုတ်ပါလား။

သို့ကြောင့်လည်း ယခုအချိန်ကျမှ ရှာတွေ့ခဲ့ခြင်း ဖြစ်လေ

သည်။

ထို့အပြင် ဤနေရာ၌ ပုန်းအောင်းနေထိုင်စဉ် စားသောက်

ရာများနှင့် ဆေးဝါးများ လိုအပ်ပေလိမ့်မည်။ ဤသို့ဆိုလျှင်

သူက လာရောက်ပို့ဆောင်ပေးပါသနည်း။ ဝမ်းအော့က

င်းအား မော့ကြည့်လိုက်ပြီး ...

"သူ ဒီမှာလာပုန်းနေမယ်ဆိုရင် စားသောက်စရာတွေတော့

www.burmeseclassic.com

www.burmeseclassic.com



လိုမှာပဲဗျ၊ ဒါကြောင့် တစ်ယောက်ယောက်က သူ့ကို လာပို့ပေးဖို့ လိုအပ်လိမ့်မယ်"

လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘယ်သူက လာပို့ပေးတာလဲ"

လုဝမ်းထင်းက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ...

"ငါထင်တာ မလွဲဘူးဆိုရင် ကျန်းလုံရဲ့ညီမ ကျန်းစုရယ်ပဲ ဖြစ်ရမယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဝမ်းအော့မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူသည် လုဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"ကျန်းစုရယ် ဟုတ်လား"

"ဟုတ်တယ်"

ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ ...

"ကျန်းစုရယ်က ပင့်ကူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

လုဝမ်းထင်းက ပြုံးလိုက်သည်။ ပြီးလျှင် စိတ်မရှည်ဟန်ဖြင့် ...

"ကျန်းစုရယ်နဲ့ ပင့်ကူတို့ဟာ ချစ်သူတွေပဲ၊ ဒီအကြောင်း ပြောရရင် ရှည်ပါတယ်၊ မင်းသိလို့လည်း အပိုပဲ"



ပြောပြီးသည်နှင့် သံသေတ္တာများအား လက်ညှိုးညွှန်ပြကာ ...

"အရေးအကြီးဆုံးက အဲဒီသံသေတ္တာတွေကို ဖွင့်ကြည့်စမ်းပါ"

သို့ရာတွင် ဝမ်းအော့သည် အခြေအနေ ရှုပ်ထွေးလှကြောင်း သဘောပေါက်ထားသဖြင့် ရုတ်တရက် မဖွင့်ရဲဘဲ ဖြစ်နေ၏။ လုဝမ်းထင်းမှာ သံသေတ္တာများကို စိုက်ကြည့်ရင်း ...

"ကျုပ်စိတ်ထင်ပြောရရင် အဲဒီ သံသေတ္တာတွေထဲမှာ ရွှေငွေ ရတနာပစ္စည်းတွေ ရှိလိမ့်မယ်"

ထိုစကား ကြားလိုက်ရသည်နှင့် ဝမ်းအော့၏ မျက်လုံးအစုံ ... ဝင်းလက် တောက်ပသွားလေသည်။ သံသေတ္တာများကို အငမ်း ... ရ စိုက်ကြည့်လိုက်ပြီး ...

"ရတနာတွေ ဟုတ်လား"

ပြောပြီးသည်နှင့် သံသေတ္တာများအနီးသို့ ချဉ်းကပ်သွားပြီး ... ာက်အစွန်းဆုံး သေတ္တာကို ဖွင့်လိုက်၏။ သေတ္တာများမှာ သော့ ... တ်ထားခြင်း မရှိသဖြင့် အလွယ်တကူပင် ပွင့်သွားလေသည်။

သေတ္တာအဖုံး ပွင့်သွားသည်နှင့် အတွင်းဘက်၌ ငွေတုံးကလေး ... း အပြည့်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းအော့မှာ ဝမ်း ... သာအားရဖြစ်သွားကာ နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်မိ၏။

"ဟာ ... ငွေတွေပါလား"

ပြောရင်း လုဝမ်းထင်းအား လှမ်းကြည့်လိုက်၏။ လုဝမ်းထင်း

www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာမှာ အမူအရာပြောင်းလဲခြင်း မရှိ။ ပကတိ တည်ကြည်နေသည်။

ဝမ်းအော့မှာ အံ့သြသွားရလေသည်။ လုဝမ်းထင်းက အဘယ့်ကြောင့် ဝမ်းမသာဘဲ နေရပါသနည်း။ အဖိုးတန်သော ငွေတုံးကလေးများအားတွေ့ရလျှင် မည်သူမဆို စိတ်လှုပ်ရှားသွားနိုင်သည် မဟုတ်ပါလား။

သို့ရာတွင် ယခုတော့မူ လုဝမ်းထင်း၏ပုံဟန်မှာ ဝမ်းသာသွားခြင်း မရှိသည့်အပြင် စိတ်ပျက်သွားဟန် ရှိနေ၏။ ဝမ်းအော့က သူ့အား တစ်ချက်ကြည့်ကာ ...

"နောက်ထပ် သေတ္တာတစ်လုံး ဖွင့်ရဦးမလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်၏။

"ဖွင့်လိုက်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဝမ်းအော့က နောက်ထပ်သေတ္တာတစ်လုံးကို ဖွင့်လိုက်လေသည်။

ယင်းသေတ္တာမှာလည်း သော့ခတ်ထားခြင်း မရှိပါချေ။

ဝမ်းအော့က ဖွင့်လိုက်သည်နှင့် အလွယ်တကူပင် ပွင့်သွားလေသည်။ ထိုအခါ သေတ္တာထဲ၌ ပထမသေတ္တာကဲ့သို့ပင် ငွေတုံးကလေးများ ရှိနေသည်ကို တွေ့ရပြန်၏။ ဝမ်းအော့မှာ ဝမ်းသာသွားကာ ...



"ဟင် ... ဒီမှာလည်း ငွေတွေပါလား"

ပြောရင်း လုဝမ်းထင်းဘက်သို့လှည့်ကာ ...

"ငွေတွေအများကြီးပဲ၊ ကျွန်တော်တို့တော့ ချမ်းသာပြီဗျ"

သို့သော် ... လုဝမ်းထင်းက ပြုံးရယ်ခြင်း မရှိပါ။ ငွေသေတ္တာများကိုလည်း မကြည့်ဘဲ ကျန်သေတ္တာများကိုသာ ကြည့်နေ၏။

ထို့ကြောင့် ဝမ်းအော့မှာ တစ်စုံတစ်ရာ ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် တတိယသေတ္တာအနီး ချဉ်းကပ်သွားပြီး ...

"နောက်ထပ် ဖွင့်လိုက်ဦးမယ်"

ပြောပြီးသည်နှင့် လုဝမ်းယင်း၏ သဘောတူညီချက်ကိုပင် မယူတော့ဘဲ ဖွင့်လှစ်လိုက်လေသည်။ တတိယသေတ္တာ ပွင့်သွားသည်နှင့် ငွေတုံးကလေးများအား တွေ့လိုက်ရပြန်လေသည်။

ဝမ်းအော့မှာ စိတ်မထိန်းနိုင်အောင်ပင် ဝမ်းသာသွားလေသည်။ ငွေတုံးကလေးများ အမြောက်အမြား တွေ့ရှိနေရပြီဖြစ်သဖြင့် တစ်သက်တာ စားမကုန်နိုင်အောင်ပင် ချမ်းသာကြွယ်ဝတော့မည်ဟု တွေးမိလိုက်၏။

ထို့ကြောင့် ဝမ်းသာမြူးတူးသွားကာ ခုန်ပေါက်နေလေသည်။ လုဝမ်းထင်းကမူ မျက်စိနောက်လာဟန်ဖြင့် ...

"ဝမ်းအော့ ငြိမ်ငြိမ်နေစမ်း ... စတုတ္ထသေတ္တာကို ဖွင့်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအော့က ချက်ချင်းပင် ဖွင့်လိုက်ပြန်သည်။ ထိုအခါ၌လည်း ငွေတုံးကလေးများကိုသာ တွေ့ရပြန်၏။ လုဝမ်းထင်းမှာ စိတ်မထိန်းနိုင်တော့သည့်အလား ကျန်သေတ္တာများကို သူကိုယ်တိုင် ဆွဲဖွင့်လိုက်လေတော့သည်။

ထိုအခါ သေတ္တာခြောက်လုံးမှာ ငွေတုံးကလေးများဖြင့်သာ အပြည့်ရှိနေပြီး သေတ္တာတစ်လုံးတွင်မှ ရွှေတုံးကလေးများ တွေ့လိုက်ရ၏။

ဝမ်းအော့မှာ ဝမ်းသာလွန်းသဖြင့် အသက်ရှူရန်ပင်မေ့လျော့နေလေသည်။ ဝင်းဝါတောက်ပနေသော ရွှေတုံးကလေးများအား ကြည့်ရင်း...

"ရွှေ... ရွှေတွေပါလား"

ယခုတစ်ကြိမ် သူကိုယ်တိုင်လည်း နောက်ဆုံးကျန်နေသော သေတ္တာအား စိတ်ဝင်စားမိလာ၏။

ငွေသေတ္တာခြောက်လုံး၊ ရွှေသေတ္တာတစ်လုံးအပြင် ကျန်သေတ္တာ၌ မည်သည့်အရာ ရှိနေပါမည်နည်း။ လုဝမ်းထင်းမှာလည်း နောက်ဆုံးသေတ္တာကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိလေသည်။

သူတို့နှစ်ယောက်သည် အတန်ကြာသည်အထိ စိုက်ကြည့်နေပြီးမှ ဝမ်းအော့က လုဝမ်းထင်းအား မော့ကြည့်လိုက်၏။ လုဝမ်းထင်း



ကိုယ်တိုင် စိတ်ဝင်စားနေသည်ကို တွေ့ရမှ ဝမ်းသာအားရဖြင့် တိုက်တွန်း ပြောဆိုလိုက်၏။

"ဖွင့်... ဖွင့်ကြည့်လိုက်ပါလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လက်ဖဝါးပြလိုက်လေသည်။ သူ၏သဘောမှာ ဝမ်းအော့အားဖွင့်ရန် အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ဝမ်းအော့ကလည်း တုံ့ဆိုင်းနေခြင်း မရှိပါချေ။ သေတ္တာအနီး လျှောက်သွားပြီး ဆွဲဖွင့်လိုက်၏။

ထိုအခါ သေတ္တာထဲ၌ ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော အထုပ်ကလေး တစ်ခုမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ မတွေ့ရပါချေ။

ဝမ်းအော့မှာ အံ့ဩသွားကာ ဆီစိမ်စက္ကူအထုပ်ကလေးအား ယူရန် လက်ပြင်လိုက်သည်။ သို့သော် သူက လက်လှမ်းနိုင်ခဲ့ပါချေ။ လုဝမ်းထင်းက ကြားဖြတ်ဟန့်တားလိုက်သောကြောင့် ဖြစ်သည်။

"ဝမ်းအော့... ဘေးဖယ်စမ်း"

ဝမ်းအော့မှာ လုဝမ်းထင်းအား လှည့်ကြည့်လိုက်သည်။ ထို့နောက် ဘေးဖယ်ပေးလိုက်လေသည်။ လုဝမ်းထင်းက ရှေ့သို့ လှမ်းတက်လာပြီး သေတ္တာကလေးအတွင်းမှ ဆီစိမ်စက္ကူအထုပ်ကလေးအား လှမ်းယူလိုက်သည်။

ယခုတစ်ကြိမ်တွင်မူ သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပနေပြီး တယုတယ လှမ်းယူလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝမ်းအော့ပင် နားမလည်နိုင်ဘဲ ဖြစ်သွားရလေသည်။ လုဝမ်းထင်းမှာ ဆီစိမ်စက္ကူ အထုပ်ကလေးအားကိုင်၍ အတန်ကြာ ငေးငိုင်နေ၏။ ပြီးမှ ...

"ကျုပ်ရှာနေတဲ့ ပစ္စည်းက အခုမှပဲ တွေ့ရတော့တယ်"

သူ၏ အသံမှာ မသိမသာ တုန်ယင်နေလေသည်။ ဝမ်းအော့မှာ စကားပြောတော့ပါချေ။ လုဝမ်းထင်း လုပ်သမျှကိုသာ နားမလည်နိုင်စွာဖြင့် ငေးကြည့်နေမိ၏။

လုဝမ်းထင်းက ဆီစိမ်စက္ကူအား တဖြည်းဖြည်း ခွာချလိုက်၏။ ဝမ်းအော့မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရ၏။

အတန်ကြာမှ ဆီစိမ်စက္ကူများမှာ ကွာကျသွားပြီး အတွင်းမှ ပစ္စည်းတစ်ခု ထွက်လာလေသည်။ အမှန်စင်စစ် ယင်းပစ္စည်းကား ဘုရင်မင်းမြတ်က ကျောက်စိမ်းရတနာဆိုင်တွင် အပ်နှံထားခဲ့သော ဦးချောင်သရဖူပင် ဖြစ်ပါသည်။ လုဝမ်းထင်း၏ လက်များမှာ တုန်တုန်ယင်ယင် ဖြစ်လာပြီး ...

"ဒါ ... ဒါ ... ငါ့အတွက်"

ဟု တုန်လှုပ်ဝမ်းသာစွာ ရေရွတ်ပြောဆိုလိုက်၏။

ဝမ်းအော့မှာ လောဘတက်လာသောကြောင့် အခြေအနေကို မစဉ်းစားဘဲ ဝင်ပြောလိုက်လေသည်။

"ကျွန်တော်လည်းပါတယ်"



သူ၏စကားကြောင့် လုဝမ်းထင်းက လှည့်ကြည့်လိုက်သည်။ သူ၏အကြည့်မှာ အေးစက်မာကျောနေလေသည်။ ဝမ်းအော့မှာ ထိတ်လန့်တုန်လှုပ်သွားကာ နောက်သို့ ရုတ်တရက် ဆုတ်လိုက်မိ၏။ လုဝမ်းထင်းက ပြုံးလိုက်ပြီး အေးဆေးစွာ ပြောလိုက်သည်။

"စိတ်ချ မင်းလည်းပါတယ်"

သူ၏စကားကြောင့် ဝမ်းအော့မှာ စိတ်သက်သာရာ ရသွားလေသည်။ အမှန်တော့ လုဝမ်းထင်းမှာ သူ၏သခင်ဖြစ်သည်။ ထို့ကြောင့် သူ့အပေါ် အကောက်ကြံလိမ့်မည် မဟုတ်ဟု ယုံကြည်ထား၏။

ထို့အပြင် ဤမျှများပြားလှသော ရွှေငွေလေတ္တာများကို လုဝမ်းထင်းက တစ်ယောက်တည်း ယူသွားနိုင်မည် မဟုတ်ချေ။ လုဝမ်းထင်းတွင် ရန်သူများ ပတ်လည်ဝိုင်းနေသည်ကို သူက သိရှိထားလေသည်။

သူ၏ အကူအညီရယူရန် များစွာလိုအပ်နေသေးသည် မဟုတ်ပါလား။ လုဝမ်းထင်းက သရဖူအား ငေးကြည့်နေရင်း ...

"ဒီပစ္စည်းဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မင်း သိလား"

ဟု တစ်လုံးချင်း တည်ငြိမ်စွာ မေးလိုက်၏။

သူ၏ စကားကြားလိုက်ရမှ ဝမ်းအော့မှာ သတိဝင်လာလေသည်။ လုဝမ်းထင်းအား မော့ကြည့်ရင်း ခေါင်းယမ်းပြလိုက်မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မ … မသိပါဘူး"

လှဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး သရဖူကို မြှောက်ပြကာ …

"ဒီသရဖူမှာ အဖိုးတန် ကျောက်မျက်ရတနာတွေ စီခြယ်ထားတယ်၊ တွင်းထွက်ကျောက်မျိုးစုံ ပါဝင်တယ်"

ပြောရင်း အနီရောင် ကျောက်တစ်လုံးအား လက်ညှိုးညွှန်ပြလျက်မှ …

"ဒါဘာလဲ သိလား"

ဝမ်းအော့က ခေါင်းခါယမ်းပြလိုက်သည်။

"ဟင့်အင်း၊ မသိပါဘူး"

လှဝမ်းထင်းက ဂုဏ်ယူဝင့်ကြွားစွာဖြင့် …

"ဒါ ပတ္တမြားလို့ခေါ်တယ်၊ တန်ဖိုးအလွန်ကြီးတယ်"

ပြောရင်း ကျန်ရှိနေသေးသော အရောင်မျိုးစုံ ဝင်းလက်တောက်ပနေသည့် ရတနာများကို တစ်ခုစီ တစ်ခုစီ ရှင်းပြလိုက်လေသည်။ ဝမ်းအော့မှာ နားထောင်ရင်း အသက်ရှူမြန်လာ၏။

သရဖူမှာ ရွှေငွေ သေတ္တာထက်ပင် တန်ဖိုးကြီးမားနေသည် မဟုတ်ပါလား။

လှဝမ်းထင်းက သရဖူအား တယုတယကိုင်ရင်း …

"ဒီပစ္စည်းကို ထုခွဲလိုက်ရင် ဒီတစ်သက် စားမကုန်တော့ဘူး"



ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ မကျေမနပ် ပြန်မေးလိုက်မိ၏။

"ဒီပစ္စည်းတွေကို ထုခွဲပစ်လိုက်မယ် ဟုတ်လား"

"ဟုတ်တယ်"

"နမြောစရာကြီး၊ ဒီအတိုင်းရောင်းလို့ မဖြစ်ဘူးလား"

လှဝမ်းထင်းက မဲ့ပြုံးပြုံးလိုက်ပြီး …

"ဘယ်သူက ဝယ်ရဲမှာလဲ၊ ဒါဟာ ဘုရင့်ပစ္စည်းကွ၊ ဝယ်တဲ့လူကော ရောင်းတဲ့လူကော မင်းပစ်မင်းဒဏ် ခံရလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ငါပြောတဲ့အတိုင်း ထုခွဲရောင်းချရမယ်"

ဝမ်းအော့က သရဖူအား လှမ်းကြည့်လိုက်မိလေသည်။ လှဝမ်းထင်းက ကျောက်လှေကားအပေါ်ဘက်သို့ လှမ်းကြည့်လိုက်ပြီး …

"ဒီနေရာကို တခြားလူတွေ လိုက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး။ ဒါကြောင့် ပစ္စည်းတွေယူပြီးရင် ဒီနေရာက မြန်မြန်ထွက်သွားကြမယ်"

ဝမ်းအော့က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ ကျွန်တော်တို့ မြန်မြန်သွားမှ ဖြစ်မယ်"

ပြောရင်း ရွှေငွေသေတ္တာများအား လှမ်းကြည့်လိုက်ပြန်လေသည်။ ဘုရင့်သရဖူမှလွဲ၍ ရွှေငွေသေတ္တာ ခုနစ်လုံးတိတိ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကလေးများမှာ လူတစ်ယောက် ကောင်းစွာ မနိုင်သော်လည်း ခုနှစ်ခေါက်တိတိ အခေါက်ခေါက်အခါခါ သယ်ယူနေရပေမည်။ ထို့ကြောင့် ဝမ်းအော့မှာ တုံ့ဆိုင်းနေခြင်းမရှိဘဲ လုဝမ်းထင်းအား ပြောလိုက်၏။

"သေတ္တာတွေကို အပြင်ဘက် မ,ထုတ်ထားလိုက်မယ် ပြီး တော့မှ သယ်သွားကြရင် မကောင်းဘူးလား"

"ကောင်းတယ်၊ မင်း ဒါတွေ အရင်သယ်သွား"

ဝမ်းအော့က သေတ္တာတစ်လုံး မ,လိုက်သည်။ လုဝမ်းထင်းသည် ဝမ်းအော့အနီးသို့ ချဉ်းကပ်သွားကာ ...

"ဝမ်းအော့ ... ဒီမှာကြည့်စမ်း"

ရုတ်တရက် ထွက်ပေါ်လာသော သူ၏အသံကြောင့် ဝမ်းအော့မှာ လန့်ဖျပ်သွားလေသည်။

နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သောအခါ လုဝမ်းထင်းမှာ သူ့အနီးသို့ လျှင်မြန်စွာ ရောက်ရှိလာပြီး လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်ကို တွေ့ရလေသည်။ ဝမ်းအော့မှာ ထိတ်လန့်တကြားဖြင့် ...

"ဒါ ... ဒါ ဘာလုပ်တာလဲ"

သူ့အား လုဝမ်းထင်းက မကောင်းကြံနေပြီဖြစ်ကြောင်း သိ လိုက်သည်။



ထို့ကြောင့် ကဖျာကယာလက်ထဲမှ သေတ္တာဖြင့် ဆီး၍ ခံပေး လိုက်လေသည်။

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ပြင်းထန်သောလက်ဝါးရိုက် ချက်ကြောင့် လူကော သေတ္တာပါ လွင့်ထွက်သွားတော့၏။ သို့သော် ဝမ်းအော့မှာလည်း ခေသူတစ်ယောက် မဟုတ်ပါချေ။ ချက်ချင်းပင် ပြန်လည် လူးလိမ့်ထလိုက်ပြီး ခါးကြားမှ ဓားမြှောင်နှစ်လက်အား ဆွဲထုတ်ကာ ...

"ခင်ဗျား လူ့ယုတ်မာ ကိုယ့်အချင်းချင်းပစ်ဖို့ ကြံတာ ကောင်း သလား"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ဒီပစ္စည်းတွေရဖို့ လွန်ခဲ့တဲ့နှစ် ပေါင်း များစွာကတည်းက တို့အသက်စွန့် တိုက်ခိုက်လာတာ သေတဲ့ သူလည်း သေကုန်ပြီ၊ နောက်ဆုံး ကျုပ်အတွက် မဟုတ်လို့ ဘယ်သူ့ အတွက် ဖြစ်ရမှာလဲ"

ဝမ်းအော့က အံကိုတင်းတင်း ကြိတ်လိုက်မိ၏။

ထို့နောက် တင်းမာအေးစက်သော လေသံဖြင့် ...

"ကျုပ်ကိုအနိုင်ရမှ ဒီစကားမျိုး ပြောပါ"

ပြောပြီးသည်နှင့် ဓားမြှောင်နှစ်ချောင်းဖြင့် လုဝမ်းထင်းအား ထိုးခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဝမ်းအော့မှာ ကြေးစားလူသတ်သမား တစ်ယောက် ဖြစ်ခဲ့ပြီး သူ၏ဇာတိရုပ်ကို ဖုံးကွယ်ရန် လုဝမ်းထင်းထံတွင် လာ ရောက်ခိုလှုံနေခဲ့ခြင်း ဖြစ်လေသည်။ သို့သော်လည်း အချိန်ရလျှင် သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်ခဲ့သဖြင့် သူ၏ သိုင်းပညာမှာ အထက်ထမ်းပိုး တိုးတက်လာ၏။

လုဝမ်းထင်းမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိရှိထားသော်လည်း သူက မကြောက်မရွံ့ ရင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ လုဝမ်းထင်းမှာ သူ့ထက်အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ဝမ်းအော့က တိုက်ခိုက်လာသည်နှင့် ပြန်လည်၍ လျင်မြန်စွာ တိုက်ခိုက်နိုင်ခဲ့လေသည်။

ဝမ်းအော့က ဓားမြှောင်နှစ်လက်ဖြင့် သိုင်းကွက် (၃၆)ကွက် တိတိ တိုက်ခိုက်လိုက်သည်။

လုဝမ်းအင်းက နောက်သို့ အသာအယာ ခုန်ဆုတ်သွားပြီး အလွယ်တကူ ရှောင်တိမ်းပေးလိုက်လေသည်။

တစ်ဆက်တည်းမှာပင် ခြေထောက်ဖြင့် သုံးချက်တိတိ ဆင့် ကာဆင့်ကာ ကန်ကျောက်ပစ်လိုက်၏။

သူ၏ခြေထောက်ကန်ချက် မဆုံးမီမှာပင် ...

"ချွင် ..."



အသံတစ်ချက် ထွက်ပေါ်ကာ ဝမ်းအော့၏ လက်ထဲမှ ဓား မြှောင်တစ်ချောင်းမှာ အဝေးသို့ လွင့်စဉ်သွားတော့၏။

ဝမ်းအော့မှာ ရင်ထိတ်သွားသည်။ အခြေအနေ မဟန်မှန်း သောပေါက်လိုက်သဖြင့် နောက်သို့ခုန်ဆုတ်သွားရန် ကြိုးစားလိုက် လသည်။

သို့သော် လုဝမ်းထင်းက အလွတ်မပေးဘဲ တိုက်ခိုက်လိုက် ည်။

သို့ဖြင့် ...

"ဖျောက် ..." ချွင်!

ဝမ်းအော့၏ လက်တစ်ဖက်မှာ ခြေထောက်ကန်ချက် မိသွား အရိုးကျိုးသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာ၏။

လက်ထဲမှ ဓားမြှောင်မှာလည်း လွတ်ကျသွားရလေတော့သည်။

ဝမ်းအော့မှာ နာကျင်လွန်းသဖြင့် မျက်နှာ ရှုံ့မဲ့သွားပြီး နောက် တ်သွား၏။

ချက်ချင်းပင် ကျောက်လှေကားထစ်အတိုင်း အပေါ်သို့ ပြေး တ်သွားရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းအော့ ကျောက်လှေကားထစ်ပေါ်သို့ ရောက်ရှိသွားသည် လုဝမ်းထင်းက ကြမ်းပြင်မှပင် ပြန့်ကျဲနေသော ငွေတုံး လေး ား လက်တစ်ဆုပ်ခန့် ကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝမ်းအောင့်ထံသို့ ပစ်လွှင့်လိုက်သည်။ ငွေတုံးကလေးများမှာ အရှိန်ပြင်းစွာဖြင့် ဝမ်းအောင့်ထံသို့ ပစ်လွှင့်သွား၏။ လေတိုးသံများ ထွက်ပေါ်လာသဖြင့် ဝမ်းအောင့်က နောက်သို့လှည့်ကြည့်လိုက်သည်။

ထိုအချိန်တွင် ငွေတုံးကလေးများမှာ သူ၏မျက်နှာအနီးသို့ပင် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ဝမ်းအောင့်မှာ ထိတ်လန့် တုန်လှုပ်သွားပြီး ရှောင်တိမ်းရန် ဟန်ပြင်လိုက်သည်။ သို့သော် နောက်ကျသွားချေပြီ။

ဝမ်းဗိုက်၊ ရင်ဘတ်၊ လည်ပင်းနှင့် မျက်နှာတို့တွင် စူးရှသော ဝေဒနာများ ခံစားလိုက်ရပြီးနောက် မချိမဆံ့ ဖြစ်သွားကာ ...

"အား ..." ဟူသော

နက်ကျောသော အော်သံတစ်ချက် ထွက်ပေါ်လာ[illegible]

ဝမ်းအောင့်မှာ အောက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျလာ၏။

ကြမ်းပြင်ပေါ်သို့ အရောက်တွင် လှည့်ကြည့်စရာပင် မလို[illegible] တော့ပါချေ။ ဝမ်းအောင့်မှာ သေဆုံးသွားပြီဖြစ်လေသည်။

လုဝမ်းထင်းက သဘောကျစွာ ရယ်မောနေ၏။ သူ၏ ရ[illegible] မောသံမှာ ဝန်းကျင်တစ်ခုလုံးသို့ ပျံ့လွှင့်သွားလေတော့သည်။

* * *



(၉)

"ဟား ... ဟား ... ဟား"

ရယ်မောသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လုဝမ်းထင်းက သဘောကျစွာ ရယ်မောလိုက်ပြီးမှ သေတ္တာအတွင်းရှိ ဆီစိမ်စက္ကူအထုပ်ကလေးအား လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အပေါ်ဘက်မှ ခွေးဟောင်သံများ ထွက်ပေါ်လာလေသည်။

လုဝမ်းထင်း ထိတ်လန့်သွား၏။

လုဝမ်းထင်းအတွက် တွေးတောစရာများ ဖြစ်ပေါ်လာ၏။ လူသူကင်းမဲ့သော ဤနေရာအရှေ့ဘက် အဘယ့်ကြောင့် ခွေးဟောင်သံများ ထွက်ပေါ်လာရပါသနည်း။

ဤအနီးတစ်ဝိုက်မှ ခွေးလေခွေးလွင့် တစ်ကောင်တလေ လမ်းမှား ရောက်ရှိခြင်းဖြစ်မည်ဟု တွေးမိလိုက်ပြီး စိတ်သက်သာရာ ရသွား၏။

သို့သော် ခွေးဟောင်သံမှာ တစ်စတစ်စ ကျယ်လောင်လာသဖြင့် အံ့ဩသွားကာ အပေါ်တက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

သို့ရာတွင် အပေါ်တက်ကြည့်ရန် မလိုအပ်တော့ပါချေ။ အကြောင်းမှာ ခွေးတစ်ကောင် လျှို့ဝှက်တံခါးပေါက်မှ တစ်

www.burmeseclassic.com

www.burmeseclassic.com



ဆင့် ကျောက်လှေကားထစ်အတိုင်း ပြေးဆင်းလာနေသည်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။

* * *

(၁၀)

ခွေးပိန်မှာ အမြီးတနန့်နန့်လှုပ်ဟာ ဟုန်ဝေယင်းအား ခေါင်းဖြင့် ဖေ့နေ၏။ ဟုန်ဝေယင်းကံ အသာအယာ ကျောသပ်ပေးလိုက်သည်။

တစ်ဖန် အနီးတွင်ရပ်နေသော ဝမ်းကြီအား မော့ကြည့်က

"ဘယ်လိုလဲ ... တို့ အခုလိုက်သွားကြမလား"

ဝမ်းကြီက ခေါင်းညိတ်ပြလိုက်သည်။

"အေး ... လုဝမ်းထင်းဟာ ကျုန်းမိသားစုအိမ်က ထွက်သွားတာ မကြာသေးဘူး၊ ဒါကြောင့် ကျုန်းမိသားစုအိမ်ကို ပြန်သွားပြီး လိုက်ရှာကြရင် ကောင်းမယ်"

ဟုန်ဝေယင်းက ထိုင်ရာမှ ထရပ်လိုက်၏။ ထို့နောက် ခွေး ပေါင်ဒါမှုန့် အနည်းငယ်အား ခွေးပိန်၏နှာဝသို့ တေ့ပေးလိုက်သည်။ ထိုအခါ ခွေးပိန်မှာ တအင်းအင်း ညည်းညူရင်း လှုပ်ရှားလာသည်။ ထိုအခါမှ ဟုန်ဝေယင်းက ခွေးပိန်အား ဆွဲကာ ကျုန်းမိသားစုအိမ်သို့ ပြန်လျှောက်သွား၏။



ဝမ်းကြီကလည်း နောက်မှ လိုက်သွားသည်။

မကြာပါချေ... သူတို့သည် ကျုန်းမိသားစုအိမ်သို့ ပြန်လည်ရောက်သွားကြ၏။ ကျုန်းမိသားစုအိမ်၏ ခြံဝင်းမှ ဝင်ပေါက် ထွက်ပေါက် သုံးလေးခုကို လှည့်ပတ်ကြည့်ရှုမိသည်နှင့် ခွေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ခြံဝင်းအနောက်ဘက် တံခါးသို့ ဦးတည်ပြေးသွား၏။

ထို့နောက် ခြံဝင်းအပြင်ဘက် လမ်းကြားကလေးမှတစ်ဆင့် ပြေးသွားပြန်လေသည်။ ဟုန်ဝေယင်းနှင့် ဝမ်းကြီတို့မှာလည်း နောက်မှ ပြေးလိုက်သွား၏။

အတန်ကြာ သွားမိသောအခါ မြို့စွန်ရှိ ဟန်ချန်း၏ အိမ်ပျက်ကြီးသို့ ရောက်ရှိလာကြသည်။

ဝမ်းကြီမှာ အိမ်ပျက်ကြီးကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားတာ ...

"မင်းခွေးက ဟုတ်မှဟုတ်ရဲ့လား၊ ဒီတစ်ခါတော့ မှားပြီထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီအိမ်ကို ခေါ်တာလေ ဒါပါနဲ့ဆို နှစ်ခေါက်ရှိနေပြီကွ"

ဟုန်ဝေယင်းက ပြုံးလိုက်၏။

"နှစ်ခါခေါ်လာတော့ကော ဘာဖြစ်သလဲ၊ ဒီအိမ်ကို လာလို့ပဲ ရှိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက လာမှာလဲ"

"လုဝမ်းထင်းလေ ..."

ဝမ်းကြိုက ခေါင်းခါယမ်းပြလိုက်ပြီး သူ၏ ထင်မြင်ချက်ကို ပြောဆိုလိုက်၏။

"ကျန်းချစ်ချစ်ကို ကောင်းမော် ခေါ်လာတုန်းက ချေးပိန်က ဒီနေရာကို မှတ်ပိုပြီး နောက်တစ်ခါလည်း ဒီနေရာကိုပဲ ခေါ်လာတာ ဖြစ်ရမယ်"

"ကြည့်ကြသေးတာပေါ့"

ထိုစဉ် ချေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ခြံဝင်းအနောက် ဘက်သို့ ပြေးလွှားသွားလေည်။ ဟုန်ဝေယင်းမှာ သဘောကျ ပြုံးလိုက်ပြီး ...

"ကဲ ... ငါမပြောဘူးလား၊ ကျန်းချစ်ချစ်ရဲ့ နောက်ကို ဒုတိယ အကြိမ် လိုက်တယ်ဆိုရင် အိမ်ထဲ ဝင်သွားရမှာပေါ့၊ အခုတော့ အနောက်ဘက်ကိုသွားပြီး လုဝမ်းထင်းနောက်ကို လိုက်တာပဲဖြစ်ရ မယ်"

ဝမ်းကြိုက ပါးစပ်ပိတ်ထားလိုက်သည်။ သူ့တို့နှစ်ယောက်မှာ ချေးပိန်နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားကြရာ မကြာမီ ခြံဝင်းအနောက်ဘက်ထောင့် ရှစ်ထောင့်ရှိသော အဆောင်ကလေး တစ်ခုသို့ ရောက်ရှိသွားကြ၏။



ယင်းအဆောင်ကလေးသို့ ရောက်ရှိသွားသည်နှင့် ကျောက် အားပွဲများအောက်သို့ နိမ့်ဝင်နေပြီး လျှို့ဝှက်အပေါက်တစ်ခု ပေါ်ထွက် နေကာ ကျောက်လှေကားထစ်များ ရှိနေသည်ကို တွေ့မြင်ရ၏။

ချေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ကျောက်လှေကားထစ်များ တစ်ဆင့် အောက်ဘက်သို့ ဆင်းသွားသောကြောင့် ဝမ်းကြိုနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက် ကြသည်။

သို့သော် စဉ်းစားခြင်းပင်မပြုဘဲ လျှို့ဝှက်အပေါက်မှတစ်ဆင့် ကျောက်လှေကားထစ်များအတိုင်း အောက်ဘက်သို့ ပြေးဆင်းသွား ကြလေတော့သည်။

* * *

(၁၁)

မီးရောင်များမှာ ထိန်လင်းနေ၏။

ထို့ကြောင့် ကျောက်လှေကားထစ်များအတိုင်း အောက်သို့ ချောမောမော ဆင်းလာနိုင်ခဲ့ကြလေသည်။

ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့ ရောက်ရှိလာသည်ကို တွေ့လိုက် သောကြောင့် လုဝမ်းထင်းမှာ ပုန်းကွယ်ရန် စိတ်ကူးလိုက်သေးသည်။ သို့ရာတွင် ချေးပိန်က တဝုတ်ဝုတ်ဟောင်ရင်း သူ့ထံသို့ ပြေးလာနေပြီ ဖြစ်၏။ သို့ဖြစ်၍ သူပုန်းကွယ်ရန် မဖြစ်နိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ပုံသဏ္ဌာန်ကို ကြည့်ရသည်မှာ အရက်ကိုမူးအောင် မနားတမ်း သောက်နေသကဲ့သို့ ရှိနေ၏။

ကြာသော် လုဝမ်းထင်းမှာ သူ့အတွက် စိုးရိမ်လာ၏။ ထို့ကြောင့် စားပွဲခုံတွင် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး...

"တင်းစန်း မင်းဒီလောက်သောက်နေတာတော့ မသင့်လျော်ဘူးထင်တယ်"

တင်းစန်းက ခေါင်းမော့ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံမှာ ရီဝေနေပြီး နွမ်းလျသောလေသံဖြင့် ပြောဆိုလိုက်၏။

"အစ်ကိုကြီး... ကျုပ်တို့ကို ပင့်ကူက သတ်လိမ့်မယ်ဗျ"

လုဝမ်းထင်းက အားပေးသောအပြုံးပြုံးကာ...

"ဒီအတွက် စိတ်မပူပါနဲ့ကွာ၊ မင်းပင့်ကူက ဘယ်လောက်များ အစွမ်းထက်လို့လဲ၊ တစ်ချိန်က တို့တတွေရဲ့လက်ချက်နဲ့ သေရမလို ဖြစ်ခဲ့သေးတယ် မဟုတ်လား"

တင်းစန်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူ လွတ်မြောက်သွားတာ တော်တော်ဆိုးတယ်ဗျ၊ အခုလိုသာ ကျုပ်တို့ကို ဒုက္ခပေးမယ်မှန်းသိရင် ဘယ်အလွတ်ခံမလဲ"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားမိလေသည်။ တင်းစန်းအား အကဲခတ်သလို ကြည့်လိုက်ပြီး...



"အေး... ပင့်ကူ တို့လက်ထဲက လွတ်သွားတာ သိပ်ဆိုးတာပေါ့၊ ဒီလောက် အခိုင်အမာ ချုပ်ထားလျက်နဲ့ လွတ်သွားတာ အံ့ဩစရာပဲ"

တင်းစန်းမှာ ရုတ်တရက် စကားမပြောဘဲ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေလေတော့၏။ ထို့ကြောင့် တစ်ခဏအတွင်းမှာပင် အရက်တစ်အိုး ကုန်သွားပြန်လေ၏။

အရက်သုံးအိုး ကုန်သွားသောအခါ တင်းစန်းမှာ အလွန်အကျွံမူးသွားလေတော့သည်။

ထို့အပြင် အာလေးလျှာလေးဖြစ်လာပြီး...

"ဒီကိစ္စကို ကျုပ်မပြောချင်လို့၊ နောင်တစ်ချိန် အခုလိုဖြစ်လာမယ်ဆိုတာ ကျုပ် တွေးမိတယ်၊ ဒါပေမယ့်..."

တင်းစန်း၏စကားများမှာ တဖြည်းဖြည်း ထူးခြားလာနေကြောင်း လုဝမ်းထင်းက သဘောပေါက်လိုက်မိ၏။ ထို့ကြောင့် သတိဝင်စားစွာ နားထောင်နေရင်းမှ စကားဆက်ထောက်ကာ မေးမြန်းလိုက်မိ၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်က ကျန်းလုံကိုအားနာတယ်၊ ကျန်းစုရယ် ဒုက္ခရောက်တာကိုလည်း မကြည့်ရက်ဘူး၊ ဒါကြောင့်..."

လုဝမ်းထင်း၏ ရင်ခုန်သံနှုန်းမှာ မြန်လာလေသည်။ မမျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ လွန်ခဲ့သည့်ဆယ်နှစ်ကျော်က ကီစွများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို ကြားသိရတော့မည် မဟုတ်ပါလား။

စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ဘဲ တင်းစန်း၏ပခုံးကို ဆုပ်ကိုင်ကာ လှုပ်ယမ်းနေမိသည်။ နှုတ်မှလည်း အဆက်မပြတ် မေးခွန်းထုတ်နေမိ၏။

"ပင်ကူ ထွက်ပြေးသွားတဲ့ညက မင်းနဲ့ကျန်းလုံတို့ သူ့ကို စောင့်ဖို့ တာဝန်ကျတယ် မဟုတ်လား၊ မင်းတို့ သူ့ကို လွှတ်ပေးလိုက်သလား၊ မြန်မြန်ပြောစမ်း"

သို့ရာတွင် တင်းစန်းမှာ အဖြေမပေးနိုင်တော့ပါ။ အရက်အရှိန်အကျွံမူးနေသဖြင့် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျကာ အိပ်ပျော်သွားလေတော့သည်။

* * *

(၃)

တင်းစန်း၏မျက်လုံးများ ပြူးကျယ်နေ၏။

လုဝမ်းထင်းကို မယုံကြည်နိုင်စွာဖြင့် ကြည့်နေလေသည်။

လုဝမ်းထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ့်နှယ်လဲ၊ ကျုပ် မင်းကို ဘာကြောင့်ဖမ်းထားရသလဲ ဆိုတာ သိပြီလား"



သို့သော် တင်းစန်းထံမှ မည်သည့်အသံမျှ ထွက်မလာပါ။ တင်းစန်းက အံကိုတင်းတင်းကြိတ်လိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။

လုဝမ်းထင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ် အစကတည်းက ဒီကိစ္စမှာ မင်းတို့ရဲ့လက်ချက် ပါဝင်လိမ့်မယ်ဆိုတာ တွေးမိတယ်၊ ဒါပေမယ့် မင်းတို့အပေါ် ယုံကြည်မိတာ ကျုပ်အမှားပဲ"

တင်းစန်းက စကားမပြောပါချေ။ ပါးစပ်ပိတ်ထားမြဲ ပိတ်ထား၏။ လုဝမ်းထင်းက လက်နှစ်ဖက်နောက်ပစ်ကာ တင်းစန်းရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သို့သော်လည်း တင်းစန်းက နှုတ်ပိတ်ရေငုံနေလေရာ အချိန်ကြာသော် ဒေါသဖြစ်လာလေတော့သည်။ သို့သော် သူသည် တင်းစန်း၏ရှေ့၌ ခြေလှမ်းရပ်တန့်လိုက်ပြီး ...

"တင်းစန်း ... မင်းကို ငါနောက်ဆုံး အခွင့်အရေးတစ်ခု ပေးမယ်"

တင်းစန်းက နှုတ်ခမ်းများကို တွန့်လိမ် ရှုံ့မဲ့ပစ်လိုက်သည်။

"ကျုပ်ကို သတ်မလို့လား၊ သိပ်ကောင်းတာပေါ့ဗျာ"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မင်းကိုသတ်ရင် ကျုပ် မိုက်မဲရာကျမှာပေါ့၊ ဒါပေမယ့် ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လက်တစ်ချက် ဇွေ့ယမ်းပြလိုက်လေသည်။ ဘယ်သန်နှင့်ညာသန်တို့က ရှေ့သို့ ပြိုင်တူလှမ်းထွက်လာကြ၏။ လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သောအခါ ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

တစ်ဖန် တင်းစန်းအနီးသို့ ချဉ်းကပ်သွားကြ၏။ လုဝမ်းထင်းက သဘောကျစွာ ရယ်မောလိုက်၏။ သူ့ရယ်သံက ကြောက်စရာကောင်းလှသည်။

"မင်းသာ ရှေ့ဆက်ခေါင်းမာနေမယ်ဆိုရင် ဒုက္ခိတတစ်ယောက် ဖြစ်သွားလိမ့်မယ်လို့ ကျုပ် ပြောရဲတယ်"

တင်းစန်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဒါတွေဟာ ကျုပ်လိုလူတစ်ယောက်အတွက် မဆန်းပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်အပေါ် ရက်ရက်စက်စက် လုပ်မယ်ဆိုရင် ကျုပ်ကလည်း ဘယ်တော့မှ ပြောမပြတော့ဘူး"

လုဝမ်းထင်းက ပခုံးတွန့်လိုက်ပြီး ...

"တကယ်လို့ ကျုပ်မင်းကို လွှတ်ပေးမယ်ဆိုရင်ကော ပြောပြမလား"

တင်းစန်းက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချ၊ ကျုပ် ဘေးကင်းတဲ့နေရာရောက်သွားရင် ခင်ဗျားသိချင်တဲ့အကြောင်းတွေ ပြောပြမယ်၊ ကျုပ်နဲ့အတူ နားထောင်ဖို့ လူတစ်ယောက်ကို ထည့်ပေးလိုက်ပေါ့"



လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ဘယ်သန်နဲ့ညာသန် တစ်ယောက်ယောက်ကို ထည့်ပေးလိုက်မယ်"

တင်းစန်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး၊ အခု အခြေအနေအတိုင်း ကျုပ် သူတို့ကို မယုံနိုင်ဘူး၊ ကျုပ်ကသာ လျှို့ဝှက်ချက် ပြောပြလိုက်ရင် ကျုပ်ကို သတ်ပစ်လိုက်မှာပေါ့"

လုဝမ်းထင်းကလည်း လက်မခံနိုင်ပါချေ။ အခြားလူတစ်ယောက်ယောက်ကို ထည့်ပေးလိုက်ပါကလည်း မည်သူသည် တင်းစန်းအား ထိန်းထားနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ထားသည်။

ထို့ကြောင့် ...

"မဖြစ်ဘူး၊ တခြားတစ်ယောက်ယောက်ကို ထည့်ပေးလိုက်ရင် မင်း သူတို့ကိုသတ်ပြီး ထွက်ပြေးသွားမှာပေါ့"

တင်းစန်းက အေးတိအေးစက်ဖြင့် ...

"ကျုပ်ကို မယုံလည်း မတတ်နိုင်ဘူး၊ မပြောရုံဘဲ ရှိတာပေါ့"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်၏။

"မင်း တကယ်မပြောဘူးပေါ့"

"မပြောဘူး"

"မင်း တကယ်မပြောဘဲ နေနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းက တစ်ချက် ရယ်မောလိုက်ပြီး ...

"ဘာဖြစ်လို့ မနေနိုင်ရမှာလဲ"

လှဝမ်းထင်းက ခေါင်းခါယမ်းလိုက်၏။

"မင်း မနေနိုင်ပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

လှဝမ်းထင်းက ပိုင်နိုင်တိကျသော လေသံဖြင့် ...

"ကျုပ်က ကျွန်းစုရယ်ကို သတ်ပစ်လိုက်မယ် ဆိုရင်ကော"

ထိုစကားကို ကြားလိုက်ရသောအခါ တင်းစန်း၏ခန္ဓာကိုယ် ာ တောင့်တင်းသွားလေသည်။ သူ၏နားကိုပင် မယုံကြည်နိုင်ဘဲ ဖြစ်သွား၏။

လှဝမ်းထင်းအား အံ့သြစွာဖြင့်ကြည့်ကာ ...

"ခင် ... ခင်ဗျား"

လှဝမ်းထင်းက ပြုံးလိုက်သည်။ ပြီးတော့ နိုင်ဖဲကိုဆုပ်ကိုင် ားသော လောင်းကစားသမားတစ်ယောက်၏ လေသံဖြင့် ...

"ကျွန်းစုရယ်ရဲ့အသက်ဟာ မင်းလက်ထဲမှာ ရှိတယ်၊ မင်းက ပြောဘူးဆိုရင် သူ့ကို သေမိန့်ချလိုက်တာနဲ့ အတူတူပဲ"

တင်းစန်း ပါးစပ်ပိတ်သွားလေသည်။ လှဝမ်းထင်းက ဆက် ပြောလိုက်၏။

"ဘယ့်နှယ်လဲ၊ မင်း ပြောပြတော့မလား"



တင်းစန်း၏မျက်နှာမှာ ခက်ထန်တင်းမာနေလေသည်။

သူသည် အံကို တင်းတင်းကြိတ်ထားရင်း ခေါင်းကို ဘယ်ညာ ယမ်းခါလိုက်၏။

"မပြောဘူး၊ ဘယ်တော့မှ မပြောဘူး"

လှဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"မပြောရင်လည်း ရပါတယ်၊ ကျွန်းစုရယ်ကို သတ်ပစ်လိုက်ရုံ ရှိတော့တာပေါ့"

ပြောပြီးသည်နှင့် ဘယ်သန်ဘက်သို့လှည့်ကာ တိကျပြတ်သား သော အမိန့်တစ်ခုကို ထုတ်လိုက်လေသည်။

"ဟေ့ဘယ်သန် ... ကျွန်းမိသားစုအိမ်ကိုသွား၊ ထုံးစံအတိုင်း အားလုံး ရှင်းပစ်လိုက်"

ဘယ်သန်က ဦးညွှတ်လိုက်ပြီး ...

"အမိန့်အတိုင်းပါ ခေါင်းဆောင်ကြီး"

ပြောပြီးသည်နှင့် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

လှဝမ်းထင်းမှာ ပြောသည့်အတိုင်း လုပ်တတ်ကြောင်း တင်း စန်းက သဘောပေါက်ထားသည်။

သူကသာဆက်၍ ခေါင်းမာနေမည်ဆိုလျှင် ကျွန်းမိသားစု အိမ်သားလုံး အသက်ခံရပေတော့မည်။ တင်းစန်း၏ ခန္ဓာကိုယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ် တုန်ယင်လာ၏။ အကယ်၍ သူက ဖွင့်ပြောလိုက်ပါမူ။ တင်းစန်းမှာ လှမ်းထွက်သွားနေသော ဘယ်သန်အားကြည့်လိုက်ရင်း နှုတ်မှ အလိုအလျှောက် တားဆီးမိလျက်သား ဖြစ်သွားသည်။

"ဟော့ ဘယ်သန် ... ရပ်လိုက်စမ်း"

သူ၏စကားသံကြောင့် ဘယ်သန်မှာ ခြေလှမ်းရပ်တန့်သွား၏။ လှဝမ်းထင်းမှာ ဝမ်းသာသွားမိသည်။ တင်းစန်းအား အားတတ်သရော လှမ်းမေးလိုက်၏။

"မင်း ပြောတော့မလို့လား"

တင်းစန်းက သက်ပြင်းချလိုက်သည်။

"ဒီကိစ္စမှာ ကျန်းစုရယ်ပါဝင်နေတာကို ခင်ဗျား သိထားမှတော့ အကြောင်းကိစ္စအားလုံး သိထားပြီးပြီ မဟုတ်လား"

တင်းစန်း၏စကားမှာ ထူးခြားနေကြောင်း လှဝမ်းထင်းက သဘောပေါက်ထား၏။ ထို့ကြောင့် ချော်လဲရောထိုင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ကွာ၊ ဒီကိစ္စတွေအားလုံးကို ငါ သိထားပြီးပါပြီ"

ဤတွင် တင်းစန်းက သူ့အား တစ်ချက်လှမ်းကြည့်ကာ ...

"ဒါဖြင့် ဘာဖြစ်လို့ မေးနေရသေးတာလဲ"

လှဝမ်းထင်းက ပြုံးလိုက်ကာ ...



"သိပ်မရှင်းတဲ့အချက်တွေ ရှိနေသေးတယ်၊ ဒါကြောင့် မင်းဆီက သိချင်တယ်၊ မင်းနှုတ်က ပြောပြတာကို ကြားချင်တယ်"

တင်းစန်းက သက်ပြင်းချလိုက်သည်။

"ခင်ဗျား သူ့ကိုသတ်ပစ်မယ်ဆိုရင်တော့ ရက်စက်ရာကျလွန်းပါတယ်၊ သူဟာ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲမှာ လဲနေတယ် မဟုတ်လား"

သူ၏စကား ကြားလိုက်ရသောအခါ လှဝမ်းထင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဘယ်သန်နှင့် ညာသန်တို့မှာလည်း နားမလည်နိုင်ဘဲ ဖြစ်သွားကြ၏။ နှစ်ယောက်စလုံး လှဝမ်းထင်းကို လှမ်းကြည့်လိုက်ကြသည်။

သို့သော် လှဝမ်းထင်းက လက်ကာပြ၍ ဟန့်တားလိုက်သဖြင့် အသံပင် မပြုဝံ့ကြပါချေ။

တင်းစန်း၏စကားအရ ကျန်းစုရယ်ကို ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း နားလည်ထားသဖြင့် ...

"အမှန်တော့ သူဟာ သနားဖို့ကောင်းပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ ဘယ်သူ့ကိုမှ သနားနေလို့ မဖြစ်တော့ဘူး"

တင်းစန်းက လှဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျား သူ့ကိုချမ်းသာပေးဖို့ ကျုပ် တောင်းပန်ပါတယ်"

လှဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ၊ မင်းကသာ ကျုပ်ကိုပြောပြမယ်ဆိုရင် ကျန်းစုရယ်
ဘာမှ မဖြစ်စေရပါဘူး"

တင်းစန်း၏မျက်လုံးများမှာ ဝင်းလက်သွား၏။

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့"

"ကောင်းပြီ၊ ကျုပ် ပြောပြမယ်"

လုဝမ်းထင်းမှာ စိတ်ဝင်စားစွာဖြင့် နားထောင်နေလေသည်။ တင်းစန်းမှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်မှ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိသောအခါ နပျိုလန်းဆန်းသည်ဟု ထင်မှတ်ရ၏။

သူ၏မျက်ဝန်းအစုံမှာ ရီဝေနေပြီး ...

"ကျန်းစုရယ်ဟာ ကံဆိုးလှပါတယ်၊ သူမဟာ အေးအေးအေး
အေးနေခဲ့ပေမယ့် ကြမ္မာဆိုးဝင်ခဲ့တယ်လို့ ကျုပ် ယူဆတယ်၊ ဒါဟာ
ချောမောလှပလွန်းတဲ့ သူမရဲ့ရုပ်ရည်ကြောင့်ပဲ ဖြစ်ရမယ်"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားမိသည်။

"မင်းပြောတာ ကျုပ် နားမလည်ဘူး"

တင်းစန်းက ရယ်မောလိုက်၏။

ထို့နောက် လုဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"တကယ်လို့ ခင်ဗျားသာ ကျန်းစုရယ်အပေါ် စိတ်ဝင်စား
ရှိမယ်ဆိုရင် အခြေအနေကို သဘောပေါက်မှာပဲ၊ ကျုပ်ပြောတဲ့စကား
တွေကိုလည်း နားလည်လာမှာပဲ"



လုဝမ်းထင်း ခေါင်းညိတ်လိုက်သည်။ တစ်ချိန်က ကျန်းလုံ၏ ညီမ ကျန်းစုရယ်မှာ အလွန်ချောမောလှပခဲ့၏။

ထို့အပြင် ရိုးသားသိမ်မွေ့ပြီး သိုင်းပညာတော်သော မိန်းကလေးဖြစ်သောကြောင့် ပိုးပန်းသူ များပြားလှပေသည်။

ကျန်းစုရယ်အား ပိုးပန်းသူများအနက် တင်းစန်းမှာလည်း ပါဝင်ခဲ့ကြောင်း လုဝမ်းထင်းက သိရှိထား၏။

ထို့ကြောင့် သဘောကျစွာပြုံးကာ ...

"ဘာလဲ၊ မင်းက ကျန်းစုရယ်ကို မြတ်နိုးခဲ့တဲ့အကြောင်း ပြောမလို့လား"

တင်းစန်းက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့် ဘာအကြောင်း ပြောချင်လို့လဲ"

"ကျန်းစုရယ်ကို မြတ်နိုးခဲ့တဲ့ လူတစ်ယောက်ရဲ့အကြောင်းပါ"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘယ်သူလဲ"

တင်းစန်းက တည်ငြိမ်အေးဆေးစွာ ပြောလိုက်၏။

"ပင်ကူ"

လုဝမ်းထင်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ပင့်ကူ ..."

လုဝမ်းထင်၏နှုတ်မှ လွှတ်ခနဲ ပွံတင်သံထွက်သွား၏။

ပင့်ကူမှာ ကျန်းလုံ၏ညီမ ကျန်းစုရယ်အား နှစ်သက်ခဲ့သည်ဟု တင်းစန်းက ဆိုလိုချေပြီကော ...

ဤသို့ဆိုလျှင် ပြဿနာမှာ ပိုမိုရှုပ်ထွေးလာနိုင်သည် မဟုတ်ပါလား။ လုဝမ်းထင်းမှာ ဖြစ်ပျက်ခဲ့သည့် အကြောင်းကိစ္စများကို တဖြည်းဖြည်း နားလည်သဘောပေါက်သလိုတော့ ရှိလာချေပြီ။

သို့သော် ရေရေရာရာ မသိရသေးပါချေ။ မည်သို့ဆိုစေ အဖြေ ရှိရန် အလွန်နီးကပ်လာပြီဟု နားလည်သဘောပေါက်လိုက်မိသည်။

တင်းစန်းက ဆက်ပြောလိုက်သည်။ သူသည် လုဝမ်းထင်းအား စိုက်ကြည့်ရင်း အတိတ်ကအကြောင်းတစ်ခုကို ပြန်လည်အစ ဖော်ပေးလိုက်သည်။

"ကျုပ်တို့ငါးယောက် စုပေါင်းပြီး ကျောက်စိမ်းရတနာဆိုင် ကို ဓားပြတိုက်ဖို့ကြံရွယ်ခဲ့တာ မှတ်မိသေးသလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။ တစ်ချိန်က အဖြစ် အပျက်များကို ပြန်လည်တွေးမိလိုက်ပြီး သူကိုယ်တိုင် လှုပ်ရှားပါ ဝင်ခဲ့ပုံများကို သတိရလာသည်။ သူ၏ပုံဟန်မှာ နုပျိုလန်းဆန်းလာ သည်ဟု ထင်မှတ်ရလေသည်။ တင်းစန်းအား ပြုံး၍ကြည့်ရင်း ...



"မှတ်မိတာပေါ့၊ ဒီကိစ္စဟာ ငါတို့ငါးယောက်ရဲ့ဘဝမှာ အကြီး အကျယ်ဆုံးပဲ မဟုတ်လား"

လုဝမ်းထင်း၏စကားက မှန်ကန်လှသည်။ တင်းစန်းက သက် ပြင်းချကာ ...

"အဲဒီတုန်းက ဓားပြတိုက်ဖို့ အစီအစဉ်အမျိုးမျိုး ရေးဆွဲခဲ့ ပေမယ့် တစ်ခုမှ ဖြစ်မလာဘူး"

"ဟုတ်တယ်၊ တို့ငါးယောက်ရဲ့အစီအစဉ်တွေဟာ ချို့ယွင်း ချက်တွေ ရှိနေတယ်၊ ဒါ့ကြောင့် ကျန်းလုံက ပင့်ကူနဲ့ဆက်သွယ်ဖို့ အကြံပေးခဲ့တာပေါ့"

တင်းစန်းက အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ ...

"အမှန်တော့ ကျန်းလုံနဲ့ပင့်ကူတို့ဟာ ရန်သူတွေပဲ၊ ဘာကြောင့် ရန်သူဖြစ်တယ်ဆိုတာ ခင်ဗျားသိသလား"

လုဝမ်းထင်းက ခေါင်းခါယမ်းလိုသည်။ သူ့စိတ်ထဲမှလည်း အံ့ဩသွားမိသည်။

နှုတ်မှမူ ...

"အဲဒါ ငါ မသိခဲ့ဘူး"

ပြောရင်း တင်းစန်းအား နားမလည်နိုင်စွာဖြင့်ကြည့်ကာ ပြန် လည်မေးခွန်း ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ပင့်ကူနဲ့ကျွန်းလုံတို့ဟာ ဘယ်လိုလုပ်ပြီး ရန်သူဖြစ်ကြတာလဲ"

ရင်းစန်းက မချိပြုံးပြုံးလိုက်ပြီး …

"ရှင်းပါတယ်၊ ပင့်ကူဟာ ကျွန်းစုရယ်ကို လိုချင်တယ်၊ ဒါကို ကျွန်းလုံက သဘောမကျဘူး"

ယခုမှ လုဝမ်းထင်းက သဘောပေါက်သွားလေသည်။

"လက်စသတ်တော့ ဒီလိုကိုး"

တင်းစန်းက ဆက်လက်ပြောလိုက်ပြန်၏။

"ကျွန်းလုံဟာ သူနဲ့အဆင်မပြေတဲ့ ပင့်ကူကို ဓားပြတိုက်တဲ့နေရာမှာ ပူးပေါင်းလုပ်ဆောင်ဖို့ အကြံပေးခဲ့တာ မထူးဆန်းဘူးလား"

"ဟုတ်တယ်၊ ဒီအကြောင်းကိုလည်း မင်းသိမယ် ထင်တယ်"

တင်းဆန်းက ခေါင်းညိတ်လိုက်ပြီး …

"ဟုတ်တယ်၊ ပင့်ကူဟာ ဓားပြဖြစ်ပေမယ့် စက်ယန္တရားအကြောင်း နားလည်တယ်၊ ဉာဏ်ကောင်းတယ်၊ သူသာပါရင် လုံခြုံတောင့်တင်းတဲ့ ကျောက်စိမ်းရတနာဆိုင်ကို ကျိန်းသေအောင်မြင်အောင် တိုက်ခိုက်နိုင်မယ် မဟုတ်ဘူးလား"

လုဝမ်းထင်းမှာ တည်ကြည်ခံ့ညားသော ကျွန်းလုံ၏မျက်နှာကို မြင်ယောင်လာလေသည်။ ထို့ကြောင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။



"အင်း … တကယ်တော့ ကျွန်းလုံဟာ ချီးကျူးစရာကောင်းတဲ့ လူတစ်ယောက်ပါပဲဗျာ"

"ဒါပေါ့ … ကျွန်းလုံဟာ ရန်သူဖြစ်တဲ့ ပင့်ကူကို အရခေါ်နိုင်လို့သာ ကျုပ်တို့အကြံအစည် အောင်မြင်ခဲ့တာ မဟုတ်လား"

လုဝမ်းထင်းက အနည်းငယ် စဉ်းစားလိုက်ပြီး …

"ဒါထက် ကျွန်းလုံက ပင့်ကူကို ရအောင်ခေါ်နိုင်တာ အကြောင်းတစ်ခုရှိရမယ်လို့ ကျုပ်ထင်တယ်"

တင်းစန်းက ခံပြင်းသော လေသံဖြင့် …

"ရှိတာပေါ့"

"ဘာများလဲ"

"ပင့်ကူဟာ ကျွန်းစုရယ်ကို မြတ်နိုးတယ်ဆိုတာ ကျွန်းလုံက သိတယ်၊ ဒါကြောင့် ကျွန်းစုရယ်နဲ့ လက်ထပ်ပေးမယ်လို့ဆိုပြီး စည်းရုံးခဲ့တာပဲ"

"လက်စသတ်တော့ ဒီလိုကိုး"

တင်းစန်းက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် ကိစ္စပြီးတဲ့အခါ ပင့်ကူကိုသတ်ဖို့ ကျွန်းလုံကိုယ်တိုင် အကြံပေးခဲ့တယ် မဟုတ်လား"

"အင်း … အဲဒါကတော့ ဘာကြောင့်လဲ"

တင်းစန်းက နှာခေါင်းရှုံ့လိုက်သည်။ ပြီးတော့မှ အေးဆေးစွာဖြင့် …

www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူနဲ့ ကျန်းစုရယ်ကို လက်ထပ်မပေးချင်လို့ပေါ့"

လှဝမ်းထင်းမှာ တွေဝေသွားတော့၏။ မည်သို့ဆိုစေ ဤအကြောင်းကိစ္စများသည် သေဆုံးသွားပြီဖြစ်သော ကျန်းလုံနှင့်သာ ပတ်သက်နေ၏။

ကျန်းလုံနှင့် ပတ်သက်သည့်အကြောင်းများကို အဘယ့်ကြောင့် တင်းစန်းက သိရှိထားပါသနည်း။ တင်းစန်းမှာ ကျန်းစုရယ်အား မြတ်နိုးနေသည့်အတွက် မျက်ခြည်မပြတ် အကဲခတ်နေ၍သာ ဤအကြောင်းများကို သိထားခြင်း ဖြစ်ပေမည်။

သူသည် တင်းစန်းအား စိုက်ကြည့်ရင်း သူသိလိုရာကို ကောက်ကာငင်ကာ မေးလိုက်၏။

"ဒီအကြောင်းတွေနဲ့ ပတ်သက်လို့ မင်း လျှပ်ရှားခဲ့တဲ့အပိုင်ကိုပြောပြရင် ကောင်းမယ်ထင်တယ်"

တင်းဆန်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘာကို ပြောရမှာလဲ"

"ကျန်းလုံနဲ့ ပင့်ကူတို့အကြောင်းတွေကို မင်း ဘယ်လိုလုပ်သိခဲ့တာလဲ"

တင်းစန်းက မချိပြုံး ပြုံးလိုက်ပြီး ...

"ရှင်းပါတယ်ဗျာ၊ ကျုပ်နဲ့ ကျန်းလုံတို့ဟာ ကလေးဘဝထဲကစပြီး ရင်းနှီးခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းဆိုတာ ခင်ဗျား မေ့နေပြီလား"



သူ၏စကားမှာ မှန်ကန်နေကြောင်း လှဝမ်းထင်းက သဘောပေါက်လိုက်မိ၏။ ထို့အပြင် တင်းစန်းပြောသည့်စကားများအနက် ကျန်းစုရယ်၏အမည် ကျန်ရစ်ခဲ့သည်ကိုလည်း နားလည်ထား၏။

အကြောင်းမှာ ကျန်းလုံ၊ ကျန်းစုရယ်တို့မောင်နှမမှာ တင်းစန်းနှင့် ငယ်ပေါင်းကြီးဖော်များ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း တင်းစန်းက ကျန်းစုရယ်အပေါ် တစ်ဖက်သတ် မေတ္တာသက်ဝင်ပြီး သံယောဇဉ်ကြီးမားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ လှဝမ်းထင်းက တင်းစန်းအား အကဲခတ်သလိုကြည့်ကာ မေးလိုက်ပြန်၏။

"ကျန်းစုရယ်ကို ကလေးဘဝကတည်းစပြီး မင်း တွေ့ခဲ့တာ မဟုတ်လား"

တင်းစန်း၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်စါသွား၏။ သူ၏အကြောင်းကို လှဝမ်းထင်းက ရိပ်မိသွားပြီး ...

"မင်းကို ကျန်းစုရယ်က မချစ်ခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်"

"ကျန်းလုံက မင်းကို ကျန်းစုရယ်နဲ့ သဘောတူခဲ့တာပေါ့"

"ဟုတ်တယ်၊ ကိစ္စတွေအားလုံးရှင်းပြီးသွားရင် ကျုပ်နဲ့ ကျန်းစုရယ်ကို ပေးစားမယ်လို့ ကျန်းလုံက ပြောခဲ့တယ်၊ ဒါပေမယ့် ..."

"ဘာဖြစ်လို့လဲ၊ ဆက်ပြောပါဦး"

"ကျန်းစုရယ်မှာ ပင့်ကူနဲ့ရခဲ့တဲ့ ကိုယ်ဝန် ရှိနေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရသောအခါ လုဝမ်းထင်းမှာ အံ့သြ သွားရပြန်လေသည်။ ဤအတိုင်းဆိုလျှင် ကျန်းလုံမှာ သူ၏အစီ အစဉ်ကို အရဲစွန့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါက်လိုက် ၏။ အကြောင်းမှာ ပင့်ကူအားသတ်ပစ်ရန် ကျန်းလုံကိုယ်တိုင် စီစဉ် ခဲ့ခြင်း ဖြစ်သည်။

အစီအစဉ်အတိုင်း ပင့်ကူကို ဖမ်းဆီးနိုင်ခဲ့၏။ သို့သော် ကျန်းစုရယ်တွင် ကိုယ်ဝန်ရှိနေကြောင်း သိခဲ့ရသဖြင့် မသတ် လွှတ်ပေးလိုက်ခြင်းသာ ဖြစ်ပေမည်။ လုဝမ်းထင်းက တင်းစန်းအား စိုက်ကြည့်ရင်း ...

"ကျုပ်တို့အားလုံး ကျန်းလုံရဲ့အစီအစဉ်ကို သဘောကျတယ် ပင့်ကူကို ရှင်းပစ်မှ ကျုပ်တို့ရဲ့နောင်ရေး စိတ်အေးမယ်လို့ ယူ ထားခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါကြောင့် ရတနာတွေကို ဓားပြတိုက်လုယူလာပြီးတာ မြို့ပြင်က ဘုံကျောင်းတစ်ခုမှာ ပင့်ကူကို အဆိပ်ခတ်ခဲ့တယ်၊ ပင့် က အရက်ထဲမှာ အဆိပ်ပါမှန်းမသိဘဲ သောက်မိခဲ့တဲ့အတွက် အသိ မှိသွားတယ်လေ၊ ဒါပေမယ့် သူဟာ ရတနာတွေကိုယူလာဖို့ တာ ကျတယ်"

သူ၏စကားမဆုံးမီပင် တင်းစန်းက ကြားဖြတ်ပြောလိုက် လေသည်။



"ကျုပ်တို့ငါးယောက်ကတော့ တိုက်ခိုက်ရေးတာဝန် ယူထား ပြီး ရင်ဆိုင်ခဲ့ကြတယ်၊ ဒါကြောင့် ကျောက်စိမ်းရတနာဆိုင်က ရတနာ ပစ္စည်း အချို့တစ်ဝက်ကလွဲရင် ကျန်တာတွေအားလုံး ပင့်ကူဆီမှာ ပါသွားတယ်"

လုဝမ်းထင်းက ခေါင်းညိတ်လိုက်၏။

"ဒါဟာ ကျုပ်တို့ရဲ့ အစီအစဉ်အမှားပဲ၊ ပင့်ကူကို အဆိပ်ခတ် ပြီး အကျပ်ကိုင်တယ်၊ ရိုက်နှက်ညှဉ်းပန်းတယ်၊ ဒါပေမယ့် ရတနာ တွေ ဘယ်မှာရှိသလဲဆိုတာ မသိခဲ့ရဘူး"

တင်းစန်းက ပြုံးလိုက်မိသည်။ ထို့နောက် အေးဆေးသက် သာစွာဖြင့် ...

"အဲဒီအချိန်မှာ ခင်ဗျားတို့မသိသေးပေမယ့် ကျုပ်ကတော့ သိထားပြီဗျ၊ ကျန်းလုံကလည်း ခင်ဗျားတို့အရင် သိသွားမှာပဲ"

လုဝမ်းထင်းမှာ စိတ်ဝင်စားသွားလေသည်။ တင်းစန်း၏ စကားအတိုင်းဆိုလျှင် ရတနာများကို ပြန်လည်ရရှိရန်မှာ မဝေးတော့ ကြောင်း သဘောပေါက်လိုက်သဖြင့် ဝမ်းသာသွား၏။ သူ၏မျက် နှာအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

သို့သော် လေသံကိုမူ အတတ်နိုင်ဆုံး ထိန်းသိမ်းကာ ...

"မင်းက ဘယ်လိုလုပ် သိတာလဲ"

တင်းစန်းမှာ လုဝမ်းထင်းသိနေပြီဟု ယူဆထားသဖြင့် မကွယ် မှက်ဘဲ ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ ကျုပ်က ကျန်းလုံ့ဆီကို ရောက်သွားခဲ့တယ်၊ ဒါပေမယ့် ကျန်းလုံက အိမ်မှာမရှိဘူး၊ ရောက်တုန်းရောက်ခိုက် ချက်ချင်းမပြန်သွားသေးဘဲ ကျန်းစုရယ်ကိုနှုတ်ဆက်မလို့ သူနေတဲ့အခန်းကိုသွားတဲ့အခါမှာ ..."

တင်းစန်း၏စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ သူ၏ မျက်ဝန်းအစုံမှာလည်း ရီဝေလာလေသည်။ လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားရပြန်သည်။ သူသည် စိတ်ဝင်စားမှုကို ထိန်းချုပ်မထားနိုင်တော့ဘဲ ...

"ရောက်သွားတော့ ဘာဖြစ်သလဲ"

တင်းစန်းက တစ်ဆို့သောလေသံဖြင့် စကားဆက်လိုက်၏။

"ကျန်းစုရယ်ရဲ့အခန်းထဲမှာ လူတစ်ယောက် ရောက်နေတယ်"

"လူတစ်ယောက် ဟုတ်လား၊ ဘယ်သူလဲ"

"ပင်ကူ"

လုဝမ်းထင်းမှာ မျက်လုံးပြူးကျယ်သွားတော့သည်။

"ပင်ကူက ကျန်းစုရယ်ဆီ ဘာသွားလုပ်တာလဲ"

"ကျုပ်လည်း သိချင်လို့ အသံမပေးဘဲ ချောင်းနားထောင်ခဲ့တယ်၊ အမှန်တော့ ဒီလိုလုပ်ဖို့ မသင့်ဘူးဆိုတာ သိပါတယ်ဗျာ"

"သူတို့နှစ်ယောက်ရဲ့ ပြောစကားတွေကို ချောင်းနားထောင်ပြီး မင်းသိရတယ်ဆိုပါတော့"



"ဟုတ်တယ်"

"ဘာတွေ သိခဲ့ရတာလဲ"

"ပင်ကူက သူ့ကို ကျန်းလုံက အကောက်ကြံလိမ့်မယ်ဆိုတာ ရိပ်မိထားတယ်ဗျ၊ ဒါကြောင့် ရတနာတွေရလာတဲ့အခါ တစ်နေရာမှာ ဝှက်ထားမယ်၊ ဝှက်ထားတဲ့မြေပုံကို ကျန်းစုရယ်ဆီမှာ အပ်ထားမယ်လို့ ပြောသံကြားရတယ်"

တင်းစန်း၏ ပြောစကားအရဆိုလျှင်တော့ အခြေအနေက လမ်းဆုံးနား နီးနေချေပြီ။

လုဝမ်းထင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျန်းစုရယ်ကကော ဘာမှ ပြန်မပြောဘူးလား"

တင်းစန်းက သက်ပြင်းချကာ ...

"သူ့မှာ ကိုယ်ဝန်ရှိနေပြီပဲ၊ ပင်ကူရဲ့စကား နားထောင်တာက အကောင်းဆုံးပဲ မဟုတ်လား၊ အမှန်အတိုင်းဆိုရင် သူတို့ အဲဒီအချိန်ကတည်းက တစ်နေရာရာကို ထွက်ပြေးသွားဖို့ကောင်းတယ်"

လုဝမ်းထင်းက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းပြောပုံကြည့်ရတာ ကျန်းစုရယ်ဟာ တခြားလူနဲ့ ချစ်ကြိုက်နေတာတောင် မင်းက သံယောဇဉ်မပြတ်နိုင်သေးတဲ့ပုံပဲ"

လုဝမ်းထင်း၏ရယ်သံက သာမန်မဟုတ်ပါ။ လှောင်ပြောင်လိုသံ အပြည့်ပါနေ၏။ တင်းစန်းက အံကိုတင်းတင်းကြိတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်ကို ကြိုက်သလို လုပ်ပါ၊ ကျုပ်ရဲ့မေတ္တာကို တော့ မစော်ကားပါနဲ့"

လုဝမ်းထင်းမှာ သဘောကျစွာ ပြုံးလိုက်မိလေသည်။ တင်းစန်း ကဲ့သို့ လူစားမျိုးမှာ လောကတွင် အလွန်ရှားပါးသည်ဟူ၍လည်း တွေးနေမိ၏။

သို့သော် တင်းစန်း မကြိုက်မှန်းသိ၍ ဆက်မပြောတော့ဘဲ စကားဦး လှည့်လိုက်လေသည်။

"ပင်ကူဟာ ကျန်းစုရယ်ကိုခေါ်ပြီး ထွက်ပြေးသင့်တယ်ဆိုတာ ကျုပ်လည်း နားလည်ပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ထွက်မပြေးဘဲ ကျုပ်တို့နဲ့ဆက်ပြီး ဓားပြတိုက်မှုမှာ ပါဝင်ခဲ့တာလဲ"

တင်းစန်းက သက်ပြင်းတစ်ချက်ချကာ ...

"လောဘကြောင့်ပေါ့ဗျာ၊ ဓားပြတိုက်လို့ရတဲ့ ရတနာပစ္စည်း တွေကို အပိုင်စီးပြီးမှထွက်ပြေးရင် ပိုပြီး အဆင်ပြေမယ်လို့ ယူဆ ထားပုံရတယ်"

"နောက်ဆုံးတော့ ကျုပ်တို့လက်ထဲက ပြေးမလွတ်ခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်တို့လည်း ရတနာတွေကို လက်လွှတ်လိုက်ရတယ် မဟုတ်လား"

လုဝမ်းထင်းမှာ ခံပြင်းသွားကာ ...



"ဒါဟာ မင်းနဲ့ကျန်းလုံ တစ်ယောက်ယောက်ရဲ့လက်ချက် ကြောင့်ဖြစ်ရမယ်၊ ပင်ကူကို ကျုပ်တို့ဖမ်းချုပ်ထားပြီး စစ်ဆေးနေ ...န်း ထွက်ပြေးခဲ့လို့၊ ဒါမှမဟုတ်ရင် ဒီအချိန်ကတည်းက ရတနာ ...တွေ ရပြီးနေပြီ"

ပြောရင်း တင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် ...က်ပြီး ဆက်ပြောလိုက်သည်။

အမှန်စင်စစ် ထင်မြင်ချက်ပေးသလို လိုနှင့် စွပ်စွဲပုတ်ခတ်လိုက် ...င်းပင် ဖြစ်၏။

"ပင်ကူ ထွက်ပြေးသွားတဲ့ညမှာ သူ့ကိုစောင့်ဖို့ မင်းနဲ့ကျန်း ...တို့ တာဝန်ကျတယ် မဟုတ်လား၊ ဒါကြောင့် မင်းတို့နှစ်ယောက် ...က် တစ်ယောက်ယောက်က လွှတ်ပေးလိုက်လို့သာ ဖြစ်ရမယ်"

တင်းစန်းက ပြုံးလိုက်မိသည်။

ခေါင်းကို ဆတ်ကနဲညိတ်၍လည်း ...

"ဟုတ်တယ်၊ ကျန်းလုံ လွှတ်ပေးလိုက်တာပဲ"

လုဝမ်းထင်းက အံကို ထင်းတင်းကြိတ်လိုက်ပြီး ...

"ကျန်းလုံက ဘာကြောင့်လွှတ်ပေးလိုက်ရတာလဲ"

"ရတနာတွေရှိတဲ့နေရာ ပြောပြရင် ကျန်းစုရယ်နဲ့ သဘောတူ ...အားမယ်လို့ ကတိပေးလိုက်လို့ ပင်ကူကို လွှတ်ပေးလိုက်တာပဲ"

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရတနာတွေဝှက်ထားတဲ့နေရာကို ကျွန်းလုံ သိသွား
တယ်ပေါ့"

တင်းစန်းက ခေါင်းခါယမ်းပြလိုက်သည်။

"ပင့်ကူဟာ ထွက်ပြေးလွတ်မြောက်သွားတဲ့အခါ ရတနာမြေ
တစ်ခု ကျွန်းလုံကို ပေးသွားတယ်၊ ဒါပေမယ့် အဲဒီမြေပုံက အစ
မဟုတ်ဘဲ အတုသာ ဖြစ်နေတယ်"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"ပင့်ကူလိုလူစားကို ယုံကြည်လို့ရမလား၊ ဘာပဲဖြစ်ဖြ
ရတနာတွေ ရှိတဲ့နေရာကို မှတ်သားထားတဲ့ မြေပုံအစစ်အမှန်ဟာ
ကျွန်းစုရယ်ဆီမှာ ရှိရမှာပေါ့"

တင်းစန်းက လုဝမ်းထင်းအား တောင်းပန်တိုးလျှိုးသော
အကြည့်ဖြင့် ကြည့်ကာ ...

"ဒီအကြောင်းတွေကို ကျုပ်အသက်နဲ့လဲပြီး ထိန်းသိမ်းလျှ
ဝှက်ထားခဲ့တာပါ၊ အခု ဒါတွေကို ဘယ်သူပြောပြလို့ ခင်ဗျားက
သိနေတာလဲ"

လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"မင်းပြောပြလို့ပေါ့"

သူ၏စကားကို ကြားလိုက်ရသောအခါ တင်းစန်း၏ခန္ဓာကိုယ်
မှာ တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။



လုဝမ်းထင်းအား မကျေမနပ်ကြည့်ကာ ...

"ခင် ... ခင်ဗျား ..."

လုဝမ်းထင်းက ပခုံးတွန့်လိုက်ပြီး ...

"ကျုပ်က သိတယ်လို့ပြောရုံနဲ့ မင်းဖွင့်ပြောတာ မဟုတ်လား"

တင်းစန်းမှာ မျက်လုံးပြူးကျယ်သွားကာ ...

"ဒါဖြင့် ခင်ဗျား မသိခဲ့ဘူးမဟုတ်လား"

လုဝမ်းထင်းက သဘောကျစွာ ပြုံးလိုက်၏။ သူ့ကိုယ်သူ
မကျေနပ်သောလေသံဖြင့်လည်း ...

"ဟုတ်တယ် ... ကျုပ်သိတာက မင်းနဲ့ ကျွန်းစုရယ်ဟာ တစ်
နည်းတစ်ဖုံ ပတ်သက်နေတယ်၊ ဒါကြောင့် ကျွန်းစုရယ်ကို သတ်ပစ်
မယ်လို့ ခြိမ်းခြောက်ရင် မင်း အမှန်အတိုင်းဖွင့်ပြောလိမ့်မယ်လို့
လူတစ်ယောက်က အကြံပေးလို့ပါ"

တင်းစန်းမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ အဖြစ်
အပျက်အမှန်ကို သိရှိခဲ့သော သူတို့ငါးယောက်အနက် စုကွမ်းအင်၊
ကျွန်းလုံနှင့် ကောင်း[illegible]တို့သုံးယောက်မှာ သေဆုံးသွားကြပြီ ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်၍ ပြောပြနိုင်မည့်လူ မရှိတော့ပါချေ။
ညီသူက လုဝမ်းထင်းအား အကြံပေးခဲ့ပါသနည်း။ လုဝမ်းထင်းအား
မိုက်ကြည့်ရင်း ...

"ခင်ဗျားကို ဘယ်သူက အကြံပေးခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ကာ...

"ကျုပ်လည်း မသိဘူး၊ လျှို့ဝှက်စာတစ်စောင် ကျုပ်ဆီကို ရောက်လာတယ်၊ အဲဒီစာထဲမှာ အကြံပေးချက် ပါလို့ပဲ"

တင်းစန်းမှာ ပါးစပ်ပိတ်ထားလိုက်လေသည်။ အကြီးအကျယ် မှားသွားပြီဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်၏။

သို့သော် စကားကျွံလျှင် ပြန်နုတ်၍ မရနိုင်တော့ပါချေ။ လုဝမ်း ထင်းကိုသာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေမိတော့၏။

လျှို့ဝှက်ချက်များ မပြောဘဲနေခဲ့၍သာ ယခုအထိ အသက်ရှင်နေနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့ဆိုလျှင် အကယ်၍ လျှို့ဝှက်ချက်များ ပြောပြီးသွားသောအခါ မည်သို့ရှိနည်း။ သေခြင်းတရားမှာ တဖြည်းဖြည်း နီးကပ်လာနေပြီဟု တင်းစန်းက သဘောပေါက်လိုက်လေတော့သည်။

* * *

(၅)

"ဟား... ဟား... ဟား..."

လုဝမ်းထင်း၏ ရယ်မောသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဘယ်သန်နှင့် ညာသန်တို့ကလည်း သဘောကျစွာဖြင့် တဟား ဟား ရယ်မောလိုက်ကြလေသည်။



တင်းစန်းမှာမူ မျက်စိသူငယ် နားသူငယ်ဖြင့် လုဝမ်းထင်းတို့အား ငေးကြည့်နေ၏။

အတန်ကြာမှ လုဝမ်းထင်းက ရယ်မောရာမှ ရပ်တန့်လိုက်သည်။ ထို့နောက် တင်းစန်းအား အေးစက်တင်းမာစွာ ကြည့်ကာ...

"မင်း ဘာပြောချင်သေးသလဲ"

တင်းစန်းက ပါးစပ်ပိတ်ထားလိုက်သည်။ သူက စကားပြောသည်ဖြစ်စေ၊ စကားမပြောဘဲ နေသည်ဖြစ်စေ လုဝမ်းထင်းက ချမ်းသာမပေးဘဲ သတ်ပစ်လိမ့်မည်ဖြစ်ကြောင်း သေချာစွာ သဘောပေါက်လိုက်မိလေပြီ မဟုတ်ပါလား။ ထို့ကြောင့် သက်ပြင်းချကာ နောက်ဆုံးတောင်းပန်ချက် တစ်ခုကိုသာ တောင်းဆိုလိုက်၏။

"ကျုပ်... ကျုပ်ကိုတော့ သတ်ချင်သတ်လိုက်ပါ၊ ကျန်းစုရယ်ကိုတော့ ဒုက္ခမပေးပါနဲ့"

"စိတ်ချ... ရတနာမြေပုံသာ လွှယ်လင့်တကူရရင် သူ့ကို ကျုပ် ချမ်းသာပေးလိုက်ပါ့မယ်။ ကဲ... မင်း ပြောချင်တာ ဒါအကုန်ပဲ မဟုတ်လား"

ပြောရင်း ဘယ်သန်နှင့်ညာသန်တို့အား လက်ဖြင့် ယမ်းပြကာ အချက်ပေးလိုက်လေသည်။ ဘယ်သန်နှင့်ညာသန်တို့မှာ လုဝမ်းထင်း ၏သဘောကို နားလည်ထားဟန်ဖြင့် ဓားကိုယ်စီဆွဲထုတ်လိုက်ကြပြီး တင်းစန်းအနီးသို့ ချဉ်းကပ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်းစန်းမှာ ထိတ်လန့်သွားကာ ...

"မင်း ... မင်းတို့ ဘာလုပ်ကြမလို့လဲ"

ဘယ်သန်နှင့် ညာသန်တို့က ရယ်မောရင်း ...

"ခင်ဗျားကို စေတနာနဲ့ ကူညီမလို့ပါဗျာ၊ အနှိပ်စက်ခံရတဲ့ဘဝက သက်သက်သာသာ လွတ်မြောက်သွားစေရမယ်"

ပြောပြီးသည်နှင့် ဘယ်သန်နှင့် ညာသန်တို့မှာ တင်းစန်း၏ရင်ဝသို့ ဓားကိုယ်စီဖြင့် ပြိုင်တူစိုက်သွင်းလိုက်ကြ၏။ တင်းစန်းမှာ ချုပ်နှောင်ထားခြင်း ခံနေရသဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။ ဤသို့ဖြင့် ရင်ဝတွင် စူးရသောဝေဒနာတစ်ရပ် ခံစားလိုက်ရပြီး ...

"အား ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။ တင်းစန်း၏အသံနှင့် မရှေးမနှောင်းမှာပင် ...

"ဝုန်း ..."

အခန်းတံခါးပွင့်သွားကာ လူနှစ်ယောက် ခုန်ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့၏။

* * *

(၆)

တံခါးပွင့်သံနှင့်အတူ လူနှစ်ယောက် ခုန်ဝင်လာကြ၏။



လှဝမ်းထင်း၊ ဘယ်သန်နှင့်ညာသန်တို့က ပြိုင်တူလှည့်ကြည့်လိုက်သောအခါ ကျောက်လှေကားထစ်ပေါ်တွင် ဟုန်ဝေယင်းနှင့်ဝမ်းကြီးတို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းကြီးမှာတံခါးဝတွင် ရပ်နေ၏။

ဟုန်ဝေယင်းမှာမူ လှေကားထစ်အတိုင်း အောက်သို့ နှစ်ထစ်သုံးထစ်ဆင်းလာပြီးမှ ရပ်တန့်လိုက်သည်။ တစ်ဖန် အောက်ဘက်သို့ကြည့်လိုက်ပြီး လှဝမ်းထင်းအား တွေ့သွားသည်နှင့် ...

"လက်စသတ်တော့ ကျုပ်အလုပ်ရှင် ဖြစ်နေပါလား"

ဝမ်းကြီးက ဝင့်ကြွားသော လေသံဖြင့် ...

"ငါ မပြောဘူးလား၊ အောက်ဘက်က အော်သံ ကြားတယ်၊ မြေအောက်ခန်းရှိနိုင်တယ်ဆိုတာ အခု မှန်နေပြီလေ"

လှဝမ်းထင်းမှာ သူတို့နှစ်ယောက်အား တွေ့မြင်လိုက်ရသဖြင့် ကြောင်သွားမိ၏။ ကျောက်လှေကားခြေရင်းသို့ လျှောက်သွားပြီး သူတို့အား လှမ်းမေးလိုက်သည်။

"မင်းတို့နှစ်ယောက် ဒီကို ဘာလာလုပ်ကြတာလဲ"

ဟုန်ဝေယင်းက အသံကျယ်လောင်စွာဖြင့် ...

"ကျုပ်တို့ ပင့်ကူရဲ့လျှို့ဝှက်ချက်ကို သိခဲ့ပြီဗျ၊ ပင့်ကူဟာ ဘယ်သူလဲဆိုတာ သိရပြီး ခင်ဗျားကိုလာပြီး လုပ်ကြံသွားမှာ စိုးရိမ်လို့ အမြန်မီ လိုက်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် လုဝမ်းထင်းမှာ ကြောင်အမ်းအမ်း

သွား၏။ ထိုအချိန်က ပင့်ကူ(ဝါ)ဟန်ချန်းအား သူတို့ဝိုင်းဝန်းနှိပ်

ခဲ့သဖြင့် သိုင်းပညာအသုံးပြု၍ ရတော့မည်မဟုတ်ကြောင်း နားလ

ထားလေသည်။

သို့သော်လည်း ပင့်ကူဟူ၍ တစ်ဖန်ပြန်လည်ပေါ်ထွက်

သောကြောင့် တစ်ယောက်ယောက်က အစားဝင်လှုပ်ရှားနေဖြင့်

ရမည်ဟု သဘောပေါက် နားလည်ထား၏။

ပထမတွင် မည်သူမည်ဝါအစား ဝင်လှုပ်ရှားခဲ့သည်ကို ပေ

သော်လည်း ယခုမူ အနည်းငယ်ရိပ်စားမိလိုက်ချေပြီ။ မည်သို့ဆို

ယခုချိန်တွင်မူ သူသိလိုသမျှ သိရှိလိုက်ရပြီ မဟုတ်ပါလား။ ထို့ကြေ

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ သူ့အတွက် မလိုအပ်တော့ပါ

လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"အပေါ်က အစောင့်အမျောက်တွေက ဒီနေရာမှာ အေးအေး

ချမ်းချမ်းရှိတယ်လို့ ပြောမပြဘူးလား"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ပင့်ကူဟာ တိတ်တဆိတ် လှုပ်ရှားတတ်တယ်ဗျ၊ သူရောင်

လာတာ ခင်ဗျားတပည့်တွေ သိနိုင်ပါ့မလား"

ပြောရင်း ဝမ်းကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နော

ဆက်ပြောလိုက်ပြန်လေသည်။



"ကျုပ်တို့ အစောင့်အကြပ်တွေကို ဒုက္ခပေးချင်တာနဲ့ မြဝင်း

အနောက်ဘက် နံရံကိုကျော်ပြီး ဝင်လာခဲ့တာပဲ၊ ခင်ဗျားကို ဘယ်

နေရာမှ ရှာမတွေ့ဘဲ နောက်ဆုံး ထွက်သွားမယ်လုပ်တော့မှ အော်သံ

ကြားရလို့ လိုက်ရှာရင်း ဒီနေ ရာကို ရောက်လာတာ"

လုဝမ်းထင်းသည် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား လှည့်စား

၍ အပြင်သို့ ခေါ်ထုတ်သွားမှဖြစ်မည်ဟု တွက်ဆမိလိုက်လေသည်။

ထို့ကြောင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ပင့်ကူဆိုတာ ဘယ်သူလဲ"

ဟုန်ဝေယင်းက ရင်ကော့လိုက်ပြီး ...

"ပင့်ကူဆိုတာ ကောင်းမော်ဗျ"

သူ၏စကားကို ကြားလိုက်သောအခါ လုဝမ်းထင်းမှာ သဘော

ကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံမှာ

ဟုန်ဝေယင်းအား လှောင်ပြောင်နေသည့်အလား ရှိ၏။ ဟုန်ဝေယင်း

မှာ မျက်မှောင်ကြုတ်သွားကာ ...

"ဘာလဲ ... ကျုပ်ပြောတာ မဟုတ်ဘူးလို့ ခင်ဗျားထင်နေ

သလား"

လုဝမ်းထင်းက ရယ်မောရာမှ ရပ်တန့်လိုက်ယင်း ...

"ကောင်းမော်နီဟာ ကောင်းမင်ရဲ့သား မဟုတ်လား၊ ဘယ်လို

လုပ် ပင့်ကူဖြစ်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက ခေါင်းသိတ်ပြလိုက်၏။ အံ့ဩသောလေသံ
ဖြင့် ...

"ကျုပ်လည်း စဉ်းစားလို့ မရဘူးဗျ၊ ဘာကြောင့် အခုလိုဖြ
ရတယ်ဆိုတာ ခင်ဗျားသိရင် ပြောပြပါလား"

ပြောရင်း အောက်ဘက်သို့ဆင်းသွားရန် ဟန်ပြင်လိုက်လေ
သို့သော် ဝမ်းကြီးက လှမ်းဆွဲထားလိုက်၏။ ထိုပြင် တိုးညှင်းသေ
လည်း တိကျသောလေသံဖြင့် သူ့အား သတိပေးလိုက်သည်။

"အခြေအနေ မကောင်းဘူးဆိုတာ မင်း မသိဘူးလား"

ဟုန်ဝေယင်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားမိ၏။ ဝမ်းကြီး
အမူအရာ ထူးခြားနေသည်ကို သတိပြုမိသောကြောင့် ပတ်ဝန်းကျင်
အကဲခတ်ကြည့်ရှုလိုက်မိလေသည်။

ထိုအခါမှ အနိုင်အမာ ဆောက်လုပ်ထားသော မြေအောက်
တစ်ခုဖြစ်ပြီး သစ်သားဘီးပေါ်တွင် လူတစ်ယောက်အား ချည်နှော
ထားသည်ကို တွေ့လိုက်ရ၏။ ဟုန်ဝေယင်းမှာ မျက်လုံးများ
ကျယ်သွားကာ ...

"ဘယ်သူ့ကို ဖမ်းထားတာလဲ"

ဟု လွှတ်ခနဲ မေးမြန်းလိုက်သည်။ ဝမ်းကြီးက မဲ့ပြုံးပြုံးလို
ပြီး ...

"မင်း မျက်လုံးတွေမွဲနေပြီလား၊ အဖမ်းခံထားရတဲ့ လူ
တင်းစန်းကွ"



ဟုန်ဝေယင်းက အလန့်တကြားဖြင့် ...

"အာ ... တင်းစန်း ဟုတ်လား"

"မင်း သေသေချာချာ ကြည့်ပါလား"

ဟုန်ဝေယင်းက သစ်သားဘီးပေါ်တွင် ချည်နှောင်ထားခြင်း
ခံနေရသောလူအား လှမ်းကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံမှာ
ပြူးစက်သွားကာ အလန့်တကြား အော်ဟစ်လိုက်မိ၏။

"ဟိုက် ... တင်းစန်းက ဘာဖြစ်လို့ အဖမ်းခံနေရတာလဲ"

ထိုစဉ် လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... သူ့ကိုဖမ်းထားတာ ငါပဲကွ"

ဟုန်ဝေယင်းမှာ နားမလည်နိုင်စွာဖြင့် လုဝမ်းထင်းအားကြည့်
ကာ ...

"ခင်ဗျား ဘာကြောင့် သူ့ကိုဖမ်းထားရတာလဲ"

လုဝမ်းထင်းက အေးတိအေးစက်ဖြင့် ...

"မင်းကိုကြည့်ရတာ တင်းစန်းအပေါ် စိတ်ဝင်စားပုံတယ်၊
လဲ တင်းစန်းကို ကယ်တင်ချင်လို့လား"

ဟုန်ဝေယင်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ခင်ဗျား သူ့ကို မတရားဖမ်းထားတာဆိုရင်တော့ ကျုပ်
ဘက်က ဝင်ကူညီရမှာပဲ"

လုဝမ်းထင်းမှာ ဟုန်ဝေယင်းအား မကျေမနပ်ဖြစ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ခံပြင်းသောအကြည့်ဖြင့်ကြည့်ကာ တစ်လုံးချင်
ပြောဆိုလိုက်၏။

"ကျုပ်ဟာ မသိရဲ့အလုပ်ရှင်၊ မင်းကို ငွေပေးပြီး ကျုပ်အသ
ကို ကာကွယ်စောင့်ရှောက်ဖို့ ငှားထားတာ၊ ကျုပ်အလုပ်ကို ဝင်ရှု
စရာ မလိုဘူး"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်သည်။

"ခင်ဗျားပြောတာ နားထောင်ကြည့်ရင် တင်းစန်းကို မတ
ဖမ်းထားပုံရတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ကျုပ် ဘာမှ ပတ်သက်
အကြောင်း မရှိတော့ဘူး"

လုဝမ်းထင်း၏မျက်နှာမှာ မည်းမှောင်သွားလေတော့သ

"မင်းက ဒီလိုလား၊ ကျုပ်ကို အတိုက်အခံပြုတဲ့အတွက် 
ရောက်မှာ မကြောက်ဘူးလား"

ဟုန်ဝေယင်းက ရယ်မောလိုက်ပြီး ...

"ကျုပ်ဟာ မွေးကတည်းက ဒုက္ခနဲ့ဖက်ပြီး မွေးလာတဲ့
ပါဗျ၊ ဒုက္ခထပ်ရောက်မှာကို ကြောက်စရာ မလိုပါဘူး"

လုဝမ်းထင်းက ဘယ်သန်နှင့်ညာသန်တို့အား လှမ်းကြည့်
သည်။ တစ်ဖန် ဟုန်ဝေယင်းဘက်သို့ ပြန်လှည့်လိုက်ပြီး ...

"ဒီနေရာဟာ ကျုပ်နေရာ၊ မင်းတို့က ကျူးကျော်ပြီးဝင်
ကြတာ"



ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ၊ ကျုပ်တို့ကို အာဏာသားတွေလက်ထဲ အပ်ချင်လို့
လား၊ ကျုပ်တို့ အဖမ်းမခံရဘဲ ခင်ဗျား အဖမ်းခံရဦးမယ် ဓားပြဗိုလ်
ကြီး ဗူးတိရဲ့"

ပြောရင်း အင်္ကျီအိတ်ထဲမှ ဆုငွေကြော်ငြာစာရွက်ကို ထုတ်ကာ
ပြလိုက်လေတော့သည်။ ထိုအခါ ဆုငွေကြော်ငြာစာရွက်ပေါ်တွင်
တ်ခမ်းမွေးကားကားနှင့် လုဝမ်းထင်း၏ပုံ ထွက်ပေါ်လာတော့၏။
ထင်းပုံ၏အောက်တွင် 'ဓားပြဗိုလ်ကြီးဗူးတိ ဆုငွေ ငါးသောင်း'ဟု
ရေးသားထားသည်ကိုပါ တွေ့လိုက်ရလေသည်။

လုဝမ်းထင်းမှာ မျက်နှာပျက်သွား၏။ သူ၏ လျှို့ဝှက်ချက်
တစ်ခုအား ဟုန်ဝေယင်းက ဖော်ထုတ်လိုက်ပြီ မဟုတ်ပါလား။
ကွယ်၍ မရသည့်အဆုံး တဟားဟား ရယ်မောလိုက်ပြီး ...

"လက်စသတ်တော့ မင်းတို့က အကုန်လုံးသိနေပြီကိုး၊ အခုမှ
တော့ မထူးတော့ပါဘူး၊ ဒီနေရာက ထွက်သွားဖို့ မကြိုးစားနဲ့တော့"

အခြေအနေ တင်းမာနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်
ဖြင့် ဘယ်သန်နှင့်ညာသန်တို့က ဟုန်ဝေယင်းအား တိုက်ခိုက်ရန်
န်ပြင်လိုက်လေသည်။ သို့သော် လုဝမ်းထင်းက လက်ကာပြလိုက်
 ခြံရံလျက်ရှိနေသော အစောင့်အကြပ်များကိုကြည့်ကာ

"သူတို့ကို ဖမ်းလိုက်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမိန့်သံအဆုံးတွင် အစောင့်အကြပ်များသည် လက်နက်ကိုယ်စီဖြင့် ကျောက်လှေကားပေါ်တွင်ရှိနေသော ဟုန်ဝေယင်းနှင့် ဝမ်းကြုံတို့ထံသို့ ပြေးလွှားသွားကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

(၇)

ဟုန်ဝေယင်းက ပြုံးလိုက်သည်။

သူတို့အား တိုက်ခိုက်ရန် လှေကားထစ်အတိုင်း ပြေးတက်လာကြသော အစောင့်အကြပ်များကို လုံးဝမကြည့်ပါ။ နောက်ထော နိုင်း၍ ဝမ်းကြုံမှာ ဒေါသထွက်သွားလေတော့၏။ ဟုန်ဝေယင်းအား မြင်ပြင်းကပ်လာသဖြင့် ...

"ဘယ်လိုပြိုင်မလဲ"

ဟုန်ဝေယင်းက ...

"ယောဒီမှာ ကြည့်ထား"

ပြောရင်း ခန္ဓာကိုယ်ကို ရှာစနဲလှည့်ကာ ပြေးတက်လာသော အစောင့်တစ်ယောက်အား ကန်ချလိုက်လေတော့သည်။

အစောင့်မှာ နောက်ကျောပေးထားသော ဟုန်ဝေယင်းအ ဓားဖြင့်ခုတ်ရန် ကြံရွယ်လိုက်စဉ် ဟုန်ဝေယင်းက ကန်ချလိုက်သ



ရှောင်တိမ်းနိုင်စွမ်း မရှိတော့ဘဲ ရင်ဝကို တိုက်ရိုက်အကန်ခံလိုက်ရတော့သည်။

"အား ..."

စူးရှစွာ အော်ဟစ်လိုက်ပြီး အောက်သို့ ပြုတ်ကျသွားလေသည်။

ထိုအခါမှ ဟုန်ဝေယင်းက တဟားဟားရယ်မောလိုက်ပြီး ...

"တွေ့လား၊ ခြေထောက်တစ်ချက် လူတစ်ယောက်"

ဝမ်းကြုံက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ယောဒီမှာ ကြည့်ဦး"

ပြောရင်း ခြေတစ်ချက်ဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်၏။

တစ်ဖန် လေထဲတွင် ကျွမ်းပစ်ကာ ဟုန်ဝေယင်းသည် နောက်ဘက်သို့ ရောက်ရှိသွား၏။

တစ်ဆက်တည်းမှာပင် ပြေးတက်လာသော အစောင့်တစ်ယောက်အား ကန်ချလိုက်ပြန်လေသည်။ သူ၏ လှုပ်ရှားမှုမှာ လျင်မြန်လှပြီး ငှက်တစ်ကောင်အလား ပေါ့ပါးနေလေသည်။ ထို့ကြောင့် ပြေးတက်လာသောအစောင့်မှာ ရှောင်တိမ်းရန် အချိန်မရဘဲ ရင်ဝတွင် အကန်ခံလိုက်ရ၏။

"အား ..."

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး အစောင့်မှာ ဒေါက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြုတ်ကျသွားတော့၏။ ထိုအခါမှ ဝမ်းကြီးက ဟုန်ဝေယင်းအား ပြုံး၍ကြည့်ကာ ...

"ဘယ့်နှယ်လဲ ... ခြေထောက်တစ်ချက် လူတစ်ယောက်ပဲ မဟုတ်လား"

ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ ဝမ်းကြီးက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဒီတစ်ခါ ငါကအရင် ပညာပြမယ်"

ပြောရင်း လှေကားအောက်သို့ ပြေးဆင်းသွားပြန်လေသည်။ အမှန်တော့ လှေကားပေါ်သို့ ပြေးတက်လာသော အစောင့်အကြပ်များအား တွန်းတိုက်ကာ ပြေးဆင်းသွားခြင်း ဖြစ်လေသည်။ သူက လက်နှစ်ဖက် အဆက်မပြတ်လှုပ်ရှားရင်း ပြေးဆင်းသွားသဖြင့် ...

"အား ..."

"အွန် ..."

"အမယ်လေး ..."

ကျယ်လောင်သောအော်ဟစ်သံများ ထွက်ပေါ်လာပြီး အစောင့်အကြပ်များမှာ ဖရိုဖရဲဖြစ်ကာ လှေကားအောက်သို့ ပြုတ်ကျကုန်ကြလေတော့သည်။

ထိုအပြင် အားလုံးပင်ဒဏ်ရာရရှိသွားကာ ပြန်မထနိုင်တော့ဘဲ သတိလစ် မေ့မြောသွားကြလေတော့၏။



ဟုန်ဝေယင်း ဒေါသထွက်သွားသည်။ အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"အေး ... မင်းအလှည့်ပြီးတော့ ငါ့အလှည့်ပေါ့ကွာ"

ပြောပြီးသည်နှင့် လှေကားထစ်အတိုင်းမဆင်းဘဲ နံဘေးမှ အောက်သို့ ခုန်ဆင်းလိုက်၏။

ထို့နောက် ဝမ်းကြီးတိုက်ခိုက်လိုက်သဖြင့် နောက်ဆုတ်သွားကြသော အစောင့်အကြပ်များ၏ အနောက် ဘက်မှဝင်ကာ တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

"ဝုန်း ... ဝုန်း ... ဝုန်း ..."

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး အစောင့်အကြပ်များမှာ မြေပေါ်သို့ လဲကျသွားကြလေတော့၏။

* * *

(၈)

လုဝမ်းထင်းမှာ ပါးစပ်ဟောင်းလောင်း ဖြစ်နေ၏။ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ကိုလည်း မယုံကြည်နိုင်စွာဖြင့် ငေးကြည့်နေမိထားသည်။

ဟုန်ဝေယင်းက တဟားဟား ရယ်မောလိုက်ပြီး လုဝမ်းထင်းအား လှမ်းရီလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့်လဲ ... ခင်ဗျားလူတွေက ကျုပ်တို့ကိုတောင် မနိုင်တာ ပင့်ကူရောက်လာရင် ဘယ်လိုလုပ်မလဲ" ဒိုး ဒိုး ဒိုး

လုဝမ်းထင်းမှာ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့အား ရှင်းပစ်လို၏။ သို့သော် ဟုန်ဝေယင်း၏စကားအရ မကြာမီ ပင့်ကူရောက်ရှိလာနိုင်ကြောင်း သဘောပေါက်မိလေသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကာ ...

"ကဲ ... မင်းတို့ရဲ့အစွမ်း ပြလိုက်ပါဦး"

ပြောရင်း လက်ဝှေ့ယမ်းပြလိုက်၏။ သူ၏ အမိန့်ပေးသံကို ကြားလိုက်ရသည်နှင့် ဘယ်သန်နှင့် ညာသန်တို့က ဓားကိုယ်စီဖြင့် ပြိုင်တူခုန်ထွက်သွားကြလေသည်။ တစ်ဆက်တည်းမှာပင် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား တဟုန်ထိုး တိုက်ခိုက်လိုက်ကြ၏။

ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။ ဤတွင် ... လုဝမ်းထင်းသည် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ထွက်ပြေးသွားရန် ကြိုးစားလိုက်လေတော့သည်။

* * *

(၉)

တိုက်ပွဲမှာ ပြင်းထန်နေ၏။



လုဝမ်းထင်းက ကျောက်လှေကားအနီးသို့ မသိမသာ ချဉ်းကပ်သွားလေသည်။ လုဝမ်းထင်း ထွက်ပြေးသွားမည်ကို ရိပ်မိထားသော ဝမ်းကြီးက ဘယ်သန်အားဖိ၍ တိုက်ခိုက်လိုက်ပြီး လုဝမ်းထင်းအနီးသို့ တိုးသွားရန် ကြိုးစားလိုက်သည်။

သို့သော် ဘယ်သန်က ဓားကိုဝှေ့ယမ်းရင်း ပြင်းထန်စွာတိုက်ခိုက်နေလေရာ ရှေ့မတိုးသာတော့ပါချေ။ ဟုန်ဝေယင်းမှာလည်း ညာသန်ကိုရှင်းပစ်ပြီး လုဝမ်းထင်းထံသို့ သွားလို၏။

သို့သော် ညာသန်က ဓားဖြင့်တိုက်ခိုက်နေပြီး သူက လက်ဖြင့်သာ ခုခံနေသောကြောင့် မလွှးသာ မလွန့်သာ ဖြစ်နေရ၏။

ထိုအချိန်တွင် လုဝမ်းထင်းမှာ ကျောက်လှေကားအနီးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ ထို့အပြင် အပေါ်သို့လှမ်းတက်သွားပေတော့သည်။ လုဝမ်းထင်းကို အလွှတ်ပေး၍ မဖြစ်ပါ။ သို့သော် လုဝမ်းထင်းကလည်း လွတ်ထွက်သွားတော့မည်။ ဟုန်ဝေယင်းမှာ အကြံမရသည့်နောက်ဆုံး အင်္ကျီအိတ်ထဲမှ ခွေးပေါင်ဒါမှုန့်ထုပ်အား နှိုက်ယူလိုက်ပြီး ...

"ငါ့ရဲ့အဆိပ်ကို ခံနိုင်ရင် ခံကြစမ်း"

ခွေးပေါင်ဒါမှုန့်မှာ အဖြူရောင် ဖြစ်သည်။ ဟုန်ဝေယင်းက ဆွဲယမ်းလိုက်သည်နှင့် အဖြူရောင်အမှုန့်များမှာ ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးသွားလေသည်။

ဘယ်သန်နှင့် ညာသန်တို့မှာ ထိတ်လန့်တုန်လှုပ်သွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ဗူးဗူးရှားရှား အော်ဟစ်လိုက်ကြကာ ချက်ချင်းပင် နောက်သို့ ဆုတ်သွားကြ၏။

လုဝမ်းထင်းမှာ ထိတ်လန့်တုန်လှုပ်သွားသော်လည်း လှည့်မကြည့်ဘဲ အပေါ်သို့ တချိုးတည်းပြေးတက်ကာ ထွက်ပြေးသွားလေသည်။ ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့က ပြိုင်တူတိုက်ခိုက်လိုက်ကြ၏။

ဘယ်သန်နှင့် ညာသန်တို့မှာမူ ခွေးပေါင်ဒါမှုန့်အား အဆိပ်ဟု ထင်မှတ်နေသဖြင့် အသက်ပင် မရှူဝံ့ကြပါချေ။ ထို့အပြင် ဆက်လက်တိုက်ခိုက်ရန် မဝံ့ရဲဘဲ ထွက်ပြေးသွားကြတော့၏။ သို့သော် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က မလွှတ်တမ်း တိုက်ခိုက်လိုက်ကြသောကြောင့် ...

"အား ..."

"အမယ်လေး ..."

ဗူးရှူးရှာ အော်ဟစ်လိုက်ကြပြီး မြေပေါ်သို့ လဲကျသွားကြလေတော့၏။ ထိုအချိန်မှာပင် ...

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး မြေအောက်ခန်းတံခါးမှာ ပိတ်သွားလေတော့သည်။

* * *



(၁၀)

မီးရောင်များမှာ ထိန်ထိန်လင်းနေ၏။

ထို့ကြောင့် မြေအောက်ခန်းတစ်ခုလုံးအား သဲသဲကွဲကွဲ တွေ့မြင်ရလေသည်။ မြေအောက်ခန်းအတွင်း ကောင်းစွာ မတ်တတ်ရပ်နိုင်သူဟူ၍ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့သာ ရှိနေလေတော့သည်။

လုဝမ်းထင်း၏ အစောင့်အကြပ်များမှာ ကြမ်းပြင်ပေါ်တွင် တုံးလုံးပက်လက် လဲကျနေကြ၏။ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် မြေအောက်ခန်းတံခါးသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ကဲ ... ဘယ်သူလဲ၊ မင်းနဲ့ငါနဲ့ ဘယ်သူ့ကိုသွားပြီး အစွမ်းပြကြဦးမလဲ"

ဝမ်းကြီးက စကားမပြောပါချေ။ မြေအောက်ခန်းတံခါးကိုသာ စိုက်ကြည့်နေ၏။ ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ...

"မင်း ..."

သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ အကြောင်းမှာ မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီ မဟုတ်ပါလား။

ဟုန်ဝေယင်းမှာ ရပ်ထိတ်သွားပြီးနောက် လှည့်ကြည့်လိုက်သည်။ ဝမ်းကြီးမှာလည်း လန့်ဖျပ်သွားပြီး လှည့်ကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တင်းစန်း၏ခန္ဓာကိုယ်မှာ အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ညည်းညူသံထွက်ပေါ်လာနေ၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြဲတို့မှာ ချက်ချင်းပင် တင်းစန်းထံသို့ ပြေးလွှားသွားကြ၏။ ထို့နောက် ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်ပြီး ကြမ်းပြင်ပေါ်သို့ အသာအယာ မွေ့ချပေးလိုက်သည်။ တင်းစန်းက ညည်းညူရင်း ...

"မြေ ... မြေပုံ ..."

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"မြေပုံ ဟုတ်လား၊ ဘာမြေပုံလဲ"

တင်းစန်းက မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဝေဒနာခံစားနေရသော မျက်နှာမှာ အံ့သြမှုအရိပ်အရောင်များ ဖြစ်သွား၏။ ရီဝေသော မျက်လုံးအစုံမှာ ဟုန်ဝေယင်းအား တွေ့လိုက်ရသည်နှင့် အရောင်တဖိတ်ဖိတ် တောက်ပလာပြီး ...

"ရ ... တ ... နာ ... မြေပုံ"

ယခုတစ်ကြိမ် မျက်လုံးပြူးကျယ်သွားရသူမှာ ဝမ်းကြဲတို့ဖြစ်လေသည်။ ဟုန်ဝေယင်းက တင်းစန်း၏ပါးကို လက်ဝါးဖြင့် အသာအယာ သုံးလေးချက်ပုတ်လိုက်ပြီး ...

"ရတနာမြေပုံ ဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်သူ့ဆီမှာလဲ"

တင်းစန်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထား၏။ ထို့ကြောင့် စကားကိုပင် အနိုင်နိုင် ပြောနေရလေသည်။



"ကျန်း ... ကျန်း"

ဟုန်ဝေယင်းမှာ အားမလိုအားမရဖြင့် ...

"ကျန်းချစ်ချစ်ဆီမှာလား"

တင်းစန်းက လိုရင်းကိုသာ အားတင်းပြောဆိုလိုက်၏။

"အမြန်ဆုံး ... ကျန်း ... အိမ်ကို လိုက် ..."

ဝမ်းကြဲနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ...

"ကျန်းမိသားစုအိမ်ကို လိုက်သွားနိုင်းတာထင်တယ်"

"ဟုတ်တယ်၊ လုဝမ်းထင်းက အဲဒီကို သွားလိမ့်မယ်လို့ ပြောတာဖြစ်နိုင်တယ်"

ဟုန်ဝေယင်းက တင်းစန်းအားကြည့်ကာ ...

"လုဝမ်းထင်း ကျန်းမိသားစုအိမ်ကို လိုက်သွားတယ်၊ ဟုတ်လား"

"..."

"လုဝမ်းထင်း လိုက်သွားတာလား၊ မြန်မြန်ပြောစမ်းပါ"

"..."

တင်းစန်းထံမှ တုံ့ပြန်သံဟူ၍ လုံးဝ မကြားရတော့ပါချေ။ ဟုန်ဝေယင်းက တင်းစန်းအား သေသေချာချာ ကြည့်လိုက်ပြီး လန့်ဖျပ်သွားကာ မွေ့ထားရာမှ လွှတ်ချလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး တင်းစန်းမှာ ကြမ်းပြင်ပေါ် သို့ ကျသွားတော့၏။ ဝမ်းကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွားသော် လည်း တင်းစန်း သေဆုံးသွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိ လေသည်။

ထို့ကြောင့် ဤနေရာမှ အနှောင်အဖွဲ့မရှိ အမြန်ဆုံးထွက်ခွာ သွားရန် အရေးကြီးနေပြီဟု သဘောပေါက်သဖြင့် တံခါးသို့ ပြေး လွှားသွားလေသည်။

သို့ရာတွင် ...

တံခါးဝသို့ ရောက်ရှိသွားသည်နှင့် မြေအောက်ခန်းတံခါးမှ အနိုင်အမာ ပိတ်ဆို့ထားကြောင်း တွေ့လိုက်ရလေတော့သည်။

* * *

(၁၁)

တံခါး မှာ သံမဏိတံခါး ဖြစ်၏။

ထို့ကြောင့် လူအင်အားဖြင့် တွန်းဖွင့်၍မရကြောင်း ဟုန်ဝေ ယင်းနှင့် ဝမ်းကြီးတို့က သဘောပေါက်လိုက်ကြလေသည်။ ဟုန်ဝေ ယင်းမှာ မည်သို့လုပ်ရမှန်းမသိ ငေးငိုင်သွား၏။

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေသည်



အတန်ကြာသည်အထိ နှစ်ယောက်စလုံး တိတ်ဆိတ်နေရာမှ ဟုန်ဝေ ယင်းက သက်ပြင်းတစ်ချက်ချကာ စကားစလိုက်၏။

"ဝမ်းကြီး ... တို့ ဒီအတိုင်းပဲ နေရတော့မှာလား"

ဝမ်းကြီးက ရုတ်တရက် အဖြေမပေးပါချေ။ သံမဏိတံခါးကို သာ စိုက်ကြည့်ပြီး ငေးငိုင်နေ၏။ ထို့ကြောင့် ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ...

"ဟော့ ... ငါပြောနေတာ မကြားဘူးလား၊ မင်း ဒီလိုငေးနေ လို့ တံခါးပွင့်မလာဘူး"

ဝမ်းကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။ ချက်ချင်းပင် ဟုန်ဝေယင်းဘက်သို့ လှည့်လိုက်ပြီး ...

"ကဲ ... ပြောစမ်းပါဦး၊ ဘယ်လိုလုပ်မှ တံခါးပွင့်မှာလဲ"

ဟုန်ဝေယင်းက တံခါးအား လက်ညှိုးညွှန်ရင်း ...

"တို့နှစ်ယောက်ပူးပေါင်းပြီး အတွင်းအားနဲ့ ဖြိုဖျက်လိုက်မှ ပွင့်သွားမှာပေါ့"

ဝမ်းကြီးက ပြုံးလိုက်မိ၏။

"မင်း မှားနေပြီ"

"ဘာဖြစ်လို့လဲ"

ဝမ်းကြီးက ဟုန်ဝေယင်းနည်းတူ တံခါးအား လက်ညှိုးညွှန် လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်နိုင်မာတဲ့ သံမဏိတံခါးကို ဘယ်လိုလုပ် ဖြိုဖျက်နိုင်မှာလဲ"

မဖြစ်နိုင်မှန်း သဘောပေါက်ထားသော ဟုန်ဝေယင်းမှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ သို့သော် ဝမ်းကြီးကို အလျှော့မပေးလိုသဖြင့် ...

"တို့တစ်တွေ လုပ်မကြည့်ဘဲပြောလို့ ဘယ်ဖြစ်မလဲ၊ လုပ်ကြည့် မှ သိမှာပေါ့၊ မင်းလိုသာ တံခါးကိုစိုက်ကြည့်နေရင် မျက်လုံးသာ ကျွတ်ကျလာမယ်၊ တံခါးပွင့်လာမှာ မဟုတ်ဘူး"

ဝမ်းကြီးမှာ အပြုံးမပျက်ချေ။

တံခါးကိုသာ စိုက်ကြည့်ရင်း ...

"မင်း ထင်လို့လား"

ဟုတ်ဝေယင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တံခါးကိုစိုက်ကြည့်လို့ ပွင့်လာမယ်ဆိုရင် မင်းဟာ ငါ့ထက်သာတယ်"

"ကောင်းပြီ"

ပြောပြီးသည်နှင့် ဝမ်းကြီးက တံခါးနံဘေးရှိ မီးတိုင်အား လှမ်းဆွဲလိုက်လေသည်။ ထို့နောက် ဝဲယာ လှုပ်ရှားကြည့်လိုက်သော အခါ ...

"ကျွိ ..."



မြည်သံတစ်ချက် ထွက်ပေါ်လာပြီး တံခါးပွင့်သွားလေတော့သည်။ ဝမ်းကြီးက အားရပါးရပြုံးလိုက်ပြီး ...

"မင်းထက် ငါသာတယ်ဆိုတာ လက်ခံပြီလား"

ဟုန်ဝေယင်းက ခေါင်းခါယမ်းပြလိုက်ပြန်၏။

"အိုး ... မင်းက စိုက်ကြည့်ရုံတင် စိုက်ကြည့်တာ မဟုတ်ဘူး၊ စက်ယန္တရားအကြောင်း နားလည်ထားလို့ လက်နဲ့ဆွဲဖွင့်နိုင်တာ၊ ဒါ ငါ့ထက်သာတယ် ခေါ်မလား"

ဝမ်းကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဟုန်ဝေယင်းက ဆက်ပြောလိုက်၏။

"ငါပြောတာ မင်းမျက်စိနဲ့ စိုက်ကြည့်လို့ တံခါးပွင့်လာရင် ငါ့ထက်တော်တယ်၊ အခုတော့ လက်လှုပ်လို့ တံခါးပွင့်တာ ဘာမှ မဆိုင်ဘူး၊ ဟား ... ဟား ... ဟား ..."

ပြောပြီးသည်နှင့် တဟားဟား ရယ်မောလိုက်လေတော့၏။ ထို့နောက် အခန်းတွင်းမှ လှမ်းထွက်လိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပြစ်မဲ့မေတ္တာရှင်နှင့် ဝံပုလွေဆန်သောလူ

## (၁)

ကျန်းမိသားစုအိမ် ...

ကျန်းမိသားစုအိမ်မှာ ကျန်းလို ကွယ်လွန်သွားပြီးနော

အဆောင့်အကြပ်များ မထားရှိတော့ပေ။

အိမ်ဖော်သုံးလေးယောက်နှင့် ကျန်းချစ်ချစ်၊ ကျန်းစုရယ်

နေထိုင်ကြလေသည်။

ကျန်းလုံပိုင်ဆိုင်သော ခိုက်တင့်မြို့မှ အပေါင်ခံဌာနကို ဆ

လက်ဖွင့်ထားခြင်းဖြင့် စားရေးသောက်ရေးကိစ္စများအတွက် ပူပင်

မလိုတော့ပါချေ။

မည်သို့ဆိုစေ ခိုက်တင်မြို့မှ လူအများက ကျန်းမိသာ

အလွန်ချမ်းသာပြီး အတွင်းပစ္စည်း အမြောက်အမြားရှိနေသ

ယူဆထားကြလေသည်။



ယနေ့ လုဝမ်းထင်းနှင့် ဝမ်းအော့တို့မှာ ကျန်းမိသားစုအိမ်သို့ အလွယ်တကူ ဝင်ရောက်လာနိုင်ခဲ့ကြ၏။ လုဝမ်းထင်းမှာ ဟုန်ဝေ ယင်းနှင့် ဝမ်းကြီတို့အား မြေအောက်ခန်းတွင် ပိတ်ထားခဲ့ပြီး လူယုံ တော် ဝမ်းအော့ကိုခေါ်ကာ ထွက်လာခဲ့ကြခြင်း ဖြစ်၏။

ဝမ်းအော့မှာ ဘယ်သန်နှင့် ညာသန်တို့ထက် အားကိုးရသူ ဖြစ်ကြောင်း သူကယုံကြည်ထားလေသည်။ ကျန်းမိသားစုအိမ်အတွင်း သို့ ပိုင်စိုးပိုင်နင်း ချင်းနင်းဝင်ရောက်ခဲ့ကြပြီးနောက် ကျန်းစုရယ် ရှာအခန်းသို့ ရှာဖွေကာ ဝင်ရောက်ခဲ့ကြ၏။

တစ်ခန်းပြီးတစ်ခန်း ရှာဖွေရင်း နောက်ဆုံး ကျန်းစုရယ်၏ ခန်းသို့ ရောက်ရှိသွားလေတော့သည်။

* * *

## (၂)

ကျန်းစုရယ်မှာ အိပ်ရာထဲ၌ လဲလျောင်းနေ၏။

လုဝမ်းထင်းနှင့် ဝမ်းအော့တို့ ဝင်ရောက်လာသည်ကို တွေ့မြင် သည်နှင့် ကျန်းစုရယ်အား ပြုစုနေသော အထိန်းတော်ကြီးဝမ်းမှာ တ်လန့်သွားကာ တုန်လှုပ်စွာ မေးမြန်းလိုက်မိလေတော့၏။

"ရှင် ... ရှင်တို့ ဘာလာလုပ်ကြတာလဲ"

သူတို့၏အသံကြောင့် ကျန်းစုရယ်မှာ အိပ်ပျော်ရာမှ လန့်နိုး

www.burmeseclassic.com

www.burmeseclassic.com



လာလေတော့၏။ ချက်ချင်းပင် လုဝမ်းထင်းအား မြင်တွေ့သွားပြီး စားပြဗိုလ်ကြီးဝူးတိဖြစ်ကြောင်း မှတ်မိသွားလေသည်။ ထိုအခါ ထိတ်လန့်ကြောက်ရွံ့သွားပြီး ထစ်ထစ်အအဖြင့် အော်ဟစ်လိုက်မိ၏။

"ရှင် ... ရှင် ..."

စားပြဗိုလ်ကြီးဝူးတိ (ဝါ) လုဝမ်းထင်းမှာ သူမ၏အစ်ကို ကျန်းလုံနှင့် မိတ်ဆွေဖြစ်ပြီး သူမ၏ချစ်သူ ဟန်ချန်း (ဝါ) ပင့်ကူအား သတ်ဖြတ်ရန် ကြိုးစားခဲ့သူဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် လုဝမ်းထင်းအား အခဲမကျေနိုင်ဘဲ ဖြစ်နေလေ၏။ မည်သို့ဆိုစေ ရောဂါဝေဒနာဖြင့် အိပ်ရာထဲ၌ လဲနေသောကြောင့် သိုင်းပညာကို အသုံးမပြုနိုင်တော့ပါချေ။

လုဝမ်းထင်းအား မည်သို့ ရင်ဆိုင်ရမည်နည်း။ လုဝမ်းထင်းက ဝမ်းအော့အား ကြည့်လိုက်ပြီး ...

"သူ့ကို ဆွဲထုလိုက်စမ်း"

ဝမ်းအော့က ဦးညွှတ်လိုက်ပြီး ကျန်းစုရယ်အနီးသို့ ချဉ်းကပ်သွား၏။ ဘွားဘွားဝမ်းမှာ ကျန်းစုရယ်ရှေ့တွင် ကာကွယ်ရင်း ...

"ရှေ့မတိုးနဲ့"

ဝမ်းအော့က လုဝမ်းထင်းအား လှည့်ကြည့်လိုက်လေသည်။ လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်နှင့် ...

"အဘွားကြီး ဖယ်စမ်း"



ဘွားဘွားဝမ်းမှာ ဘေးဖယ်သွားခြင်း မရှိပါချေ။ ဝမ်းအော့မှာ ဒေါသထွက်လာကာ ...

"သေချင်ပြီနဲ့တူတယ်"

ပါးစပ်က ပြောလိုက်သော်လည်း လက်ကမူ ဘွားဘွားဝမ်း၏ ရင်ဝသို့ ရိုက်ချလိုက်၏။ ဘွားဘွားဝမ်းမှာ သိုင်းပညာမတတ်သည့် အပြင် အတွင်းအားမရှိသောကြောင့် လက်ဝါးတစ်ချက်နှင့်ပင် လဲကျသေဆုံးသွားလေတော့သည်။

ကျန်းစုရယ်မှာ ဘွားဘွားဝမ်း သေဆုံးသွားသည်ကို တွေ့ရသောအခါ ဒေါသအမျက်ချောင်းချောင်း ထွက်သွားပြီး ...

"ရှင် ... ရှင်တို့ လူယုတ်မာတွေ"

သူမ၏စကားမဆုံးမီ ဝမ်းအော့က လက်ပြန်တစ်ချက် ရိုက်ချလိုက်၏။ 'ဝုန်း'ခနဲ ကျန်းစုရယ် လဲကျသွားသည်နှင့် လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး အနီးသို့ တိုးကပ်သွား၏။ ကျန်းစုရယ်မှာ အော်ဟစ်ရန်ပင် သတိမရတော့ပါချေ။ လုဝမ်းထင်းမှာ သူမအနီးသို့ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်ပါသည်။

* * *

(၃)

မြှင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူယောင်ဟူ၍ လုံးဝ မတွေ့ရပါချေ။ ဟုန်ဝေယင်းနှင့်
ဝမ်းကြဲ့တို့ ခြံဝင်းထဲသို့ ဝင်ရောက်လာသောအခါ မည်သူ့ကိုမှ
မတွေ့ရသဖြင့် အံ့သြသွားကြလေသည်။ ဟုန်ဝေယင်းက ဝမ်းကြဲ့အား
ကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ၊ တိတ်ဆိတ်လှချည်လား၊ လုဝမ်းထင်းတို့လူစ
မရှိတော့ဘူးနဲ့ တူတယ်"

ယခုအခါတွင်မှ ဟုန်ဝေယင်း၏ ထင်မြင်ချက်ကို ဝမ်းကြဲ့
ကလည်း သဘောတူညီစွာ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ တို့ မြန်မြန်သွားကြည့်ရအောင်"

ပြောပြီးသည်နှင့် အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားကြ
လေသည်။ အဆောက်အအုံမှာ ကြီးကျယ်ခမ်းနားပြီး အခန်းပေါင်း
မြောက်မြားစွာ ရှိနေ၏။

ထို့ကြောင့် သူတို့နှစ်ယောက်မှာ အတန်ကြာ ရှာဖွေကြည့်လိုက်
မှ လူနှစ်ယောက်အား တွေ့လိုက်ရသည်။ သို့သော် ထိုလူနှစ်ယောက်
စလုံးမှာ သေဆုံးနေကြပြီ ဖြစ်ပါသည်။ ဟုန်ဝေယင်းက ဘွားဘွား
ဝမ်းကို မှတ်မိထား၏။ ကျန်အမျိုးသမီးကြီးတစ်ယောက်ကိုမူ မသိပါ
ချေ။ အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ ဝမ်းကြဲ့ဘက်သို့ လှည့်
လိုက်ပြီး ...

"သူက ဘယ်သူလဲ မင်းသိသလား"



ဝမ်းကြဲ့က အနည်းငယ်စဉ်းစားလိုက်သည်။ ပြီးမှ ခေါင်းညိတ်
ကာ ...

"သူဟာ ကျန်းစုရယ် ဖြစ်လိမ့်မယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ မျက်
လုံးပြူးသွားမိလေတော့သည်။

"ကျန်းစုရယ် ဟုတ်လား"

"ဖြစ်နိုင်တယ်၊ ဒီအိမ်မှာ ဘွားဘွားဝမ်းကလွဲရင် ကျန်းစုရယ်
ပဲ ရှိမှာပေါ့"

"ဒါဖြင့် လုဝမ်းထင်းတို့ သူ့ဆီက ရတနာမြေပုံကို ရသွားပြီ
ထင်တယ်"

"ဖြစ်နိုင်တယ်"

ဝမ်းကြဲ့၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ
ဒေါကန်သွားလေသည်။

"မင်းပြောလိုက်ရင် ဖြစ်နိုင်တယ်ချည်းပဲ၊ ဘယ်လိုဖြစ်နိုင်တယ်
ဆိုတာ ပြောပြဦးမှပေါ့"

ဝမ်းကြဲ့ ပြုံးလိုက်ပြီး ...

"လုဝမ်းထင်းတို့ လိုချင်တာ ရသွားလို့သာ အခုလို ကျန်းစု
ရယ်ကို သတ်ပစ်လိုက်တာ ဖြစ်မှာပေါ့၊ ရတနာမြေပုံ မရသေးသ
သတ်ပစ်ပါ့မလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းမှာ ရင်လေးသွားမိ၏။ လူဝမ်းထင်းက ရတနာ မြေပုံကို ရသွားပြီဆိုလျှင် ရတနာများကို လိုက်လံရှာဖွေပေတော့မည်။ ဤသို့ဆိုလျှင် သူတို့ လက်လွှတ်ဆုံးရှုံးသွားမည် မဟုတ်ပါလား။ ရတနာများအား လိုချင်သည့်စိတ် တဖွားဖွားပေါ်ပေါက်လာပြီး ဝမ်းကြိုအား တိုက်တွန်းပြောဆိုလိုက်မိသည်။

"ကဲ... ဒါဆို ငါတို့ လူဝမ်းထင်းနောက်ကို မြန်မြန်လိုက်ကြရ ထင်တယ်"

ဝမ်းကြိုက မဲပြုံးပြုံးလိုက်သည်။

"သူတို့ ဘယ်ကိုသွားတယ်ဆိုတာ မင်း သိလို့လား"

ဟုန်ဝေယင်းမှာ မည်သို့ ပြန်ပြောရမှန်းမသိ ပါးစပ်ပိတ်ထား လိုက်ရလေသည်။ ဝမ်းကြိုက ဆက်ပြောလိုက်သည်။

"အရေးအကြီးဆုံးက လူဝမ်းထင်းရဲ့နောက်ကို လိုက်သွားဖို့ လိုတယ်၊ ဒါပေမယ့် သူတို့ ဘယ်သွားမှန်း မသိတော့..."

သူ၏စကားမဆုံးမီ ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက် လေသည်။

"အပိုတွေ ပြောမနေနဲ့၊ မသိဘူးလို့ ရှင်းရှင်းပြောလိုက်ပါလား"

ဝမ်းကြိုက ခေါင်းခါယမ်းလိုက်သည်။

"လူဝမ်းထင်းတို့ သွားတဲ့နေရာကို ငါ မသိပေမယ့် သိအောင် လုပ်လို့ရတယ်"



သူ၏စကားကို ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ မျက် နှာပြုံးကျယ်သွားလေသည်။

ဝမ်းကြိုအား အံ့သြစွာဖြင့်ကြည့်ရင်း...

"မင်း သိအောင်လုပ်နိုင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ပြောစမ်းပါဦး၊ ဘယ်လိုလုပ်မှာလဲ"

ဝမ်းကြိုက အနည်းငယ်စဉ်းစားပြီးမှ ဟုန်ဝေယင်းအားကြည့် ကာ ပြောလိုက်၏။

"မင်းရဲ့အကူအညီ နည်းနည်းလိုတယ်"

"ဘာ... ငါ့ရဲ့အကူအညီ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းအစ်ကိုရဲ့ အကူအညီဆိုရင် ပိုပြီး မှန်မယ်"

ဝမ်းကြို၏မျက်နှာမှာ ပြုံးစိစိ ဖြစ်နေ၏။ ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ...

"ငါ့မှာ အစ်ကိုမှ မရှိ..."

စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ပါချေ။ တစ်ချိန်က ဝမ်းကြိုပြောခဲ့သည့် စကားများကို ပြန်လည်အမှတ်ရလာမိ၏။

တကယ်တော့ အာကျယ်၏ချွေးမိန်အား သူ့အစ်ကိုဟု ပြောခဲ့ သည် မဟုတ်ပါလား။ ဟုန်ဝေယင်း၏မျက်နှာမှာ နီရဲသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ပြန်လည်ချေပခြင်း မပြုပါချေ။ အကြောင်းမှာ အာကျယ်ထံမှ ခွေးပိန်ကိုငှား၍ လုဝမ်းထင်းတို့နောက်သို့ အချိန်မီ လိုက်ရဦးမည် မဟုတ်ပါလား။

သို့မဟုတ်ပါက လုဝမ်းထင်းမှာ ရတနာများကို ရှာဖွေယူသွားပေတော့မည်။ ဟုန်ဝေယင်းမှာ ဝမ်းကြီးအား လှည့်ပင်မကြည့်ဘဲ အခန်းတွင်းမှ ပြေးထွက်သွားတော့၏။

ဝမ်းကြီးက သဘောကျစွာ ရယ်မောလိုက်ပြီး နောက်မှ ပြေးလိုက်သွားလေတော့သည်။

* * *

(၄)

အရှေ့ဘက်တွင် နေဝန်းနီမှာ ထွက်ပေါ်လာပြီ ဖြစ်သည်။

ခိုက်တင်မြို့ကလေးမှာ နံနက်ခင်း၏ အလင်းရောင်အောက်တွင် လှုပ်ရှားသက်ဝင်လာပြီ ဖြစ်ပါသည်။

ဈေးရောင်းရန် သွားကြသူများ၊ တစ်မြို့တစ်ရွာသို့ ခရီးထွက်သူများ စသည်စသည် မြို့သူမြို့သားများမှာ လမ်းမကြီးများပေါ်တွင် ဥဒဟို သွားလာနေကြ၏။

သို့သော် လူနေအိမ်ခြေ နည်းပါးသည့် အာကျယ်နေထိုင်ရာ လမ်းကြားကလေးတွင်မူ လှုပ်ရှားသွားလာမှု မရှိသေးပါ။



လမ်းကြားကလေးအတွင်း နေထိုင်ကြသူများမှာ ညဉ့်နက်စံကာ အလုပ်လုပ်ရသောကြောင့် အိပ်ရာမှ မထကြသေးပါချေ။ အကယ်၍ စောစီးစွာ အိပ်ရာထမိသူ ရှိမည်ဆိုပါလျှင် လမ်းကြားကလေးအတွင်း မရှူမလှ သေဆုံးနေသော အာကျယ်နှင့် သူ့တပည့်တို့၏အလောင်းများကို တွေ့မြင်သွားပေတော့မည်။

ဤသို့ဆိုလျှင် ချက်ချင်း သတင်းပြန့်သွားကာ အုတ်အုတ်ကျက်ကျက် ဖြစ်လာနိုင်၏။ ယခုအချိန်အထိ မည်သူကမျှ မတွေ့ကြသေး၍သာ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့ ရောက်ရှိလာသောအခါ တွေ့မြင်လိုက်ရလေတော့သည်။

* * *

(၅)

ဟုန်ဝေယင်း၏မျက်နှာမှာ မည်းမှောင်နေ၏။

အာကျယ်၏အလောင်းနံဘေး၌ ဒူးထောက်ထိုင်နေပြီး အံကို တင်းတင်းကြိတ်ထားမိလေသည်။ မသိမသိုင်း အပြစ်မဲ့သော အာကျယ်မှာ သူတို့အား ကူညီခဲ့သဖြင့် သေဆုံးသွားရပြီ မဟုတ်ပါလား။

ဝမ်းကြီးမှာ ဆိုင်လုလင်၏အလောင်းကို သေသေချာချာ စစ်ဆေးကြည့်ရှုနေ၏။ တစ်ဖန် ဟုန်ဝေယင်းအနီးသို့ လျှောက်လာပြီး အာကျယ်၏အလောင်းကို အကဲခတ်ကြည့်ရှုလိုက်ပြန်သည်။

www.burmeseclassic.com



အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ...

"အင်း ... လူသတ်သမားဟာ တစ်ယောက်တည်း မဟုတ်ဘူ
နှစ်ယောက် ဖြစ်နိုင်တယ်"

သူ၏စကားကြောင့် ဟုန်ဝေယင်းမှာ ဆတ်ခနဲ ခေါင်းထော
လာ၏။ ဝမ်းကြီးအား စိုက်ကြည့်ရင်း ...

"ဘာ ... လူသတ်သမားက နှစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

ဟုန်ဝေယင်းက ခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး၊ အာကျယ်တို့ကိုသတ်တာ ကောင်းမော်ပဲ ဖြ
ရမယ်၊ ငါ သူ့ကို မကျေဘူး"

ဝမ်းကြီးက သက်ပြင်းချလိုက်ပြန်သည်။

"မင်း ဒီလိုတစ်ထစ်ချယူဆလို့ ဘယ်ဖြစ်မလဲ"

ဟုန်ဝေယင်းက အေးတိအေးစက်အသံဖြင့် ခေါင်းမာစွာ ...
လိုက်၏။

"လူသေအလောင်းနှစ်ခုမှာ တစ်ခုနဲ့တစ်ခု ဒဏ်ရာရပုံ
မတူလို့ လူသတ်သမားနှစ်ယောက် ဖြစ်နိုင်တယ်လို့ မင်း မြေ
တာ မဟုတ်လား"

ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"



ဟုန်ဝေယင်းက ခူးခူးရှရှ ရယ်မောလိုက်၏။

သူ၏ပုံသဏ္ဌာန်မှာ အရူးတစ်ယောက်နှင့်ပင် ခပ်ဆင်ဆင်
တူနေသေးတော့၏။ ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားကာ ဟုန်ဝေ
ယင်းအား လှမ်းငေါက်လိုက်၏။

"မင်း ဘာရယ်တာလဲ"

ယန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ...

"ကောင်းမော်ကို မင်း အထင်သေးရင် မှားမှာပေါ့၊ ကောင်း
မော်ဟာ ခေတ္တဲလူ မဟုတ်ဘူး၊ လက်နက်မျိုးစုံ အသုံးချနိုင်တယ်၊
ိုင်းပညာကွက်ပေါင်း အများကြီးတတ်ထားတယ်ဆိုတာ မင်း မှတ်
ထားပါ"

ဝမ်းကြီးက မျက်နှာထား တည်ကြည်စွာဖြင့် ...

"အေး ... သူတို့နှစ်ယောက်ရဲ့အလောင်းကို မင်း သေသေချာ
ချာ အကဲခတ်ကြည့်ရင် ထူးခြားတာတွေ့ရလိမ့်မယ်"

မည်သို့ဆိုစေ ဟုန်ဝေယင်းမှာ ဦးနှောက်ကို အသုံးပြု၍ အပင်
ပန်းခံကာ စဉ်းစားမည့်သူ မဟုတ်ပါချေ။ ထို့ကြောင့် ဝမ်းကြီးကိုပင်
...လည်မေးခွန်း ထုတ်လိုက်၏။

"ဘာလဲ ... မင်းက ထူးခြားချက် တွေ့ထားတယ်ပေါ့"

"ဟုတ်တယ်"

"ဘယ်လို ထူးခြားချက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဝေယင်းက နားမလည်နိုင်စွာ မေးလိုက်၏။

ဝမ်းကြီးက ဆိုင်လုလင်အား လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဆိုင်လုလင်ဟာ ကောင်းမော်ရဲ့ပုလွေကြောင့် သေရတာ... သူရဲ့ရင်ဝမှာ ဒဏ်ရာရှိနေတယ်"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ဝမ်းကြီးအ... လှည့်မေးလိုက်မိ၏။

"အာကျယ်တစ်ယောက် ဘယ်သူ့လက်ချက်နဲ့ သေရတာ...

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွား၏။ တစ်စုံတစ်ခုအ... အလေးအနက် စဉ်းစားနေဟန် ရှိလေသည်။ အတန်ကြာမှ သက်... တစ်ချက်ချကာ ...

"ငါလည်း သေသေချာချာ မပြောတတ်ဘူး၊ အာကျယ်... လုံးဝ မမျှော်လင့်ထားတဲ့ လူတစ်ယောက်ရဲ့ လက်ချက်ကြောင့်... သွားရတာဖြစ်မယ်၊ သူကိုယ်တိုင်လည်း အဲဒီလူက သူ့ကို သတ်... မယ်လို့ မထင်ဘူး"

ဟုန်ဝေယင်း အံ့သြသွားမိသည်။ သူသည် ဝမ်းကြီးအား... မလည်နိုင်စွာကြည့်ကာ ...

"မင်း ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ဝမ်းကြီးက အာကျယ်၏မျက်နှာအား လက်ညှိုးညွှန်ပြ... ပြီး ...



"သူဟာ သေသွားပေမယ့် မျက်လုံးပြူးကျယ်နေတာထောက်ရင် အံ့သြထိတ်လန့်မှုက လွှမ်းမိုးသွားခဲ့တယ်လို့ ပြောရမယ်"

"ဒါဖြင့် သူ့ကို ဘယ်သူသတ်တယ် ထင်သလဲ"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ကာ ...

"ဒါတော့ ကျုပ် မပြောတတ်ဘူး"

ဟုန်ဝေယင်းမှာ တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့် ...

"ကျန်းချစ်ချစ်ကော မဖြစ်နိုင်ဘူးလား"

ဝမ်းကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဟုန်ဝေယင်းက ဆက်ပြောလိုက်၏။ အမှန်တော့ သူ၏ထင်မြင်ချက်ကို သူ့ဘာသာ ပြန်လည်ချေဖျက်လိုက်ခြင်းသာ ဖြစ်၏။

"ကျန်းချစ်ချစ်ဟာ အင်မတန် နုနယ်တဲ့ မိန်းကလေး တစ်ယောက်ပဲ၊ သူက လူတစ်ယောက်ကို သတ်ပစ်မယ် မထင်ဘူး"

ဝမ်းကြီးက သက်ပြင်းချကာ ...

"လောကကြီးမှာ မထင်မှတ်တဲ့ကိစ္စတွေ အများကြီးဖြစ်တတ်တယ်၊ တကယ်လို့သာ ကျန်းချစ်ချစ်သာ လူသတ်သမားတစ်ယောက်ဖြစ်နေရင် အင်မတန် ကြောက်စရာကောင်းတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

ဟုန်ဝေယင်းမှာ တွေဝေငေးငိုင်သွားလေသည်။ ဝမ်းကြီးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းချစ်ချင်သာ လူဆိုးဖြစ်နေရင် တို့အယူအဆတွေ အလုံး မှားပြီလို့ ဆိုရမယ်၊ တို့ဟာ သူ့ရဲ့အကြံအစည်အတိုင်း လှုပ်ရှားနေသလို ဖြစ်နေတာပေါ့"

ဟုန်ဝေယင်းက ဝမ်းကြှုံအား အကဲခတ်ကြည့်လိုက်ပြီး .

"မင်းပြောတာ ငါ တစ်ခုမှ နားမလည်ဘူး"

ဝမ်းကြှုံ ပြုံးလိုက်သည်။

"သေသေချာချာ စဉ်းစားကြည့်ရင် နားလည်လာမှာပါ"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်သည်။ သို့သော် နားမလည်ဟန်ဖြင့် ဝမ်းကြှုံအား မော့ကြည့်ကာ ...

"မင်း နည်းနည်းအစဖော်ပေးမှ ငါ စဉ်းစားလို့ ရမှာပေါ့"

"ကောင်းပြီ ... မင်းနဲ့ငါဟာ အမြဲတမ်း အဆင်ပြေနေသလား"

ဟုန်ဝေယင်းက မျက်လုံးပြူးဖြင့် ...

"ဟာ ... မင်းနဲ့ငါက အမြဲတမ်း တကျက်ကျက် ရန်ဖြစ်နေကြတာ၊ အမြဲတမ်း အတိုက်အခံဖြစ်နေကြတာ မဟုတ်လား"

ဝမ်းကြှုံက သဘောကျစွာ ပြုံးလိုက်ပြီး ...

"အေး ... ဒါကြောင့်လည်း တို့တစ်တွေကို ဒီကိစ္စထဲမှာ ပါဝင်လာအောင် အကွက်ဆင်ခဲ့တာပေါ့"

ဟုန်ဝေယင်းမှာ သေသေချာချာ နားမလည်သော်လည်း ရှေ့ဆက်သိလိုသဖြင့် ...



"ကဲ ... ဒါတွေ ထားလိုက်ပါတော့၊ ဘာကြောင့် ပါဝင်လာအောင် အကွက်ဆင်ပြီး ဒီကိစ္စထဲ ဆွဲသွင်းခဲ့ရတာလဲ"

"မင်းနဲ့ငါဟာ ဖြတ်ထိုးဉာဏ်ကောင်းတယ်၊ သိုင်းပညာလည်းဘူး၊ ဒါကြောင့် သဲလွန်စတစ်ခုရရင် အဖြေပေါ်အောင် ရှာတွေ့မယ်၊ အဖြေပေါ်တဲ့အခါမှာ အကွက်ဆင်တဲ့လူက တို့တစ်တွေကို ပစ်လိမ့်မယ်"

ဟုန်ဝေယင်းမှာ ရင်ထိတ်သွားပြီး ...

"အခု အဖြေပေါ်ပြီလား"

ဝမ်းကြှုံက ခေါင်းခါယမ်းလိုက်သည်။

"အခုတော့ မဟုတ်သေးဘူး၊ ဒါပေမယ့် မကြာခင် အဖြေလာတော့မယ်"

သူ၏စကား ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ ဝမ်းသာခဲ့လေသည်။ ဝမ်းကြှုံ၏ စကားအတိုင်းဆိုလျှင် အဖြေပေါ်သော အကွက်ဆင်သူက သူတို့အား သတ်ပစ်ပေလိမ့်မည်။

ထိုအခါမှ အကွက်ဆင်သူအား မျက်နှာချင်းဆိုင် ရင်ဆိုင်ရမဟုတ်ပါလား။ ယင်းသို့ တွေးမိလိုက်ရသဖြင့် ဟုန်ဝေယင်းက ဟားဟား ရယ်မောလိုက်သည်။

"ဟား ... ဟား ... မင်း အဖြေမှန် ဖော်ထုတ်နိုင်ရင် အကောင်းဆုံးပဲပေတော့၊ ဒါမှ မင်းပြောသလို အကွက်ဆင်တဲ့လူနဲ့ တွေ့ရမှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြိုက ခေါင်းညိတ်ပြလိုက်၏။

"ငါကလည်း အမြန်ဆုံး ဖော်ထုတ်ချင်တာပဲ၊ ဒါပေမယ့်

သူ၏စကားမဆုံးမီ ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက်

"ဘာလဲ ... မင်းက ခွေးပိန်ရဲ့အကူအညီ လိုချင်တယ်

တော့"

"ဟုတ်တယ်၊ အာကျယ်သေသွားတော့ ခွေးပိန်လည်း

သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသ

အကြောင်းမှာ လမ်းကြားကလေး၏ တစ်ဖက်ထိပ်မှ ခွေးတစ်

ပြေးလာနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ဝေယင်း၏မျက်နှာမှာ ပြုံးရွှင်သွား၏။ ပြေးလာနေသော ခွေး

ကြည့်ရင်း သူသည် ဟုန်ဝေယင်းအား လှမ်းပြောလိုက်လေ

"အာကျယ်မှာ ခွေးတစ်ကောင် ကျန်ခဲ့တာ ဝမ်းသာ

အဲဒီခွေးက သူ့ကို သတ်တဲ့လူ ဖော်ထုတ်ပေးလိမ့်မယ်"

ထိုစဉ် ပြေးလာသောခွေးမှာ သူတို့အနီးသို့ ရောက်လ

ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့က ပြိုင်တူ လှည့်ကြည့်လိုက်သော

အမှန်ပင် အာကျယ်၏ခွေးပိန် ဖြစ်နေသည်ကို တွေ့မြင်လိုက်

တော့သည်။

* * *



(၆)

ဝမ်းအော့ ရှေ့ကလျှောက်သွားနေ၏။

လုဝမ်းထင်းက နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားနေ

သည်။ ယခုအခါ သူတို့သည် ကျန်းမိသားစု အိမ်အတွင်းမှ

ထွက်ခွာလာခဲ့ကြပြီး ဖြစ်သည်။ ကျန်းစုရယ်မှာ နိပ်စက်ညှဉ်းပမ်းမှု

ကို မခံနိုင်ဘဲ နောက်ဆုံး၌ ပင့်ကူ (ဝါ) ဟန်ချန်းပေးထားခဲ့

သော ရတနာမြေပုံအား ထုတ်ပေးလိုက်ရလေသည်။

ရတနာမြေပုံ ရပြီးသည်နှင့် နှုတ်ပိတ်သည့်သဘောနှင့် ကျန်းစု

ကိုပါ ရှင်းပစ်ခဲ့၏။ မလွဲမရှောင်သာ၍ လုပ်ခဲ့ရသော်လည်း

ဝမ်းထင်းမှာ စိတ်မကောင်းမဖြစ်ချေ။ မကြာမီ ရရှိလာတော့မည့်

ရတနာများကို မြင်ယောင်ကာ ဝမ်းသာနေလေသည်။

ရတနာမြေပုံအား ကြည့်လိုက်သည်နှင့် မည်သည့်နေရာသို့

သွားရမည်ကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ချက်ချင်းပင် ဝမ်းအော့နှင့်

အတူ ကျန်းမိသားစုအိမ်မှ ထွက်ခွာလာခြင်း ဖြစ်သည်။

ထို့အပြင် ရတနာမြေပုံအညွှန်းပါ အိမ်ကြီးတစ်လုံးသို့ ရောက်

လာကြ၏။ အမှန်တော့ ယင်းအိမ်မှာ လုဝမ်းထင်းနှင့် ဝမ်းကြိုတို့

ချစ်ချစ်အား ကယ်တင်ရန် ရောက်ခဲ့ဖူးသော ဟန်ချန်၏ အိမ်

ဟောင်းကြီးပင် ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၇)

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေ၏။

အစလှကျပေါက်နေသော မြက်ပင်ရှည်များမှာ ခြံဝင်းတစ်

လုံးအား ဖုံးလွှမ်းထားပြီး လေတိုက်ခတ်လိုက်သည့်အခါ ယိမ်းသ

များ ယိမ်းကနေသည့်သဏ္ဌာန် ဖြစ်ပေါ်နေ၏။

ဝါးပင်များ၊ သစ်ပင်များမှာ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသဖြ

အဝေးမှကြည့်လျှင် တောအုပ်တစ်ခုဟုပင် ထင်ရလေသည်။ သို့သော်

တောအုပ်တစ်ခုဟုပင် ထင်ရလေသည်။ သို့သော် တောအုပ်တစ်ခုက

မဟုတ်ပါချေ။

အကြောင်းမှာ အလယ်တွင် အဆောက်အအုံတစ်ခုလုံး ရှိ

သည် မဟုတ်ပါလား။ ဤအဆောက်အအုံမှာ တစ်ချိန်က သိုင်းလော

ကတွင် ဒုက္ခပေးခဲ့သော ဓားပြတစ်ယောက်ဖြစ်သည့် ပင့်ကူ (ဝါ)

ဟန်ချန်း၏နေအိမ်ပင် ဖြစ်ပါသည်။

လုဝမ်းထင်းနှင့် ဝမ်းအောင့်တို့မှာ ခြံဝင်းအတွင်းသို့ ရောက်

လာသည်နှင့် မြေပုံ၌ပါသော အညွှန်းအတိုင်း အနောက်ဘက်သို့

တွေ့ပတ်လျှောက်သွားကြ၏။ အနောက်ဘက်သို့ တွေ့ပတ်လျှောက်

သွားကြ၏။ အနောက်ဘက်သို့ ရောက်ရှိသွားကြသောအခါ တော

ရှစ်ထောင့်ရှိသော အဆောင်ငယ်တစ်ခုအား တွေ့လိုက်ရသည်။

အဆောင်အတွင်း၌ ကျောက်စားပွဲတစ်လုံး ရှိနေ၏။ မြေပုံ၏



အညွှန်းအတိုင်းဆိုလျှင် ကျောက်စားပွဲ၏အောက်၌ လျှို့ဝှက်အခန်း

သို့ဝင်ရန် တံခါးပေါက် ရှိသည်။

လုဝမ်းထင်းမှာ တစ်လမ်းလုံး မြေပုံကို ကျက်မှတ်လာခဲ့

သဖြင့် မြေပုံတွင်ပါရှိသော အကြောင်းအရာများကို အလွတ်ရနေ၏။

ထို့ကြောင့် အဆောင်ငယ်ကလေးသို့ ရောက်လာသည်နှင့်

ကျောက်စားပွဲသို့ ဦးတည်လျှောက်သွားသည်။

ထို့နောက် ကျောက်စားပွဲပေါ်တွင်ထိုင်ကာ နေထွက်ရာအရှေ့

အရပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

ထိုအခါ အရှေ့ဘက်တည့်တည့် တွင် သစ်သားတိုင်တစ်လုံး

ခံနေသည်ကို တွေ့ရလေသည်။

လုဝမ်းထင်း၏ မျက်နှာမှာ ပြုံးရွှင်သွား၏။ ထိုင်ရာမှထလိုက်

ပြီး သစ်သားတိုင်သို့ [illegible]ကာ တိုင်ကိုပတ်၍ ယာဘက်သို့

လှည့်လိုက်သည်။

"ကျွီ ..."

အသံတစ်ချက် ထွက်ပေါ်လာကာ သစ်သားတိုင်မှာ အလယ်မှ

လည်ထွက်သွားပြန်သည်။ လုဝမ်းထင်း ဝမ်းသာသွားပြန်၏။ ကျန်းရှ

ရယ်ထံမှ ရလာသောမြေပုံမှာ အစစ်အမှန်ဖြစ်ကြောင်း သဘောပေါက်

လိုက်လေသည်။

ထို့ကြောင့် ခြေလှမ်းပေါ့ပါးစွာဖြင့် ကျောက်စားပွဲအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်သွားပြီး ကျောက်စားပွဲအား ယာဘက်သို့ သုံးကြိမ်သုံးခါ ဆွဲလှည့်လိုက်၏။ တစ်ဖန် ဝဲဘက်သို့ သုံးခါ ပြန်လှည့်လိုက်၏။

ယင်းသို့ လှည့်လိုက်ပြီး မရှေးမနှောင်းမှာပင် တကျိမ်းကျိမ်း မြည်သံများ ထွက်ပေါ်လာကာ ကျောက်စားပွဲမှာ အောက်ဘက်သို့ နိမ့်ဆင်းသွားလေတော့သည်။ တစ်ဆက်တည်းမှာပင် လှိုဏ်ဂူတံခါး ပေါက်တစ်ခု ထွက်ပေါ်လာပြီး အောက်ဘက်သို့ဆင်းရန် လှေကားထစ်များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။ လုဝမ်းထင်းက ဝမ်းအော့အား လှမ်းကြည့်လိုက်ပြီး ...

"မီးခတ်ကျောက်နဲ့ မီးစာ ပါတယ်မဟုတ်လား"

ဝမ်းအော့က ခေါင်းညိတ်လိုက်၏။

"ပါပါတယ်၊ မီးစာအပြင် မီးတုတ်သုံးချောင်း အပိုယူလာခဲ့ပါသေးတယ်"

ပြောပြီးသည်နှင့် မီးခတ်ကျောက်နှင့်မီးစာကို အသုံးပြုကာ မီးတုတ်အား မီးညှိလိုက်လေသည်။ လုဝမ်းထင်းက ပြုံးလျက် ...

"ကဲ ... အောက်ကို ဆင်းကြည့်စမ်း"

ဝမ်းအော့က စောဒကမတက်ပါချေ။ မီးတုတ်ကိုကိုင်ကာ လှေကားထစ်များမှတစ်ဆင့် အောက်သို့ ဆင်းသွားလေတော့သည်။

* * *



(၈)

မီးချောင်းအောက်တွင် ပင့်ကူမျှင်များ ပိတ်ဖုံးနေသည်ကို တွေ့ ။ ခရမ်းရောင် ပင့်ကူတစ်ကောင်သည် ရုတ်တရက် ခေါင်းမိုး ၏ တွဲလောင်းကျလာလေသည်။

ဝမ်းအော့မှာ ထိတ်လန့်သွားကာ ကမျာကယာ လက်ထဲမှ တ်ဖြင့် ဝှေ့ယမ်းလိုက်မှ အပေါ်သို့ ပြန်လည်ပြေးတက်သွား၏။

ကျောက်လှေကားထစ်များမှာ တဖြည်းဖြည်း အောက်ဘက်သို့ ဆင်းသွားပြီး အချိုးအကွေ့ များလှပေသည်။

ပထမဆုံး ဇထောင့်ချိုးတစ်ခုသို့ ရောက်ရှိလာသောအခါ ဝမ်း က ခြေလှမ်းရပ်တန့်လိုက်ပြီး လုဝမ်းထင်းဘက်သို့ လှည့်ကြည့် ၏။

လုဝမ်းထင်းမှာ မျက်မှောင်ကြုတ်သွားကာ ...

"ဟော့ ... ဘာဖြစ်လို့လဲ၊ ဘာတွေ့လို့လဲ"

မေးရင်း ဝမ်းအော့အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်လာ၏။ အော့က ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာမှ မတွေ့ပါဘူး"

"ဒါဖြင့် ဘာကြောင့် ရပ်လိုက်တာလဲ၊ ရှေ့ဆက်သွားပါလား"

ဝမ်းအော့က စဉ်းစားချင့်ချိန်စွာ ပြောလိုက်လေသည်။

"လှိုဏ်ဂူတံခါးပေါက်ကို စက်ယန္တရားတွေနဲ့ 'လုပ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင် အထဲမှာလည်း လျှို့ဝှက်စက်ယန္တရားတွေ တပ်ဆင်ထား
တယ်ဆိုတာ တွေးမိလို့ပါ"

လုဝမ်းထင်းက မီးရောင်ကြောင့် မသဲမကွဲ တွေ့မြင်နေရသော ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လျှို့ဝှက်မြေအောက်ခန်းသို့ ရောက်ရှိနေပြီဖြစ်သော[illegible] အထူးပင် သတိထားရမည်ဖြစ်ကြောင်း နားလည်ထားလေသည် ထို့ကြောင့် ဝမ်းအော့၏စကားကို ကြားလိုက်ရသည်နှင့် ရင်ထိတ် သွားသည်။

ကမျာကယာပင် မြေပုံအားထုတ်ယူကာ ပြန်လည်စစ်ဆေး ကြည့်ရှုလိုက်လေသည်။ သို့သော် အန္တရာယ်ဖြစ်စရာ လျှို့ဝှက်ခလုတ် များ ထောင်ချောက်များ စက်ယန္တရားများဟူ၍ လုံးဝ ရေးမထား ပါချေ။

လုဝမ်းထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"မြေပုံထဲမှာတော့ ဘာမှ ရေးမထားဘူး၊ ဒါကြောင့် အန္တရာယ် ဖြစ်နိုင်စရာထောင်ချောက် မရှိဘူးထင်တယ်"

သူ၏စကားကို ကြားလိုက်ရသော်လည်း ဝမ်းအော့မှာ ရှေ့သို့ ဆက်မသွားဝံ့သေးချေ။ လုဝမ်းထင်းက အရှေ့ဘက်သို့ လှမ်းမျှော် ကြည့်လိုက်ပြီး ...

"ကဲ ... ရှေ့ဆက်သွားပေတော့"



ဝမ်းအော့က ရုတ်တရက် ရှေ့ဆက်မသွားသေးဘဲ ဆေးငိုင် နေ၏။ လုဝမ်းထင်းမှာ ဒေါသထွက်လာကာ ...

"မင်း ဒီလောက်တောင် ကြောက်နေသလား၊ မင်း သေရင် ငါလည်း သေရမှာပဲဆိုတာ မှတ်ထား၊ ဒီနေရာကို ရောက်လာပြီးမှ တော့ သေစရာရှိရင် နှစ်ယောက်စလုံး သေရမှာပဲ"

သူ၏စကားကြောင့် ဝမ်းအော့မှာ စိတ်ခတ်တက်ကြွလာ လေတော့သည်။

လုဝမ်းထင်းအား အားကိုးသောအကြည့်ဖြင့် ကြည့်ကာ စကား တစ်လုံးမျှမပြောဘဲ ရှေ့သို့ လှမ်းထွက်သွား၏။

လုဝမ်းထင်းကပြုံး၍ နောက်မှ လိုက်သွားလေသည်။ မကြာ ပါချေ။ ကျောက်လှေကားထစ်များ ဆုံးသွားပြီး ခန်းမကျယ်တစ်ခုသို့ ရောက်ရှိသွားကြ၏။

ခန်းမကျယ်အတွင်း၌ ဆီမကုန်သေးသည့် မီးအိမ်ဆယ့်လေး ငါးလုံးမျှ ကျောက်နံရံပေါ်တွင် ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။ လုဝမ်းထင်းက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ဆီမီးအိမ်များကိုထွန်းညှိရန် အမိန့်ပေးလိုက်သည်။

ဝမ်းအော့က လျှင်မြန်စွာပင် လိုက်လံထွန်းညှိလိုက်လေသည်။ ထိုအခါ ခန်းမကျယ်တစ်ခုလုံးမှာ နေ့ဘက်အလား လင်းထိန်သွား လေတော့သည်။ မီးရောင်အောက်၌ ဝန်းကျင်တစ်ခုလုံးကို လုဝမ်းထင်း

www.burmeseclassic.com



နှင့် ဝမ်းအော့တို့က ကောင်းစွာ တွေ့မြင်လိုက်ရ၏။ တွေ့မြင်လိုက်ရသောမြင်ကွင်းကား ...

အခန်း၏ထောင့် တစ်နေရာတွင် သံသေတ္တာရှစ်လုံး ရှိနေပြီး နှစ်လုံးစီပူးထား၏။ ၎င်းသေတ္တာများအပေါ်တွင် အိပ်ရာခင်းတစ်ခု ရှိနေပြီး စောင်တစ်ထည် လွှမ်းခြုံထားလေသည်။

ထို့ကြောင့် ရုတ်တရက် ကြည့်လျှင် လူတစ်ယောက် အိပ်နေသည်နှင့် ခပ်ဆင်ဆင် တူနေသေးတော့၏။ လွှမ်းခြုံထားသောစောင်နှင့် အိပ်ရာခင်းမှာ အရောင်ပင် လွင့်ပြယ်နေသောကြောင့် နှစ်ပေါင်းကြာမြင့်လှပြီဖြစ်ကြောင်း ခန့်မှန်းနိုင်၏။

စောင်ပေါ်တွင် အမှိုက်သရိုက်များပင် တင်နေလေသည်။ အခြေအနေအရ အိပ်ရာခင်းနှင့်စောင်ကို ရွှေ့ပြောင်းခဲ့ခြင်း ရှိပုံမရဘဲ ဤနေရာတွင် အနေအထားမပျက် ထားရှိပုံရလေသည်။ ဝမ်းအော့မှာ မီးအိမ်များကို လိုက်လံထွန်းညှိနေသောကြောင့် ရုတ်တရက် တွေ့မြင်ခဲ့ခြင်း မရှိပါချေ။

သူက ပြန်လှည့်ကြည့်လိုက်သောအခါ လှဝမ်းထင်းက အိပ်ရာခင်းအနီးသို့ ရောက်ရှိနေပြီ ဖြစ်၏။ ထိုအခါမှ အံ့ဩစိတ်ဖြင့် အလျင် အမြန် လှမ်းသွားကာ ...

"ဘယ်လိုဖြစ်တာလဲ"

လှဝမ်းထင်းက အဖြေမပေးဘဲ အိပ်ရာခင်းပေါ်မှ ဖုံးအုပ်ထား



ရှသော စောင်ကိုသာ စိုက်ကြည့်နေမိ၏။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ...

"စောင်ကို ဆွဲဖယ်လိုက်စမ်း"

ဝမ်းအော့မှာ ရုတ်တရက် ဆွဲမဖယ်ဝံ့ဘဲ တုံ့ဆိုင်းနေ၏။ သို့သော် လှဝမ်းထင်း စိတ်ဆိုးသွားမည်ကို စိုးရိမ်သောကြောင့် ရှေ့သို့ ခြေလှမ်းတိုးကာ ဆတ်ခနဲ ဆွဲဖယ်လိုက်လေသည်။

ထို့နောက် ချက်ချင်းပင် အဝေးသို့ ပစ်လွှင့်လိုက်၏။ စောင်ဆွဲဖယ်လိုက်သည်နှင့် ဖုန်မှုန့်များထလာကာ ပစ္စည်းတချို့တစ်ခုနှင့်တစ်ခု ထိခိုက်မိသောအသံများ ကြားလိုက်ရ၏။

လှဝမ်းထင်းနှင့် ဝမ်းအော့တို့က လက်ဖြင့်ခါယမ်း၍ သေချာစွာ ကြည့်လိုက်ကြ၍ ရုတ်တရက် သူတို့၏မျက်လုံးများမှာ ပြူးကျယ်သွားကြလေသည်။ အကြောင်းမှာ မီးရောင်ဖြင့် အိပ်ရာခင်းပေါ်တွင် လူရိုးစုတစ်ခု ရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

အရိုးစုမှာ ဖြူဖွေးနေပြီး ဝမ်းအော့က စောင်ကိုဆွဲဖယ်လိုက်သောကြောင့် တစ်ခုနှင့်တစ်ခု တိုက်မိကာ ပုံပျက်သွား၏။

သို့သော် လူတစ်ယောက်၏ အရိုးစုဖြစ်သည်ကိုမူ သေချာစွာ တွေ့မြင်နိုင်လေသည်။ လှဝမ်းထင်းနှင့် ဝမ်းအော့တို့မှာ ရုတ်တရက် စကားမပြောနိုင်ကြဘဲ ငေးငိုင်သွားကြ၏။ အတန်ကြာမှ ဝမ်းအော့က အလန့်တကြား အော်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းလှချည့်လား၊ ဒီနေရာမှာ ဘယ်လိုလုပ် အရိုးစု ရောက်နေရတာလဲ"

လှဝမ်းထင်းက စကားမပြောပါချေ။ လူ့အရိုးစုကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိလေသည်။ အရိုးစုမှာ လူတစ်ယောက် ပုံပန်းအပြည့်အစုံ ပါရှိနေ၏။

သို့သော် နံရိုးနေရာများတွင်သော်လည်းကောင်း၊ ခါးရိုးနေရာများတွင်သော်လည်းကောင်း၊ ခြေလက်နေရာများတွင်လည်းကောင်း ကျိုးကြေနေသည်ကို တွေ့မြင်ရလေသည်။ ဝမ်းအောဲမှာ လှဝမ်းထင်း စကားမပြောဘဲ နေသည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ အံ့ဩသွားသော်လည်း သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... တကယ်ဆိုတော့ ဘာမှ မထူးဆန်းပါဘူး၊ တစ်ယောက်ယောက်က လူသတ်ပြီးတော့ ဒီနေရာမှာ လာပစ်ထားတာ ဖြစ်မှာပေါ့"

ပြောရင်း လှဝမ်းထင်းဘက်သို့ လှည့်ကာ ...

"ကျွန်တော်ပြောတာ မဟုတ်ဘူးလား"

လှဝမ်းထင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ၏ မျက်လုံးအစုံမှာ အရိုးစုပေါ်မှ လွဲဖယ်၍ ဝမ်းအောဲ၏မျက်နှာပေါ်သို့ ရောက်ရှိသွား၏။ ဝမ်းအောဲကို အသာအယာ ပြုံးပြလိုက်၏။ ပြီးတော့ အေးဆေးစွာဖြင့် ...



"ဒီအရိုးစုဟာ ဘယ်သူ့အရိုးစုလဲဆိုတာ မင်းသိသလား"

ဝမ်းအောဲက ခေါင်းခါယမ်းပြလိုက်သည်။

"မသိပါဘူး"

လှဝမ်းထင်းက အရိုးစုမှ ကျိုးကြေနေသော အရိုးစုတချို့ကို လက်ညှိုးထိုးပြလိုက်ပြီး ...

"အဲဒီအရိုးတွေ ဘာကြောင့် ကျိုးကြေနေသလဲဆိုတာကိုကော မင်း သိသလား"

ဝမ်းအောဲက ထပ်မံ ခေါင်းခါယမ်းပြလိုက်သည်။ ထိုမြင်ကွင်းတစ်ကြိမ်တွင်မှု အဖြေမပေးတော့ဘဲ ပြန်လည် မေးခွန်းထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူ့အရိုးစုလဲ"

လှဝမ်းထင်း၏ မျက်နှာပေါ်တွင် ထူးခြားသောအရိပ်အယောင်များ ထွက်ပေါ်လာ၏။ အတန်ကြာသည်အထိ စကားမပြောသေးဘဲ ပြီးမှ သူ၏နှုတ်ခမ်းများမှာ တလှုပ်လှုပ် တရှုရှုဖြစ်လာကာ ...

"ဒါ ပင့်ကူရဲ့ အရိုးစုပဲ"

သူ၏စကားကို ကြားလိုက်ရသောအခါ ဝမ်းအောဲမှာ မျက်လုံးများ ပြူးကျယ်သွားလေသည်။ လှဝမ်းထင်းကိုလည်း မယုံကြည်နိုင်ဖြင့် ကြည့်နေမိ၏။ အတန်ကြာမှ အံ့ဩစွာဖြင့် ...

"ဒါဟာ ပင့်ကူရဲ့အရိုးစု ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"သခင်ကြီးက ဘယ်လိုလုပ် သိတာလဲ"

လုဝမ်းထင်းက သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ်တို့တစ်တွေ မြို့ပြင်ဘုံကျောင်းမှာ ပင့်ကူကို အဆိပ်

ခဲ့ကြတယ်၊ ပင့်ကူ အဆိပ်မိနေတုန်း ဝိုင်းဖမ်းခဲ့ကြတယ်"

ဝမ်းအော့မှာ လုဝမ်းထင်းနှင့် အနေကြာပြီဖြစ်သော်လည်း

ပင့်ကူနှင့် ပတ်သက်ခဲ့သည့် အကြောင်းများကို လုံးဝ မသိခဲ့ရပါ

ထို့ကြောင့် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရလေ

လုဝမ်းထင်းက စကားဆက်လိုက်ပြန်၏။

"ပင့်ကူဟာ သိုင်းပညာ သိပ်တော်ပေမယ့် အဆိပ်မိသွား

မခုခံနိုင်ဘဲ ကျုပ်တို့ဖမ်းဆီးတာ ခံလိုက်ရတယ်၊ အမျိုးမျိုး နှိပ်

ညှင်းပမ်းခဲ့တယ်၊ နောက်ဆုံး ကျန်းလုံလက်ချက်ကြောင့် သူ ထွ

ပြေးသွားနိုင်ခဲ့တယ်လေ"

ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ သေချာစေရန်

မေးလိုက်ပြန်၏။

"ပင့်ကူ လွတ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ တို့နှိပ်စက်ခဲ့လို့ ဒဏ်ရာပြင်းပြင်း

ထန် ရသွားတယ်၊ ကျန်းလုံနဲ့ စုကွမ်းအင်းတို့ရဲ့ လက်ချက်ကြော

အရိုးအဆစ်တွေ တော်တော်များများ ကျိုးကြေကုန်တယ်လေ"



"အခုအရိုးစုမှာ အရိုးတွေကြေနေတာကိုတောက်ပြီး ပင့်ကူ

ရဲ့အလောင်း ဖြစ်ရမယ်လို့ ပြောတာလား"

"ဟုတ်တယ်"

ဝမ်းအော့မှာ အနည်းငယ် စဉ်းစားလိုက်ပြီး ...

"သူက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

လုဝမ်းထင်းက ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတော့ ငါလည်းမသိဘူး၊ ငါတို့ဆီက လွတ်ပြေးလာပြီးတဲ့

နောက် ဒီနေရာဟာ စိတ်ချလုံခြုံတယ်လို့ ယူဆပြီး ထွက်ပြေးလာတာ

ဖြစ်မှာပေါ့"

ဝမ်းအော့က ခေါင်းညိတ်ပြလိုက်လေသည်။ မှန်ပါသည်။

ဤ နေရာ၌ ပုန်းအောင်းနေခဲ့ခြင်းဖြင့် လုဝမ်းထင်းတို့၏ အန္တရာယ်ကို

လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့သည် မဟုတ်ပါလား။

သို့ကြောင့်လည်း ယခုအချိန်ကျမှ ရှာတွေ့ခဲ့ခြင်း ဖြစ်လေ

သည်။

ထို့အပြင် ဤနေရာ၌ ပုန်းအောင်းနေထိုင်စဉ် စားသောက်

ယ်ရာများနှင့် ဆေးဝါးများ လိုအပ်ပေလိမ့်မည်။ ဤသို့ဆိုလျှင်

ည်သူက လာရောက်ပို့ဆောင်ပေးပါသနည်း။ ဝမ်းအော့က လုဝမ်း

င်းအား မော့ကြည့်လိုက်ပြီး ...

"သူ ဒီမှာလာပုန်းနေမယ်ဆိုရင် စားသောက်စရာတွေတော့

www.burmeseclassic.com



"ဘယ်သူက လာမှာလဲ"

"လုဝမ်းထင်းလေ ..."

ဝမ်းကြိုက ခေါင်းခါယမ်းပြလိုက်ပြီး သူ၏ ထင်မြင်ချက်ကို ပြောဆိုလိုက်၏။

"ကျန်းချစ်ချစ်ကို ကောင်းမော် ခေါ်လာတုန်းက ခွေးပိန်က ဒီနေရာကို မှတ်ပိပြီး နောက်တစ်ခါလည်း ဒီနေရာကိုပဲ ခေါ်လာတာ ဖြစ်ရမယ်"

"ကြည့်ကြသေးတာပေါ့"

ထိုစဉ် ခွေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ခြံဝင်းအနောက် ဘက်သို့ ပြေးလွှားသွားလေ၏။ ဟုန်ဝေယင်းမှာ သဘောကျ ပြုံးလိုက်ပြီး ...

"ကဲ ... ငါမပြောဘူးလား၊ ကျန်းချစ်ချစ်ရဲ့ နောက်ကို ဒုတိယ အကြိမ် လိုက်တယ်ဆိုရင် အိမ်ထဲ ဝင်သွားရမှာပေါ့၊ အခုတော့ အနောက်ဘက်ကိုသွားပြီး လုဝမ်းထင်းနောက်ကို လိုက်တာပဲဖြစ် မယ်"

ဝမ်းကြိုက ပါးစပ်ပိတ်ထားလိုက်သည်။ သူ့တို့နှစ်ယောက်မှာ ခွေးပိန်နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားကြရာ မကြာပါ ခြံဝင်းအနောက်ဘက်ထောင့် ရှုစ်ထောင့်ရှိသော အဆောင်ကလေး တစ်ခုသို့ ရောက်ရှိသွားကြ၏။



ယင်းအဆောင်ကလေးသို့ ရောက်ရှိသွားသည်နှင့် ကျောက် အပွဲများအောက်သို့ နိမ့်ဝင်နေပြီး လှို့ဝှက်အပေါက်တစ်ခု ပေါ်ထွက် နေကာ ကျောက်လှေကားထစ်များ ရှိနေသည်ကို တွေ့မြင်ရ၏။

ခွေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ကျောက်လှေကားထစ်များ တစ်ဆင့် အောက်ဘက်သို့ ဆင်းသွားသောကြောင့် ဝမ်းကြိုနှင့် ဟုန်ဝေယင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက် ကြသည်။

သို့သော် စဉ်းစားခြင်းပင်မပြုဘဲ လှို့ဝှက်အပေါက်မှတစ်ဆင့် ကျောက်လှေကားထစ်များအတိုင်း အောက်ဘက်သို့ ပြေးဆင်းသွား ကြလေတော့သည်။

✱ ✱ ✱

(၁၁)

မီးရောင်များမှာ ထိန်လင်းနေ၏။

ထို့ကြောင့် ကျောက်လှေကားထစ်များအတိုင်း အောက်သို့ ချောမောမော ဆင်းလာနိုင်ခဲ့ကြလေသည်။

ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့ ရောက်ရှိလာသည်ကို တွေ့လိုက် သောကြောင့် လုဝမ်းထင်းမှာ ပုန်းကွယ်ရန် စိတ်ကူးလိုက်သေးသည်။ အခုတွင် ခွေးပိန်က တဝုတ်ဝုတ်ဟောင်ရင်း သူ့ထံသို့ ပြေးလာနေပြီ ဖြစ်၏။ သို့ဖြင့် သူပုန်းကွယ်ရန် မဖြစ်နိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း အပိုင်စီးချင်တယ့်ပေါ့လေ"

"အပိုင်စီးချင်လို့ မဟုတ်ဘူး၊ ငါက အဖြစ်မှန်ကို ပြောပြနေတာ"

ဝမ်းကြီးက အေးဆေးစွာ ပြောဆိုလိုက်၏။

ဟုန်ဝေယင်းမှာ တွေဝေသွားလေသည်။ အတန်ကြာမှ သက်ပြင်း တစ်ချက် ချလိုက်ပြီး ...

"မင်း တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒီပစ္စည်းတွေဟာ မင်းအဖေရဲ့ ရတနာဆိုင်က ဖေးပြတိုက်ခံခဲ့ရတဲ့ ပစ္စည်းတွေ ဟုတ်လား"

"ဟုတ်တယ် ... ဒါကြောင့် ငါသာ ပိုင်သင့်တယ်လို့ ပြောခဲ့တာပေါ့"

ဟုန်ဝေယင်းက မချိပြုံး ပြုံးလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် တစ်ချိန်က မင်းအဖေပိုင်ခဲ့ပေမယ့် လုယက်ခံပြဲတွေ လုယူသွားတယ်၊ အခု အဲဒီပစ္စည်းတွေဟာ တို့ရှေ့မှာ ရောက်နေပြီ၊ ဒါကြောင့် မင်းနဲ့ ငါ နှစ်ယောက်စလုံး ပိုင်သင့်တယ် မဟုတ်လား"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ...

"တန်ဖိုးအားလုံးကို ညီတူညီမျှ ပိုင်လို့တော့ မဖြစ်ဘူး"



"ဘာဖြစ်လို့လဲ"

ဝမ်းကြီးက သက်ပြင်းချကာ ...

"အလုခံရတဲ့အထဲမှာ ဘုရင့်ဦးသျှောင်တစ်ခုလည်း ပါတယ်၊ အဲဒီပစ္စည်းကိုတော့ နေပြည်တော်မှာ ပြန်အပ်ဖို့ ငါယူမယ်"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်၏။ ထို့နောက် ခေါင်းကို ဆတ်ခနဲ ညိတ်ကာ ...

"ကောင်းပြီ ... ကျန်တဲ့ပစ္စည်းတွေကတော့ တစ်ယောက် တစ်ဝက်ပေါ့"

ဝမ်းကြီးက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ဒါလည်း သေသေချာချာ မပြောနိုင်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

ဤတွင် ဝမ်းကြီးက လုဝမ်းထင်းအား မေးငေါ့ပြကာ ...

"တို့ထက်အရင် ပိုင်ရှင်ရှိနေလို့ပေါ့"

ဟုန်ဝေယင်းက လုဝမ်းထင်းအား လှမ်းကြည့်လိုက်လေသည်။ လုဝမ်းထင်းမှာ လုံးဝ လှုပ်ရှားခြင်းမရှိဘဲ သူတို့နှစ်ယောက်ကိုသာ ငေးကြည့်နေ၏။

လုဝမ်းထင်း၏ လက်တဲ့၌ ဆီစိမ်စက္ကူ အထုပ်ကလေးတစ်ခု ကိုင်ဆောင်ထားသည်ကို သတိပြုမိလိုက်သော ဟုန်ဝေယင်းက ဝမ်းကြီး ဘက်သို့လှည့်လိုက်ပြီး မေးလိုက်သည်။

www.burmeseclassic.com



"သူ့လက်ထဲက ဘာအထုပ်လဲ"

ဝမ်းကြွေ့မှာ ယခုမှပင် သတိပြုမိသွား၏။ ဆီစိမ်စက္ကူအထုပ်ကလေးအား တွေ့လိုက်ရသောအခါ မျက်နှာပျက်သွား၏။

"ဒါ ... ဒါဟာ ဘုရင့်ဦးသျှောင် သရဖူပဲ"

ဟုန်ဝေယင်း၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေသည်။ လုဝမ်းထင်းကို လက်ညှိုးညွှန်ရင်း ထပ်မေးလိုက်ပြန်၏။

"သူ့ ... သူ့လက်ထဲက ပစ္စည်းလား"

"ဟုတ်တယ်"

"သူက ဒီပစ္စည်းကိုယူပြီး တွက်ပြေးသွားမလို့နဲ့တူတယ်"

"အခုမှတော့ ထွက်ပြေးလို့ မရတော့ပါဘူး"

ဝမ်းကြွေ့နှင့် ဟုန်ဝေယင်းတို့ကတော့ အတိုင်အဖောက်ညီလှ၏။ သူတို့နှစ်ယောက်၏ စကားကြောင့် လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... မင်းတို့က အဆိုးအကောင်း မသိကြသေးတဲ့ လူတွေပဲကွ၊ ဒါပေမယ့် မှတ်ထားကြ၊ ငါပြောမယ်၊ ငါ့လက်ထဲ ရောက်လာပြီးရင် ဘာပစ္စည်းမဆို ပြန်မပေးနိုင်တော့ဘူး သိလား"

ပြောရင်း ရွှေတုံး ငွေတုံးကလေးများအား ညွှန်ပြကာ ...



"မင်းတို့ လိုချင်ရင် အဲဒီ ရွှေငွေပစ္စည်းတွေ ယူသွားကြပေတော့ ..."

ဝမ်းကြွေ့ အေးတိအေးစက်ဖြင့် ...

"အခုမှတော့ အပေးအယူလုပ်လို့ မရဘူး၊ ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံရင် ကောင်းမယ်"

လုဝမ်းထင်း၏ မျက်နှာမှာ တင်းမာသွားလေသည်။ ဟုန်ဝေယင်းနှင့် ဝမ်းကြွေ့တို့အား အထင်သေးစွာကြည့်လိုက်ပြီး ...

"မင်းတို့နှစ်ယောက်ကို ငါက ကြောက်မယ်များထင်သလား"

ဤတွင် ဟုန်ဝေယင်းက ရွှေငွေသေတ္တာများအနီးမှ လုဝမ်းထင်းထံသို့ လျှောက်သွားသည်။

သို့သော် ဝမ်းကြွေ့က ဟန့်တားထားလိုက်၏။

"နေဦး ... မင်း သူ့ကို နိုင်မယ်ထင်လို့လား"

ဟုန်ဝေယင်းမှာ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိဖြစ်သွား၏။ မည်သို့ဆိုစေ ဒေါသထွက်လာသဖြင့် ...

"မင်းက ငါ့ကို အထင်သေးလှချည်လား"

"အထင်သေးတာ မဟုတ်ဘူး၊ ငါက အမှန်အတိုင်းပြောပြတာ"

ထိုအခါ လုဝမ်းထင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"မင်းကကော သူ့ကိုနိုင်မယ် ထင်လို့လား"

ဝမ်းကြွေ့ ပခုံးတွန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းထက်တော့ သာလိမ့်မယ်"

ပြောပြီးသည်နှင့် ရှေ့သို့ လျှောက်သွားလေသည်။ သို့သော် ဟုန်ဝေယင်းက လှမ်းဆွဲထားလိုက်မြန်၏။

ဝမ်းကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"မင်း ဘာပြောချင်သေးလို့လဲ"

ဟုန်ဝေယင်းက လုဝမ်းထင်းအား လှမ်းကြည့်လိုက်ပြီး ...

"မင်းနဲ့ ငါနဲ့ ရတနာတွေကို အတူတူခွဲဝေယူမယ်ဆိုရင် နှစ်ယောက်ပေါင်း တိုက်ခိုက်တာကောင်းမယ်"

ဝမ်းကြီးက ခေါင်းခါယမ်းပြလိုက်သည်။

"မဖြစ်ဘူး၊ ရတနာတွေကို ငါယူမယ်၊ ရွှေငွေတွေကိုလည်း တစ်ယောက်တစ်ဝက်စီ ယူကြတာပေါ့"

ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ဝမ်းကြီးအား ဘုကြည့်ကြည့်လိုက်၏။

"မင်း မလွန်လွန်းဘူးလား"

"မလွန်ပါဘူး၊ အမှန်တော့ ဒီပစ္စည်းတွေဟာ အဖေရဲ့ ပစ္စည်းတွေပဲ မဟုတ်လား"

ဟုန်ဝေယင်းက အေးတိအေးစက်ဖြင့် ...

"ဒီအတိုင်းဆို မင်းနဲ့ငါ လမ်းခွဲရမယ်ထင်တယ်"

ဝမ်းကြီး၏ မျက်နှာကလည်း မထီတရီဖြစ်နေ၏။ သူတို့နှစ်



ယောက်၏ အချီအချ ပြောနေကြသော စကားများကို ကြားလိုက်ရသောအခါ လုဝမ်းထင်းမှာ ဝမ်းသာသွားလေသည်။

သူတို့နှစ်ယောက် အဆင်မပြေသည့် အခြေအနေကို အခွင့်ကောင်းယူကာ နှစ်ယောက်စလုံးအား ရန်တိုက်ရန် ဆုံးဖြတ်လိုက်ပြီး ...

"မင်းတို့ နှစ်ယောက်ထဲက တစ်ယောက်သာ ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုရင် ပစ္စည်းတွေရဲ့ သုံးပုံနှစ်ပုံကိုရမယ်"

ထိုစကားကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။

လုဝမ်းထင်းကိုလည်း အံ့သြစွာဖြင့် လှမ်းကြည့်လိုက်၏။

လုဝမ်းထင်းက အခြေအနေကို ကောင်းစွာ တွက်ဆမိသည်။ ဟုန်ဝေယင်းမှာ ငွေကြေးမက်မောသူဖြစ်သဖြင့် စည်းရုံး၍ရနိုင်လိမ့်မည်ဟု ယုံကြည်လိုက်၏။ သို့ဖြင့် သူသည် ဟုဝေယင်းအား ပြုံးပြလိုက်၏။

"ဘယ်လိုလဲ ... ငါပြောတာ မင်းသဘောကျရဲ့လား၊ သုံးပုံနှစ်ပုံဆိုတာ မနည်းဘူးနော်"

သူ့စကားက စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။ ဟုန်ဝေယင်း၏စိတ် လှုပ်ရှားသွားသည်။ အကယ်၍သာ လုဝမ်းထင်း ပြောသလို သုံးပုံနှစ်ပုံ ရမည်ဆိုပါက တစ်သက်တာ ချမ်းသာစွာ စားသောက်နေနိုင်ပေတော့

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဟုန်ဝေယင်း တွေဝေနေသည်ကိုက တွေ့ရသောကြောင့် ဝမ်းကြှိုမှာ မကျေမနပ်ဖြစ်သွားလေသည်။

ဟုန်ဝေယင်းအား ကြည့်ရင်း နှာခေါင်းရှုံ့ကာ မေးလိုက်၏။

"မင်း သူနဲ့ပူးပေါင်းလို့ သုံးပုံနှစ်ပုံရမယ်များ ထင်သလား"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် သုံးပုံနှစ်ပုံဆိုတာ မနည်းလှဘူး"

ဝမ်းကြှိုက အေးစက်စွာ ရယ်မောလိုက်ပြီး ...

"ငါသာ သေသွားရင် မင်းကိုလည်း သူက သတ်ပစ်မှာပဲ"

ဟုန်ဝေယင်းက ခေါင်းညိတ်ပြလိုက်၏။

"ဒါကို ငါသိတယ်"

ဝမ်းကြှိုမှာ အံ့သြသွားကာ ...

"ဒါဖြင့် မင်း ဘာကြောင့် သူ့စကားကို စဉ်းစားနေရတာလဲ"

ဟုန်ဝေယင်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ငါ ဘာမှမစဉ်းစားရပါလား၊ ငါ သူ့စကားကို လက်ခံမယ်လို့ ဘယ်သူက ပြောသလဲ"

ထိုစကားကြားလိုက်ရသောအခါ လုဝမ်းထင်းမှာ ဒေါသထွက်သွားလေသည်။

ဝမ်းကြှိုနှင့် ဟုန်ဝေယင်းတို့အား ရန်တိုက်ပေး၍ မရကြောင်းလည်း သဘောပေါက်သွား၏။



ထို့ကြောင့် အံကိုတင်းတင်းကြိတ်လိုက်ပြီး ကြုံးဝါးလိုက်၏။

"မင်းတို့နှစ်ယောက် သေချင်ကြပြီနဲ့တူတယ်"

ဟုန်ဝေယင်းက ခေါင်းခါယမ်းပြလိုက်၏။

"ကျုပ်တို့က သေချင်တာမဟုတ်ဘူး၊ ခင်ဗျားသာ သေချင်တာ"

ပြောပြီးသည်နှင့် ရုတ်တရက် ရှေ့သို့ ခုန်ထွက်လိုက်ပြီး လုဝမ်းထင်းအား တိုက်ခိုက်လိုက်လေသည်။

ဝမ်းကြှိုမှာလည်း မနေနိုင်တော့ပါချေ။ နောက်ဆုံးတွင် သူသည်

"ယား ..." အော်ဟစ်ကာ

ညာသံတစ်ချက် ကျယ်လောင်စွာပေးကာ လုဝမ်းထင်းအား ဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# တိုက်ပွဲ

## (၁)

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်လာပြီဖြစ်သည်။ နေရောင်ခြည်များမှာ ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးထားပြီ ဖြစ်လေသည်။

နိုက်တင်မြို့ကလေးမှ လူအများမှာ ကိုယ်စီကိုယ်ငှ ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရ၏။ ထို့ကြောင့် မြို့ကလေးအတွင်းမှ ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများကို မသိရှိခဲ့ကြပါ။ အမှုမဲ့ အမှတ်မဲ့သာ ကိုယ့်ကိစ္စကိုယ် လုပ်ဆောင်နေခဲ့ကြ၏။

သိသူများမှာလည်း သက်ဆိုင်ရာ အာဏာပိုင်များထံသို့ သတင်းပို့ပေးပြီး မိမိတို့၏ လုပ်ငန်းခွင်မပျက်စေရန် ပြန်လည်လှုပ်ရှား ရုန်းကန်နေကြရလေသည်။

နိုက်တင်မြို့အတွင်း ရက်ပိုင်းမျှသာ ရှိသေးသည့် ကြီးမားသော ရာဇဝတ်မှုများ ဖြစ်ပွားလာ၏။



သုံးလေးရက်အတွင်း လူသတ်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့သောကြောင့် မြို့တော်ဝန်နှင့် အာဏာပိုင်များမှာ လက်ပိုက်ကြည့်မနေနိုင်ကြတော့ပါချေ။ မြို့တော်ဝန်သည် စန်းရုန် ဒွာနခဲ့ခေါင်းဆောင် ရှောင်ဝမ်အား လူသတ်တရားခံကို အမြင်းအထန်ရှာဖွေရန် အမိန့်ပေးလိုက်သည်။

ထို့ကြောင့် ရှောင်ဝမ်မှာ အေးအေးဆေးဆေး နေ၍မရတော့ဘဲ စုံစမ်းမှုများကို အပူတပြင်း ပြုလုပ်နေရတော့၏။

ထိုအတောအတွင်း နိုက်တင်မြို့သို့ နေပြည်တော်မှ တပ်ဖွဲ့တစ်ဖွဲ့ ရောက်ရှိလာ၏။

ယင်းအဖွဲ့မှာ 'အပြင်ဝန်လောင်ချစ်' ၏ မှုခင်းစုံစမ်းဖော်ထုတ်ရေး အထူးတပ်ဖွဲ့ ဖြစ်သည်။

အထူးတပ်ဖွဲ့ ရောက်ရှိလာသည်နှင့် ပတ်သက်၍ မြို့တော်ဝန်မှာ အလုပ်ရှုပ်သွားရပေတော့သည်။

* * *

## (၂)

မြို့တော်ဝန်၏ မျက်နှာမှာ ပြုံးရွှင်နေသည်။ သူ၏ရှေ့တွင် ထိုင်နေသော စန်းရုန်ဒွာနခဲ့မှူး ရှောင်ဝမ်းအား ချီးကျူးသောအကြည့်ဖြင့် ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဝမ်းသည် မြို့တော်ဝန် နံဘေးတွင် ရပ်နေသော အထူးတပ်ဖွဲ့ခေါင်းဆောင် ဝူးအိဟန်အား ပြုံး၍ကြည့်ရင်းမှ ...

"ကျုပ် စုံစမ်းရသလောက်ဆိုရင် ဒီမြို့ထဲမှာ ရာဇဝင်လူဆိုးကြီးတွေ ရှိနေတယ်၊ ဒါကြောင့် လူသတ်မှုတွေ ဖြစ်ပေါ်နေတာပဲ"

သူ၏ထင်မြင်ချက်ကို ရှင်းပြလိုက်၏။ ဝူးအိဟန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... အဲဒီ ရာဇဝင်လူဆိုးကြီးတွေ ဘယ်မှာ ပုန်းအောင်းနေတယ်ဆိုတာ ရအောင် စုံစမ်းပါ၊ ဒါမှ ကျုပ်တို့ ဖြိုခွဲပစ်နိုင်မယ်"

မြို့တော်ဝန်က ဝူးအိဟန်အား ကြည့်ကာ ရူးစမ်းလိုက်လေသည်။

"ခင်ဗျားတို့ ဒီကိုရောက်လာတာ အကြောင်းထူးရှိနေလို့လား"

ဝူးအိဟန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဘယ်လိုအကြောင်းများလဲ"

"ကျုပ်တို့ရောက်လာရတဲ့ အကြောင်းက ..."

ဝူးအိဟန်က အပြင်ဝန်လောက်ချစ်၏ အမိန့်ဖြင့် ရောက်ရှိလာခဲ့ရသည့် အကြောင်းများကို ရှင်းပြလိုက်လေတော့သည်။

* * *



(၃)

တိုက်ပွဲမှာ ပြင်းထန်နေဆဲပင် ဖြစ်၏။

လုဝမ်းထင်းက သူ၏ကျော်ကြားလှသော နဂါးနဲ့ ကျား လက်ဝါးသိုင်းကို အသုံးပြုရင်း ဟုန်ဖေယင်းနှင့် ဝမ်းကြိုတို့အား အပြင်းအထန် တိုက်ခိုက်နေလေသည်။

ဟုန်ဖေယင်းနှင့် ဝမ်းကြိုတို့မှာလည်း အစွမ်းရှိသလောက်သိုင်း ကွက်များ ဆင်ကာ တိုက်ခိုက်နေကြလေသည်။

နှစ်ယောက် တစ်ယောက် တိုက်ခိုက်နေကြသော်လည်း ဟုန်ဖေယင်းနှင့် ဝမ်းကြိုတို့မှာ အသာစီးမရခဲ့ကြပါချေ။ အသာမရသည့်အပြင် အသေအလဲ တိုက်ခိုက်နေရ၏။ ဝမ်းကြိုထက်စာလျှင် ဟုန်ဖေယင်းမှာ အခြေအနေ ဆိုးရွားလှပေသည်။ သူသည် အလူးလူးအလဲလဲ ခုခံကာကွယ်နေရ၏။

လုဝမ်းထင်း၏ လက်ဝါးနှင့် ခြေထောက်ကန်ချက်များကို မည်းမင် လွတ်အောင် ရှောင်တိမ်းနေရ၏။

ပြန်လည်တိုက်ခိုက်ရန် မဆိုထားနှင့် ဒဏ်ရာမရရှိအောင် စွမ်းကုန်ကြိုးစား၍ ရှောင်တိမ်းနေရခြင်း ဖြစ်သည်။ အမှန်မှာ သူတို့နှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် နားလည်မှုမရှိဘဲ ခပ်ထင်သလို ပရမ်းပတာ တိုက်ခိုက်နေ၍ ယခုကဲ့သို့ အရှုံးနိမ့်နေခြင်း ဖြစ်သည်။ အကယ်၍သာ စည်းစည်းလုံးလုံး နှစ်ယောက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အင်အားဖြင့် တိုက်ခိုက်မည်ဆိုလျှင် လုဝမ်းထင်းအား အနိုင်မရလျှင်ပင် လက်ရည်တူ ယှဉ်ပြိုင်နိုင်ပေမည်။ ယင်းအချက်ကို နှစ်ယောက်စလုံး မေ့လျော့နေ၏။

သို့သော် လုဝမ်းထင်းကမူ ဤအချက်ကို နားလည်ထား၏။

ထို့ကြောင့် ဟုန်ဝေယင်းနှင့် ဝမ်းကြို့တို့ မပူးပေါင်းနိုင်စေရန် အစွမ်းကုန် ကြိုးစား၍ တိုက်ခိုက်နေလေသည်။

တိုက်ပွဲအရှိန်အဟုန် မြင့်မားလာသည်နှင့်အမျှ ...

"ဝုန်း ..."

ဟုန်ဝေယင်းမှာ အဝေးသို့ လွင့်စဉ်သွားသည်။

ဤတွင် ဝမ်းကြို့မှာ ရင်ထိတ်သွားကာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သော်လည်း လုဝမ်းထင်း၏ ခြေထောက်ကန်ချက်က သူ၏ ပခုံးသို့ ထိမှန်သွားကာ ...

"ဝုန်း ..."

ဟူသော မြည်သံနှင့်အတူ သူလည်း အဝေးသို့ လွင့်စဉ်သွားပြန်လေသည်။

ဟုန်ဝေယင်းနှင့် ဝမ်းကြို့တို့မှာ နှစ်ယောက်စလုံးပင် ဒဏ်ရာ ရရှိသွားလေသည်။

သို့သော် နှစ်ယောက်စလုံး အတွင်းအားကောင်းမွန်ကြသဖြင့် ကြီးကြီးကျယ်ကျယ် ဒဏ်ရာရရှိသွားကြခြင်း မရှိပါ။



နှစ်ယောက်စလုံးမှာ ပြန်လည် လူးလိမ့်ကာ ထလာကြ၏။

ဟုန်ဝေယင်းက ဒေါသကြီးစွာဖြင့် ...

"ခင်ဗျားကို ကျုပ်သတ်ပစ်မယ်"

ပြောပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ဝမ်းကြို့က လှမ်းဆွဲထားလိုက်ပြီး ...

"နေဦး ..."

ဟုန်ဝေယင်းမှာ မကျေမနပ်ဖြစ်သွားကာ ဝမ်းကြို့အား ဟောက်လိုက်၏။

"မင်း ဘာရှုပ်မလို့လဲ"

ဝမ်းကြို့က တည်ကြည်သော မျက်နှာထားဖြင့် ...

"တို့တစ်တွေ အရမ်းကာရော တိုက်ခိုက်နေလို့မဖြစ်ဘူး"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်မယ်၊ မင်းက ဘယ်ဘက်ကို တိုက်ရင် ငါက ညာဘက်ကိုတိုက်မယ်၊ ဒီလို နှစ်ယောက်ပေါင်း တိုက်ခိုက်ရင် သူဘယ်ခံနိုင်မလဲ"

ဝမ်းကြို့၏ စကားမှာ ဆီလျော်လှ၏။ ထိုစကား ကြားလိုက်ရသောအခါ ဟုန်ဝေယင်းမှာ အသဘောကျသွား၏။

သို့သော် ဝမ်းကြို့အား အလျော့မပေးလိုသဖြင့် ငြင်းစရာမရှိ ကြဖန်ကပ်သတ်ငြင်းလိုက်ပြန်၏။

www.burmeseclassic.com



"ဒီလိုလုပ်တာ မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"မင်းက ဘယ်ဘက်ကိုတိုက်၊ ငါက ညာဘက်ကို တိုက်မယ်"

ဝမ်းကြီးမှာ သဘောကျစွာ ပြုံးမိလိုက်လေသည်။ မည်သို့ဆိုစေ သူ၏အပြုံးမှာ ဝိပြင်ခြင်းမရှိပါချေ။

အကြောင်းမှာ လုဝမ်းထင်း တစ်ယောက်လုံး ကျန်နေသေးသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်၏ စကားကို ကြားလိုက်ရသော်လည်း လုဝမ်းထင်းမှာ ထိတ်လန့်သွားခြင်း မရှိပါချေ။

မဲ့ပြုံးပြုံးရင်းမှပင် ...

"မင်းတို့ နှစ်ယောက်စလုံး ပြိုင်တူဝင်လာကြစမ်း"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က ပြိုင်တူခုန်ဝင်လာကြလေသည်။ တစ်ဆက်တည်းပင် တစ်ယောက်က ဝဲဘက်သို့တိုက်ခိုက်လျှင် တစ်ယောက်က ယာဘက်သို့ တိုက်ခိုက်လိုက်၏။

တစ်ယောက်က ယာဘက်သို့ တိုက်ခိုက်လျှင် တစ်ယောက်က ဘယ်ဘက်သို့ တိုက်ခိုက်လိုက်လေသည်။

အမှန်တော့ သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ ထူးခြားသည်ဟု မထင်ရပါချေ။



သို့သော် တိုက်ခိုက်လိုက်သည်နှင့် လုဝမ်းထင်းမှာမည်သို့ ရှောင် တိမ်းရမှန်းမသိ ဖြစ်သွားလေသည်။

အကြောင်းမှာ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့က ဝဲမှယာသို့ လျှင်မြန်စွာ ဘူးပြောင်းရင်း ပေါ့ပါးသွက်လက်စွာ တိုက်ခိုက်လိုက်ကြသောကြောင့် ဖြစ်၏။

လုဝမ်းထင်းသည် အံကိုတင်းတင်းကြိတ်လျက် လက်ဝါးကို အဆက်မပြတ် ရိုက်ထုတ်လိုက်၏။

သို့ရာတွင် သူ၏တိုက်ကွက်များမှာ ဦးတည်ချက် မရေရာသောကြောင့် အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်သွားရ၏။

ဤသို့ဖြင့် သိုင်းကွက် သုံးဆယ်ခန့် တိုက်ခိုက်မိသောအခါတွင်မူ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားရလေသည်။

"ဝုန်း ..."

ဟူသော မြည်သံနှင့်အတူ လုဝမ်းထင်းမှာ ဟုန်ဝေယင်း၏ လက်ဝါးတစ်ချက် မိသွားပြီး နောက်သို့ဆုတ်သွားရ၏။

မမျှော်လင့်ဘဲ အသာရလိုက်သဖြင့် ဟုန်ဝေယင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ လုဝမ်းထင်းအား လှမ်းရိုလိုက်၏။

"ဟား ... ဟား ... ဟား ... ဘယ့်နှယ့်ရှိစ"

လုဝမ်းထင်းမှာ ဒေါသကြီးစွာထွက်သွား၏။ ထို့နောက်တွင် အတွင်းအားကို လက်ဝါးနှစ်ဖက်တွင် စုစည်းလိုက်ပြီး ...

www.burmeseclassic.com



"သေပေတော့..."

ကျဖော်လောင်စွာ ကြုံးဝါးလျက် တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

သို့သော် ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့က ကပျာကယာ နောက်ဆုတ်သွားကြပြီး ရှောင်တိမ်းပေးလိုက်ကြသည်။ ထို့ကြောင့် လုဝမ်းထင်း၏ တိုက်ခိုက်မှုမှာ အလဟဿ ဖြစ်သွားရလေသည်။

ထို့အပြင် ဒေါသကြီးလွန်းသောကြောင့် ဟာကွက်များ မသိမသာ ထွက်ပေါ်လာ၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့သည် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံကြပါချေ။

နှစ်ယောက်စလုံး ပြိုင်တူ ရှေ့သို့ခုန်ဝင်လိုက်ကြပြီး လက်ဝါးရိုက်ချက်ကိုယ်စီ ထုတ်သုံးတိုက်ခိုက်လိုက်ကြသည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ လျင်မြန်၍ တိကျလှပေသည်။ လုဝမ်းထင်းမှာ ထိတ်လန့်သွားပြီး ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

လက်ဝါးနှစ်ဖက်မှာ သူ၏ရင်ညွှန့်အောက်သို့ တည့်မတ်စွာ ရိုက်ချမိလိုက်လေသည်။

"အား..."

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာပြီး လုဝမ်းထင်းမှာ



အဝေးသို့ လွင့်စဉ်ထွက်သွားတော့၏။ ငွေသေတ္တာများပေါ်သို့ လွင့်စဉ်လဲကျသွားခြင်း ဖြစ်သည်။ ချက်ချင်းပင် အားယူ၍ ပြန်လည်ထရန် ကြိုးစားလိုက်သော်လည်း နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာပြီး ခေါင်းငိုက်စိုက် ကျကာ သေဆုံးသွားလေတော့၏။

* * *

(၄)

ယခုအခါတွင်မူ လုဝမ်းထင်းမှာ သေဆုံးသွားပြီဖြစ်သည်။ ဟန်ချန်း၏ အရိုးစုနှင့် လက်တစ်ကမ်းအကွာတွင် သေဆုံးသွားခြင်းလည်း ဖြစ်၏။ ထို့အပြင် ငွေသေတ္တာများပေါ်၌ လဲကျသေဆုံးနေခြင်းလည်း ဖြစ်လေသည်။

လုဝမ်းထင်းမှာ သူမက်မောလှသော ရွှေငွေရတနာများကို နောက်ဆုံး လက်လွှတ်သွားခဲ့ရ၏။

သူတို့ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းခဲ့သော ဟန်ချန်း၏ အရိုးစုအနီး၌ သေဆုံးသွားသည်ကို ဟန်ချန်းကသာ သိနိုင်မည်ဆိုပါလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေတော့မည်။

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ဝမ်းကြီးအား ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သုံးပုံနှစ်ပုံပေးမယ့်လူတော့ သေသွားပြီ၊ မင်းကကော"

ဝမ်းကြီးမှာ မျက်မှောင်ကြုတ်သွားကာ...

"မင်းက ငါ့ကို သေစေချင်လို့လား"

"မင်းသေမှ ဒီပစ္စည်းတွေ ငါရမယ်မဟုတ်လား"

"ငါမသေလည်း မင်းရနိုင်ပါတယ်"

ပြောရင်းမှ သေတ္တာများဘက်သို့ မေးငေါ့ပြကာ...

"အဲဒီငွေသေတ္တာ တစ်ဝက်ယူပြီး ထွက်သွားတော့..."

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး၊ မင်းနဲ့ငါနဲ့ ဒီပြဿနာကို ရှင်းကြမှထင်တယ်"

"ဘယ်လိုရှင်းမှာလဲ"

"သိုင်းကွက်တစ်ကွက်လောက် ပြိုင်ရအောင်၊ နိုင်တဲ့လူဟာ သုံးပုံနှစ်ပုံ ယူကြေး"

ဝမ်းကြီးမှာ တွေဝေသွား၏။

သို့သော် သက်ပြင်းချကာ...

"မင်းနဲ့ငါ ယှဉ်ပြိုင်လို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"မင်းနားထောင်ကြည့်ပါလား"

ဟုန်ဝေယင်းမှာ မျက်မှောင်ကြုတ်သွားကာ နားစွင့်လိုက်လေသည်။



ထိုအခါ လျှို့ဝှက်တံခါးပေါက် အပြင်ဘက်မှ ပေါ့ပါးသော ခြေသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

* * *

(၅)

ကျောက်လှေကားထစ်ပေါ်သို့ ချက်ချင်းလူတစ်ယောက် ရောက် ရှိလာ၏။ အဖြူရောင်ဝတ်စုံ ဝတ်ထားသည်။

မျက်နှာတစ်ပြင်လုံး သွေးရောင်မရှိသကဲ့သို့ ဖြစ်နေ၏။ သေချာ ကြည့်လေ စိုးရိမ်ထိတ်လန့်စရာကောင်းလေဟူသော မျက်နှာရှင်ပင် ဖြစ်၏။ အေးစက်သော မျက်နှာရှင် လူသတ်သမားပုံစံမျိုး ဖြစ်၏။ ထိုလူမှာ တခြားလူမဟုတ်ဝါ... ကောင်းမော်ပင် ဖြစ်ပါသည်။ သူ ယခုလိုရောက်ရှိလာသော်လည်း ခြေသံဟူ၍ အနည်းငယ်မျှ ကြားရခြင်း မရှိပေ။

ဟုန်ဝေယင်း သူ့အားစိုက်ကြည့်လိုက်သည်။ ဆက်လက်၍ ဝမ်းကြီးအား တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"မင်းရဲ့ နားရွက်တစ်စုံက ယုန်နားရွက်လား၊ ခွေးနားရွက်လား"

ဝမ်းကြီးက ပြန်ပြော၏။

"လူ့နားရွက်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းးစရာကောင်းတာက မင်းနားကြားလွဲသွားပြီ၊ လူတစ်ယောက်တည်းပဲ ရှိတယ်"

စကားပြော၍ ဆုံးရုံရှိသေးသည်။ ကျောက်လှေကားထစ်အရင်း၌ ရှိနေသော ခွေးဝဲစားက ရုတ်တရက် ထဟောင်လိုက်သည်။ ထို့နောက်တွင်မူ ထိုခွေးကလေးမှာ ပစ်လွှင့်လိုက်သော မြားကဲ့သို့ ကောင်းမော်ထံသို့ ပြေးဝင်သွား၏။

ဟုန်ဝေယင်းက အော်ငေါက်တားရန် စိတ်ကူးသော်လည်း မမီလိုက်ချေ။

ကောင်းမော် ခြေတစ်ဖက် မြှောက်လိုက်သည်ကို မြင်ပြီး ခွေးမှာ မချိမဆံ့အော်ပြီး လေထဲသို့ လွင့်ထွက်သွားတော့၏။

ဟုန်ဝေယင်းက ရှေ့သို့တိုး၍ ဆီးဖမ်းရန် ပြင်သည်။ သို့သော် ခွေးမှာ နံရံပစ်ဆောင့်သွား၏။ ထို့နောက် ကျောက်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျလာပြီး ခေါင်းမှာ လေးစိတ်လေးမြှာ ကွဲသွားပြီဖြစ်၏။

"ကောင်းမော်..."

ဟုန်ဝေယင်းက လက်ညှိုးထိုးပြီး ကျယ်လောင်စွာ အော်ပြော၏။

"မင်း ဒီလိုလုပ်တာ လူမဆန်ဘူး"

"ငါဟာ အစကတည်းက လူသတ်သမားတစ်ယောက်ပဲ"

ကောင်းမော်က အေးဆေးစွာ ပြော၏။



"လူသတ်တဲ့အပြင် ခွေးသတ်တဲ့နည်းကိုလည်း နားလည်ပြီးသားပါ၊ ဒီခွေးက မင်းနဲ့ဘယ်လိုပတ်သက်လို့ မကျေမနပ် ဖြစ်နေရတာလဲ"

ကောင်းမော်က ဆက်၍...

"ဒီခွေးဟာ ကျုန်းချစ်ချစ်ကို ကူရှာပေးလို့ သူ့အသက်ကို ငါချမ်းသာပေးခဲ့တယ်၊ ဒါပေမယ့် သူက ဒီနေရာမှာ လာပြီး သေတွင်းရှာတယ်"

ဟုန်ဝေယင်းက ဝမ်းကြီးအားကြည့်ကာ...

"ကဲ... ကျုပ်ပြောတာ မဟုတ်ဘူးလား၊ အကျယ်တို့ လူသိုက်ကို သူသတ်တာဖြစ်ရမယ်လို့ ပြောခဲ့တာလေ"

ဝမ်းကြီးက ပြော၏။

"အဲဒီတုန်းက ဟိုခွေးကို ဘာလို့မသတ်သလဲ၊ မင်းသိသလား"

ဟုန်ဝေယင်းက...

"သူပြောပြီးပြီပဲ"

"သူပြောတာကို မင်း တကယ်ယုံကြည်သလား"

"အဲဒီလိုဆိုရင် မင်းပြောစမ်း... ဘာဖြစ်လို့လဲ"

"သူ ဒီခွေးကို ချန်ထားတာဟာ ငါတို့ကို ဒီခွေးနဲ့ လှုငမ်းထင်းကို ရှာပြီး သုတ်သင်ရှင်းလင်းဖို့ ထားခဲ့တာ"

"ဒါပေမယ့် ဘယ်လိုလုပ်ပြီး ငါ့အသုံးပြုမယ်ဆိုတာ သိနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြိုက ခေါင်းခါယမ်းလိုက်ပြီး ...

"မင်း ဒီလိုလုပ်လိမ့်မယ်ဆိုတာကို ကြိုတင်ခန့်မှန်းထားတာပဲ ဖြစ်တယ်၊ အမှန်စင်စစ် ငါတို့နဲ့ လူဝမ်းထင်းတို့နဲ့ ဒီကနေ့ ညတိုက်ပွဲဟာ အစောကြီးကတည်းကသူ့ရဲ့ အစီအစဉ်ထဲမှာ ပါပြီးသား ဖြစ်တယ်"

ဟုန်ဝေယင်းက မကျေမနပ်ဖြင့် ...

"ငါကြည့်ရတာ သူဟာ ဒီလောက် ပေါ်လာရတာပဲ၊ ငါတို့အနေနဲ့ လူဝမ်းထင်းတို့လူသိုက်ကို ရှင်းပစ်လိုက်တာလည်း ကောင်းတာပဲ၊ ဘာမှမကောင်းမရှိဘူး"

ဟုန်ဝေယင်းက ကောင်းမော်အား လုံးဝမမှုသည့်အလား ...

"ငါ့ကို လက်တစ်ဖက် ချည်ထားတာတောင် သူ့ကို အလဲတိုက်နိုင်တယ်၊ မင်းက ဘာကြောက်နေရတာလဲ"

ကောင်းမော်က အေးစက်စက် တစ်ချက်ရယ်၍ ပြောလိုက်၏။

"ဒီတစ်ကြိမ် မင်းကျော့မှာ အတောင်တစ်စုံ ပေါက်လာတာတောင်မှ ဒီနေရာက မင်းပျံသွားပြီး သွားနိုင်တော့မှာ မဟုတ်ဘူး"

ဟုန်ဝေယင်းက အခန်းပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်လိုက်၏။ ထိုလှိုဏ်ဂူ၏ လေဝင်ပေါက်ကို ပြုလုပ်ထားသည်မှာ အလွန်ကောင်းသော်လည်း ထွက်ပေါက်မှာ တစ်ပေါက်တည်းသာ ရှိသည်။



ဤအချိန်မှာပင် ကောင်းမော်၏ နောက်မှ ဒုတိယ လူတစ်ယောက် ဆင်းလာ၏။ ထိုသူကား ...

နီညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

"ဘယ်လိုကြောင့် တကယ်ပဲ နင်ယောက်ဖြစ်နေပါလိမ့်"

"ပြောရင်း ဟုန်ဝေယင်း၏ မျက်လုံးမှာ ပြူးကျယ်သွား၍ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ကျန်းချစ်ချစ် ..."

မှန်ပါသည်။ ဆင်းလာသူမှာ ကျန်းချစ်ချစ် ဖြစ်ပါသည်။ ထိုနီညိုရောင်ဝတ်စုံနှင့် သူမကို ကြည့်ရသည်မှာ အလွန်တရာ လိုက်ဖက်ပြီး ဆွဲဆောင်မှုရှိနေ၏။

အထူးသဖြင့် ထိုရယ်သော မျက်နှာကို မြင်ရသောအခါ ရင်ထဲအေးစိမ့်သွား၏။

အဘယ်ကြောင့်ဆိုသော် ဝမ်းကြိုသည် ကျန်းချစ်ချစ်၏ မျက်လုံးသူငယ်အိမ်မှာ အပ်ဖျားကဲ့သို့ စူးရှလာသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါသည်။ သူ့အနေနှင့် ကျန်းချစ်ချစ်အပေါ် အမြင်မှာ ထိုအချိန်မှ စ၍ ပြောင်းလဲသွားပြီဖြစ်သည်။

သူ၏အကြည့် ထက်မြက်မှုမှာ အတွေ့အကြုံ ရင့်ကျက်ပြီးသားဖြစ်၏။ သို့ဖြစ်၍လည်း ယခုတစ်ချိန်တွင် ဤကဲ့သို့ ကျန်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်၏ ထက်မြက်သော လျှို့ဝှက်ချက်ကို မြင်လိုက်ရခြင်းသည်။ ကျန်းချစ်ချစ်အား စင်စစ် ကြောက်စရာကောင်းသော မိန်းကလေး ပါတကား။

သူ့အနေနှင့် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်နေ၏။

ထို့အပြင် ကျန်းချစ်ချစ်မှာ သူမ၏ ထက်မြက်မှုကို ယခု အချိန်တိုင်အောင် ဖုံးကွယ်ထားနိုင်ခဲ့သည်။

ကျန်းချစ်ချစ်က ရယ်မောလိုက်ပြီး ...

"ရှင်တို့နှစ်ဦး ကျွန်မအတွက် လုဝမ်းထင်းကို သုတ်သင်ရှင်းလင်းပေးတာ ကျွန်မ အမှန်တကယ်ပဲ ကျေးဇူးတင်ပါတယ်"

"ခင်ဗျားအတွက် ဟုတ်လား"

ဟုန်ဝေယင်းမှာ ယခုအချိန်အထိ အခြေအနေမှန်ကို နားမလည် နိုင်ဘဲ ဖြစ်နေ၏။ ဝမ်းကြီးက အေးတိအေးစက်ဖြင့် –

"ခင်ဗျားက ပင့်ကူအစစ် မဟုတ်ဘူး"

ကျန်းချစ်ချစ်က ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

ဟုန်ဝေယင်းက ဝမ်းကြီးအား မဟုတ်ကဟုတ်ကတွေ ပြောနေ ရသလားဟု ကျယ်လောင်စွာ အော်ပြောရန် ပြင်လိုက်၏။

ထိုစဉ် ကျန်းချစ်ချစ်၏ တုံ့ပြန်မှုကို တွေ့လိုက်ရသဖြင့် မျက်လုံးပြူးပြီး ပါးစပ်ပြဲကာ ငိုင်သွားလေတော့သည်။

ဝမ်းကြီးက ဆက်ပြောလိုက်သည်။



"ခင်ဗျားဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

ဟုန်ဝေယင်းက ကြားဖြတ်မေးလိုက်သည်။

"သူ့အမေက ဘယ်သူလဲ ပင့်ကူလား"

ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ဒီနေရာရဲ့ ပိုင်ရှင်ဟာ ဟန်ချန်းပဲဖြစ်တယ်"

ဟုန်ဝေယင်းက အံ့သြသွားကာ ...

"သူမဟာ ဟန်ရဲ့ အမျိုးအနွယ်ဝင် ဖြစ်တယ်မဟုတ်လား"

"ငါ့ခန့်မှန်းတာ မလွဲဘူးဆိုရင် သူမဟာ အမေအနွယ်ဝင်ကို ယူထားတာ၊ ဒါဟာ သူမအဖေရဲ့သဘောလား၊ ဒါမှမဟုတ် သူမ ဦးလေး ကျန်းလုံရဲ့ သဘောလား၊ တစ်ခုခုတော့ တစ်ခုခုပဲကွ"

ဟုန်ဝေယင်းက အထိတ်တလန့် ရေရွတ်လိုက်ပြီး ...

"ငါကတော့ သူမကို ကျန်းလုံရဲ့ သမီးလို့ပဲ ထင်နေခဲ့တာ"

ဝမ်းကြီးက ...

"ငါကလည်း ဒီအတိုင်းပါပဲ၊ သူမရဲ့အမေဟာ ကျန်းလုံရဲ့ ညီမ ဖြစ်တယ်ဆိုတာ သိရှိတဲ့ အချိန်အထိပဲ"

ဟုန်ဝေယင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"အနွယ်ဝင်ချင်း တူပေမယ့် ဒီလိုလည်း လက်ထပ်နိုင်တယ်"

ဟုန်ဝေယင်းမှာ အနည်းငယ် တုံ့ဆိုင်းပြီး ကမျာကယာ စကား ဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီအဖြစ်မှန်ကိုလက်မခံတာ မဟုတ်ပါဘူး၊ ဒါပေမယ့် မအေနဲ့ သမီး အနွယ်ဝင်ချင်း တူနေလို့ ဒီပြင် ပြဿနာများ ရှိနေမလားလို့ ...၊ ဥပမာ ..."

ဝမ်းကြီးက သူဆက်ပြောမည့် စကား နားထောင်မကောင်းမည်ကိုသိသည့်အတွက် ကပျာကယာ ဖြတ်ပြောလိုက်သည်။

"မင်းအနေနဲ့ သူမ မိခင် အနွယ်ဝင်ကို ယူထားတာလို့ ယူဆပါ၊ ဒါဆိုရင် လုံလောက်ပြီ"

"အဲဒီလိုဆိုရင် သူမ အဖေ ..."

ဝမ်းကြီးက စကားကိုဖြတ်ပြီး မျက်လုံးလွှဲလိုက်၏။ ဝမ်းကြီး၏ အကြည့်မှာ မြေပြင်ပေါ်၌ ဖရိုဖရဲဖြစ်နေသော အရိုးစုဆီသို့ ရောက်သွား၏။

"ဒီအရိုးစုလား"

ဟုန်ဝေယင်းက ကျန်းချစ်ချစ်အား မေးလိုက်ခြင်းဖြစ်သည်။

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်ပြီး ...

"မမှားပါဘူး"

ကျန်းချစ်ချစ်၏ မျက်နှာမှာ လုံးဝပြောင်းလဲမှု မရှိချေ။ ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"ခင်ဗျားအဖေဟာ မသေခင်က ဘာတွေများ မကောင်းမှုလုပ်ခဲ့သလဲ မသိဘူး၊ သေပြီးတဲ့နောက် အရိုးတောင်မှ ခုလို ဖရိုဖရဲ ဖြစ်နေရတယ်"



ကျန်းချစ်ချစ်က တည်ငြိမ်စွာဖြင့် အခြေအနေကို ရှင်းပြလိုက်၏။

"သူမသေခင်ကတည်းက အရိုးတွေ အတော်များများ ကျိုးပြတ်ကုန်ပြီ၊ ဒါ့အပြင် ပြင်းထန်တဲ့ အတွင်းဒဏ်ရာတွေလည်း ရရှိထားတယ်၊ တကယ်လို့ ဒီလိုသာ မဟုတ်ခဲ့ရင် ကျန်းလုံကလည်း စိတ်ချလက်ချ သူ့ကို အမှေ့လက်ထဲ ပြန်အပ်မှာမဟုတ်ဘူး"

ဝမ်းကြီးက ကြားဖြတ်ဝင်ပြောလိုက်သည်။

"သူဟာ အစက ပင့်ကူဝှက်ထားတဲ့ ရတနာပစ္စည်းတွေကို တစ်ဦးတည်းရယူမလို့ပဲ၊ ခင်ဗျားအမေကို သူညွှန်ကြားတဲ့ နေရာကို ဝှိနိုင်းတယ်၊ မထင်မှတ်ဘဲ ခင်ဗျားအမေက ပင့်ကူကို လွှတ်လိုက်တယ် မဟုတ်လား"

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒါဟာ အမှန်ကန်ဆုံးလုပ်ရပ်ပဲ မဟုတ်လား"

"ကျန်းစုရယ်က ဘာကြောင့် သူ့ကိုယ်တိုင် ပင့်ကူကို ခေါ်သွားတာလဲ"

"ဒါတော့ ကျွန်မလည်း မသိဘူး၊ ဖြစ်နိုင်စရာ အကြောင်း တစ်ခုပဲ ရှိတယ်"

"ဘယ်လိုအကြောင်းများလဲ"

"အဲဒီအချိန်မှာ သူဟာ လုဝမ်းထင်းတို့လူစုရဲ့ မျက်စိအောက်မှာ ရှိနေလိမ့်မယ်၊ ဒါကြောင့် ကိုယ်တိုင် လှုပ်ရှားလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အခုတော့ ကျန်းစုရယ်လည်း သေသွား

မဟုတ်လား"

ကျန်းချစ်ချစ်၏ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သည့်

အရိပ်အယောင်များ ထွက်ပေါ်လာ၏။ ဟုန်ဝေယင်းနှင့် ဝမ်းကြီး

အား စိုက်ကြည့်ရင်း ...

"အမှန်တော့ လုဝမ်းထင်းဟာ ကျွန်မ အမေကိုသတ်ပစ်

မယ် မထင်ဘူး"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး ...

"ခင်ဗျားအမေနဲ့ အဖေဟာ ကျန်းစုရယ်နဲ့ ဟန်ချန်း ဖြစ်

သိထားလျက်နဲ့ အခုလိုလုပ်တာ မှားတာပေါ့"

"ကျွန်မ မမှားဘူး၊ ကျွန်မစီစဉ်တဲ့အတိုင်း ဖြစ်လာရင် ရတ

တွေအားလုံးလည်း ရမယ်၊ ကျွန်မ အမေကိုခါပြီးတစ်နေရာ

သွားနိုင်မယ် မဟုတ်လား"

ကျန်းချစ်ချစ်၏ အပြောကြောင့် ဟုန်ဝေယင်းတို့မှာ

ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

ျန်းချစ်ချစ်က လုဝမ်းထင်း၏ အလောင်းအား စိုက်ကြည့်

ပြီး မကျေမချမ်း ဖြစ်ကာ ...

"ရတနာမြေပုံ ကျွန်မ အမေကျန်းစုရယ်ဆီမှာ ရှိတာ

သိတယ်၊ ဒါပေမယ့် မေမေ့ဆီက အတင်းအဓမ္မ မတောင်းချ



လုဝမ်းထင်းနဲ့ တင်းစန်းတို့ကိုလည်း ရန်တိုက်ပေးချင်တယ်၊

ဒါကြောင့် ကျွန်မ အမှားလုပ်မိတာပဲ"

ဝမ်းကြီး၏ မျက်လုံးများမှာ ဝင်းလက်သွားသည်။

"ကျုပ်သဘောပေါက်ပြီ ... ခင်ဗျားဟာ လုဝမ်းထင်းကို တစ်

ယောက်တည်း ရင်ဆိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတာ နားလည်လို့ အခုလို

လုပ်တာ မဟုတ်လား"

ကျန်းချစ်ချစ်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... လုဝမ်းထင်း တစ်ယောက်တည်းမှ မဟုတ်ဘဲ၊

ကွမ်းအင်းနဲ့ တင်းစန်းတို့လည်း ရှိသေးတယ်လေ၊ သူတို့ကို ရှင်း

ဖို့ ကျွန်မတစ်ယောက်တည်း မတတ်နိုင်ဘူး၊ ဒါကြောင့် အခုလို

လုပ်ရတာ"

ဝမ်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာပဲပြောပြော ခင်ဗျားဟာ လုဝမ်းထင်းကို ရင်မဆိုင်ရဲ

သော ကျုပ်တို့ကိုပါ ဒီကိစ္စထဲ ဆွဲသွင်းခဲ့တာ မဟုတ်လား"

"ဒါပေါ့ ... ရှင်တို့နှစ်ယောက် ပါဝင်လာမှ လုဝမ်းထင်းတို့ရဲ့

ရှားမှုဟာ မြန်မြန်ဆန်ဆန် အသက်ဝင်လာမှာ၊ တကယ်လို့

သာ ရတနာတွေ ရှာတွေ့သွားရင် ရှင်တို့လက်ချက်ကြောင့် ပေါ်

ခဲ့"

ဟုန်ဝေယင်းမှာ ဒေါသထွက်သွားကာ ကျန်းချစ်ချစ်အား စွပ်စွဲ

တ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို ကျုပ်တို့ကို မသိမှာ အသုံးချခဲ့တဲ့သဘောပေါ့"

ကျန်းချစ်ချစ်မှာ သဘောကျသွားကာ တခစ်ခစ်ရယ်မောနေလေသည်။

ဟုန်ဝေယင်းမှာ ဝမ်းကြီးအား ကြည့်ကာ ...

"တို့နှစ်ယောက်ကို သူက ကောင်းကောင်း အသုံးချခဲ့ပြီးပြီ"

ဟုန်ဝေယင်းက မျက်မှောင်ကြုတ်၍ ...

"အဲဒါ ဘာဖြစ်သလဲ"

"ဒါကြောင့် တို့က တစ်လှည့် ပြန်ပြီး သူတို့ကိုအသုံးချရမယ်"

ဝမ်းကြီးက မျက်မှောင်ကြုတ်သွားကာ ...

"ဘယ်လို အသုံးချမှာလဲ"

ဟုန်ဝေယင်းက ငွေသေတ္တာများဆီသို့ လက်ညှိုး ညွှန်ပြလိုက်ပြီး ...

"ငွေသေတ္တာတွေကို တို့ သယ်ယူသွားတဲ့အခါ သူတို့နှစ်ယောက်ကို ထမ်းနိုင်းရမယ်"

ဟုန်ဝေယင်းနှင့် အမြဲတစေ အတိုက်အခံဖြစ်ခဲ့သော ဝမ်းကြီးမှာ ယခုတစ်ကြိမ် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းတယ် ... တို့အစား သူတို့ထမ်းတော့ သက်သာတာပေါ့"

သူတို့နှစ်ယောက်၏ အချီအချ ပြောလိုက်ကြသော စကား



များကို ကြားရသောအခါ ကောင်းမော်မှာ ဒေါသထွက်သွားကာ ရှေ့သို့ လှမ်းတက်လာ၏။

ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့အား စိုက်ကြည့်ရင်း ...

"မင်းတို့ တော်တော်စော်ကား မော်ကားနိုင်ပါလားကွဟင်"

ဟုန်ဝေယင်းမှာ မျက်လုံးပြူးကျယ်သွားကာ ...

"ဘာ ... ကျုပ်တို့က စော်ကားတယ် ဟုတ်လား"

"ဟုတ်တယ် ..."

"ကျုပ်တို့က စော်ကားတာဆိုရင် နည်းသေးတယ်၊ မင်းတို့ကသာ တို့ကို အကွက်ဆင်ပြီး အမျိုးမျိုး ဒုက္ခပေးနေ့တာကျတော့ ဘာပြောမလဲ".

ပြောရင်း အကြိတ်တစ်ခု ခေါင်းထဲဝင်လာ၏။ ထို့ကြောင့် မျက်လုံးများ ဝင်းလက်သွားကာ ကောင်းမော်အား လှမ်းမေးလိုက်၏။

"မင်းနာမည်က ကောင်းမော် ဟုတ်လား"

သူ၏အမေးကြောင့် ကောင်းမော်မှာ ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ငါ့နာမည် ကောင်းမော် မဟုတ်လို့ ဘယ်လို နာမည်ဖြစ်ရမှာလဲ"

ဟုန်ဝေယင်းက ခပ်တည်တည်ပင် ...

"ဒါဖြင့် မင်းအဖေဟာ ကောင်းမင် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဟုန်ဝေယင်းက ကျန်းချစ်ချစ်ဘက်သို့ လှည့်လိုက်သည်။

ထို့နောက် သဘောကျစွာပြုံးရင်း ...

"သူပြောတဲ့ စကားတွေ ခင်ဗျားကြားတယ်မဟုတ်လား"

ကျန်းချစ်ချစ်မှာလည်း ကောင်းမော်နည်းတူ အံ့သြသွားလေသည်။

"ကြားသားပဲ ... ဘာဖြစ်လို့လဲ"

ဟုန်ဝေယင်းက နှာခေါင်းရှုံ့လိုက်ပြီး ကောင်းမော်အား လက်ညှိုးထိုး ညွှန်ပြကာ ...

"ဒါဖြင့် ခင်ဗျား သူ့ကို ဘာ့ကြောင့် သတ်မပစ်တာလဲ"

ကျန်းချစ်ချစ် မျက်လုံးပြူးကျယ်သွားရင်း ...

"ဘာဆိုင်လို့ သတ်ပစ်ရမှာလဲ"

ဟုန်ဝေယင်းက ပြုံးလျက် ...

"ကောင်းမင်ဟာ ခင်ဗျားအမေရဲ့ရန်သူမဟုတ်လား၊ ဒါကြောင့် ကောင်းမော်ဟာလည်း ခင်ဗျားရဲ့ ရန်သူပဲပေါ့"

ဝမ်းကြိုက ကျိုးကြောင်းယှက်နွယ်ပြီး ရှင်းပြလိုက်၏။ သို့သော် ကျန်းချစ်ချစ်မှာ လက်မခံနိုင်ပါချေ။

"အို ... အမေနဲ့ ပတ်သက်တဲ့ကိစ္စ သားနဲ့မဆိုင်ဘူးရှင့်"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီ ...



"ဒါဖြင့် ခင်ဗျားအမေနဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စဟာလည်း သမီးဖြစ်တဲ့ ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားဝင်ရှုပ်ဖို့ မကောင်းဘူး"

ကျန်းချစ်ချစ်မှာ ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။ ကောင်းမော်မှာလည်း ငေးငိုင်တွေဝေသွား၏။

ဟုန်ဝေယင်း ပြောလိုက်သည့် စကားမှာ အချက်ပိုင်လှသည် မဟုတ်ပါလား။ ဝမ်းကြိုမှာ ဟုန်ဝေယင်း၏ စကားကို သဘောကျသွားသဖြင့် တဟားဟား ရယ်မောလိုက်သည်။ ကျန်းချစ်ချစ်၏ မျက်နှာမှာ ညိုမှောင်သွား၏။ သို့သော် တစ်ခဏအတွင်းမှာပင် ပြန်လည် ပြုံးရွှင်လာပြီး ...

"ကိစ္စမရှိပါဘူးရှင်၊ ကောင်းမော်ဆိုတာလည်း သေသွားပါပြီ"

ယခုတစ်ကြိမ် ပါးစပ်ပေါက်လောင်း ဖြစ်သွားရသူများမှာ ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့ ဖြစ်လေသည်။ ဟုန်ဝေယင်းနှင့် ဝမ်းကြိုတို့မှာ ကောင်းမော်ကိုတစ်လှည့် ကျန်းချစ်ချစ်ကို တစ်လှည့် ငေးကြည့်နေမိ၏။ အတန်ကြာမှ ဟုန်ဝေယင်းက ကောင်းမော်အား စိုက်ကြည့်လိုက်ပြီး ...

"ကောင်းမော်ဆိုတာ သေသွားပြီ ဟုတ်လား"

ကောင်းမော်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ..."

"ဒါဖြင့် မင်းက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမော်က ပြုံးလိုက်ပြီး ...

"ကောင်းမော်ဆိုတဲ့ အမည်ဟာ သေသွားပါပြီဗျာ၊ ကျုပ်က တော့ ကျန်နေသေးတယ်"

"ဘာလဲ ... နာမည်သေပြီး လူကျန်ခဲ့တဲ့ သဘောလား"

"ဟုတ်တယ် ... ကျုပ်ဟာ ကျန်းချစ်ချစ်ရဲ့ လူ ကောင်းမော် မဟုတ်တော့ဘူး၊ လူသစ်စိတ်သစ် ဖြစ်နေပြီ"

ထိုစဉ် ကျန်းချစ်ချစ်က ကြားဖြတ်ပြောလိုက်လေသည်။

သူမသည် ကောင်းမော်အားကြည့်ရင်း ဝမ်းကြီးတို့ အံ့အားသင့် စေမည့် စကားတစ်ခွန်းကို ပြောဆိုလိုက်၏။

"ကျွန်မက နိုင်ရင် ရှင်ဟာ အချိန်မရွေး သေရဲတယ်လို့ ပြောပြလိုက်စမ်းပါရှင်"

ကောင်းမော်က ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်တယ် ... သူ့အတွက်ဆို ကျုပ် အချိန်မရွေး သေရဲတယ်... ဗျ"

သူ၏စကား ကြားလိုက်ရသောအခါ ဟုန်ဝေယင်းနှင့် ဝမ်းကြီး တို့မှာ မျက်စိမျက်နှာ ပျက်သွားကြလေသည်။ ဟုန်ဝေယင်းမှာ ခံပြင်း ကာ ဒေါသထွက်လာ၏။ ထို့ကြောင့် လက်သီး လက်မောင်းတန်း လိုက်ပြီး ...

"အရှက်မရှိတဲ့လူ၊ မိန်းကလေးရဲ့စကားကို ဒီလောက်တောင်



နားထောင်ရသလား၊ လောကမှာရှိနေတဲ့ ယောကျ်ားတွေအတွက် မင်းကို ဆုံးမမယ်"

ပြောရင်း လှေကားထစ်အတိုင်း ပြေးတက်သွားရန် ခြေလှမ်း ပြင်လိုက်၏။ သို့သော် ဝမ်းကြီးက လှမ်းဆွဲထားလိုက်သည်။ အကြောင်းမှာ အပေါ်နှင့်အောက် ဖြစ်နေသည့်အပြင် ကောင်းမော်က သံပလွေအား ဆွဲထုတ်လိုက်သည်ကို တွေ့လိုက်ရ၍ဖြစ်၏။

ကောင်းမော်၏သံပလွေမှ အဆိပ်အပ်များမှာ အချိန်မရွေး ပစ်လွှင့်လာနိုင်သည် မဟုတ်ပါလား။ ဟုန်ဝေယင်းက ဝမ်းကြီးအား မကျေမနပ်ဖြင့် လှည့်ကြည့်ရင်း ...

"မင်းက ဘာသဘောနဲ့ ငါ့ကို ဟန့်တားနေရတာလဲ"

ဝမ်းကြီးက အေးတိအေးစက်ဖြင့် ရှင်းပြလိုက်သည်။

"တို့တစ်တွေ တိုက်ခိုက်ဖို့အချိန် မရောက်သေးဘူး"

"ဘာဖြစ်လို့လဲ"

ကောင်းမော်တို့နှစ်ယောက်အား လက်ညှိုးညွှန်ကာ ...

"သူတို့ကို ကြည့်ပါလား"

ဟုန်ဝေယင်းက လှည့်ကြည့်လိုက်သည်။ ထိုအခါ ကောင်းမော် နှင့် ကျန်းချစ်ချစ်တို့မှာ အပေါ်ဘက်သို့ ပြန်တက်သွားကြရန် ခြေလှမ်းပြင်နေကြသည်ကို တွေ့လိုက်ရ၏။ ဟုန်ဝေယင်းမှာ အံ့ဩ သွားကာ လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … မင်းတို့ ဘယ်သွားကြမလို့လဲ"

ကျန်းချစ်ချစ်က သူတို့ဘက်သို့ ပြန်လှည့်လိုက်သည်။ ထို့နောက် သဘောကျစွာ ပြုံးရင်း …

"ကျွန်မတို့ ဒီမှာဆက်နေဖို့ မလိုအပ်တော့ဘူးလေ၊ ဒါကြောင့် နှုတ်ဆက်ခဲ့ပါတယ်ရှင်"

သူမ၏စကားအား ဟုန်ဝေယင်းတင်မက ဝမ်းကြီးပါ မည်သို့ နားလည်ရမည်မသိ ဖြစ်သွားကြလေသည်။ ကျန်းချစ်ချစ်၏စကားမှာ ထူးခြားနေသည် မဟုတ်ပါလား။

ဝမ်းကြီးက ရှေ့သို့ လှမ်းထွက်လိုက်ပြီး …

"နေစမ်းပါဦး၊ ခင်ဗျားတို့က ဘယ်သွားကြမလို့လဲ"

ကျန်းချစ်ချစ်က ပြုံးရင်း …

"ကျွန်မတို့ ဘယ်သွားသွား ရှင်နဲ့ မဆိုင်ပါဘူး"

"တကယ်သွားကြတော့မလို့လား"

"တကယ်ပေါ့"

"ဒါဖြင့် ရတနာနဲ့ ငွေတွေ မယူသွားတော့ဘူးလား"

ကျန်းချစ်ချစ်က လှောင်ပြုံး ပြုံးလိုက်သည်။ ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့အား အထင်သေးသည့်သဘောဖြင့် လက်ကလေးကာ မေးကလေးရှမ်းရင်းမှ …

"ကိစ္စမရှိဘူး၊ ရှင်တို့ပဲ ယူလိုက်ကြ"



ထိုစကား ကြားလိုက်ရသောအခါ ဝမ်းကြီးမှာ ပို၍ အံ့ဩသွားရလေသည်။ ကျန်းချစ်ချစ်မှာ ဤပစ္စည်းများရရှိရန်အတွက် အမျိုးမျိုး အကွက်ဆင်၍ ရာဇဝတ်မှုများကျူးလွန်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် လက်လွှတ်စပယ် ထွက်သွားမည် မဟုတ်ပါချေ။ အကြောင်းတစ်ခုခု ရှိနေရမည်ဟု တွေးမိလိုက်သဖြင့် …

"နေပါဦး၊ ခင်ဗျားတို့ အခုလို ထွက်သွားတာ အကြောင်းတစ်ခုခု ရှိရမယ်ထင်တယ်"

ကျန်းချစ်ချစ်က ဝမ်းကြီးအား ချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သူမ၏နှုတ်မှလည်း …

"ရှင့် မဆိုးဘူး"

"ဘယ်လို အကြောင်းများ ရှိနေလို့လဲ"

"ဒီပစ္စည်းတွေကို ရှင်တို့ ယူမသွားနိုင်ပါဘူး"

ဟုန်ဝေယင်းက ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျားတို့သာ ထွက်သွားရင် ကျုပ်တို့ယူပြီး သွားနိုင်တယ်ဆိုတာ သိရလိမ့်မယ်"

"ရှင် တကယ်ယူသွားနိုင်ပါ့မလား"

"အိုး … ဘာဖြစ်လို့ ယူမသွားနိုင်ရမှာလဲ"

"ကောင်းပြီ … ယူသွားနိုင်ရင် ယူသွားကြပေါ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် ခန္ဓာကိုယ် ချာခနဲလှည့်ကာ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။ ထိုစဉ် တွေဝေ၍ စဉ်းစားနေသော ဝမ်းကြီးမှာ တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့် ရုတ်တရက် ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

"ခင်ဗျားအကြံ ကျုပ်သိပြီ၊ ကျုပ်တို့ကို ဒီနေရာမှာ ပိတ်လှောင်ထားမလို့ မဟုတ်လား"

ကျန်းချစ်ချစ်က အံ့သြသွားဟန်ဖြင့် မျက်လုံးလေးပြူးပြီကာ...

"ရှင် တော်တော် ဉာဏ်ကောင်းပါလား"

ဝမ်းကြီးက မဲ့ပြုံး ပြုံးလိုက်ပြီး...

"ခင်ဗျားတို့ ဒီအတိုင်းထွက်သွားတာ သဘာဝမှ မကျဘဲ၊ ကျုပ်တို့ကို ပိတ်လှောင်ထားမယ့်အကြံရှိလို့သာ ဖြစ်ရမှာပေါ့"

ကျန်းချစ်ချစ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ဘယ်လို ပိတ်လှောင်ထားမှာလဲ"

"ဒီနေရာဟာ လျှို့ဝှက်စက်ယန္တရားတွေ တပ်ဆင်ထားတဲ့နေရာတစ်ခုပဲ၊ ကျွန်မက ရှင်တို့ကို တံခါးဖွင့်မရအောင် ပိတ်လှောင်ထားမယ်၊ အဲဒီအခါ ရှင်တို့နှစ်ယောက်ဟာ အစာငတ် ရေငတ်ပြီး သေသွားမယ် မဟုတ်လား"



ဤတွင် ဟုန်ဖေယင်းက ကြားဖြတ်ပြောလိုက်သည်။

"ဒီနေရာမှာ စက်ယန္တရားတွေရှိနေတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ကျန်းချစ်ချစ်က လက်ထဲမှမြေပုံစာရွက်တစ်ရွက်အား ထောင်ပြလိုက်ပြီး...

"ဒီမြေပုံစာရွက်ထဲမှာ ပါတယ်လေ"

အမှန်မှာ မြေပုံကို လုဝမ်းထင်းက ကိုင်ကာ ဤနေရာသို့ လာခဲ့ခြင်းဖြစ်သည်။

သို့သော် အောက်ဘက်သို့ဆင်းလာပြီး သံ သေတ္တာများအား တွေ့လိုက်ရသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား ပြီး လွှင့်ပစ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မြေပုံမှာ ကျောက်လှေကားထစ်ပေါ်တွင် ရှိနေခြင်း ဖြစ်လေသည်။

ကျန်းချစ်ချစ်က ပြုံးလျက်...

"ကဲ... ကျွန်မတို့ သွားတော့မယ်"

ပြောပြီးသည်နှင့် အပြင်သို့ခုန်ထွက်သွား၏။ ကောင်းမော်ကလည်း နောက်မှ ပြေးလိုက်သွားလေသည်။ သူတို့နှစ်ယောက် အပြင်ဘက်သို့ရောက်ရှိသွားသည်နှင့်...

"ဝုန်း..."

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လျှို့ဝှက်တံခါးမှာ အနိုင်အမာ ပိတ်သွားလေတော့သည်။

* * *

(၆)

ဟုန်ဝေယင်းက ဝမ်းကြီးအား လှည့်ကြည့်လိုက်သည်။ ထို့နောက် အားကိုးသောလေသံဖြင့် ...

"မင်း စက်ယန္တရားအကြောင်း နားလည်တယ် မဟုတ်လား။ တံခါးဖွင့်နိုင်ရင် ငါ့ထက်တော်တယ်"

ဝမ်းကြီးက နှာခေါင်းရှုံ့လိုက်ပြီး ...

"ဒီတစ်ခါ ငါက ဘာနဲ့လုပ်လုပ် တံခါးဖွင့်သွားဖို့ အဓိကပဲ မဟုတ်လား"

ပထမအကြိမ် ကတ်တီးကတ်ဖဲ့ ပြောခဲ့ဖူး၍ သေချာစေရန် မေးလိုက်ခြင်းဖြစ်သည်။ ဟုန်ဝေယင်းက ပြုံးလိုက်ပြီး ...

"အေး ... ဘာပဲဖြစ်ဖြစ် တံခါးဖွင့်ဖို့ အဓိကပဲ"

"ကောင်းပြီ၊ ငါ ကြိုးစားကြည့်မယ်"

ပြောပြီးသည်နှင့် ဝမ်းကြီးက တံခါးအနီးသို့ လျှောက်သွားလေတော့သည်။

* * *



(၇)

စက်ယန္တရားပညာ ...

အမှန်စင်စစ် စက်ယန္တရားပညာမှာ ကျွမ်းကျင်စွာ တတ်မြောက်ရန် အလွန်ခဲယဉ်းလှပေသည်။ သို့သော် ဝမ်းကြီးမှာ စက်ယန္တရားပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထား၏။

လျှို့ဝှက်တံခါးအနီးသို့ ချဉ်းကပ်သွားပြီး တစ်စထောကြည့်ရှုလေ့လာလိုက်သည်နှင့် မည်သို့မည်ပုံ ဖွင့်ရမည်ကို သဘောပေါက်သွားလေတော့သည်။ ထို့ကြောင့် ဟုန်ဝေယင်းဘက်သို့ လှည့်ကာ စကားတစ်ခွန်းပြောလိုက်၏။

"မင်း လှုဝမ်းထင်းကို သွားထမ်းလာရင် ကောင်းမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

"တံခါးပွင့်သွားတာနဲ့ ကောင်းမော်ရဲ့ သံမဏိအဆိပ်အပ်တွေ ထွက်လာနိုင်တယ်"

ဝမ်းကြီးမှာ တံခါးဖွင့်နိုင်စွမ်းရှိလိမ့်မည်ဟု ဟုန်ဝေယင်းက ယုံကြည်ထား၏။ ထို့ကြောင့် ချက်ချင်းပင် လှုဝမ်းထင်း၏အလောင်းကို သွားရောက် မယူလိုက်လေသည်။ ထို့နောက် ဝမ်းကြီးအား ပြုံးပြလိုက်ပြီး ...

"ငါတော့ အဆင်သင့်ဖြစ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်ပြီး လျှို့ဝှက်တံခါးနံဘေးရှိ အုတ်ချပ်များကိုထုရိုက်ကာ ခွာချလိုက်သည်။ ထိုအခါ အုတ်တစ်ချပ် ကွာကျလာပြီး အတွင်းဘက်၌ သံချောင်းငါးချောင်း ရှိနေသည်ကို တွေ့ရလေသည်။

ဝမ်းကြီးက အာရုံစူးစိုက်၍ သံချောင်းငါးချောင်းအနက် ဒုတိယ သံချောင်းကို ဆွဲလိုက်သည်။ လုံခြုံစက်များ တပ်ဆင်ထား နိုင်သောကြောင့် အစနဲ့မသင့်လျှင် ဒုက္ခရောက်နိုင်ကြောင်း ရိပ်မိ ထား၏။

ထို့ကြောင့် သတိကြီးစွာထား၍ ဆွဲလိုက်ခြင်းဖြစ်လေသည်။ အားယူ၍ ဆွဲလိုက်သည်နှင့် သံချောင်းမှာ လျှပ်ရှားသွားပြီး ...

"ဝုန်း ..."

အသံတစ်ချက်ထွက်ပေါ်လာကာ လျှို့ဝှက်တံခါးမှာ ပွင့်သွား လေတော့သည်။

✵ ✵ ✵

(၈)

ကောင်းမော်နှင့် ကျန်းချစ်ချစ်တို့မှာ လျှို့ဝှက်တံခါး... ရှေ့၌ ထိုင်နေကြ၏။ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာ ... မဟုတ်ကြကြောင်း သဘောပေါက်ထားကြ၏။



ထို့ကြောင့် အပေးသို့ထွက်မသွားဘဲ ထိုင်စောင့်နေကြခြင်း ဖြစ်ပါသည်။

ကောင်းမော်မှာ လျှို့ဝှက်တံခါးအား မျက်တောင်မခတ် စိုက် ကြည့်နေ၏။ ထိုစဉ် ...

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး လျှို့ဝှက်တံခါးမှာ ပွင့်သွား ၏။ တံခါးပွင့်သွားပြီး ချက်ချင်းပင် လူတစ်ယောက် ခုန်ထွက်လာ ၏။ ကောင်းမော်မှာ အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဖြစ်သော ကြောင့် ငေးငိုင်နေခြင်းမရှိဘဲ သံပလွေကိုမြှောက်ယမ်းကာ အဆိပ်အပ် များ တစ်ချောင်းမကျန် ပစ်လွှင့်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ လျင်မြန်၍ တိကျလှပေသည်။ အဆိပ် အပ်များမှာ တစ်ချောင်းမကျန် ခုန်ထွက်လာသူအား စိုက်ဝင်သွား၏။ သို့သော် ခုန်ထွက်လာသူမှာ သေဆုံးသွားပြီဖြစ်သော လုဝမ်းထင်း ဖြစ်နေ၏။

ထိုတစ်ဒင်္ဂအချိန်အတွင်းမှာပင် လုဝမ်းထင်းမှာ ထိကျသွား သည်။ လုဝမ်းထင်းအား အကာအကွယ်ယူ၍ ခုန်ထွက်လာကြသော ဝမ်းကြီးနှင့် ဟုန်ဝေယင်းတို့မှာ ကြောင်အမ်းအမ်းဖြစ်နေသည့် ကောင်း မော်နှင့် ကျန်းချစ်ချစ်တို့အား တိုက်ခိုက်လိုက်ကြလေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



(၉)

ဟုန်ဝေယံက အပြင်သို့ခုန်ထွက်လိုက်သည်နှင့် ဝမ်းကြ
အား လှမ်း၍ ...

"ဝမ်းကြီး ... မင်း ကောင်းမော်ကို တာဝန်ယူ"

အော်ပြောရင်း' ကျန်းချစ်ချစ်ထံသို့ ခုန်အုပ်လိုက်လေသည်

အမှန်မှာ ကောင်းမော်ထက် ကျန်းချစ်ချစ်အား ယှဉ်ပြိုင်ရသည်
က သက်သာလိမ့်မည်ဟု ထင်မှတ်ထားသောကြောင့်ပင် ဖြစ်၏။

သို့သော် သိုင်းကွက်သုံးလေးကွက်မျှ တိုက်ခိုက်လိုက်သည်
နှင့် ကျန်းချစ်ချစ်မှာ ကောင်းမော်ထက်ပင် ကြောက်စရာကောင်း
ကြောင်း သိလိုက်ရလေသည်။

ကျန်းချစ်ချစ်မှာ ဟုန်ဝေယံတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်လျှ
အနိုင်ရမည်ဖြစ်ကြောင်း ယုံကြည်ထား၏။

သို့သော် နှစ်ဖက်စလုံး အနည်းနှင့်အများ ထိခိုက်ဒဏ်
ရသွားနိုင်ကြောင်း ဆင်ခြင်မိလေသည်။

ထို့ကြောင့် တိုက်ခိုက်ခြင်းမပြုဘဲ ပိတ်လှောင်၍သတ်
ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။

သို့သော် ယခုမူ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြု၍ မဖြစ်
အခြေအနေသို့ ရောက်လာ၏။

ဟုန်ဝေယံက လျင်မြန်စွာတိုက်ခိုက်လာသဖြင့်
ခြင်းပင်မပြုတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်



ကောင်းမော်မှာလည်း ကြောင်အမ်းအမ်းဖြစ်နေရာမှ ရုတ်
တရက် သတိဝင်လာပြီး ဝမ်းကြီးအား ပြန်လည်တိုက်ခိုက်လိုက်သည်။

မည်သို့ဆိုစေ၊ ထိပ်တန်းသိုင်းသမားများယှဉ်ပြိုင်ရာ၌ သိုင်း
ကွက်တစ်ကွက် သာသွားလျှင်ပင် အနိုင်အရှုံးကို ဆုံးဖြတ်နိုင်၏။

ဝမ်းကြီးမှာ စတင်တိုက်ခိုက်လိုက်ရသဖြင့် သိုင်းကွက်တစ်
ကွက် အသာစီးရကာ ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခဲ့လေသည်။

သို့သော် ဟုန်ဝေယံ အခြေအနေမဟန်သည်ကို တွေ့ရသဖြင့်
ရင်လေးသွား၏။ ထို့အပြင် စိုးရိမ်ပူပန်လာသောကြောင့် ဟုန်ဝေ
ယံအား လှမ်း၍ ...

"ဟုန်ဝေယံ ... မင်း ဒီဘက်လာခဲ့"

အော်ပြောလိုက်ပြီး ကောင်းမော်အား သုံးလေးချက်မျှ ဆင့်ကာ
တန်ကျောက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ဟုန်ဝေယံနှင့် တိုက်ခိုက်နေသော
ကျန်းချစ်ချစ်ထံသို့ ခုန်ဝင်သွားလေသည်။

ကောင်းမော်က ဟန့်တားရန်ကြိုးစားလိုက်သော်လည်း မမှီ
တော့ပါချေ။ ကျန်းချစ်ချစ်မှာလည်း ရင်ထိတ်သွား၏။

အမှန်စင်စစ် သူမအနေဖြင့် ဟုန်ဝေယံအား အနိုင်ရရန်
သေချာသော်လည်း ဝမ်းကြီးနှင့် နှစ်ယောက်ပေါင်း၍ တိုက်ခိုက်လာ
လျှင်မူ အနိုင်ရမည်ဟု ကျိန်းသေမပြောနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



နားကွဲမတတ် ကျယ်လောင်ပြီး ရှည်လှသော အော်သံကြောင့် စိတ်ခေတ်တည်ငြိမ်မှု မရှိတော့ပါချေ။

သမာဓိစိတ်အင်အားမှာ ကစဉ့်ကလျားဖြစ်သွားကာ တိုက်ခိုက်ရန် အာရုံစူးစိုက်မရဘဲ ဖြစ်နေ၏။

ထို့ကြောင့် ဟုန်ဝေယင်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး လှမ်းမေးလိုက်မိတော့၏။

"မင်း ဘာတွေလျှောက်အော်နေတာလဲ"

ဟုန်ဝေယင်းက ပခုံးတွန့်လိုက်ပြီး...

"ငါလဲ မသိဘူး၊ ငါ့ဆရာက အော်ရမယ်လို့ မှာထားလို့ အော်နေတာ"

ပြောရင်း ဆင့်ကာဆင့်ကာ အော်ဟစ်နေပြန်လေသည်။ အော်ဟစ်ရင်းပင် ခြေလက်များ အဆက်မပြတ် လှုပ်ရှားကာ တိုက်ခိုက်နေ၏။

အချိန်ကြာလာသောအခါ ကောင်းမော်မှာ အခက်တွေ့ကြုံလာလေသည်။

တိုက်ခိုက်၍လည်းမရ၊ နောက်ဆုတ်ရှောင်တိမ်းသွား၍လည်း မဖြစ်ဘဲ ဟုန်ဝေယင်း၏တိုက်ခိုက်မှုကို အသေအလဲခံနေရတော့၏။

ထို့အပြင် နားပင်းမတတ် ကျယ်လောင်လှသော အော်ဟစ်သံကြောင့် အသက်ရှူများကာ ဆောက်တည်ရာမရဘဲ ဖြစ်နေသော



ကြောင့် နောက်ဆုံး ဟုန်ဝေယင်း၏လက်သီးတစ်ချက်မိသွားလေတော့၏။

"ဝုန်း..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ကောင်းမော်မှာ အဝေးသို့ လွင့်စင်သွားသည်။

ချက်ချင်းပင် ပြန်လည် လူးလိမ့်ထရန် ဟန်ပြင်လိုက်သော်လည်း ဟုန်ဝေယင်းက အသံကုန်အော်ဟစ်ရင်း တိုက်ခိုက်လာသောကြောင့် မြေပေါ်တွင် လိမ့်ကာလိမ့်ကာ ရှောင်တိမ်းနေရ၏။

သို့သော် ကြာကြာ ရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။

ဟုန်ဝေယင်း၏ ခြေထောက်ကန်ချက် သုံးလေးချက်မျှ ထိမှန်သွားပြီး...

"အား..."

စူးရှစွာ အော်ဟစ်လိုက်ပြီး ငြိမ်သက်သွားလေသည်။ ဤသို့ဖြင့် ကြေးစားလူသတ်သမား ကျားရိုင်း(ဝါ)ကောင်းမော်မှာ ဟုန်ဝေယင်း၏လက်ချက်ဖြင့် သေဆုံးသွားပြီဖြစ်ပါသည်။

* * *

(၁၁)

ကောင်းမော်မှာ မြေပေါ်တွင် လဲကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် သေဆုံးသွားပြီဖြစ်ကြောင်း သိရမှ ဟုန်ဝေယင်းက ဝမ်းကြီးတို့ဘက်သို့ လှည့်လိုက်သည်။

ဝမ်းကြီး၏အခြေအနေကို တွေ့မြင်လိုက်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

အကြောင်းမှာ ဝမ်းကြီး၏တစ်ကိုယ်လုံးတွင် သွေးချင်းချင်းနီရဲနေပြီး အရေးနိမ့်နေသည် မဟုတ်ပါလား။

ထို့အပြင် ကျန်းချစ်ချစ်၏လက်ထဲ၌ ဓားပါးတစ်လက်ရှိနေသည်ကိုပါ တွေ့ရ၏။ ဟုန်ဝေယင်းမှာ ဒေါသချောင်းချောင်းထွက်သွားသည်။ ဝမ်းကြီးအတွက် စိုးရိမ်ပူပန်လာသဖြင့် အသံကုန် ဟစ်အော်လိုက်၏။

"ဟော ... ရပ်လိုက်ကြစမ်း"

ကျယ်လောင်စွာ ကြုံးဝါး၍ တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွား၏။ ကျန်းချစ်ချစ်မှာ ကောင်းမော် အခြေအနေမဟန်မှန်း နားလည်လိုက်သည်။

ထို့အပြင် ကောင်းမော်အတွက် ခံပြင်းသည့်စိတ်ကြောင့် ဒေါသချောင်းချောင်းထွက်လာပြီး အံကြိတ်ကာ ကြုံးဝါးလိုက်၏။

"ရှင်တို့နှစ်ယောက်ကို ကျွန်မ သတ်ပစ်မယ်"

ပြောရင်း ဆင့်ကာဆင့်ကာ တိုက်ခိုက်လိုက်ပြန်လေသည်။ ဝမ်းကြီးမှာ လျှင်မြန်စွာ ရှောင်တိမ်းရင်း ဟုန်ဝေယင်းရှေ့သို့ တိုးလာ



နေသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားကာ ဟန့်တားလိုက်မိသည်။

"မင်း ... လာမရှုပ်နဲ့"

သို့သော် သူက မည်သို့ပင် ဟန့်တားလိုက်သော်လည်း ဟုန်ဝေယင်းမှာ ရှေ့တိုးမြဲ တိုးလာ၏။

တစ်ဖန် အနီးသို့ရောက်လာသည်နှင့် ပါးစပ်ဖြဲကာ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြန်လေသည်။

သူ၏အော်ဟစ်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်၏။ ဝမ်းကြီးသာမက ကျန်းချစ်ချစ်ပင် နားကွဲသွားမည်ဟု ထင်မှတ်ကာ လန့်ဖျပ်၍ နောက်ဆုတ်လိုက်မိကြလေသည်။

ထိုအချိန်ကို အခွင့်ကောင်းယူ၍ ဟုန်ဝေယင်းက ကျန်းချစ်ချစ်အား တိုက်ခိုက်လိုက်၏။

ကျန်းချစ်ချစ်မှာ ရင်ထိတ်သွားပြီး လက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်လေသည်။ ထိုအခါ ...

"အွန် ...."

ညည်းညူသံတစ်ချက် ထွက်ပေါ်လာပြီး ဟုန်ဝေယင်း၏ရင်ဝတွင် ဓားတစ်လက် စိုက်ဝင်သွား၏။

ထိုနည်းတူ ဟုန်ဝေယင်း၏လက်ဝါးနှစ်ဖက်မှာ ကျန်းချစ်ချစ်အား ရိုက်ချမိလိုက်လေတော့၏။ (ပြီး)

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..." မျှော်

ဟူသော မြည်သံနှင့်အတူ ကျွန်းချစ်ချစ်မှာ ခန္ဓာကိုယ်ရပ်တည်နိုင်စွမ်းမရှိဘဲ အဝေးသို့ လွင့်စင်သွား၏။

တစ်ဖန် လူးလိမ့်ထရန် ကြိုးစားလိုက်သော်လည်း နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာပြီး ခေါင်းငိုက်ကျကာ သေဆုံးသွားလေတော့သည်။

အကျည်းတန်လှသောမြင်ကွင်းကြောင့် ဝမ်းကြီးမှာ ငေးငိုင်နေရာမှ ချက်ချင်းပင် သတိဝင်လာပြီး ...

"ဟုန်ဝေယင်း"

ကျယ်လောင်စွာ အော်ဟစ်ကာ ဟုန်ဝေယင်းအနီးသို့ ပြေးလွှားသွားမိလေတော့သည်။

* * *

(၁၂)

ဟုန်ဝေယင်းက ယှဲယှဲကလေး ပြုံးပြလိုက်သည်။

"မင်းပြောတာ သိပ်မှန်တယ်၊ မင်းပြောတဲ့အတိုင်း ငါဟာ မိန်းမကလေးလက်ချက်နဲ့ သေရမှာပဲ"

ဝမ်းကြီး၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းနေ၏။ သူသည် ဟုန်ဝေယင်းအား ယူကြုံးမရဖြစ်စွာကြည့်ကာ ပြောလိုက်မိ၏။



"အိုး ... မင်း ဘာဖြစ်လို့ သေရမှာလဲ၊ သမားတော်တွေ

ငါပို့ပေးမယ်"

ဟုန်ဝေယင်းက ခေါင်းခါယမ်းလိုက်သည်။

"ငါသိပါတယ်ကွာ၊ ရွှေငွေရတနာတွေကို မင်းရသွားရင်

မွေးတဲ့ဇာတိ တောင်တန်းဒေသကလူတွေဟာ သိပ်ဆင်းရဲကြတယ်

သူတို့အတွက် ကူညီတဲ့နေရာမှာ အသုံးပြုမယ်လို့ ကတိပေးစမ်းပါ

ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်ပြီး ...

"စိတ်ချ ... ငါ ကတိပေးပါတယ်"

ထိုစဉ် မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်

ကြားလိုက်ရ၏။

ဝမ်းကြီးက လှည့်ကြည့်လိုက်သောအခါ မြို့တော်ဝန်ရှောင်

နှင့် ဗူးအိဟန်တို့ ဦးဆောင်လာသော စစ်သည်တော်များ ဖြစ်နေသည်

ကို တွေ့ရ၏။ ဝမ်းကြီးမှာ ဝမ်းသာသွားကာ ဟုန်ဝေယင်းအား

အားပေးစကား ပြောဆိုလိုက်သည်။

"ဟုန်ဝေယင်း၊ နေပြည်တော်က စစ်သည်တော်တွေ ရောက်

လာပြီ၊ မင်းကို အကောင်းဆုံးသမားတော်ဆီ ခေါ်သွားမယ်"

သူက အားရပါးရ ပြောလိုက်သော်လည်း ဟုန်ဝေယင်းမှ

အဖြေမပေးနိုင်တော့ပါချေ။ ဝမ်းကြီးမှာ အံ့ဩသွားကာ ...

"မင်း ဘာဖြစ် ..."

www.burmeseclassic.com



သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရလေတော့၏။ အကြောင်းမှာ သူက ဆက်ပြောသော်လည်း ဟုန်ဝေယင်းက ကြားမည်မဟုတ်ဟု နားလည်လိုက်သောကြောင့် ဖြစ်သည်။ မှန်ပါသည်။ ဟုန်ဝေယင်းမှာ သေဆုံးသွားပြီ ဖြစ်ပါသည်။

✱ ✱ ✱

(၁၃)

ယခုအခါ ...

သိုင်းလောကတွင် ကျော်ကြားနေသော ပင့်ကူမှာ သေဆုံးသွားပြီ ဖြစ်သည်။

ပင့်ကူ၏နေရာတွင်ဆက်ခံကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သော ကျန်းချစ်ချစ်မှာလည်း သေဆုံးသွားပြီဖြစ်သည်။

ထို့အပြင် ပီကင်းမြို့မှ ကျောက်စိမ်းရတနာဆိုင် ဓားပြတိုက်ခံရသည့်ကိစ္စမှာလည်း ရှင်းလင်းသွားပြီဖြစ်သည်။

ထို့အပြင် ပျောက်ဆုံးသွားသော ဘုရင်မင်းမြတ်၏သရဖူကို ဝူးအိဟာန်တို့လူစုက နေပြည်တော်သို့ ပြန်လည်သယ်ဆောင်သွား၏။

ထို့အပြင် ကျန်ရွှေငွေများမှာ ပိုင်ရှင်အစစ်အမှန်ဖြစ်သော ကျောက်စိမ်းရတနာဆိုင်ပိုင်ရှင်၏သား ဝမ်းကြဲအား လွှဲပြောင်းပေးအပ်ခဲ့သည်။



နောက်ဆုံးတွင် ဘုရင်မင်းမြတ်၏သရဖူ ပြန်လည်ရရှိသွားသောကြောင့် ဝမ်းကြဲ၏ဖခင်မှာ အနှောင်အဖွဲ့မှ လွတ်မြောက်တော့မည် မဟုတ်ပါလား။

✱ ✱ ✱

(၁၄)

နိုက်တင်မြို့ပြင် ...

နိုက်တင်မြို့ပြင်ရှိ တစ်စပြင်(သို့) သင်္ချိုင်းကုန်းအတွင်းတွင် ဖြစ်၏။

ထိုတစ်စပြင် သင်္ချိုင်းကုန်းအတွင်း၌ ဖြူဖွေးသော အုတ်ဂူတစ်လုံး အသစ်တိုးလာ၏။

ဝမ်းကြဲမှာ ယင်းအုတ်ဂူရှေ့၌ ဒူးထောက်နေ၏။ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရသော ဟုန်ဝေယင်းအား သူက စစ်မှန်သောမိတ်ဆွေအဖြစ် လက်ခံထားပြီဖြစ်သည်။ ယခုတော့ ဟုန်ဝေယင်းမှာ ဖြူဖွေးသော အုတ်ဂူအတွင်း ထာဝရအေးချမ်းစွာ အနားယူနေပြီဖြစ်သည်။

ဝမ်းကြဲမှာ ရှိသေသောမျက်လုံးအစုံဖြင့် အုတ်ဂူအား စိုက်ကြည့်ရင်း ...

"ငါ့ရဲ့ကတိအတိုင်း တောင်တန်းဒေသက လူတွေကို အကူအညီပေးမယ်ဆိုတာ ယုံပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် သူ့စကားမှာ အသည်းနှလုံးထဲမှလာသော စကားများ ဖြစ်ကြသည်။

ဟုန်ဝေယင်းကသာ ကြားသိနိုင်မည်ဆိုလျှင် ဝမ်းမြောက် ဝမ်းသာဖြစ်ကာ တဟားဟား ရယ်မောနေပေမည်။

ဝမ်းကြို၏အသည်းနှလုံးထဲ၌လည်း အချိန်ရာသီ မည်သို့ပင် ကုန်လွန်ပြောင်းလဲသွားပါစေ၊ ဟုန်ဝေယင်းအား မေ့ရှုမည်မဟုတ် ပါ။

မှန်ပါသည်။ သူတို့နှစ်ယောက်မှာ မိတ်ဆွေစစ် မိတ်ဆွေမှန် များဖြစ်ကြသည် မဟုတ်ပါလား။ လေအဝှေ့တွင် အုတ်ဂူနံဘေးရှိ သစ်ပင်အိုကြီးပေါ်မှ ရော်ရွက်ဝါများမှာ အုတ်ဂူပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျလာလေတော့သည်။

ဤသို့ပင် ... လူ့ဘဝ ဆိုသည်မှာလည်း ...။

ပြီးပါပြီ။

မိုးကျော်သူ

www.burmeseclassic.com

www.burmeseclassic.com



လိုမှာပဲဗျ၊ ဒါကြောင့် တစ်ယောက်ယောက်က သူ့ကို လာပို့ပေးဖို့ လိုအပ်လိမ့်မယ်"

လုဝမ်းထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘယ်သူက လာပို့ပေးတာလဲ"

လုဝမ်းထင်းက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ...

"ငါထင်တာ မလွဲဘူးဆိုရင် ကျန်းလုံရဲ့ညီမ ကျန်းစုရယ်ပဲ ဖြစ်ရမယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ ဝမ်းအော့မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူသည် လုဝမ်းထင်းအား စိုက်ကြည့်လိုက်ပြီး ...

"ကျန်းစုရယ် ဟုတ်လား"

"ဟုတ်တယ်"

ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ ...

"ကျန်းစုရယ်က ပင့်ကူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

လုဝမ်းထင်းက ပြုံးလိုက်သည်။ ပြီးလျှင် စိတ်မရှည်ဟန်ဖြင့် ...

"ကျန်းစုရယ်နဲ့ ပင့်ကူတို့ဟာ ချစ်သူတွေပဲ၊ ဒီအကြောင်း ပြောရရင် ရှည်ပါတယ်၊ မင်းသိလို့လည်း အပိုပဲ"



ပြောပြီးသည်နှင့် သံသေတ္တာများအား လက်ညှိုးညွှန်ပြကာ ...

"အရေးအကြီးဆုံးက အဲဒီသံသေတ္တာတွေကို ဖွင့်ကြည့်စမ်းပါ"

သို့ရာတွင် ဝမ်းအော့သည် အခြေအနေ ရှုပ်ထွေးလှကြောင်း သဘောပေါက်ထားသဖြင့် ရုတ်တရက် မဖွင့်ရဲဘဲ ဖြစ်နေ၏။ လုဝမ်းထင်းမှာ သံသေတ္တာများကို စိုက်ကြည့်ရင်း ...

"ကျုပ်စိတ်ထင်ပြောရရင် အဲဒီ သံသေတ္တာတွေထဲမှာ ရွှေငွေ ရတနာပစ္စည်းတွေ ရှိလိမ့်မယ်"

ထိုစကား ကြားလိုက်ရသည်နှင့် ဝမ်းအော့၏ မျက်လုံးအစုံမှာ ဝင်းလက် တောက်ပသွားလေသည်။ သံသေတ္တာများကို အငမ်းမရ စိုက်ကြည့်လိုက်ပြီး ...

"ရတနာတွေ ဟုတ်လား"

ပြောပြီးသည်နှင့် သံသေတ္တာများအနီးသို့ ချဉ်းကပ်သွားပြီး ဘက်အစွန်းဆုံး သေတ္တာကို ဖွင့်လိုက်၏။ သေတ္တာများမှာ သော့ ခတ်ထားခြင်း မရှိသဖြင့် အလွယ်တကူပင် ဖွင့်သွားလေသည်။

သေတ္တာအဖုံး ဖွင့်သွားသည်နှင့် အတွင်းဘက်၌ ငွေတုံးကလေး များ အပြည့်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းအော့မှာ ဝမ်းသာအားရဖြစ်သွားကာ နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်မိ၏။

"ဟာ ... ငွေတွေပါလား"

ပြောရင်း လုဝမ်းထင်းအား လှမ်းကြည့်လိုက်၏။ လုဝမ်းထင်း

www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာမှာ အမူအရာပြောင်းလဲခြင်း မရှိ။ ပကတိ တည်ကြည်နေသည်။

ဝမ်းအော့မှာ အံ့ဩသွားရလေသည်။ လုဝမ်းထင်းက အဘယ့်ကြောင့် ဝမ်းမသာဘဲ နေရပါသနည်း။ အဖိုးတန်သော ငွေတုံးကလေးများအားတွေ့ရလျှင် မည်သူမဆို စိတ်လှုပ်ရှားသွားနိုင်သည် မဟုတ်ပါလား။

သို့ရာတွင် ယခုတော့မူ လုဝမ်းထင်း၏ပုံပန်းမှာ ဝမ်းသာသွားခြင်း မရှိသည့်အပြင် စိတ်ပျက်သွားဟန် ရှိနေ၏။ ဝမ်းအော့က သူ့အား တစ်ချက်ကြည့်ကာ ...

"နောက်ထပ် သေတ္တာတစ်လုံး ဖွင့်ရဦးမလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်၏။

"ဖွင့်လိုက်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဝမ်းအော့က နောက်ထပ်သေတ္တာတစ်လုံးကို ဖွင့်လိုက်လေသည်။

ယင်းသေတ္တာမှာလည်း သော့ခတ်ထားခြင်း မရှိပါချေ။

ဝမ်းအော့က ဖွင့်လိုက်သည်နှင့် အလွယ်တကူပင် ပွင့်သွားလေသည်။ ထိုအခါ သေတ္တာထဲ၌ ပထမသေတ္တာကဲ့သို့ပင် ငွေတုံးကလေးများ ရှိနေသည်ကို တွေ့ရပြန်၏။ ဝမ်းအော့မှာ ဝမ်းသာသွားကာ ...



"ဟင် ... ဒီမှာလည်း ငွေတွေပါလား"

ပြောရင်း လုဝမ်းထင်းဘက်သို့လှည့်ကာ ...

"ငွေတွေအများကြီးပဲ၊ ကျွန်တော်တို့တော့ ချမ်းသာပြီဗျ"

သို့သော် ... လုဝမ်းထင်းက ပြုံးရယ်ခြင်း မရှိပါ။ ငွေသေတ္တာများကိုလည်း မကြည့်ဘဲ ကျန်သေတ္တာများကိုသာ ကြည့်နေ၏။

ထို့ကြောင့် ဝမ်းအော့မှာ တစ်စုံတစ်ရာ ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် တတိယသေတ္တာအနီး ချဉ်းကပ်သွားပြီး ...

"နောက်ထပ် ဖွင့်လိုက်ဦးမယ်"

ပြောပြီးသည်နှင့် လုဝမ်းယင်း၏ သဘောတူညီချက်ကိုပင် မယူတော့ဘဲ ဖွင့်လှစ်လိုက်လေသည်။ တတိယသေတ္တာ ပွင့်သွားသည်နှင့် ငွေတုံးကလေးများအား တွေ့လိုက်ရပြန်လေသည်။

ဝမ်းအော့မှာ စိတ်မထိန်းနိုင်အောင်ပင် ဝမ်းသာသွားလေသည်။ ငွေတုံးကလေးများ အမြောက်အမြား တွေ့ရှိနေရပြီဖြစ်သဖြင့် တစ်သက်တာ စားမကုန်နိုင်အောင်ပင် ချမ်းသာကြွယ်ဝတော့မည်ဟု တွေးမိလိုက်၏။

ထို့ကြောင့် ဝမ်းသာမြူးတူးသွားကာ ခုန်ပေါက်နေလေသည်။ လုဝမ်းထင်းကမူ မျက်စိနောက်လာဟန်ဖြင့် ...

"ဝမ်းအော့ ငြိမ်ငြိမ်နေစမ်း ... စတုတ္ထသေတ္တာကို ဖွင့်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအော့က ချက်ချင်းပင် ဖွင့်လိုက်ပြန်သည်။ ထိုအခါ၌လည်း ငွေတုံးကလေးများကိုသာ တွေ့ရပြန်၏။ လုဝမ်းထင်းမှာ စိတ်မထိန်းနိုင်တော့သည့်အလား ကျန်သေတ္တာများကို သူကိုယ်တိုင် ဆွဲဖွင့်လိုက်လေတော့သည်။

ထိုအခါ သေတ္တာခြောက်လုံးမှာ ငွေတုံးကလေးများဖြင့်သာ အပြည့်ရှိနေပြီး သေတ္တာတစ်လုံးတွင်မူ ရွှေတုံးကလေးများ တွေ့လိုက်ရ၏။

ဝမ်းအော့မှာ ဝမ်းသာလွန်းသဖြင့် အသက်ရှူရန်ပင်မေ့လျော့နေလေသည်။ ဝင်းဝါတောက်ပနေသော ရွှေတုံးကလေးများအား ကြည့်ရင်း ...

"ရွှေ ... ရွှေတွေပါလား"

ယခုတစ်ကြိမ် သူကိုယ်တိုင်လည်း နောက်ဆုံးကျန်နေသော သေတ္တာအား စိတ်ဝင်စားမိလာ၏။

ငွေသေတ္တာခြောက်လုံး၊ ရွှေသေတ္တာတစ်လုံးအပြင် ကျန်သေတ္တာ၌ မည်သည့်အရာ ရှိနေပါမည်နည်း။ လုဝမ်းထင်းမှာလည်း နောက်ဆုံးသေတ္တာကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိလေသည်။

သူတို့နှစ်ယောက်သည် အတန်ကြာသည်အထိ စိုက်ကြည့်နေပြီးမှ ဝမ်းအော့က လုဝမ်းထင်းအား မော့ကြည့်လိုက်၏။ လုဝမ်းထင်း



ကိုယ်တိုင် စိတ်ဝင်စားနေသည်ကို တွေ့ရမှ ဝမ်းသာအားရဖြင့် တိုက်တွန်း ပြောဆိုလိုက်၏။

"ဖွင့် ... ဖွင့်ကြည့်လိုက်ပါလား"

လုဝမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လက်ဖြင့်ယမ်းပြလိုက်လေသည်။ သူ၏သဘောမှာ ဝမ်းအော့အားဖွင့်ရန် အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ဝမ်းအော့ကလည်း တွံ့ဆိုင်းနေခြင်း မရှိပါချေ။ သေတ္တာအနီး လျှောက်သွားပြီး ဆွဲဖွင့်လိုက်၏။

ထိုအခါ သေတ္တာထဲ၌ ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော အထုပ်ကလေး တစ်ခုမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ မတွေ့ရပါချေ။

ဝမ်းအော့မှာ အံ့ဩသွားကာ ဆီစိမ်စက္ကူအထုပ်ကလေးအား ယူရန် လက်ပြင်လိုက်သည်။ သို့သော် သူက လက်မလှမ်းနိုင်ခဲ့ပါချေ။ လုဝမ်းထင်းက ကြားဖြတ်ဟန့်တားလိုက်သောကြောင့် ဖြစ်သည်။

"ဝမ်းအော့ ... ဘေးဖယ်စမ်း"

ဝမ်းအော့မှာ လုဝမ်းထင်းအား လှည့်ကြည့်လိုက်သည်။ ထို့နောက် ဘေးဖယ်ပေးလိုက်လေသည်။ လုဝမ်းထင်းက ရှေ့သို့ လှမ်းတက်လာပြီး သေတ္တာကလေးအတွင်းမှ ဆီစိမ်စက္ကူအထုပ်ကလေးအား လှမ်းယူလိုက်သည်။

ယခုတစ်ကြိမ်တွင်မူ သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပနေပြီး တယုတယ လှမ်းယူလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝမ်းအောဝင် နားမလည်နိုင်ဘဲ ဖြစ်သွားရလေသည်။ လုဝမ်းထင်းမှာ ဆီစိမ်စက္ကူ အထုပ်ကလေးအားကိုင်၍ အတန်ကြာ ငေးငိုင်နေ၏။ ပြီးမှ ...

"ကျုပ်ရှာနေတဲ့ ပစ္စည်းက အခုမှပဲ တွေ့ရတော့တယ်"

သူ၏ အသံမှာ မသိမသာ တုန်ယင်နေလေသည်။ ဝမ်းအောမှာ စကားပြောတော့ပါချေ။ လုဝမ်းထင်း လုပ်သမျှကိုသာ နားမလည်နိုင်စွာဖြင့် ငေးကြည့်နေမိ၏။

လုဝမ်းထင်းက ဆီစိမ်စက္ကူအား တဖြည်းဖြည်း ခွာချလိုက်၏။ ဝမ်းအောမှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရ၏။

အတန်ကြာမှ ဆီစိမ်စက္ကူများမှာ ကွာကျသွားပြီး အတွင်းမှ ပစ္စည်းတစ်ခု ထွက်လာလေသည်။ အမှန်စင်စစ် ယင်းပစ္စည်းကား ဘုရင်မင်းမြတ်က ကျောက်စိမ်းရတနာဆိုင်တွင် အပ်နှံထားခဲ့သော ဦးချောင်သရဖူပင် ဖြစ်ပါသည်။ လုဝမ်းထင်း၏ လက်များမှာ တုန်တုန်ယင်ယင် ဖြစ်လာပြီး ...

"ဒါ ... ဒါ ... ငါ့အတွက်"

ဟု တုန်လှုပ်ဝမ်းသာစွာ ရေရွတ်ပြောဆိုလိုက်၏။

ဝမ်းအောမှာ လောဘတက်လာသောကြောင့် အခြေအနေကို မစဉ်းစားဘဲ ဝင်ပြောလိုက်မိလေသည်။

"ကျွန်တော်လည်းပါတယ်"



သူ၏စကားကြောင့် လုဝမ်းထင်းက လှည့်ကြည့်လိုက်သည်။ သူ၏အကြည့်မှာ အေးစက်မာကျောနေလေသည်။ ဝမ်းအောမှာ ထိတ်လန့်တုန်လှုပ်သွားကာ နောက်သို့ ရုတ်တရက် ဆုတ်လိုက်မိ၏။ လုဝမ်းထင်းက ပြုံးလိုက်ပြီး အေးဆေးစွာ ပြောလိုက်သည်။

"စိတ်ချ မင်းလည်းပါတယ်"

သူ၏စကားကြောင့် ဝမ်းအောမှာ စိတ်သက်သာရာ ရသွားလေသည်။ အမှန်တော့ လုဝမ်းထင်းမှာ သူ၏သခင်ဖြစ်သည်။ ထို့ကြောင့် သူ့အပေါ် အကောက်ကြံလိမ့်မည် မဟုတ်ဟု ယုံကြည်ထား၏။

ထို့အပြင် ဤမျှများပြားလှသော ရွှေငွေသေတ္တာများကို လုဝမ်းထင်းက တစ်ယောက်တည်း ယူသွားနိုင်မည် မဟုတ်ချေ။ လုဝမ်းထင်းတွင် ရန်သူများ ပတ်လည်ဝိုင်းနေသည်ကို သူက သိရှိထားလေသည်။

သူ၏ အကူအညီရယူရန် များစွာလိုအပ်နေသေးသည် မဟုတ်ပါလား။ လုဝမ်းထင်းက သရဖူအား ငေးကြည့်နေရင်း ...

"ဒီပစ္စည်းဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မင်း သိသလား"

ဟု တစ်လုံးချင်း တည်ငြိမ်စွာ မေးလိုက်၏။

သူ၏ စကားကြားလိုက်ရမှ ဝမ်းအောမှာ သတိဝင်လာလေသည်။ လုဝမ်းထင်းအား မော့ကြည့်ရင်း ခေါင်းယမ်းပြလိုက်မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မ ... မသိပါဘူး"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်ပြီး သရဖူကို မြှောက်ပြကာ ...

"ဒီသရဖူမှာ အဖိုးတန် ကျောက်မျက်ရတနာတွေ စီခြယ်ထားတယ်၊ တွင်းထွက်ကျောက်မျိုးစုံ ပါဝင်တယ်"

ပြောရင်း အနီရောင် ကျောက်တစ်လုံးအား လက်ညှိုးညွှန်ပြလျက်မှ ...

"ဒါဘာလဲ သိလား"

ဝမ်းအော့က ခေါင်းခါယမ်းပြလိုက်သည်။

"ဟင့်အင်း၊ မသိပါဘူး"

လုဝမ်းထင်းက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ...

"ဒါ ပတ္တမြားလို့ခေါ်တယ်၊ တန်ဖိုးအလွန်ကြီးတယ်"

ပြောရင်း ကျန်ရှိနေသေးသော အရောင်မျိုးစုံ ဝင်းလက်တောက်ပနေသည့် ရတနာများကို တစ်ခုစီ ဘစ်ခုစီ ရှင်းပြလိုက်လေသည်။ ဝမ်းအော့မှာ နားထောင်ရင်း အသက်ရှူမြန်လာ၏။

သရဖူမှာ ရွှေငွေ သေတ္တာထက်ပင် တန်ဖိုးကြီးမားနေသည် မဟုတ်ပါလား။

လုဝမ်းထင်းက သရဖူအား တယုတယကိုင်ရင်း ...

"ဒီပစ္စည်းကို ထုခွဲလိုက်ရင် ဒီတစ်သက် စားမကုန်တော့ဘူး"



ဝမ်းအော့မှာ မျက်မှောင်ကြုတ်သွားကာ မကျေမနပ် ပြန်မေးလိုက်မိ၏။

"ဒီပစ္စည်းတွေကို ထုခွဲပစ်လိုက်မယ် ဟုတ်လား"

"ဟုတ်တယ်"

"နမြောစရာကြီး၊ ဒီအတိုင်းရောင်းလို့ မဖြစ်ဘူးလား"

လုဝမ်းထင်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ဘယ်သူက ဝယ်ရဲမှာလဲ၊ ဒါဟာ ဘုရင့်ပစ္စည်းကွ၊ ဝယ်တဲ့လူကော ရောင်းတဲ့လူကော မင်းပစ်မင်းဒဏ် ခံရလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ငါပြောတဲ့အတိုင်း ထုခွဲရောင်းချရမယ်"

ဝမ်းအော့က သရဖူအား လှမ်းကြည့်လိုက်မိလေသည်။ လုဝမ်းထင်းက ကျောက်လှေကားအပေါ်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ...

"ဒီနေရာကို တခြားလူတွေ လိုက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး၊ ဒါကြောင့် ပစ္စည်းတွေယူပြီးရင် ဒီနေရာက မြန်မြန်ထွက်သွားကြမယ်"

ဝမ်းအော့က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ ကျွန်တော်တို့ မြန်မြန်သွားမှ ဖြစ်မယ်"

ပြောရင်း ရွှေငွေသေတ္တာများအား လှမ်းကြည့်လိုက်ပြန်လေသည်။ ဘုရင့်သရဖူမှလွဲ၍ ရွှေငွေသေတ္တာ ခုနစ်လုံးတိတိ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကလေးများမှာ လူတစ်ယောက် ကောင်းစွာ မနိုင်သော်လည်း ခုနှစ်ခေါက်တိတိ အခေါက်ခေါက်အခါခါ သယ်ယူနေရပေမည်။ ထို့ကြောင့် ဝမ်းအော့မှာ တုံ့ဆိုင်းနေခြင်းမရှိဘဲ လုဝမ်းထင်းအား ပြောလိုက်၏။

"သေတ္တာတွေကို အပြင်ဘက် မ,ထုတ်ထားလိုက်မယ် ဖြ
အော့မှ သယ်သွားကြရင် မကောင်းဘူးလား"

"ကောင်းတယ်၊ မင်း ဒါတွေ အရင်သယ်သွား"

ဝမ်းအော့က သေတ္တာတစ်လုံး မ,လိုက်သည်။ လုဝမ်းထင်းသည် ဝမ်းအော့အနီးသို့ ချဉ်းကပ်သွားကာ ...

"ဝမ်းအော့ ... ဒီမှာကြည့်စမ်း"

ရုတ်တရက် ထွက်ပေါ်လာသော သူ၏အသံကြောင့် ဝမ်းအော့မှာ လန့်ဖျပ်သွားလေသည်။

နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သောအခါ လုဝမ်းထင်းမှာ သူ့အနီးသို့ လျှင်မြန်စွာ ရောက်ရှိလာပြီး လက်ဝါးတစ်ချ
ရိုက်ချလိုက်သည်ကို တွေ့ရလေသည်။ ဝမ်းအော့မှာ ထိတ်လ
တကြားဖြင့် ...

"ဒါ ... ဒါ ဘာလုပ်တာလဲ"

သူ့အား လုဝမ်းထင်းက မကောင်းကြံနေပြီဖြစ်ကြောင်း ရို
လိုက်သည်။



ထို့ကြောင့် ကပျာကယာလက်ထဲမှ သေတ္တာဖြင့် ဆီး၍ ခံပေး
လိုက်လေသည်။

"ဝုန်း ..."

အသံတစ်ချက် ထွက်ပေါ်လာပြီး ပြင်းထန်သော လက်ဝါးရိုက်
ချက်ကြောင့် လူကော သေတ္တာပါ လွင့်ထွက်သွားတော့၏။ သို့သော်
မ်းအော့မှာလည်း ခေသူတစ်ယောက် မဟုတ်ပါချေ။ ချက်ချင်းပင်
ပြန်လည် လူးလိမ့်ထလိုက်ပြီး ခါးကြားမှ ဓားမြှောင်နှစ်လက်အား
ဆွဲထုတ်ကာ ...

"ခင်ဗျား လူယုတ်မာ ကိုယ့်အချင်းချင်းပစ်ဖို့ ကြံတာ ကောင်း
လား"

လုဝမ်းထင်းက တဟားဟား ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ဒီပစ္စည်းတွေရဖို့ လွန်ခဲ့တဲ့နှစ်
ါင်း များစွာကတည်းက တို့အသက်စွန့် တိုက်ခိုက်လာတာ သေတဲ့
လည်း သေကုန်ပြီ၊ နောက်ဆုံး ကျုပ်အတွက် မဟုတ်လို့ ဘယ်သူ့
တွက် ဖြစ်ရမှာလဲ"

ဝမ်းအော့က အံကိုတင်းတင်း ကြိတ်လိုက်မိ၏။

ထို့နောက် တင်းမာအေးစက်သော လေသံဖြင့် ...

"ကျုပ်ကိုအနိုင်ရမှ ဒီစကားမျိုး ပြောပါ"

ပြောပြီးသည်နှင့် ဓားမြှောင်နှစ်ချောင်းဖြင့် လုဝမ်းထင်းအား
ိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဝမ်းအော့မှာ ကြေးစားလူသတ်သမား တစ်ယောက် ဖြစ်ခဲ့ပြီး သူ၏ဓာတ်ရုပ်ကို ဖုံးကွယ်ရန် လုဝမ်းထင်းထံတွင် လာ ရောက်ခိုလှုံနေခဲ့ခြင်း ဖြစ်လေသည်။ သို့သော်လည်း အချိန်ရလျှင် သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်ခဲ့သဖြင့် သူ၏ သိုင်းပညာမှာ ဆထက်ထမ်းပိုး တိုးတက်လာ၏။

လုဝမ်းထင်းမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိရှိထားသော်လည်း သူက မကြောက်မရွံ့ ရင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ လုဝမ်းထင်းမှာ သူ့ထက်အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ဝမ်းအော့က တိုက်ခိုက်လာသည်နှင့် ပြန်လည်၍ လျင်မြန်စွာ တိုက်ခိုက်နိုင်ခဲ့လေသည်။

ဝမ်းအော့က ဓားမြှောင်နှစ်လက်ဖြင့် သိုင်းကွက် (၃၆)ကွက်တိတိ တိုက်ခိုက်လိုက်သည်။

လုဝမ်းအင်းက နောက်သို့ အသာအယာ ခုန်ဆုတ်သွားပြီး အလွယ်တကူ ရှောင်တိမ်းပေးလိုက်လေသည်။

တစ်ဆက်တည်းမှာပင် ခြေထောက်ဖြင့် သုံးချက်တိတိ ဆင့်ကာဆင့်ကာ ကန်ကျောက်ပစ်လိုက်၏။

သူ၏ခြေထောက်ကန်ချက် မဆုံးမီမှာပင် ...

"ချွင် ..."



အသံတစ်ချက် ထွက်ပေါ်ကာ ဝမ်းအော့၏ လက်ထဲမှ ဓားမြှောင်တစ်ချောင်းမှာ အဝေးသို့ လွင့်စဉ်သွားတော့၏။

ဝမ်းအော့မှာ ရင်ထိတ်သွားသည်။ အခြေအနေ မဟန်မှန်းသောပေါက်လိုက်သဖြင့် နောက်သို့ခုန်ဆုတ်သွားရန် ကြိုးစားလိုက်သသည်။

သို့သော် လုဝမ်းထင်းက အလွတ်မပေးဘဲ တိုက်ခိုက်လိုက်သည်။

သို့ဖြင့် ...

"ဖျောက် ..." ချွင် !

ဝမ်းအော့၏ လက်တစ်ဖက်မှာ ခြေထောက်ကန်ချက် မိသွားသာ အရိုးကျိုးသံ စပ်သွဲ့သွဲ့ ထွက်ပေါ်လာ၏။

လက်ထဲမှ ဓားမြှောင်မှာလည်း လွတ်ကျသွားရလေတော့သည်။

ဝမ်းအော့မှာ နာကျင်လွန်းသဖြင့် မျက်နှာ ရှုံ့မဲ့သွားပြီး နောက်တ်သွား၏။

ချက်ချင်းပင် ကျောက်လှေကားထစ်အတိုင်း အပေါ်သို့ ပြေးက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းအော့ ကျောက်လှေကားထစ်ပေါ်သို့ ရောက်ရှိသွားသည် လုဝမ်းထင်းက ကြမ်းပြင်မှပင် ပြန့်ကျဲနေသော ငွေစားကလေးအား လက်တစ်ဆုပ်ခန့် ကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝမ်းအောဲထံသို့ ပစ်လွှင့်လိုက်သည်။ ငွေတုံးကလေး များမှာ အရှိန်ပြင်းစွာဖြင့် ဝမ်းအောဲထံသို့ ပစ်လွှင့်သွား၏။ လေတိုးသံ များ ထွက်ပေါ်လာသဖြင့် ဝမ်းအောဲက နောက်သို့လှည့်ကြည့်လိုက် သည်။

ထိုအချိန်တွင် ငွေတုံးကလေးများမှာ သူ၏မျက်နှာအနီးသို့ ပင် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ဝမ်းအောဲမှာ ထိတ်လန့် တုန်လှုပ်သွားပြီး ရှောင်တိမ်းရျ ဟန်ပြင်လိုက်သည်။ သို့သော် နောက်ကျသွားချေပြီ။

ဝမ်းဗိုက်၊ ရင်ဘတ်၊ လည်ပင်းနှင့် မျက်နှာတို့တွင် စူးရှသော ဝေဒနာများ ခံစားလိုက်ရပြီးနောက် မချိမဆံ့ ဖြစ်သွားကာ...

"အား..."

နက်ကျော့သော အော်သံတစ်ချက် ထွက်ပေါ်လာ ဝမ်းအောဲမှာ အောက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျလာ၏။

ကြမ်းပြင်ပေါ်သို့ အရောက်တွင် လှည့်ကြည့်စရာပင် မလို တော့ပါချေ။ ဝမ်းအောဲမှာ သေဆုံးသွားပြီဖြစ်လေသည်။

လုဝမ်းထင်းက သဘောကျစွာ ရယ်မောနေ၏။ သူ၏ ရယ် မောသံမှာ ဝန်းကျင်တစ်ခုလုံးသို့ ပျံ့လွှင့်သွားလေတော့သည်။

* * *



(၉)

"ဟား... ဟား... ဟား"

ရယ်မောသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လုဝမ်းထင်းက သဘောကျစွာ ရယ်မောလိုက်ပြီးမှ သေတ္တာ အတွင်းရှိ ဆီစိမ်စက္ကူအထုပ်ကလေးအား လှမ်းယူရန် ဟန်ပြင်လိုက် သည်။

ထိုစဉ်မှာပင် အပေါ်ဘက်မှ ခွေးဟောင်သံများ ထွက်ပေါ်လာ လေသည်။

လုဝမ်းထင်း ထိတ်လန့်သွား၏။

လုဝမ်းထင်းအတွက် တွေးတောစရာများ ဖြစ်ပေါ်လာ၏။ လူသူကင်းမဲ့သော ဤနေရာအရှေ့ အဘယ့်ကြောင့် ခွေးဟောင်သံ များ ထွက်ပေါ်လာရပါသနည်း။

ဤအနီးတစ်ဝိုက်မှ ခွေးလေခွေးလွင့် တစ်ကောင်တလေ လမ်း မှား ရောက်ရှိခြင်းဖြစ်မည်ဟု တွေးမိလိုက်ပြီး စိတ်သက်သာရာ ရသွား၏။

သို့သော် ခွေးဟောင်သံမှာ တစ်စတစ်စ ကျယ်လောင်လာ သဖြင့် အံ့ဩသွားကာ အပေါ်တက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

သို့ရာတွင် အပေါ်တက်ကြည့်ရန် မလိုအပ်တော့ပါချေ။

အကြောင်းမှာ ခွေးတစ်ကောင် လှိုဏ်ဂူဝတံခါးပေါက်မှ တစ်

www.burmeseclassic.com



ဆင့် ကျောက်လှေကားထစ်အတိုင်း ပြေးဆင်းလာနေသည်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။

* * *

## (၁၀)

ခွေးပိန်မှာ အမြီးတနန့်နန့်လှုပ်ဟာ ဟုန်ဝေယင်းအား ခေါင်းမော့ပြင် ဝှ့ေနေ၏။ ဟုန်ဝေယင်းက အသာအယာ ကျောသပ်ပေးလိုက်သည်။

တစ်ဖန် အနီးတွင်ရပ်နေသော ဝမ်းကြီးအား မော့ကြည့်က

"ဘယ်လိုလဲ ... တို့ အခုလိုက်သွားကြမလား"

ဝမ်းကြီးက ခေါင်းညိတ်ပြလိုက်သည်။

"အေး ... လုဝမ်းထင်းဟာ ကျန်းမိသားစုအိမ်က ထွက်သွားတာ မကြာသေးဘူး၊ ဒါကြောင့် ကျန်းမိသားစုအိမ်ကို ပြန်သွားပြီး လိုက်ရှာကြရင် ကောင်းမယ်"

ဟုန်ဝေယင်းက ထိုင်ရာမှ ထရပ်လိုက်၏။ ထို့နောက် ခွေး ပေါင်ဒါမှုန့် အနည်းငယ်အား ခွေးပိန်၏နှာဝသို့ တော့ပေးလိုက်သည်။ ထိုအခါ ခွေးပိန်မှာ တအင်းအင်း ညည်းညူရင်း လှုပ်ရှားလာသည်။ ထိုအခါမှ ဟုန်ဝေယင်းက ခွေးပိန်အား ဆွဲကာ ကျန်းမိသားစုအိမ်သို့ ပြန်လျှောက်သွား၏။



ဝမ်းကြီးကလည်း နောက်မှ လိုက်သွားသည်။

မကြာပါချေ ... သူတို့သည် ကျန်းမိသားစုအိမ်သို့ ပြန်လည်ရောက်သွားကြ၏။ ကျန်းမိသားစုအိမ်၏ ခြံဝင်းမှ ဝင်ပေါက် ထွက်ပေါက် သုံးလေးခုကို လှည့်ပတ်ကြည့်ရှုမိသည်နှင့် ခွေးပိန်မှာ တဝုတ်ဝုတ်ဟောင်ရင်း ခြံဝင်းအနောက်ဘက် တံခါးသို့ ဦးတည်ပြေးသွား၏။

ထို့နောက် ခြံဝင်းအပြင်ဘက် လမ်းကြားကလေးမှတစ်ဆင့် ပြေးသွားပြန်လေသည်။ ဟုန်ဝေယင်းနှင့် ဝမ်းကြီးတို့မှာလည်း နောက်မှ ပြေးလိုက်သွား၏။

အတန်ကြာ သွားမိသောအခါ မြို့စွန်ရှိ ဟန်ချန်း၏ အိမ်ပျက်ကြီးသို့ ရောက်ရှိလာကြသည်။

ဝမ်းကြီးမှာ အိမ်ပျက်ကြီးကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားတာ ...

"မင်းခွေးက ဟုတ်မှဟုတ်ရဲ့လား၊ ဒီတစ်ခါတော့ မှားပြီထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီအိမ်ကို ခေါ်ဘာလာ ဒါပါနဲ့ဆို နှစ်ခေါက်ရှိနေပြီကွ"

ဟုန်ဝေယင်းက ပြုံးလိုက်၏။

"နှစ်ခါခေါ်လာတော့ကော ဘာဖြစ်သလဲ၊ ဒီအိမ်ကို လာလို့ပဲ ...မှာပေါ့"

www.burmeseclassic.com